

# ကလေးသင်တန်းများ သင်ကြားပေးခြင်း အဆင့်(၁)



Ruhi Institute





Book 3

# Teaching Children's Classes

## Grade 1

# ကလေးသင်တန်းများ သင်ကြားပေးခြင်း

## အဆင့်(၁)

Ruhi Institute

Books in the Series:

Below are the current titles in the series designed by the Ruhi Institute. The books are intended to be used as the main sequence of courses in a systematic effort to enhance the capacity of youth and adults to serve their communities. The Ruhi Institute is also developing a set of courses that branch out from the third book in the series for training teachers of Bahá'í children's classes, as well as another set from Book 5 for raising up animators of junior youth groups. These, too, are indicated in the list below. It should be noted that the list may undergo change as experience in the field advances, and additional titles will be added as a number of curricular elements under development reach the stage where they can be made widely available.

| | |
|---|---|
| Book 1 | *Reflections on the Life of the Spirit* |
| Book 2 | *Arising to Serve* |
| Book 3 | *Teaching Children's Classes, Grade 1* |
| | *Teaching Children's Classes, Grade 2 (branch course)* |
| | *Teaching Children's Classes, Grade 3 (branch course)* |
| | *Teaching Children's Classes, Grade 4 (branch course)* |
| Book 4 | *The Twin Manifestations* |
| Book 5 | *Releasing the Powers of Junior Youth* |
| | *Initial Impulse: The first branch course of Book 5* |
| | *Widening Circle: The second branch course of Book 5* |
| Book 6 | *Teaching the Cause* |
| Book 7 | *Walking Together on a Path of Service* |
| Book 8 | *The Covenant of Bahá'u'lláh* |
| Book 9 | *Gaining an Historical Perspective* |
| Book 10 | *Building Vibrant Communities* |
| Book 11 | *Material Means* |
| Book 12 | *Family and the Community* |
| Book 13 | *Engaging in Social Action* |
| Book 14 | *Participating in Public Discourse* |

Copyright © 2009, 2023 by the Ruhi Foundation, Colombia
All rights reserved. Edition 2.2.1.PE published in Burmese September 2023
Printed in Myanmar

Originally published in Spanish as *Enseñar clases para niños, primer grado*
Copyright © 1987, 1996, 2021 by the Ruhi Foundation, Colombia
ISBN 978-958-52941-7-2

Permission for a limited printing of this book in Burmese has been granted by the Ruhi Institute.

Ruhi Institute
Cali, Colombia
Email: instituto@ruhi.org
Website: www.ruhi.org

# မာတိကာ

# Contents


နည်းပြအတွက် စဉ်းစားချက်များ ............................................................ v

A Few Thoughts for the Tutor

ဘဟာအီပညာရေး၏ အချို့သော စည်းမျဉ်းများ ....................................... ၁

Some Principles of Bahá'í Education

အဆင့် (၁)- ကလေးသင်တန်းများအတွက် သင်ခန်းစာများ ......................... ၅၃

Lessons for Children's Classes, Grade 1

# နည်းပြအတွက် စဉ်းစားချက်များ

## A Few Thoughts for the Tutor

ဤစာအုပ်သည် ရပ်ကွက်များနှင့် ကျေးရွာများတွင် ကလေးများ၏ ဝိညာဏပညာရေးအတွက် ပုံမှန်သင်တန်းများ သင်ကြားပေးသည့် မြင့်မြင့်မားမား ကောင်းမှုကုသိုလ်ရသောအလုပ်ကို လုပ်ကြမည့် တိုးလာသူများစွာတို့တွင် စွမ်းရည်ကို ပျိုးထောင်ပေးရန် ကြိုးပမ်းထားသည့် အပိုင်း(ယူနစ်)နှစ်ပိုင်းကို အတူပေါင်း၍ ပြုစုထားသည်။ ဤစာအုပ်သည် ရူဟီအင်စတီကျု၏ ပင်မသင်ခန်းစာအစီအစဉ်တွင် တတိယမြောက်ဖြစ်၍ ထိုသို့သင်ကြားပေးချင်သူများအတွက် အထူးပြု အမှုထမ်းလမ်းကြောင်းကို ဖွင့်ပေးထားသည့် ပထမဆုံးစာအုပ်ဖြစ်သည်။ ထိုသို့ အမှုထမ်းရန် စိတ်ပိုင်းဖြတ်ထားသူအများအနေဖြင့် ပင်မသင်ခန်းစာအစီအစဉ်က ချပြထားသော လမ်းကြောင်းတစ်လျှောက် သူ သို့မဟုတ် သူ(မ)၏ ကိုယ်ပိုင်အခြေအနေအရ သင့်တော်သည့် နှုန်းဖြင့် တစ်ဦးစီတို့က ဆက်ပြီးတိုးတက်နေချိန်မှာပင် ကလေးများကို သင်ကြားပေးဖို့အတွက် သင်ခန်းစာခွဲအတွဲများကို ဆက်ပြီး လေ့လာရလိမ့်မည်။

အဖွဲ့တစ်ဖွဲ့အား စာအုပ်ကို လမ်းပြပေးရာတွင် နည်းပြသည် အထက်ပါအမြင်ကို စိတ်ထဲထည့်ထားပြီး လေ့လာသူများထဲမှ သင့်တင့်သည့်ဦးရေသာ ဤကြိုးပမ်းမှုနယ်ပယ်အတွက် နှစ်မြုပ်ဖို့ ရွေးချယ်ကြမည်ကိုလည်း သတိထားသင့်သည်။ ဤလက်ငင်း ရည်ရွယ်ချက်အပြင် စာအုပ်က ဤအမှုထမ်းလမ်းကြောင်းအပေါ် ခိုင်ခိုင်မာမာ ဆက်၍ လျှောက်လှမ်းကြသူများအတွက် သူ သို့မဟုတ် သူ(မ)၏ ကျေးရွာ သို့မဟုတ် ရပ်ကွက်ထဲတွင် တဖြည်းဖြည်း ပွင့်လင်းဖွံ့ဖြိုးလာနေသည့် ငယ်ရွယ်သူများအတွက် ပညာရေးအစီအစဉ်ကို ပုံဖော်ပေးသည့် အနှစ်သာအချို့နှင့် အယူအဆအချို့ကို အကျွမ်းတဝင်ရှိအောင် ပိုပြီးကျယ်ကျယ်ပြန့်ပြန့် လုပ်ပေးလိမ့်မည်။ ဤနည်းဖြင့် စာအုပ်က ကလေးများကို ဝိညာဏပိုင်းတွင် ပြုစုပျိုးထောင်ပေးရမည့် ရပ်ရွာတစ်ခု၏ တာဝန်ဝတ္တရားနှင့် သူတို့နှင့် ဆက်ဆံရာတွင် အရွယ်ရောက်သူများက ပြသရမည့် အရည်အသွေးများ၊ စိတ်နေစိတ်ထားများနှင့် အပြုအမူ ထိုနှစ်မျိုးကို ရပ်ရွာတစ်ခုအတွင်း မြင့်မြင့်မားမား သတိထားမိလာအောင် လုပ်ပေးဖို့ မျှော်မှန်းထားသည်။

စာအုပ် ၂ ၏ ဒုတိယပိုင်းကို သူတို့ လေ့လာခဲ့သဖြင့် လေ့လာသူများသည် အဗ္ဗဒွလ်ဘဟာအရှင်မြတ်၏ မိန့်ဆိုချက်ဖြစ်သော ပညာရေးသုံးမျိုးရှိသည်- ရုပ်ပိုင်းပညာရေး၊ လူနှင့်ဆိုင်သည့်ပညာရေး၊ ဝိညာဏပညာရေး တို့နှင့် အကျွမ်းတဝင် ရှိထားပြီးဖြစ်သည်။ ဤနေရာ၌ နောက်ဆုံးပညာရေးအမျိုးအစားအပေါ် သူတို့၏ နားလည်မှုကို ထပ်ပြီးမြှင့်ရမည့် အခွင့်အလမ်းကို ရရှိစေလိမ့်မည်ဖြစ်ရာ ၎င်းအားဖြင့် လူတစ်ယောက်၏ ဝိညာဏသဘာဝ၊ မြင့်မားသောသဘာဝတို့မှာ ဖွံ့ဖြိုးလာရသည်။ အစကနဦးကတည်းက ရှင်းရှင်းလင်းလင်း ရှိသင့်သည်မှာ ဘဟာအီသာသနာတွင် ခံယူထားသည့် ကလေးများအတွက် ဝိညာဏပညာရေးသည် တစ်ခါတစ်ရံ ဘာသာရေးညွှန်ကြားချက်များနှင့်ဆက်နွယ်သော တစ်ယူသန်ယုံကြည်မှုများကို အတင်းအကြပ်ပေးခြင်းမှ အခြေခံအားဖြင့် ခြားနားသည်။ ယင်းအစား အသိပညာကို ချစ်မြတ်နိုးမှု၊ သင်ယူဖို့အတွက် ဖွင့်ထားသည့် စိတ်နေစိတ်ထားနှင့် ပကတိအစစ်အမှန်ကို စူးစမ်းရှာဖွေလိုသည့် ရေရှည်စိတ်ဆန္ဒတို့ကို ပြုစုပျိုးထောင်ပေးရန် ၎င်းက ရည်ရွယ်ထားသည်။

ငယ်ရွယ်သူတို့၏ ပညာရေးတွင် ဘာသာတရားဆိုင်ရာ ကျင့်ဝတ်သီလများကို ဘေးချထား၍ မရနိုင်သည်ကို အသိအမှတ်ပြုထားဖို့ အညီအမျှအရေးကြီးသည်။ အဘယ့်ကြောင့်ဆိုသော် ထိုသို့ လုပ်ခြင်းသည် ၎င်းတို့အတွက် ထွတ်မြတ်သော အမှန်တရားများနှင့် ဝိညာဏစည်းမျဉ်းများကို လက်လှမ်းမီခွင့်အပေါ် ငြင်းဆိုရာရောက်သည်။ ထိုစည်းမျဉ်းများမှာ သူတို့၏ အတွေးအခေါ်နှင့် လုပ်ရပ်တို့ကို အုပ်စိုးထားရမည့် စည်းမျဉ်းများဖြစ်သည်။ ငယ်ရွယ်သူတွေဆိုတာ လူမှုအသိုက်အဝန်းနှင့် ဆက်ဆံရာမှနေ၍ သူတို့ကိုယ်တိုင်၏ စံနှုန်းများနှင့် ကမ္ဘာ့အမြင်တို့ကို ရလာဖို့အတွက် ပြောရလျှင် လွတ်လွတ်လပ်လပ် ရွေးချယ်ဖို့ လွှတ်ပေးထားတာက အကောင်းဆုံးဆိုသည့် အရေးဆိုမှုကို ထောက်ခံထားသူများမှာ နိုင်ငံရေး၊ စီးပွါးရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ ပါဝါများက သူတို့ကိုယ်တိုင်၏ အကျိုးတရားများကို ဖြစ်ထွန်းစေမည့် ယုံကြည်မှုပုံစံများနှင့် အပြုအမူပုံစံများကို မည်သို့ တိုးမြှင့်ပေးနေသည်ကို နားလည်သဘောပေါက်ဟန်မတူပေ။ သို့သော် ဤသို့ မဖြစ်ဘူးဆိုလျှင်ပင် နောက်ထပ် ဆက်ခံလာမည့်မျိုးဆက်များသည် လူတစ်ယောက်၏ ဝိညာဏ သဘောသဘာဝကို ပြုစုပျိုးထောင်ပေးမည့် ပညာရေးမရှိဘဲနှင့် ပိုကောင်းသည့်ကမ္ဘာကို ဖန်တီးနိုင်လိမ့်မည်ဟု ယူဆရန် ဘာအကြောင်းမှမရှိပေ။ ထာဝရဘုရားသခင်၏ ပညာပေးဘုရားရှင်ထံမှ လမ်းညွှန်မှုကင်းမဲ့သည့် လူ့လောကသည် ဖရိုဖရဲဖြစ်မှု၊ မတရားမှုနှင့် ဒုက္ခရောက်မှုတို့ထက်ပို၍ အနည်အကျဉ်းလောက်သာ ထုတ်ပေးနိုင်လိမ့်မည်။

ထိုသို့ဆိုလျှင် ကလေးပညာရေးနှင့်ပတ်သက်၍ ဤစာအုပ်နှင့် ၎င်းမှခွဲထွက်လာသည့် စာအုပ်များထဲတွင် မျှော်မှန်းထားသည့် ခြောက်နှစ်တာအစီအစဉ်အတွက် ဘဟာအီတရားဒေသနာတော်များမှာ အချက်အချာကျသည်။ ၎င်းက ပြောထားသည်မှာ ဤအစီအစဉ်၏ အပြင်အဆင်(design)သည် အထူးသဖြင့် အဆင့်(grades)များတစ်လျှောက် အကြောင်းအရာကို စီစဉ်ချမှတ်ခြင်းက ဘက်ဂရောင်းအားလုံးမှ ကလေးငယ်များ ပါဝင်လာရေးအတွက် လမ်းဖွင့်ပေးသည်။ အဆင့် (၁)အတွက် သင်ခန်းစာများသည် အသက် ၅ နှစ် နှင့် ၆ နှစ် အရွယ် ကလေးများတွင် ဝိညာဏ(အသက်ဓာတ်)အရည်အသွေးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆိုင်သည်။ ဤအချက်က ကိုယ်ကျင့်စာရိတ္တ ပြုပြင်ကောင်းမွန်ရေးကို ဖြစ်ထွန်းစေသည့် ကြိုးပမ်းမှုဖြစ်သည်။ အဆင့်(၂)သည် ဤသင်ခန်းစာများအပေါ် အခြေတည်ထား၍ အလေ့အကျင့်များနှင့် အပြုအမူပုံစံတို့ကို ပြုစုပျိုးထောင်ပေးခြင်းဖြင့် ယခင်နှစ်က လေ့လာဆန်းစစ်ခဲ့သော ဝိညာဏအရည်အသွေးများကို ပြသလာစေသည်။ ဥပမာအားဖြင့် ဆုတောင်းပတ္ထနာပြုသည့် အလေ့အကျင့်အားဖြင့် ဘုရားရှင်ထံ နီးကပ်သွားလိုသည့် ဆန္ဒကြောင့် ထူးခြားလာရမည့် အတွင်းပိုင်းအခြေအနေကို ပြသသည်။ နောက်အဆင့်သည် အသိပညာဆိုသည့် မေးခွန်းဘက်ကို လှည့်ထားသည်။ အထူးသဖြင့် သူတို့ကိုယ်တိုင်၏ ဝိညာဏဖွံ့ဖြိုးတိုးတက်ရေးအတွက် အသိပါပါ အလုပ်လုပ်ရန်အတွက် လူအသီးသီးက ဘုရားရှင်၏အသိပညာ စီးထွက်လာသည့် ပင်မရင်းမြစ်နှင့် ချိတ်ဆက်ထားရမည်။ ယနေ့ခေတ်အတွက် ထာဝရဘုရားရှင်၏ အမွှာအလင်းတော်ရ ဘုရားရှင်များ၏ ဖြစ်တော်စဉ်အတွက် အဓိကကျသည့် အကြောင်းအရာများနှင့် ထိုဘုရားရှင်များရှေ့က ပွင့်ပေါ်ခဲ့သော အလင်းတော်ရအရှင်များအကြောင်းကိုပါ ဤအဆင့်များတွင်ပါသည့် သင်ခန်းစာများထဲတွင် ဆွေးနွေးထားသည်။ နောက်ဆုံးအဆင့်က ကလေးများအတွက် ဘဟာအွလ္လာဘုရားရှင့် ဖွင့်ပြတော်မူချက်နှင့်ဆိုင်သည့် သူတို့၏ အသိပညာကို ပိုမိုဖွံ့ဖြိုးစေမည့် အခွင့်အလမ်းကို ပေးထားရာ ၎င်းကို အဗ္ဗဒွလ်ဘဟာအရှင်မြတ်၏ ရှင်းလင်းချက်များနှင့် စံနမူတို့အားဖြင့်၊ ၎င်းတို့မှနေ၍ လမ်းပြပေးထားသည်။ ဤသို့ဖြင့် သူတို့က ဘဝတွင် ဆက်လက်လျှောက်လှမ်း၍ သူတို့၏ အတွေးအခေါ်နှင့်လုပ်ရပ်တို့ကို ဘဟာအွလ္လာဘုရားရှင်၏ တရားဒေသနာတော်များနှင့် အံဝင်ခွင်ကျအောင် ကြိုးပမ်းကြသည့်အခါ အဗ္ဗဒွလ်ဘဟာအရှင်မြတ်၏ ကျမ်းဒေသနာများနှင့်

မြွက်ဟချက်များဘက်သို့ လှည့်သည့် အလေ့အကျင့်ကို ကလေးများတွင် ပိုမိုအားကောင်းလာအောင် ကူညီပေးလိမ့်မည်ဟု မျှော်မှန်းထားသည်။ သူတို့ အသက် ၁၁ နှစ် သို့မဟုတ် ၁၂ နှစ် ရောက်သည့်အခါတွင် ကလေးငယ်များသည် တက်လူငယ် ဝိညာဏစွမ်းအားမြှင့်တင်ပေးသည့် အစီအစဉ်ထဲသို့ ဝင်ရောက်ရန် အဆင်သင့်ဖြစ်ကြ၍ ထိုအစီအစဉ်ထဲတွင် သူတို့က ဘဟာအီကလေးသင်တန်းများတွင် ရရှိခဲ့သော ပညာရေးကို ဆက်နိုင်မည့် စာအုပ်များအပါအဝင် ရှေ့ဆောင်လူငယ်တစ်ဦးနှင့်အတူ လေ့လာရသည့် စာအုပ်အတွဲများဖြင့် သူတို့၏ တိုးတက်လာသည့် သတိထားတတ်မှုကို ထပ်ပြီး ကျယ်ပြန့်သွားစေလိမ့်မည်။ ဆန္ဒပြင်းပြသော ကလေးသင်တန်းဆရာများအနေဖြင့် ဘဟာအီမဟုတ်သော မိဘများကိုယ်တိုင်က ထိုသင်တန်းများသို့ သူတို့၏ သားသမီးများကို ပို့လွှတ်ရမည့် အခွင့်အလမ်းကို ကြိုဆိုပြီး၊ သူတို့သားသမီးများ၏ နူးညံ့သော နှလုံးသားများနှင့် စိတ်ဓာတ်များအပေါ်တွင် ဤဝိညာဏပညာရေး၏ သက်ရောက်မှုများကို မြင်တွေ့ရသဖြင့် မလွဲမသွေ ဝမ်းမြောက်ဝမ်းသာရှိလိမ့်မည်ဆိုသည်ကို ယုံကြည်စိတ်ချမှုအပြည့် ရှိထားသင့်သည်။

အထက်တွင် သိရှိခဲ့သည့်အတိုင်း အဆင့် ၁ သင်တန်းများသည် စာရိတ္တ ပြုပြင်ကောင်းမွန်ရေး အပေါ်တွင် အလေးပေးထားသည်။ ထို့နောက် ဤရည်ရွယ်ချက်အတွင်းကပင် ပထမဆုံးအပိုင်းဖြစ်သော "ဘဟာအီပညာရေး၏ စည်းမျဉ်းအချို့"က ပညာရေးအပေါ်တွင် နက်နဲသည့် ဆက်စပ်အကျုံးဝင်ချက်များ ပါရှိသည့် သာသနာ့ကျမ်းစမ္မခန်များထဲမှ ရွေးထုတ်ထားသော အခြေခံအနှစ်သာရအချို့ကို လေ့လာဆန်းစစ် ပြထားသည်။ ဤအပိုင်း၏ အစပိုင်း တစ်ဝက်သည် ဤဆွေးနွေးမှုအတွက် ပေးထားပြီး နောက်ကျန်သည့် အစိတ်အပိုင်းသည် သင်ခန်းစာများကို သင်ကြားပေးရာတွင် မည်သည့် ချဉ်းကပ်မှုများ လုပ်နိုင်မည်ကို ကြည့်ရှု၍ မိဘများနှင့် ဆရာ၏ ဆက်ဆံရေးကိုလည်း ကြည့်ရှုထားသည်။

ဤအပိုင်းတွင် ဆွေးနွေးထားသည့် ပထမဆုံးအနှစ်သာရများထဲမှ တစ်ခုမှာ လူ၏အစွမ်းအစပင် ဖြစ်ရာ ၎င်းကို "တန်ဖိုးခန့်မှန်း၍မရသော ကျောက်မျက်ရတနာများဖြင့် ပြည့်နှက်နေသည့် ရတနာတွင်း"ဟု လူသားကို ခိုင်းနှိုင်းထားသည့် ဘဟာအွလ္လာဘုရားရှင်၏ မိန့်တော်မူချက်ထဲတွင် တွေ့ရသော ပုံဆောင်သာဓကအားဖြင့် ဆန်းစစ်ပြထားသည်။ လေ့လာသူများသည် ထိုမိန့်တော်မူချက်ထဲမှ ရရှိနိုင်သော လက်ငင်းအကျုံးဝင်မှု နှစ်ခု အပေါ်တွင် စဉ်းစားသုံးသပ်ခိုင်းထားသည်။ ထိုနှစ်ခုမှာ ကျောင်းသားများကို သတင်းအချက်အလက်များဖြင့် အပြည့်ခံဖို့ စောင့်နေသည့် ဗလာကျင်းနေသော ခွက်များအဖြစ် ရှုမြင်သည့် ပညာရေးဆိုင်ရာ ချဉ်းကပ်မှုများကို အကောင်းဆုံး ဘေးချထားသင့်ပုံနှင့် မှန်မှန်ကန်ကန် ပြုစုပျိုးထောင်ပေးတာမရှိပါက ကလေးများ၏ အတွင်း အကျဆုံး ဖြစ်တည်တမှုထဲတွင် ကိန်းအောင်းနေသည့် ရတနာများစွာကို ပေါ်လွင်အောင် လုပ်နိုင်ကြမည် မဟုတ်ဆိုသည်တို့ ဖြစ်သည်။

လူတိုင်းကို ချပေးထားသည့် ရတနာများထဲတွင် ဤအပိုင်းက အကြံပြုထားသည်မှာ "ဝိညာဏ (အသက်ဓာတ်၏) အရည်အသွေးများ"ဟု ခေါ်ဆိုထားရာ ၎င်းတို့အပေါ်တွင် မြင့်မြတ်၍ ဖြောင့်မတ်သော ကိုယ်ကျင့်စာရိတ္တတို့ကို တည်ဆောက်နိုင်မည့် အစဉ်မြဲသည့် ဖွဲ့စည်းတည်ဆောက်ပုံဖြစ်သည်။ အလေ့အထ များနှင့် စိတ်နေစိတ်ထားများအပြင် ကျွမ်းကျင်မှုများနှင့် စွမ်းဆောင်ရည်များလည်း ပါဝင်သည့် ချီးကျူး ထိုက်သော ဂုဏ်အင်္ဂါလက္ခဏာတိုင်းအတွက် အထွေထွေသုံးနှုန်းသော "ကိုယ်ကျင့်တရား virtues"ဆိုသည့် ထူးထူးခြားခြား အမျိုးအစားထဲတွင် ပါရှိသော ၎င်း(ဝိညာဏအရည်အသွေး)တို့သည် လေ့လာသူတိုင်းက အလုံအလောက် ရရှိသင့်သော မဖြစ်မနေ အရေးကြီးသည့် အယူအဆဖြစ်သည်။ အခန်း ၆ နှင့် ၇ တို့က ဤဖော်ပြချက်၏ အကျုံးဝင်မှုများထဲမှ အချို့ကို စဉ်းစားပြထားသည်။ နည်းပြအနေဖြင့် လေ့လာသည့်

အဖွဲ့များက သူတို့ဆွေးနွေးနေသည့် အကြောင်းအရာနှင့် စာအုပ် ၁ ၏ တတိယပိုင်းကို လေ့လာမှုနှင့် ဆက်စပ်၍ ပြောပြနိုင်ဖို့ သေချာအောင် လုပ်ချင်ကြလိမ့်မည်။ ထိုအပိုင်းတွင် ဘုရားရှင်ဆီ ကျွန်ုပ်တို့၏ ထာဝရခရီးလမ်း ထက်ဝယ် အကူအညီဖြစ်စေရန်နှင့် အကူအညီရစေရန် လူ့ဝိညာဉ်၏ အစွမ်းအစများဖြစ်သော ဝိညာဏ အရည်အသွေးများကို ဤဘဝတွင် မည်သို့ဖွံ့ဖြိုးထားရမည့်အကြောင်းကို သူတို့စဉ်းစားခဲ့ကြသည်။ ဘုရားရှင်၏ ချစ်ခြင်းမေတ္တာနှင့် ဘုရားရှင်၏ အသိပညာတို့သည် ထိုဝိညာဏအရည်အသွေးများကို ပြုစုပျိုးထောင်ရာတွင် မဖြစ်မနေ အရေးပါလှသည်။ ဤနှစ်ခန်းတွင်ပါသည့် အယူအဆများက အချိန်မှန်ခြင်းနှင့် အမှန်ပြောဆိုခြင်း တို့ကို ဂုဏ်အင်လက္ခဏာ အတူတူ တစ်မျိုးတည်းအဖြစ် ပြုမူပြောဆိုသည့် ကိုယ်ကျင့်တရားဆိုင်ရာ သင်ခန်းစာမျိုးမှနေ၍ အဆင့် ၁ ရှိ သင်ခန်းစာများကို မည်သို့ ခြားနားအောင် ချပြထားသည်ကို လေ့လာ သူတိုင်းက မြင်ကြဖို့ အရေးကြီးသည်။ ထို့ပြင် ဆရာများက ဤထူးခြားမှုကို သဘောကျသည့်အခါတွင် ကောင်းမွန်သည့် ကိုယ်ကျင့်စာရိတ္တဖွံ့ဖြိုးရေးကို အပြုအမူ ပြုပြင်မွမ်းမံရုံလောက်သာ ရှုမြင်တတ်သည့် အလေ့အထမျိုးကို ရှောင်ရှားကြလိမ့်မည်။

ဝိညာဏအရည်အသွေးများသည် အမှန်တွင် သူတို့ကိုယ်တိုင်၏ သက်ဝင်လှုပ်ရှားအား ရှိထားသည်။ သင်ခန်းစာများတွင်ပါသည့် အဓိကအရာများဖြစ်သည့် ဆုတောင်းပတ္ထနာ၊ ကောက်နုတ်ချက်များ အလွတ် ကျက်မှတ်ခြင်းနှင့် ဖြစ်ရပ်များသည် အထူးသဖြင့် ၎င်းတို့ကို ပျိုးထောင်ပေးရန် ကြိုးပမ်းထားသည်။ လေ့လာသူများသည် စာအုပ် ၁ နှင့် ၂ တို့ကို လေ့လာရာမှနေ၍ ဤအရာများ၏ သဘောသဘာဝထဲတွင် ထိုးထွင်းအမြင်ကို ရရှိထားကြပြီး အခန်း ၈ သည် သူတို့ သင်ယူရရှိခဲ့သမျှကို ကလေးများအား သင်ကြား ပေးရသည့် တာဝန်ဘက်ကို တိုးချဲ့ဖို့ ကူညီပေးရန် ရည်ရွယ်ထားသည်။ ထိုသို့ လုပ်ရာတွင် လေ့လာသူများ အနေဖြင့် ငယ်ရွယ်သူများထံ ဝိညာဏအရည်အသွေးများကို ပြုစုပျိုးထောင်ပေးရန်အတွက် သင်ခန်းစာများ (lessons)က ဘုရားရှင်၏ နှုတ်ကပါဌ်တော်နှင့် ချက်ချင်းထိတွေ့စေ၍၊ အမြင့်မားဆုံး လူသားစံနှုန်းများ၏ ပြယုဂ်(embodiment)ဖြစ်သည့် အဗ္ဗဒွလ်ဘဟာအရှင်မြတ်၏ ဖြစ်ရပ်များဖြင့် သူတို့အား စေ့ဆော်ပေးထား သည်ကို သူတို့ အသိအမှတ်ပြုသင့်ကြသည်။

ဤအပိုင်းတွင် လေ့လာဆန်းစစ်ထားသည့် နောက်ထပ် အနှစ်သာရတစ်ခုမှာ ဘုရားရှင်အား ကြောက်စိတ်ပင်ဖြစ်ရာ ၎င်းကို အခန်း ၁၂ တွင် ချပြထားသည်။ ၎င်းမှာ ဘဟာအီကျမ်းဓမ္မခန်များအရ လူတစ်ယောက်၏ ပညာရေးတွင် “အဓိက အကြောင်းခံ” ဖြစ်သည်။ ဤကြောက်စိတ်သည် ဘုရားရှင်အား ချစ်မြတ်နိုးခြင်းမှနေ၍ ခွဲခြားမရသည်ကို လေ့လာသူများအနေဖြင့် နားလည်ထားရန် အရေးကြီးသည်။ အဘယ့်ကြောင့်ဆိုသော် ကျွန်ုပ်တို့ ချစ်မြတ်နိုးသည့် ဘုရားရှင်ကို ကျေနပ်နှစ်ခြိုက်စေလိုသည့် စိတ်ဆန္ဒနှင့် အရှင့် ချစ်ခြင်းမေတ္တာ၏ ပေးသနားမှုများကို မိမိတို့ထံ ရောက်ရှိခြင်းမှ ဟန့်တားမည့် အပြုအမူမှန်သမျှကို ရှောင်ရှားလိုသည့် စိတ်ဆန္ဒတို့မှ ပေါက်ဖွားလာသည့် ကြောက်စိတ်ဖြစ်သောကြောင့် ဖြစ်ပါသည်။ ချစ်ခြင်းမေတ္တာမရှိသည့်အခါ မကောင်းသည့် အပြုအမူမှ လှည့်ထွက်သွားဖို့ မိမိတို့အား လှုံ့ဆော်ပေးသည့် ကြောက်စိတ်ဆိုတာလည်း နောက်တစ်မျိုး ရှိသေးသည်။ ၎င်းမှာ အမျက်တော်ရှသော ဘုရားသခင်က အပြစ်ပေးမှာကို ကြောက်စိတ် ဖြစ်သည်။ ဤသည်မှာ ကလေးများ စိတ်ထဲတွင် ဝင်ရောက်သင့်သည့် ပုံရိပ် မဟုတ်ပေ။ ဆန္ဒပြင်းပြသော ဆရာများအနေဖြင့် ပညာရေးလုပ်ငန်းစဉ်တွင် ဘုရားရှင်ကို ချစ်မြတ်နိုးခြင်းနှင့် ကြောက်ရွံ့ခြင်းတို့ကြားရှိ အဆက်အစပ်ကို ကောင်းကောင်း ဆုပ်ကိုင်မိဖို့ လိုအပ်သော်လည်း ၎င်းမှာ သင်တန်းတွင် ပြည့်ပြည့်စုံစုံ ဆောင်ရွက်မည့်အကြောင်းအရာ မဟုတ်သည်ကို သူတို့ အသိအမှတ်ပြုသင့်

ကြသည်။ ထို့ထက် သူတို့ ကျောင်းသားများ၏ နှလုံးသားများထဲတွင် ဘုရားရှင်အား ချစ်မြတ်နိုးသည့် မီးတောက်ကို လေပင့်ပေး၍၊ အရှင်၏ အကန့်အသတ်မရှိသော ချစ်ခြင်းမေတ္တာဖြင့် လူ့လောကအား ဖြစ်တည်ပေးထားသဖြင့် ဘုရားရှင်သည် ကျွန်ုပ်တို့အား ပြုစုပျိုးထောင်ပေးရန်နှင့် ကာကွယ်ပေးရန် ဘယ်အခါမှ ရပ်တန့်သွားမှာ မဟုတ်သည်ကို အလုံးစုံသေချာမှုရရှိစေဖို့ သူတို့ကို ကူညီပေးရန် သင်ယူကြရမည်။ တကယ်တွင် နောက်ဆုံး၌ ဘုရားရှင့် အလုကျက်သရေတော်ကို ချစ်မြတ်နိုးခြင်းကသာ အရှင်၏ ကောင်းမြတ်သည့် နှစ်ခြိုက်မှုနှင့် ဆန့်ကျင်သည့် နည်းလမ်းများကို လုပ်ဆောင်ခြင်းမှနေ၍ သူတို့အား တားမြစ်ပေးလိမ့်မည်။

အထက်ပါ အနှစ်သာရများနှင့် အယူအဆများကို ဆွေးနွေးခြင်းဖြင့် နောက်ဆုံးတွင် ဝိညာဏပညာရေးလုပ်ငန်းစဉ်ကြောင့် ကလေးများသည် ဝိညာဏအရည်အသွေးများ ရရှိခြင်းကိုပင် ဆုလာဘ်အဖြစ် မှတ်ယူလာကြ၍ မဆီလျော်သည့် စာရိတ္တတို့ ရှိထားခြင်းကို အကြီးမားဆုံး အပြစ်ပေးခံရမှုအဖြစ် နားလည်မှုဆီကို လေ့လာသူများအား ဦးဆောင်သွားစေသည်။ ထို့နောက် ဤသည်အားလုံးကြောင့်ပင် ကလေးငယ်များတွင် အပြုအမူ ပြုပြင်ပေးခြင်းကို မှန်ကန်သည့် ရှုထောင့်မှ ရှုမြင်နိုင်စေမည်ဖြစ်ပြီး ၎င်းမှာ အဓိက ရည်ရွယ်ချက်မဟုတ်ဘဲ ကိုယ်ကျင့်စာရိတ္တ ပြုပြင်ကောင်းမွန်ရေးအတွက် အထောက်အကူအဖြစ် ၎င်းကို ရှုမြင်နိုင်စေမည်။ တစ်ဆက်တည်းပင် သူတို့သည် လိုလားနှစ်သက်ဖွယ်ကောင်းသော အပြုအမူတို့ကို တိုက်တွန်းအားပေး၍ မလျော်ကန်သော အပြုအမူပုံစံတို့ကို တားဆီးပေးရန် ကလေးများနှင့် သူတို့၏ ဆက်ဆံပုံများတွင် သင့်တော်သည့် နည်းလမ်းများကို ရှာဖွေတွေ့ရှိမည်ဖြစ်ရာ ၎င်းတို့ထဲမှ အချို့ကို အခန်း ၁၃ တွင် ဖော်ပြထားသည်။ ဤအခန်းတွင် ချပြထားသည့် အခြားသော အနှစ်သာရများမှာ လွတ်လပ်မှု၊ စည်းကမ်းရှိမှုတို့နှင့် ဆိုင်သည်။ ပြင်းထန်သော အပြစ်ပေးမှုမှာ ကလေးများအား ပညာပေးရာတွင် သိသိသာသာ နေရာမရှိတော့ဘဲ သူတို့ ဆန္ဒရှိသလို လုပ်ဖို့ လုံးလုံးလွတ်လပ်ခွင့်ပေးထားခြင်းကလည်း သူတို့၏ ဝိညာဏဖွံ့ဖြိုးတိုးတက်ရေးအတွက် အညီအမျှ ပျက်စီးစေသည်။

ထို့နောက် ဤအပိုင်းက သင်တန်းတစ်ခုတွင် ပျော်ပျော်ရွှင်ရွှင်နှင့် သင်ယူသည့် ဝန်းကျင်ကို ပုံဖော်ထားချိန်မှာပင် အစီအစဉ်ကျမှုနှင့် စည်းကမ်းရှိမှုကို မည်သို့ ရေရှည်ထိန်းမလဲဆိုသည့် မေးခွန်းဘက်ကို လှည့်ထားသည်။ လေ့လာသူအများစုမှာ ကလေးများကို သင်ကြားပေးသည့် ယခင်က အတွေ့အကြုံ ရှိမထားခြင်းကြောင့် သူတို့ စဉ်းစားကြည့်ရန်အတွက် ဤနေရာတွင် ကနဦးအယူအဆ အနည်းငယ်ကိုသာ ပေးထားသည်ကို နည်းပြအနေဖြင့် သတိရသင့်သည်။ သူတို့က ဤအမှုထမ်းအလုပ်ကို ဆောင်ရွက်ထားသည့်အခါ ဆက်နွယ်သော အခန်းများကို ပြန်၍ ကြည့်နိုင်ကြပြီး ထိုအယူအဆများအပေါ်တွင် အတွေ့အကြုံများဖြင့် ပြန်၍ သုံးသပ်ကြည့်နိုင်ကြသည်။

ထို့နောက်တွင် သင်ခန်းစာများတွင်ပါသည့် လုပ်ဆောင်ချက်များကို ကလေးများ လုပ်ဆောင်ရာတွင် လေ့လာသူများက နောက်ကလိုက်နိုင်သည့် ချဉ်းကပ်နည်းအချို့ကို ဆက်၍ လေ့လာဆန်းစစ်ကြသည်။ အထက်တွင် ထုတ်ပြခဲ့သော ဆုတောင်းပတ္ထနာပြုခြင်း၊ ကောက်နုတ်ချက်များ အလွတ်ကျက်မှတ်ခြင်းနှင့် ဖြစ်ရပ်များ စသည့် အဓိက အကြောင်းအရာများအပြင် ဤလုပ်ဆောင်ချက်များထဲတွင် သီချင်းများ၊ ကစားနည်းများနှင့် အရောင်ခြယ်ခြင်းတို့ ပါရှိသည်။ သူတို့အတွက် ရရှိနိုင်သည့် ချဉ်းကပ်နည်းများကို ခွဲခြမ်းစိတ်ဖြာရာတွင် လေ့လာသူများသည် ပထမသင်ခန်းစာတွင် ဖြူစင်သန့်ရှင်းခြင်းဆိုသည့် ဝိညာဏအရည်အသွေးပေါ်တွင် သုံးသပ်ကြည့်ကြသည်။

အဗ္ဗဒွလ်ဘဟာအရှင်မြတ်၏ ဘဝဖြစ်တော်စဉ်ထဲမှ များစွာထုတ်နုတ်ထားသော ဤဖြစ်ရပ်များသည် ကလေးများအတွက် လူ့ဝိညာဉ်၏ ဂုဏ်အင်လက္ခဏာများအဖြစ် ဝိညာဏအရည်အသွေးများ အကန့်အသတ်မရှိ ပေါ်ထွက်လာမှုများအပေါ်တွင် လျှပ်တစ်ပြက်အမြင်ရစေရန် ရည်ရွယ်ထားသည်။ ဤသည်ကို အဆုံးသတ်ရန်ဖြစ်စဉ် အစီအစဉ်များထက် ဆန်းစစ်နေသော ဝိညာဏ ပကတိအစစ်အမှန်ကို ကြည့်ရှုအောင် ဆရာအားကူညီပေးဖို့ ဖြစ်ရပ်တစ်ခုစီအတွက် မေးခွန်းအချို့ကို ပေးထားသည်။ အထူးသဖြင့် အဗ္ဗဒွလ်ဘဟာအရှင်မြတ်နှင့်ဆိုင်သည့် ဖြစ်ရပ်များတွင် ၎င်းတို့ကို ပြောပြသည့်အခါ ဆရာများက အရှင်အနေဖြင့် ဝိညာဏအရည်အသွေးများကို အဆုံးစွန် အပြည့်ဝဆုံးအထိ မည်သို့ ပြသခဲ့ပုံကို အလေးပေး၍ အရှင့် လုပ်ရပ်များ၏ အစစ်အမှန် ထူခြားမှုကို ကြည့်ရှုခြင်းမှ ကလေးများကို အာရုံလွှဲစေမည့် ချက်ချင်းနှင့် အပေါ်ယံ ချိတ်ဆက်ပေးမှုမျိုး လုပ်ခြင်းကို ရှောင်ရှားကြသည်ကို သေချာစေဖို့အတွက် ဤမေးခွန်းများကို ထိုကဲ့သို့ ပုံဖော်ထားခြင်းဖြစ်သည်။

လေ့လာသူများအနေဖြင့် သင်ခန်းစာ လေးခုပါသည့် အုပ်စုတစ်ခုစီကို ဤနည်းဖြင့် ခွဲခြမ်းစိတ်ဖြာပြီးနောက် သူတို့အချင်းချင်းကြားတွင် ပထမပိုင်း၌ဆွေးနွေးထားသည့် ချဉ်းကပ်နည်းများကို အသုံးချပြီး (သင်ခန်းစာပါ) အကြောင်းအရာမျိုးစုံကို လေ့ကျင့်ဖို့ အချိန်ယူရန် သူတို့ကို တောင်းဆိုထားသည်။ လက်တွေ့လေ့ကျင့်သည့်ကဏ္ဍ၏ အရေးပါမှုကို လွန်ကဲပြီးခန့်မှန်း၍ မရနိုင်ပေ။ လေ့လာသည့်အုပ်စုဝင်များကို စွမ်းရည်အလားအလာရှိသည့် ဆရာများအဖြစ် သူတို့၏ စွမ်းဆောင်ရည်ကို မြှင့်တင်မည့် ၎င်းတို့၏ကြိုးပမ်းမှုများတွင် ကူညီပေးရမည့်တာဝန်မှာ ယခုတွင် နည်းပြအပေါ် ကျရောက်လိမ့်မည်။ လေ့လာမည့် သင်ခန်းစာများကို လေးခုတစ်စုံဖြင့် စီစဉ်ထားခြင်းက ဤကဏ္ဍနှင့်ပတ်သက်ပြီး ပြုလွယ်ပြင်လွယ်(ညင်သာ)သည့် အဆင့်ဒီဂရီကို ခွင့်ပြုထားပြီး နည်းပြအနေဖြင့် လိုအပ်ပါက အင်စတီကျူ ကလေးသင်တန်းကြီးကြပ်ရေးမှူးနှင့် ဆွေးနွေးပြီး မည်သို့ အကောင်းဆုံး ရှေ့ဆက်သင့်ကို စဉ်းစားပေးရလိမ့်မည်။ လေ့လာသူများက ဤအမှုထမ်းအလုပ်ကို မဆောင်ရွက်ခင် အပိုင်း(ယူနစ်)တစ်ခုလုံးကို ပြီးမြောက်အောင် လေ့လာဖို့ဖြစ်နိုင်သည့် အချိန်များလည်း ရှိကောင်းရှိနိုင်သည်။ ထိုအခါမျိုးတွင် ကလေးသင်တန်း လုပ်ချင်သူများအတွက် စာအုပ် ၃ ပြီးသွားသည့်နောက် သူတို့ကိုယ်တိုင် ကလေးသင်တန်းတစ်ခုကို စတင်၍ဖြစ်စေ သို့မဟုတ် နောက်ဆရာတစ်ဦးနှင့် အတူတူတွဲလုပ်၍ အချို့လုပ်ဆောင်ချက်များကို ကူညီပေးခြင်းဖြင့်ဖြစ်စေ အတွေ့အကြုံကို အလျင်အမြန် ရရှိနိုင်ဖို့ အရေးကြီးသည်။ သို့သော် အခြားသော အခြေအနေများတွင် သင်ခန်းစာ လေးခုပါသည့် တစ်စုံ သို့မဟုတ် နှစ်စုံကို လေ့လာမှုနှင့် လက်တွေ့လေ့ကျင့်မှုတို့ ပြီးမြောက်သွားသည့်အခါတွင် သင်ကြားပေးသည့် အလားတူ အတွေ့အကြုံ စတင်ရယူခြင်းက အကျိုးဖြစ်ထွန်းနိုင်သည်။ ထို့ပြင် သင့်တော်သည့် ကြားအချိန်များတွင် နည်းပြက သူတို့၏ တိုးလာသည့် အတွေ့အကြုံအားဖြင့် နောက်ထပ် သင်ခန်းစာလေးခုကို လေ့လာပြီး လက်တွေ့လေ့ကျင့်ရန် သူတို့အား ပြန်၍ စုစည်းနိုင်သည်။

ထိုကဲ့သို့သော အစီအမံများနှင့်မဆိုင်ဘဲ ဆရာများအနေဖြင့် သင်ခန်းစာများနှင့် အသေအချာအကျွမ်းတဝင်ရှိထားရန်နှင့် သင်တန်းချိန်တစ်ခုစီအတွက် ကောင်းစွာကြိုတင်ပြင်ဆင်ထားရန် မဖြစ်မနေအရေးကြီးလှသည်။ အကယ်၍ ဆရာက စာအုပ်ထဲမှ တိုက်ရိုက်ဖတ်ပြတာမဟုတ်ဘဲ ဆုတောင်းပတ္ထနာများနှင့် ကောက်နုတ်ချက်များကို အလွတ်ကျက်မှတ်ထားပြီး ရွတ်ဖတ်ဖို့ သင်ယူထားပြီးဖြစ်လျှင်၊ သင်ခန်းစာအတွက် ကောက်နုတ်ချက်ကို မိတ်ဆက်ပေးဖို့ ကြိုတင်ပြင်ဆင်ထားပြီးဖြစ်လျှင်၊ ဖြစ်ရပ်တို့ကို ပြောပြဖို့ လေ့ကျင့်ထားပြီးဖြစ်လျှင် ကလေးသင်တန်းများမှာ ပို၍ များစွာအောင်မြင်လိမ့်မည်။ ဤသို့ ကြိုတင်ပြင်ဆင်မှုမျိုးအပြင်

နောက်ဆုံးတွင် အခန်း ၂၆ ၌ သူ သို့မဟုတ် သူ(မ)၏ သင်တန်းထဲရှိ ကလေးငယ်များ၏ မိဘများနှင့် ဆရာတစ်ယောက်အကြား ဖြစ်ပေါ်လာသည့် ဆက်တိုက်စကားပြောဆိုမှု၏ သဘောသဘာဝကို စဉ်းစားကြရသည်။ ဤအခန်းသည် စာအုပ် ၂ တွင် ဤအကြောင်းနှင့်ပတ်သက်ပြီး သူတို့ လေ့လာသမျှအပေါ်တွင် အခြေတည်ထားသည့်အပြင် သူတို့ ရပ်ကွက် သို့မဟုတ် ကျေးရွာထဲရှိ သင်တန်းများတွင် တက်နေသည့် ကလေးများ၏ အိမ်များဆီ သူတို့နှင့်အတူ အလည်သွားထားသည့် တိုးလာသောသူငယ်ချင်း နယူကလီးယပ်စ်၏ အစိတ်အပိုင်းအနေဖြင့် သူတို့ ရရှိထားပြီးဖြစ်နိုင်သည့် အတွေ့အကြုံမှန်သမျှအပေါ်တွင်လည်း အခြေတည်ထားသည်။ လေ့လာသူများက မိဘများနှင့် စကားပြောဆိုဖို့အတွက် ကြိုတင်ပြင်ဆင်ရာတွင် ဤပထမပိုင်း၌ ပါရှိသော အနှစ်သာရများကို ပြန်၍စစ်ဆေးရန် သူတို့ကို တောင်းဆိုထားသည့် လေ့ကျင့်ခန်းများကို လုပ်ဖို့အတွက် သူတို့အား အချိန်အလုံအလောက်ပေးရန် နည်းပြဖြစ်သူက သေချာစေရမည်။ လေ့ကျင့်ခန်းက ဆွေးနွေးထားသည့် အနှစ်သာရများနှင့် အယူအဆများစွာကို သူတို့စိတ်ထဲတွင် ပိုမိုအားကောင်းစေရန် အုပ်စုဝင်များအတွက် နည်းလမ်းတစ်ခု ဖြစ်စေလိမ့်မည်။

"အဆင့် ၁၊ ကလေးသင်တန်းများအတွက် သင်ခန်းစာများ"ဆိုသည့် ဤဒုတိယပိုင်းတွင် အပိုင်းနှစ်ပိုင်း ပါရှိသည်။ တစ်ခုမှာ ဤအဆင့်အတွက် အကြံပြုထားသော သင်ခန်းစာ နှစ်ဆယ့်လေးခုနှင့် ဆရာအတွက် ထိုသင်ခန်းစာများ၏ အကြောင်းအရာနှင့် ကောင်းစွာအကျွမ်းတဝင်ဖြစ်စေရန် ပြင်ဆင်ထားသည့် လေ့ကျင့်မှုအကြို(preliminary) အခန်းများဖြစ်ရာ ထိုတစ်ခန်းစီတွင် ဝိညာဏအရည်အသွေးတစ်ခု ဖွံ့ဖြိုးရေး ဆိုသည့် ပတ်လည်တွင် ပုံဖော်ထားသည်။ တစ်ကြိမ်တွင် သင်ခန်းစာလေးခုကို ပေးထားသဖြင့် လေ့ကျင့်မှု အကြိုအခန်းများက တစ်ခန်းစီရှိ အဓိကအကြောင်းအရာများကို သုံးသပ်မှုဖြင့် လမ်းပြပေးထားရာ ထိုတစ်ခန်းစီတွင် ရှေ့ဘက်အပိုင်းရှိ ဖြူစင်သန့်ရှင်းမှုအပေါ် သူတို့ ပထမဆုံး လုပ်ခဲ့သည့်နည်းအတိုင်းပင် များစွာ ခွဲခြမ်းစိတ်ဖြာကြရသည်။

ဘဟာအီကျမ်းဓမ္မခန်းများထဲမှ ကောက်နုတ်ချက်တစ်ခုက သင်ခန်းစာတိုင်း၏ အခရာကျသည့်အရာ ဖြစ်သည်။ ၎င်းနောက်တွင် ကောက်နုတ်ကို ကလေးများအား မိတ်ဆက်ပေးရာတွင် အသုံးပြုဖို့ ဆရာများကို တိုက်တွန်းထားသည့် ဖော်ပြချက်အတိုကို ထည့်ပေးထားသည်။ ၎င်းမှာ တိုသော်ငြားလည်း ထိုဖော်ပြချက်က ကျမ်းဓမ္မခန်းများထဲမှ ရယူထားသည့် စကားလုံးများနှင့် ပုံဆောင်သာဓကများ အစုလိုက်ကို ပေးထားရာ ချပြထားသည့် ဝိညာဏအရည်အသွေးကို ပုံပေါ်စေသည့် သက်ဝင်လှုပ်ရှားမှုများကို ကလေးများ၏ စိတ်ထဲတွင် စပြီး ပုံဖော်ရာတွင် ၎င်းက အထောက်အကူဖြစ်စေလိမ့်မည်။ ဤမိတ်ဆက်မှတ်ချက်များကို သဘာဝကျကျဖြင့် ပြောပြနိုင်၍၊ ဤသက်ဝင်လှုပ်ရှားမှုများထဲတွင် ထိုးထွင်းအမြင်ရစေသည့် ဆရာ၏ စွမ်းဆောင်ရည်သည် အတွေ့အကြုံနှင့် သင်ခန်းစာထဲတွင် ဆွေးနွေးထားသော ဝိညာဏအရည်အသွေးများအပေါ်တွင် စဉ်ဆက်မပြတ် စဉ်းစားသုံးသပ်ခြင်းတို့ဖြင့် ဖွံ့ဖြိုးတိုးတက်လာလိမ့်မည်။ ဤသို့ဖြင့် လေ့ကျင့်မှုအကြို အခန်းများ၌ လူတစ်ဦး၏ ဘဝထဲနှင့် သူတို့၏ သင်ကြားဖြန့်ဝေရေး အားထုတ်ကြိုးပမ်းမှုများအတွက်ပါ အရည်အသွေး တစ်ခုစီ၏ ထူးခြားပုံအပေါ်တွင် ကနဦး စဉ်းစားသုံးသပ်ရန် လေ့လာသူများအား တောင်းဆိုထားရာ ထိုတစ်ခုစီနှင့်ပတ်သက်ပြီး ရွေးထုတ်ထားသည့် ကောက်နုတ်ချက်အနည်းစုကို ဤရည်ရွယ်ချက်အတွက် ပေးထားသည်။

ထိုကဲ့သို့ စဉ်းစားသုံးသပ်မှုကို ဆောင်ရွက်ထားသဖြင့် ထို့နောက်တွင် လေ့လာသူများသည် သူတို့ စဉ်းစားနေသည့် အရည်အသွေးများကို သရုပ်ပြသော ဖြစ်ရပ်များကို လေ့လာဆန်းစစ်ကြသည်။

ကစားနည်းများနှင့် အရောင်ခြယ်စာရွက်များ၊ ရောင်စုံခဲ့တံများ စသည့် အထောက်အကူပစ္စည်းအချို့အပြင် သင်ထောက်ကူပစ္စည်းများနှင့် ပြင်ပရင်းမြစ် ပစ္စည်းပစ္စယများမှာ သင်တန်းများအတွက် အနည်းအကျဉ်းသာ လိုအပ်သည်။ ဒုတိယပိုင်းအဆုံးတွင် တွေ့ရသည့် အရောင်ခြယ်စာရွက်များကို မိတ္တူကူးနိုင်သည် သို့မဟုတ် သီးခြားစာရွက်များပေါ်တွင် ထပ်၍ဆွဲပြီးလည်း ကူးယူနိုင်သည်။ ထို့ပြင် ပရင့်ထုတ်ရန်အတွက် ရှုဟီအင်စတီကျူ ဝဘ်ဆိုက်မှလည်း ဒေါင်းလုပ် ရယူနိုင်သည်။ ထိုဝဘ်ဆိုက်တွင် အဆင့် ၁ အတွက် သီချင်းများ၏ အသံသွင်းထားမှုများကိုလည်း ပေးထားသဖြင့် ဆရာများသည် သူတို့ကိုယ်တိုင် သင်တန်းအတွက် ကြိုတင်ပြင်ဆင်ဖို့ အသုံးပြုရုံသာမကဘဲ ၎င်းတို့ကို သီဆိုဖို့ ကလေးများ သင်ယူရာတွင်လည်း ကူညီပေးနိုင်သည်။ သူတို့ ရပ်ရွာထဲရှိ ကလေးငယ်များအတွက် သင်တန်း စတင်ထားသူများကို မိမိတို့ ကြိုးပမ်းများအတွက် (ချရေးရန်) မှတ်တမ်း စာအုပ်ထားရှိဖို့ တိုက်တွန်းပါသည်။ ၎င်းအားဖြင့် သူတို့အတွက် လိုအပ်သည့် အချက်အလက်တို့ကို အဆင်သင့် လက်ဝယ်ရရှိထားနိုင်စေပြီး ကြိုတင်ပြင်ဆင်မှုနှင့် ပြန်လည်သုံးသပ်သည့် ပုံစံအတွက် ခိုင်မာတောင့်တင်း စေလိမ့်မည်။

အဆင့် ၁ အတွက် သင်ခန်းစာ နှစ်ဆယ့်လေးခုကို သာမန်အခြေအနေများတွင် သင်ခန်းစာတစ်ခုစီကို သင်တန်းချိန်တစ်ခုအတွင်း ပြီးမြောက်နိုင်ဖို့ သေချာသည့် ရည်ရွယ်ချက်ဖြင့် ပြင်ဆင်ပေးထားသည်ကို ဤနေရာ၌ ရှင်းလင်းအောင် လုပ်ပေးထိုက်လှသည်။ သင်ခန်းစာတစ်ခုကို သင်တန်းချိန်နှစ်ခုအတွင်း ခွဲ၍ ဆောင်ရွက်ခြင်းက လုပ်ဆောင်ချက်များကို မလိုအပ်ဘဲ ရှည်ကြာသွားစေသည့် ဖြစ်တတ်မှုဘက် ရောက်သွားသည်။ သို့သော် ပိုပြီး အရေးကြီးသည်မှာ ၎င်းက လုပ်ဆောင်ချက်များအကြား စည်းချက်ကျမှု (ရစ်သမ်)ကို ချထားသည့် သင်ယူသည့် လုပ်ငန်းစဉ်၏ ထိရောက်မှုကို လျော့ကျသွားစေသည်။ သို့သော် ထိုလုပ်ဆောင်ချက်အားလုံးက ဝိညာဏအရည်အသွေးတစ်ခုတည်းကိုပင် ဝိုင်းဝန်း၍ ပုံဖော်ထားသည်မှာ မဖြစ်မနေ အရေးကြီးလှသည်။

နောက်ဆုံးအနေဖြင့် ပညာရေးလုပ်ငန်းစဉ်ထဲတွင် ဆရာနှင့် ကျောင်းသားများအကြားရှိ ဆက်ဆံရေး အကြောင်းကို စကားအနည်းငယ် ပြောသင့်သည်။ ထိုအကြောင်းကို ပထမပိုင်း၏ အခန်း ၉ နှင့် ၁၀ တို့တွင် ဖော်ပြထားသော်လည်း စာအုပ်တစ်အုပ်လုံးတွင်လည်း ပါနေပြန်သည်။ ဆရာတိုင်းက ကလေးများကြားဝယ် အဆင့် ၁ တွင် သူတို့ လေ့လာနေသော ဝိညာဏအရည်အသွေးအားလုံးကို ပုံဖော်ပေးရန် သူ သို့မဟုတ် သူ(မ)၏ ကြိုးပမ်းမှုများကို အမြင့်မားဆုံးအထိ လုပ်သင့်သည်မှာ ထင်ထင်ရှားရှားရှိသည်။ ဤအရည်အသွေးများထဲတွင် ချစ်ခြင်းမေတ္တာထက် ပိုပြီး အရေးကြီးသည့်အရာ မရှိပေ။ ထိုချစ်ခြင်းမေတ္တာမှာ ထာဝရဘုရားရှင်၏ ချစ်ခြင်းမေတ္တာကို ထင်ဟပ်ချက်ပင်ဖြစ်သည်။ ဤချစ်ခြင်းမေတ္တာကို ဆရာက ပုံဖော်ထားသည့် ဝန်းကျင်ထဲတွင် သူတို့ ခံစားကြလိမ့်မည်ဖြစ်ရာ သင်တန်းမတိုင်ခင် ကြိုတင်ပြင်ဆင်သည့် ဒီဂရီထဲတွင်လည်းကောင်း၊ သင်တန်းတစ်ခုစီအစတွင် ရွတ်ဖတ်သည့် ဆုတောင်းပတ္ထနာများထဲတွင်လည်းကောင်း၊ ကျောင်းသားများနှင့် အပြန်အလှန်ဆက်ဆံမှုများတွင် အသုံးပြုသည့် စကားအသုံးအနှုန်းများထဲတွင်လည်းကောင်း၊ ကျောင်းသားများ ပြုလုပ်နေသည့် တိုးတက်မှုအတွက် တိုက်တွန်းအားပေးမှုနှင့် ချီးကျူးမှုကို သူတို့ ရရှိပုံရရှိနည်းများထဲတွင် လည်းကောင်း ထိုချစ်ခြင်းမေတ္တာကို ခံစားကြရလိမ့်မည်။



# ဘဟာအီပညာရေး၏ စည်းမျဉ်းအချို့

## Some Principles of Bahá’í Education

### ရည်ရွယ်ချက်

ဘဟာအီကျမ်းစေ့ခန်းများထဲတွင် တွေ့ရသော ပညာရေးနှင့်
ဆက်နွှယ်သည့် စည်းမျဉ်းအချို့နှင့် အနှစ်သာရအချို့ကို လေ့လာ
ဆန်းစစ်ရန်နှင့် ကလေးများအား ဝိညာဏပိုင်း ပြုစုပျိုးထောင်ပေးသော
သင်တန်းများကို မည်သို့ ဆောင်ရွက်မည် ဆိုသည့်အပေါ် စဉ်းစားသုံးသပ်ရန်

# အခန်း (၁)

ရူပဟီအင်စတီကျူ၏ တတိယမြောက်စာအုပ်သည် ကလေးများ၏ ဝိညာဏပညာရေးအတွက် ဘဟာအီကလေးသင်တန်းများ သင်ကြားပေးသည့် ကုသိုလ်ကောင်းမှု အရဆုံးသော အမှုထမ်းအလုပ်နှင့် သင်တို့အား မိတ်ဆက်ပေးထားသည်။ ဤစာအုပ်ကို လေ့လာပြီး၍ ၎င်း၏ လက်တွေ့လေ့ကျင့်မှုအပိုင်းကို အကောင်အထည်ဖော်ပြီးနောက် သင်တို့က ဤအမှုထမ်းအလုပ်အတွက် မိမိ၏အချိန်နှင့် စွမ်းအင်အချို့ကို နှစ်မြုပ်ရန် ဆုံးဖြတ်ထားပါလျှင် ခြောက်နှစ်တာ ပညာရေးအစီအစဉ်၏ ပထမအဆင့်ထဲသို့ ဝင်ရောက်လာသည့် ကလေးငယ်အုပ်စုအတွက် သင်တို့၏ ရပ်ရွာထဲတွင် အပတ်စဉ်သင်တန်းကို စတင်သည့် အနေအထားတွင် ရှိလိမ့်မည်။ ထိုသို့ သင်တန်းကို ဆောင်ရွက်နေချိန်မှာပင် သင်တို့သည် ပင်မသင်ခန်းစာအစီအစဉ်၏ နောက်ထပ် စာအုပ်များကိုလည်း ဆက်၍ လေ့လာကြလိမ့်မည်။

ကလေးများကို သင်ကြားပြသပေးခြင်းမှာ သင်တို့ လျှောက်လှမ်းနေသည့် လမ်းကြောင်းပေါ်ရှိ အမှုထမ်းအလုပ်များစွာထဲမှ တစ်ခုဖြစ်သည်။ ထိုအမှုထမ်းအလုပ်ကိုလုပ်ဖို့ မရွေးချယ်ဘူးဆိုလျှင်ပင် ဤသင်ခန်းစာကို လေ့လာခြင်းက တန်ဖိုးရှိသည်ကို တွေ့ပါလိမ့်မည်။ သင်တို့ ကျေးရွာ၊ မြို့ သို့မဟုတ် ရပ်ကွက်ထဲရှိ ရပ်ရွာထူထောင်ရေး လုပ်ငန်းစဉ်ကို ဆောင်ရွက်ရာတွင် ကလေးငယ်များနှင့် အချိန်အခါများစွာ နီးနှောဆက်ဆံရ၍ ဤနေရာတွင် လေ့လာရာမှ ရရှိသည့် ထိုးထွင်းအမြင်များကို ထိုအချိန်များတွင် အသုံးချနိုင်လိမ့်မည်။ ကလေးများနှင့်ပတ်သက်၍ ကမ္ဘာ့သမာဓိအဖွဲ့ချုပ်ထံမှ အောက်ပါ ဖော်ပြချက်များအပေါ်တွင် စဉ်းစားကြည့်ဖို့ အချိန်ခဏ ယူပါ။

> **"ကလေးများသည် လူထု(သာသနာဝင်ထု) တစ်ခုလုံးက ပိုင်ဆိုင်ထားသည့် အဖိုးထိုက်တန်ဆုံးသော ဘဏ္ဍာရတနာပင်ဖြစ်သည်။ အကြောင်းရင်းမှာ အနာဂတ်အတွက် အာမခံချက်နှင့် ကတိကဝတ်တို့မှာ သူတို့ထံတွင် ရှိထား၍ဖြစ်သည်။ သူတို့သည် အနာဂတ်လူ့အဖွဲ့အစည်း၏ စာရိတ္တမျိုးစေ့များဖြစ်ကြ၍ ၎င်းမှာ လူထုအတွင်းရှိ အရွယ်ရောက်ပြီးသူတို့က ကလေးများနှင့် ပတ်သက်၍ လုပ်ဖြစ်သည် သို့မဟုတ် မလုပ်ဖြစ်သည်ဆိုသည့် ဆောင်ရွက်ချက်များဖြင့် များစွာ ပုံပေါ်သွားစေသည်။ သူတို့သည် မည်သည့်လူထုကမျှ အပြစ်ရှောင်ပြီး (with impunity) လျစ်လျူရှုမရသည့် ယုံကြည်စိတ်ချချက် ဖြစ်သည်။ ကလေးများကို လွှမ်းခြုံချစ်သည့် ချစ်ခြင်းမေတ္တာ၊ ၎င်းတို့ကို ဆက်ဆံသည့် အပြုအမူ၊ သူတို့ကိုပြသသည့် အာရုံစိုက်မှု အရည်အသွေး၊ သူတို့အပေါ်ထားသည့် အရွယ်ရောက်သူတို့၏ ပြုမူပုံ စသည့် ဤအချက် အားလုံးသည် လိုအပ်သော စိတ်နေစိတ်ထားထဲ၌ ပါရှိရမည့် အရေးကြီးဆုံးသော အစိတ်အပိုင်း များဖြစ်သည်။"[၁]**

ဤစာအုပ်၏ ဒုတိယပိုင်းတွင် ချပြထားသော အဆင့် ၁ အတွက် သင်ခန်းစာများမှာ ရိုးရိုးရှင်းရှင်း ဖြစ်သည်။ သင်ခန်းစာတစ်ခုစီတွင် ဝိညာဏအရည်အသွေးတစ်ခု ဖွံ့ဖြိုးရေးအပေါ်တွင် အလေးပေးထားသည့် လုပ်ဆောင်ချက်အစုလိုက် ပါရှိသည်။ ဆုတောင်းပတ္ထနာများနှင့် ကျမ်းစမ္မခန်းများထဲမှ ကောက်နုက်ချက်များကို အလွတ်ကျက်မှတ်ရန်၊ ဖြစ်ရပ်များ၊ တရားဒေသနာများနှင့်ဆိုင်သည့် ရှင်းလင်းချက်များကို နားထောင်ရန်၊ ပုံဆွဲ၍ အရောင်ခြယ်ရန်၊ သီချင်းသီဆို၍ ကစားရန် ကလေးများကို တိုက်တွန်းအားပေးထားသည်။ သင်တို့က ဤသင်ခန်းစာများကို သင်ကြားပေးရာတွင် ပညာရေးနယ်ပယ်နှင့်ပတ်သက်သည့် အသိပညာများစွာ မလိုအပ်ပေ။ ဆရာတစ်ယောက်အဖြစ် ကျောင်းတွင် သင်တန်းတစ်ခုခု တက်ထားတာနှင့်မဆိုင်ဘဲ

ဤသင်ခန်းစာက အပတ်စဉ် ကလေးသင်တန်းကို လုပ်ရန်အတွက် သင်တို့အား ကြိုတင်ပြင်ဆင်ပေးလိမ့်မည်။ စာအုပ် ၃ မှ ခွဲထွက်လာသည့် သင်ခန်းစာများကို လေ့လာပြီး အတွေ့အကြုံလည်း ရလာသည့်အခါ ပညာရေးနှင့် ပတ်သက်သည့် အခြေခံကျသော အကြောင်းအရာများစွာကို စဉ်းစားလာရသည့် အချိန်အခါ ရောက်လာလိမ့်မည်။ အစတွင် သင်တို့အနေဖြင့် သင်ခန်းစာအစီအမံအတိုင်း အနီးကပ်လိုက်ပြီး လုပ်ရလိမ့်မည်။ သို့သော် သင်တို့ကိုယ်တိုင် တိုးချဲ့ပြင်ဆင်ထားသည့် နောက်ထပ် အကြောင်းအရာဖြင့် သူတို့ကို ပိုမို၍ သင်ကြားပေးနိုင်လိမ့်မည်။

# အခန်း (၂)

ဘဟာအွလ္လာဘုရားရှင်နှင့် အဗ္ဗဒွလ်ဘဟာအရှင်မြတ်တို့၏ အောက်ပါ မိန့်မှာချက်များအပေါ် စဉ်းစားသုံးသပ်ကြပါစို့။ ၎င်းတို့က ဆရာတစ်ယောက် ဆောင်ရွက်သည့် အလုပ်ကို သဘောကျနှစ်ခြိုက်စေရန် ကျွန်ုပ်တို့ကို ကူညီပေး၍ ၎င်းတို့ကို အလွတ်ကျက်မှတ်ချင်ပါလိမ့်မည်။ ဤသို့ဖြင့် ကလေးများကို သင်ကြားပေးသည့်အခါ ၎င်းတို့ကို စိတ်ထဲအမှတ်ရနိုင်လိမ့်မည်။

**"ကလေးများအား သင်ကြားပြသပေးရန်နှင့် ကောင်းစွာချစ်မြတ်နိုးရသောအရှင်၊ ပေးသနားတော်မူသောအရှင်၊ ထာဝရဘုရားရှင်၏ လမ်းများထက်ဆီသို့ လူတို့အား လမ်းပြပေးရန် နိုးကြားတက်ကြွသော သင်ကြားဖြန့်ဝေပေးသူ (အမှုထမ်း)ကား မင်္ဂလာရှိလှပေစွ။"**[၂]

**"လူသားအနေဖြင့် အနန္တတန်ခိုးတော်အပေါင်းဖြင့် ပြည့်စုံတော်မူသော ထာဝရဘုရားသခင်အတွက် ထမ်းရွက်ပေးနိုင်မည့် အမှုထမ်းအလုပ်အားလုံးထဲတွင် အကြီးမားဆုံးမှာ ကလေးများအား ပညာသင်ကြားပေးပြီး လေ့ကျင့်ပျိုးထောင်ပေးခြင်းပင်ဖြစ်သည် . . ။"**[၃]

**"သန့်ရှင်းထွတ်မြတ်၍ ရှင်းလင်းတိကျသည့် ကျမ်းစာတော်အရ ကလေးများအား ပညာသင်ကြားပေးခြင်းသည် အရေးပါလှပြီး မလုပ်မနေရ ဝတ္တရားတစ်ရပ် ဖြစ်သည်။ ထို့နောက် ဆရာများသည် ထာဝရဘုရားသခင်၏ အမှုထမ်းများ ဖြစ်ကြသည်ဟု ပါရှိသည်။ အကြောင်းမူကား သူတို့သည် ဘုရားရှိခိုးခြင်းနှင့် ထပ်တူထပ်မျှဖြစ်သည့် ဤတာဝန်ကို ထမ်းရွက်ရန် နိုးကြားတက်ကြွခြင်းကြောင့် ဖြစ်ပေ၏။ ထို့ကြောင့် သင်တို့၏ ဝိညာဏဆိုင်ရာ ကလေးများအား ပညာသင်ကြားပေးနေသည့်အတွက် သင်တို့သည် အသက်ရှူသည့်အခါတိုင်း ချီးမွမ်းထောမနာပြုကြရမည်။"**[၄]

၁ ။ ဤစကားလုံးများ၏ ထူးခြားမှုကို စဉ်းစားသုံးသပ်ထားသဖြင့် အောက်ပါ စာကြောင်းများကို ကွက်လပ်ဖြည့်ပါ။

က ။ ကလေးများအား ______________________ နှင့် ______________________ ၊ ______________________ ၊ ထာဝရဘုရားရှင်၏ ______________ သို့ လူတို့အား

____________________ နိုးကြားတက်ကြွသော ___________________________ ကား

______________________________ ။

ခ ။ လူသားအနေဖြင့် အနန္တတန်ခိုးတော်အပေါင်းဖြင့် ပြည့်စုံတော်မူသော ထာဝရဘုရားသခင်အတွက် ထမ်းရွက်ပေးနိုင်မည့် ____________________ ထဲတွင် ________________ မှာ ကလေးများအား _________________________________________________________ ပင်ဖြစ်သည်။

ဂ ။ သန့်ရှင်းထွတ်မြတ်၍ ရှင်းလင်းတိကျသည့် ကျမ်းစာတော်အရ ကလေးများအား ပညာသင်ကြားပေးခြင်းသည် ___________________________________________ ဖြစ်သည်။ ထို့နောက် ___________________ သည် ထာဝရဘုရားသခင်၏ ____________________ ဖြစ်ကြသည်ဟု ပါရှိသည်။ အကြောင်းမူကား သူတို့သည် ဘုရားရှိခိုးခြင်းနှင့် ထပ်တူထပ်မျှဖြစ်သည့် ဤတာဝန်ကို ထမ်းရွက်ရန် ________________________________ ဖြစ်ပေ၏။ ထို့ကြောင့် သင်တို့၏ _________________________________ အား ________________ _____________ နေသည့်အတွက် သင်တို့သည် အသက်ရှူသည့်အခါတိုင်း ____________ ___________________________ ။

၂ ။ အခုအထိ လေ့လာပြီးသမျှအပေါ် အခြေခံပြီး မည်သည့် ဖော်ပြချက်များက မှန်သည်ကို ဆုံးဖြတ်ပါ။

______ မိဘများ၊ ဆရာများနှင့် ရပ်ရွာလူထု အစရှိသူအားလုံးသည် ကလေးများ၏ ဝိညာဏ ပညာရေးအတွက် တာဝန်ကို မျှဝေထမ်းရွက်ကြသည်။

______ ရပ်ရွာဒေသတိုင်းသည် ကလေးများ၏ ဝိညာဏပညာရေးအတွက် သင်တန်းများဆောင်ရွက်ရန် တာဝန်ဝတ္တရားရှိသည်။

______ ကလေးများအား သင်ကြားပြသပေးခြင်းကို ဘုရားရှိခိုးသည့်လုပ်ရပ်အဖြစ် မှတ်ယူနိုင်သည်။

______ ကလေးများက ကျောင်းသို့ သွားကြသဖြင့် ရပ်ရွာလူထုက သူတို့၏ ဝိညာဏပညာရေးအတွက် (ကလေး)သင်တန်းများဆောင်ရွက်ရန် မလိုပေ။

______ ကလေးများအတွက် ဆရာတစ်ယောက်သည် ဝိညာဏသားသမီးများကို ပြုစုပျိုးထောင်ပေးနေသည်။

# အခန်း (၃)

သာသနာ့ကျမ်းစမ္မခန်းများထဲတွင် ပညာရေးနယ်ပယ်နှင့်ပတ်သက်သည့် စာပိုဒ်များစွာရှိသည် ၎င်းတို့ထဲမှအချို့ကို ဤသင်ခန်းစာထဲနှင့် ၎င်းမှ ခွဲထွက်လာသည့် သင်ခန်းစာခွဲများထဲတွင် လေ့လာကြမည်။ စတင်ရန်အတွက် ဘဟာအွလ္လာဘုရားရှင်၏ အောက်ပါ မိန့်မှာချက်များကို ဖတ်ပါ။

**“လူသားသည် တန်ဖိုးခန့်မှန်း၍မရနိုင်သော ရတနာများဖြင့်ပြည့်နှက်နေသည့် ရတနာတွင်းတစ်တွင်း ဖြစ်ကြောင်းကို မှတ်ယူပါလေ။ ပညာရေးတစ်ခုတည်းဖြင့်သာလျှင် ၎င်း၏ ဘဏ္ဍာရတနာများကို ပေါ်ထွက်လာစေမည်ဖြစ်ပြီး လူသားလောကအား ၎င်းမှ အကျိုးကျေးဇူး ဖြစ်ထွန်းစေနိုင်မည်။”**[၅]

အောက်ပါ စာကြောင်းများကို ကွက်လပ်ဖြည့်ခြင်းဖြင့် ဤဖော်ပြချက်၏ နက်နဲသော အဓိပ္ပါယ်အပေါ် နှလုံးသွင်းဆင်ခြင်ရာတွင် အထောက်အကူရလိမ့်မည်။ အလွတ်မကျက်မှတ်ရသေးလျှင် ၎င်းကို အလွတ်ကျက်မှတ်ပါ။

က ။ လူသားသည် တန်ဖိုးခန့်မှန်း၍မရနိုင်သော ရတနာများဖြင့်ပြည့်နှက်နေသည့် ____________ ________________________ ဖြစ်ကြောင်းကို မှတ်ယူပါလေ။

ခ ။ __________________________ ဖြင့်သာလျှင် ၎င်း၏ ဘဏ္ဍာရတနာများကို ___________ ________________________ ဖြစ်ပြီး လူသားလောကအား ၎င်းမှ ___________________ __________________________ ။

ပညာရေးနယ်ပယ်အတွက် ဘဟာအွလ္လာဘုရားရှင့် မိန့်မှာချက်များ၏ ဆက်စပ်အကျုံးဝင်မှုများမှာ ကျယ်ဝန်းလှသဖြင့် ၎င်းတို့ကို နောက်လာမည့်အခန်းများတွင် ဆွေးနွေးလိမ့်မည်။ ယခုတော့ အယူအဆ တစ်ခုကို စဉ်းစားကြည့်ပါစို့။ သင်တို့ကို ဘာမျှမရှိသည့် စဥ့်အိုးကြီး အလုံးနှစ်ဆယ်ကို ပေးထားပြီး ဇွန်းဖြင့် ခပ်၍ ၎င်းတို့ကို ရေပြည့်အောင် ဖြည့်ခိုင်းသည်ဆိုပါစို့။ အကယ်၍ ပညာရေးကို ဤနည်းအတိုင်း ခံယူထားလျှင် ကျောင်းသားများကို (သတင်း)အချက်အလက်များဖြင့် ထည့်ပေးရသည့် ဤတာဝန်မှာ ငြီးငွေ့စရာကောင်းသည့် တာဝန် မဟုတ်ဘူးလား။ နောက်တစ်ခုအနေနှင့် ဖုံးကွယ်နေသည့် ရတနာများဖြင့် အသင့်ပြည့်နေပြီး ၎င်းတို့ကို ဖော်ထုတ်၍ အရောင်တက်အောင် လုပ်ပေးရမည့် ရတနာတွင်းတစ်တွင်းကို စဉ်းစားကြည့်ပါ။ ပညာ သင်ကြားပေးခြင်း(သင်ကြားဖြန့်ဝေပေးခြင်း)မှာ ရတနာများကို တူးဖော်ပေးနေသည်ဟု ရှုမြင်တာက ပျော်ရွှင် ကြည်နူးစရာ အကောင်းဆုံးအလုပ် မဟုတ်ဘူးလား။

# အခန်း (၄)

အထက်ပါ ကောက်နုတ်ချက်ကို ထပ်ပြီး စဉ်းစားကြည့်ကြပါစို့။ ဘဟာအွလ္လာဘုရားရှင် ရည်ညွှန်းထားခဲ့သည့် ရတနာများထဲတွင် ချစ်ခြင်းမေတ္တာ၊ အမှန်ပြောဆိုခြင်း၊ တရားမျှတမှု၊ ပေးကမ်းရက်ရောခြင်း၊ ခိုင်မာမြဲမြံခြင်းနှင့် ရိုးသားခြင်းဆိုသည့် အရည်အသွေးတွေ မပါဝင်နိုင်ဘူးလား။ လူ့စိတ်ရဲ့ စွမ်းအားတွေကော ဘယ်လိုရှိမလဲ။ သဘာဝရဲ့ လျှို့ဝှက်နက်နဲချက်တွေကို ရှာဖွေနိုင်တဲ့ အဲဒါရဲ့ စွမ်းအား၊ လုပတဲ့ အနုပညာလက်ရာတွေ ဖော်ထုတ်နိုင်တဲ့ အဲဒါရဲ့ စွမ်းအား၊ မြင့်မြတ်ပြီး အားတက်စေတဲ့ အတွေးအခေါ်တွေကို ဖော်ပြနိုင်တဲ့ အဲဒါရဲ့ စွမ်းအားတွေကော ဘယ်လိုရှိမလဲ။ သင်တို့ သင်ကြားပေးမည့် ကလေးများသည် ဤဂုဏ်အင်လက္ခဏာရပ်များအားလုံးကို စွမ်းရည်ပြည့်ပြည့်ဝဝ ပိုင်ဆိုင်ထားသည်။ အခြား အရာများကိုလည်း ဖော်ပြပေးပါ။ မှန်ကန်သည့် ပညာရေး ပို့ချမပေးလျှင် ၎င်းတို့ထဲမှ ဘယ်အရာမဆို ဖွံ့ဖြိုးလာပါမည်လား။ ဤမေးခွန်းများအပေါ် စဉ်းစားသုံးသပ်ရာတွင် စာအုပ် ၁ ၌ မီးအိမ်သည် အလင်းပေးနိုင်သည့် စွမ်းရည်အလားအလာရှိသည်၊ သို့သော် ၎င်းကို မီးထွန်းပေးရမည် ဆိုသည့် ဥပမာကို သတိရပါ။

________________________________________

________________________________________

________________________________________

________________________________________

________________________________________

________________________________________

# အခန်း (၅)

ကျွန်ုပ်တို့၏ စွမ်းရည်အလားအလာများ ဖွံ့ဖြိုးလာစေရန်အတွက် ပြောနိုင်သည်မှာ မိမိတို့ ဘဝများအဆုံးအထိ ပွင့်လင်းဖွံ့ဖြိုးလာသည့် ပညာရေးလုပ်ငန်းစဉ်၏ အဆင့်မျိုးစုံကို ဖြတ်သန်းကြရသည်။ ကျွန်ုပ်တို့ကို နေအိမ်၊ ကျောင်း၊ အလုပ်နဲ့ ရပ်ရွာလူထုအတွင်း၌ ပညာသင်ကြားပေးကြသည်။ ဤနေရာ၌ မိမိတို့ကိုယ်ကို မေးရမည်မှာ ဤတစ်ဘဝလုံးအတွက် ပညာရေးဆိုင်ရာ လုပ်ငန်းစဉ်၏ အစိတ်အပိုင်းတစ်ခုဖြစ်သည့် ကလေးများအတွက် ဘဟာအီကလေးသင်တန်းများ အထူးသဖြင့် အဆင့် ၁ တွင် မည်သည်ကို အလေးထား အာရုံစိုက်ထားပါသနည်းဟု မေးကြည့်သင့်သည်။ အဗ္ဗဒွလ်ဘဟာအရှင်မြတ်၏ အချို့သော အကြံပြုချက်များက အဖြေများကို ရှာဖွေရာတွင် ကျွန်ုပ်တို့ကို ကူညီပေးပါလိမ့်မည်-

**"သင်တို့သည် ကောင်းမွန်သည့် ကိုယ့်ကျင့်စာရိတ္တဆိုသည့် မေးခွန်းကို ပထမဆုံး အရေးတကြီးအဖြစ် စဉ်းစားကြရမည်။ သူတို့၏ သားသမီးများကို အချိန်ကာလအတော်ကြာအထိ အကြံပြုလမ်းညွှန်ရန်နှင့်**

အစဉ်ထာဝရ ဂုဏ်ရှိမှုဆီ ဦးတည်ပေးသည့် ထိုအချင်းအရာများဆီ သူတို့အား လမ်းညွှန်ပြသပေးရန် ဖခင်တိုင်းနှင့် မိခင်တိုင်းအား တာဝန်ချပေးထား၏။”[၆]

“ကိုယ်ကျင့်တရားနှင့် ကောင်းမွန်သည့် အပြုအမူတို့ကို လေ့ကျင့်ပေးခြင်းသည် စာအုပ်အတိုင်း သင်ယူရေးထက် အလွန်တရာ ပိုမို၍အရေးပါ၏။ ကလေးတစ်ယောက်သည် အသိပညာမရှိဘူး ဆိုလျှင်ပင် သူသည် သန့်သန့်ရှင်းရှင်းရှိ၍၊ သဘောကျစရာကောင်းပြီး ကောင်းမွန်သည့် ကိုယ်ကျင့် စာရိတ္တရှိသည့်အပြင် ကောင်းကောင်းမွန်မွန် ပြုမူနေထိုင်ပါလျှင် ရိုင်းစိုင်း၍၊ မသန့်မရှင်းနှင့် သဘောထားဆိုးလျက် သိပ္ပံပညာရပ်များနှင့် အနုပညာရပ်များအားလုံးတွင် နက်နက်နဲနဲ တတ်ကျွမ်း ထားသော ကလေးထက် ပို၍ နှစ်သက်ဖွယ်ရာဖြစ်ပေ၏။ ဤအတွက် အကြောင်းရင်းမှာကား အသိပညာပင် မရှိသော်ငြားလည်း သူကိုယ်တိုင် ကောင်းမွန်စွာ နေထိုင်သော ထိုကလေးသည် အခြားသူများအား အကျိုးကျေးဇူးဖြစ်ထွန်းစေ၏။ သို့ငြားလည်း ပညာများ သင်ယူတတ်မြောက်ထား သော်ငြားလည်း သဘောထားဆိုး၍ အပြုအမူမကောင်းသော ကလေးသည် အကျင့်ပျက်ပြား၍ အခြားသူများအား ဒုက္ခရောက်စေ၏။ သို့ငြားလည်း ကလေးကို ပညာ(သင်ယူ)တတ်မြောက်စေရန်နှင့် ကောင်းမွန်စေရန် ထိုနှစ်ခုစလုံးကို လေ့ကျင့်ပေးပါက ရလဒ်မှာ အလင်းထက်က အလင်းရောင်ပင် ဖြစ်ပေ၏။”[၇]

“လာမည့် အချိန်အခါတွင် စာရိတ္တတရားတို့သည် လွန်လွန်ကဲကဲ အဆင့်အထိ ကျဆင်းသွားပေအံ့။ ကလေးများအား ဘဟာအီနည်းလမ်းအတိုင်း ပြုစုပျိုးထောင်ပေးရန် မဖြစ်မနေ အရေးကြီးလှပေ၏။ သို့မှသာ သူတို့သည် ဤကမ္ဘာလောကနှင့် နောက်ကမ္ဘာတွင် ပျော်ရွှင်မှုကို ရှာဖွေတွေ့ရှိကြပေအံ့။ ထိုသို့မဟုတ်ပါက သူတို့မှာ ဝမ်းနည်းပူဆွေးမှုများ၊ ဒုက္ခများဖြင့်သာ ဝိုင်းရံတုံအံ့။ အကြောင်းမှာမူ လူ့တို့၏ ပျော်ရွှင်မှုသည် ဝိညာဏအပြုအမူ အပေါ်တွင် တည်မှီနေသောကြောင့်ပင်တည်း။”[၈]

ဤကဲ့သို့သော စာပိုဒ်များက ရှုဟီအင်စတီကျူးအား ကလေးများ၏ ဝိညာဏပညာရေးအတွက် ၎င်း၏ အစီအစဉ်ထဲမှ ပထမဆင့်ထဲတွင် ကိုယ်ကျင့်စာရိတ္တ ပြုပြင်ကောင်းမွန်ရေးအပေါ်၌ အလေးပေးထားစေသည်။ ဤရည်ရွယ်ချက်ကို ဆက်ပြီး မဆန်းစစ်ခင် “ကောင်းမွန်သည့် ကိုယ်ကျင့်စာရိတ္တ”ဆိုသည့်အပေါ် မည်သို့ နားလည်သည်ကို သင်တို့ အဖွဲ့အတွင်း ဆွေးနွေးကြ၍ အောက်ပါ ကွက်လပ်ထဲတွင် သင်တို့၏ နိဂုံးဆွဲချက် အချို့ကို ချရေးပါ။

____________________________________________________________

____________________________________________________________

____________________________________________________________

____________________________________________________________

____________________________________________________________

# အခန်း (၆)

လူတစ်ယောက်က ကောင်းမွန်သည့် ကိုယ်ကျင့်စာရိတ္တဆိုသည့် အကြောင်းကို စဉ်းစားကြည့်သည့် အခါ စိတ်ထဲချက်ချင်းရောက်လာသည့် အနှစ်သာရတစ်ခုမှာ "ကိုယ်ကျင့်တရား(virtue)"ဆိုသည့် အနှစ်သာရ ပင်ဖြစ်သည်။ ကျောင်းသားများတွင် ကိုယ်ကျင့်တရား(virtue) တစ်စုံတစ်ရာ သို့မဟုတ် တစ်ခုခု ဖွံ့ဖြိုးအောင် ကြိုးပမ်းနေသော တန်ဖိုးရှိသည့် အစီအစဉ်များစွာ ကမ္ဘာပေါ်မှာ ရှိထားသည်။ ဤအစီအစဉ်များက ချီးကျူး ထိုက်သော လူနှင့်ဆိုင်ရာ ကျယ်ပြန့်သည့် ဂုဏ်အင်လက္ခဏာမျိုးစုံကို ဖော်ပြရန် "ကိုယ်ကျင့်တရားဆိုသည့် အသုံးအနှုန်းကို အသုံးပြုကြသည်။ ထိုအထဲမှ အချို့မှာ အချိန်မှန်ခြင်းကဲ့သို့ အလေ့အကျင့်မျိုးဖြစ်သည်။ အခြားအရာများမှာ အခက်အခဲဖြစ်နေသူများအပေါ် စာနာစိတ်ကဲ့သို့ စိတ်နေစိတ်ထားများဖြစ်သည်။ ကျန်အရာများမှာ အချို့သော ကျွမ်းကျင်မှုများနှင့် စွမ်းဆောင်ရည်များ ဖြစ်သည်။ ပြောရလျှင် စကား ရှင်းရှင်းလင်းလင်း ပြောဆိုတတ်မှုမျိုးဖြစ်သည်။ သို့သော် ကျန်သည့် ကိုယ်ကျင့်တရားမှန်သမျှမှ သီးခြား ရပ်တည်နေသည့် ကိုယ်ကျင့်တရား အမျိုးအစားတစ်မျိုး ရှိသေးသည်။ ၎င်းမှာ "ဝိညာဏအရည်အသွေးများဟု ကျွန်ုပ်တို့ ခေါ်ဆိုသော အမှန်ပြောဆိုခြင်း၊ ပေးကမ်းရက်ရောခြင်း၊ နှိမ့်ချခြင်း၊ မေတ္တာထားခြင်း စသဖြင့် နမူနာအနည်းငယ် ဖော်ပြနိုင်သည်။ ကလေးသင်တန်း ပထမအဆင့်တွင် လူ့ဝိညာဉ်၏ ဤအခြေခံကျသော ဂုဏ်အင်လက္ခဏာရပ်များ ဖွံ့ဖြိုးရေးအတွက် သင်တို့၏ အာရုံစိုက်မှုကို အလေးထားကြရန် တောင်းဆို ထားပါသည်။ ဤသို့ဆိုလိုက်၍လည်း ကလေးများနှင့် သင်တို့၏ ဆက်ဆံမှုများတွင် အခြားကိုယ်ကျင့်တရား များကို လျစ်လျူရှုရမည်ဟု မဆိုလိုပေ။ အဓိကကျသည်မှာ ဘုရားရှင့်ထံပါးဆီ လူ့ဝိညာဉ်၏ ထာဝရခရီးစဉ် အတွက် မဖြစ်မနေ အရေးပါသော အရည်အသွေးများနှင့်သာ သင်တို့ သင်ကြားပေးလိုက်သည့် သင်ခန်းစာ များသည် အဓိကကျကျ သက်ဆိုင်သည်။ ဤနေရာတွင် ပြောနေသော ထူးခြားမှုအမျိုးအစားကို သဘောကျရန်အတွက် အချိန်မှန်ခြင်းကို ကိုယ်ကျင့်တရားတစ်ခု အနေနှင့် စဉ်းစားကြည့်ပါ။ အချိန်မှန်သူ တစ်ယောက်ယောက် သည်လည်း ယုတ်မာ၍ ရက်စက်နိုင်သည်။ သို့သော် ယုတ်မာမှုနှင့် ရက်စက်မှုတို့သည် အမှန်ပြောဆိုခြင်းနှင့် ရိုးသားခြင်း၊ မေတ္တာထားခြင်းနှင့် တရားမျှတခြင်း၊ ပေးကမ်းရက်ရောခြင်းနှင့် ခွင့်လွှတ်တတ်ခြင်းဆိုသည့် ကောင်းကင်ဘုံဆိုင်ရာ အရည်အသွေးများကို ရယူထားသူတစ်ဦး၏ လက္ခဏာများ မဟုတ်ပေ။ ထိုကဲ့သို့ အချိန်မှန်သူတစ်ဦးကို တကယ် နှစ်သက်ဖွယ်ကောင်းသည်မှာ မှန်သည်။

သင်တို့သည် စာအုပ် ၁ ၏ တတိယပိုင်းတွင် ဖော်ပြထားသော လူ့ဝိညာဉ်က ဤအသက်တာတွင် ရယူရမည့် အရည်အသွေးများအပေါ် အထိုက်အလျောက် စဉ်းစားခဲ့ပြီးဖြစ်သည်။ ထိုအပိုင်းသို့ ပြန်သွားပြီး ဆက်နွယ်သည့် အခန်းများကို ပြန်နွှေးပါက အခွင့်အလမ်းကောင်း ဖြစ်နိုင်သည်။ ၎င်းနောက် ထိုအခန်းများတွင် လေ့လာခဲ့သမျှကို နုနယ်သည့် ကလေးဘဝအရွယ်များမှနေ၍ ဝိညာဏအရည်အသွေးများ ဖွံ့ဖြိုးရေး၏ အရေးပါပုံဆိုသည့် အကြောင်းဖြင့် စဉ်းစားကြည့်ပါ။ သင်တို့၏ စဉ်းစားသုံးသပ်ချက်များကို ချရေးရန် အောက်တွင် ကွက်လပ်အချို့ကို ပေးထားသည်။

________________________________________

________________________________________

________________________________________

____________________________________________________________________________

____________________________________________________________________________

____________________________________________________________________________

____________________________________________________________________________

# အခန်း (၇)

ကိုယ်ကျင့်တရားတို့ကို မဖြစ်မနေ လေ့ကျင့်ပေးရမည်ဖြစ်သောကြောင့် ချီးကျူးထိုက်သော ကိုယ်ကျင့်စာရိတ္တတို့ကို ကလေးများတွင် ပေါ်လွင်ထင်ရှားလာအောင် ကူညီပေးရာ၌ သင်တို့သည် သူတို့၏ အပြုအမူနှင့် ပတ်သက်၍ ပင်ကိုယ်အလျောက် စိတ်ရောက်ပေလိမ့်မည်။ ဆရာတစ်ယောက်အနေဖြင့် သင်တို့သည် အပြုအမူကောင်းများကို နည်းလမ်းမျိုးစုံဖြင့် အားဖြည့်ပေးရလိမ့်မည်။ ချီးကျူးမှု၊ တိုက်တွန်းအားပေးမှု၊ အလေးအနက်တွန်းအားပေးမှု၊ ရှင်းလင်းပြသမှု၊ ဆုချီးမြှင့်မှု စသည့် အသီးသီးကို ငယ်ရွယ်သူအုပ်စုသေးသေး၏ တိုးတက်မှုအတွက် ထပ်ကြပ်လိုက်ရာတွင် မကြာခဏ အသုံးပြုလိမ့်မည်။ ရံဖန်ရံခါတွင် သင်တို့ထံမှ မပြင်းထန်သည့် မနှစ်မြို့သော ပြသချက်က ကလေးတစ်ယောက်ယောက် ပြသသည့် မလျော်သည့် အပြုအမူကို ဟန့်တားဖို့အတွက် နည်းလမ်းတစ်ခုလည်း ဖြစ်လိမ့်မည်။ သင့်အတန်းထဲရှိ ကျောင်းသားများနှင့် နက်နဲသည့် ချစ်ခြင်းမေတ္တာနှင့် နှစ်သက်မှု၏ နှောင်ကြိုးများကို ချထားသည့်အခါတွင် ဤသို့ လုပ်၍ ဖြစ်နိုင်သည်။ သင်တို့၏ ကျောင်းသားများနှင့် မည်သို့ ဆက်ဆံရမည်ဆိုသည့်အကြောင်းနှင့် ဆက်စပ်သည့် အကြောင်းရပ်အချို့ကို နောက်ပိုင်းအခန်းများတွင် ကျွန်ုပ်တို့ လေ့လာဆန်းစစ်လိမ့်မည်။ လက်ရှိ ကျွန်ုပ်တို့ ဆွေးနွေးနေသည့် ရည်ရွယ်ချက်နှင့် ပတ်သက်၍ ဥပမာတစ်ခုကို စဉ်းစားကြည့်ကြပါစို့။ ကလေးများနှင့် သင်တို့ ဆက်ဆံရာတွင် သူတို့ဆီ၌ မျှဝေတတ်သော စိတ်နေစိတ်ထားနှင့်၊ လိုက်ဖက်ညီသော အလေ့အကျင့်တို့ကို ပြုစုပျိုးထောင်ပေးဖို့ သေချာပေါက် သင်တို့ ကြိုးစားကြလိမ့်မည်။ သင်တို့ ပြောနိုင်၊ လုပ်နိုင်မည့် အရာများထဲမှ အချို့မှာ မည်သည်တို့ ဖြစ်သနည်း။ ဤမေးခွန်းကို သင်တို့အဖွဲ့ထဲရှိ အခြားအဖွဲ့ဝင်များနှင့် ဆွေးနွေးပါ။

ယခု အောက်ပါ မေးခွန်းကို စဉ်းစားသုံးသပ်ကြည့်ပါ။ အလုံးစုံတို့ကို ပေးသနားတော်မူသောဘုရားရှင်၊ ပေးကမ်းမစတော်မူသောအရှင်၊ ထာဝရဘုရားရှင့် ဂုဏ်အင်လက္ခဏာတစ်ခု၏ ထင်ဟပ်မှုဖြစ်သော ဝိညာဏ အရည်အသွေးဖြစ်သည့် ပေးကမ်းရက်ရောခြင်း၏ ပြသချက်မဟုတ်ပါလျှင် မျှဝေပေးခြင်းသည် အပြုအမူနှင့် ဆိုင်သည့် ကဏ္ဍတစ်ခုအဖြစ် ကြာရှည်ခံပါမည်လား။ အဖြေမှာ အပြုအမူကို ပြုပြင်စေခြင်းက သူ့နေရာနှင့်သူ ရှိသော်လည်း တကယ့်ရည်ရွယ်ချက်မှာ ဝိညာဏအရည်အသွေးများ ဖွံ့ဖြိုးတိုးတက်ရေးပင် ဖြစ်သည်။ လူ့ဝိညာဉ်၏ အစွမ်းအစများ(faculties)ဖြစ်သည့် ထိုအရည်အသွေးများကို ထာဝရဘုရားရှင်၏ အသိပညာနှင့် ထိုဘုရားရှင်၏ ချစ်ခြင်းမေတ္တာတို့ဖြင့် ပြုစုပျိုးထောင်ပေးရမည်။ အဗ္ဗဒွလ်ဘဟာအရှင်မြတ်က ကျွန်ုပ်တို့ကို အကြံပြုထားသည်မှာ-

"ကလေးများနှင့် ပတ်သက်၍ အသင် ရေးသားမေးမြန်းထားပေ၏- အစကနဦးထဲမှနေ၍ ကလေးများသည် ထွတ်မြတ်သော ပညာရေးကို ရရှိကြရမည်။ သူတို့၏ ထာဝရဘုရားရှင်ကို သတိတရရှိရန် အမြဲမပြတ် သတိပေးရမည်။ ထာဝရဘုရားရှင်၏ ချစ်ခြင်းမေတ္တာသည် သူတို့၏ အတွင်းအကျဆုံး ဖြစ်တည်မှုဆီ ဝင်ရောက်ပျံ့နှံ့စေ၍ သူတို့ မိခင်၏ နို့ရည်နှင့် ရောစပ်သွားစေရမည်။"[၉]

"သူ၏ ကလေးငယ်ဘဝမှနေ၍ ကလေးကို ထာဝရဘုရားရှင်၏ ချစ်ခြင်းမေတ္တာရင်ခွင်တော်တွင် ပြုစုပျိုးထောင်ပေးရမည်။ ထိုဘုရားရှင်၏ အသိပညာနယ်ပယ်ထဲတွင် ပျိုးထောင်ပေးရမည်။ ထိုအခါ သူသည် အလင်းရောင်ကို ဖြာထွက်တောက်ပစေ၍ ဝိညာဏဖြင့် ကြီးထွားဖွံ့ဖြိုးပြီး ဥာဏ်ပညာနှင့် သင်ယူမှုတို့ဖြင့် ပြည့်လျှမ်းသွားပြီးလျှင် အိန်ဂျယ်အပေါင်းတို့၏ သွင်ပြင်လက္ခဏာရပ်တို့ကို ဆောင်ယူကြကုန်အံ့။"[၁၀]

"ကလေးများအား ပညာသင်ကြားပေးခြင်းအကြောင်း မေးခွန်းနှင့်ပတ်သတ်လျှင်- ကလေးများအား ဘုရားသခင်၏ ချစ်ခြင်းမေတ္တာရင်ခွင်တော်တွင် ပြုစုပျိုးထောင်ပေးရန်နှင့် ၎င်းတို့အား အသက်ဓာတ်၏ အချင်းအရာများဆီ တက်လှမ်းဖို့ တိုက်တွန်းအားပေးရန်မှာ သင်၏ တာဝန်ဖြစ်သည်။ ထိုအခါ သူတို့၏မျက်နှာများကို ဘုရားသခင်ဘက်သို့ လှည့်ထားနိုင်ပေအံ့။ သူတို့ လျှောက်သွားရာ လမ်းများသည်လည်း ကောင်းမြတ်သော အပြုအမူဆိုင်ရာစည်းမျဉ်းများနှင့် ကိုက်ညီနိုင်၍ ကိုယ်ကျင့်စာရိတ္တတို့သည် အကောင်းတကာ့ အကောင်းဆုံး ဖြစ်လာပေအံ့။ သူတို့သည် ကျေးဇူးတော်များအားလုံးနှင့် လူ့လောက၏ ချီးကျူးထိုက်သော အရည်အသွေးများအားလုံးကို သူတို့ကိုယ်ပိုင်ဖြစ်အောင် ပြုလုပ်ကြကုန်အံ့. . .။"[၁၁]

ဤကောက်နုတ်ချက်များထဲမှ အနည်းဆုံးတစ်ခုကို သင်တို့ အလွတ်ကျက်မှတ်ချင်ပါလိမ့်မည်။

# အခန်း (၈)

ယေဘုယျအားဖြင့် အသက် ငါးနှစ် သို့မဟုတ် ခြောက်နှစ်အရွယ်အတွက် ပထမအဆင့်၌ ကလေးများကို သင်တို့ သင်ကြားပေးမည့် သင်ခန်းစာများကို ယခုအထိ လေ့လာဆန်းစစ်ထားသော အယူအဆများဖြင့် အကျယ်ချဲ့၍ ပြထားသည်။ ယခု ဒုတိယပိုင်းကို ကြည့်၍ ပထမဆုံးသင်ခန်းစာကို အထူးအာရုံစိုက်ပေးပြီး သင်ခန်းစာ နှစ်ခု သို့မဟုတ် သုံးခုကို ဖတ်ပါ။ နောက်ပိုင်းတွင် သင်ခန်းစာ နှစ်ဆယ့်လေးခုစလုံးကို အသေးစိတ် လေ့လာဆန်းစစ်ခွင့် ရလိမ့်မည်။ ယခု အောက်တွင် ဖော်ပြထားသည့်အတိုင်း ရှေ့ဘက်အခန်းများရှိ ဆွေးနွေးချက်များအားဖြင့် (သင်ခန်းစာများတွင်ပါသည့်) အကြောင်းအရာမျိုးစုံဘက်ကို စဉ်းစားပေးရန် တိုက်တွန်းလိုက်ပါသည်။

သင်တန်းတစ်ခုစီကို သင် နှင့် ကလေးများ ရွတ်ဖတ်သည့် ဆုတောင်းပတ္ထနာများဖြင့် စတင်သည်။ ထိုသို့ပြီးလျှင်ပြီးချင်း ကလေးများက သင်၏ အကူအညီဖြင့် ဆုတောင်းပတ္ထနာတစ်ပုဒ်ကို အလွတ်ကျက်မှတ်ဖို့

အားစိုက်ကြသည်။ ဆုတောင်းပတ္ထနာမှာ “ဘုရားသခင်၏ ချစ်ခြင်းမေတ္တာရင်ခွင်တော်တွင် ပြုစုပျိုးထောင်ပေးရမည့်” ကလေးတစ်ဦး၏ ဖွံ့ဖြိုးတိုးတက်မှုအတွက် မဖြစ်မနေ အရေးပါသည်။ အဗ္ဗဒွလ်ဘဟာအရှင်မြတ်က ကျွန်ုပ်တို့ကို မိန့်မှာထားသည်မှာ “ကလေးများသည် အပင်ငယ်များနှင့် တူကြ၏။ သူတို့အား ဆုတောင်းပတ္ထနာများ သင်ကြားပေးခြင်းသည် သူတို့အပေါ် မိုးရေများ ရွာသွန်းကျလာစေခြင်းနှင့် တူ၏။ ထိုအခါ သူတို့သည် နူးနူးညံ့ညံ့နှင့် လန်းလန်းဆန်းဆန်းဖြင့် ဖွံ့ဖြိုးလာ၍ ဘုရားရှင့် ချစ်ခြင်းမေတ္တာ၏ လေပြည်ညှင်းတို့သည် သူတို့အပေါ် တိုက်ခတ်ပေး၍ သူတို့အား ပျော်ရွှင်မှုတို့ဖြင့် လှုပ်ရှားနေစေတော့၏။” သင်တန်း၏ ဤအကြောင်းအရာက ကလေးများတွင် ကောင်းမြတ်သော ကိုယ်ကျင့်စာရိတ္တကို ပျိုးထောင်ပေးမည့် အလုံးစုံ ရည်ရွယ်ချက်အတွက် မည်သို့ အထောက်အကူဖြစ်စေပါသနည်း။ သင်၏ အယူအဆများကို စာကြောင်း အနည်းငယ်ဖြင့် ရှင်းလင်းစွာ ပြောပြပါ။ အောက်တွင် ပေးထားသည့် စာအုပ် ၁ ထဲမှ အချို့သော ကောက်နုတ်ချက်များက သင်တို့အား ကူညီိပေးလိမ့်မည်။

**“အကြီးမားဆုံး ပေါက်ရောက်အောင်မြင်မှု သို့မဟုတ် အချိုမြိန်ဆုံး အဆင့်အခြေသည် ဘုရားရှင်နှင့် စကားပြောဆိုခြင်းမှတစ်ပါး အခြားအရာကား မရှိတော့ပေ။ ဆုတောင်းပတ္ထနာပြုခြင်းဖြင့် ဝိညာဏ ဆိုင်ရာများကို ဖြစ်ပေါ်စေလျက် သတိသမ္ပဇဉ်နှင့် ကောင်းကင်ဘုံဆိုင်ရာ ခံစားမှုများကို ပေါ်ပေါက်စေ၍ ဘုရားရှင့်နိုင်ငံတော်၏ ဆွဲဆောင်မှုအသစ်များကို ရရှိစေသည့်အပြင် ပိုမိုမြင့်မားသော အသိဉာဏ်၏ စိတ်ခံစားမှုများကို ရရှိစေသည်။”[၁၂]**

**“အို . . . ငါအရှင်၏ အမှုထမ်းရွက်သူ၊ အသင့်တွင် ရရှိထားသည့် ထာဝရဘုရားသခင်၏ ဓမ္မခန်ပါဒများကို အသံနေအသံထားဖြင့် ရွတ်ဖတ်လော့။ ထိုသို့ရွတ်ဖတ်ရာတွင် ဘုရားရှင်၏အနီးသို့ ချဉ်းကပ်သူများကဲ့သို့ ရွတ်ဖတ်ခြင်းအားဖြင့် သင်၏ သာယာနာပျော်ဘွယ်သော အသံ၏ ချိုမြိန်မှုသည် သင်ကိုယ်တိုင်၏ ဝိညာဉ်ကို လင်းဝင်းထွန်းတောက်စေပြီး လူအားလုံးတို့၏ နှလုံးသားများကိုလည်း ဆွဲဆောင်ပေအံ့။”[၁၃]**

**“ဝိညာဏ(အသက်ဓာတ်)၌ သက်ရောက်လွှမ်းမိုးမှုရှိသည်။ ဆုတောင်းပတ္ထနာသည် ဝိညာဏဆိုင်ရာ အကျိုးသက်ရောက်မှု ရှိသည်။”[၁၄]**

**“အမှုထမ်းရွက်သူသည် ဘုရားရှင်ထံ ဆုတောင်းပတ္ထနာပြု၍ အရှင့်ထံမှ အကူအညီကို တောင်းခံရန်နှင့် အရှင့်ထံ အသနားခံ၍ အရှင်၏ ကူညီမှုကို တောင်းပန်တိုးလျှိုးရန်အတွက် တာဝန်ရှိ၏။ ထိုအချင်းအရာသည် အမှုထမ်းရွက်ခြင်း၏ အဆင့်အခြေဖြစ်လာ၍ ဘုရားသခင်သည် အလိုရှိတော်မူသမျှကို အရှင်၏ ပြီးပြည့်စုံတော်မူသော ဥာဏ်တော်ဖြင့် အမိန့်ချမှတ်ပေလိမ့်မည်။”[၁၅]**

________________________________________________________________________

________________________________________________________________________

________________________________________________________________________

________________________________________________________________________

________________________________________________________________________

________________________________________________________________________

သင်ခန်းစာတစ်ခုစီရှိ အကြောင်းအရာမှာ ထွက်မြတ်သော ကျမ်းဒေသနာထဲမှ ကလေးများ အလွတ်ကျက်မှတ်ဖို့ မျှော်မှန်းထားသည့် ကောက်နုတ်ချက်တစ်ခုဖြင့် ဝန်းရံထားသည်။ ၎င်း၏ အဓိပ္ပါယ်အပေါ် အခြေခံနားလည်မှု ရရန် သူတို့အား ကူညီပေးဖို့ သင်တို့ အကောင်းဆုံး လုပ်ရန် တောင်းဆိုပါသည်။ ထိုနားလည်မှုက ဝိညာဏအရည်အသွေးများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မလွဲမသွေအရေးပါသည်ကို သက်သေပြထားသည်။ ဤအကြောင်းနှင့်ပတ်သက်ပြီး စဉ်းစားရမည့်မေးခွန်းမှာ ဘုရားသခင့် နှုတ်ကပါတ်တော် အကူအညီမပါဘဲနှင့် အဓိပ္ပါယ်ရှိသည့် နည်းလမ်းတစ်ခုခုဖြင့် လိုချင်သည့် အရည်အသွေးများကို ပျိုးထောင်ပေးဖို့ ဖြစ်နိုင်သလားဆိုသည့် မေးခွန်းဖြစ်သည်။ တဖန် သင်တို့၏ အတွေးအခေါ်များကို ပုံဖော်ရာတွင် ပင်မသင်ခန်းစာအစီအစဉ်ရှိ ရှေ့ဘက်စာအုပ်များထဲမှ စဉ်းစားသုံးသပ်ချက်အချို့ကို သတိရစေချင်သည်။ ဥပမာ စာအုပ် ၂ ၏ ပထမပိုင်းထဲမှ ဘုရားရှင့် နှုတ်ကပတ်တော်၏ တန်ခိုးစွမ်းအားအကြောင်း ဖြစ်သည်။

သင်တို့ အလွတ်ကျက်မှတ်ပြီးသား ဖြစ်နိုင်သည့် အောက်ပါ စာပိုဒ်က ဤမေးခွန်းကို စဉ်းစားရာတွင် သင်တို့အား မည်ကဲ့သို့ ကူညီပေးပါသနည်း။

> **"ထာဝရဘုရားသခင်၏ နှုတ်ကပတ်တော်သည် လူသားတို့၏ နှလုံးသားများထဲတွင် အမြစ်တွယ်နိုင်မာနေသည့် အပင်ငယ်တစ်ပင်နှင့် တူလေသည်။ ၎င်းအား အသိဉာဏ်ပညာ၏ အသက် ရေစင်များဖြင့်လည်းကောင်း၊ သန့်ရှင်းစင်ကြယ်၍ မြင့်မြတ်သော စကားလုံးများ၏ အသက်ရေစင်များအားဖြင့်လည်းကောင်း ကြီးထွားဖွံ့ဖြိုးရန်အတွက် ယင်းကို ပြုစုပျိုးထောင်ပေးရန် သင်တို့အား တာဝန်အပ်နှင်းထားပေ၏။ သို့မှသာ ယင်း၏အမြစ်များသည် မြဲမြံစွာ စွဲမြဲ၍ ယင်း၏အကိုင်းအခက်များသည် ကောင်းကင်ဘုံများနှင့် ထို့ထက် မြင့်မားသထက် မြင့်မားစွာ ထိုးတက်ဝေဖြာ သွားပေလိမ့်မည်။"**

________________________________________

________________________________________

________________________________________

________________________________________

________________________________________

________________________________________

သင်ခန်းစာများတွင်ပါသည့် နောက်ထပ် အကြောင်းအရာမှာ ကလေးများကို ပြောပြရသည့် (ပုံပြင်နှင့်) ဖြစ်ရပ်မှန်များ ဖြစ်သည်။ ထိုဖြစ်ရပ်အများစုမှာ သင်တို့ ပြုစုပျိုးထောင်ပေးချင်သော အရည်အသွေးများကို သရုပ်ပြသခဲ့သူဖြစ်သော၊ အရှင့် ဖခမည်းတော်၏ တရားဒေသနာတော်များကို ပြီးပြည့်စုံစွာ စံနမူနာပြသူဖြစ်သည့် အဗ္ဗဒွလ်ဘဟာအရှင်မြတ်၏ ဖြစ်တော်စဉ်ထဲမှ ထုတ်ယူထားသည်။ စာအုပ် ၂ ၏ တတိယပိုင်းကို လေ့လာရာမှနေ၍ လူ့လောကအတွက် အဗ္ဗဒွလ်ဘဟာအရှင် ကိုယ်တော်မြတ်ကို ပေးထားသည့် တုဘက်ကင်းသော သနားကရုဏာကို သတိထားမိပြီး ဖြစ်သည်။ အရှင့် ဘဝအသက်တာအကြောင်း ကလေးများ သင်ယူရရှိသည့် ဖြစ်ရပ်များမှာ သူတို့၏ ကိုယ်ကျင့်စာရိတ္တဖွံ့ဖြိုးတိုးတက်ရေးတွင် အထူးအရေးကြီးသည့် အခန်းကဏ္ဍ၌ ရှိနေ၍ သူတို့အပေါ်ထားသည့် အရှင်၏ ကြီးမားသော ချစ်ခြင်းမေတ္တာကို မကြာခဏ သတိပေးရလိမ့်မည်။ အဗ္ဗဒွလ်ဘဟာအရှင်မြတ်နှင့် ဆက်သွယ်သည့် သူတို့၏ နှောင်ကြိုးက

အားကောင်းလာသောကြောင့် အရှင့်စံနမူနာနောက်သို့ လိုက်လျှောက်ဖို့ သူတို့ ကြိုးပမ်းသည့်အခါ သူတို့က အရှင့်နှလုံးသားကို ပျော်ရွှင်စေသည်မှာ သေချာသည်ကို ပြောပြသင့်သည်။ အဗ္ဗဒွလ်ဘဟာအရှင်မြတ်၏ ဖြစ်တော်စဉ်ထဲမှ ဖြစ်ရပ်များကို ပျော်ရွှင်မှု၊ ကြည်ညိုလေးစားမှုတို့ဖြင့် ပြောပြပါလျှင် ၎င်းက လိုချင်သော အရည်အသွေးများ ကလေးငယ်များတွင် ဖွံ့ဖြိုးတိုးတက်လာစေသည်ကို သင်တို့ မည်ကဲ့သို့ ထင်ပါသနည်း။

________________________________________________________________

________________________________________________________________

________________________________________________________________

________________________________________________________________

________________________________________________________________

________________________________________________________________

________________________________________________________________

သီချင်းများ သီဆိုခြင်းမှာ သင်တန်းတွင်ပါသည့် နောက်ထပ် အကြောင်းအရာတစ်ခု ဖြစ်သည်။ ၎င်းက ကလေးများ၏ နှလုံးသားများနှင့် ဝိညာဉ်များကို ပျော်ရွှင်မှု ပြည့်သွားစေသည်။

**“တေးဂီတ အနုပညာရပ်သည် ထွတ်မြတ်ပြီး ထိရောက်သည်။ ၎င်းသည် ဝိညာဉ်၏အစာနှင့် ဝိညာဏ (အသက်ဓာတ်)၏ အဟာရ ဖြစ်ပေသည်။ တေးဂီတ၏ စွမ်းအားနှင့် ဆွဲဆောင်မှုတို့ကြောင့် လူသား၏ (အသက်ဓာတ်)ဝိညာဏသည် မြင့်တက်လာရပေမည်။ ၎င်းသည် ကလေးများ၏ နှလုံးသားများကို အံ့သြဖွယ်ကောင်းသော လွှမ်းမိုးမှုနှင့် အကျိုးသက်ရောက်မှုရှိသည်။ သူတို့၏ နှလုံးသားများသည် သန့်စင်ခြင်းကြောင့် သံစဉ် များသည် ၎င်းတို့အပေါ်တွင် သက်ရောက်အားမှာ ကြီးလှပေသည်။ ကလေးများ၏ နှလုံးသားများထဲတွင် ချပေးထားသော ငုပ်လျှိုးနေသည့် အစွမ်းအစများသည် တေးဂီတ ဟူသည့် ကြားခံအရာအားဖြင့် ပေါ်လွင်ထင်ရှား လာပေအံ့။”**[၁၇]

သူတို့ တကယ် ငယ်သည့်အချိန်မှနေ၍ လှပကောင်းမွန်သည့် လှပကောင်းမွန်သည့် သီချင်းများကို သီဆိုကြဖို့ သင်ယူရန် ကလေးများအတွက် အဘယ့်ကြောင့် အရေးပါသည်ကို သင်တို့ အဖွဲ့အတွင်း ဆွေးနွေးပါ။

________________________________________________________________

________________________________________________________________

________________________________________________________________

________________________________________________________________

________________________________________________________________

ကစားနည်းများနှင့် အရောင်ခြယ်ခြင်းတို့သည် သင်တန်းတစ်ခုတွင်ပါသည့် အခြားအရာများပင် ဖြစ်သည်။ ကစားနည်းများမှာ ပင်ကိုယ်အားဖြင့် ပူးပေါင်းဆောင်ရွက်ရပြီး လိုချင်သော စိတ်နေစိတ်ထား အချို့နှင့် အလေ့အကျင့်အချို့ ဖွံ့ဖြိုးရေးအတွက် အထောက်အကူဖြစ်စေရန် ရည်ရွယ်ထားသည်။ သင်ခန်းစာ

များအတွက် ပေးထားသော အရောင်ခြယ်စာရွက်များမှာ ထိုသင်ခန်းစာတွင် အလေးထားသော ဝိညာဏ အရည်အသွေးတစ်ခုစီနှင့် ဆက်နွယ်သည်။ အရောင်ခြယ်ခြင်းကလည်း အရွယ်ကြီးထွားလာသည့် ဤအဆင့်တွင် ကလေးများအတွက် လိုအပ်သော အရေးတကြီး ကျွမ်းကျင်မှုများနှင့် စွမ်းဆောင်ရည်များစွာကို ခိုင်မာတောင့်တင်းစေသည်။ ဤလုပ်ဆောင်ချက်နှစ်ခုက ကလေးများ၏ ဝိညာဏပညာရေးအတွက်လုပ်သော သင်တန်း၏ ဝိသေသလက္ခဏာဖြစ်ရမည့် ပျော်ရွှင်သည့်ဝန်းကျင်ကို ပုံဖော်ဖို့ အထောက်အကူဖြစ်စေသည်။ ဝိညာဏအရည်အသွေးများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပျော်ရွှင်ဖွယ်ကောင်းသည့် ဝန်းကျင်မှာ မည်သို့ မဖြစ်မနေ အရေးပါသည်ကို စကားလုံးအနည်းငယ် သင်တို့ ပြောပြချင်ပါလိမ့်မည်။

________________________________________

________________________________________

________________________________________

________________________________________

________________________________________

________________________________________

________________________________________

# အခန်း (၉)

ပြီးခဲ့သည့် အခန်းများ၌ အဆင့် ၁ ထဲရှိ သင်ခန်းစာများ၏ ရည်ရွယ်ချက်ထဲတွင် ထိုးထွင်းအမြင်အချို့ ရရှိထားပြီး၊ (သင်ခန်းစာ တစ်ခုစီတွင်ပါသည့်) အကြောင်းအရာတစ်ခုစီက ကိုယ်ကျင့်စာရိတ္တ ပြုပြင် ကောင်းမွန်ရေးအတွက် မည်သို့ အထောက်အကူဖြစ်စေသည်ကို တွေ့မြင်ထားပြီးဖြစ်သည်။ မိမိတို့ သင်ကြား ပေးမည့် ကလေးငယ်များနှင့် သင်တို့ ဆက်ဆံရေး၏ သဘောသဘာဝကို ယခု အတိုချုပ် လေ့လာဆန်းစစ် ကြည့်ကြပါစို့။

ပထမဆုံးမှာ မိမိ၏ ကျောင်းသားများအပေါ် ခံစားရသည့် ချစ်ခြင်းမေတ္တာပင် ဖြစ်သည်။ ထာဝရဘုရားရှင့် ချစ်ခြင်းမေတ္တာ၏ ထင်ဟပ်မှုဖြစ်သည့် ထိုမေတ္တာသည် ဘက်ဂရောင်းတိုင်းမှ ကလေး အားလုံးကို လက်ကမ်းကြိုဆိုလိမ့်မည်။ ကလေးတစ်ဦးစီဆီသို့ ရောက်ရှိစေမည့် နည်းလမ်းမျိုးဖြင့် ဤမေတ္တာကို မည်သို့ ပြသမည်ဆိုသည်မှာ ဆရာတစ်ဦးအနေဖြင့် သင်ယူဖို့ ကြိုးပမ်းရမည့် အရာဖြစ်သည်။

မိမိတို့၏ ကျောင်းသားများအပေါ်ထားသော ဖြူစင်၍၊ မျက်နှာလိုက်ခြင်း(favoritism)မှ လွတ်ကင်းသည့် သင်တို့၏ ချစ်ခြင်းမေတ္တာသည် တန်ခိုးတော်အပေါင်းဖြင့် ပြည့်စုံတော်မူသော ဘုရားရှင်၏ လက်တော်ဖြင့် ကလေးတစ်ဦးစီ၏ ပကတိအစစ်အမှန်အတွင်း၌ သိုမှီးပေးထားသော တန်ဖိုးဖြတ်မရသည့် ကျောက်မျက်ရတနာများကို ရှာဖွေတွေ့ရှိစေဖို့ သင့်အတွက် လွယ်ကူစေလိမ့်မည်။ သင်တို့သည်

ကျောင်းသားတိုင်းကို ဘုရားရှင်၏ ရိပ်သွင်ဖြင့် ဖြစ်တည်ပေးထားသော မြင့်မြတ်သည့် လူသားအဖြစ် ရှုမြင်လိမ့်မည်။ ဤအမှန်တရားနှင့်ပတ်သက်၍ ဘဟာအွလ္လာဘုရားရှင်၏ မိန့်မှာချက်များက သက်သေခံထားသည်-

**"အတိုင်းအဆမရှိသော အတိတ်ကာလများဆောင်လျက် အလွန်နက်နဲလှသော အနှစ်သာရတွင် ငါအရှင်သည် ကွယ်ဝှက်နေပေရာ အသင့်အပေါ်တွင် ထားရှိသော ချစ်မြတ်နိုးခြင်းကို ငါအရှင် သိတော်မူ၏။ သို့ဖြစ်သောကြောင့် ငါအရှင်သည် အသင့်အား ဖြစ်ထွန်းတည်စေတော်မူ၏။ အသင်၏အပေါ်တွင် ငါအရှင်၏ (ရိပ်သွင်တံဆိပ်) ခပ်နှိပ်ပြီး အသင့်အား ငါအရှင်၏ ကျက်သရေတော်ကို ဖွင့်ပြတော်မူ၏။"[၁၈]**

**"ငါအရှင်သည် တန်ခိုး၏လက်များဖြင့် အသင့်အား ပြုလုပ်ထား၏။ ငါအရှင်သည် ခွန်အား၏ လက်ချောင်းများဖြင့် အသင့်အား ဖြစ်တည်စေ၏။ ငါအရှင်သည် အသင့် အတွင်းသဏ္ဍာန်တွင် ငါအရှင့်အလင်း၏ အနှစ်သာရကို ပေးတော်မူ၏။"[၁၉]**

**"အသင်ကား ငါအရှင်၏ ဆီမီးခွက်ဖြစ်၏။ ငါ၏ အလင်းသည် အသင့်(အတွင်းသဏ္ဍာန်)တွင် ရှိ၏။ ၎င်းမှ အသင်၏ လင်းဝင်းတောက်ပခြင်းကို ယူလော့။ ငါအရှင်မှတစ်ပါး အခြားသောအရာကို ရှာဖွေဆည်းပူးခြင်း မပြုလေနှင့်။ အကြောင်းသော်ကား ငါအရှင်သည် အသင့်အား ကြွယ်ဝချမ်းသာသော အဖြစ်၌ ဖြစ်ထွန်းစေ၏။ အသင့်အပေါ်သို့ ကျေးဇူးများကို ရက်ရောစွာ သွန်ချပေးတော်မူ၏။"[၂၀]**

သေချာသည်မှာ ထိုချစ်ခြင်းမေတ္တာမှာ သေချာပေါက် စမ်းသပ်ခံရမည်ဟု သင်တို့ နားလည်ထားရလိမ့်မည်။ သင်တို့ သင်ကြားပေးသည့်အခါ မိမိတို့၏ ကျောင်းသားများတွင် မလိုလားအပ်သော အကျင့်စရိုက်များကို တွေ့လာရမည်မှာ သေချာသည်။ ထိုသို့သော အခြေအနေများတွင် သင်တို့က အချို့ကလေးများမှာ ပြုပြင်၍မရနိုင်ဆိုသည့် လွဲမှားသော မှတ်ယူချက်ကို လက်မခံဖို့ မဖြစ်မနေ အရေးပါသည်။ ဘဟာအီကလေးသင်တန်းဆရာ တစ်ဦးအနေဖြင့် ကလေးတိုင်းသည် ထာဝရဘုရားရှင်၏ အလင်းတော်ရအရှင်များအားဖြင့် ထိုဘုရားရှင်ကို သိရှိနိုင်စွမ်းနှင့် ၎င်းတို့၏ တရားဒေသနာများကို လိုက်နာနိုင်သည့် စွမ်းရည်ရှိသည်ကို သံသယမဖြစ်ရပေ။ ကလေးတိုင်းက ဝိညာဏပိုင်း တိုးတက်မည့်စွမ်းရည် ရှိထားကြသည်။ သင်တို့ သင်တန်းရှိ ကလေးငယ်တစ်ဦးချင်းကို မြင့်မြတ်စွာ ဖြစ်တည်ပေးထားပြီး သင်တို့၏ အကူအညီဖြင့် ဤမြင့်မြတ်မှုကို ပြသနိုင်ကြသည်။

ကလေးများကို ရည်ညွှန်းပြောဆိုရာတွင် မာစတာ(အဗ္ဗဒွလ်ဘဟာအရှင်မြတ်) အသုံးပြုခဲ့သော စကားစုများကို စိတ်ထဲသတိရခြင်းက ဘုရားရှင်၏ ဖြစ်တည်ပေးမှုအနေနှင့် သူတို့၏ ဝိညာဏအနှစ်သာရကို ပိုပြီး ရှင်းရှင်းလင်းလင်း မြင်ရဖို့ အထောက်အကူဖြစ်လိမ့်မည်။ အောက်တွင် ထိုကဲ့သော စကားစုများကို ပေးထားသည်။ ၎င်းတို့ကို ဖတ်၍ ၎င်းတို့က မိမိတို့ သင်ကြားပေးမည့် တန်ဖိုးရှိလှသော လူသား(ကလေးငယ်)များအပေါ် သင်တို့၏ သိမြင်ခံစားပုံနှင့်ပတ်သက်၍ မည်သို့ ပုံဖော်မည်ကို စဉ်းစားသုံးသပ်ပါ။

— ဤချစ်မြတ်နိုးဖွယ်ရာ ကလေးငယ်များ

— ဤတောက်ပ၍ လင်းလက်သော ကလေးငယ်များ

— ဘုရားရှင့်နိုင်ငံတော်၏ ဤလုပသော ကလေးငယ်များ

— ဘုရားရှင့် လမ်းညွှန်မှု၏ စမ်းချောင်းအားဖြင့် (အညှောင့်)ပင်စို့ထွက်လာသည့် ဤအပင်သစ်လေးများ

— အဘဟာဘုံနန်း၏ အပင်ငယ်လေးများ

— ဘုရားရှင် သစ်သီးခြံထဲမှ အပင်များ

— ထာဝရဘုရားရှင့် ချစ်ခြင်းမေတ္တာ ဥယျာဉ်ထဲမှ နူးညံ့သော ပျိုးပင်လေးများ

— ဘုရားရှင့် အသိပညာ မြက်ခင်းပြင်များထဲမှ အပင်သစ်လေးများ

— ဘုရားရှင်၏ ထွတ်မြတ်သော နွေဦးရာသီတွင် ဖူးပွင့်လန်းဆန်းသော အပင်သစ်လေးများ

— ဘုရားရှင့် ဥယျာဉ်ထဲမှ နှင်းဆီပန်းများ

— ဘုရားရှင့် လမ်းညွှန်မှု၏ ဥယျာဉ်ထဲမှ နှင်းဆီပန်းများ

— ဘုရားရှင့် မြက်ခင်းလွင်ပြင်ထဲမှ ပန်းကလေးများ

— အသက်တာ၏ အပင်မှ အခက်အလက်လေးများ

— ဘုရားရှင့် အသိပညာ၏ ဥယျာဉ်များထဲတွင် ကြီးထွားရှင်သန်နေသည့် သစ်ကိုင်းငယ်လေးများ

— ဘုရားရှင်၏ ကျေးဇူးတော် သစ်ပင်အုပ်ထဲရှိ ဖူးစို့နေသည့် သစ်ကိုင်းလေးများ

— ကယ်တင်ခြင်း၏ လွင်ပြင်များထဲရှိ ငှက်ကလေးများ

— ပြီးပြည့်စုံသည့် ကျက်သရေတော်ရှင်၏ လက်ချောင်းများဖြင့် ထွန်းညှိပေးထားသည့် ဖယောင်းတိုင်လေးများ

— ဘုရားရှင့် တန်ခိုးတော် လက်ချောင်းများ၏ လက်ရာများ

— ဘုရားရှင့် ကြီးမြင့်မြတ်တော်မူခြင်း၏ အံ့သြဖွယ်ရာ အမှတ်သင်္ကေတများ

— အဗ္ဗဒွလ်ဘဟာအရှင်မြတ်၏ ချစ်မြတ်နိုးသူများ

# အခန်း (၁၀)

ချစ်ခြင်းမေတ္တာနှင့်အတူပင် မိမိတို့၏ ကျောင်းသားများနှင့် ပျိုးထောင်ထားသည့် ဆက်ဆံရေးကို ပထမအဆင့်(Grade 1)အတွက် သင်ခန်းစာများထဲတွင် ဖော်ပြထားသော အခြားဝိညာဏအရည်အသွေးများ အားလုံးဖြင့် ပုံသဏ္ဍာန်ပေါ်စေလိမ့်မည်။ သင်တို့သည် သင်တန်းချိန်အတွင်း ကလေးများနှင့် သင်တို့၏ အပြန်အလှန် ဆက်ဆံမှုများတွင်သာ တိုး၍ ပြသဖို့ ကြိုးစားရုံမကဘဲ မိမိတို့ဘဝ၏ အစိတ်အပိုင်း အားလုံးတွင်လည်း ပြသဖို့ ကြိုးစားမည်မှာ သံသယဖြစ်စရာမရှိပေ။ ဘဟာအွလ္လာဘုရားရှင်က ကျွန်ုပ်တို့အား အကြံပြု ဟောကြားထားသည်မှာ-

> **"အို လူအပေါင်းတို့၊ အသင်တို့သည် အခြားသူများအား အကြံဥာဏ်ကောင်းများ ပေးသော်ငြားလည်း သူတို့ကိုယ်တိုင်က ယင်းတို့ကို လိုက်လျှောက်ရန် မေ့လျော့သူများထဲတွင် ပါမသွားကြစေရန် သတိရှိကြကုန်လော့။"**[၂၁]

ကလေးသင်တန်းဆရာများအနေဖြင့် သင်ခန်းစာများတွင် ဆွေးနွေးထားသော အရည်အသွေး တစ်ခုစီ၏ အဓိပ္ပါယ်နှင့် အကျိုးဝင်သက်ရောက်မှုများကို ပိုပြီးသဘောကျမှု ရစေရန် အထူးအရေးကြီးလှသည်။ ထိုသဘောကျမှုက မိမိတို့၏ ဂရုစိုက်မှုအောက်တွင် နုနယ်သော ပျိုးပင်ငယ်များကို လေ့ကျင့်၍ ပျိုးထောင်ပေးမည့် မိမိတို့၏ ကြိုးပမ်းမှုများကို အကူအညီဖြစ်စေလိမ့်မည်။ ဥပမာအားဖြင့် သင်တို့ သတိထားမိသည့်အတိုင်း ပထမဆုံး သင်ခန်းစာက ဖြူစင်သန့်ရှင်းမှုအပေါ်တွင် အလေးပေးထားသည်။ ကိုယ်ကျင့်စာရိတ္တဆိုသည့် မေးခွန်းနှင့်သက်ဆိုင်သော သင်တန်းများက နှလုံးသားဖြူစင်သန့်ရှင်းမှုဆိုသည့် အရည်အသွေးကို လေ့လာဆန်းစစ်ဖို့ အစပြုပါက သင့်တော်ပုံပေါ်သည်။ ဘဟာအွလ္လာဘုရားရှင်က ကျွန်ုပ်တို့ကို သတိပေးထားသည်မှာ အရှင်၏ အလုကျက်သရေတော်နှင့် ဘုန်းတန်ခိုးတို့ တည်မှီစံမြန်းရာအဖြစ် ပြုလုပ်ပေးထားသော "လူ့နှလုံးသားမှလွဲ၍ ကောင်းကင်ဘုံနှင့် ကမ္ဘာမြေပေါ်ရှိ အရာခပ်သိမ်းကုန်တို့ကို" ထာဝရဘုရားသခင်က ကျွန်ုပ်တို့အတွက် ချပေးထားသည်။ မိမိ၏ နှလုံးသား မှန်ကြေးမုံကို သန့်ရှင်းအောင် ပြုလုပ်ခြင်းသည် လူတစ်ဦး၏ ဝိညာဉ်ကို ဆင်မြန်းထားသင့်သည့် အခြားသော ဂုဏ်အင်လက္ခဏာများ အားလုံးဖြင့် ထင်ဟပ်နိုင်စေသည်။

ဤအဆင့်တွင် ဖော်ပြထားသော ဝိညာဏအရည်အသွေးများအကြောင်း စဉ်းစားရာတွင် ဆရာများကို ကူညီပေးရန် ဒုတိယပိုင်းတွင် တစ်ခုနှင့်တစ်ခု ဆက်နွယ်သော ကောက်နုတ်ချက်များစွာ ပါရှိသည်။ ယခုတွင် ဖြူစင်သန့်ရှင်းမှုနှင့်ဆိုင်သည့် အောက်ပါ ကောက်နုတ်ချက်များကို ဖတ်ဖို့ သင်တို့ကို တိုက်တွန်းပါသည်။ ထို့နောက်တွင် သင့်အဖွဲ့ထဲမှ အခြားအဖွဲ့ဝင်များနှင့်အတူ လူတစ်ယောက်၏ ဘဝတွင် ဤအရည်အသွေး၏ ထူးခြားပုံကို ယေဘုယျ ဆွေးနွေးပြီး ကလေးများကို သင်ကြားပေးဖို့ နိုးကြားသူများ၏ ကြိုးပမ်းအားထုတ်မှု များနှင့်ပတ်သက်ပြီး အထူးတလည် ဆွေးနွေးပါ။ ပေးထားသည့် ကွက်လပ်များထဲတွင် သင်တို့၏ အတွေးအခေါ် အချို့ကို ချရေးပြီးနောက် ထိုကောက်နုတ်ချက်များထဲမှ အနည်းဆုံးတစ်ခုကို အလွတ်ကျက်မှတ်ချင်ပါ လိမ့်မည်။

> **"အို ငါ့ညီအစ်ကို! ဖြူစင်သန့်ရှင်းသော နှလုံးသားသည် မှန်ကြေးမုံကဲ့သို့ ဖြစ်၏။ ယင်းကို ချစ်ခြင်းမေတ္တာနှင့် ဘုရားရှင်မှတပါး အရာခပ်သိမ်းကုန်တို့မှ ပြတ်ကင်းခြင်း၏ တိုက်ချွတ်ဆေးဖြင့်**

သန့်စင်လော့။ သို့မှသာ စစ်မှန်သော နေမင်းသည် ယင်းတွင် ထွန်းလင်းတောက်ပနိုင်၍ အစဉ်တည်မြဲသော နံနက်ခင်းသည် အရုဏ်ကျဉ်းလာပေအံ့။”

“အို ဖြစ်တည်နေခြင်း၏သား! အသင့်နှလုံးသည် ငါအရှင့် အိမ်တော်ဖြစ်၏။ ငါအရှင် ဆင်းသက်တော်မူရန် ၎င်းအား သန့်ရှင်းစင်ကြယ်အောင် ထားလော့။ အသင့်စိတ်ဓာတ်သည် ငါအရှင့် နှုတ်ကပါဌ်တော်ပွင့်လင်းရာနေရာဖြစ်၏။ ငါအရှင် ထင်ရှားပြသရန် ၎င်းအား စင်ကြယ်အောင် ပြုလော့။”

“လူ့နှလုံးသားသည် ပို၍ဖြူစင်သန့်ရှင်းပြီး မြင့်မြတ်လာလေလေ ၎င်းသည် ထာဝရဘုရားသခင်ထံပါးသို့ ပို၍နီးကပ်သွားလေလေပင်ဖြစ်ပြီး အစစ်အမှန်တရား နေမင်း၏ အလင်းရောင်တို့သည်လည်း ၎င်းအတွင်းတွင် အလင်းရောင်ကို ပွင့်လင်းထင်ရှားစေ၏။”[၂၆]

“ပထမဆုံးအနေဖြင့် လူတစ်ဦး၏ ရှင်သန်နေထိုင်မှုတွင် ဖြူစင်သန့်ရှင်းရမည်။ ထို့နောက်တွင် လန်းဆန်းမှု၊ သန့်ရှင်းမှုနှင့် စိတ်ဓာတ်၏ လွတ်လပ်မှုတို့ ရှိရမည်။ ပထမဆုံး စမ်းချောင်း၏ ကြမ်းပြင်ကို သန့်ရှင်းရမည်။ ထို့နောက်တွင် ချိုမြသော မြစ်ရေတို့ကို ယင်းအတွင်း စီးဆင်းစေရမည်။”[၂၇]

_______________________________________________

_______________________________________________

_______________________________________________

_______________________________________________

_______________________________________________

_______________________________________________

_______________________________________________

# အခန်း (၁၁)

ယခုတွင်မူ ကလေးငယ်များအတွက် ဆရာတစ်ယောက်အနေဖြင့် သူတို့အား ထာဝရဘုရားသခင်၏ အလင်းတော်ရအရှင် ဘဟာအွလ္လာဘုရားရှင်အားဖြင့် ဖွင့်ပြတော်မူသည့် တရားဒေသနာတော်များအတိုင်း ပြုမူနေထိုင်မည့် သူတို့၏ တက်ကြွမှုကို အားကောင်းစေဖို့ မည်သို့ကူညီပေး၍၊ မိမိတို့၏ ဝိညာဉ်များကို ဆင်မြန်းထားဖို့ အရှင် မိန့်ကြားခဲ့သည့် အရည်အသွေးများ ဖွံ့ဖြိုးအောင် မည်သို့ကူညီပေးမည်ကို သင့်ကိုယ်သင် မေးကြည့်ဖို့ လိုအပ်လိမ့်မည်။ ဤမေးခွန်းအတွက် အဖြေများကို ရှာဖွေချိန်တွင် ဘဟာအွလ္လာဘုရားရှင်၏ အောက်ပါ စကားလုံးများအပေါ် စဉ်းစားသုံးသပ်ပါ။

“တန်ခိုးတော်အပေါင်းဖြင့် ပြည့်စုံတော်မူသော ငါဘုရားရှင်၏ ဘုန်းကျက်သရေတော် ကောင်းကင်မှ နေ၍ ငါအရှင့် တန်ခိုးနှုတ်လျှာက ဖြစ်တည်ထားသည့်အရာတို့ကို ဤစကားများ မိန့်မြွက်ထား၏- ‘ငါအရှင်၏ အလှကျက်သရေတော်ကို ချစ်မြတ်နိုးခြင်းဖြင့် ငါ၏ အမိန့်တော်များကို ကျင့်သုံး

လိုက်နာလေ့။' မည်သည့် နှုတ်လျှာမှ မဖော်ပြနိုင်သည့် ကျေးဇူးတော်မွေးရနံ့ဖြင့် ချပေးထားသည့် ဤစကားလုံးများမှနေ၍ သူ ချစ်မြတ်နိုးရဆုံး အရှင်သခင်၏ ထွတ်မြတ်သောမွေးရနံ့တို့ကို ရှူရှိုက်ရသော ချစ်မြတ်နိုးသူကား ပျော်ရွှင်ချမ်းမြေ့ပေစွ။"[၂၆]

"ဘုရားသခင့် ချစ်ခြင်းမေတ္တာမီးတောက်ကို အသင်တို့၏ လင်းလက်နေသော နှလုံးသားများ အတွင်းဝယ် ထိန်ထိန်ညီး တောက်လောင်နေပါစေ။ ယင်းအား ဘုရားသခင့် လမ်းညွှန်မှု၏ဆီဖြင့် အားဖြည့်ပေးလေ့။ ယင်းအား အသင်တို့ သစ္စာမြဲမြံမှု (မပြတ်ကြည့်ရှုမှု)၏ အကာအကွယ်အတွင်း၌ ကာကွယ်ထားကြကုန်လေ့။ ယင်းအား ဘုရားသခင်မှလွဲ၍ ကျန်သည့်အရာခပ်သိမ်းကုန်တို့မှ သံယောဇဉ်ပြတ်ကင်းလျက် ယုံကြည်စိတ်ချခြင်း၏ အလုံးအဝန်းအတွင်း၌ စောင့်ကြပ်ထားကြကုန်လေ့။ ဤသို့ဖြင့် ဘုရားတရားမဲ့သူတို့၏ မကောင်းဆိုးဝါး တီးတိုးသံများသည် ယင်း၏ အလင်းရောင်ကို ငြိမ်းသတ်နိုင်မည်မဟုတ်ပေ။"[၂၇]

"အို ဖြစ်တည်ခြင်း၏ သား! ငါ၏ ချစ်ခြင်းမေတ္တာသည် ငါ့ ခံတပ်ဖြစ်၏။ အကြင်သူသည် ၎င်းအတွင်းသို့ ဝင်လျှင် လုံခြုံပြီး အန္တရာယ်ကင်းမည်။ အကြင်သူသည် ၎င်းမှ သွေဖယ်သွားလျှင် ဧကန်မုချ လမ်းလွဲ၍ ပျက်စီးအံ့။"[၂၈]

၁ ။ အထက်ပါ ကောက်နုတ်ချက်များမှ စကားလုံးများဖြင့် အောက်ပါ စာကြောင်းများကို ကွက်လပ်ဖြည့်ပါ။

က ။ ကျွန်ုပ်တို့သည် ဘုရားရှင်၏ ____________________ ကို ချစ်မြတ်နိုးခြင်းဖြင့် ထိုဘုရားရှင်၏ အမိန့်တော်များကို လိုက်နာကြသည်။

ခ ။ ကျွန်ုပ်တို့သည် ဘုရားသခင့် ချစ်ခြင်းမေတ္တာ ________________ ကို ကျွန်ုပ်တို့၏ ________ ____________ နှလုံးသားများအတွင်းဝယ် ________________ တောက်လောင်နေစေရမည်။

ဂ ။ ကျွန်ုပ်တို့သည် ထိုချစ်ခြင်းမေတ္တာမီးတောက်ကို ဘုရားသခင့် ______________________ ဖြင့် အားဖြည့်ပေးရမည်။

ဃ ။ ကျွန်ုပ်တို့သည် ထိုချစ်ခြင်းမေတ္တာမီးတောက်ကို ကျွန်ုပ်တို့ ________________________ ၏ ______________________ အတွင်း၌ ကာကွယ်ထားကြရမည်။

င ။ ကျွန်ုပ်တို့သည် ထိုချစ်ခြင်းမေတ္တာမီးတောက်ကို _______________ မှလွဲ၍ _______________ _______________ ကုန်တို့မှ _______________________ လျက် __________________ ၏ အလုံးအဝန်းအတွင်း၌ __________________________ ကြရမည်။

စ ။ ကျွန်ုပ်တို့သည် ဘုရားရှင်၏ __________________ ကို ချစ်မြတ်နိုးခြင်းဖြင့် ထိုဘုရားရှင်၏ အမိန့်တော်များကို ကျွန်ုပ်တို့ လိုက်နာကြသည်။ ဘုရားသခင့် ချစ်ခြင်းမေတ္တာ ____________ ______ ကို ကျွန်ုပ်တို့၏ _________________ နှလုံးသားများအတွင်းဝယ် _______________ တောက်လောင်နေစေရမည်။ ထိုချစ်ခြင်းမေတ္တာမီးတောက်ကို ဘုရားသခင့် ______________ ____________ ဖြင့် အားဖြည့်ပေးရမည်။ ထိုချစ်ခြင်းမေတ္တာမီးတောက်ကို ကျွန်ုပ်တို့ ________

______________________________ ၏ ________________________ အတွင်း၌ ကာကွယ်ထားကြကုန်လော့။ ကျွန်ုပ်တို့သည် ဘုရားသခင့် ချစ်ခြင်းမေတ္တာမီးတောက်ကို ဆီဖြည့်ပေးရမည်။ ကာကွယ်ပေးရမည်။ စောင့်ကြပ်ပေးရမည်။ ဤသို့ဖြင့် ဘုရားတရားမဲ့သူတို့၏ မကောင်းဆိုးဝါး တီးတိုးသံများသည် ယင်း၏ ____________________ ကို ငြိမ်းသတ်နိုင်မည် မဟုတ်ပေ။ မည်သူမဆို ဘုရားရှင်၏ ______________________ ခံတပ်အတွင်းသို့ ဝင်လျှင် လုံခြုံ၍ _______________ ။

# အခန်း (၁၂)

ကလေးများနှင့် အသုံးပြုသည့် အချိန်အတွင်း၌ သူတို့၏ လင်းလက်နေသော နှလုံးသားများထဲတွင် “ဘုရားသခင်၏ ချစ်ခြင်းမေတ္တာမီးတောက်”ကို (လေပင့်ပေးရန်) ယပ်ခပ်ပေးရန်၊ အရှင်၏ ကောင်းချီးမင်္ဂလာများနှင့် ထိုဘုရားရှင်၏ နှုတ်ကပါဌ်တော်များအားဖြင့် ကြီးထွားရှင်သန်ရသည့် ပျော်ရွှင်မှုတို့ကို သူတို့ သတိထားမိလာအောင် သင်တို့ ကြိုးစားအားထုတ်ပေးလိမ့်မည်။ ဘုရားရှင်အပေါ် ကျွန်ုပ်တို့၏ ချစ်မြတ်နိုးမှုနှင့် ထိုဘုရားရှင်၏ ပေးသနားမှုများကို လက်ခံရရှိချင်သည့် ကျွန်ုပ်တို့၏ စိတ်ဆန္ဒပြင်းပြမှုတို့က သူတို့အား မိမိတို့ထံ ဘုရားရှင်၏ ချစ်ခြင်းမေတ္တာ မရောက်မှာကို ကြောက်ရွံ့စေသည်။ အကယ်၍ ကျွန်ုပ်တို့၏ လုပ်ရပ်အမှားများက ထိုဘုရားရှင်၏ ကောင်းချီးမင်္ဂလာများကို မိမိတို့ဆီ မရောက်နိုင်အောင် တားဆီးသည့် အတားအဆီးများဖြစ်လျှင် မည်သို့ ဖြစ်မည်နည်း။ ထာဝရဘုရားရှင်၏ ချစ်ခြင်းမေတ္တာသည် ကျွန်ုပ်တို့ တည်ရှိနေသည့် တကယ့်အကြောင်းအရင်း ဖြစ်သည်။ အကယ်၍ တဒင်္ဂပင်လျှင် ၎င်းကို မရရှိပါက မိမိတို့ ဘဝများသည် အစိတ်စိတ်အမွှာမွှာ ဖြစ်သွားလိမ့်မည်။ ဘုရားရှင်ကို မနာခံလျှင် အရှင်၏ ချစ်ခြင်းမေတ္တာကို ရရှိနိုင်မှာမဟုတ်ဆိုသည့် ဤကြောက်စိတ်က လမ်းကြောင်းအဖြောင့်အပေါ်တွင် ကျွန်ုပ်တို့ကို ရှိနေစေပြီး ကျွန်ုပ်တို့ အတ္တမာန(ego မကောင်းစိတ်)၏ စေ့ဆော်မှုများ၊ မနာလိုစိတ်၊ အချည်းအနှီး စဉ်းစားတွေးခေါ်မှုများနှင့် ဖောက်ပြန်သော အလိုဆန္ဒများ စသည်တို့မှနေ၍ ကာကွယ်ပေးသည်။

ထို(ချစ်ခြင်းမေတ္တာနှင့် ကြောက်စိတ်)နှစ်ခုမှာ တစ်ခုနှင့်တစ်ခု ခွဲမရသောကြောင့် ထာဝရဘုရားရှင်၏ ချစ်ခြင်းမေတ္တာမျိုးစေ့များကို ကလေးများ၏ နှလုံးသားများထဲတွင် စိုက်ပျိုးပေးဖို့ သင်တို့ ကြိုးပမ်းရာတွင် ထာဝရဘုရားရှင်အပေါ် ကြောက်စိတ်ကိုလည်း ထည့်သွင်းစဉ်းစားကြရမည်။ အဗ္ဗဒွလ်ဘဟာအရှင်မြတ်က ကျွန်ုပ်တို့ကို တိုက်တွန်းသြဝါဒပေးထားသည်မှာ-

> **“ဤကလေးများကို ထွတ်မြတ်သော တိုက်တွန်းချက်များဖြင့် လေ့ကျင့်သင်ကြားပေးလော့။ ငယ်ရွယ်စဉ်ကတည်းက သူတို့၏ နှလုံးသားများထဲတွင် ထာဝရဘုရားရှင်၏ ချစ်ခြင်းမေတ္တာကို သွတ်သွင်းပေးလော့။ ဤသို့ဖြင့် သူတို့၏ဘဝများတွင် ဘုရားရှင်အား ကြောက်ရွံ့စိတ်ကို ထင်ရှားပြသနိုင်ကြကုန်၍ ဘုရားရှင်၏ ပေးကမ်းမစမှုများထဲတွင် ယုံကြည်စိတ်ချမှု ရှိကြပေအံ့။ လူတို့၏ မပြည့်ဝမှုများနေ၍ သူတို့ကိုယ်ကို လွတ်မြောက်စေရန်နှင့် လူ့နှလုံးသားထဲတွင် ကိန်းဝပ်နေသော ထွတ်မြတ်သည့် ပြီးပြည့်စုံမှုများကို ရရှိစေရန် သူတို့အား သင်ကြားပြသပေးလော့။”[၂၆]**

ဘုရားရှင်အား ကြောက်စိတ်အကြောင်းမှာ ကလေးများနှင့် တိုက်ရိုက်ဆွေးနွေးရမည့် အနှစ်သာရ မဟုတ်သည်ကို မှတ်ထားရန် အရေးကြီးသည်။ သူတို့နှင့် တစ်ပါတည်း သယ်သွားရမည့် ပုံရိပ်မှာ ချစ်ခြင်းမေတ္တာကြီးမားသည့် ဘုရားရှင်ဆိုသည့် အနှစ်သာရ ဖြစ်သည်။ ထိုဘုရားရှင်၏ ပေးသနားမှုများနှင့် ပေးကမ်းမစမှုများထဲတွင် သူတို့ အပြည့်အဝ စိတ်ချထား၍ ယုံကြည်ထားကြရမည်။ သင်တို့က သူတို့ဆီတွင် ဘုရားရှင်၏ ချစ်ခြင်းမေတ္တာကို ပြုစုပျိုးထောင်ပေးဖို့ ကြိုးပမ်းသည့်အခါ မိတ်ဆက်ပေးနိုင်မည့် မှတ်ယူမှုမှာ အချို့ စကားလုံးများနှင့် လုပ်ရပ်များက ဘုရားရှင်ကို ကျေနပ်နှစ်ခြိုက်စေပြီး အခြားစကားများနှင့် လုပ်ရပ်တို့က မနှစ်ခြိုက်စေဘူးဆိုတာပင် ဖြစ်သည်။ ဘုရားရှင်ကို သူတို့ ချစ်မြတ်နိုးသည့်အတွက်ကြောင့် ဘုရားရှင်အား ကျေနပ်နှစ်ခြိုက်စေရမည်ဆိုသည်ကို အခါအားလျော်စွာ ကလေးများအား သတိပေးနိုင်သည်။ ဥပမာ ကြင်နာသည့် နှုတ်လျှာရှိပြီး အချင်းချင်း ချစ်မြတ်နိုးခြင်းက ဘုရားရှင်အား နှစ်ခြိုက်စေသည့် လုပ်ရပ်များဖြစ်ပြီး မကြင်မနာ စကားလုံးများ သို့မဟုတ် အခြားသူတွေကို နာကျင်အောင် လုပ်ခြင်းက ထိုဘုရားရှင်အား မနှစ်မြို့စေသည်ဟု ပြောပြနိုင်သည်။

သင်တို့ စဉ်းစားသုံးသပ်ရန်အတွက် အောက်ပါ ကောက်နုတ်ချက်များကို ပေးထားပါသည်-

> **"လူတို့သည် ဝိညာဏဆိုင်ရာ သွင်ပြင်လက္ခဏာရပ်များနှင့် ကောင်းမြတ်သော လုပ်ရပ်တို့ကို ပြသ(လာ)ကြရန် သူတို့အတွက် မည်သည့်အရာပင် ဖြစ်စေကာမူ အခြေအနေအခါခပ်သိမ်းတွင် အသင်သည် (သူတို့အား) ဆင့်ခေါ်တောင်းဆိုရန် သင့်အား တာဝန်ပေးထား၏။ သို့မှသာ လူအားလုံးတို့သည် လူကို စိတ်ဓာတ်မြင့်မားစေသည့် အကြောင်းရင်းကို သတိထားမိလာနိုင်ကြ၍၊ အဆုံးစွန်သော အားထုတ်ကြိုးပမ်းမှုဖြင့် အမြင့်မားဆုံး အဆင့်အခြေ(တော်)နှင့် ဘုန်းတန်ခိုး၏ အထွတ်အထိပ်ဆီသို့ သူတို့ကိုယ်သူတို့ ဦးတည့်နိုင်ကြပေအံ့။ ဘုရားရှင်အား ကြောက်စိတ်သည် အရှင်ဖြစ်တည်ပေးသူများအား ပညာပေးရာတွင် အဓိကအကျဆုံးသော အကြောင်းခံပင် အမြဲအစဉ် ဖြစ်ပေ၏။ ယင်းဆီသို့ ပေါက်ရောက်ထားသူတို့အား ကောင်းလှပေစွ။"[၁၀]**

> **"ဤဖွင့်ပြတော်မူချက်(သာသနာတော်)တွင် အောင်မြင်မှုကို ပေးစွမ်းနိုင်သော ဗိုလ်ပါအပေါင်းကား ချီးကျူးထိုက်သော လုပ်ရပ်များနှင့် ဖြောင့်မတ်မှန်ကန်သော ကိုယ်ကျင့်စာရိတ္တဟူသည့် ဗိုလ်ပါအပေါင်းပင်ဖြစ်ပေ၏။ ဤဗိုလ်ပါအပေါင်း၏ ခေါင်းဆောင်နှင့် တပ်မှူးကား ဘုရားရှင်အား ကြောက်စိတ်ပင် ဖြစ်ပေ၏။ ထိုကြောက်စိတ်ကား အရာခပ်သိမ်းကုန်တို့ကို လွှမ်းခြုံမိ၍ ထိုအရာခပ်သိမ်းကုန်ကို ကြီးစိုးတော်မူ၏။"[၁၁]**

> **"ပြီးပြည့်စုံခြင်း၏ အခြားသော ဂုဏ်အင်လက္ခဏာများကား ဘုရားရှင်အား ကြောက်ရွံ့ရန်၊ အရှင်၏ အမှုထမ်းများအား ချစ်မြတ်နိုးခြင်းဖြင့် ဘုရားရှင်အား ချစ်မြတ်နိုးရန်၊ သိမ်မွေ့မှု စိတ်ရှည်သည်းခံမှုနှင့် တည်ငြိမ်မှုတို့ကို လက်တွေ့လေ့ကျင့်ရန်၊ ရိုးသားမှုရှိရန်၊ လိုလိုလားလားလက်ခံနိုင်ရန်၊ ကရုဏာထားရန်နှင့် ကြင်ကြင်နာနာရှိရန် တို့ဖြစ်သည်။ ထို့ပြင် သံန္နိဋ္ဌာန်နှင့် သတ္တိရှိရန်၊ ယုံကြည်မှုခံထိုက်ခြင်းနှင့် စွမ်းအင်ရှိရန်၊ ကြိုးပမ်းအားထုတ်၍ ရုန်းကန်လှုပ်ရှားရန်၊ အငြိုးအတေးမရှိဘဲ ပေးကမ်းရက်ရော၍ သစ္စာရှိရန်၊ စိတ်အားထက်သန်မှုနှင့် ဂုဏ်ပြုလေးစားစိတ်ရှိရန်၊ စိတ်ထားမြင့်မြတ်၍ သဘောထားကြီးရန်နှင့် အခြားသူများ၏ အခွင့်အရေးများကို လေးစားအသိအမှတ်ပြုရန် တို့ပင် ဖြစ်သည်။"[၁၂]**

ဤအခန်းနှင့် ရှေ့ဘက်အခန်းရှိ စာပိုဒ်များအားဖြင့် ဘုရားရှင်အား ချစ်မြတ်နိုးခြင်းနှင့် ဘုရားရှင်အား ကြောက်ရွံ့ခြင်းတို့ အကြားရှိ ဆက်နွယ်ပုံကို ဖော်ပြ၍ ထိုနှစ်ခုအကြားရှိ အားကောင်းလှသော အပြန်အလှန် အကျိုးပြုပုံက ချီးကျူးထိုက်သော ကိုယ်ကျင့်စာရိတ္တ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မည်သို့ မဖြစ်မနေ အရေးပါပုံကို ဖော်ပြသည့် စာတစ်ပိုဒ် သို့မဟုတ် နှစ်ပိုဒ်ကို ရေးပါ။

______________________________

______________________________

______________________________

______________________________

______________________________

______________________________

______________________________

______________________________

______________________________

______________________________

______________________________

______________________________

______________________________

______________________________

______________________________

# အခန်း (၁၃)

ရှေ့ဘက်အခန်းများရှိ ကျွန်ုပ်တို့၏ ဆွေးနွေးမှုမှနေ၍ ရှင်းရှင်းလင်းလင်းရှိသင့်သည်မှာ ဝိညာဏပညာရေးသည် အလှတရားကို ဆွဲဆောင်မှုဆိုသည့် အင်အားရပ်ကို အသုံးပြုပြီး၊ ဝိညာဏအရည်အသွေးများ ဖွံ့ဖြိုးတိုးတက်ရေးအပေါ်တွင် အာရုံစိုက်ထားခြင်းဖြင့် ၎င်းက ကလေးများ၏ နှလုံးသားများကို စစ်မှန်သည့် အလှတရားဆီ တည့်မတ်စွာ ဦးတည်ပေးသည်။ ထိုအလှတရားမှာ ကောင်းမြတ်သည့် ကိုယ်ကျင့်စာရိတ္တ၏ အလှတရား၊ ထွတ်မြတ်သော နှုတ်ကပါဌ်တော်တွင် ကိန်းဝပ်လျက်ရှိသော အလှတရား၊ စံနမူဖြစ်သည့် အပြုအမူ၏ အလှတရား၊ မြင့်မားသော အတွေးအခေါ်များ၏ အလှတရားနှင့် အရေးအကြီးဆုံးမှာ ဘုန်းတန်ခိုးတော်အပေါင်းဖြင့် ပြည့်စုံတော်မူသော အလှတရား(အရှင်မြတ်)ထံ ဆွဲဆောင်ခံရခြင်းပင် ဖြစ်သည်။ နောက်ဆုံးတွင် ဘုရားရှင်၏ ဥပဒေတော်များကို လိုက်နာခြင်းမှာ ထိုအရှင်၏ အလှကျက်သရေကို ချစ်မြတ်နိုးခြင်းမှနေ၍ ထွက်ပေါ်လာသည်။ ထို့ကြောင့် ကလေးများအနေဖြင့် ဝိညာဏအရည်အသွေးများ

ကျင့်ကြံရရှိခြင်းမှာ အကြီးမားဆုလာဘ်ပင် ဖြစ်ကြောင်းနှင့် မလျော်ကန်သော ကိုယ်ကျင့်စာရိတ္တကို ပိုင်ဆိုင်ခြင်းသည် အကြီးမားဆုံး အပြစ်ပေးမှု ဖြစ်ကြောင်းကို မြင်တတ်ဖို့ ကြီးပြင်းလာကြရသည်။ အဗ္ဗဒုလ်ဘဟာအရှင်မြတ်က မိန့်မှာထားသည်မှာ-

**“အမှားလုပ်မိခြင်း၏ အဓိကအကြောင်းရင်းမှာ မသိနားမလည်ခြင်းပင် ဖြစ်ခြင်းကြောင့် ကျွန်ုပ်တို့ အနေဖြင့် သိမြင်နားလည်မှု(perception)နှင့် အသိပညာ(knowledge)ဟူသည့် ကိရိယာများကို မြဲမြဲမြံမြံ ဆုပ်ကိုင်ထားကြရမည်။ ကောင်းမြတ်သည့် ကိုယ်ကျင့်စာရိတ္တကို သင်ကြားပေးရမည်။ အလင်းရောင်ကို အဝေးသို့ ပျံ့နှံ့စေရမည်။ သို့မှသာ လူလောကဟူသည့် ကျောင်းတော်၌ လူခပ်သိမ်းကုန်တို့သည် အသက်ခတ်၏ ကောင်းကင်ဘုံဆိုင်ရာ သွင်ပြင်လက္ခဏာရပ်များကို ရရှိနိုင်ကြကုန်၍ မကောင်းမှုဖြစ်သော၊ မကောင်းမွန်သော ကိုယ်ကျင့်တရားကို ပိုင်ဆိုင် ထားသည်ထက် ပို၍ ကြမ်းကြုတ်ရက်စက်သော ငရဲ မရှိပုံနှင့် ပို၍ ပူပြင်းသည့် အသူရာချောက် မရှိပုံတို့ကို သူတို့ကိုယ်တိုင် သံသယအလျဉ်းမရှိ တွေ့မြင်လာလိမ့်မည်။ ပြစ်တင်ရှုတ်ချထိုက်သော အရည်အသွေးများကို ပြသသည်ထက် ပို၍ မဲမှောင်သောတွင်းအနက်မှာ မရှိတော့ကြောင်းနှင့် ပို၍ စက်ဆုပ်ရွံရှာဖွယ် ကောင်းသော ညှဉ်းဆဲမှုမှာလည်း မရှိတော့ပေ။”[၃၃]**

ကောင်းကင်ဘုံဆိုင်ရာ အရည်အသွေးများကို ထင်ဟပ်ပြသရသည့် ပျော်ရွှင်မှုကို တွေ့ကြုံခံစားမိစေဖို့ ကလေးများအား ကူညီပေးရာတွင် ဖြောင့်မတ်သည့် အပြုအမူကို ပြသမည့် သူတို့၏ အားထုတ်မှုများကို တိုက်တွန်းအားပေးသင့်ပြီး မလိုလားအပ်သော အပြုအမူတို့ကို တားမြစ်ရမည်။ ပြင်းထန်သော အပြစ်ပေးမှုနှင့် ဆန္ဒရှိသလို ကလေးများအား လုပ်ခွင့်ပြုထားသည့် လုံးဝလွတ်လပ်မှုပေးခြင်းတို့ကို ရှောင်ရှားသင့်သည်။ ကမ္ဘာ့သမာဓိအဖွဲ့ချုပ်က ကျွန်ုပ်တို့ကို သတိပေးထားသည့်အတိုင်း “ချစ်ခြင်းမေတ္တာဆိုသည်မှာ စည်းကမ်းကျနမှုကို တောင်းဆိုထား၍ အခက်အခဲများကို ကျင့်သားရနိုင်မည့် သတ္တိတို့ကို မွေးပေးရန်ဖြစ်ပြီး ကလေးများကို သူတို့ ဆန္ဒရှိသလို လွှတ်ထားခြင်း သို့မဟုတ် သူတို့ ဆန္ဒရှိသည့်အတိုင်း နေထိုင်ရန် ပစ်ထားခြင်းမျိုး မဟုတ်ပေ။” “ဘဟာအီစံနှုန်းများနှင့်အညီ ရှင်သန်နေထိုင်စေရန် ချစ်မြတ်နိုးစွာဖြင့် သို့ရာတွင် လေးလေးနက်နက်ဖြင့်” ကလေးများအား “လမ်းညွှန်ပြသပေးရမည်”ဟု ၎င်းက ဆက်၍ ဖော်ပြထားသည်။

**“မိခင်တစ်ဦးသည် သူ့ ကလေးက ကောင်းမွန်စွာ လုပ်ဆောင်သည်ကို တွေ့မြင်သည့်အခါတိုင်း သူ့အား ချီးမွမ်း၍ လက်ခုပ်ဩဘာပေးပြီး သူ၏နှလုံးသားကို ပျော်ရွှင်အားတက်ပါစေလေ။ အကယ်၍ စိုးစဉ်းမျှသော မနှစ်မြို့ဖွယ်ရာ လက္ခဏာ မြင်သာလာပါက မိခင်သည် သူ့အား အကြံဉာဏ်ပေး၍ အပြစ်ပေးပြီး၊ လိုအပ်ပါလျှင် နှုတ်အားဖြင့် အနည်းအကျဉ်း ဆုံးမပဲ့ပြင်မှုမျိုးဖြင့်ပင် ကျိုးကြောင်းပေါ် အခြေခံသည့် နည်းလမ်းကို အသုံးပြုပါစေလေ။ သို့ငြားလည်း ကလေးတစ်ယောက်အား ရိုက်နှက်ခြင်း သို့မဟုတ် သူ့အား အမနာပပြောဆိုခြင်းတို့ကို ခွင့်မပြုပေ။ အကြောင်းမှာမူ ကလေးအား ရိုက်နှက်၍ဖြစ်စေ သို့မဟုတ် နှုတ်ဖြင့် မတော်မတရားပြောဆို၍ဖြစ်စေ ဆုံးမခဲ့ပါလျှင် ကလေး၏ ကိုယ်ကျင့်တရားသည် လုံးလုံးလျားလျား ပျက်ပြားသွားစေသောကြောင့်ဖြစ်သည်။”[၃၄]**

အဗ္ဗဒုလ်ဘဟာအရှင်မြတ်၏ လမ်းညွှန်မှုကို လိုက်လျှောက်ရန်အတွက် ဆရာသည် ကလေးများအား ချီးကျူးရမည့် နည်းလမ်းများကို စဉ်းစားထား၍ သူတို့ ကောင်းကောင်း လုပ်သည့်အခါတွင် သူတို့၏ နှလုံးသားများကို ပျော်ရွှင်အောင် လုပ်ပေးရမည်။ ဤသို့ လုပ်ရန်အတွက် ဆရာသည် မျက်စိရှင်၍ ကလေး တစ်ဦးစီ၏ တိုးတက်မှုကို မှတ်သားထားပြီး ကျန်ကလေးများကို လျစ်လျူရှုလျက် အချိန်တိုင်း

ကလေးအနည်းကိုပဲ မချီးကျူးမိဖို့ ဂရုစိုက်ရမည်။ ဆရာ့ထံမှ ချစ်မြတ်နိုးသည့် အာရုံစိုက်မှုကို ရလေ့ရှိသည့် ကလေးအတွက် စည်းကမ်းမကျသည့် အပြုအမူကို သဘောမကျသည့် ရိုးရိုးရှင်းရှင်း အမူအယာက သူ့အတွက် သိမ်မွေ့၍ တကယ် ထိထိရောက်ရောက် အပြစ်ပေးမှု ဖြစ်နိုင်သည်။ အထူးသဖြင့် အကယ်၍ ကလေးက လုပ်ဆောင်ချက်တစ်ခုကို အနှောင့်အယှက်လုပ်လျှင် ထို့ထက်ပို၍ (သဘောမကျပုံကို)ပြသပြီး ထိုလက်မခံနိုင်သည့် အပြုအမူအတွက် မနှစ်မြို့ကြောင်းကို နှုတ်အားဖြင့် ပြသဖို့ တစ်ခါတစ်ရံတွင် လိုအပ်ကောင်းလိုအပ်နိုင်သည်။ ဤသည်ကို ဒေါသသံ သို့မဟုတ် စိတ်မရှည်သံမျိုး တစ်စက်မှမပါဘဲ လေးလေးနက်နက်နှင့် တလေးတစား လေသံမျိုးဖြင့် လုပ်သင့်သည်။ ထို့ပြင် ဆရာများအနေဖြင့် ကလေးတစ်ယောက် သို့မဟုတ် တစ်ယောက်ယောက်ကို အကြံပေးရန် သင်တန်းချိန်ပြင်ပတွင် အချိန်ယူဖို့လည်း လိုအပ်သည်။

ဆရာအနေဖြင့် အထက်ပါ အကြံပြုချက်ကို လိုက်လျှောက်လျှင်ပင် အချို့ကလေးများက မျှော်လင့်ထားသလို မပြုမူတာမျိုး ဖြစ်နိုင်သည်။ ထိုကဲ့သို့ ကိစ္စရပ်များတွင် အသေးအဖွဲနှင့် သင့်လျော်သော အရေးယူမှုများ လုပ်ဖို့ လိုအပ်နိုင်သည်။ ထိုသို့ အရေးယူသည့် နမူနာများထဲတွင် ကလေးတစ်ဦးကို အရောင်ခြယ်ဖို့ ခွင့်မပြုခြင်း သို့မဟုတ် သူ သို့မဟုတ် သူ(မ)ကို ကစားနည်းထဲတွင် မိနစ်များစွာ ပါဝင်ခွင့်မပြုခြင်းတို့ ပါဝင်သည်။ ဤအချက်နှင့်ပတ်သက်ပြီး စိတ်ထဲမှတ်ယူထားရမည့် မဖြစ်မနေ အရေးပါသော အယူအဆနှစ်ခု ရှိသည်။ ပထမတစ်ခုမှာ ဆရာက သူ သို့မဟုတ် သူ(မ)ကို ဘာ့ကြောင့် အရေးယူနေသလဲ ဆိုတာကို ကလေးအား ရှင်းရှင်းလင်းလင်း ရှင်းပြသင့်သည်။ ဥပမာ “သားက/သမီးက အဲလို အဲလိုဟာကို လုပ်ခဲ့တာကြောင့်မို့ ကစားနည်းထဲမှာပါဖို့ ငါးမိနစ် စောင့်ရမယ်”လို့ ပြောပြီး အရေးယူနိုင်သည်။ ဒုတိယ အယူအဆမှာ မလျော်ကန်သည့်အပြုအမူကို တွေ့လျှင်တွေ့ချင်း အရေးယူမှုကို လုပ်ရမည်။ ထိုသို့မဟုတ်ပါက ကလေးက အပြစ်ပေးမှုနှင့် သူ့အပြုအမူတို့ကို ချိတ်ဆက်နိုင်မည်မဟုတ်ပေ။

အထက်ပါ အယူအဆများကို သင့်အဖွဲ့ထဲမှ အခြားအဖွဲ့ဝင်များနှင့်အတူ ယခု ဆွေးနွေးပါ။ ကလေးများကို တစ်ဦးချင်းဖြစ်စေ၊ အဖွဲ့လိုက်ဖြစ်စေ သူတို့တွင် တွေ့ရသည့် ကောင်းသည့် အပြုအမူကို အားပေးဖို့နှင့် သူတို့ ပြုလုပ်သည့် တိုးတက်မှုကို မြင်ရသဖြင့် ချီးကျူးဖို့ အသုံးပြုရန် သင့်တော်သည်ဟု စဉ်းစားမိသည့် စာကြောင်းများကို ရေးသားပါ။ လိုအပ်ပါက မလျော်ကန်သည့် အပြုအမူများကို ဟန့်တားရာတွင် မည်သည့် စာကြောင်းများက သင့်တော်ပါသနည်း။

________________________________________

________________________________________

________________________________________

________________________________________

________________________________________

________________________________________

________________________________________

________________________________________

________________________________________

________________________________________

# အခန်း (၁၄)

ချီးကျူးထိုက်သော အရည်အသွေးများ ဖွံ့ဖြိုးလာဖို့ ကလေးများကို ကူညီပေးရန်အတွက် သင်တို့အနေဖြင့် သင်တန်းတွင် သင့်တော်သော ဝန်းကျင်ကို ဖန်တီးရန် အရေးကြီးလှသည်။ ထိုဝန်းကျင်မှာ စည်းကမ်းနှင့် အစီအစဉ်ကျမှုတို့ဖြင့် ထူးခြားသည့် ဝန်းကျင်ဖြစ်သည်။

အဗ္ဗဒုလ်ဘဟာအရှင်မြတ်က မိန့်မှာထားသည်မှာ-

**“. . . ကလေးငယ်များအတွက် ကျောင်းများသည် စည်းကမ်းနှင့် အစီအစဉ် အကျနဆုံးနေရာ ဖြစ်ရပေမည်။ ညွှန်ကြားချက်သည် ဂရုတစိုက် အသေအချာ ဖြစ်ရမည်။ စည်းကမ်းသတ်မှတ်ချက်တို့ကို ကိုယ်ကျင့်စာရိတ္တ ပြုပြင်ရေးနှင့် မွမ်းမံတိုးတက်ရေးတို့အတွက် ပြုလုပ်ထားရမည်။ ဤသို့ဖြင့် သူ၏ အငယ်ရွယ်ဆုံး နှစ်များကတည်းကပင် ကလေး၏ တကယ့်အနှစ်သာရ(အဆီအနှစ်)ထဲတွင် ထွတ်မြတ်သော အခြေခံအုတ်မြစ်ကို ချပေးထား၍ မြင့်မြတ်ခြင်း၏ (အဆောက်အဦ)ကိုယ်ထည်ကို တည်ဆောက်ထားပေလိမ့်မည်။”**[၃၅]

ထို့ပြင် ကလေးများအတွက် အပတ်စဉ် သင်တန်းများနှင့်ပတ်သက်၍ ရည်ညွှန်းထားရာတွင် အရှင်က အောက်ပါ အကြံအဉာဏ်ဩဝါဒကို ပေးထားသည်-

**“အသင်သည် ဤစီစဉ်ထားသော လုပ်ဆောင်ချက်ကို ရပ်တန့်မှုမရှိဘဲ မုချဧကန် ဆက်လက် ဆောင်ရွက်ရမည်၊ ယင်းကို အရေးတယူရှိရမည်။ ဤသို့ဖြင့် ယင်းသည် တစ်နေ့ထက်တစ်နေ့ ကြီးထွားဖွံ့ဖြိုးနိုင်၍ သန့်ရှင်းသော ဝိညာဉ်တော်၏ ဝင်သက်ထွက်သက်များဖြင့် ရှင်သန်နိုင်ပေလိမ့်မည်။ ဤလုပ်ဆောင်ချက်ကို ကောင်းစွာ စီစဉ်ဆောင်ရွက်ပါက ယင်းက ကြီးမားသော အကျိုးရလဒ်များကို ပေါ်ထွက်စေလိမ့်မည်ကို ယုံကြည်စိတ်ချထားပါလေ။”**[၃၆]

သင်ကြားခြင်းဆိုသည့် အနုပညာရပ်ထဲမှ များစွာတို့အထဲတွင် ကလေးတစ်ဦးစီအား မည်သို့ လမ်းညွှန်ပြသမည်ကို သိရှိခြင်း ပါရှိသည်။ ဤသို့ဖြင့် သူ သို့မဟုတ် သူ(မ)၏ အပြုအမူသည် ပျော်ရွှင်စရာလည်း ကောင်းပြီး စည်းကမ်းလည်းကျသည့် သင်ယူမှုဝန်းကျင်ကို ဖြစ်စေသည်။ ဤအကြောင်းနှင့်ပတ်သက်၍ သင်တို့အနေဖြင့် အတွေ့အကြုံမှ ထိုးထွင်းအမြင်များစွာ ရရှိဖို့ လိုအပ်သော်လည်း အစကတည်းက သင်တို့ကိုယ်တိုင် ကြိုတင်ပြင်ဆင်ရာတွင် အထောက်အကူဖြစ်စေရန် အခြေခံအယူအဆ အနည်းငယ်ကို ကျွန်ုပ်တို့ ဆွေးနွေးလိမ့်မည်။ အစပြုရန်အတွက် သင်တန်းချိန်တစ်ခုနှင့်ပတ်သက်သည့် အောက်ပါ ဖော်ပြချက်ကို ဖတ်ပါ။

သင်က ကလေးများအား သူတို့ကိုယ်တိုင် အစီအစဉ်တကျဖြစ်ရန်နှင့် သူတို့ ရောက်လာချိန်တွင် ထိုင်၍ နေရာယူရန် မိနစ်အနည်းငယ် ပေးထားသည်။ ကလေးငယ်များအားလုံး အထိုင်ကျသွားသည့်အချိန်တွင် သင်က သင်တန်းကို ဆုတောင်းများဖြင့် ဖွင့်ရန် တိတ်ဆိတ်သည့် ဝန်းကျင်ကို အမိအရယူလိုက်သည်။ နောက်ထပ် မိတ်ဆက်ပေးသည့် လုပ်ဆောင်ချက်မှာ သီချင်းများ သီဆိုခြင်းဖြစ်သည်။ ၎င်းနောက် သူတို့အား သင်ခန်းစာ၏ အဓိကအကြောင်းအရာကို ချပြပြီး ကောက်နုတ်ချက်တစ်ခုကို အလွတ်ကျက်မှတ်ရန် ကလေးများအား ကူညီပေးသည်။ ထို့နောက် စောင့်မျှော်နေသည့် ဝန်းကျင်ကို ဖန်တီးပေးထားပြီး ကလေးများအား ဖြစ်ရပ်

တစ်ခုကို ပြောပြသည်။ ၎င်းပြီးသည့်နောက် ကစားနည်းတစ်ခုကို သူတို့ ကစားကြသည်။ ပြီးသွားသည့်အခါတွင် အရောင်ခြယ်စာရွက်များနှင့် ရောင်စုံခဲတံများ သို့မဟုတ် ခဲတံများကို ဝေပေးပြီး ပုံထဲတွင် အရောင်ကို ဂရုတစိုက်နှင့် ခြယ်ခိုင်းလိုက်သည်။ သင်တန်းကို အဆုံးသတ်ရန် ကလေးများကို ငြိမ်ငြိမ်ထိုင်ရန်နှင့် အသိမ်းဆုတောင်းများ ဖတ်ဖို့ သူတို့ကိုယ်တိုင်ကို ပြင်ဆင်ရန် အားပေးလိုက်သည်။ ထို့နောက် ၎င်းတို့ကို သင်နှင့် ကလေးအနည်းငယ်က ရွတ်ဖတ်ကြသည်။

လုပ်ဆောင်ချက်အစီအစဉ်ထဲတွင် ကျိုးကြောင်းဆီလျော်မှု ရှိပါသလား။ လုပ်ဆောင်ချက်များက ဤနည်းအတိုင်း အစီအစဉ်တကျရှိသည်ဟု အဘယ့်ကြောင့် သင် ထင်ပါသနည်း။

______________________________________________________________________

______________________________________________________________________

______________________________________________________________________

______________________________________________________________________

______________________________________________________________________

______________________________________________________________________

______________________________________________________________________

______________________________________________________________________

______________________________________________________________________

______________________________________________________________________

# အခန်း (၁၅)

အထက်တွင် သင်တို့ ဆွေးနွေးပြီး ဖြစ်နိုင်သည့်အတိုင်း ကလေးများသည် သင်တန်းကို ငြိမ်ငြိမ်ဆိမ်ဆိမ်ဖြင့် နေဖို့ မလာပေ။ ထိုသို့ ငြိမ်သွားအောင်လုပ်ရန်မှာလည်း သင်၏ ရည်ရွယ်ချက်မဟုတ်ပေ။ သင်တို့သည် သူတို့၏ ပင်ကိုယ်သဘာဝစွမ်းအင်ကို အခွင့်ကောင်းအနေနဲ့ ရယူပြီး ၎င်းကို သင်ယူမှုဘက်ကို ပြောင်းဖို့ ကြိုးစားရမည်။ ဤသို့လုပ်ရန်အတွက် ငြိမ်သက်သည့် အခိုက်အတန့်များ၊ လုပ်ဆောင်ချက် လုပ်ရမည့်အချိန်များနှင့် လှုပ်လှုပ်ရှားရှား လုပ်ရမည့်အချိန်များကို စီမံထားရန် လိုအပ်လိမ့်မည်။ ထိုကိစ္စရပ် အားလုံးတွင် အစီအစဉ်တကျ စီစဉ်ခြင်းမှာ အခြေခံ လိုအပ်ချက်ဖြစ်သည်။ သင်တန်းကို ကောင်းစွာစီစဉ်ထားသည့်အခါ အာရုံစိုက်ပြီး သင်ယူစေရန် ကလေးများအတွက် လွယ်ကူစေသည်။ ဤအချက်နှင့်ပတ်သက်ပြီး အနည်းဆုံး အောက်ပါသုံးချက်ကို စဉ်းစားထားပါက အကျိုးရှိလှသည်။

၁။ သင်တန်းချိန်တစ်ခုစီကို ရှင်းရှင်းလင်းလင်းရှိပြီး ရှေ့နောက်ချိတ်မိသည့် နည်းဖြင့် အစပြုသင့်ပြီး အစီအစဉ်တကျဖြစ်သည့် နည်းလမ်းဖြင့် အဆုံးသတ်သင့်သည်။

၂။ လုပ်ကိုင်ပုံလမ်းကြောင်းကို ချထားဖို့ လိုအပ်သည်။ သို့မှသာ ကလေးများက ဘယ်လုပ်ဆောင်ချက်ပြီးလျှင် ဘယ်လုပ်ဆောင်ချက် လာတော့မည်ကို သိထား၍ သူတို့ ဘာကို မျှော်နေတယ်ဆိုတာ နည်းနည်းချင်း သိလာလိမ့်မည်။

၃။ လုပ်ဆောင်ချက်တစ်ခုစီအတွက် ပေးသည့်အချိန်မှာ အတိုးအလျှော့ရှိသင့်ပြီး ကလေးများ၏ စိတ်အားထက်သန်မှုနှင့် ခံနိုင်ရည်(စွမ်းအင်)တို့အပေါ် မူတည်သည်။

ရှေ့ဘက်အခန်းရှိ ဖော်ပြချက်ထဲတွင် သိမှတ်ခဲ့သည့်အတိုင်း သင်တန်းချိန်တိုင်းတွင် ကလေးများဆောင်ရွက်မည့် လုပ်ဆောင်ချက်များမှာ အောက်ပါအတိုင်း ဖြစ်သည်-

က ။ ဆုတောင်းပတ္ထနာများ ရွတ်ဖတ်ခြင်းနှင့် အလွတ်ကျက်မှတ်ခြင်း

ခ ။ သီချင်းများ သီဆိုခြင်း

ဂ ။ ဘဟာအီကျမ်းဓမ္မခန်များထဲမှ ကောက်နုတ်ချက်များကို သင်ယူခြင်းနှင့် အလွတ်ကျက်မှတ်ခြင်း

ဃ ။ ဖြစ်ရပ်(မှန်)များကို နားထောင်ခြင်း

င ။ ကစားနည်းများ ကစားခြင်း

စ ။ ပုံများတွင် အရောင်ခြယ်ခြင်း

ဆ ။ အသိမ်းဆုတောင်းများ ရွတ်ဖတ်ခြင်း

ဤလုပ်ဆောင်ချက်များမှာ သူတို့ အားစိုက်ရသည့်အဆင့်နှင့် လိုအပ်သည့် လှုပ်ရှားမှုဒီဂရီအတိုင်းအတာမှာ ပင်ကိုယ်အားဖြင့် ခြားနားဟန်ရှိသည်။ အချို့မှာ အလွန်တက်တက်ကြွကြွ လုပ်ရပြီး အခြားအရာများမှာ ပို၍ ငြိမ်ငြိမ်လုပ်ရသည်။

ဤလုပ်ဆောင်ချက် ခုနစ်ခုထဲတွင် မည်သည့်လုပ်ဆောင်ချက်များက အလှုပ်ရှားရဆုံးထဲတွင် ပါသနည်း။

________________________________________

________________________________________

________________________________________

________________________________________

မည်သည့် လုပ်ဆောင်ချက်များက ပိုပြီး ငြိမ်သက်သည့် လုပ်ဆောင်ချက်များ ဖြစ်သနည်း။

________________________________________

________________________________________

________________________________________

________________________________________

အစီအစဉ်တကျဖြစ်သည့် ဝန်းကျင်ကို ရေရှည်ထိန်းထားရေးအတွက် ဆရာအပေါ်တွင် မဖြစ်မနေ တောင်းဆိုထားချက်အချို့ ရှိသည်။ အောက်ပါတို့အနက် မည်သည်တို့က ဆန္ဒရှိသည့် ဝန်းကျင်ကို ဖြစ်စေပြီး မည်သည်တို့က ၎င်းကို အဟန့်အတားဖြစ်ပါသနည်း။ ၎င်းတို့ကို "ဖ" သို့မဟုတ် "ဟ" ဟု လိုက်ဖက်စွာ သတ်မှတ်ပါ။

_______ သင်တန်းလုပ်သည့်နေရာမှာ သန့်သန့်ရှင်းရှင်းရှိ၍ အစီအစဉ်တကျရှိသည်

_______ ဘယ်လို အခြေအနေတွေပဲဖြစ်ပစေ တည်တည်ငြိမ်ငြိမ်နှင့် စိတ်ရှည်ထားသည်

_______ ကလေးများက ညွှန်ကြားချက်များကို နားမထောင်သည့်အခါ မိမိ၏ စိတ်ရှည်မှု ပျောက်သွားသည်

_______ လုပ်ဆောင်ချက်တစ်ခုစီအတွက် သင်ထောက်ကူများကို ကြိုတင်၍ ပြင်ဆင်ထားသည်

_______ ကလေးများက စောင့်နေချိန်မှာ သက်ဆိုင်ရာ လုပ်ဆောင်ချက်အတွက် လိုအပ်သည့် အထောက်အကူပစ္စည်းများကို နေရာတကာ ရှာဖွေသည်

_______ လုပ်ဆောင်ချက်တစ်ခုစီအတွက် ကလေးများ ဘာကို လုပ်ဖို့ ရည်ရွယ်ထားသည်ကို ရှင်းရှင်းလင်းလင်း ရှင်းပြသည်

_______ သူတို့ လုပ်ရမည့်အလုပ်များကို စောစောပြီးသွားသည့် ကလေးများအတွက် သူတို့မှာ တစ်ခုခု လုပ်စရာရှိနေစေရန် အခြားသော လုပ်ဆောင်ချက်များကို အဆင်သင့် လုပ်ထားသည်

_______ လုပ်ဆောင်ချက်တစ်ခုမှ အခြားတစ်ခုကို ပြောင်းရာတွင် အစီအစဉ်တကျ အနေအထားမျိုးဖြစ်အောင် ကလေးများကို ကူညီပေးထားသည်

_______ စာအုပ်ထဲမှ ပုံပြင်ကို ကလေးများအား ဖတ်ပြသည်

_______ ကလေးများကို စိတ်အားထက်ထက်သန်သန်နှင့် သက်တောင့်သက်သာဖြင့် ပြောပြ နိုင်စေရန် ဖြစ်ရပ်မှန်ကို ပိုပြီး ကောင်းစွာသင်ယူထားသည်

# အခန်း (၁၆)

သင်တန်းတွင် စည်းကမ်းကျန၍ အစီအစဉ်တကျဖြစ်သည့် ဝန်းကျင်ကို ပုံဖော်ဖို့ ကြိုးစားရာတွင် သင်တို့အနေဖြင့် အချို့သော အပြုအမူစံနှုန်းများကို ချထားဖို့ လိုလိမ့်မည်။ ဤအကြောင်းနှင့်ပတ်သက်ပြီး ပထမသီတင်းပတ်အနည်းစုမှာ အထူး အရေးပါလိမ့်မည်။ ဤကနဦးကာလတွင် ချထားသည့် မျှော်မှန်းချက် မှန်သမျှသည် တစ်နှစ်လုံးတွင် ဆက်ထိန်းထားဖို့ ဖြစ်နိုင်ပုံပေါ်သည်။ အစပိုင်းတွင် ဆရာအနေဖြင့် အပြုအမူ စံနှုန်းများစွာကို ရွေးထား၍ တစ်ကြိမ်လျှင် သုံးလေးခုထက်မပိုဘဲ ၎င်းတို့ကို ရိုးရှင်းသည့် အသုံးအနှုန်းဖြင့်

ကလေးများအား ရှင်းပြသင့်သည်။ "တို့ကိုယ်တိုင်က အပြုအမူကောင်းကောင်း နေပြရမယ်" ဆိုတဲ့ ယေဘုယျ ဆန်လွန်းသည့် စံနှုန်းများက သူတို့အတွက် များစွာ အထောက်အကူမဖြစ်စေဘဲ "စကားပြောတဲ့အခါ တို့ အလှည့်ကျပြောရမယ်" ဆိုတဲ့ဟာမျိုးတွေက နားလည်ဖို့ အတော်လွယ်ကူသည်။ အောက်ပါ ဖော်ပြချက် များတွင် ချပြထားသည့် စံနှုန်းများကို သင့်အဖွဲ့ဝင်များနှင့် ဆွေးနွေးပြီး စာရင်းထဲတွင် အနည်းငယ် ထပ်ဖြည့်ပါ။

က ။ ကစားနည်းကစားတဲ့အခါ တစ်ဦးနဲ့တစ်ဦး ကူညီပေးရမယ်။

ခ ။ တို့တွေ စည်းစည်းလုံးလုံးရှိပြီး ရန်မဖြစ်ကြရဘူး။

ဂ ။ တို့သင်တန်းမှာ သူငယ်ချင်းအသစ်တွေကို ကြိုဆိုရမယ်။

ဃ ။ စကားပြောတဲ့အခါ အချင်းချင်းရော၊ တို့ ဆရာကိုရော နားထောင်ကြရမယ်။

င ။ တစ်ယောက်နဲ့တစ်ယောက် ကြင်နာတဲ့ နှုတ်လျှာနဲ့ စကားပြောရမယ်။

စ ။ ကိုယ် စကားပြောမဲ့ အလှည့်ကို စောင့်ရမယ်။

ဆ ။ တို့တွေရဲ့ ရောင်စုံခဲတံတွေကို အချင်းချင်း မျှပေးရမယ်။

ဇ ။ တို့လုပ်ရမဲ့ တာဝန်တွေကို ပြီးအောင်လုပ်ဖို့ ကြိုးစားရမယ်။

ဈ ။ ________________________________________

ည ။ ________________________________________

ဋ ။ ________________________________________

ဌ ။ ________________________________________

အထက်ပါကဲ့သို့ ရိုးရိုးရှင်းရှင်း ရေးထားသည့် စာကြောင်းများဖြင့် အပြုအမူနှင့်ဆိုင်သည့် မျှော်မှန်းချက် များကို ကလေးများနှင့် ဆွေးနွေးနိုင်ပြီး ထိုရေးသားချက်များကို သူတို့နှင့် ပုံမှန် ရွတ်ဆိုနိုင်သည်။ ဤနည်းဖြင့် ထိုစံနှုန်းများမှာ ကလေးများ ဖြစ်ချင်သည့် စံနှုန်းများအဖြစ် ရင်ထဲထည့်ထားနိုင်၍ တင်းတင်းကြပ်ကြပ် ချထားသည့် စည်းကမ်းများအဖြစ် မမှတ်ယူတော့ပေ။ ထိုကဲ့သို့ မျှော်မှန်းချက်အစုလိုက်နှင့် သူတို့အကျွမ်းတဝင် ဖြစ်လာသည့်အခါ ဆရာဖြစ်သူက တစ်ကြိမ်တည်းနှင့် များစွာကို ထပ်ထည့်ဖို့ ရှောင်ရှားရမည်ကို သတိရလျက် အခြားမျှော်မှန်းချက်များကို မိတ်ဆက်ပေးနိုင်သည်။ (၎င်းနှင့်ပတ်သက်၍) သင်တန်းတစ်ခုအတွင်း အခက်အခဲ တစ်ခုခု ပေါ်ပေါက်လာပါက ၎င်းအခက်အခဲကို ဖော်ပြသည့် ရိုးရိုးရှင်းရှင်း စာကြောင်းအချို့ကို ဖွဲ့ရာတွင် သူတို့ကို ကူညီပေးနိုင်သည်။ ထိုကဲ့သို့ ဖြစ်ရပ်များတွင် ဆရာက တည်တည်ကြည်ကြည်၊ စွဲစွဲမြဲမြဲနှင့် တစ်ချိန်တည်းတွင် တရင်းတနှီး၊ နူးညံ့မှုအပြည့်ဖြင့် ဖြစ်ရမည်။

# အခန်း (၁၇)

အခန်း ၈ တွင် အဆင့် ၁ သင်ခန်းစာများရှိ ကဏ္ဍမျိုးစုံ၏ ထူးခြားမှုကို အတိုချုပ် လေ့လာဆန်းစစ်ခဲ့ပြီး ထိုတစ်ခုစီက ချီးကျူးထိုက်သည့် ကိုယ်ကျင့်စာရိတ္တအား မည်သို့ ဖြစ်စေသည်ကို ဆွေးနွေးခဲ့ကြသည်။ အကြံပြုထားသည့် လုပ်ဆောင်ချက်များထဲတွင် ကလေးများ ဆောင်ရွက်ရာ၌ သင်တို့ လုပ်နိုင်မည့် ချဉ်းကပ်နည်းအချို့ကို ဤအခန်းနှင့် နောက်လာမည့် ခုနစ်ခန်းတွင် ကျွန်ုပ်တို့ စဉ်းစားကြပြီး ၎င်းတို့ကို အလွတ်ကျက်မှတ်ခြင်းဖြင့် အစပြုမည်။

ကျမ်းဓမ္မခန်များထဲမှ ဆုတောင်းပဋ္ဌနာများနှင့် ကောက်နုတ်ချက်များကို အလွတ်ကျက်မှတ်ခြင်းသည် သင်တို့ သင်ကြားမည့် သင်ခန်းစာများအတွက် အဓိကကျပြီး သင်တန်းချိန်တိုင်းတွင် ဆုတောင်းပဋ္ဌနာများကို အလွတ်ရွတ်ဆိုမည့် သူတို့၏ ကြိုးပမ်းအားထုတ်မှုများနှင့် အသစ်တစ်ပုဒ်ကို အလွတ်ကျက်မှတ်ရာတွင် ကလေးများအား ကူညီပေးရလိမ့်မည်။ ဤလုပ်ဆောင်ချက်ကို သူတို့ လုပ်ရာတွင် မည်ကဲ့သို့ ကူညီပေးရမည်ကို မဆွေးနွေးခင် ကလေးများအား မြင့်မြတ်သော နှုတ်ကပါဌ်တော်ကို အလွတ်ကျက်မှတ်ရာတွင် ကူညီပေးဖို့ ကြိုးစားရာတွင် ဘေးချထားသင့်သည့် ဘုံတူ တလွဲမှတ်ယူမှုအကြောင်း စကားနည်းနည်း ပြောသင့်သည်။

သင်ကြားမှု စတင်သည့်အခါ သင်တို့အနေဖြင့် “ကလေးတွေဟာ အကြောင်းအရာတွေကို ထပ်ခါထပ်ခါ မဆိုသင့်ဘူး”၊ “သူတို့ကိုယ်တိုင်ရဲ့ အယူအဆတွေကို ပြောပြတတ်ဖို့ သင်ယူသင့်တယ်”၊ “ပကတိ အချက်အလက်တွေနဲ့ သတင်းအချက်အလက်တွေကို ကြက်တူရွေးလို မလုပ်သင့်ဘူး” စတာတွေကို ကြားမိကောင်းကြားမိထားမည် သို့မဟုတ် ကြားကောင်းကြားနိုင်ပါသည်။ တကယ်တွင် ကြက်တူရွေးကဲ့သို့ သင်ယူမှုနှင့်ပတ်သက်၍ ဝေဖန်ထားမှုမှာ ပျံ့နှံ့လွန်းလှသဖြင့် ဤအယူအဆများမှာ ကမ္ဘာ့နေရာစုံတွင် ပိုပိုပြီး ကျယ်ပြန့်လာနေသည်။ လူတစ်ဦးက သင်္ချာထဲမှ အီကွေးရှင်းတစ်ကြောင်း၊ ရူပဗေဒထဲမှ နိယာမတစ်ခု၏ အဓိပ္ပါယ်ဖွင့်ဆိုမှု သို့မဟုတ် စာပေထဲမှ စကားပြေ၏ တစ်စိတ်တစ်ပိုင်းကို နည်းနည်း သို့မဟုတ် ဘာနားလည်မှုမှမပါဘဲ အလွတ်ကျက်မှတ်နိုင်သည်။ သို့သော် သင့်ကိုယ်သင် ဤသို့ မေးသင့်သည်- နက်နဲသည့် ဖော်ပြချက်တစ်ခုနှင့် ၎င်း၏ အဓိပ္ပါယ်အပေါ် နားလည်မှုတို့ကို အလွတ်ကျက်မှတ်ခြင်းမှာ တစ်ခုနှင့်တစ်ခု အဘယ့်ကြောင့် ဆန့်ကျင်ဘက်ထားသင့်ပါသနည်း။ မှတ်ဉာဏ်ဆိုသည်မှာ သိနားလည်မှု၊ အတွေးအခေါ်နှင့် စဉ်းစားတွေးခေါ်မှုဆိုသည့် ပါဝါများကဲ့သို့ပင် လူ့စိတ်၏ ပါဝါပင် ဖြစ်သည်။ သူတို့အားလုံးက တစ်ခုနှင့်တစ်ခု အပြန်အလှန်အားဖြည့်ပေးပြီး အကျိုးပြုကြသည်။ ဘုရားသခင်၏ နှုတ်ကပါဌ်တော်ကို အလွတ်ကျက်မှတ်ခြင်းသည် လူ့နှလုံးသားနှင့် စိတ်ခါတ်တို့ကို ပြန်လည်ဖန်တီးပေးရန်အတွက် ၎င်း၏ အဆုံးမရှိ အလားအလာကောင်းများနှင့်အတူ ကလေးများတွင် အသိဉာဏ်ပညာနှင့် နားလည်မှုတို့ကို မည်မျှများစွာ မြှင့်တင်ပေးမည်ကို ကျွန်ုပ်တို့ စဉ်းစားကြည့်ရှုသာကြည့်နိုင်သည်။ နောက်ပိုင်းတွင် ကြီးထွားဖွံ့ဖြိုးမှု အဆင့်အမျိုးမျိုးကို သူတို့ ဖြတ်သန်းသည့်အခါ သူတို့ အလွတ်ကျက်မှတ်ထားသည့် စာပိုဒ်များမှနေ၍ သစ်သစ်လွင်လွင် ထိုးထွင်းအမြင်များကို ရရှိကြပြီး သူတို့ ဘဝများတစ်လျှောက်တွင် ဘုရားသခင်၏ ဖန်တီးဖြစ်တည်ပေးသော၊ အားသစ်ပေးသော၊ အသွင်ပြောင်းလဲစေသော နှုတ်ကပါဌ်တော် တန်ခိုးစွမ်းအားများကို အသုံးချနိုင်ကြလိမ့်မည်။

ဘုရားသခင်၏ နှုတ်ကပါဌ်တော်ကို အလွတ်ကျက်မှတ်ခြင်းသည် ကလေးများ၏ စိတ်များနှင့် နှလုံးသားများထဲတွင် ဝိညာဏအသိပညာ မျိုးစေ့များကို မြဲမြဲမြံမြံ စိုက်ပျိုးပေးရာတွင် အထောက်အကူ ဖြစ်သည်ကို ဆရာများအတွက် နားလည်လက်ခံထားဖို့ အဘယ့်ကြောင့် အရေးကြီးသည်ကို သင်တို့ အဖွဲ့ဝင်များနှင့်အတူ ဆွေးနွေးပါ။ ထိုမျိုးစေ့များမှာ အချိန်တိုင်လာလျှင် အရသာရှိသည့် အသီးများ သီးပွင့်လာလိမ့်မည်။

## အခန်း (၁၈)

အထက်ပါ စဉ်းစားသုံးသပ်ချက်ကို စိတ်ထဲထား၍ သင့် ကျောင်းသားများအား ကျမ်းစေ့ခန်းများထဲမှ စာပိုဒ်များကို အလွတ်ကျက်မှတ်ရာတွင် မည်သို့ ကူညီပေးမည်ဆိုတာကို နမူနာအနေနှင့် သင်ခန်းစာ ၁ မှ ကောက်နုတ်ချက်ကို စဉ်းစားကြည့်ကြပါစို့။ စတင်ဖို့အတွက် သင်ခန်းစာက အလေးပေးထားသော ဝိညာဏ အရည်အသွေး၏ ထူးခြားချက်ထဲတွင် ကနဦးထိုးထွင်းအမြင်အချို့ ရစေရန် သူတို့အား ကူညီပေးချင်လိမ့်မည်။ ဤရည်ရွယ်ချက်အတွက် သင်တို့ အသုံးချနိုင်ရန် မိတ်ဆက်ဖော်ပြချက်တို တစ်ခုကို ပေးထားသည်။ ထို့နောက် ထိုအထဲတွင်ပါသည့် ခက်ခဲသော စကားလုံးများကို ရွေးထုတ်ခြင်းနှင့် ကလေးများ လွယ်လင့်တကူ ခွဲခြားနိုင်စေမည့် အခြေအနေများကို အသုံးပြုခြင်းဖြင့် ကောက်နုတ်ချက်၏ အဓိပ္ပါယ်အပေါ် ပထမဆုံးအခြေခံ နားလည်မှုရအောင် သူတို့အား ကူညီပေးဖို့ သင်တို့ကို တိုက်တွန်းပါသည်။ ဖြူစင်သန့်ရှင်းခြင်း၏ အရည်အသွေး အကြောင်းကို ဖော်ပြထားသော သင်ခန်းစာ ၁ ရှိ ဤချဉ်းကပ်နည်းကို စဉ်းစားကြည့်ပါ။

> ကျွန်ုပ်တို့၏ နှလုံးသားများသည် မှန်ကြေးမုံများနှင့် တူကြသည်။ ၎င်းတို့ကို အမြဲတမ်း သန့်ရှင်း စင်ကြယ်အောင် ပြုလုပ်ထားရမည်။ တစ်ယောက်ယောက်ကို မလိုမုန်းတီးခြင်း၊ တစ်ယောက်ယောက်ကို မနာလိုခြင်းနှင့် ဘယ်သူ့ကိုမဆို ဘယ်လိုအကြောင်းကြောင့်ဖြစ်ဖြစ် မကြင်နာခြင်း စသည်တို့သည် ကျွန်ုပ်တို့ မှန်ကြေးမုံ၏တောက်ပမှုကို ဖုံးအုပ်သွားစေသည်။ ကျွန်ုပ်တို့ နှလုံးသားများက သန့်စင်သည့်အခါ ဘုရားသခင်၏ အလင်းရောင်ကို ထင်ဟပ်ကြ၍ ကြင်နာခြင်း၊ ချစ်ခြင်းမေတ္တာနှင့် ပေးကမ်းရက်ရောခြင်း စသည့် အရှင်၏ ဂုဏ်အင်လက္ခဏာ များကို ရောင်ပြန်ဟပ်ကြသည်။ ထို့ပြင် အခြားသူများကို ပျော်ရွှင်စိတ်ချမ်းမြေ့စေမည့် အကြောင်းရင်းခံ ဖြစ်လာကြသည်။ နှလုံးသားများကို အမြဲ သန့်စင်ကြည်လင်စေရန် ဘဟာအွလ္လာဘုရားရှင်၏ အောက်ပါကျမ်းစာပိုဒ်ကို အလွတ်ကျက်မှတ်ကြပါစို့။
>
> **“အို- နာမ်ဝိညာဉ်၏သား ငါအရှင်၏ ပထမသြဝါဒကား ဖြူစင်သန့်ရှင်း၍ သနားကြင်နာပြီး လင်းဝင်းထွန်း တောက်သော စိတ်နှလုံးထားလော့. . .။”**

### *သြဝါဒ*

၁။ တစ်နေ့တွင် ဂျရက်နှင့် မေရီတို့သည် ရုပ်ပုံများကို အရောင်ခြယ်နေခဲ့ကြသည်။ ဂျရက်တွင် အဝါရောင် လိုနေသော်လည်း၊ မေရီက သူ့ကိုမပေးချင်ပေ။ ဆရာက မျှဝေသုံးစွဲသင့်သည်ဟု မေရီ ကို ပြောခဲ့သည်။ ဆရာသည် ကောင်းသည့် သြဝါဒကို ပေးခဲ့သည်။

၂။ ပက်ထရီစီယာသည် သူ့ ပိုက်ဆံနှင့် ဘီစကွတ်မုန့် ဝယ်စားရမည်လား၊ ပုံပြင်စာအုပ် ဝယ်ရမည်လား ဆိုသည်ကို ဆုံးဖြတ်ရတော့မည်။ သူ့ မိဘတွေက ပုံပြင်စာအုပ်ဝယ်ဖို့ အကြံပေးခဲ့သည်။ သူ့ မိဘတွေက ကောင်းသည့် သြဝါဒကို ပေးခဲ့သည်။

### *ပိုင်ဆိုင်ထားသည်*

၁။ တင်နုရီသည် အိပ်ရာမဝင်မီ ဆုတောင်းဖတ်ခြင်းကို နှစ်သက်သည်။ သူ့တွင် ဖတ်ဖို့ ဆုတောင်းစာအုပ်သေး တစ်အုပ်ရှိသည်။ ထို့ကြောင့် တင်နုရီသည် ဆုတောင်း စာအုပ် အသေးလေးကို ပိုင်ဆိုင်ထားသည်။

၂။ ကျနော်တို့ ဥယျာဉ်ထဲမှာ စားလို့ ကောင်းတဲ့ ဟင်းသီးဟင်းရွက်ပင်တွေ အများကြီး စိုက်ထားတယ်။ ဒါ့ကြောင့်မို့ လတ်ဆတ်တဲ့ ဟင်းသီးဟင်းရွက်တွေ ပေးတဲ့ မြေကွက်ကောင်းကောင်းကို ကျနော်တို့ ပိုင်ဆိုင်ထားတယ်။

### *ဖြူစင်သန့်ရှင်းသောနှလုံးသား*

၁။ ကေသီသည် ဒေါသထွက်ပြီး အငေါ့ကို အော်ထည့်လိုက်သည်။ အငေါ့က ဝမ်းနည်း သွားသော်လည်း ချက်ချင်းပင် ကေသီကို ခွင့်လွှတ်လိုက်လေသည်။ အငေါ့တွင် ဖြူစင်သန့်ရှင်းသော နှလုံးသားကို ပိုင်ဆိုင်ထားသည်။

၂။ ဂတ်စ်တာဗိုသည် သူ၏ဘီစကွတ်များကို ကလေးများအား မျှဝေပေးသည်။ သူ့အား ခဲများနှင့် ပေါက်သော ဂျော်ကီ ကိုပင် ကျွေးသည်။ ထို့ကြောင့် ဂတ်စ်တာဗိုသည် ဖြူစင်သန့်ရှင်းသော နှလုံးသားကို ပိုင်ဆိုင်ထားသည်။

### *ကြင်နာတတ်သောနှလုံးသား*

၁။ သူ့မိဘတွေက မိတ်ဆွေတွေကို သူတို့အိမ်ကို ဖိတ်တဲ့အခါ မီလင်းက သူတို့ကို အစားအသောက်တွေနဲ့ ဝမ်းပမ်းတသာ ဧည့်ခံကျွေးသည်။ ထို့ကြောင့် မီလင်းသည် ကြင်နာတတ်သော နှလုံးသားကို ပိုင်ဆိုင်သည်။

၂။ မစ္စတာ ရောဘတ်ဆန်သည် အလွန်အိုမင်းလာပြီ။ ထို့ကြောင့် ဂျင်မီသည် အဖိုး၏ သစ်သီးခြံမှ ဆွတ်ခူးထားသော သစ်သီးများကို ဈေးသို့ရောက်သည့်တိုင် သယ်ပို့ လေသည်။ ဂျင်မီသည် ကြင်နာတတ်သော နှလုံးသားကို ပိုင်ဆိုင်ထားသည်။

*လင်းဝင်းထွန်းတောက်သော နှလုံးသား*

၁။ ကျနော် ဝမ်းနည်းသည့်အခါ ကျနော့် အမေက အားပေးပြီး ပျော်ရွှင်လာအောင် လုပ်ပေးလေ့ရှိသည်။ အမေ့မှာ လင်းဝင်းထွန်းတောက်သော နှလုံးသားကို ပိုင်ဆိုင်ထားသည်။

၂။ အိုဘူယာသည် နေမကောင်းဖြစ်၍ အိပ်ယာထဲတွင် အချိန်ပြည့်လှဲနေရသည်။ သူသည် ဝမ်းနည်း ပက်လက်ဖြစ်မနေဘဲ၊ ဆုတောင်းများများ ဖတ်ပြီး၊ ပျော်ရွှင်မှုကို ဆက်လက်ပြသ ခဲ့သည်။ အိုဘူယာသည် လင်းဝင်းထွန်းတောက်သော နှလုံးသားကို ပိုင်ဆိုင်ထားသည်။

သေချာသည်မှာ သင်တို့အနေဖြင့် စာအုပ်ထဲမှ မိတ်ဆက်ဖော်ပြချက်နှင့် ရှင်းပြသည့် စာကြောင်း များကို ဖတ်ရုံသာမဟုတ်ဘဲ ၎င်းတို့ကို သဘာဝကျသည့်နည်းဖြင့် သူတို့ကို ရှင်းပြရန်အတွက် ကောင်းကောင်း ကြိုတင်ပြင်ဆင်ထားဖို့ လိုအပ်လိမ့်မည်။

ကလေးများ အလွတ်ကျက်မှတ်ရမည့် ဆုတောင်းများအတွက် အလားတူ ချဉ်းကပ်မှုမျိုးကို လုပ်ဖို့ အကြံပြုပါသည်။ သို့သော် မည်သည့် စကားလုံးများ သို့မဟုတ် စကားစုများက ရှင်းပြဖို့ လိုအပ်နိုင်သည်ကို သင်တို့ ဆုံးဖြတ်ဖို့ ချန်ထားပါလိမ့်မည်။ ဤအကြောင်းနှင့်ပတ်သက်ပြီး ဂရုစိုက်ပြီး လုပ်ချင်ပါလိမ့်မည်။ ကလေးငယ်များအတွက် ဆုတောင်းပတ္ထနာများထဲမှပင် စကားလုံးများ၏ အဓိပ္ပါယ်ကို ရရှိစေရန် ခွင့်ပေးထား ခြင်းဖြင့် လုံလောက်သည့် အချိန်များလည်း ရှိသည်။ ကလေးများက သင်ခန်းစာ ၁ တွင် စပြီး သင်ယူကြသည့် အောက်ပါ ဆုတောင်းပတ္ထနာကို ဥပမာအနေနှင့် ကြည့်ပါ။ သူတို့အနေနှင့် "ဖြူစင်သန့်ရှင်းသော နှလုံးသား"နှင့် "ပုလဲ(ရတနာ)"တို့မှာ တန်ဖိုးရှိသည့် အရာတွေဆိုတာ လွယ်လင့်တကူ အသိအမှတ်ပြုကြလိမ့်မည်။ နောက်ဆုံးတွင် ဖြူစင်သန့်ရှင်းသော နှလုံးသားကို ဘုရားသခင်က ကျွန်ုပ်တို့အား ပေးထားသည်ကို နားလည်ရန် အတွက် "ချပေးထားသည်"ဆိုသည့် စကားလုံး၏ အဓိပ္ပါယ်ကို သူတို့ သိဖို့ လိုအပ်ကောင်း လိုအပ်လိမ့်မည်။ ဤရည်ရွယ်ချက်အတွက် မည်သည့် စာကြောင်းများကို သင်တို့ ရေးထားမည်နည်း။

**"ထိုအရှင်ကား ထာဝရဘုရားရှင် ဖြစ်တော်မူပေ၏။ အို ဘုရားသခင်၊ ကျွန်တော်မျိုး၏ ဘုရားသခင်၊ ကျွန်တော်မျိုးအပေါ်သို့ ပုလဲရတနာကဲ့သို့ ဖြူစင်သန့်ရှင်းသော နှလုံးသားကို ချပေးသနားတော်မူပါ။"**[၇]

____________________________________________________________

____________________________________________________________

____________________________________________________________

____________________________________________________________

____________________________________________________________

# အခန်း (၁၉)

သင်တို့၏ ကျောင်းသားများအား ဆုတောင်းပတ္ထနာများနှင့် ကောက်နုတ်ချက်များကို အလွတ်ကျက်မှတ်ရန် ကူညီပေးရာတွင် လုပ်နိုင်မည့် ချဉ်းကပ်မှုတစ်ခုကို ယခု စဉ်းစားကြည့်ပါစို့။ သင်တို့ လုပ်နိုင်သည်မှာ ထိုစာပိုဒ်ကို အပိုင်းသေးလေးများခွဲပြီး တစ်ကြိမ်တွင် ၎င်းတို့ကို သင်ယူနိုင်သည်။ ပထမအပိုင်းကို အလွတ်ကျက်မှတ်ပြီးနောက် ဒုတိယပိုင်းကို ထိုနည်းအတိုင်း ထပ်ထည့်ပြီး နောက်ဆုံး ကောက်နုတ်ချက်တစ်ခုလုံး သို့မဟုတ် ဆုတောင်းတစ်ပုဒ်လုံးကို အလွတ်ကျက်မှတ်ပြီးသည်အထိ စသဖြင့် ဆက်ပြီး လုပ်သွားနိုင်သည်။ ထိုအပိုင်းများကို သင်တို့ ဆိုပြီးနောက် ကလေးများအား တစ်ဦးချင်းဖြစ်စေ အခြားအချိန်များတွင် အဖွဲ့လိုက်ဖြစ်စေ ဆိုခိုင်းနိုင်သည်။

ဥပမာအားဖြင့် သင်ခန်းစာ ၁ ရှိ ကောက်နုတ်ချက်ကို သင့် ကျောင်းသားများအား သင်ပေးရာတွင် သင့်အနေဖြင့် "အို နာမ်ဝိညာဉ်၏သား!"ဟု စတင်ပြီးနောက် ကလေးများကို ၎င်းကို လိုက်၍ဆိုပါစေ။ ထို့နောက် "အို နာမ်ဝိညာဉ်၏သား!" နှင့် "ငါအရှင်၏ ပထမဩဝါဒကား" ပေါင်းဆိုပြီး သူတို့ကိုလည်း နှစ်ခုစလုံးကို ပေါင်းဆိုခိုင်းပါ။ နောက်ဆုံးတွင် သင်က "ဖြူစင်၍၊ သနားကြင်နာပြီး၊ လင်းဝင်းထွန်းတောက်သော စိတ်နှလုံး ထားလော့" ဆိုသည့် စကားလုံးများကို ထပ်ဖြည့်ရမည်။ ကလေးတစ်ဖွဲ့လုံးက ဤနည်းဖြင့် ကောက်နုတ်ချက် တစ်ခုလုံးကို သင်ယူပြီးသည့်အခါ သူတို့ထဲမှ ကလေးအနည်းငယ်ကို အလွတ်ရွတ်ဆိုရာတွင် ကူညီပေး နိုင်သည်။ သေချာသည်မှာ သင်တို့အနေဖြင့် ဤသို့ လေ့ကျင့်မှုကို သွက်သွက်လက်လက်ဖြင့် ဆောင်ရွက် ဖြစ်အောင် သေချာဖို့ လိုအပ်လိမ့်မည်။ ဤသို့ဖြင့် ကလေးများက အာရုံစူးစူးစိုက်စိုက်ရှိနေပြီး ပျော်စရာ ဝန်းကျင်ကိုလည်း ထိန်းထားလိမ့်မည်။ ထို့ပြင် သူတို့၏ စွမ်းရည်က တဖြည်းဖြည်း တိုးလာသည့်အခါ တစ်ကြိမ်တည်းနှင့် ဆုတောင်းထဲမှ ပိုရှည်သည့် အစိတ်အပိုင်းများနှင့် ကောက်နုတ်ချက်များ တစ်ခုလုံးကို အလွတ်ကျက်မှတ်နိုင်ကြလိမ့်မည်။

သင်တန်း၏ ဤအစိတ်အပိုင်းကို လက်တွေ့လုပ်သည့်အခါ မျှော်မှန်းထားဖို့ ခက်သည့် အချို့သော အခြေအနေများက သူ့ဟာနှင့်သူ ပေါ်ပေါက်လာနိုင်ပြီး ကိုယ်တွေ့ အတွေ့အကြုံအားဖြင့် ဤသည်တို့အား မည်သို့ ဖြေရှင်းမည်ကို သင်ယူကြရလိမ့်မည်။ သို့သော် သင်တို့ ကြိုတင်ပြင်ဆင်မှုများ၏ အစိတ်အပိုင်းအနေနှင့် သင်တို့ ကောင်းကောင်း စဉ်းစားထားရမည့် အချို့အခြေအနေများ ရှိပြန်သည်။ သင့်အဖွဲ့၏ အခြားအဖွဲ့ဝင် များနှင့်အတူ အောက်ပါ မေးခွန်းများကို ဆွေးနွေးပါ။

- သင်၏ သင်တန်း၌ ကလေးများပါက ကောက်နုတ်ချက်ကို အလွတ်ကျက်မှတ်ရန် သူတို့အား မည်သို့ ကူညီပေးမည်နည်း။
- ကလေးအချို့က ကျန်ကလေးများထက် ပိုပြီးမြန်မြန် အလွတ်ရပါက သင် မည်သည်ကို လုပ်မည်နည်း။
- ကလေးတစ်ယောက် သို့မဟုတ် ထို့ထက်ပိုသည့် ကလေးများက အလွတ်ကျက်မှတ်ရာတွင် အခက်အခဲရှိလျှင် သင် မည်သည်ကို လုပ်မည်နည်း။

- ကလေးတစ်ဦးက သင်တန်းချိန်အတွင်း ကောက်နုတ်ချက်တစ်ခုလုံးကို အလွတ်မကျက်မှတ်နိုင်ဘူးဆိုလျှင်ပင် သူ သို့မဟုတ် သူ(မ)က အောင်မြင်မှုစိတ်ခံစားမှုကို ရရှိခံစားသွားစေဖို့ မည်သို့ သင် သေချာအောင်လုပ်မည်နည်း။

## အခန်း (၂၀)

ကလေးများက သီချင်းဆိုဖို့ နှစ်သက်ကြသည်။ ကောက်နုတ်ချက်များ အလွတ်ကျက်မှတ်ခြင်း၏ ရှေ့ကလာသည့် ဤလုပ်ဆောင်ချက်သည် ပျော်စရာအကောင်းဆုံးထဲမှ တစ်ခုဖြစ်သည်။ ၎င်း အောင်မြင်ဖို့အတွက် အဓိကသော့ချက်မှာ လေ့ကျင့်ဖို့ပင်ဖြစ်သည်။ သင်ကိုယ်တိုင်က ၎င်းသီချင်းများကို ရသည့် တစ်ယောက်ယောက်နှင့် အတူသီဆိုထားသင့်ပြီး စည်းချက်နှင့် သံစဉ်တို့ကို အထူးအလေးထားသင့်သည်။ အသံသွင်းထားသည့် ထိုသီချင်းများကို သင်တို့ နားထောင်နိုင်ပါက မြန်မြန်ဆန်ဆန်ပင် သင်ယူနိုင်လိမ့်မည်။ သီချင်းများကို အလွတ်ရသွားသည်အထိ ထပ်ခါထပ်ခါ ကလေးများနှင့်အတူ သင်တို့ သီဆိုရလိမ့်မည်။ ကောက်နုတ်ချက်များကို အလွတ်ကျက်မှတ်ခဲ့သည့်နည်းအတိုင်း သီချင်းစာသားများကို အလွတ်ကျက်မှတ်နိုင်ပြီး ဤအကြိမ်တွင်မူ စာသားများကို သံစဉ်များနှင့် လိုက်၍ဆိုကြရသည်။ သင့် ကျောင်းသားများ၏ စွမ်းရည်အပေါ်မူတည်ပြီး အချို့သီချင်းများမှာ သူတို့အတွက် သီဆိုဖို့ ခက်ခဲလွန်းသည်ကို တွေ့နိုင်သည်။ ထိုကိစ္စရပ်မျိုးတွင် သင်က သီချင်းစာပိုဒ်များကို သီဆိုဖို့ ဖြစ်နိုင်ပြီး သင့် ကျောင်းသားများက သံပြိုင်ဆိုရသည့်အပိုဒ်ကို လိုက်ဆိုနိုင်ကြသည်။

# အခန်း (၂၁)

ကျွန်ုပ်တို့ စဉ်းစားမည့် နောက်ထပ်လုပ်ဆောင်ချက်မှာ ဖြစ်စဉ်ဖြစ်ရပ်များ ပြောပြခြင်းဖြစ်သည်။ အစောပိုင်းတွင် ဖော်ပြခဲ့သည့်အတိုင်း အဆင့် ၁ တွင် အသုံးပြုထားသည့် ဖြစ်စဉ်ဖြစ်ရပ်အများစုမှာ အဗ္ဗဒွလ်ဘဟာအရှင်မြတ်၏ ဖြစ်တော်စဉ်ထဲမှ ဖြစ်သည်။ ဤဖြစ်ရပ်များတွင် အထူးရည်ရွယ်ချက်ရှိထားသည်။ သူတို့ ရရှိဖို့ ကြိုးစားနေသည့် ဝိညာဏအရည်အသွေးများမှာ ပြီးပြည့်စုံသော စံနမူနာပြ အရှင်သူမြတ်က ဤကမ္ဘာမြေ မျက်နှာပြင်ပေါ်ဝယ် အရှင် ဘဝအသက်တာ နေ့ရက်များတစ်လျှောက် ပြည့်ပြည့်စုံစုံ ထင်ထင်ရှားရှား မည်သို့ ပြသထားခဲ့သည်ကို ကလေးများ မြင်နိုင်အောင် ၎င်းတို့က ကူညီပေးသည်။ ဤဖြစ်စဉ်ဖြစ်ရပ်များကို ပြောပြသည့်အခါ ဆရာတစ်ဦးက ပြသသည့် ရိုသေလေးစားမှုသည် သူတို့၏ နူးညံ့သောနှလုံးသားများထဲတွင် (ကောင်းကင်ဘုံဆိုင်ရာ) မြင့်မြတ်သော စိတ်ခံစားမှုများကို ထကြွသွားစေ၍ သူတို့၏ ဝိညာဏဆိုင်ရာ အာရုံခံစားမှုများကို နိုးကြားသွားစေသည်။

ကလေးများကို ပြောပြမည့် အဗ္ဗဒွလ်ဘဟာအရှင်မြတ်အကြောင်း ဖြစ်ရပ်များသည် တိုသော်လည်း ၎င်းတို့ကပေးသည့် ထိုးထွင်းအမြင်များမှာ နက်နဲလှသည်။ ထို့ကြောင့် ဖော်ပြထားသည့် အဖြစ်အပျက်များထက် ကျော်၍ ဝိညာဏပကတိအစစ်အမှန်ထဲတွင် လျှပ်တစ်ပြက်အမြင်ရစေရန် ကလေးများအား သင်တို့ ကူညီပေးချင်လိမ့်မည်။ ဤအကြောင်းနှင့်ပတ်သက်ပြီး သင်ခန်းစာ ၁ ထဲမှ ဖြစ်ရပ်ကို ဆန်းစစ်ကြည့်ကြပါစို့။

*အဗ္ဗဒွလ်ဘဟာအရှင်မြတ်သည် လူတစ်ယောက်၏ နှလုံးသားထဲတွင် ဘာရှိသည်ကို အမြဲတမ်း ပြောနိုင်ပြီး ဖြူဖြူစင်စင်နှင့် လင်းဝင်းသည့် နှလုံးသားရှိသူတွေကို အရှင်က လွန်စွာ ချစ်မြတ်နိုးလှသည်။ အဗ္ဗဒွလ်ဘဟာအရှင်မြတ်၏ ဧည့်သည်အဖြစ် ညစာစားဖို့ ဂုဏ်ပြုခံရသည့် အမျိုးသမီးကြီး တစ်ဦးရှိခဲ့သည်။ အရှင်ရဲ့ ဥာဏ်အမြော်အမြင် ပြည့်ဝတဲ့ စကားတွေကို ထိုင်ပြီး နားထောင်နေရင်း သူ့ရှေ့က ရေထည့်ထားတဲ့ ဖန်ခွက်ကို ကြည့်မိလိုက်ပြီး "အို! ဒီဖန်ခွက်ကို ရေဖြည့်သလိုမျိုး အဗ္ဗဒွလ်ဘဟာအရှင်မြတ်က ကျမ နှလုံးသားကို ယူလိုက်ပြီး အဲဒါကို လောက လိုအင်ဆန္ဒမှန်သမျှကနေ ကုန်စင်အောင် လုပ်ပြီးတော့ အဲဒါကို ဘုရားရှင်ရဲ့ ချစ်ခြင်းမေတ္တာ၊ သိနားလည်မှုတွေနဲ့ ပြန်ပြီးဖြည့်ပေးစေချင်လိုက်တာ"လို့ တွေးနေမိခဲ့သည်။*

*ဒီအတွေးက သူ့စိတ်ထဲက မြန်မြန်ပျောက်သွားပြီး အဲဒီအကြောင်းလည်း ဘာမှ မပြောဖြစ်ခဲ့။ သို့သော် သိပ်မကြာခင်မှာ သူ ဘာတွေးနေတယ်ဆိုတာကို အဗ္ဗဒွလ်ဘဟာအရှင်မြတ် သိတယ်ဆိုတဲ့အကြောင်း သူ့ကို နားလည်သွားစေတဲ့ဟာ တစ်ခုခု ဖြစ်ပေါ်ခဲ့တယ်။ အရှင့်ရဲ့ ပြောဟောချက် အလယ်လောက်မှာ အရှင်က အစောင့်တစ်ဦးကို ခေါ်လိုက်ပြီး သူ့ကို စကား အနည်းငယ် တိုးတိုးညင်သာစွာ ပြောလိုက်တယ်။ အစောင့်လည်း စားပွဲမှာရှိတဲ့ အမျိုးသမီး နေရာကို တိတ်တဆိတ်လာလိုက်သည်။ ထို့နောက် ဖန်ခွက်ကို ယူလိုက်ပြီး ရေကို သွန်ပြီးနောက် အဲဒါကို သူ(မ)ရှေ့မှာ ပြန်ချထားလိုက်သည်။*

*နည်းနည်းကြာသွားပြီးတဲ့အခါ အဗ္ဗဒွလ်ဘဟာအရှင်မြတ်က စကားဆက်ပြောနေရင်း စားပွဲပေါ်မှာရှိတဲ့ ရေကရားကို ယူပြီး သဘာဝကျလွန်းလှတဲ့နည်းနဲ့ အဲဒီအမျိုးသမီးရဲ့ ဘာမှ မရှိတော့တဲ့ ဖန်ခွက်ထဲကို ဖြည်းဖြည်းချင်း ရေပြန်ဖြည့်ပေးလိုက်သည်။ ဖြစ်ပျက်သွားသမျှကို မည်သူမှ သတိမထားလိုက်မိပေ။ သို့သော် အဗ္ဗဒွလ်ဘဟာအရှင်မြတ်က သူ့နှလုံးသား ဆန္ဒကို ဖြည့်ဆည်းပေးလိုက်တာကိုတော့ အမျိုးသမီးကြီးက သိလိုက်သည်။ နှလုံးသားတွေနဲ့ စိတ်တွေဟာ ကြီးမားတဲ့ ချစ်ခြင်းမေတ္တာ၊ ကြင်နာမှုတွေနဲ့ ဖတ်ရှုတဲ့ အဗ္ဗဒွလ်ဘဟာအရှင်မြတ် အတွက်တော့ ပွင့်နေတဲ့ စာအုပ်တွေလိုပဲ ဆိုတာကို အခုတော့ သူ သိရှိသွားတော့သည်။*

ဖြူစင်သန့်ရှင်းမှုသည် ဝိညာဏအရည်အသွေး ဆိုသည့်အကြောင်းကို ဤဖြစ်ရပ်က အမှန်တွင် သင်ခန်းစာ (၁) တစ်ခုလုံးက အလေးပေးထားသည်မှာ ရှင်းလှသည်။ အောက်ပါမေးခွန်းများအားဖြင့် သင်၏ ပြောပြချက်က ဤအရည်အသွေးအပေါ် ကျောင်းသားများ၏ နားလည်မှုကို မည်သို့ မြင့်မားစေ၍ ၎င်းအတွက် ကြိုးစားအားထုတ်ရမည်ဆိုသည့် အဓိပ္ပါယ်အပေါ် နားလည်မှုကို မည်သို့ အားကောင်းစေမည့်အကြောင်း စဉ်းစားရာတွင် အထောက်အကူပေးပါလိမ့်မည်။

၁။ ကလေးများအနေဖြင့် အဗ္ဗဒူလ်ဘဟာအရှင်မြတ်ရဲ့ ဥဒ္ဓသည်က ဖြူစင်သန့်ရှင်းတဲ့ နှလုံးသား ရရှိဖို့ ဆန္ဒပြင်းပြနေတယ်ဆိုတာကို အသိအမှတ်ပြုလာဖို့ အရေးကြီးလိမ့်မယ်။ ဒီပြင်းပြတဲ့ ဆန္ဒနဲ့ ဥဒ္ဓသည်ရှေ့မှာရှိတဲ့ ရေဖန်ခွက်အကြား ဖြစ်ရပ်ထဲမှာ အဆက်အစပ်က ဘာလဲ။

၂။ ဖြူစင်သန့်ရှင်းမှုကို ရရှိဖို့ ဖန်ခွက်ထဲက ရေကို အကုန်သွန်လိုက်ပြီး ပြန်ဖြည့်ပေးသလိုပဲ တို့တွေ ကိုယ်တိုင်ကနေ မထိုက်တန်တဲ့ အတွေးအခေါ်တွေနဲ့ ခံစားမှုတွေကို ဖယ်ထုတ်ပစ်ရမယ်။ ဒါမှပဲ ဘုရားသခင်က ချစ်ခြင်းမေတ္တာ၊ ပေးကမ်းရက်ရောမှုနဲ့ ကြင်နာမှုဆိုတဲ့ အရည်အသွေးတွေကို တို့တွေရဲ့ နှလုံးသားထဲကို ဖြည့်ပေးနိုင်လိမ့်မယ်။ ဘုရားရှင့် မြင်ကွင်းရှေ့ကနေ ဘာကိုမှ ဖုံးကွယ်ထားလို့ မရဘူးဆိုတာ တို့တွေ သိထားပြီးသားပါ။ ဒီနားလည်မှုက ဖြူစင်သန့်ရှင်းဖို့အတွက် တို့တွေရဲ့ ကြိုးပမ်းအားထုတ်မှုတွေကို ဘယ်လို အကူအညီပေးသလဲ။

သင့်အဖွဲ့၏ အခြားအဖွဲ့ဝင်များနှင့်အတူ ဤမေးခွန်းများကို ဆွေးနွေးပြီး သင်၏ အတွေးအခေါ်အချို့ကို ဤနေရာတွင် ချရေးပါ။

________________________________________

________________________________________

________________________________________

________________________________________

________________________________________

________________________________________

________________________________________

________________________________________

________________________________________

ဤအဆင့် (၁)တွင် အဗ္ဗဒူလ်ဘဟာအရှင်မြတ်၏ အသက်တာနှင့် မသက်ဆိုင်သော်လည်း ဝိညာဏ အရည်အသွေးများ၏ ထူးခြားပုံကို ဖော်ပြသည့် (ပုံပြင်)ဖြစ်ရပ်အနည်းငယ် ပါရှိသည်။ ကလေးများအနေဖြင့် ဤအရည်အသွေးများကို ပြသခြင်း၏ ဆုလာဘ်နှင့် ၎င်းတို့ကို လျစ်လျူရှုခြင်း၏ အကျိုးဆက်တို့ကို ထိုဖြစ်ရပ်များထဲတွင် တွေ့မြင်နိုင်သည်။ ဥပမာအားဖြင့် သင်ခန်းစာ (၄)တွင်ပါသည့် ဝံပုလွေဟု အော်သော သိုးကျောင်းသားပုံပြင်သည် ယဉ်ကျေးမှုများစွာတွင် ကောင်းကောင်းသိထားပြီး လိမ်ညာခြင်း၏ အကျိုးဆက်ကို သရုပ်ပြထားသည်။ ဤနည်းဖြင့် အမှန်ပြောဆိုခြင်းဆိုသည့် အရည်အသွေးထဲတွင် ထိုးထွင်းအမြင်ကို ရရှိစေသည်။ ကလေးများသည် ဤဖြစ်ရပ်ပုံပြင်များထဲတွင် ပေးထားသည့် ရည်ရွယ်ချက်များမှနေ၍ များစွာ အကျိုးရှိနိုင်ပြီး ၎င်းတို့က သူတို့၏ ကိုယ်ကျင့်စာရိတ္တကို ပုံဖော်ရာတွင် တန်ဖိုးရှိသည်ကို ပြသလိမ့်မည်။

# အခန်း (၂၂)

ဖြစ်ရပ်(ပုံပြင်)ပြောခြင်းဆိုတာက အနုပညာရပ်ပါ။ ဖြစ်ရပ်တစ်ခုကို ထိထိရောက်ရောက် ပြောပြဖို့ ပြောမဲ့သူက အဲဒါနဲ့ ကောင်းကောင်း အကျွမ်းတဝင်ရှိထားရပါ့မယ်။ ဒီအခန်းမှာ သင်ခန်းစာ ၁ ထဲက ဖြစ်ရပ်ကို ပိုပြီးအသေးစိတ်ကြည့်ရင်း ဆရာက အဲဒါကို ကလေးတွေအတွက် ဘယ်လို ပြောပြသင့်တယ်ဆိုတာကို ကြည့်ကြမယ်။

ဖြစ်ရပ်၏ အဓိကအကြောင်းအရာမှာ နှလုံးသားဖြူစင်သန့်ရှင်းခြင်း၏ ဝိညာဏ အရည်အသွေး အကြောင်းဖြစ်သည်ကို ကျွန်ုပ်တို့ ဖော်ပြထားပြီးဖြစ်သည်။ ၎င်းကို ဖန်ခွက် ဥပမာဖြင့် ဆန်းစစ်ပြထားသည်။ ထို့နောက် သင့်ကိုယ်သင် ပထမဆုံး မေးသင့်သည့်မေးခွန်းမှာ ဖြစ်ရပ်ထဲမှ မည်သည့်အပိုင်းများက ဤအဓိက အကြောင်းအရာနှင့် တိုက်ရိုက်ဆက်နွယ်သလဲဆိုသည့် မေးခွန်းဖြစ်သည်။ အဗ္ဗဒွလ်ဘဟာအရှင်မြတ်၏ ဥာဏ်အမြော်အမြင်ပါသည့် စကားများက အမျိုးသမီးအား သူ့ရှေ့ရှိ ဖန်ခွက်အတိုင်းပင် သူ့နှလုံးသားကို ဘယ်လောက်အထိ ဖြူစင်သန့်ရှင်းချင်သလဲဆိုတာကို စဉ်းစားသွားစေတာက မဖြစ်မနေ အရေးပါသည့် အစိတ်အပိုင်းတစ်ခုဖြစ်သည်။ အဗ္ဗဒွလ်ဘဟာအရှင်မြတ်က အစောင့်ဖြစ်သူအား ဖန်ခွက်ထဲက ရေကို သွန်ခိုင်းလိုက်သည့် ညွှန်ကြားချက်တွေနဲ့ နောက်ပိုင်းမှာ အရှင်က ပြန်ဖြည့်ပေးလိုက်တာတွေက နောက်ထပ် အရေးကြီးသည့်အရာ ဖြစ်သည်။ ဥပမာ အကယ်၍ သင်အနေဖြင့် အဗ္ဗဒွလ်ဘဟာအရှင်မြတ်က အမျိုးသမီးရဲ့ ဖန်ခွက်ထဲက ရေသွန် အကုန်သွန်ခိုင်းလိုက်တာကို မပြောပြခဲ့ဘူးဆိုရင် ဘာဖြစ်မည်နည်း။

ဖြစ်ရပ်ထဲမှ မဖြစ်မနေ အရေးပါသည့် အစိတ်အပိုင်းများကို ရွေးထုတ်ပြီးနောက် ယခု ၎င်း၏ အခြား အသေးစိတ်များကို မေ့ထား၍ မရပေ။ အကယ်၍ သင်က အဗ္ဗဒွလ်ဘဟာအရှင်မြတ်ရဲ့ ဧည့်သည်ဟာ ညစာစားဖို့ ထိုင်နေချိန်မှာ ဖန်ခွက်ထဲက ရေကို သွန်လိုက်သလို သူ့နှလုံးသားကို သန့်စင်သွားစေချင်တာလို့ ရိုးရိုးလေးပြောလျှင် ဖြစ်ရပ်က ဘာဖြစ်မည်နည်း။ ပိုကောင်းသည့် ခံစားမှုများနှင့် ပိုပြီး စူးစူးစိုက်စိုက်ဖြစ်စေမည့် အသေးစိတ် အကြောင်းအရာတွေက ဖြစ်ရပ်ထဲမှာ အမြဲတမ်း ပါရှိစမြဲဖြစ်သည်။ ဤသည်တို့က မည်သည့် အရာများ ဖြစ်သနည်း။

- အဗ္ဗဒွလ်ဘဟာအရှင်မြတ်ရဲ့ ဥာဏ်အမြော်အမြင်ပါတဲ့ စကားတွေကို နားထောင်နေချိန်မှာ ဧည့်သည်ဟာ ညစာစားရင်း ဖန်ခွက်ထဲမှာ ဘာရေမှ မရှိတော့ဘူးဆိုတဲ့ အတွေးဝင်လာတယ်။ ဒါပေမဲ့ သူက သူ့ အတွေးပေါ်တာကို လူတွေသိအောင် ပြောမပြခဲ့ဘူး။

- ညစာစားဖို့ စုနေတဲ့လူတွေကို စကားပြောနေပေမဲ့ အဗ္ဗဒွလ်ဘဟာအရှင်မြတ်ဟာ အမျိုးသမီးရဲ့ ထုတ်မပြောတဲ့ အတွေးကို ခေတ္တရပ်ပြီး ဖြည့်ဆည်းပေးခဲ့တယ်။

- ဘာဖြစ်ပျက်သွားတယ်ဆိုတာကို ဘယ်သူမှ သတိမထားလိုက်မိဘူး။

- ဧည့်သည်ဖြစ်သူဟာ အဗ္ဗဒွလ်ဘဟာအရှင်မြတ်အနေနဲ့ သူ့နှလုံးသားထဲက ဆန္ဒကို အသိအမှတ်ပြုတယ်ဆိုတာ သိလိုက်ရလို့ အပျော်ကြီး ပျော်သွားတယ်။

ဆရာတိုင်းက အဆင့် ၁ ရှိ ဖြစ်စဉ်ဖြစ်ရပ်များကို အပို အသေးစိတ်များနှင့် အခြားအရာများဖြင့် မကွန့်ရန် ဂရုစိုက်ရမည်ကို ဤနေရာ၌ မှတ်ထားသင့်သည်။ ၎င်းတို့က ကလေးများ၏ အာရုံစိုက်မှုကို ဖြစ်ရပ်မှန်များက ပေးဖို့ ရည်ရွယ်ထားသည့် ဝိညာဏ(အသက်ဓာတ်)ဆိုင်ရာအမှန်တရားများမှနေ၍ လွဲသွားနိုင်သည်။

ထို့ကြောင့် ဖြစ်စဉ်ဖြစ်ရပ် ပြောပြသည့်တစ်လျောက်လုံးတွင် ၎င်းတို့ကို ပြောပြသည့် ရည်ရွယ်ချက်က ကလေးတွေအတွက် အရေးကြီးတဲ့အရာတစ်ခုခုကို သင်ပေးဖို့ဆိုတာ စိတ်ထဲစွဲမှတ်ထားချင်ပါလိမ့်မည်။ သင်တို့က ၎င်းတို့ကို ပျော်ရွှင်မှု၊ ခံစားမှုတို့နှင့် ပြောပြသည့်အခါ ကလေးများမှာ ၎င်းကို ကောင်းကောင်း နားလည်ကြလိမ့်မည်။ ကလေးများသည် ငြီးငွေ့ဖွယ် ပြောပြသည့် ပုံပြင်တစ်ပုဒ်ကို စိတ်ဝင်စားကြမည် မဟုတ်ပေ။ သင်တို့၏ အသံ၊ မျက်နှာအမူအရာ၊ ကိုယ်ဟန်အမူအရာတွေနဲ့ ခံစားမှုတွေဖြစ်တဲ့ ပျော်ရွှင်မှု၊ ဝမ်းနည်းမှု၊ စိတ်ပျက်မှု၊ ကြောက်စိတ်နဲ့ သတ္တိစတာတွေကို ဆက်သွယ်ချိတ်ဆက်ဖို့ သင်ယူရပါလိမ့်မည်။ သင့်အသံရဲ့အနိမ့်အမြင့်နဲ့ အတိုးအလျော့ဟာ ဖြစ်ရပ်ရဲ့ ဖွံ့ဖြိုးမှုအရ ပြောင်းလဲသင့်ပြီး သင့်အမူအရာဟာ ရိုးရှင်းပေမဲ့အပိုင်းတစ်ခုစီနဲ့ ကိုက်ညီသင့်တယ်။ သင် ပြောပြနေပုံရဲ့စည်းချက်နဲ့နှုန်းကိုလည်း စဉ်းစားဖို့ လိုပါတယ်။ သင်ဟာ ဖြည်းဖြည်းလေး စကားပြောရင် ကလေးတွေဟာ ပျင်းလာကြမယ်၊ မြန်မြန်လေး ပြောလိုက်ရင် သူတို့ ဖြစ်စဉ်ကို လိုက်နိုင်မှာမဟုတ်ဘူး။ ကျန်သမျှထက် သင်သည် ဇာတ်လမ်းကို သရုပ်ဆောင် နေတာမဟုတ်ဘူးဆိုတာ သတိရဖို့နဲ့ မိမိရဲ့ ခံစားမှုတွေက ရိုးသားရမယ်ဆိုတာ သတိရရပါလိမ့်မယ်။ ကလေးငယ်များအနေနဲ့ ရိုးသားမှုမရှိတာကို လွယ်လွယ်ကူကူ သိမြင်နိုင်သည်။ လိုအပ်တာကတော့ ကလေးတွေရဲ့ နှလုံးသားကို ချိတ်ဆက်ပေးဖို့နဲ့ ရှည်ကြာလာခဲ့တဲ့ ပုံပြင်ပြောခြင်း(သမိုင်းဝင်ဖြစ်ရပ်ပြောခြင်း) အစဉ်အလာကို ဆက်ပြီး သယ်ယူသွားဖို့ဖြစ်ပါတယ်။ အခုထိအောင် နှစ်သန်းပေါင်းများစွာ ရှိလာပြီဖြစ်တဲ့ ဒီအစဉ်အလာကြောင့် လူ့လောက သင်ယူရရှိခဲ့တဲ့ ဉာဏ်ပညာ အစုအဝေးကို မျိုးဆက်တစ်ခုကနေ နောက်တစ်ခုဆီ လက်ဆင့်ကမ်းပေးထားပါတယ်။

# အခန်း (၂၃)

ယခု ပုံပြောခြင်း နောက်တွင်ပါသည့် လုပ်ဆောင်ချက် နှစ်ခုကို စဉ်းစားကြည့်ကြပါစို့။ ဤအခန်းတွင် ကစားနည်းနှင့် အရောင်ခြယ်ခြင်းတို့နှင့်ဆိုင်သည့် အချိန်ပိုင်းအား မည်သို့ ချဉ်းကပ်ရမည်ကို ချပြလိမ့်မည်။

အစောပိုင်းတွင် ဖော်ပြခဲ့သည့်အတိုင်း အဆင့် ၁ တွင်ပါသည့် ကစားနည်းများသည် ပူးပေါင်း ဆောင်ရွက်ရသည့် သဘောသဘာဝရှိသည်။ ကစားနည်းများ ကစားခြင်းသည် စိန်ခေါ်မှုဖြစ်ခြင်းကြောင့် ကလေးများသည် တစ်ဦးနှင့်တစ်ဦး ယှဉ်ပြိုင်ရမည်ဟု လူအများက ယုံကြည်ကြသည်။ ကလေးတွေကို ယှဉ်ပြိုင်ရမယ့် အခြေအနေတွေမှာထားတဲ့အခါမှာ မလိုလားအပ်တဲ့စိတ်ထားတွေနဲ့ အကျင့်တွေက

ကစားနည်းရဲ့ ကြာချိန်ထက်ကျော်လွန်ပြီး ကြာရှည်စွဲသွားစေတယ်ဆိုတာကို သိထားသင့်တယ်။ ထို့ပြင် အကောင်းတကာ့ အကောင်းဆုံးဖြစ်ဖို့ဆိုတာ ယှဉ်ပြိုင်မှသာ ရရှိနိုင်တယ်ဆိုတဲ့ မှတ်ယူမှုလည်း ရှိထားပါတယ်။

ဒီအယူအဆရဲ့ မှန်ကန်မှုကို အနီးကပ်ဆန်းစစ်ဖို့လိုပါတယ်။ ပူးပေါင်းဆောင်ရွက်မှုကနေ အကောင်းတကာ့အကောင်းဆုံးကို မရနိုင်ဘူးဆိုတာတကယ်မှန်ပါသလား။ ပြိုင်ဆိုင်မှုတွင်အခြားသူများ ရှုံးနိမ့်နေစဉ် အချို့အနိုင်ရကြသည်;။ ပူးပေါင်းဆောင်ရွက်မှုတွင် လူတိုင်းအောင်မြင်သည့်စိတ်ခံစားမှုကို ခံစားရသည်။

ပထမအဆင့်ရှိ ကစားနည်းများက ကလေးများတွင် ညွှန်ကြားချက်များကို နားထောင်ပေးသည့် ကျွမ်းကျင်မှုနှင့် လိုက်နာသည့် ကျွမ်းကျမ်းမှုတို့ကို မြှင့်တင်ပေးရန် ကြိုးပမ်းထားသည်။ သူတို့အနေနဲ့ ကစားနည်းတစ်ခုစီဟာ အတန်းတစ်ခုလုံးအတွက် ဘုံရည်မှန်းချက် တည်ဆောက်ပေးတာကို မြင်လာကြမှာ ဖြစ်ပြီး သူတို့ရဲ့ အားထုတ်မှုတွေကို ပူးပေါင်းဆောင်ရွက်ရာမှာ ၎င်းဘုံရည်မှန်းချက်ကို အောင်မြင်ရေးအတွက် သူတို့တစ်ဦးစီက ပါဝင်ရမဲ့ အခန်းကဏ္ဍတစ်ခုစီရှိပါတယ်။ ထို့ထက် တစ်ဦးနဲ့တစ်ဦး သူတို့ ပြသတဲ့ ဂရုစိုက်တဲ့ ဒီဂရီတိုးလာလိမ့်မယ်လို့ မျှော်လင့်ထားတယ်။ ဖွဲ့ရှိဖို့ကို သင်ယူကြ၍ သူတို့အချင်းချင်း ချိတ်ဆက်ထားသည့် သူငယ်ချင်းစိတ်ခံစား နှောင်ကြိုးတွေကို အားကောင်းလာစေလိမ့်မယ်လို့ မျှော်မှန်းထားပါတယ်။ ထို့ကြောင့် သူတို့အနေနဲ့ အောင်မြင်တဲ့စိတ်ခံစားရဖို့ ကစားနည်းကို တိတိကျကျ ကစားဖို့ မလိုအပ်ဘူးဆိုတာကို သင်တို့ သတိရသင့်ပါတယ်။ ဥပမာ သင်ခန်းစာ ၁ တွင် အကြံပြုထားတဲ့ ကစားနည်းကို ကြည့်ပါ။ ၎င်းက လိုချင်တဲ့ ရည်ရွယ်ချက်များအတွက် မည်သို့အထောက်အကူပြုသနည်း။

> နောက်ထပ် လုပ်ဆောင်ချက်အတွက် ကားတာယာတစ်ခုကို မြေပေါ်ချပြီး တစ်ချိန်တည်းတွင် ဘယ်နှစ်ဦး ရပ်နိုင်ကြောင်း ကလေးများကို မေးပါ။ တာယာ မရရှိနိုင်ပါက ယင်းအစား မြေပြင်ပေါ်တွင် ဖြာ သို့မဟုတ် မျက်နှာသုတ်ပဝါ(တဘက်) သို့မဟုတ် အလားတူ အရာတစ်ခုခုကို ချပေးနိုင်သည်။ မည်သည့် ပစ္စည်းကို သင် ရွေးချယ်သည်ဖြစ်စေ အတန်းထဲရှိ ကလေးဦးရေအတွက် ကစားနည်းက စိန်ခေါ်မှုဖြစ်ဖို့ ထိုပစ္စည်းမှာ အထိုက်အလျောက် သေးရမည်။

ဆရာတစ်ဦးက ကစားနည်းတစ်ခုကို စတင်မိတ်ဆက်ပုံသည် ကလေးများ ကစားပုံအပေါ် သက်ရောက်သည်။ ၎င်း၏ ရည်ရွယ်ချက်ကို ရှင်းရှင်းလင်းလင်း ရှင်းပြသင့်သည်။ ထို့ပြင် ကလေးများကို ညွှန်ကြားချက်များပြောသည့်အခါ ၎င်းကို မည်သို့ကစား၍ သူတို့နှင့်အတူ မည်သို့ လေ့ကျင့်ရမည်ကို မကြာခဏ သရုပ်ပြသရလိမ့်မည်။

# အခန်း (၂၄)

အနုပညာလှုပ်ရှားမှုများသည် ကလေးများ၏ ဖန်တီးနိုင်စွမ်းနှင့် စိတ်ပိုင်းဆိုင်ရာကျွမ်းကျင်မှုများ ဖွံ့ဖြိုးရေးအတွက် အရေးကြီးပြီး အစောပိုင်းအရွယ်မှစ၍ သူတို့ စိတ်ကြိုက်ရေးဆွဲခြင်းနှင့် အခြား အနုပညာဆိုင်ရာ ဖော်ပြမှုပုံစံများအားဖြင့် သူတို့၏ စိတ်ကူးစိတ်သန်းကို လေ့ကျင့်ရန် အခွင့်အလမ်းပေးသင့်သည်။ သို့သော် ကမ္ဘာ့ဒေသများစွာတွင် ကလေးများသည် အသက်ငါးနှစ် သို့မဟုတ်ခြောက်နှစ်အရွယ်မတိုင်မီ ပုံဆွဲရန် အခွင့်အရေး အနည်းအကျဉ်းသာ ရှိသည့်အပြင် ရောင်စုံခဲတံများကို အသုံးပြုဖို့ အတော်အခွင့်အရေး နည်းလှသည်။ အဆင့် ၁ ရှိ သင်ခန်းစာများတွင် ပေးထားသော ပုံများကို အရောင်ခြယ်ခြင်းမှာ သူတို့အတွက် သင်တန်း၏ စိတ်လှုပ်ရှားဖွယ်အကောင်းဆုံးထဲမှ အချိန်တစ်ခုဖြစ်သည်။ ထို့ကြောင့် နောက်ဆက်တွဲ အဆင့်များတွင် ပိုပြီးရှုပ်ထွေးသော အနုပညာ လုပ်ဆောင်ချက်များကို ဆက်ပြီးလုပ်ရန် ၎င်းက လိုအပ်သော ယုံကြည်မှုကို သူတို့တွင် ဖန်တီးပေးသည်။ ၎င်းက သူတို့၏ ကျွမ်းကျင်လိမ္မာမှုနှင့် စည်းကမ်းထားစိတ်ကို ဖွံ့ဖြိုးစေမည့် နည်းလမ်းလည်းဖြစ်သည်။ အရောင်ခြယ်ခြင်းဖြင့် အောက်ပါ စွမ်းဆောင်ရည်များ၊ ကျွမ်းကျင်မှုများနှင့် စိတ်နေစိတ်ထားများကို ကလေးများတွင် မည်သို့ မြှင့်တင်ပေးပါသနည်း။

- အစီအစဉ်ကျမှုနှင့် အလှတရားကို သဘောကျခြင်း
- အသေးစိတ်ကို အာရုံစိုက်ခြင်း
- လက်ရှိတာဝန်အပေါ် အာရုံစူးစိုက်ခြင်း
- (ရှိသည့်) ပစ္စည်းပစ္စယများကို အခြားသူများအား ဝေမျှပေးခြင်း
- အခြားသူများကို လေးစားခြင်း

အချို့သော ကျွမ်းကျင်မှုနှင့် စိတ်နေစိတ်ထားများကို ပျိုးထောင်ပေးသည့်အပြင် အရောင်ခြယ်ရန်အတွက် ရည်ရွယ်ထားသည့် သင်တန်း၏ ဤအချိန်ပိုင်းက အဆင့် ၁ တွင် ဖော်ပြထားသော အရည်အသွေးများကို မိမိ၏ကျောင်းသားများနှင့်အတူဆွေးနွေးရန် နောက်ထပ်အခွင့်အလမ်းကို ပေးထားသည်။ ပုံများထဲရှိ သရုပ်ဖော်ချက်များနှင့်ပတ်သက်၍ အတန်းကို မေးကြည့်ခြင်းဖြင့် ကလေးများက ပုံထဲတွင် ဖြစ်ပျက်သမျှကို ပြောကြသည့်အခါ အယူအဆများကို ရှင်းရှင်းလင်းလင်း ပြောပြ၍ သူတို့စိတ်ထဲမှာ ချိတ်ဆက်မှုတွေ လုပ်ဖို့ အခွင့်အလမ်းအနေနဲ့ ဆရာက လုပ်ပေးနိုင်ပါသည်။ ပထမဆုံးသင်ခန်းစာအတွက် အရောင်ခြယ်တဲ့ စာရွက်ကို ကြည့်ပြီး ကလေးတွေကို ဘယ်လိုမိတ်ဆက်ပေးမယ်ဆိုတာ သင့်အဖွဲ့နဲ့ လေ့လာဆန်းစစ်ပါ။ အောက်တွင် သင်၏ အတွေးအဆများကို ချရေးပါ။

________________________________________________

________________________________________________

________________________________________________

________________________________________________

________________________________________________

ဆရာသည် ဤလုပ်ဆောင်ချက်အတွက် အလုံအလောက် ကြိုတင်ပြင်ဆင်ထားရမည်။ ကလေးများသည် အရောင်ခြယ်ရန် အမြဲအစဉ် အလွန်ဆန္ဒရှိကြသည်။ သို့သော်စနစ်တကျမစီစဉ်ထားလျှင် သင်တန်း၏ ဤအချိန်ပိုင်းမှာ ပရမ်းပတာဖြစ်လာနိုင်သည်။ ကလေးများအရောင်ခြယ်ရမည့် နေရာတစ်ခုကို ရွေးချယ်ထားသင့်ပြီး သင်ခန်းစာ တစ်ခုစီအတွက် ပုံများကို ကြိုတင်ပြင်ဆင်ထားသင့်သည်။ အထူးသဖြင့် ပထမဆုံး သင်ခန်းစာအနည်းငယ်တွင် ဆရာဖြစ်သူက ကလေးများအနေဖြင့် ရောင်စုံခဲတံများနှင့်ပတ်သက်ပြီး သူတို့ကိုယ်တိုင် မည်သို့ ပြုမူကိုင်တွယ်သင့်သည်ဆိုသည့် စံနှုန်းကို ချထားရန် လိုအပ်ပြီး စည်းကမ်းကျနမှုနှင့် ပူးပေါင်းဆောင်ရွက်သည့်စိတ်ကို ချထားရန်လည်း လိုအပ်နိုင်သည်။ အစပိုင်းတွင် ဆရာကိုင်ထားသည့် ဗူးထဲမှ ရောင်စုံခဲတံတစ်ချောင်းစီကို ကလေးတိုင်းအား ရွေး၍ယူခိုင်းနိုင်သည်။ အရောင်တွေကို ပြောင်းချင်သည့်အခါ သူတို့က ၎င်းကို ပြန်ထည့်ပြီး နောက်တစ်ချောင်းနှင့် လဲလှယ်နိုင်သည်။ သင်တန်းများစွာပြီးသွားသည့်အခါ သူတို့က တစ်ကြိမ်မှာ အရောင်တစ်မျိုးတည်းကိုသာ အသုံးပြုတဲ့ အလေ့အကျင့် ရသွားသည့်အခါ ရောင်စုံခဲတံဗူးကို အလယ်နေရာတွင် ချထားနိုင်သည်။

ယခု အောက်ပါ အခြေအနေများကို ကြည့်ပါ။ တစ်စုံစီတွင်ရှိသည့် မည်သည့်အခြေအနေက ဤလုပ်ဆောင်ချက်၏ ထိရောက်မှုကို အထောက်အကူဖြစ်မည်နည်း။

______ ကလေးက အရောင်ခြယ်ဖို့ ကောင်းစွာ ကြိုးစားနေသမျှ ဆရာအနေဖြင့် သူ့အား မျဉ်းကြောင်းများ၏ အပြင်ဘက်ကိုလည်း အရောင်ခြယ်ဖို့ ခွင့်ပြုသည်။

______ ကလေးများအားလုံးကို မျဉ်းကြောင်းများအတွင်း၌သာ အရောင်ခြယ်ကြဖို့ ပြောပြသည်။

______ ကလေးများ အရောင်ခြယ်နေစဉ် ဆရာက သူတို့ကြားတွင် လျှောက်သွားပြီး ကူညီပေး၍ တိုက်တွန်းအားပေးသည်။

______ ကလေးများအရောင်ခြယ်နေစဉ် ဆရာက ထိုင်နေပြီး သူ့ကိုယ်ပိုင်အလုပ်ကို လုပ်နေသည်။

______ အရောင်ခြယ်ဖို့ ပေးထားသည့် အချိန်အတွင်း ကလေးများက လုပ်ရမည့်တာဝန်အပေါ် အာရုံစိုက်ထားကြသည်။

______ အရောင်ခြယ်ဖို့ ပေးထားသည့် အချိန်အတွင်း ကလေးများက တစ်ယောက်နှင့်တစ်ယောက် အာရုံပျက်စေသည်။

______ သူတို့ အရောင်ခြယ်နေကြစဉ် ကလေးများက လုံးလုံးတိတ်တိတ်ဆိတ်ဆိတ် ရှိကြသည်။

______ သူတို့ အရောင်ခြယ်နေကြစဉ် ကလေးများက ပျော်ပျော်ရွှင်ရွှင်နှင့် အပြန်အလှန်ရှိကြပြီး တစ်ဦးနှင့်တစ်ဦး အားပေးကြသည်။

# အခန်း (၂၅)

ဆရာများစွာက သူတို့ သင်ကြားပေးသည့် ကလေးငယ်အုပ်စု၏ အခြေခံအချက်အလက်အချို့ကို ထိန်းသိမ်းထားဖို့ မှတ်စုစာအုပ် ထားခြင်းက အသုံးဝင်သည်ကို တွေ့ထားကြသည်။ ဤအကြောင်းနှင့် ပတ်သက်လျှင် ဇယားနှစ်ခုက အထောက်အကူဖြစ်သည်။ တစ်ခုမှာ သင်တန်းများတွင် သူတို့၏ တက်ရောက်မှုကို မှတ်ထားရန် သူတို့ နာမည်များနှင့် အသက်များပါသည့် ဇယားဖြစ်ပြီး နောက်တစ်ခုမှာ ကောက်နုတ်ချက်များကို အလွတ်ကျက်မှတ်ရာတွင် သူတို့၏ တိုးတက်မှုကို ကောက်ကြောင်းလိုက်နိုင်စေမည့် ဇယားဖြစ်သည်။ ဥပမာ ဒုတိယဇယားတွင် ဘယ်ဘက်ကော်လံ၌ ကလေးများ၏ အမည်များထည့်၍ သင်ခန်းစာနံပတ်များကို ထိပ်ဆုံးအတန်း၌ရေးထားနိုင်သည်။ ထို့နောက် ကလေးများ အလွတ်ကျက်မှတ်ထားပြီးသည့် ကောက်နုတ်ချက်များကို သင့်တော်သည့် အကွက်ထဲတွင် အမှတ်ပြနိုင်သည်။

ထိုမှတ်စုစာအုပ်မှာ သင်ခန်းစာများအတွက်ပင် ရည်ရွယ်ထားသည့် အပိုင်းလည်း ရှိနိုင်သည်။ ၎င်းအပိုင်းတွင် ဆရာက သင်ခန်းစာတစ်ခုစီ၏ ခွဲခြမ်းစိတ်ဖြာချက်၊ ၎င်းကို မည်သို့ သင်ကြားမည်၊ နောက်ပိုင်းတွင် သင်တန်းအချိန်များက ကလေးများနှင့်အတူ မည်သို့ ဆက်ပြီးတိုးတက်သွားသည်ဆိုသည့် သူတို့၏ သုံးသပ်ချက်များကို မှတ်ထားနိုင်သည်။

အခြားအပိုင်းတစ်ခုတွင် ဆရာသည် ကလေးတစ်ဦးစီ၏ တိုးတက်မှုကို ရေးထားနိုင်ပြီး သူ့မိဘများနှင့် မျှဝေပေးနိုင်မည့် ဘယ်လို ထူးခြားဖြစ်ရပ်မျိုးကိုမဆို မှတ်ထားနိုင်သည်။ တချို့ ဆရာများကလည်း ဤအပိုင်းတွင် ကလေး၏မိဘများ၊ မောင်နှမများ၏အမည်များနှင့် သူတို့အိမ် လည်ပတ်ချိန်တွင် ပြောပြသည့် အကြောင်းအရာအကျဉ်းချုပ်များကို ထည့်ပြီးရေးထားခြင်းကလည်း အထောက်အကူဖြစ်သည်ကို တွေ့ထားကြသည်။

# အခန်း (၂၆)

ကလေးသင်တန်းဆရာတစ်ဦးအနေဖြင့် သင်သည် ကလေးတစ်ဦးစီ၏ မိဘများနှင့် တရင်းတနှီးရှိပြီး ချစ်ခြင်းမေတ္တာပါသည့် ဆက်ဆံရေးမျိုး ရှိထားရန် လိုအပ်ပြီး သူတို့နှင့် ပုံမှန်တွေ့ဆုံ၍ သူတို့ သား သို့မဟုတ် သမီး၏ ကြီးထွားဖွံ့ဖြိုးမှုနှင့် ဖွံ့ဖြိုးတိုးတက်မှု အကြောင်းတို့ကို ပုံမှန်ဆွေးနွေး၍ သူတို့၏ ပံ့ပိုးမှုကို ရရှိရန် ထိုဆက်ဆံရေးမျိုး လိုအပ်သည်။ စာအုပ် ၂ ကို သင် လေ့လာပြီးသည့်နောက် သင့်ဒေသရှိ ကလေးသင်တန်းများတွင် တက်နေကြသည့် ကလေးအချို့၏ မိသားစုများဆီ လည်ပတ်ထားပြီးသား ဖြစ်ကောင်းဖြစ်နိုင်သည်။ သင်၏ မှတ်မိမှု ပြန်လည်သစ်လွင်စေရန် ထိုစာအုပ်၏ တတိယပိုင်းရှိ အခန်း ၁၅ ကို ကိုးကားကြည့်နိုင်သည်။ ထိုအခန်းတွင် ကလေးသင်တန်း ဆရာမ မာရီဘယ်သည် အမ်မာ၏ မိခင်ဆီသို့ ဒုတိယအကြိမ် လည်ပတ်ချိန်တွင် သူ့အား ဘာပြောမည်ဆိုတာနှင့်ပတ်သက်၍ မိမိ၏ အတွေးအမြင်များ မည်သို့ စုစည်းထားသည်ကို ကျွန်ုပ်တို့ တွေ့ရှိရသည်။ အတန်းထဲတွင် အမ်မာ ရှိနေခြင်းက သူ့ရဲ့ နှလုံးသားကို ပျော်ရွှင်စေတယ်ဆိုတာရယ်၊ သူ့သမီးတွင် မိမိတွေ့ထားသည့် အံ့သြစရာ အရည်အသွေးတွေကို ထုတ်ပြောပြရင်း စတင်လိုက်သည်။

ဆရာတစ်ယောက်က ရပ်ထဲရွာထဲမှ ကလေးတွေကို ပျော်ပျော်ရွှင်ရွှင် စိတ်အားထက်ထက်သန်သန်နဲ့ အမှုထမ်းရွက်ပေးနေတာကို မြင်ရတဲ့ မိဘတွေအတွက် ဘယ်လောက် စိတ်ချမ်းသာဖို့ ကောင်းလိုက်ပါသလဲ။ မိဘများ၏ နှလုံးသားကို ဆွဲဆောင်ပြီး သူတို့နှင့်ယုံကြည်စိတ်ချမှု နှောင်ကြိုးများကို ပုံဖော်နိုင်မည့် အခြား ဂုဏ်အင်လက္ခဏာအချို့မှာ မည်သည်တို့ ဖြစ်သနည်း။

__________________________________________________________________

__________________________________________________________________

__________________________________________________________________

__________________________________________________________________

__________________________________________________________________

ဆရာတစ်ယောက်က ကလေးတွင် ဖွံ့ဖြိုးလာနေသည်ကို မိမိ သတိထားမိသည့် ဝိညာဏ အရည်အသွေးအပေါ် မိဘများ၏ အာရုံစိုက်မှုကို ရယူရန် အဘယ့်ကြောင့် အရေးကြီးပါသနည်း။

__________________________________________________________________

__________________________________________________________________

__________________________________________________________________

__________________________________________________________________

__________________________________________________________________

__________________________________________________________________

မာရီဘယ်လည်း ဤအပိုင်း၏ အခန်း ၃ တွင် သင် လေ့လာခဲ့သည့် ကောက်နုတ်ချက်ကို အမ်မာ၏ မိခင်နှင့်အတူ မျှဝေ၍ ကလေးများ၏ပညာရေးအတွက် ၎င်း၏ အကျုံးဝင်မှုများကို လေ့လာဆန်းစစ်ရန် ဆုံးဖြတ်ထားသည်။ မိဘများနှင့် သင်၏ စကားပြောဆိုမှုများစွာတွင် ကလေးသင်တန်းအစီအစဉ်ကို ပုံဖော် ထားသည့် ပညာရေးဆိုင်ရာ အယူအဆများစွာကို ရှင်းပြရမည့် အခွင့်အလမ်း ရရှိလိမ့်မည်။ အောက်ပါတို့သည် ဤအပိုင်းတွင် သင် လေ့လာဆန်းစစ်ထားသည့် အနုစ်သာရများထဲမှ အချို့ဖြစ်သည်။ သူတို့ သားသမီးများ၏ ဝိညာဏပညာရေးဆိုသည့် အကြောင်းနှင့်ပတ်သက်ပြီး အောက်ပါ အနုစ်သာရတစ်ခုစီအကြောင်း မည်သည်ကို သင် ပြောပြမည်နည်း။ မိဘများနှင့် သင်၏ စကားပြောဆိုမှုများထဲတွင် ဝေမျှပေးမည့် အနုစ်သာရ တစ်ခုမဟုတ် တစ်ခုနှင့် ဆက်နွယ်သော ကျမ်းဓမ္မခန်းများထဲမှ စာပိုဒ်များ ရှိပါသလား။

ချီးကျူးထိုက်သော အကျင့်စာရိတ္တ ဖွံ့ဖြိုးတိုးတက်ရေး။

__________________________________________________________________

__________________________________________________________________

__________________________________________________________________

______________________________________________________________________

______________________________________________________________________

ဝိညာဏဆိုင်ရာ အရည်အသွေးများ ရရှိရေး။

______________________________________________________________________

______________________________________________________________________

______________________________________________________________________

______________________________________________________________________

______________________________________________________________________

ကလေးများ၏ နှလုံးသားများအပေါ် ဆုတောင်းပတ္ထနာ၏ အကျိုးသက်ရောက်မှု။

______________________________________________________________________

______________________________________________________________________

______________________________________________________________________

______________________________________________________________________

______________________________________________________________________

ဘုရားရှင့် နှုတ်ကပါဌ်တော်ကို အလွတ်ကျက်မှတ်ခြင်း၏ အရေးပါပုံ။

______________________________________________________________________

______________________________________________________________________

______________________________________________________________________

______________________________________________________________________

______________________________________________________________________

အဗ္ဗဒ္ဒလ်ဘဟာအရှင်မြတ်၏ ဖြစ်တော်စဉ်ထဲမှ ဖြစ်ရပ်များက ကလေးများအပေါ် စာရိတ္တမြှင့်တင်ပေးသည့် သက်ရောက်လွှမ်းမိုးမှု။

______________________________________________________________________

______________________________________________________________________

______________________________________________________________________

______________________________________________________________________

______________________________________________________________________

ဘုရားရှင်ကို ချစ်မြတ်နိုးခြင်းနှင့် ကြောက်ရွံ့ခြင်း။

______________________________________________

______________________________________________

______________________________________________

______________________________________________

______________________________________________

စည်းကမ်းကျနမှုနှင့် လွတ်လပ်မှု။

______________________________________________

______________________________________________

______________________________________________

______________________________________________

______________________________________________

မာရီဘယ်က အယူအဆများကို တင်ပြချိန်တွင် ခေတ္တရပ်ဖို့ ဆုံးဖြတ်လိုက်ပြီး အမ်မာ၏ မိခင်အား သူ၏ အတွေးအမြင်များကို ပြောပြဖို့ ဖိတ်ခေါ်လိုက်သည်။ အချိန်ကြာလာလျှင် ဆရာတွေနှင့် ကလေးမိဘများ ကြားတွင် နက်နဲသည့် စကားပြောဆိုမှု ဖွံ့ဖြိုးလာလိမ့်မည်ဟု မျှော်လင့်ထားသည်။ မိဘများဆီ သူတို့၏ ပထမဦးဆုံး အလည်အပတ်ကတည်းကပင် ဆရာများက မိမိတို့ ပြောဆိုသုံးသပ်နေသည့် အကြောင်းအရာများ အပေါ် သူတို့ထံမှ မှတ်ချက်များ၊ အတွေးအမြင်များနှင့် အယူအဆများကို ရရှိဖို့ အဘယ့်ကြောင့် အရေးကြီး ပါသနည်း။

ဝိညာဏဆိုင်ရာ အရည်အသွေးများဆိုသည့် အထွေထွေအနှစ်သာရကို မိဘများနှင့် ဆွေးနွေး သည့်အပြင် သင်ခန်းစာများက သူတို့၏ သားသမီးများတွင် ပျိုးထောင်ပေးမည့် အထူးအရည်အသွေးများ အကြောင်းကို သူတို့နှင့် တစ်နှစ်ပတ်လုံး စကားပြောဆိုဖို့ ပေးလာမည့် အခွင့်အလမ်းများကို သင့်အနေဖြင့် ရယူသင့်သည်။ သင်ခန်းစာ ၁ တွင် ဖော်ပြထားသော နှလုံးသားဖြူစင်သန့်ရှင်းခြင်း၏ အရည်အသွေးအပေါ် ရရှိထားသည့် ထိုးထွင်းအမြင်ကို စိတ်ထဲမှတ်လျက် သင့်အနေဖြင့် ထိုစကားပြောဆိုမှုမျိုးအတွက် မည်သို့ ချဉ်းကပ်နိုင်မည်ဆိုတာ လေ့လာနေသည့် သင့်အဖွဲ့ဝင်များနှင့် လေ့လာဆန်းစစ်ပါ။

______________________________________________

______________________________________________

______________________________________________

______________________________________________

______________________________________________

သူ့သမီးဖြစ်သူ တက်နေသည့် ကလေးသင်တန်းမှ အကျိုးကျေးဇူးအပြည့်အဝ ရရှိဖို့ဆိုလျှင် မိမိနှင့် အမ်မာ၏မိခင်တို့အကြား အပြန်အလှန်နားလည်မှုနှင့် ပံ့ပိုးပေးမှုတို့ လိုအပ်သည်ကို မာရီဘီလ် သတိပြုမိသည်။ ဥပမာ သင်တန်းထဲမှာ သင်ယူခဲ့တဲ့ ဆုတောင်းတွေနဲ့ ကောက်နုတ်ချက်တွေကို မိဘတွေရဲ့အကူအညီနဲ့ အိမ်မှာ ရွတ်ဖတ်နိုင်ပါတယ်။ ဤနည်းဖြင့် ကလေးများသည် ဘုရားသခင်၏နှုတ်ကပါဌ်တော်ကို ပို၍ ကောင်းကောင်း နှလုံးသွင်းနိုင်ကြ၍ ၎င်းတို့က သူတို့၏ နှလုံးသားများနှင့် ဝိညာဉ်များကို ထိုးဖောက်သွားပြီး သူတို့၏ ကိုယ်ကျင့် စာရိတ္တတို့ကိုလည်း ပုံဖော်ပေးလိမ့်မည်။ မိဘများအနေဖြင့် ဆရာများ၏ အားထုတ်ကြိုးပမ်းမှုများကို မည်သည့် နည်းလမ်းများဖြင့် အင်အားဖြည့်ပေး၍ ပံ့ပိုးကူညီပေးနိုင်သည်ကို သင့် အဖွဲ့ဝင်များနှင့်အတူ ဆွေးနွေးပါ။

အချိန်အတော်ကြာအထိ သင့်လျော်သော မှန်ကန်သော ပညာရေးအားဖြင့်သာ နှလုံးသားနှင့် စိတ်ဓာတ်တို့အတွက် လိုလားသော ဂုဏ်အင်္ဂလက္ခဏာများကို ပြုစုပျိုးထောင်ပေးနိုင်သည်။ မိဘများနှင့် သင်၏ ပုံမှန်အစည်းအဝေး တွေ့ဆုံမှုများတွင် ဘယ်အရာကို အလေးထားသင့်သည်ဆိုသည်မှာ မည်မျှ သေးငယ်သည်ဖြစ်စေ ကလေးများ လုပ်ထားသည့် တိုးတက်မှုအကြောင်းဆိုတာ ယခုတွင် ရှင်းရှင်းလင်းလင်း ရှိလာသည်။ သင်၏ စကားပြောဆိုမှုက တိုးတက်လာသည်နှင့်အမျှ ဤအောင်မြင်မှုများအပေါ် မည်သို့ အခြေတည်ရမည်ကို မိဘများနှင့်အတူ ဆန်းစစ်ကြည့်နိုင်ပါသည်။ ဤကဲ့သို့ အပြုသဘောဆက်သွယ်မှုကို ထူထောင်ပြီးသည့်အခါ ဆရာသည် အသေအချာ ဂရုတစိုက်ဖြင့် သူတို့ကလေးများတွင် တွေ့ရသည့် ဘယ်လို အခက်အခဲကိုမဆို မိဘများအား ဝေမျှပေးနိုင်လိမ့်မည်။ ရည်ရွယ်ချက်မှာ ကလေးတစ်ဦးအား သူ သို့မဟုတ် သူမ၏အခက်အခဲများကို ကျော်လွှားနိုင်အောင် ကူညီပေးမည့် ပူးပေါင်းဆောင်ရွက်သည့် နည်းလမ်းကို ရှာတွေ့ရန် ဖြစ်သင့်သည်။ မိဘများနှင့်အတူ ထိုသို့ အပြုသဘောဆောင်သည့် ဆက်ဆံရေးပုံစံ ပုံဖော်ခြင်း၏ အရေးပါပုံကို သင့်အဖွဲ့နှင့်အတူ ဆွေးနွေးပါ။

# အခန်း (၂၇)

ဤအပိုင်း၏ အစပိုင်းတွင် ဖော်ပြခဲ့သည့်အတိုင်း ဤသင်ခန်းစာတွင် ပါဝင်လေ့လာသူတိုင်းသည် ကလေးသင်တန်းကို ဆောင်ရွက်လိမ့်မည်မဟုတ်ပေ။ ကလေးသင်တန်း သင်ကြားသူများထဲမှ အချို့သည် နောက်ထပ် အမှုထမ်းနယ်ပယ်တစ်ခုကို မကူးပြောင်းခင် အချိိန်တစ်ခုအထိသာ သင်တန်းကို သင်ကြားဖို့ ရွေးချယ်တတ်ကြသည်။ ကျန်အခြားသူများမှာ ကလေးများအား ဘုရားသခင်၏ ချစ်ခြင်းမေတ္တာဖြင့် ပျိုးထောင်ပေးသည့် သင်တန်းများတွင် အချိန်အတော်ကြာ ရေရှည်မြဲစွာ ဤကြိုးပမ်းမှုနယ်ပယ်ထဲ၌ နှစ်မြုပ်ထားကြလိမ့်မည်။ သို့သော် လေ့လာသူများက ရွေးချယ်သည့် အမှုထမ်းလမ်းကြောင်းနှင့်မဆိုင်ဘဲ သူတို့အားလုံးသည် မိမိတို့ ရပ်ရွာလူထုထဲရှိ ကလေးငယ်များနှင့် အပြန်အလှန် ထိတွေ့ဆက်ဆံရသည့် အချိန်အခါများ ရှိလိမ့်မည် ဖြစ်ပြီး အိမ်နီးချင်းများနှင့်တွေ့ဆုံ၍ဖြစ်စေ အစည်းအဝေးများနှင့် စုစည်းပွဲများတွင် တွေ့ဆုံ၍ဖြစ်စေ သို့မဟုတ် ညီအစ်ကို မောင်နှမများနှင့် မိဘများအနေနှင့် ဖြစ်စေ တွေ့ကြရသည်။ မည်သို့သော အခြေအနေများပင် ရှိစေကာမူ ဤအပိုင်းတွင် လေ့လာဆန်းစစ်ထားသော အနှစ်သာရများနှင့် အယူအဆများအားဖြင့် ကမ္ဘာ့သမာဓိအဖွဲ့ချုပ်က ပြောပြထားသည့်အတိုင်း လေ့လာသူများသည် သူတို့ ရပ်ရွာထဲရှိ မိမိတို့၏ "တန်ဖိုးအရှိဆုံးသော ရတနာ"တို့ကို ဂရုစိုက်ပေးရသည့် တာဝန်ဝတ္တရားထဲတွင် ထိုးထွင်းအမြင်ကို ရရှိိစေလိမ့်မည်။ လူ့လောက၏ တောက်ပသည့် အနာဂတ်ဆီ မျှော်လင့်တကြီး မျက်လုံးများဖြင့် ကျွန်ုပ်တို့ ကြည့်ရှုသည့်အခါ ကျွန်ုပ်တို့အားလုံးသည် အောက်ပါစာပိုဒ်များမှနေ၍ အားတက်စိတ်နှင့် အာဟာရဓာတ်တို့ကို ရရှိနိုင်ကြပါစေ-

> "ငါဘုရားရှင်တို့သည် အရှင်၏ အမှုထမ်းများကြားဝယ် ဘုရားသခင်၏ နှုတ်ကပါဌ်တော် တိုးတက်မြင့်မားစေသည့်အရာတို့ကို လူသားအားလုံးတို့အတွက် ပြဋ္ဌာန်းသတ်မှတ်ပေးတော်မူသည့်နည်းတူ ဖြစ်တည်ခြင်း၏ကမ္ဘာ တိုးတက်မြင့်မားရေးနှင့် ဝိညာဉ်များ အားတက်မြင့်မားရေးအတွက်လည်း ဖြစ်တော်မူ၏။ ဤသည်ကို အပြီးတိုင်အောင်မြင်ရန်အလို့ငှါ အကြီးမားဆုံးသော နည်းလမ်းမှာ ကလေးကို ပညာသင်ကြားပေးခြင်းပင် ဖြစ်ပေ၏။"[၃၈]

> "ကလေးများကို ပညာသင်ကြားပေးခြင်းနှင့် လေ့ကျင့်ပေးခြင်းတို့သည် လူ့လောက ကုသိုလ်အရဆုံးသော အလုပ်များထဲတွင် ပါရှိ၍ အလုံးစုံကြင်နာသနားတော်မူသော ဘုရားရှင်၏ ကျေးဇူးတော်နှင့် ပေးသနားမှုတို့ကို ဆွဲငင်ရရှိပေ၏။ အကြောင်းဟူမူ ပညာရေးသည် လူအတွက် အကောင်းတကာ့အကောင်းဆုံး ခပ်သိမ်းကုန်၏ မရှိမဖြစ် အခြေခံအုတ်မြစ်ဖြစ်၍ သူ၏လုပ်ကိုင်ပုံအား အစဉ်တည်မြဲသော ဘုန်းကြီးမှုဆီ လုပ်ကိုင်ခွင့်ပေးသောကြောင့်ပင်တည်း။ အကယ်၍ ကလေးတစ်ဦးအား ငယ်စဉ်ဘဝကတည်းက လေ့ကျင့်သင်ကြားပေးပါမူ သူသည် သန့်ရှင်းမြင့်မြတ်တော်မူသော ဥယျာဉ်မှူး(ဘုရားရှင်)၏ ချစ်ကြင်နာသော ဂရုစိုက်မှုအားဖြင့် တသွင်သွင်စီးဆင်းနေသော စမ်းချောင်းများကြားရှိ သစ်ပင်ငယ်အလား အသက်ဓာတ်နှင့် အသိပညာတို့၏ ကြည်ကြည်လင်နေသော ရေစင်များကို သောက်သုံးရပေလိမ့်မည်။ ထို့ပြင် သူသည် သစ္စာဓမ္မ(အမှန်တရား)နေမင်း၏ လင်းလက်သော ရောင်စဉ်တန်းများဆီ သူ့ကိုယ်သူ ဦးတည်စုစည်းလျက် ယင်း၏ အလင်းရောင်နှင့်

အပူဓာတ်တို့ကြောင့် အမြဲအစဉ် လန်းဆန်းစွာနှင့် ပျို့မြစ်စွာဖြင့် အသက်တာ၏ ဥယျာဉ်ထဲတွင် ကြီးထွားရှင်သန်ပေလိမ့်မည် . . . ။

"အကယ်၍ ဤအရေးပါလှသော တာဝန်အတွက် အားအင်ကြီးလှသော ကြိုးပမ်းမှုပြုလုပ်ပါလျှင် လူ့ကမ္ဘာလောကသည် အခြားအဆင်တန်ဆာများနှင့်အတူ အရောင်ထွက်၍ အကောင်းမွန်ဆုံးသော အလင်းရောင်ကို ထိန်လင်းစေလိမ့်မည်။ ဤသို့ဖြင့် ဤအမိုက်မှောင် နေရာလောကသည် ထိန်ထိန်လင်းစွာ ဖွံ့ဖြိုးလာ၍ ဤကမ္ဘာမြေစံအိမ်သည် ကောင်းကင်ဘုံနန်းအဖြစ် ပြောင်းလဲ သွားပေအံ့။"[၃၉]

**REFERENCES**


1. From a message dated 21 April 2000, published in *Messages from the Universal House of Justice, 1986–2001: The Fourth Epoch of the Formative Age* (Wilmette: Bahá'í Publishing Trust, 2010), no. 331.26, p. 727.
2. Bahá'u'lláh, in "A Compilation on Bahá'í Education", compiled by the Research Department of the Universal House of Justice, published in *The Compilation of Compilations* (Maryborough: Bahá'í Publications Australia, 1991), vol. 1, no. 576, p. 251.
3. *Selections from the Writings of 'Abdu'l-Bahá* (Wilmette: Bahá'í Publishing, 2010, 2015 printing), no. 106.1, p. 187.
4. 'Abdu'l-Bahá, in "A Compilation on Bahá'í Education", published in *The Compilation of Compilations,* vol. 1, no. 614, pp. 273–74.
5. *Gleanings from the Writings of Bahá'u'lláh* (Wilmette: Bahá'í Publishing Trust, 1983, 2017 printing), CXXII, par. 1, p. 294.
6. *Selections from the Writings of 'Abdu'l-Bahá,* no. 108.1, p. 188.
7. Ibid., no. 110.2, p. 190.
8. Ibid., no. 100.2, p. 179.
9. Ibid., no. 99.1, pp. 178–79.
10. Ibid., no. 103.5, p. 183.
11. Ibid., no. 122.1, pp. 198–99.
12. Words of 'Abdu'l-Bahá, cited in *Star of the West,* vol. 8, no. 4 (17 May 1917), p. 41.
13. *Gleanings from the Writings of Bahá'u'lláh,* CXXXVI, par. 2, p. 334; also in *Bahá'í Prayers: A Selection of Prayers Revealed by Bahá'u'lláh, the Báb, and 'Abdu'l-Bahá* (Wilmette: Bahá'í Publishing Trust, 2002, 2017 printing), p. iii.
14. From a talk given on 5 August 1912, published in *The Promulgation of Universal Peace: Talks Delivered by 'Abdu'l-Bahá during His Visit to the United States and Canada in 1912* (Wilmette: Bahá'í Publishing, 2012), par. 6, p. 345.
15. 'Abdu'l-Bahá, in *Prayer and Devotional Life: A Compilation of Extracts from the Writings of Bahá'u'lláh, the Báb, and 'Abdu'l-Bahá and the Letters of Shoghi Effendi and the Universal House of Justice,* compiled by the Research Department of the Universal House of Justice (Wilmette: Bahá'í Publishing, 2019), no. 24, p. 7.
16. *Gleanings from the Writings of Bahá'u'lláh*, XLIII, par. 9, p. 109.
17. From a talk given by 'Abdu'l-Bahá on 24 April 1912, published in *The Promulgation of Universal Peace,* par. 1, p. 71.
18. Bahá'u'lláh, *The Hidden Words (*Wilmette: Bahá'í Publishing Trust, 2003, 2012 printing), Arabic no. 3, p. 4.
19. Ibid., Arabic no. 12, p. 6.
20. Ibid., Arabic no. 11, p. 6.
21. *Gleanings from the Writings of Bahá'u'lláh*, CXXVIII, par. 6, p. 313.
22. *The Call of the Divine Beloved: Selected Mystical Works of Bahá'u'lláh* (Haifa: Bahá'í World Centre, 2018), no. 2.43, p. 31.
23. *The Hidden Words,* Arabic no. 59, p. 17.
24. From a talk given by 'Abdu'l-Bahá on 26 May 1912, published in *The Promulgation of Universal Peace,* par. 1, p. 204.
25. *Selections from the Writings of 'Abdu'l-Bahá,* no. 129.2, p. 204.
26. *Gleanings from the Writings of Bahá'u'lláh*, CLV, par. 4, pp. 376–77.

27. Ibid., CLIII, par. 5, p. 369.
28. *The Hidden Words*, Arabic no. 9, p. 5.
29. From a talk given by ‘Abdu’l-Bahá on 24 April 1912, published in *The Promulgation of Universal Peace*, par. 4, p. 73.
30. Bahá’u’lláh, *Epistle to the Son of the Wolf* (Wilmette: Bahá’í Publishing Trust, 1988, 2016 printing), p. 27.
31. *Tablets of Bahá’u’lláh Revealed after the Kitáb-i-Aqdas* (Wilmette: Bahá’í Publishing Trust, 1988, 2005 printing), no. 8.53, p. 126.
32. *‘Abdu’l-Bahá, The Secret of Divine Civilization* (Wilmette: Bahá’í Publishing, 2007, 2016 printing), par. 74, p. 53.
33. *Selections from the Writings of ‘Abdu’l-Bahá*, no. 111.1, p. 191.
34. Ibid., no. 95.2, pp. 176–77.
35. Ibid., no. 111.4, pp. 191–92.
36. Ibid., no. 124.1, p. 200.
37. ‘Abdu’l-Bahá, in *Bahá’í Prayers*, p. 29.
38. From a Tablet revealed by Bahá’u’lláh, in *Social Action: A Compilation Prepared by the Research Department of the Universal House of Justice* (Wilmette: Bahá’í Publishing Trust, 2020), no. 178, p. 107.
39. *Selections from the Writings of ‘Abdu’l-Bahá*, no. 103.1–3, p. 182.



# ကလေးသင်တန်းများအတွက် သင်ခန်းစာများ
# အဆင့် ၁

## Lessons for Children’s Classes Grade 1

### ရည်ရွယ်ချက်။

အသက် ငါးနှစ် သို့မဟုတ် ခြောက်နှစ်အရွယ် ကလေးများအတွက် သင်တန်းများ သင်ကြားပေးသည့်စွမ်းရည် ဖွံ့ဖြိုးစေရန်။ ဤသင်တန်းများက ကိုယ်ကျင့်စာရိတ္တ ပြုပြင်ကောင်းမွန်ရေးအပေါ် အလေးပေးထားပြီး ဆုတောင်းပတ္ထနာများနှင့် ကောက်နုတ်ချက်များ အလွတ်ကျက်မှတ်ခြင်း၊ သီချင်းများ၊ ဖြစ်ရပ်များ၊ ကစားနည်းများနှင့် အရောင်ခြယ်ခြင်းတို့ ပါရှိသည်။

# အခန်း (၁)

ပြီးခဲ့သည့်အပိုင်းတွင် သင်သည် အဆင့် ၁ တွင် သင်ရမည့် သင်ကြားရေး ကြိုးပမ်းအားထုတ်မှု၏ သဘောသဘာဝကို စဉ်းစားခဲ့ပြီး သင်ခန်းစာတစ်ခုတွင်ပါသည့် အစိတ်အပိုင်းမျိုးစုံကို လေ့လာဆန်းစစ်ခဲ့သည်။ ဤဒုတိယပိုင်းတွင် သင်ခန်းစာ နှစ်ဆယ့်လေးခု ပါရှိပြီး သိထားပြီးသည့်အတိုင်း ၎င်းတို့ကို ဝိညာဏ အရည်အသွေးများ ဖွံ့ဖြိုးတိုးတက်ရေးဆိုသည့်အသွင်ဖြင့် ပုံဖော်ထားသည်။ ဤကနဦးအခန်းများက ထိုသင်ခန်းစာများတွင်ပါသည့် အကြောင်းအရာကို သင်တို့ကိုယ်တိုင် အကျွမ်းတဝင်ရှိစေပြီး ၎င်းတို့ကို သင်ကြားရန် လက်တွေ့လေ့ကျင့်နိုင်မည့် အခွင့်အလမ်းကို ရရှိစေလိမ့်မည်။ ကျွန်ုပ်တို့ ဆောင်ရွက်မည်မှာ တစ်ကြိမ်တွင် သင်ခန်းစာ လေးခုကို ကြည့်၍ သင်ခန်းစာတစ်ခုစီတွင် ဖော်ပြထားသည့် ဝိညာဏ အရည်အသွေးများကို သုံးသပ်ကြည့်ကြမည်။ ထို့နောက် သင်နှင့် အတူလေ့လာသူများနှင့် ထိုသင်ခန်းစာများကို အသေးစိတ်ကြည့်ရှု၍ နောက်ထပ် သင်ခန်းစာလေးခုကို ဆက်ပြီးမသွားခင် လုပ်ဆောင်ချက်မျိုးစုံကို အကောင်အထည်ဖော်ပုံအတွက် အလှည့်ကျ လုပ်ကြမည်။

# အခန်း (၂)

အဆင့် ၁ ရှိ သင်တန်းအချိန်တိုင်းကို ဆရာဖြစ်သူက ရွတ်ဖတ်သည့် အဖွင့်ဆုတောင်းဖြင့် အစပြုသင့်သည်။ အထောက်အကူအနေနှင့် သင်ခန်းစာ လေးခုတိုင်းတွင် ဖတ်ဖို့ ဆုတောင်းအသစ်တစ်ပုဒ်ကို သင့်အတွက် အကြံပြုထားသဖြင့် စုစုပေါင်း (ဖတ်ပေးရမည့်) ဆုတောင်းခြောက်ပုဒ် ရှိလိမ့်မည်။ ဤဆုတောင်းများကို သင့်အနေဖြင့် အလွတ်ကျက်ထားနိုင်ပါက ကလေးများ၏ အလွတ်ကျက်မှတ်သည့် ကြိုးစားအားထုတ်မှုများကို များစွာ အားတက်စိတ်ဖြစ်စေလိမ့်မည်။ သင်ခန်းစာ ၁ မှ ၄ အထိ ဖတ်ပေးရန် အောက်ပါဆုတောင်းကို အကြံပြုထားပါသည်။

> **"အို - အရှင်ထာဝရဘုရား၊ ဤကလေးသူငယ်များကို အသိဉာဏ်ပညာဖြင့် ပြည့်စုံစေတော်မူပါ။ ဤကလေးသူငယ်များသည် ကိုယ်တော်၏ သစ်သီးခြံအတွင်းရှိ အပင်ငယ်များဖြစ်ကြ၏။ ကိုယ်တော်၏ မြက်ခင်းပြင်ပေါ်ဝယ် ဖူးပွင့်လျက်ရှိသော ပန်းကလေးများဖြစ်ကြပါ၏။ ကိုယ်တော်၏ ပန်းဥယျာဉ်အတွင်းမှ နှင်းဆီပန်းကလေးများ ဖြစ်ကြပါ၏။ ၎င်းတို့အပေါ်၌ ကိုယ်တော်၏ (ကောင်းချီးမင်္ဂလာ)မိုးရည်များ ချပေးသနားတော်မူပါ။ သစ္စာဓမ္မနေမင်းသည် ကိုယ်တော်၏ မေတ္တာတော်ဖြင့် ၎င်းတို့အပေါ်၌ ထွန်းလင်းတောက်ပ စေတော်မူပါ။ ၎င်းတို့သည် ကြီးထွား ဖွံ့ဖြိုးလာပြီးလျှင် အလှပဆုံးသောအသွင်ဖြင့် ပေါ်ပေါက်လာစေရန်၊ ကိုယ်တော်၏ လေပြည်လေညင်း တိုက်ခတ်ခြင်းအားဖြင့် ၎င်းတို့အား လန်းဆန်းလာစေတော်မူပါ။ ကိုယ်တော်ကား ပေးကမ်းမစတော် မူသောအရှင် သနားကရုဏာတော်ဖြင့် ပြည့်စုံတော်မူသောအရှင် ဖြစ်တော်မူပေသတည်း။"[၁]**

အထက်ပါဆုတောင်းကို ဖတ်ပြီးနောက် သူတို့ အလွတ်ရသည့် ဆုတောင်းတစ်ပုဒ်ကို ဖတ်ဖို့ ကလေး အနည်းငယ်အား သင်က တိုက်တွန်းအားပေးပါလိမ့်မည်။ အစဖြစ်သဖြင့် သင်တန်း၏ ဤအချိန်ပိုင်းအတွက်

ကလေးငယ်အားလုံးမှာ ပါဝင်နိုင်ကြလိမ့်မည်မဟုတ်ပေ။ သို့သော် ဤအဆင့် ၁ တွင် သူတို့ သင်ယူရမည့် ဆုတောင်းပတ္ထနာများကို အလွတ်ကျက်မှတ်ကြသည့်အခါ တဖြည်းဖြည်းနှင့် ကလေးဦးရေမှာ ပို၍ပို၍ ထိုသို့ လုပ်လာနိုင်ကြလိမ့်မည်။ ရှေ့ဘက်အပိုင်းကို သင် လေ့လာရာမှနေ၍ အောက်ပါ ကောက်နုတ်ချက်နှင့် အကျွမ်းတဝင်ရှိထားပြီးဖြစ်ရာ ဤပထမ သင်ခန်းစာအနည်းငယ်တွင် ၎င်းကို အလွတ်ကျက်မှတ်သည့်အပေါ် သူတို့ အာရုံစိုက်ထားကြလိမ့်မည်။

> **"ထိုအရှင်ကား ထာဝရဘုရားရှင် ဖြစ်တော်မူပါပေသတည်း။ အို ဘုရားသခင်၊ ကျွန်တော်မျိုး၏ ဘုရားသခင်! ကျွန်တော်မျိုးအပေါ်သို့ ပုလဲစင်ကဲ့သို့ ဖြူဖွေးသန့်စင်သော အသည်းနှလုံးကို ချပေးသနားတော်မူပါ။"**[၂]

အဖွင့်ဆုတောင်းများအတွက် ရည်ရွယ်ထားသည့်အချိန်မှာ အရေးအကြီးဆုံးဖြစ်သည်။ ၎င်းက ဘုရားရှင်ထံ ကြည်ညိုကိုင်းရှိုင်းသည့်ဝန်းကျင်ကို ပုံဖော်ပေးလိမ့်မည်။ ထိုဝန်းကျင်သည် သင်ယူမှုကို ဖြစ်စေသည့်ဝန်းကျင်ဖြစ်သည်။ အဗ္ဗဒွလ်ဘဟာအရှင်မြတ်က ကလေးများကို အတူတကွစုစည်း၍ သူတို့အား ဆုတောင်းပတ္ထနာများကို သင်ကြားပေးခြင်းသည် သူတို့နှလုံးသားများဆီ "ပျော်ရွှင်မှုကို ဆောင်ယူပေးသည်"ဟု မိန့်တော်မူထားသည်။ ဘုရားရှင်နှင့် နှီးနှောစကားပြောဆိုခြင်းသည် "မြင့်မားသော အသိဥာဏ်ပညာဆိုင်ရာ အာရုံခံစားမှုများကို ရရှိစေသည်"။

ဘုရားရှင်အပေါ် နက်နဲသည့် ကြည်ညိုလေးစားစိတ်ကို သူတို့တွင် ဖွံ့ဖြိုးလာစေရန် ကလေးများကို ကူညီပေးပြီး ဆုတောင်းပတ္ထနာပြုသည့်အခါတွင်လည်း လိုက်ဖက်စွာ ကောင်းကောင်းပြုမူနေထိုင်ကြစေရန် ကူညီပေးရမည်။ သူတို့ကိုယ်တိုင်က ဆုတောင်းပတ္ထနာဖတ်သည်ဖြစ်စေ အခြားကလေးတစ်ဦးဦးက ရွတ်ဖတ်သည်ဖြစ်စေ ထွတ်မြတ်သော နှုတ်ကပါဌ်တော်အပေါ် သူတို့၏ နှလုံးသားများနှင့် စိတ်များကို အာရုံစိုက်ထားနိုင်ရန် ကူညီပေးဖို့ လိုအပ်သည်။ ဥပမာ သူတို့ ဘယ်လိုထိုင်သင့်သည်၊ သူတို့ လက်တွေကို ဘယ်လိုထားတာက အနှောင့်အယှက်မဖြစ်စေသည်၊ သူတို့မျက်လုံးတွေကို ဖွင့်ထားပြီး လျှောက်ကြည့်နေမယ်ဆိုရင် မျက်လုံးတွေကို ဘယ်လိုလုပ်ထားရမည် စတာတွေနဲ့ ကြည်ညိုလေးစားမှုကို ဘယ်လိုပြနိုင်တယ်ဆိုတာကို ဆရာက သူတို့အား မေးကြည့်နိုင်သည်။ ဆုတောင်းပတ္ထနာပြုဖို့ ဘယ်လိုကြိုတင်ပြင်ဆင်ရမယ်ဆိုတာကို ဆရာက သူတို့အား သရုပ်ပြခိုင်းနိုင်သည်။ ဆူညံသည့်ပတ်ဝန်းကျင်နှင့် သွားလာလှုပ်ရှားမှုများရှိပါက ကလေးတိုင်းက တစ်ပုဒ်စီ ဖတ်တာထက် ဝိညာဏဝန်းကျင်ထဲတွင် သုံးလေးယောက်လောက် ဖတ်တာက ပိုပြီး ကောင်းလိမ့်မည်ကို သတိရစေချင်ပါသည်။ ထို့ကြောင့် သင်တန်းတစ်ခုစီ၏ အစတွင် ဆုတောင်းပတ္ထနာဖတ်မည့် ကလေးများကို သင့်အနေနှင့် ကြိုတင် ရွေးထားဖို့ အကြံပြုပါသည်။ ကလေးတိုင်းအား သင်တန်းချိန် သုံးလေးခုတိုင်းတွင် အနည်းဆုံး ဆုတောင်းတစ်ပုဒ်ကို ရွတ်ဖတ်ရသည့် အခွင့်အလမ်းကို ဆရာဖြစ်သူက အသေအချာ ပေးချင်ပါလိမ့်မည်။

သင့်အနေဖြင့် ဆုတောင်းပတ္ထနာ၏ သဘောသဘာဝနှင့် အဘယ့်ကြောင့် ဆုတောင်းပတ္ထနာပြုသည်ကို တစ်နှစ်ပတ်လုံး တစ်ချိန်မဟုတ်တစ်ချိန် ကလေးများနှင့် စကားပြောဖို့ အရေးကြီးလိမ့်မည်။ ပထမသီတင်းပတ်အနည်းငယ်အတွင်း မည်သည်တို့ကို သူတို့အား ပြောပြမည်ဆိုတာ အောက်ပါ ကွက်လပ်ထဲတွင် ရေးသားဖော်ပြပါ။

__________

__________

__________

__________

__________

__________

__________

__________

__________

## အခန်း (၃)

ယခု သင့်အဖွဲ့ထဲမှ အခြားသူများနှင့်အတူ တစ်ယောက်ပြီးတစ်ယောက် ပထမဆုံး သင်ခန်းစာလေးခုကို တစ်ဆက်တည်းဖတ်ပါ။ သင်တို့သည် မိတ်ဆက်မှတ်ချက်များနှင့် ကလေးများ အလွတ်ကျက်ရမည့် ကောက်နုတ်ချက်များကို အထူးအာရုံစိုက်ပေးရမည်။ အမှန်တွင် ပထမဆုံးသင်ခန်းစာက ဖြူစင်သန့်ရှင်းမှုအပေါ် အလေးပေးထားသည်ကို သင်တို့ သိထားသည်။ ထိုဖြူစင်သန့်ရှင်းမှု၏ ပတ်လည်တွင် ဝန်းရံထားသည့် နောက်သင်ခန်းစာသုံးခုရှိ ဝိညာဏအရည်အသွေး တစ်ခုစီကို ချရေးပါ။

သင်ခန်းစာ ၁ ။ ဖြူစင်သန့်ရှင်းမှု

သင်ခန်းစာ ၂ ။ __________

သင်ခန်းစာ ၃ ။ __________

သင်ခန်းစာ ၄ ။ __________

ဤသင်ခန်းစာများကို သင်ကြားဖို့ ပြင်ဆင်ရာ၌ ပထမဆုံးအပိုင်းတွင် နှလုံးသားဖြူစင်သန့်ရှင်းမှုနှင့်ပတ်သက်၍ လုပ်ခဲ့သည့်အတိုင်း သင်ခန်းစာတစ်ခုစီတွင် ဖော်ပြထားသည့် အရည်အသွေးအပေါ် စဉ်းစားသုံးသပ်ဖို့ သင်တို့ အချိန်ယူသင့်သည်။ အောက်တွင် အခြားသော အရည်အသွေးသုံးခုနှင့်ဆက်နွယ်သော ကျမ်းဓမ္မခန်းများထဲမှ ကောက်နုတ်ချက် အနည်းငယ်ဖြစ်သည်။ တစ်စုံစီကို သင့်အဖွဲ့နှင့်အတူ အကြိမ်များစွာဖတ်ပြီး သင့် ကျောင်းသားများက ကောက်နုတ်ချက်ကို အလွတ်ကျက်မှတ်မည်ဆိုတာ စိတ်ထဲထည့်၍

စာပိုဒ်များအပေါ် အတူတကွသုံးသပ်ပါ။ ထို့နောက် အထွေထွေအားဖြင့် လူတစ်ဦး၏ ရှင်သန်နေထိုင်မှုထဲ၌ ဤအရည်အသွေး၏ ထူးခြားပုံအပေါ် သင်၏ အတွေးအခေါ်အချို့ကို ချရေး၍ အထူးသဖြင့် ဆရာတစ်ဦးအဖြစ် သင်၏ အားထုတ်ကြိုးပမ်းမှုများနှင့် ပတ်သက်ပြီး ချရေးပါ။ ဤကောက်နုတ်ချက်များသည် သင့်အတန်းထဲရှိ ကလေးငယ်များအတွက် ရည်ရွယ်မထားဘဲ သင်တို့ကိုယ်တိုင်၏ စဉ်းစားသုံးသပ်မှုအတွက်ဖြစ်သည်ကို သတိရပါ။

တရားမျှတမှုနှင့်ပတ်သက်၍ ကျွန်ုပ်တို့ ဖတ်ရှုရသည်မှာ-

"လူသားတို့အတွက် အလင်းရောင်မှာ တရားမျှတမှုဖြစ်၏။ ၎င်းကို ဖိနှိပ်ခြင်းနှင့် ညှင်းပန်းနှိပ်စက်ခြင်းဟူသည့် ဆန့်ကျင်ဘက်လေကြမ်းတို့ဖြင့် ငြိမ်းသတ်မပစ်လေနှင့်။ တရားမျှတမှု၏ ရည်ရွယ်ချက်မှာ လူသားတို့ကြားဝယ် စည်းလုံးညီညွတ်မှု ပေါ်ပေါက်လာစေရန်ပင် ဖြစ်၏။"[၃]

"မည်သည့်ထွန်းလင်းတောက်ပမှုကမှ တရားမျှတမှု၏ ထွန်းလင်းတောက်ပမှုနှင့် မယှဉ်နိုင်ပေ။ ကမ္ဘာလောကကို စုစည်းစီစဉ်ခြင်းနှင့် လူတို့၏ တည်ငြိမ်အေးချမ်းမှုမှာ ယင်းအပေါ်တွင် တည်မှီပေတော့၏။"[၄]

"ကမ္ဘာလောကို လေ့ကျင့်ပေးသည့်အရာမှာ တရားမျှတမှုပင်ဖြစ်သည်။ အကြောင်းကား ယင်းကို ဆုလာဘ်နှင့် အပြစ်ဒဏ်တည်းဟူသော ဒေါက်တိုင်(တိုင်မ)နှစ်ခုဖြင့် ထောက်မပေးထားပေ၏။ ဤဒေါက်တိုင်(တိုင်မ)နှစ်ခုကား ကမ္ဘာလောက၏ အသက်ရှင်သန်မှုအတွက် ပင်မအရင်းခံများ ဖြစ်ပေ၏။"[၅]

"အို နာမ်ဝိညာဉ်၏သား! ငါအရှင် အချစ်မြတ်နိုးဆုံးသောအရာကား တရားမျှတမှုဖြစ်သည်။ ငါအရှင်အား အလိုရှိပါက တရားမျှတမှုမှ သွေဖည်မသွားလေနှင့်။ အသင့်အား ငါအရှင် ယုံမှတ်ရန် တရားမျှတမှုကို လျစ်လျူမပြုလေနှင့်။ တရားမျှတမှုဖြင့် အသင်သည် အခြားတစ်ပါးသောသူ၏ မျက်လုံးများဖြင့် မကြည့်မူဘဲ မိမိ၏မျက်လုံးများဖြင့် ကြည့်လော့။ ထို့ပြင် အသင်သည် မိမိ၏ အသိပညာဖြင့် သိ၍ အသင်၏ အိမ်နီးနားချင်း၏ ပညာဖြင့် မသိလေနှင့်။ အသင်သည် ဤအချက်ကို ကောင်းစွာနှလုံးသွင်းကာ အဘယ်သို့ ပြုသင့်ပြုအပ်သည်ကို ဆင်ခြင်လော့။ စေန်မုချ တရားမျှတမှုသည် အသင်အဖို့ ငါအရှင်၏ ချစ်ကြင်နာမှု၏ အမှတ်လက္ခဏာဖြစ်လေရာ အသင်သည် ၎င်းအား မျက်ရှုပြုလော့။"[၆]

________________________________________________

________________________________________________

________________________________________________

________________________________________________

________________________________________________

ချစ်ခြင်းမေတ္တာအရည်အသွေးနှင့် ပတ်သက်၍ ကျမ်းစမ္မခန်များက ကျွန်ုပ်တို့ကို ပြောပြထားသည်မှာ-

**"ချစ်ခြင်းမေတ္တာ၏ တကယ့်အနှစ်သာရကား လူသားအတွက်မှာမူ သူ၏နှလုံးသားကို ချစ်မြတ်နိုးရာ အရှင်ဘက်သို့ လှည့်ထား၍ အရှင်မှတစ်ပါး အရားအားလုံးမှ သူ့ကိုယ်သူပြတ်ကင်းလျက် သူ့အရှင်သခင်၏ အလိုဆန္ဒရှိသမျှမှလွဲ၍ ကျန်မည်သည့်အရာကိုမှ ဆန္ဒမရှိခြင်းပင်တည်း။"[၇]**

**"ဤနေ့ရက်တွင် ထာဝရဘုရားရှင်၏ အကြောင်းရင်းတော်ကို အမှုထမ်းရွက်ခြင်းမှာ ထိုဘုရားရှင်၏ ဆွေသဟာများကြားဝယ် ချစ်ခြင်းမေတ္တာနှင့် ပေါင်းသင်းမိတ်သဟာစိတ်ကို ပေါက်ဖွားစေရေးပင် ဖြစ်သည်။"[၈]**

**"မြင့်မြတ်တော်မူသော အလင်းတော်ရာဘုရားရှင်များ ပွင့်တော်မူလာခြင်း၏ ရည်ရွယ်ချက်မှာ လူ့ကမ္ဘာလောကတွင်းဝယ် ပေါင်းသင်းမိတ်သဟာစိတ်နှင့် ချစ်ခြင်းမေတ္တာတို့ကို အမြဲအစဉ် အခြေတည်ရေးပင်ဖြစ်သည်။"[၉]**

**"ချစ်ခြင်းမေတ္တာသည် ထာဝရဘုရားရှင့် မြင့်မြတ်တော်မူသော ဘာသာရေးစနစ်သစ်တော်၏ လျှို့ဝှက်ချက်၊ အလုံးစုံ အကြင်နာသနားဆုံးဖြစ်တော်မူသော ဘုရားရှင်၏ ထင်ရှားပြသချက်၊ ဝိညာဏ(အသက်ဓာတ်)ဆိုင်ရာ စီးထွက်လာမှုများ၏ ရေတံခွန်ဖြစ်ပေ၏။ ချစ်ခြင်းမေတ္တာသည် ကောင်းကင်ဘုံ၏ ကြင်နာလှစွာသော အလင်းရောင်၊ လူ့ဝိညာဉ်အား အသက်ဓာတ်ကိုပေးသည့် သန့်ရှင်းသောဝိညာဉ်တော်၏ အစဉ်တည်မြဲသော ဝင်သက်ထွက်သက် ဖြစ်ပေ၏။"[၁၀]**

________________________________________________________________________

________________________________________________________________________

________________________________________________________________________

________________________________________________________________________

________________________________________________________________________

ထို့ပြင် အမှန်ပြောဆိုခြင်းနှင့်ပတ်သက်၍ ကျွန်ုပ်တို့ကို အကြံပြုထားသည်မှာ-

"မြွက်ဆိုလော့- အမှန်ပြောဆိုခြင်းနှင့် ယဉ်ကျေးသိမ်မွေ့မှုတို့က သင်တို့၏ အဆင်တန်ဆာ ဖြစ်ပါစေလေ။"[၁၁]

"အမှန်ပြောဆိုခြင်းမရှိပါက ဘုရားရှင်၏ကမ္ဘာများအားလုံးတွင် တိုးတက်မှုနှင့် အောင်မြင်ခြင်းမှာ အဘယ်ဝိညာဉ်အတွက်မှ မဖြစ်နိုင်ပေ။"[၁၂]

"အမှန်ပြောဆိုခြင်းသည် အခြားသော ကိုယ်ကျင့်တရားအားလုံးတို့ကို သဘောပေါက်နားလည်သဖြင့် ၎င်းသည် အရည်အသွေးများအားလုံးတို့ အထဲတွင် နှစ်လိုဖွယ် အကောင်းဆုံးပင်ဖြစ်သည်။ အမှန်ပြောဆိုသူတစ်ဦးကို စာရိတ္တဆိုင်ရာ ဒုက္ခတရားအားလုံးတို့မှနေ၍ ကာကွယ်ပေးပြီး မကောင်းသောလုပ်ရပ်တိုင်းမှ ကျုံ့သွားစေ၍ ကောက်ကျစ်စဉ်းလဲသော လုပ်ရပ်တိုင်းမှ ကာကွယ် စောင့်ရှောက်ပေးပေအံ့။ မကောင်းမှုဒုစရိုက်အားလုံးနှင့် အမှားလုပ်ရပ်အားလုံးတို့သည် အမှန်

ပြောဆိုခြင်း၏ ပကတိဆန့်ကျင်ဘက်ဖြစ်သရွေ့ အမှန်ပြောဆိုသူသည် ၎င်းတို့အားလုံးကို လုံးလုံး စက်ဆုပ်ဖွယ်အတိအဖြစ် တောင့်ခံထားပေလိမ့်မည်။”[၁၃]

ဤသင်ခန်းစာများ၌ ကလေးများ အလွတ်ကျက်မှတ်ရမည့် ကောက်နုတ်ချက်များကို သင်တို့ အလွတ်ကျက်မှတ်သည့်အပြင် ယခုတွင် တစ်စုံစီမှ အနည်းဆုံး စာတစ်ပိုဒ်ကို အလွတ်ကျက်မှတ်ချင်ပါ လိမ့်မည်။

# အခန်း (၄)

အထက်ပါသုံးသပ်ချက်များကို စိတ်ထဲထည့်၍ ပထမသင်ခန်းစာလေးခုတွင် သင့် ကျောင်းသား များအား ပြန်၍ပြောပြမည့် ဖြစ်ရပ်တို့ကို ပြန်၍ဖတ်ပါ။ သင်တို့ တွေ့ကြမည့်အတိုင်း လေးခုထဲမှ သုံးခုမှာ အမြင့်မားဆုံး လူသားဆိုင်ရာစံနမူနာ၏ ပြယုဂ်ဖြစ်သော အဗ္ဗဒုလ်ဘဟာအရှင်မြတ်၏ အသက်တာထဲမှ ထုတ်ထားသည်။ အဆင့် ၁ တွင် သင်တို့ သင်ကြားသည့် ကလေးအချို့သည် အဗ္ဗဒုလ်ဘဟာအရှင်သူမြတ်နှင့် အကျွမ်းတဝင်မရှိနိုင်သေးသဖြင့် သူတို့အား အရှင်နှင့်ပတ်သက်၍ အတိုချုပ်မိတ်ဆက်ရှင်းပြနိုင်သည်။ စာအုပ် ၂ ၏ တတိယပိုင်းတွင် သင်တို့ သင်ယူခဲ့သမျှက အရှင်၏ ပြိုင်ဘက်ကင်းသော အဆင့်အခြေအပေါ် မိမိကိုယ်တိုင်၏ သတိထားမိမှုကို မြင့်မားသွားစေပြီး ဤပြင်မသင်ခန်းစာအစီအစဉ်ရှိ သင်ခန်းစာများကို သင်တို့ ရှေ့ဆက်လေ့လာသည့်အခါ အဗ္ဗဒုလ်ဘဟာဆိုသည့် ပုဂ္ဂိုလ်သူမြတ်အနေနှင့် တန်ဖိုးကြီးလှသော လက်ဆောင်ကို လူ့လောကအတွက် ချပေးထားသဖြင့် ဘုရားရှင်အား သင်တို့၏ ကျေးဇူးတင်ရှိမှုမှာ ကြီးထွား လာလိမ့်မည်။ အဆင့် ၁ ၏ ပထမဆုံးသင်ခန်းစာကို သူတို့ စတင်သင်ယူသည့်အခါ အရှင်နှင့်ပတ်သက်၍ ကလေးများအား မည်သည်တို့ကို သင်တို့ ပြောပြမည်နည်း။

______________________________________________________________________

______________________________________________________________________

______________________________________________________________________

ပထမဆုံးအပိုင်းကို သင်တို့ လေ့လာမှုမှနေ၍ ကလေးများအား ဖြစ်ရပ်မှန်များကို ပြောပြသည့်အခါ ဖြစ်ရပ်များထက်ကျော်လွန်၍ သူတို့ကို ခေါ်ဆောင်သွားချင်ပြီး ဝိညာဏအစစ်အမှန်အပေါ် လျှပ်တစ်ပြက် အမြင်ရရှိစေရန် သူတို့အား ကူညီပေးချင်သည်ကို သိပြီးသားဖြစ်သည်။ သင်ခန်းစာ ၁ ရှိ အဗ္ဗဒ္ဒလ်ဘဟာအရှင်မြတ်၏ ညှော်သည် ဖြစ်ရပ်က ဖြူစင်သန့်ရှင်းခြင်းဆိုသည့် အရည်အသွေး၏ ထူးခြားပုံကို နားလည်သွားစေရန်နှင့် ၎င်းအတွက် ကြိုးစားအားထုတ်သည်ဆိုသည့် အဓိပ္ပါယ်ကို နားလည်သွားစေရန် သင့်ကျောင်းသားများအား ကူညီပေးရလိမ့်မည်။ နောက်ထပ် သင်ခန်းစာသုံးခုရှိ ဖြစ်ရပ်မှန်များကိုလည်း ဤနည်းအတိုင်း လေ့လာဆန်းစစ်ကြပါစို့။

သင်တို့ တွေ့ထားပြီးဖြစ်သည့်အတိုင်း သင်ခန်းစာ ၂ တွင် တရားမျှတမှုအတွက် အဗ္ဗဒ္ဒလ်ဘဟာအရှင်မြတ်၏ စိတ်ပူမှုကို ဖော်ပြထားသော ဖြစ်ရပ်မှန်ကို ပြောပြရလိမ့်မည်။ ၎င်းမှာလည်း သင်ခန်းစာ၏ အဓိကအကြောင်းအရာဖြစ်သည်။ တစ်နေ့တွင် အဗ္ဗဒ္ဒလ်ဘဟာအရှင်မြတ်က အက္ကာမှ ဟိုက်ဖာကို ခရီးသွားချိန်တွင်ကြုံရသည့် အဖြစ်အပျက်တစ်ခုကို ဖော်ပြထားသည်။ ဖြစ်ရပ်ကို ကလေးများ လိုက်နိုင်ဖို့ဆိုလျှင် သူတို့ အမိအရယူရမည့် အသေးစိတ်အချက်အနည်းငယ်ရှိသည်။ ဥပမာ ပုံမှန် ရိုးရိုးတန်းရှိ ထိုင်ခုံနှင့် သီးသန့်ယာဉ်ရှိ ထိုင်ခုံတို့အကြား ခြားနားချက်မျိုးဖြစ်သည်။ ဤအချက်အားဖြင့် အဗ္ဗဒ္ဒလ်ဘဟာအရှင်မြတ်သည် လိုအပ်သူတို့အတွက် ဝိညာဏပိုင်းနှင့် ရုပ်ပိုင်းအထောက်အပံ့ကို ပေးနိုင်ဖို့ မိမိရဲ့တစ်ကိုယ်ရေ သက်သာမှုအား စွန့်လွှတ်ဖို့ ဆန္ဒပြင်းပြပုံကို သူတို့ သိမြင်သွားအောင် ကူညီပေးလိမ့်မည်။ အဗ္ဗဒ္ဒလ်ဘဟာအရှင်မြတ်၏ အသက်ရှင်သန်ပုံနည်းလမ်းဖြစ်သော အရှင်ကိုယ်တိုင်အတွက် မလိုအပ်ဘဲ အသုံးမပြုပုံနှင့် လိုအပ်နေသူတို့အတွက် ပေးကမ်းရင်း တရားမျှတမှုဆိုသည့် ဝိညာဏအရည်အသွေးဖြင့် ပြသခဲ့ပုံကို သင့်ကျောင်းသားများ တွေ့မြင်သွားစေဖို့ မည်သို့ သေချာအောင်လုပ်မည်နည်း။ ဖြစ်ရပ်မှန်ကို ပြောမပြခင် သင်တို့စိတ်ထဲတွင် ရှင်းရှင်းလင်းလင်းရှိရမည့် အသေးစိတ်များမှာ မည်သည်တို့ ဖြစ်သနည်း။

______________________________________________________________________

______________________________________________________________________

______________________________________________________________________

______________________________________________________________________

______________________________________________________________________

ချစ်ခြင်းမေတ္တာမှာ သင်ခန်းစာ ၃ ၏ အဓိကအကြောင်းအရာဖြစ်သည်။ အဗ္ဗဒ္ဒလ်ဘဟာအရှင်မြတ် အပေါ် တလေးတစားမရှိသော်လည်း အရှင်၏ ချစ်ကြင်နာမှုကို နှစ်ပေါင်းများစွာ လက်ခံရရှိထားသူ အက္ကာမြို့မှ လူတစ်ယောက်အကြောင်းကို ကလေးများအား ဤနေရာ၌ ပြောပြရလိမ့်မည်။ မိမိတို့အပေါ် ကြင်နာသူတို့ကို မိမိတို့နှလုံးသားထဲက ချစ်မြတ်နိုးဖို့ လွယ်ကူလှသည်။ သို့သော် အဗ္ဗဒ္ဒလ်ဘဟာအရှင်မြတ်၏ ချစ်ခြင်းမေတ္တာမှာ အကန့်အသတ်မရှိပေ။ အခြေအနေပေါ် မူမတည်ပေ။ ဖြစ်ရပ်မှန်ကို သင်တို့ ပြောပြသည့်နည်းလမ်းထဲတွင်

အဗ္ဗဒွလ်ဘဟာအရှင်မြတ် ချစ်ခြင်းမေတ္တာတရား၏ ဤလက္ခဏာရပ်ကို ကလေးများအတွက် ထင်သာမြင်သာ ဖြစ်လာစေရန် မည်သို့ သေချာအောင် လုပ်မည်နည်း။ ချစ်ခြင်းမေတ္တာ၏စွမ်းအားက မသိနားမလည်မှုကြောင့် မှားယွင်းစွာပြုမူသူတစ်ယောက်၏ နှလုံးသားအား မည်သို့ အသွင်ပြောင်းလဲစေသည်ကို သဘောကျလာအောင် သူတို့အား မည်သို့ ကူညီပေးနိုင်ပါသနည်း။ အကယ်၍ ကျန်ခဲ့ပါက ကလေးများအနေဖြင့် ဖြစ်ရပ်ကို လိုက်နိုင်ဖို့နှင့် ဤထိုးထွင်းအမြင်ရရှိဖို့ ခက်ခဲစေမည့် အသေးစိတ်အချို့မှာ မည်သည်တို့ ဖြစ်သနည်း။

____________________________________________________________

____________________________________________________________

____________________________________________________________

____________________________________________________________

____________________________________________________________

အမှန်ပြောဆိုခြင်းဆိုသည့် အရည်အသွေးအပေါ် အလေးပေးထားသော သင်ခန်းစာ ၄ တွင် နေရာအနှံ့ လူသိများလှသော ဝံပုလွေဟု အော်လိုက်သည့် သိုးကျောင်းသား ပုံပြင်ပါရှိသည်။ ပုံပြင်က သိုးကျောင်းသား လူငယ်၏ လိမ်ညာမှုအကျိုးဆက်များကို သရုပ်ပြထားသည်။ ၎င်းကို ကလေးများ အလွယ်တကူ အမိအရ ရှိလိမ့်မည်။ သို့သော် သင်တို့အနေဖြင့် ၎င်းထက် ကျော်လွန်၍သွားချင်ပြီး အမှန်ပြောဆိုခြင်း၏ ဆုလာဘ်ကို အသိအမှတ်ပြုလာစေချင်သည်။ ဤဆုလာဘ်မှာ မည်သည့်အရာဖြစ်၍ ကလေးများအနေနှင့် ပုံပြင်ထဲမှနေ၍ ဤဆုလာဘ်ကို အမြင်ရသွားစေရန် မည်သို့ သေချာအောင်လုပ်မည်နည်း။

____________________________________________________________

____________________________________________________________

____________________________________________________________

____________________________________________________________

____________________________________________________________

## အခန်း (၅)

ဤအခန်းများတွင် သင်တို့သည် အဆင့် ၁ ၏ ပထမသင်ခန်းစာ လေးခုတွင် ဖော်ပြထားသော ဝိညာဏအရည်အသွေးများကို စဉ်းစားကြပြီး ၎င်းတို့၏ ထူးခြားမှုအပေါ် မိမိတို့ကိုယ်တိုင်၏ နားလည်မှုကို အားကောင်း စေသည်။ ထို့အတူ ဤအဆင့် ၁ တွင် ကလေးများ၌ ထပ်ဆင့်ဖွံ့ဖြိုးလာဖို့ မျှော်လင့်ထားသည့် ဝိညာဏအရည်အသွေးများ၏ သဘောသဘာဝထဲတွင် ဖြစ်ရပ်မှန်များက မည်သို့ လျှပ်တစ်ပြက် အမြင်ပေး သည်ကိုလည်း မြင်ထားပြီးဖြစ်သည်။

နောက်ထပ် သင်ခန်းစာလေးခုကို မဆက်ခင် ဤပထမသင်ခန်းစာလေးခုကို သင်ကြားဖို့ ကြိုတင်ပြင်ဆင်ရန် သင့်အဖွဲ့ဝင်များနှင့်အတူ အချိန်အချို့ သုံးသင့်သည်။ ရှေ့ဘက်အပိုင်းတွင် ဆွေးနွေးထားသည့် ချဉ်းကပ်နည်းများကို အသုံးပြုခြင်းဖြင့် သင်ခန်းစာ တစ်ခုစီရှိ အလွတ်ကျက်မှတ်ရမည့် ဆုတောင်းပတ္ထနာကို မိတ်ဆက်ပေးခြင်း၊ အလွတ်ကျက်မှတ်ရမည့် ကောက်နုတ်ချက်နှင့်အတူ ၎င်းသင်ခန်းစာတွင် ဆွေးနွေးထားသော ဝိညာဏအရည်အသွေးကို ချပြခြင်းတို့အတွက် အလုပ်ကျဆောင်ရွက်နိုင်သည်။ သင်တို့အနေနှင့် မိမိကိုယ်ကိုယုံကြည်စိတ်ချမှု ဒီဂရီတစ်ခုခုဖြင့် သင်ကြားပေးနိုင်သည်အထိ အချင်းချင်း ဖြစ်ရပ်မှန်များကို ပြန်၍ပြောပြသင့်သည်၊ ကစားနည်းများကို ကစား၍ သီချင်းများကိုလည်း အတူတကွ သီဆိုကြရမည်။ သင်တို့အနေနှင့် အရောင်ခြယ်စာရွက်များနှင့်ပတ်သက်၍ မည်သို့ မိတ်ဆက်ပေးမည်ကို စဉ်းစားကြည့်ပါ။ ဤလေ့ကျင့်ခန်းကို မဆောင်ရွက်ခင် ပထမပိုင်းရှိ အခန်း၁၇ မှ ၂၄ ကို ပြန်၍နွေးပါက အထောက်အကူရနိုင်ပါသည်။ အကြံပြုထားသည့်အတိုင်း ပါရှိသည့်အကြောင်းအရာ (elements)မျိုးစုံကို လေ့ကျင့်ပြီးနောက် သင်တို့ အဖွဲ့ဝင်တစ်ဦးစီအနေနှင့် သင်ခန်းစာတစ်ခု သို့မဟုတ် ထို့ထက်မကဘဲ အခြားသူများက ကျောင်းသားများအဖြစ် လုပ်ကြချိန်တွင် သင်ကြားမှုကို လက်တွေ့လေ့ကျင့်ခိုင်းနိုင်ပါသည်။ သင်တို့၏ အခြေအနေများအပေါ်မူတည်၍ ကလေးသုံးလေးယောက်ကို စုပြီး သူတို့အား သင်ခန်းစာများကို ဆက်တိုက် သင်ပေးတာမျိုးလည်း ဖြစ်နိုင်ပါသည်။

အထက်ပါ လက်တွေ့လေ့ကျင့်မှုကို ဆောင်ရွက်ရာတွင် သင်တို့အနေဖြင့် သင်ခန်းစာတစ်ခုစီ အကြောင်း မှတ်စုချရေးကြ၍ ၎င်းအား မည်သို့ သင်ကြားရမည်ဆိုသည့် အတွေးအခေါ်တို့ကို မှတ်ထားချင် ပါလိမ့်မည်။ ထို့ပြင် အချို့ကစားနည်းများအတွက် သင်ခန်းစာကို မသင်မီကပင် ပစ္စည်းပစ္စယတို့ကို ကြိုတင် ပြင်ဆင်ထားဖို့ လိုပါလိမ့်မည်။ ဆရာအများစုက ထိုကဲ့သို့ ကြိုတင်ပြင်ဆင်ရန်အတွက် ပထမဆုံးသင်ခန်းစာ အပိုင်းတွင် ဖော်ပြထားသော မှတ်စုစာအုပ်ထဲတွင် နေရာတစ်ခု ပေးထားကြသည်။

ဤစာအုပ်နှင့် သင်၏မှတ်စုစာအုပ်တို့ကို သင်တန်းသို့ သေချာပေါက် ယူသွားချိန်မှာပင် ၎င်းတို့ အထဲမှနေ၍ သင်တို့က ရိုးရိုးလေး ဖတ်မပြချင်သည်ကို သတိရပါ။ အကြောင်းအရာကို သက်တောင့် သက်သာနှင့် စိတ်အားထက်သန်မှုတို့ဖြင့် ချပြနိုင်သည့်အတိုင်းအတာနှင့်အညီ သင်၏ ကျောင်းသားများက လုပ်ဆောင်ချက်များကို ပါဝင်ဆောင်ရွက်နိုင်လိမ့်မည်။ ထို့ကြောင့် လက်တွေ့လေ့ကျင့်မှုနှင့် ကြိုတင်ပြင်ဆင်မှု တို့မှာ မဖြစ်မနေ အရေးပါလိမ့်မည်။

# အခန်း (၆)

သင်ခန်းစာ ၅ မှ ၈ အတွက် သင်တန်းတစ်ခုစီကို စတင်ရန်အတွက် အလွတ်ရထားသည့် အောက်ပါ ဆုတောင်းကို သင်တို့ ရွတ်ဖတ်ဖို့ အကြံပြုပါသည်။

**“အို ကြင်နာသနားတော်မူသောအရှင်၊ ဤချစ်ဖွယ်သောကလေးသူငယ်များသည် ကိုယ်တော်၏ တန်ခိုးတော်လက်ချောင်းများ၏ လက်ရာများဖြစ်ကြပါ၏။ ကိုယ်တော်၏ ကြီးကျယ်မြင့်မြတ်တော်**

**မူခြင်း၏ အံ့ဖွယ်သောအမှတ်လက္ခဏာများ ဖြစ်ကြပါ၏။ အို ထာဝရဘုရားသခင်၊ ဤကလေးသူငယ်များအား ကာကွယ်စောင့်ရှောက်ပေးတော်မူပါ။ ၎င်းတို့အား အသိပညာဖြင့် ပြည့်စုံစေရန် ကိုယ်တော်၏ သနားကရုဏာတော်ဖြင့် ကူညီစောင်မပေးတော်မူပါ။ ၎င်းတို့အား လူသားကမ္ဘာအတွက် အမှုတော်ထမ်းဆောင်နိုင်စေရန် မစတော်မူပါ။ အို အရှင်ထာဝရဘုရား၊ ဤကလေးသူငယ်များသည် ပုလဲရတနာများဖြစ်ကြပါ၏။ ၎င်းတို့အား ကိုယ်တော်၏ ချစ်ခြင်းမေတ္တာနှင့် သနားကရုဏာတော် မုတ်ခွံအတွင်းဝယ် ပြုစုပျိုးထောင်ပေးတော်မူပါ။**

**"ကိုယ်တော်ကား ရက်ရောတော်မူသောအရှင်၊ အနန္တမေတ္တာတော်ဖြင့် ပြည့်စုံတော်မူသောအရှင် ဖြစ်တော်မူပေသတည်း။"[၁၄]**

သင်တို့၏ သင်ကြားမည့် ကြိုးပမ်းအားထုတ်မှုများကို ဤစကားလုံးများဖြင့် သုံးသပ်ကြည့်ဖို့ အချိန်အခိုက်အတန့် ယူချင်ပါလိမ့်မည်။ ၎င်းတို့က သင်တန်းချိန်တစ်ခုစီအတွက် သင်တို့၏ ချဉ်းကပ်ပုံ ချဉ်းကပ်နည်းကို မည်သို့ သက်ရောက်လွှမ်းမိုးပါမည်နည်း။ ၎င်းတို့က ထာဝရဘုရားရှင်၏ ချစ်ခြင်းမေတ္တာကို ကလေးများ၏ နုနယ်သည့်နှလုံးသားများထဲတွင် မည်သို့ ခိုင်မာတောင့်တင်းစေမည်နည်း။

____________________________________________________________

____________________________________________________________

____________________________________________________________

____________________________________________________________

____________________________________________________________

ဤသင်ခန်းစာများတွင် သင်တို့၏ ကျောင်းသားများအား အောက်ပါဆုတောင်းကို အလွတ်ကျက်မှတ်ဖို့ ကူညီပေးရမည်ဖြစ်ပြီး သင်တို့ သိသည့်အတိုင်း ၎င်း၏ ထူးခြားမှုကို သူတို့ နားလည်မှုအချို့ ရှိထားပါက အလွတ်ကျက်မှတ်ဖို့ လွယ်ကူသည်ကို တွေ့ရလိမ့်မည်။ အောက်ပါကွက်လပ်ထဲတွင် ဤအကြောင်းနှင့် ပတ်သက်ပြီး သင်၏ အတွေးအဆအချို့ကို ချရေးထားနိုင်ပါသည်။ မည်သည့်စကားလုံးများက သူတို့အတွက် အသစ်အဆန်း သို့မဟုတ် အကျွမ်းတဝင်မရှိနိုင်သည်ဟု သင် ထင်ပါသနည်း။ ကလေးများ အလွယ်တကူ သိနိုင်မည့် အခြေအနေများအားဖြင့် ၎င်းစကားလုံးများကို သူတို့အား မည်သို့ ရှင်းပြနိုင်ပါသနည်း။ ထိုကဲ့သို့ စကားလုံးများအပြင် မီးအိမ်နှင့် ကြယ်တို့က အလင်းရောင်ပေးပုံ၊ အလင်းရောင်မရှိပါက အမှောင်ဖြစ်၍ ဘာကိုမှ မမြင်နိုင်ဘဲ လမ်းပျောက်နိုင်ပုံတို့ကို သူတို့ နားလည်အောင် ကူညီပေးဖို့ လိုအပ်လိမ့်မည်။ ထို့ကြောင့်လည်း ဆုတောင်းပတ္ထနာထဲတွင် ကျွန်ုပ်တို့မှာ ဝိညာဏအလင်းရောင်ဖြင့် ထွန်းလင်းပေးနိုင်ဖို့ ဘုရားရှင်ထံ တောင်းလျှောက်ပြီး အရှင် အလိုဆန္ဒရှိသည့်အတိုင်း လုပ်နိုင်သည့် တန်ခိုးနှင့် စွမ်းအားရှိကြောင်း ကိုလည်း ကျွန်ုပ်တို့ သက်သေခံထားသည်။

**"အို အရှင်ထာဝရဘုရား၊ ကျွန်တော်မျိုးအား လမ်းပြပေးတော်မူပါ။ ကာကွယ်စောင့်ရှောက် ပေးတော်မူပါ။ ကျွန်တော်မျိုးအား ထွန်းလင်းတောက်ပသော မီးအိမ်တစ်ခုဖြစ်စေတော်မူပါ။ တောက်ပြောင်သော ကြယ်တာရာလေးတစ်ခု ဖြစ်စေတော်မူပါ။ ကိုယ်တော်ကား ကြီးကျယ်မြင့်မြတ်တော်မူသောအရှင်၊ တန်ခိုးတော်အပေါင်းဖြင့် ပြည့်စုံတော်မူသောအရှင် ဖြစ်တော်မူပေသတည်း။"[၁၅]**

______________________________________________________________

______________________________________________________________

______________________________________________________________

______________________________________________________________

______________________________________________________________

# အခန်း (၇)

အတန်းသားများကို မျှဝေပေးရမည့် မိတ်ဆက်အယူအဆများနှင့် သူတို့ အလွတ်ကျက်မှတ်ရမည့် ကောက်နုတ်ချက်များအပေါ် အထူးအားရုံစိုက်ပေးထား၍ ယခု သင်ခန်းစာ ၅ မှ ၈ အထိ တစ်ခုပြီးတစ်ခုကို ဖတ်ပါ။ သင်ခန်းစာတစ်ခုစီတွင် ဆွေးနွေးထားသည့် ဝိညာဏအရည်အသွေးကို ဤနေရာတွင် ဖော်ပြပါ။

သင်ခန်းစာ ၅ ။ ။ ______________________________________________

သင်ခန်းစာ ၆ ။ ။ ______________________________________________

သင်ခန်းစာ ၇ ။ ။ ______________________________________________

သင်ခန်းစာ ၈ ။ ။ ______________________________________________

အောက်ပါတို့မှာ ဤအရည်အသွေးလေးခုထဲတွင် ထိုးထွင်အမြင်ပေးထားသည့် ကျမ်းဓမ္မခန်များထဲမှ ကောက်နုတ်ချက်အနည်းငယ်ဖြစ်သည်။ ယခင် လုပ်ခဲ့သည့်အတိုင်း တစ်စုံစီအပေါ်တွင် စဉ်းစားသုံးသပ်ပြီး ပေးထားသည့်ကွက်လပ်ထဲတွင် သင်၏ အတွေးအခေါ်အချို့ကို ချရေးပါ။

ပေးကမ်းရက်ရောသည့် အရည်အသွေးနှင့်ပတ်သက်၍ ကျွန်ုပ်တို့ ဖတ်ရှုရသည်မှာ-

**"ချမ်းသာကြွယ်ဝချိန်(အများအပြားရှိချိန်)တွင် ပေးကမ်းရက်ရော၍ ဆုံးရှုံးချိန်တွင် စိတ်ရှည်သည်းခံပါလေ။"**[၁၆]

**"စိတ်သဘောထားကြီးမြတ်ခြင်း၏ အစကနဦးမှာ လူသည် သူ၏ ကြွယ်ဝချမ်းသာမှုကို မိမိကိုယ်တိုင်အတွက်လည်းကောင်း မိမိ၏မိသားစုနှင့် သူ ယုံကြည်ကိုးကွယ်ရာ သာသနာတော်တွင်းရှိ ညီအစ်ကိုမောင်နှမများကြားဝယ် ဆင်းရဲသားများအတွက် အသုံးပြုသည့်အခါ အစပြုပေတော့၏။"**[၁၇]

**"ရန်လိုမုန်းတီးမှုကို သူတို့ ပို၍တွေ့ကြုံရလေလေ မိမိတို့ကိုယ်တိုင်၏ ကောင်းလှသော ယုံကြည်မှုကို သူတို့ ပို၍ ပြသကြပါစေလေ။ ညှင်းပမ်းနှိပ်စက်မှုများနှင့် ဘေးဒုက္ခများကို သူတို့ ပို၍ (မဖြစ်မနေ) ရင်ဆိုင်ရလေလေ အလှုံပယ်သည့် ခွက်ဖလားကို သူတို့ ပို၍ ရက်ရက်ရောရော လှည့်လည်ပေးဝေ**

ပါစေလေ။ ယင်းသည်ကား ကမ္ဘာလောက၏ အသက်ရှင်သန်မှုဖြစ်လာမည့် အသက်ဓာတ်ပင်တည်း။ ယင်းသည်ကား ၎င်း၏ နှလုံးသည်းပွတ်တွင်တည်သည့် ပျံ့နှံ့လျက်ရှိသော အလင်းရောင်ပင်တည်း။"[၁၈]

"သင်တို့သည် ပေးကမ်းရက်ရောခြင်း၏ အရဏ်ဦးနေရာများ၊ တည်ရှိမှု လျှို့ဝှက်ချက်များ၏ အရဏ်ဦးအမှတ်အသားများ၊ စိတ်အားတက်ကြွမှု ထွန်းလင်းရာနေရာများ၊ ခမ်းနားမြင့်မြတ်ခြင်း၏ မြင့်တက်ရာနေရာများ၊ သန့်ရှင်းသောဝိညာဉ်တော်က ကူညီပံ့ပိုးပေးနေသည့် ဝိညာဉ်များ၊ အရှင်သခင်၏ ချစ်နှစ်သက်ခြင်းခံရသူများ ဖြစ်လာကြပြီးလျှင် အရှင်မှတစ်ပါး အရာခပ်သိမ်းကုန်တို့မှ ပြတ်ကင်းလျက် လူသားလောက၏ လက္ခဏာရပ်အားလုံးထက် မြင့်မြတ်စေပြီး ကောင်းကင်အိန်ဂျယ် များ၏ ဂုဏ်အင်လက္ခဏာများကို ဆင်မြန်းထားကြပါလေ။ သို့မှသာ သင်တို့သည် ဤအချိန်အခါသစ်၊ ဤအံ့သြဖွယ်ကောင်းသော ခေတ်တော်တွင် အားလုံးတို့အတွက် အမြင့်မားဆုံးသော ပေးကမ်းမှုကို သင်ကိုယ်တိုင်အတွက် အောင်မြင်နိုင်ပေအံ့။"[၁၉]

ကိုယ်ကျိုးကင်းမှုနှင့်ပတ်သက်၍ ကျွန်ုပ်တို့ကို တိုက်တွန်းနှိုးဆော်ထားသည်မှာ-

". . . အသင်တို့သည် တစ်ဦးနှင့်တစ်ဦး အကန့်အသတ်မရှိသော ချစ်ခြင်းမေတ္တာကို ထားရှိကြရမည်။ တစ်ဦးစီက မိမိကိုယ်တိုင်ထက် အခြားသူကို ပို၍ ဦးစားပေးကြရမည်။"[၂၀]

"အို အရှင်! အတ္တကိုယ်ကို စွန့်လွှတ်မေ့လျော့စေသောဖလားတော်မှ ကျွန်တော်မျိုးအား သောက်သုံးခွင့် ပြုတော်မူပါ။ ၎င်း၏ ဝတ်ရုံဖြင့် ကျွန်တော်မျိုးအား ဆင်မြန်းပေးတော်မူ၍ ၎င်း၏ သမုဒ္ဒရာအတွင်းဝယ် နစ်မြုပ်ပေးတော်မူပါ။ ၎င်းပြင် ကိုယ်တော်၏ အချစ်တော်သားများ သွားရာလမ်းကြောင်းတွင် ကျွန်တော်မျိုးအား ဖုန်မှုန့်သဖွယ် ဖြစ်စေတော်မူပါ။ ကိုယ်တော်၏ လမ်းကြောင်းတွင် ရွေးချယ်ခြင်း ခံရသော ပုဂ္ဂိုလ်များ၏ ခြေရာများဖြင့် မြင့်မြတ်ခြင်းအခြေသို့ ရောက်ရှိရသော ဤကမ္ဘာမြေကြီး အတွက် ကျွန်တော်မျိုး၏ ဝိညာဉ်ကို စွန့်လွှတ်ခွင့်ပြုတော်မူပါ။ အို အမြင့်မားဆုံးဘုန်းနန်းရှိ ဘုန်းတန်ခိုး၏ အရှင်သခင်။"[၂၁]

"လူဟူသည်ကား အခြားသူများအကျိုးအတွက် မိမိကိုယ်တိုင်၏ အကျိုးတရားများကို မေ့လျော့ ထားသူ ဖြစ်ပေ၏။ လူခပ်သိမ်းကုန်တို့၏ ကောင်းစားရေးအတွက် သူကိုယ်တိုင်၏ သက်တောင့် သက်သာရှိမှုကို လက်လွှတ်လိုက်သူ ဖြစ်ပေ၏။ ထို့ထက်မက လူ့လောက၏ အသက်ရှင်သန်မှုအတွက် မိမိကိုယ်တိုင်၏ ဘဝကိုပင် ပေးအပ်ဖို့ ဆန္ဒပြင်းပြသူပင်တည်း။ ထိုကဲ့သို့သော လူကား လူ့ကမ္ဘာလောက၏ ဂုဏ်ယူဖွယ်ရာပင် ဖြစ်ပေ၏။ ထိုကဲ့သို့သော လူကား လူ့မျိုးနွယ်လောက၏ ဘုန်းရှိမှုပင် ဖြစ်ပေ၏။ ထိုကဲ့သို့သော လူကား အစဉ်တည်မြဲသော ချမ်းမြေ့ပျော်ရွှင်မှုကို အောင်နိုင်သူ

ပင်တည်း။ ထိုကဲ့သို့သော လူကား ထာဝရဘုရားရှင်၏ ခံတံခါးဝဆီ နီးကပ်သွားသူပင်တည်း။ ထိုကဲ့သို့သော လူကား အစဉ်တည်မြဲသော ပျော်ရွှင်မှု၏ တကယ့်သရုပ်ပြသမှုပင် ဖြစ်ပေတော့၏။”[၂၂]

________________________________________________________________________________

________________________________________________________________________________

________________________________________________________________________________

________________________________________________________________________________

________________________________________________________________________________

အောက်ပါ ကောက်နုတ်ချက်များတွင် ဝမ်းမြောက်ပျော်ရွှင်မှု၏ သက်ဝင်လှုပ်ရှားမှုများကို ကျွန်ုပ်တို့ လျှပ်တစ်ပြက် အမြင်ရကြသည်-

“ဘုရားရှင်၏ ချစ်ခြင်းမေတ္တာဝေဟင်ထဲတွင် ဝမ်းမြောက်ပျော်ရွှင်ခြင်း၏ အတောင်ပံများဖြင့် မြင့်တက်ပျံတက်လော့။”[၂၃]

“ခပ်သိမ်းသော ဝမ်းမြောက်ပျော်ရွှင်မှုအပေါင်းသည် ထိုဘုရားရှင်၏ ရှေ့တော်မှောက်သို့ ရောက်ရှိကြပြီး အရှင့် အလှကျက်သရေတော်ကို ငေးမောရှုကြည့်ကြ၍ ထိုဘုရားရှင်၏ တေးသံသာတို့ကို ကြားနာရပြီးလျှင် အရှင်၏ မြင့်မြတ်၍ မြင့်မားတော်မူလှသော၊ အရှင်၏ ဘုန်းတန်ခိုးထွန်းတောက်၍ ရောင်ရှိန်ရောင်ဝါ ခံ့ညားထည်ဝါတော်မူသော နှုတ်ခမ်းတော် အစုံမှ ဖွင့်ဟတော်မူသည့် နှုတ်ကပါဌ်တော်အားဖြင့် သက်ဝင်လှုပ်ရှားလာကြကုန်သူ အပေါင်းတို့အတွက်ပင် ဖြစ်ပေတော့၏။”[၂၄]

“ပျော်ရွှင်မှုက ကျွန်ုပ်တို့အား အတောင်ပံများကို ပေး၏။ ပျော်ရွှင်နေသည့်အချိန်တွင် ကျွန်ုပ်တို့၏ အင်အားမှာ ပိုမိုအားကောင်းနေ၏။ ကျွန်ုပ်တို့၏ အသိဉာဏ်စွမ်းအားလည်း ပိုမိုထက်သန်လာသည်။ ကျွန်ုပ်တို့၏ နားလည်မှုမှာလည်း တိမ်သလွှာဖုံးမှု လျော့နည်းသည်။”[၂၅]

“အသင်တို့ စွမ်းဆောင်နိုင်သမျှအထိ (အစည်းအဝေး)တွေ့ဆုံမှုတိုင်းတွင် ချစ်ခြင်းမေတ္တာဟူသည့် ဖယောင်းတိုင်ကို မီးထွန်းညှိကြကုန်လော့။ နူးညံ့သိမ်မွေ့မှုတို့ဖြင့် အသင်တို့သည် နှလုံးသားတိုင်းကို ဝမ်းမြောက်ဝမ်းသာဖြစ်စေ၍ အားတက်စေကုန်လော့။”[၂၆]

________________________________________________________________________________

________________________________________________________________________________

________________________________________________________________________________

________________________________________________________________________________

________________________________________________________________________________

အောက်ပါစာပိုဒ်များက ရိုးဖြောင့်မှု(sincerity)အကြောင်းကို ပြောပြထားသည်-

“မြွက်ဆိုလော့။ နို့စို့သူငယ်သည် သူ့မိခင်ရင်ခွင်ကို တမ်းတဘိသကဲ့သို့ ရိုးဖြောင့်သူသည် ဘုရားရှင် ထံပါး နီးကပ်မှုကို တောင့်တပေ၏။ သူ၏ တောင့်တမှုသည်ကား ထို့ထက်ပင် ပိုမိုသေး၏။ အသင် သိပါလေစ! တဖန် သူ၏ တောင့်တမှုသည်ကား လုံးလုံး အာခေါင်ခြောက် ရေငတ်သူက ကျေးဇူးတော်၏ အသက်ရေစင်များနောက် အမောတကော လိုက်ဘိသည့်အလားပင် သို့တည်းမဟုတ် အပြစ်သားက ခွင့်လွှတ်မှုနှင့် သနားကရုဏာကို တမ်းတဘိသကဲ့သို့ပင် ဖြစ်ပေတော့၏။”[၂၇]

“ဤနေ့ရက်များတွင် အမှန်ပြောဆိုခြင်းနှင့် ရိုးဖြောင့်ခြင်းတို့သည် အမှားဟူသည့် လက်ခုပ်(clutches) အတွင်း၌ လုံးလုံးဒုက္ခရောက်၍ တရားမျှတမှုသည်လည်း မတရားမှုဟူသည့် ကျော့ကွင်းတို့ဖြင့် စုတ်ပြတ်လျက်ရှိချေ၏။”[၂၈]

“လူတိုင်းသည် ဤတိုတောင်းသည့်အသက်တာကို ရိုးဖြောင့်မှုနှင့် မျှမျှတတရှိမှုတို့ဖြင့် ဖြတ်သန်း သွားကြရန် တာဝန်ရှိကြကုန်၏။”[၂၉]

“သင်တို့၏ နှလုံးသားများသည် ဖြူစင်သန့်ရှင်းရမည်။ သင်တို့၏ ရည်ရွယ်ချက်များသည် ရိုးသား ကြရမည်။ သို့မှသာ သင်တို့သည် ထွတ်မြတ်သောပေးကမ်းမစမှုများကို လက်ခံရရှိသူများ ဖြစ်လာ နိုင်ကြလိမ့်မည်။”[၃၀]

________________________________________

________________________________________

________________________________________

________________________________________

________________________________________

________________________________________

အထက်တွင်ရှိသည့် တစ်စုံစီထဲမှ အနည်းဆုံး စာတစ်ပိုဒ်ကို အလွတ်ကျက်မှတ်ဖို့ ကြိုးစားပါ။

# အခန်း (၈)

ယခု သင်ခန်းစာ ၅ မှ ၈ အထိတွင် ပါရှိသည့် ဖြစ်ရပ်မှန်များကို ကြည့်ပြီး ကလေးများ လေ့လာဆန်းစစ်နေသည့် ဝိညာဏအရည်အသွေးများထဲတွင် ထိုးထွင်းအမြင်ရရှိစေရန် ၎င်းတို့က သူတို့အား မည်သို့ ကူညီပေးမည်ကို စဉ်းစားကြည့်ပါ။ ဖြစ်ရပ်မှန်တစ်ခုစီကို ပြန်၍ဖတ်ကြည့်ပြီးနောက် အောက်ပါမေးခွန်းများကို စဉ်းစားကြည့်ပါ။

ပေးကမ်းရက်ရောခြင်းမှာ သင်ခန်းစာ ၅ တွင်ပါသည့် ဖြစ်ရပ်မှန်၏ အဓိကအကြောင်းအရာဖြစ်သည်။ ထိုအကြောင်းက အဗ္ဗဒွလ်ဘဟာအရှင်မြတ် ကလေးငယ်ဘဝတွင် ဖြစ်ပေါ်ခဲ့ရာ သူ့ဖခမည်းတော်၏ သိုးအုပ်အကြောင်းလည်း ပါဝင်သည်။ ဖြစ်ရပ်မှန်၏ မည်သည့်အပိုင်းများက အဓိကအကြောင်းအရာနှင့် ဆက်နွှယ်သနည်း။ အကယ်၍ ချန်ထားခဲ့မည်ဆိုလျှင် မည်သည့်အသေးစိတ်အချက်အချို့က ကလေးများအတွက် ဖြစ်ရပ်ကို လိုက်နိုင်ဖို့ ခက်ခဲစေမည်နည်း။ တကယ်တွင် အရေးအကြီးဆုံးမှာ သိုးထိန်းများအပေါ်ထားသည့် မိမိသားတော်၏ ရက်ရောသည့်စိတ်ဓာတ်ကို သိရသဖြင့် ဘဟာအွလ္လာဘုရားရှင် ပြသသည့် ကျေနပ်နှစ်ခြိုက်မှုပင်ဖြစ်သည်။ ဘဟာအွလ္လာဘုရားရှင်က အဗ္ဗဒွလ်ဘဟာအရှင်မြတ်သည် ရုပ်ပစ္စည်းပိုင်ဆိုင်မှုများကိုသာမကဘဲ မိမိ၏ ဖြစ်တည်မှုတစ်ခုလုံးကိုပင်လျှင် လူ့လောကကောင်းစားရေးအတွက် ပေးအပ်ရင်းကြီးပြင်းလိမ့်မည်ဟူ၍ မှတ်ချက်ပြုထားသည်။ အကန့်အသတ်မရှိသည့် အဗ္ဗဒွလ်ဘဟာအရှင်မြတ်၏ ပေးကမ်းရက်ရောသည့် အတိုင်းအတာကို ကလေးများ အသိအမှတ်ပြုလာဖို့ မည်ကဲ့သို့ သင် သေချာအောင် လုပ်မည်နည်း။

______________________________________________________________________

______________________________________________________________________

______________________________________________________________________

______________________________________________________________________

______________________________________________________________________

သင်ခန်းစာ ၆ တွင်ပါသည့် ဖြစ်ရပ်မှန်သည် ကိုယ်ကျိုးကင်းခြင်း၏ နည်းလမ်းများအပေါ် ကလေးများအား လျှပ်တစ်ပြက်အမြင်ကို ပေးထားသည်။ တန်ဖိုးကြီးသည့် ကုတ်အင်္ကျီကို လက်ခံဖို့ ငြင်းဆန်ခဲ့သည့် အဗ္ဗဒွလ်ဘဟာအရှင်မြတ်က မိမိကိုယ်ထက် အခြားသူများအား မည်သို့ ဦးစားပေးပုံကို ပြသခဲ့သည်။ သင်၏ ပြောပြပုံမှနေ၍ ကလေးများအား ဤနိဂုံးဆွဲချက်ဆီ ရောက်ရှိစေရန် မည်သို့ သေချာစေမည်နည်း။ ဖြစ်ရပ်မှန်ကို ပြောမပြခင် သင့် စိတ်ထဲတွင် ရှင်းရှင်းလင်းလင်း ရှိထားရမည့် အသေးစိတ်အချို့မှာ မည်သည်တို့ ဖြစ်သနည်း။

______________________________________________________________________

______________________________________________________________________

______________________________________________________________________

____________________________________________________________

____________________________________________________________

သင်ခန်းစာ ၇ ၏ အကြောင်းအရာမှာ ပျော်ရွှင်ဝမ်းမြောက်မှုအကြောင်းဖြစ်၍ လီရိုး အိုင်အို့စ် အကြောင်းကို ပြောပြရလိမ့်မည်။ သူ ကလေးငယ်ဘဝတွင် အဗ္ဗဒွလ်ဘဟာအရှင်မြတ်နှင့် တွေ့ခွင့်ရခဲ့ပြီး ဘုရားရှင့် အကြောင်းရင်းတော် တိုးတက်ရေးအတွက် သူ့ဘဝကို ဆက်လက်ပုံအပ်ခဲ့သူအကြောင်း ဖြစ်သည်။ ဖြစ်ရပ်ထဲတွင် လီရိုးက အရှင့်အတွက် သူ ဝယ်လာခဲ့သည့် ပန်းစည်းကို မပေးဖို့ ဆုံးဖြတ်ခဲ့သည်။ သူက ပန်းစည်းအစား သူ့နှလုံးသားကို အရှင့်ကို ပေးချင်လှသည်။ ဘာကြောင့် လီရိုးက ဒီလိုလုပ်ခဲ့သည့်ကို ကလေးများ နားလည်ရန်အတွက် သင့်အနေဖြင့် လူ့နှလုံးသားက ကျန်တဲ့ ရုပ်ပစ္စည်းမှန်သမျှထက် ပိုပြီး တန်ဖိုးရှိတဲ့အကြောင်း ပြောပြဖို့ အရေးကြီးလိမ့်မည်။ ဖြစ်ရပ်ထဲမှ ထိုအပိုင်းကို ပြောပြသည့်အခါ သင်၏အသံကို အလေးအနက်ထားပြီဆိုလျှင် လုံလောက်မလား။ အကယ်၍ ကလေးများက အယူအဆ အစဉ်လိုက်ကို လိုက်နိုင်ဖို့နှင့် အဗ္ဗဒွလ်ဘဟာအရှင်မြတ်က မိမိ၏ ကုတ်အင်္ကျီထဲမှ နှင်းဆီပန်းအနီကို လီရိုးအား ပေးလိုက်သည့် အရှင်၏ အမူအယာအားဖြင့် ဘာ့ကြောင့် ကောင်လေးကို အဲလောက်အထိ ပျော်ရွှင် သွားစေသလဲဆိုတာ နားလည်ဖို့အတွက် မည်သည့်အသေးစိတ် အချက်အလက်များကို သင်၏ ပြောပြပုံထဲတွင် အလေးအနက်ထားဖို့ လိုဦးမည်နည်း။

အရှင်၏ ဘဝတစ်လျှောက်လုံးတွင် အဗ္ဗဒွလ်ဘဟာအရှင်မြတ်သည် မိမိ၏ရှေ့မှောက် ရောက်လာသူ တိုင်းကို ပျော်ရွှင်ဝမ်းမြောက်သွားစေသည်။ ဤဖြစ်ရပ်ထဲတွင် လီရိုးက အဗ္ဗဒွလ်ဘဟာအရှင်မြတ်၏ နှလုံးသားကို ဝမ်းမြောက်သွားစေတာကလွဲလို့ နောက်ထပ် ဘာကိုမှ မလိုချင်ခဲ့ပုံကို ကျွန်ုပ်တို့ မြင်ရသည်။ ပျော်ရွှင်ဝမ်းသာရခြင်း၏ အရင်းခံအကြောင်းတွေထဲမှ တစ်ခုမှာ အခြားသူများကို ပျော်ရွှင်ဝမ်းသာသွားစေဖို့ ဖြစ်သည်ကို ကလေးများ နားလည်ရန်အတွက် အဘယ်ကြောင့် မဖြစ်မနေ အရေးကြီးပါသနည်း။

____________________________________________________________

____________________________________________________________

____________________________________________________________

____________________________________________________________

____________________________________________________________

ရိုးဖြောင့်ခြင်းမှာ သင်ခန်းစာ ၈ ၏ အဓိကအချက်ဖြစ်သည်။ ဖြစ်ရပ်ကို ကလေးများအား မိတ်ဆက်ပေးသည့်အခါ တစ်ခါတစ်ရံ ရှိထားရမည့် အရည်အသွေးမရှိသည့် ဖြစ်ရပ်တစ်ခုကို နားထောင်လိုက်ရခြင်းဖြင့် ထိုအရည်အသွေးကို ပိုင်ဆိုင်ထားတာက ဘာကို ဆိုလိုတယ်ဆိုတာ မိမိတို့ ကောင်းကောင်းနားလည်နိုင်ကြပုံကို သင့်အနေဖြင့် သူတို့အား ရှင်းပြနိုင်သည်။ သူ့ အိမ်နီးနားချင်း၏ သစ်ပင်ကို ခုတ်ဖြစ်အောင် နားချသည့် လူအကြောင်းက ဤနမူနာမျိုးဖြစ်သည်။ အပြင်ပန်းပုံသဏ္ဍာန်တွေက တစ်ခါတစ်ရံ လှည့်ဖျားတတ်သည့် အဓိပ္ပါယ်ကို သူတို့ မိသွားအောင် မည်သို့ ကူညီပေးမည်နည်း။ ဖြစ်ရပ်ကို ပြောပြရာတွင် မရိုးသားသည့် အိမ်နီးနားချင်းက ဆုချီးမြှင့်ခံရသည်ဆိုသည့် အတွေးမျိုးဖြင့် ကလေးများ ထွက်မသွားစေဖို့ သင့်အနေဖြင့်

သေချာအောင် လုပ်ရလိမ့်မည်။ မရိုးသားခြင်း၏ ဆိုးကျိုးများကို နားလည်သွားစေရန် သူတို့ကို ကူညီပေးဖို့ မည်သည်တို့ကို ပြောပြမည်နည်း။

____________________________________________________________

____________________________________________________________

____________________________________________________________

____________________________________________________________

____________________________________________________________

## အခန်း (၉)

ယခု သင့်အနေဖြင့် သင်ခန်းစာ ၅ မှ ၈ အထိ ဆွေးနွေးထားသည့် ဝိညာဏအရည်အသွေးများထဲတွင် ထိုးထွင်းအမြင်အချို့ ရရှိထားသဖြင့် ပထမဆုံး သင်ခန်းစာလေးခုကို လုပ်ခဲ့သည့်အတိုင်း သင့်အဖော် ပါဝင်သူများနှင့်အတူ ဤသင်ခန်းစာများနှင့် ၎င်းတို့၏ ကဏ္ဍမျိုးစုံကို သင်ကြားပုံနှင့်ပတ်သက်၍ လက်တွေ့လေ့ကျင့်ရန် ဤနေရာတွင် ခေတ္တရပ်သင့်သည်။ သင်ခန်းစာတစ်ခုစီအကြောင်း မှတ်ထားချင်သည့် အချက်အလက်မှန်သမျှကို ချရေး၍ ၎င်းတို့အား မည်သို့ သင်ကြားမည်ဆိုသည့် သင်၏ အတွေးအဆတို့ကို သင်၏ မှတ်စုစာအုပ်ထဲတွင် မှတ်ထားနိုင်သည်ကို သတိရပါ။

## အခန်း (၁၀)

သင်ခန်းစာ ၉ မှ ၁၂ အတွက် သင့်အနေဖြင့် အောက်ပါဆုတောင်းကို ဖတ်၍ သင်တန်းချိန်ကို ဖွင့်ရန် အကြံပြုပါသည်။ ထိုဆုတောင်းကို အလွတ်ကျက်မှတ်ရန် သင့်ကို တိုက်တွန်းလိုက်ပါသည်-

**“အို ကျွန်တော်မျိုး၏ ဘုရားသခင်၊ အရှင့် အလှကျက်သရေတော်သည် တပည့်တော်၏ အစာအာဟာရဖြစ်လျှက် အရှင်၏ရှေ့တော်မှောက်၌ ရှိနေခြင်းသည် တပည့်တော်၏ သောက်ဖွယ်ဖြစ်ပါစေသော်။ အရှင်၏ ကျေနပ်နှစ်မြို့က်တော်မူခြင်းသည် တပည့်တော်၏ မျှော်လင့်ချက်သာဖြစ်လျက် တပည့်တော်၏ ကာယကံမှုတို့သည် အရှင့်ကိုချီးကျူးခြင်းသာဖြစ်ပါစေသော်။ အရှင့်အား သတိရတသခြင်းသည် တပည့်တော်၏ အပေါင်းအဖော်ဖြစ်လျက် အရှင်၏ အုပ်ချုပ်စိုးပိုင်ခြင်း တန်ခိုးစွမ်းအားသည် တပည့်တော်၏ အထောက်အပံ့ဖြစ်ပါစေသော်။ အရှင်၏ စံအိမ်တော်သည် တပည့်တော်၏နေအိမ် ဖြစ်စေတော်မူလျက် တပည့်တော် နေထိုင်ရာနေရာသည် မျက်နှာဖုံး**

**အကာအကွယ်ဖြင့် အရှင်ထံမှ ပိတ်ဆီးထားသူတို့အပေါ် ချမှတ်ထားသည့် အကန့်အသတ်များမှနေ၍ သန့်ရှင်းထွတ်မြတ်တော်မူသော နေရာထိုင်ခုံဖြစ်စေတော်မူပါ။**

**"ကေနအမှန် ကိုယ်တော်သည် တန်ခိုးတော်အပေါင်းဖြင့် ပြည့်စုံတော်မူသောအရှင်၊ ဘုန်းတန်ခိုးအကြီးမြတ်ဆုံး ဖြစ်တော်မူသောအရှင်၊ တန်ခိုးစွမ်းအားအကြီးမားဆုံး ဖြစ်တော်မူသောအရှင် ဖြစ်တော် မူပါပေသတည်း။"**[၃၁]

သင့်အနေဖြင့် ဤသင်ခန်းစာလေးခုတွင် အောက်ပါဆုတောင်းကို သင့်ကျောင်းသားများ အလွတ် ရအောင် ကူညီပေးရလိမ့်မည်။ ထိုဆုတောင်းပတ္ထနာ၏ ထူးခြားမှုကို မိမိရရဖြစ်ရန် မည်သည့် စကားလုံးများ သို့မဟုတ် စကားစုများကို သူတို့အား ရှင်းပြဖို့ လိုသနည်း။

**"ထာဝရဘုရားသခင်၏ နာမတော်ကို တသလျက် အရှင်၏ ကျေးဇူးတော် ဂုဏ်တော်အပေါင်းတို့ကို ချီးမွမ်းထောမနာပြုပို့သည့် နေရာသည်လည်းကောင်း အိမ်သည်လည်းကောင်း အရပ်ဒေသသည် လည်းကောင်း မြို့ကြီးပြကြီးသည်လည်းကောင်း နှလုံးသားသည်လည်းကောင်း တော တောင် ချိုင့်ဝှမ်း မြက်ခင်းပြင်နှင့် ပင်လယ်သမုဒ္ဒရာသည်လည်းကောင်း လိုဏ်ဂူသည်လည်းကောင်း ကုန်းမြေသည် လည်းကောင်း ကျွန်းသည်လည်းကောင်း မဂ်လာအပေါင်းနှင့် ပြည့်စုံပေသတည်း။"**[၃၂]

______________________________________________________________________

______________________________________________________________________

______________________________________________________________________

______________________________________________________________________

______________________________________________________________________

# အခန်း (၁၁)

ယခင်က လုပ်ခဲ့သည့်အတိုင်း မိတ်ဆက်မှတ်ချက်များနှင့် အလွတ်ကျက်မှတ်ရမည့် ကောက်နုတ်ချက် အပေါ် အထူးအာရုံစိုက်ပေးပြီး သင်ခန်းစာ ၉ မှ ၁၂ အထိ ဖတ်ပါ။ သင်ခန်းစာတစ်ခုစီက အလေးပေးထားသည့် ဝိညာဏအရည်အသွေးကို ဖော်ပြပါ။

သင်ခန်းစာ ၉ ။ ______________________________________________________

သင်ခန်းစာ ၁၀ ။ ______________________________________________________

သင်ခန်းစာ ၁၁ ။ ______________________________________________________

သင်ခန်းစာ ၁၂ ။ ______________________________________________________

အထက်ပါ အရည်အသွေးလေးခု၏ ထူးခြားမှုအပေါ် သင်ကိုယ်တိုင်၏ နားလည်သဘောပေါက်မှုကို ပိုမိုနက်ရှိုင်းစေရန် တစ်ခုစီနှင့်ဆက်နွယ်သော ရွေးထုတ်ထားသည့် ကောက်နုတ်ချက်များကို စဉ်းစားသုံးသပ်ပါ။ ထိုသို့လုပ်သည့်အခါ မိမိ၏ ကျောင်းသားများ အလွတ်ကျက်မှတ်ရမည့် စာပိုဒ်ကိုလည်း စိတ်ထဲမှတ်ထားပါ။ ထို့နောက် လူတစ်ဦး၏ အသက်ရှင်သန်မှုနှင့် ကလေးငယ်များ၏ ဆရာတစ်ယောက်အတွက် ထိုအရည်အသွေး၏ အရေးကြီးပုံနှင့်ဆိုင်သည့် သင်၏ အတွေးအခေါ်များကို ချရေးပါ။

ကျိုးနွံနှိမ့်ချခြင်းဆိုသည့် အရည်အသွေးနှင့်ပတ်သက်၍ ကျမ်းဓမ္မခန်က ကျွန်ုပ်တို့အား ပြောပြထားသည်မှာ-

**“နှိမ့်ချမှုသည် ဘုန်းတန်ခိုးနှင့် တန်ခိုးစွမ်းအား၏ ကောင်းကင်ထက်ဆီ မြှင့်တင်ပေးပြီး မာန်မာနကား စိတ်ဆင်းရဲခြင်းနှင့် ဆင်းရဲမွဲတေခြင်း၏ အနက်ရှိုင်းဆုံးဆီ နိမ့်ကျစေလိမ့်မည်။”**[၂၂]

**“ဤနေ့ခေတ်တွင် သူ့(အရှင်သခင်)ဘုရားရှင်အတူ နှိမ့်ချစွာ လျှောက်လှမ်းပြီး ထိုအရှင်အား ဖက်တွယ်ထားသူမှန်သမျှသည် ကောင်းမြတ်သော အမည်ဟူသမျှ၊ အဆင့်အခြေဟူသမျှနှင့်ဆိုင်သည့် ဂုဏ်ပြုမှုနှင့် ဘုန်းရှိမှုတို့ဖြင့် ချပေးထားသည်ကို သူကိုယ်တိုင် တွေ့ရှိတုံအံ့။”**[၂၄]

**“ထာဝရဘုရားသခင်၏ ချစ်မြတ်နိုးသူများသည် မည်သည့်နေရာတွင် စုစည်းကြသည်ဖြစ်စေ၊ မည်သူနှင့် တွေ့ကြုံရသည်ဖြစ်စေ ဘုရားရှင်အပေါ်ထားရှိသော သူတို့၏ စိတ်နေစိတ်ထားနှင့် အရှင့်အား ချီးမွမ်းထောမနာပြု၍ ဂုဏ်ပြုချီးကျူးသည့် ဆင်ယင်ကျင်းပမှုများတွင် မည်သို့သော ရိုသေကျိုးနွံမှုနှင့် နှိမ့်ချမှုကို ပြသရမည်ဆိုသော် သူတို့ ဖဝါးအောက်မှ ဖုန်မှုန့်ဒြပ်စင်တိုင်းသည်ပင် သူတို့ရိုးကျိုးဝတ်ပြုမှု၏ နက်ရှိုင်းမှုကို သက်သေပြနေရမည်။”**[၂၅]

**“လူ၏ အမြင့်မားဆုံး ဂုဏ်ထူးဝိသေသကား သူ့ ဘုရားရှင်၏ ရှေ့မှောက်တွင် နှိမ့်ချ၍ နာခံခြင်းပင် ဖြစ်သည်မှာ သေချာလှသည် . . . ။”**[၂၆]

______________________________________________________________________________

______________________________________________________________________________

______________________________________________________________________________

______________________________________________________________________________

______________________________________________________________________________

ကျေးဇူးတင်ရှိမှု၏ အရေးကြီးပုံနှင့်ပတ်သက်၍ ကျွန်ုပ်တို့ ဖတ်ရှုရသည်မှာ-

**“မြင့်မြတ်သန့်ရှင်းခြင်း၏ အလုံးစုံသော ထုံသင်းကြိုင်လှိုင်ခြင်းများကို ငါအရှင်သည် အသင့်ထံသို့ တိုက်ခတ်ပို့ဆောင်တော်မူသည်ကို အသင် သိလော့။ ငါအရှင်၏ နှုတ်ကပါဠ်တော်ကို အသင့်အား အပြည့်အစုံ ဖွင့်ပြတော်မူ၏။ ငါ၏ ကျေးဇူးတော်ကို အသင်မှတဆင့် ပြီးပြည့်စုံစေတော်မူ၏။ ငါအရှင် ကိုယ်တိုင်တော်အတွက် အလိုရှိသောအရာကိုလည်း အသင့်အဖို့ အလိုရှိတော်မူ၏။ သို့ကြောင့် ငါအရှင် နှစ်သက်တော်မူခြင်းကို ကျေနပ်၍ ငါအရှင်အား ကျေးဇူးတင်လော့။”**[၂၇]

**“ထာဝရဘုရားရှင်သည် သင့်အတွက် အလုံးစုံပြည့်စုံပါစေလေ။ ဘုရားရှင်၏ဝိညာဉ်နှင့် နီးကပ်စွာ ဆက်သွယ်ပြီး ကျေးဇူးတင်သူများထဲမှ တစ်ဦး ဖြစ်ပါစေလေ။”**[၂၈]

“သို့ဖြစ်သောကြောင့် ထိုဘုရားရှင်၏ အကြောင်းရင်းတော်ကို ကူညီပေးရန် အသင့်အား အင်အား တောင့်တင်းစေခြင်းကြောင့်လည်းကောင်း အသိပညာနှင့် သိနားလည်မှုဟူသည့် ပန်းမာလ်များက အသင့်နှလုံးသားဥယျာဉ်ထဲတွင် ပေါ်ထွက်လာစေရန် အသင့်အား ပြုလုပ်ပေးခြင်းကြောင့် လည်းကောင်း ဘုရားရှင်အား ကျေးဇူးတင်ရှိလေ့။ ဤသို့ဖြင့် အရှင်၏ ကျေးဇူးတော်သည် အသင့်အား အလုံးစုံ လွှမ်းခြုံထား၍ ဖြစ်တည်မှုတစ်ခုလုံးကိုလည်း အလုံးစုံ လွှမ်းခြုံထားပေ၏။”[၃၉]

“အမှန်တရားတစ်ရပ်မှာ သဘာဝတွင် လုံးလုံးကင်းမဲ့နေသည့် အရာများဖြစ်သော ကိုယ်ကျင့် သိက္ခာများ၊ စွမ်းအားများနှင့် ကောင်းလှစွာသော အစွမ်းအစများကို ဘုရားရှင်က လူကို ချပေးထား သည်ဖြစ်ရာ ယင်းတို့အားဖြင့် လူသည် မြင့်မား၍ ထူးခြားပြီး သာလွန်လှပေ၏။ ဤချပေးသနားမှုများ အတွက်လည်းကောင်း ကျွန်ုပ်တို့အား ပေးထားသည့် ဤစွမ်းအားများအတွက်လည်းကောင်း ကျွန်ုပ်တို့၏ ဦးခေါင်းများထက်ဝယ် အရှင် ဆောင်းပေးထားသည့် ဤသရဖူအတွက်လည်းကောင်း ဘုရားရှင်အား ကျွန်ုပ်တို့ ကျေးဇူးတင်ရှိကြရမည်။”[၄၀]

______________________________________________________________________

______________________________________________________________________

______________________________________________________________________

______________________________________________________________________

______________________________________________________________________

အောက်ပါ ကောက်နုတ်ချက်များက ခွင့်လွှတ်ခြင်းအကြောင်းကို ကျွန်ုပ်တို့အား ပြောပြထားသည်-

“လူသည် အပြစ်ရှိသူများကို ခွင့်လွှတ်သင့်ပြီး သူ၏ နိမ့်ကျသော အဆင့်အခြေကိုလည်း အဘယ်အခါမှ မစက်ဆုပ်သင့်ပေ။ အကြောင်းမှာမူ မည်သူမှ မိမိ၏နိဂုံးမှာ မည်သို့ဖြစ်မည်ကို မသိသောကြောင့် ဖြစ်၏။”[၄၁]

“‘ထိုဘုရားရှင်နှင့် မည်သူမှ နှိုင်းယှဉ်၍မရနိုင်တော်မူသောအရှင်၊ မည်သူမှ ထိုဘုရားရှင်နှင့် အပေါင်းအပါအဖြစ် မပူးပေါင်းနိုင်တော်မူသောအရှင်၊ လူသားတို့၏ အချုပ်အခြာစိုးပိုင်တော်မူသော ကာကွယ်စောင့်ရှောက်ရာအရှင်၊ ၎င်းတို့၏ အပြစ်များကို ဖုံးကွယ်ပေးတော်မူသောအရှင်၊ ထာဝရဘုရားရှင်ထံမှ ဤနေ့ရက်တော်တွင် ခွင့်လွှတ်မှုအားလုံးမှာ စီးဖြာထွက်လာပေ၏’ ဟူ၍ အရာခပ်သိမ်းကုန်၏ အတွင်းအကျဆုံး အနှစ်သာရဆီမှနေ၍ အရာအားလုံးထဲတွင် သက်သေခံချက် ထွက်ဆိုထားပေ၏!”[၄၂]

“သို့ဖြစ်သောကြောင့် မည်သူ၏ ချို့ယွင်းချက်ကိုမျှ မကြည့်လေနှင့်။ ခွင့်လွှတ်ခြင်း၏အမြင်ဖြင့် ရှုကြည့်လေ့။ ချို့တဲ့သောမျက်စိသည် ချို့ယွင်းချက်ကိုသာ မြင်၏။ အပြစ်ကို ဖုံးကွယ်ပေးသော မျက်စိသည် နာမ်ဝိညာဉ်တို့ကို ဖြစ်တည်ပေးသည့် ဖန်ဆင်းရှင်ဘက်သို့ ကြည့်၏။”[၄၃]

“သင်တို့၏နှလုံးသားများသည် မည်သူနှင့်မျှ စိတ်အနှောင့်အယှက် မဖြစ်ကြကုန်နှင့်။ အကယ်၍ တစ်ဦးတစ်ယောက်က အမှားကျူးလွန်၍ အသင်တို့အား အမှောင့်အမှား ဆောင်ရွက်စေကာမူ အသင်တို့က သူ့အား တစ်မဟုတ်ချင်း ခွင့်လွှတ်ကြရမည်။”[၄၄]

________________________________________________________________________________

________________________________________________________________________________

________________________________________________________________________________

________________________________________________________________________________

________________________________________________________________________________

ထို့ပြင် ဤထုတ်နုတ်ချက်များက ကျွန်ုပ်တို့ ဆန္ဒပြင်းပြသည့် ရိုးသားဖြောင့်မတ်ခြင်း၏ စံနှုန်းကို ဖော်ပြထားသည်-

> “မြွက်ဆိုလေ့- ရိုးသားခြင်း၊ အကျင့်သီလကောင်းခြင်း၊ ဥာဏ်အမြော်အမြင်ရှိခြင်းနှင့် သူတော်စင်ဆိုင်ရာ စာရိတ္တတရားတို့သည် လူ၏ တိုးတက်မြင့်မားမှုကို ဖြစ်စေသကဲ့သို့ မရိုးသားခြင်း၊ အယောင်ဆောင်လိမ်လည်ခြင်း၊ မသိနားမလည်ခြင်းနှင့် ဟန်ဆောင်ခြင်းတို့သည်လည်း ထိုသူ၏ နိမ့်ကျမှုကိုသာ ဖြစ်စေတော့၏။”၆၅

> “ထိုဘုရားရှင်၏ မြို့တော်များရှိ ထာဝရဘုရားရှင်၏ ဆွေသဟာများနှင့် အရှင်၏ တိုင်းနိုင်ငံများရှိ ထိုဘုရားရှင်၏ အချစ်တော်သားအပေါင်းတို့! ဤမှားယွင်းစွာပြုကျင့်ခံရသော ဘုရားရှင်သည် သင်တို့အား ရိုးသားမှုနှင့် ဘာသာတရားကိုင်းရှိုင်းမှုတို့ ရှိထားရန် ဆုံးမလမ်းညွှန်မှုပေးထား၏။ ယင်းတို့၏ အလင်းရောင်ဖြင့် ထိန်လင်းသော မြို့ပြသည် မင်္ဂလာရှိလုပေစွ။ ယင်းတို့အားဖြင့် လူသည် တိုးတက်မြင့်မားလာကုန်၍ လုံခြုံစိတ်ချရခြင်း၏ တံခါးမသည်လည်း ဖြစ်တည်ထားသမျှ အရာခပ်သိမ်းကုန်၏ မျက်မှောက်ရှေ့ဝယ် သော့ပွင့်သွားချေပြီ။ ယင်းတို့ကို မြဲမြဲမြံမြံ ဖယ်တွယ်ထား၍ ယင်းတို့၏ လက္ခဏာရပ်တို့ကို အသိအမှတ်ပြုသူတို့ကား ပျော်ရွှင်ချမ်းမြွေကြကုန်၍ ယင်းတို့၏ အဆင့်အခြေကို ငြင်းဆန်သူကား ပူဆွေးသောက ကြုံရပေစွ။”၆၆

> “ယုံကြည်မှုခံထိုက်ခြင်း၊ ဥာဏ်အမြော်အမြင်ရှိခြင်းနှင့် ရိုးသားမှုတို့သည် အမှန်တကယ်တွင် ထာဝရဘုရားရှင် ဖြစ်တည်ပေးထားသူများအတွက် ထိုအရှင်၏ လုပကောင်းမွန်သော အဆင်တန်ဆာများပင်ဖြစ်ပေ၏။ ဤလုပတင့်တယ်သော အဝတ်အစားတို့ကား (လူ့ခန္ဓာကိုယ်) ဝတ်ကျောင်းတော်တိုင်းအတွက် အံ့ဝင်ခွင်ကျဖြစ်သော အဝတ်လွှာရုံ(vesture)ပင် ဖြစ်ပေတော့၏။ ယင်းကို နားလည်သူတို့ကား ပျော်ရွှင်ဝမ်းမြောက်ရပေစွ။ ထိုကဲ့သို့သော ကိုယ်ကျင့်သိက္ခာများကို ရရှိသူတို့ကား ကောင်းမြတ်လှပေစွ။”၆၇

________________________________________________________________________________

________________________________________________________________________________

________________________________________________________________________________

________________________________________________________________________________

________________________________________________________________________________

အထက်ပါ အစုတစ်စုစီမှ အနည်းဆုံး စာတစ်ပိုဒ်ကို အလွတ်ကျက်မှတ်ပါ။

# အခန်း (၁၂)

ယခုတွင် ဤသင်ခန်းစာလေးခုရှိ ဖြစ်ရပ်မှန်များက အထက်ပါ ဝိညာဏအရည်အသွေးလေးခုထဲတွင် ထိုးထွင်းအမြင်များကို သင့်ကျောင်းသားများအား မည်သို့ပေးမည်ကို ယခု ကြည့်ကြပါစို့။

သင်ခန်းစာ ၉ ရှိ ဖြစ်ရပ်မှန်မှာ အဗ္ဗဒွလ်ဘဟာအရှင်မြတ်က လူချမ်းသာ ဧည့်သည်များနှင့် တွေ့ခဲ့စဉ်က ဖြစ်ပေါ်ခဲ့သည့် ဖြစ်ရပ်တစ်ခုဖြစ်သည်။ ၎င်းက အရှင်၏ အလုံးစုံနှိမ့်ချမှုကို ကလေးများအတွက် သရုပ်ပြသလိမ့်မည်။ အဗ္ဗဒွလ်ဘဟာအရှင်မြတ်က ထည်ထည်ဝါဝါ၊ ခမ်းခမ်းနားနားဖြင့် ဆက်ဆံသည်ကို မနှစ်သက်ခြင်းမှာ အဓိကအနှစ်သာရဖြစ်သည်။ ဤအချက်က မည်သည့်နည်းဖြင့် အရှင်၏ နှိမ့်ချမှုကို ပြသမည်နည်း။ တကယ်တွင် (ထိုအထဲတွင်ပါသည့်) သီးသန့် တခမ်းတနား ပုံစံမှာ ရေဇလုံ၊ ရေနှင့် ရေမွှေးဆွတ်ထားသည့် သဘက်တို့ဖြစ်ပြီး ၎င်းတို့မှာ စိတ်ဝင်စားစရာအသေးစိတ်မျှသာဖြစ်၍ ၎င်းတို့ကြောင့် ထိုဖြစ်ရပ်ကို ပြောပြသည့်အခါ အဓိကအကြောင်းအရာမှနေ၍ လမ်းကြောင်းပြောင်း မသွားစေသင့်ပေ။ ထိုသို့ဖြစ်မည့်အစား အဓိကအကြောင်းအရာကသာ အလေးပေးသင့်သည့် နိဂုံးချုပ်ချက် ဖြစ်သင့်သည်။ ၎င်းက အဗ္ဗဒွလ်ဘဟာအရှင်မြတ်၏ နှိမ့်ချမှုနှင့် အခြားသူများကို အမှုထမ်းရွက်ပေးလိုသည့် အရှင်၏ ဆန္ဒတို့အပေါ် ကလေးများ၏ နားလည်သဘောပေါက်မှုကို မည်သို့ ထပ်ဆင့် တိုးသွားစေမည်နည်း။

________________________________________________________________________

________________________________________________________________________

________________________________________________________________________

________________________________________________________________________

________________________________________________________________________

သင်ခန်းစာ ၁၀ ၏ အဓိကအကြောင်းအရာမှာ ကျေးဇူးတင်ရှိမှုဖြစ်ပြီး ကလေးများမှာ အမျိုးသမီး တစ်ဦးက အဗ္ဗဒွလ်ဘဟာအရှင်မြတ်ထံ လာလည်ချိန်၌ အရှင့်အား သူ့ ဒုက္ခများနှင့် ပူဆွေးသောကများကို မျှဝေပေးပုံကို နားထောင်ကြရလိမ့်မည်။ နောက်ပိုင်းတွင် အရှင်က သူ့အား မီရဇာဟောဒါအလီနှင့် မိတ်ဆက် ပေးလိုက်သည်။ မီရဇာဟောဒါအလီက သူ့ဘဝမှာ အခက်အခဲအများအပြား ကြုံခဲ့ရပေမဲ့ ဘုရားရှင်ထံမှ သူ ရရှိတဲ့ ကောင်းခြင်းမင်္ဂလာတွေအတွက် ကျေးဇူးတင်ဖို့ ဘယ်တော့မှ ရပ်မသွားခဲ့ပေ။ ထိုဖြစ်ရပ်ကို ပြောပြရာတွင် အဗ္ဗဒွလ်ဘဟာအရှင်မြတ်က မီရဇာဟောဒါအလီကို အမျိုးသမီးနှင့် ကြုံကြိုက်တဲ့အတွက်ကြောင့် မိတ်ဆက်ပေးတာ မဟုတ်သည်ကို သင့်ကျောင်းသားများအား ရှင်းရှင်းလင်းလင်းဖြစ်အောင် သင်က လုပ်ပေး ချင်လိမ့်မည်။ အမျိုးသမီးက မီရဇာဟောဒါအလီနှင့် တွေ့ရာမှနေ၍ မည်သည်ကို သင်ယူရရှိသွားသည်ဟု သင် ထင်ပါသနည်း။ ထိုဖြစ်ရပ်က ဤသင်ခန်းစာကို ပေးနိုင်ဖို့ မည်သို့ ကြိုးပမ်းထားပါသနည်း။

________________________________________________________________________

________________________________________________________________________

________________________________________________________________________

________________________________________________________________________

________________________________________________________________________

ခွင့်လွှတ်ခြင်းမှာ သင်ခန်းစာ ၁၁ ၏ အဓိကအကြောင်းအရာဖြစ်သည်။ မိမိတို့ ခွင့်လွှတ်ပေးသူတို့အပေါ် ခွင့်လွှတ်ခြင်း၏ အကျိုးသက်ရောက်မှုကို အဗ္ဗဒွလ်ဘဟာအရှင်မြတ်က ပြသထားသည့် ဖြစ်ရပ်မှန် အကြောင်းကို သင့်ကျောင်းသားများအား ပြောပြရလိမ့်မည်။ ကလေးများအနေဖြင့် အယူအဆအစဉ်လိုက်ကို လိုက်နိုင်ဖို့ဆိုလျှင် သင်က ရှင်းရှင်းလင်းလင်း ပြောပြဖို့လိုမည့် အသေးစိတ်အချက်များက ဖြစ်ရပ်ထဲတွင် ရှိနေသည်။ ထိုအထဲတွင် အက္ကာမြို့ရှိ မြို့အုပ်က ထိုမြို့ရှိ အဗ္ဗဒွလ်ဘဟာအရှင်မြတ်နှင့် အရှင့်အပေါင်းအပါ တွေကို ကြီးကြီးမားမား ထိခိုက်အောင်လုပ်ဖို့ ထွက်လာသည့် ထိုမြို့အုပ်အကြောင်းဖြစ်သည်။ ဖြစ်ရပ်ထဲတွင် အဗ္ဗဒွလ်ဘဟာအရှင်မြတ်က မြို့အုပ်ကို သူ့လုပ်ရပ်တွေအတွက် ခွင့်လွှတ်ရုံတင်မကပေ။ ရှိသမျှကို သူ ဆုံးရှုံး သွားချိန်တွင် အဗ္ဗဒွလ်ဘဟာအရှင်မြတ်က မြို့အုပ်ကို ကြင်ကြင်နာနာနှင့် ဆက်ဆံပြီး သူ စိတ်ပျက်နေချိန် တွင်လည်း သူ့အား ကူညီပေးသည်။ ထိုဖြစ်ရပ်ထဲမှ ကလေးများ နားလည်သွားဖို့ သင် မျှော်လင့်ထား သင့်သည်မှာ အဗ္ဗဒွလ်ဘဟာအရှင်မြတ်က ပြသထားသည့် ထိုခွင့်လွှတ်မှုအကြောင်းဖြစ်ရာ မိမိတို့ကို မကောင်းတာလုပ်သူများအပေါ် မကောင်းသည့်ခံစားချက်များဖြင့် သိုသိပ်ထားဖို့ထက် ကျော်လွန်သည်။ ဤအယူအဆအပေါ် သူတို့ မိမိရရဖြစ်သွားသည်ကို သင် မည်သို့ သိမည်နည်း။

______________________________________________

______________________________________________

______________________________________________

______________________________________________

______________________________________________

သင်ခန်းစာ ၁၂ အတွက် ဖြစ်ရပ်ထဲတွင် အဗ္ဗဒွလ်ဘဟာအရှင်မြတ်က ရထားလုံးစီးခအတွက် မျှမျှတတ မတောင်းသည့် ရထားလုံးမောင်းသူအား မည်သို့ တုန့်ပြန်သည်ကို ကလေးများ တွေ့ရလိမ့်မည်။ ကြင်ကြင်နာနာရှိ၍ ယဉ်ကျေးသိမ်မွေ့ခြင်း၏ အနှစ်သာရဖြစ်သော်လည်း မိမိကိုဖြစ်စေ အခြားသူများကိုဖြစ်စေ မရိုးမသား သို့မဟုတ် လှည့်လှည့်ဖြားဖြား ပြုမူဆက်ဆံသည်ကို အဗ္ဗဒွလ်ဘဟာအရှင်မြတ်က ဘယ်တော့မှ ခွင့်မပြုပေ။ ရထားလုံးမောင်းသူက အဗ္ဗဒွလ်ဘဟာအရှင်မြတ်၏ တုန့်ပြန်မှုမှနေ၍ မည်သည်ကို သင်ယူ ရရှိသည်ဟု သင် ထင်ပါသနည်း။ မရိုးသားမှုကြောင့် ကျွန်ုပ်တို့ တကယ်လက်လွှတ်ဆုံးရှုံးလိုက်သမျှမှာ ထိုသူ ဆုံးရှုံးသွားသည့် ထပ်ဆောင်းရမည့် အဖိုးအခကဲ့သို့ ရုပ်ပစ္စည်းမှန်သမျှထက် ပိုကြီးသည်ကို နားလည်သွားအောင် ကလေးများအား သင် မည်သို့ ကူညီပေးမည်နည်း။

______________________________________________

______________________________________________

______________________________________________

______________________________________________

______________________________________________

# အခန်း (၁၃)

သင်ခန်းစာ ၉ မှ ၁၂ တွင်ပါသည့် လုပ်ဆောင်ချက်များကို သင့်အဖော် ပါဝင်သူများနှင့် လက်တွေ့ လေ့ကျင့်ပြီးနောက် နောက်ထပ် သင်ခန်းစာလေးခုကို ဆက်နိုင်သည်။ သင်ခန်းစာ ၁၃ မှ ၁၆ အထိအတွက် သင့်အနေဖြင့် အောက်ပါဆုတောင်းကို အလွတ်ရွတ်ဖတ်၍ သင်တန်းချိန်တစ်ခုစီကို ဖွင့်ရန် အကြံပြုပါသည်။

**“အို ကျွန်တော်မျိုး၏ ကြင်နာသနားတော်မူသော ဘုရားရှင်! ဤသည်ကား အရှင်၏ မွှန်မြတ်လှသော နှစ်ခြိုက်တော်မူခြင်း၏ ဥယျာဉ်အတွင်း ပေါက်လျက်ရှိသော ဂမုန်းပင်ငယ်နှင့် စစ်မှန်သော သစ်သီးခြံ အတွင်း ပေါ်ပေါက်လျက်ရှိသော အညှောင့်အစို့ ဖြစ်ပါ၏။ အို ပေးကမ်းမစတော်မူသော ဘုရားရှင်၊ ကိုယ်တော်၏ ခွန်အားသစ်ဖြစ်စေသော လေပြည်လေညှင်းများအားဖြင့် ၎င်းအား အခါခပ်သိမ်း အဆက်မပြတ် လန်းဆန်းတက်ကြွစေတော်မူပါ။ အို သနားကရုဏာတော်ရှင်၊ ကိုယ်တော်၏ ကူညီမစခြင်း၏ မိုးတိမ်များထက်ဆီမှ ရွာသွန်းဖြိုးမှုများအားဖြင့် ၎င်းအား စိမ်းလန်းစိုပြေစေ၍ လန်းဆန်းလာပြီး စည်ပင်ဝေဆာလာစေတော်မူပါ။**

**“အမှန်ကား ကိုယ်တော်သည် ဘုန်းတန်ခိုးတော်အပေါင်းဖြင့် ပြည့်စုံတော်မူသော အရှင်ပေတည်း။”[၄၈]**

အောက်ပါ ဆုတောင်းမှာ သင့်ကျောင်းသားများက သင်ခန်းစာ ၁၃ မှ ၁၆ ရောက်သည်အထိ အလွတ် ကျက်မှတ်ရမည့် ဆုတောင်းဖြစ်သည်။ ၎င်း၏ ထူးခြားမှုအပေါ် နားလည်မှုရဖို့ သူတို့ကို ကူညီပေးရန် သင့်အနေဖြင့် သူတို့အတွက် အသစ်အဆန်းဖြစ်မည့် သို့မဟုတ် အကျွမ်းတဝင်မရှိသည့် စကားလုံးများနှင့် စကားများကို ရွေးထုတ်ပြီး သူတို့ကို ရှင်းပြဖို့ သင့်တော်သည့်စာကြောင်းများကို ကြိုတင်ပြင်ဆင်ထားပါ။ ဤသင်ခန်းစာများတွင် သင် အလွတ်ကျက်မှတ်ရမည့် ဆုတောင်းထဲတွင် ထပ်တလဲလဲပါရှိသည့် ပုံဆောင် သာဓကများကို တကယ်တွင် သူတို့ အလွယ်တကူ မိသွားကြလိမ့်မည်။

“အို ကျွန်တော်မျိုး၏ အရှင်သခင်! ဤနူးညံ့သော ပျိုးပင်ပေါက်ကလေးအား ကိုယ်တော်၏ များပြားလှစွာသော ကျေးဇူးတော်မစခြင်း၏ ဥယျာဉ်အတွင်းဝယ် စိုက်ပျိုးပေးတော်မူလျက် ကိုယ်တော်၏ ချစ်ကြင်နာခြင်း၏ ရေပန်းများမှရေဖြင့် သွန်းလောင်းပေးတော်မူပါ။ သို့မှသာလျှင် ၎င်းသည် ကိုယ်တော်၏ အမအစနှင့် ကျေးဇူးတော်များ သွန်းလောင်းချပေးခြင်းအားဖြင့် ကောင်းမွန်တင့်တယ်သော အပင်တစ်ပင်အဖြစ်သို့ ကြီးထွားလာပါအံ့။

ကိုယ်တော်ကား ကြီးကျယ်မြင့်မြတ်တော်မူသောအရှင်၊ တန်ခိုးတော်အပေါင်းဖြင့် ပြည့်စုံတော်မူသော အရှင်ပေတည်း။”[၄၉]

________________________________________

________________________________________

________________________________________

________________________________________

________________________________________

# အခန်း (၁၄)

သင့် အပေါင်းအဖော် လေ့လာသူများနှင့်အတူ သင်ခန်းစာ ၁၃ မှ ၁၆ အထိ ပုံမှန်နည်းအတိုင်း တစ်ခုစီကို ဖတ်ပြီးနောက် ထိုသင်ခန်းစာများတွင် ဖော်ပြထားသည့် အရည်အသွေးများကို ချရေးပါ။

သင်ခန်းစာ ၁၃ ။ ______________________________________________________________

သင်ခန်းစာ ၁၄ ။ ______________________________________________________________

သင်ခန်းစာ ၁၅ ။ ______________________________________________________________

သင်ခန်းစာ ၁၆ ။ ______________________________________________________________

အောက်ပါကောက်နုတ်ချက်များက ရှေ့ဘက်တွင် သင် လုပ်ခဲ့သည့်အတိုင်း ဤသင်ခန်းများတွင် ဆွေးနွေးထားသော ဝိညာဏအရည်အသွေးများအပေါ်တွင် ထပ်ဆင့် စဉ်းစားသုံးသပ်နိုင်မည့် အခွင့်အလမ်းကို ပေးလိမ့်မည်။

သနားညှာတာမှုပြသဖို့ အရေးကြီးပုံနှင့်ပတ်သက်၍ ကျွန်ုပ်တို့ ဖတ်ရှုရသည်မှာ-

**“သနားညှာတာခြင်း၏ အလင်းရောင်တို့ကို တောက်ပဖြာထွက်စေတော်မူပါ။ သို့မှသာ နှလုံးသားတို့ကို သန့်စင်နိုင်စေ၍ ဖြူစင်သွားစေပြီးလျှင် ၎င်းတို့သည် အရှင့် အတည်ပြုချက်တို့ဆီမှ ဝေစုဝေပုံနှင့် ခွဲတမ်း တို့ကို ရရှိနိုင်ကြပါကုန်အံ့။”[၅၀]**

**“သနားညှာတာလော့။ သို့မှသာ အသင်၏ လုပ်ဆောင်ချက်တို့သည် မီးအိမ်မှ ဖြာထွက်လာဘိသည့် အလင်းရောင်အလား ထိန်လင်းသွားပေအံ့။”[၅၁]**

**“အသင်တို့သည် သစ်တစ်ပင်တည်းမှ အသီးများဖြစ်ကြ၍ သစ်ကိုင်းတစ်ခုတည်းမှ အရွက်များ ဖြစ်ကြကုန်၏။ အသင်တို့သည် လူ့မျိုးနွယ်အားလုံးတို့အား သနားညှာတာ၍ ကြင်နာသနား ကြကုန်လော့။”[၅၂]**

**“ယခုတွင် ထာဝရဘုရားရှင်၏ အချစ်တော်သားများသည် အရှင်၏ ညွှန်ကြားချက်များကို အကောင်အထည်ဖော်ရန် နိုးကြားကြရမည်။ သူတို့သည် လူ့မျိုးနွယ်၏ သားသမီးများအတွက် ချစ်ကြင်နာသော ဖခင်များ ဖြစ်ကြပါစေလေ။ လူငယ်များအတွက် သနားကြင်နာသော ညီရင်းအစ်ကို ဖြစ်ပါစေလေ။ သက်ကြီးရွယ်ကြီး ခါးကုန်းများအတွက် ကိုယ်ကျိုးမဆန်သည့် သားသမီးများ ဖြစ်ပါစေ။”[၅၃]**

______________________________________________________________

______________________________________________________________

______________________________________________________________

သံယောဇဉ်ပြတ်ကင်းခြင်း၏ အရည်အသွေးအကြောင်း ကျွန်ုပ်တို့ကို အကြံပြုသြဝါဒပေးထားသည်မှာ-

“ငါအရှင်မှတစ်ပါး ကျန်အရာဟူသမျှတို့မှ အသင်တို့ကိုယ်တိုင် သံယောဇဉ်ပြတ်ကင်းလော့။ ငါအရှင့် မျက်နှာတော်ဘက်ဆီသို့ အသင်တို့၏ မျက်နှာများကို လှည့်ထားကြကုန်လော့။ အကြောင်းမူကား အသင်တို့ ပိုင်ဆိုင်ထားသမျှ အရာတို့ထက် ဤသည်ကား အသင်တို့အတွက် ပိုမိုကောင်းလှသော ကြောင့်ပင်တည်း။”[၅၄]

“ကမ္ဘာလောက၏အရာများနှင့် ယင်း၏ အချည်းနှီး အဆင်တန်ဆာများထဲတွင် အသင်တို့ကိုယ်ကို ဝမ်းမြောက်ဝမ်းသာ မဖြစ်လေနှင့်။ ထို့ပြင်တမူ ယင်းတို့အပေါ် အသင်တို့၏ မျှော်လင့်ချက်များကို ချမထားကြကုန်လင့်။ အသင်တို့၏ မှီခိုအားထားမှုကို အကြီးမားဆုံးဖြစ်တော်မူသောအရှင်၊ အမြင့်မားဆုံးဖြစ်တော်မူသောအရှင်၊ ထာဝရဘုရားရှင်အား သတိရတသသည့်အပေါ်တွင် မြဲမြံနေကြ ပါစေကုန်။”[၅၅]

“သံယောဇဉ်ပြတ်ကင်းခြင်း၏ အနှစ်သာရကား လူသားအတွက် သူ၏ မျက်နှာကို ဘုရားရှင်၏ ရုံးတော် များဘက်ဆီသို့ လှည့်ထားလျက် အရှင်၏ ရှေ့တော်မှောက်သို့ ဝင်ရောက်ပြီး အရှင့် မျက်နှာတော်ကို ဖူးမြော်လျက် အရှင့် မျက်မှောက်ရှေ့၌ သက်သေခံအဖြစ် ရပ်တည်ခြင်းပင် မည်ပေ၏။”[၅၆]

“သံယောဇဉ်ပြတ်ကင်းခြင်းသည် နေကဲ့သို့ဖြစ်၏။ ၎င်းသည် မည်သည့်နှလုံးသား၌ပင် ထွန်းလင်း တောက်ပသည်ဖြစ်စေ အတ္တနှင့် လိုချင်တပ်မက်ခြင်း၏မီးကို ငြိမ်းသတ်ပေးလေသည်။ သိနားလည်ခြင်း အလင်းဖြင့် ထွန်းတောက်နေသော အမြင်ရှိသူသည် သူ့ကိုယ်သူ ကမ္ဘာလောကနှင့် ၎င်းအတွင်းရှိ အချည်းနှီးအရာတို့မှ အသေအချာပင် ပြတ်ကင်းပေလိမ့်မည် . . .။ ကမ္ဘာလောကနှင့် ၎င်း၏ အချည်းနှီး အရာများက သင့်အား ပူဆွေးဝမ်းမနည်းစေပါနှင့်။ ပျော်ရွှင်ချမ်းမြေ့သူကား ချမ်းသာကြွယ်ဝသည့်အခါ မောက်မာမဝါကြွားဘဲ ဆင်းရဲနွမ်းပါးသည့်အခါတွင်လည်း ပူဆွေးဝမ်းမနည်းသူပင် ဖြစ်ပေ၏။”[၅၇]

အောက်ပါစာပိုဒ်များက တင်းတိမ်ရောင့်ရဲခြင်း၏ အရည်အသွေးအကြောင်းကို ကျွန်ုပ်တို့အား ပြောပြထားသည်-

"အို လူသား! အသင်သည် အစအဆုံးမရှိ ကျယ်ပြောလှသော ဟင်းလင်းပြင်ကို လျင်မြန်စွာ ဖြတ်သန်းခြင်းဖြင့်လည်းကောင်း ကျယ်ပြန့်သော ကောင်းကင်ကို ကျော်ဖြတ်ခြင်းဖြင့်လည်းကောင်း ငြိမ်းချမ်းမှုကို မရနိုင်။ ငါအရှင့် ပညတ်တော်များကို လိုက်နာရိုကျိုးမှုဖြင့်လည်းကောင်း ငါအရှင့် ရှေ့တော်မှောက်တွင် နှိမ့်ချမှုဖြင့်လည်းကောင်း ငြိမ်းချမ်းမှုကို ရနိုင်မည်တည်း။"[၅၈]

"အို တပ်မက်ခြင်း၏ အနှစ်သာရ! လောဘသက္ကာယဟူသမျှတို့ကို ဖယ်ရှားလော့။ တင်းတိမ် ရောင့်ရဲမှုကို ရှာဖွေလော့။ အကြောင်းမူကား လောဘရမ္မက်ကြီးသောသူသည် အမြဲပင် မရှိဆင်းရဲ နွမ်းပါး၏။ တင်းတိမ်ရောင့်ရဲကျေနပ်သူကား အမြဲပင် ချစ်ခင်နှစ်သက်ခြင်းနှင့် ချီးမွမ်းခြင်းခံရ၏။"[၅၉]

"သို့ဖြစ်သောကြောင့် ခံယူတတ်ခြင်း(acquiescence)နှင့် ကြိတ်မှိတ်သည်းခံခြင်း (resignation) ဟူသည့် လမ်းကြောင်းတွင် လျှောက်လှမ်းလော့။ မည်သည့် ဆင်းရဲဒုက္ခကမျှ အသင့်နှလုံးသားကို ဝမ်းမနည်းစေနှင့်။ ထို့ပြင်တမူ အသင့် မျှော်လင့်ချက်ကိုလည်း အဘယ် ကမ္ဘာလောကဆိုင်ရာ လက်ဆောင်များအပေါ်တွင်မှ ချမထားလေနှင့်။ ဘုရားရှင် အလိုဆန္ဒရှိသမျှနှင့် ရောင့်ရဲကျေနပ်၍ ပျော်ရွှင်ဝမ်းမြောက်ပါလေ။ ဤသို့ဖြင့် အသင့်နှလုံးသားနှင့် ဝိညာဉ်သည် တည်ငြိမ်အေးချမ်းမှုကို တွေ့ရှိနိုင်၍ အသင့် အတွင်းဖြစ်တည်မှုနှင့် အသိတရားတို့သည် ပျော်ရွှင်မှုအစစ်အမှန်ကို တွေ့ကြုံနိုင်ပေအံ့။"[၆၀]

အောက်ပါ ထုတ်နှုတ်ချက်များက ကြင်နာမှုအပေါ် ကျွန်ုပ်တို့၏ သိနားလည်မှုကို အမြင်လင်းသွားစေသည်-

"ငါဘုရားရှင်တို့သည် အသင်တို့အား ငါအရှင်၏ သာယာကြည်နူးဖွယ်ကောင်းသော ဘုံးနန်းအတွင်း၌ အချိန်တိုင်းတွင် ရင်းနှီးမှု၊ ချစ်ကြည်မှုတို့ဖြင့် နီးနှောဆက်ဆံနေကြသည်ကို မြင်တွေ့လိုလှ၏။ သင်တို့၏ ပြုမူဆောင်ရွက်မှုမှ မိတ်သဟာဖြစ်မှုနှင့် စည်းလုံးညီညွတ်မှု၊ ချစ်ကြင်နာမှုနှင့် အပေါင်းအဖော်ဖြစ်မှုတို့၏ မွှေးရနံ့ကိုလည်း ရှူရှိုက်လိုလှပေသည်။"[၆၁]

"အသင်တို့သည် အပြင်ပန်းအားဖြင့်သာမဟုတ်မူဘဲ ရိုးရိုးသားသား ကြင်နာကြကုန်လော့။ ဘုရားရှင်၏ အချစ်တော်သားအသီးသီးတို့သည် ဤအပေါ်တွင် အာရုံစိုက်ကြပါစေကုန်- ယင်းမှာ လူတို့အတွက် ဘုရားရှင်၏ သနားကရုဏာဖြစ်ကြပါကုန်။ ဘုရားရှင်၏ ကျေးဇူးတော်ဖြစ်ကြပါကုန်။ မိမိ လျှောက်လှမ်းရာလမ်းတွင် တွေ့ရသူတိုင်းအတွက် ကောင်းရာတစ်ခုခုပြုလုပ်ပေး၍ သူတို့အတွက် အကျိုးတစ်ခုခု ဖြစ်ထွန်းပါစေလေ။"[၆၂]

". . . လူတို့သည် ဘုရားရှင်နှင့် ဆန့်ကျင်ဘက်ဖြစ်သည့်အရာကို ပြသပြီး အဘယ့်ကြောင့် တစ်ဦးနှင့်တစ်ဦး မျှမျှတတနှင့် ကြင်ကြင်နာနာ မဖြစ်ပါသနည်း။ ထိုဘုရားရှင်က ကျွန်ုပ်တို့အား ချစ်မြတ်နိုးတော်မူသည့်အတိုင်း ကျွန်ုပ်တို့မှာ အဘယ့်ကြောင့် မလိုမုန်းထား၍ မုန်းတီးကြပါသနည်း။

**အကယ်၍ ဘုရားရှင်သည် ခပ်သိမ်းကုန်ကို မချစ်မြတ်နိုးပါက အားလုံးကို မဖြစ်တည်၊ မလေ့ကျင့်၊ မပေးကမ်းဘဲသာ ရှိချေမည်။ (သို့ဖြစ်၍) ချစ်ကြင်နာမှုသည် ထွတ်မြတ်သော ပေါ်လစီ(မူဝါဒ)ပင် ဖြစ်ပေ၏။”[၆၃]**

**“နှုတ်အားဖြင့် မိတ်ဆွေဖြစ်မှုကို ပြသရုံဖြင့် အားရကျေနပ်မနေပါနှင့်။ မိမိလမ်းကြောင်းတွင် တွေ့ကြုံရသူအားလုံးအတွက် အသင့်နှလုံးသားသည် ချစ်ကြင်နာမှုဖြင့် တောက်လောင်နေပါစေ။”[၆၄]**

________________________________________________________________________

________________________________________________________________________

________________________________________________________________________

________________________________________________________________________

________________________________________________________________________

အထက်ပါ အစုတစ်စုစီမှ အနည်းဆုံး စာတစ်ပိုဒ်ကို အလွတ်ကျက်မှတ်ပါ။

# အခန်း (၁၅)

သင်ခန်းစာ ၁၃ မှ ၁၆ တွင် ဖော်ပြထားသည့် ဝိညာဏအရည်အသွေးများအပေါ် သင်၏ နားလည်သဘောပေါက်မှုမှာ တိုးတက်မြင့်မားလာပြီးနောက် ထိုသင်ခန်းစာများရှိ ဖြစ်ရပ်မှန်လေးခုကို ပြန်၍ဖတ်ပြီး အောက်ပါမေးခွန်းများကို သင့်အဖွဲ့နှင့် ဆွေးနွေးပါ။

သင်ခန်းစာ ၁၃ ၏ အဓိကအကြောင်းအရာမှာ သနားညှာတာမှုဖြစ်သည်။ သင် ပြောပြရမည့် ဖြစ်ရပ်မှန်ထဲတွင် အဗ္ဗဒွလ်ဘဟာအရှင်မြတ်နှင့် တွေ့ရမည့် မျှော်လင့်ချက်ဖြင့် အရှင် တည်းခိုနေထိုင်ရာ နေအိမ်တံခါးကို ခေါက်လိုက်ပြီးနောက် တွေ့ခွင့်မရဘဲ လှည့်ပြန်လာခဲ့ရသည့် အမျိုးသမီးတစ်ယောက်အကြောင်း ဖြစ်သည်။ ဖြစ်ရပ်မှန်၏ မည်သည့်အပိုင်းက အမျိုးသမီးအပေါ် အဗ္ဗဒွလ်ဘဟာအရှင်မြတ်၏ သနားညှာတာမှုကို ပြသပါသနည်း။ မည်သည့်အသေးစိတ်များက ကလေးများအား ဖြစ်ရပ်မှန်ကို လိုက်နိုင်ပြီး သနားညှာတာသည့် နှလုံးသားဆိုတာ အားလုံးကို ညီတူညီမျှ အလေးထားသော်လည်း ဒုက္ခဆင်းရဲရောက်နေသူ၊ စိတ်ပျက်လက်ပျက်ဖြစ်နေသူ သို့မဟုတ် ကြေကွဲဝမ်းနည်းနေသူတွေအတွက် အထူးအလေးထားသည်ကို နားလာသွားရန် ကူညီပေးပါသနည်း။

________________________________________________________________________

________________________________________________________________________

________________________________________________________________________

________________________________________________________________________

________________________________________________________________________

သင်ခန်းစာ ၁၄ သည် သံယောဇဉ်ပြတ်ကင်းခြင်းဆိုသည့် ဝိညာဏအရည်အသွေးအပေါ်တွင် အလေးပေးထားသည်။ ထိုဖြစ်ရပ်ထဲတွင် သန့်ရှင်းရာမြေသို့ ဘုရားဖူးသွားသည့် သူငယ်ချင်းနှစ်ယောက် အကြောင်းဖြစ်သည်။ တစ်ဦးက ချမ်းသာပြီး အခြားတစ်ဦးမှာ ပိုင်ဆိုင်မှု သိပ်မရှိလှပေ။ တကယ်မှာ သံယောဇဉ်ပြတ်ကင်းမှုဆိုသည့် အရည်အသွေးထဲတွင် ထိုးထွင်းအမြင် ရရှိဖို့ ကလေးများသည် သန့်ရှင်းရာမြေသို့ သွားသည့်ခရီးမှာ ဘုရားရှင်ထံ ပိုမိုနီးကပ်သွားသည့် အမှတ်သင်္ကေတဖြစ်သည်ကို အသိအမှတ်ပြုဖို့ လိုအပ်လိမ့်မည်။ ကလေးများကို နားလည်စေချင်သည်မှာ သံယောဇဉ်ပြတ်ကင်းမှုဆိုတာက ဘယ်လောက် ပစ္စည်းများများပိုင်တာ၊ နည်းနည်းပိုင်တာနဲ့မဆိုင်ဘဲ မိမိတို့ ပိုင်ဆိုင်တာတွေက ဘုရားရှင့်ထံပါး နီးကပ်သွားစေတာနဲ့ သက်ဆိုင်သည်။ ဤဖြစ်ရပ်က ထိုနားလည်မှုကို မည်သို့ ပျိုးထောင်ပေးသနည်း။

________________________________________

________________________________________

________________________________________

________________________________________

________________________________________

သင်ခန်းစာ ၁၅ သည် ၎င်း၏ အဓိကအကြောင်းအရာဖြစ်သော ရောင့်ရဲကျေနပ်မှုဆိုသည့် အရည်အသွေးထဲတွင် ကလေးများအား ထိုးထွင်းအမြင် ပေးလိမ့်မည်။ အက္ကာအကျဉ်းထောင်ထဲတွင် အကျဉ်းခံရစဉ်က အမှုထမ်းလမ်းကြောင်းတွင် ထိုနေ့ရက်များကို ဖြတ်သန်းရသဖြင့် မိမိ ပျော်ရွှင်ခဲ့သည်ဟု အရှင်၏ အပေါင်းအဖော်များကို ပြောပြသည်။ ဤပြောဆိုချက်က ရောင့်ရဲကျေနပ်မှုဆိုင်သည့် ကလေးများ၏ နားလည်သဘောပေါက်မှုအပေါ် မည်သို့ သက်ရောက်စေမည်နည်း။ ခန္ဓာကိုယ်အားဖြင့် အကျဉ်းချခံရသော်လည်း ကလေးများအနေဖြင့် အဗ္ဗဒ္ဒုလ်ဘဟာအရှင်မြတ်၏ အသက်ဓာတ်ကို ဘယ်တော့မှ အကျဉ်းချလို့ မရသည်ကို သူတို့ မည်သို့ မြင်ကြမည်နည်း။

________________________________________

________________________________________

________________________________________

________________________________________

________________________________________

ဒေါသစိတ်နှင့် အမုန်းစိတ်တို့ဖြင့် တောက်လောင်နေသည့် အက္ကာမြို့ရှိ လူတစ်ယောက်အကြောင်း ပါသည့် သင်ခန်းစာ ၁၆ ရှိ ဖြစ်ရပ်မှန်ကို ပြောပြရာတွင် သင်အနေဖြင့် အချို့သော အသေးစိတ်များကို အလေးထားဖို့ လိုအပ်လိမ့်မည်။ ထိုသို့မဟုတ်လျှင် ၎င်းက ကြင်နာသနားခြင်းဆိုသည့် အဓိက အကြောင်းအရာနှင့် မည်သို့ ဆက်စပ်သည်ကို ကလေးများ လွတ်သွားနိုင်သည်။ ဤအသေးစိတ်များက မည်သည့်အရာများဖြစ်သနည်း။ ဒေါသစိတ်၊ အမုန်းစိတ်တို့ဖြင့် အကြာကြီး စွဲကိုင်ထားတဲ့ ထိုလူကို အဗ္ဗဒ္ဒုလ်ဘဟာအရှင်မြတ်က မည်သည့် သင်ခန်းစာ သင်ပေးခဲ့ပါသနည်း။

# အခန်း (၁၆)

သင်ခန်းစာ ၁၃ မှ ၁၆ အထိ သင်တို့၏ ခွဲခြမ်းစိတ်ဖြာမှုမှာ အကျိုးရှိခဲ့သည်ဟု မျှော်လင့်ထားပြီး သင်နှင့် သင်၏အပေါင်းအဖော် ပါဝင်သူများသည်လည်း အကြောင်းအရာမျိုးစုံကို လက်တွေ့လေ့ကျင့်ရခြင်းဖြင့် ပျော်ရွှင်ခဲ့သည်ဟု မျှော်လင့်ထားသည်။ သင်ခန်းစာ ၁၇ မှ ၂၀ အတွက် သင်တန်းချိန်အစတိုင်းအတွက် အောက်ပါဆုတောင်းကို အလွတ်ရွတ်ဆိုနိုင်ပါသည်-

**"အို ကျွန်တော်မျိုး၏ဘုရားသခင်၊ အို ကျွန်တော်မျိုး၏ ထာဝရဘုရားသခင်၊ အရှင်၏ ဤအမှုတော်ထမ်းသည် အရှင့်ဘက်ဆီသို့ တိုးတက်လျှောက်လှမ်းလျက်ရှိပါ၏။ အရှင့် ချစ်ခြင်းမေတ္တာ သဲကန္တာရထဲတွင် မက်မောစွာ လှည့်လည်လျှောက်လှမ်းလျက်ရှိနေပါ၏။ အရှင်၏ အမှုထမ်းခြင်းလမ်းကြောင်းတွင် လျှောက်လှမ်းလျက် အရှင့် ပေးကမ်းမှုများကို မျှော်ကိုးလျက်ရှိနေပါ၏။ အရှင်၏ သနားကရုဏာတော်ကို ငံ့လင့်လျက်ရှိပြီး အရှင့် နိုင်ငံတော်အပေါ်တွင် မှီခိုအားထား၍ အရှင့် လက်ဆောင်တော်၏ ဝိုင်ဖြင့် ယစ်မူးလျက်ရှိနေပါ၏။ အို ကျွန်တော်မျိုး၏ ထာဝရဘုရားသခင်၊ အရှင့်အပေါ် သူ၏နှစ်သက်ပုံ ထက်သန်နေမှုကို တိုးတက်လာစေတော်မူပါ။ အရှင့်အား ချီးကျူးမှုကို ဆက်လက်မြဲမြံနေစေတော်မူပါ။ အရှင့်အပေါ် သူ၏ ချစ်ခြင်းမေတ္တာကို ပိုမိုထက်သန်စေတော်မူပါ။**

**"ကေန်အမှန် အရှင်သည် အရက်ရောဆုံးဖြစ်တော်မူသောအရှင်၊ များပြားလှသော ကျေးဇူးတရားတို့၏ အရှင်သခင် ဖြစ်တော်မူပါ၏။ အရှင်မှတစ်ပါး အခြားဘုရားမရှိ။ အရှင်ကား အပြစ်များကို လွှတ်ပိုင်တော်မူသောအရှင်နှင့် သနားကရုဏာတော်ဖြင့် ပြည့်စုံတော်မူသောအရှင် ဖြစ်တော်မူပေသတည်း။"**[၆၅]

ဤသင်ခန်းစာများတွင် ကလေးများသည် အောက်ပါဆုတောင်းကို အလွတ်ရွတ်ဖတ်ဖို့ သင်ယူသည့်အပေါ် အလေးထားရလိမ့်မည်။ သင်သည် အခြားသူများနှင့်အတူရှိနေချိန်မှာပင် ကလေးများ အလွတ်ကျက်မှတ်ရသည့် ဆုတောင်းထဲမှ စကားလုံးများအပေါ် နားလည်မှုအချို့ သူတို့ရရှိဖို့ သေချာစေရန် မည်သို့လုပ်မည်ဆိုတာကို မှတ်စု ချရေးထားသင့်သည်။ ဤဆုတောင်းက ရှေ့က ဆုတောင်းများထက် အနည်းအကျဉ်း ပိုရှည်သဖြင့် အကယ်၍ ကလေးများဖြစ်စေ အခြားမည်သူပင်ဖြစ်စေ သတ်မှတ်ထားသည့် သင်တန်းချိန်လေးခုတွင် အလွတ်ရဖို့ အခက်အခဲရှိပါက လိုအပ်သည်ဟု ထင်သည့်အတိုင်း အတိုးအလျှော့ လုပ်သင့်သည်။

“အို ကျွန်တော်မျိုး၏ဘုရားသခင်၊ ကိုယ်တော်၏နာမတော်မြတ်သည် ကျွန်တော်မျိုးအတွက် ရောဂါပျောက်ကင်းရာအကြောင်းဖြစ်လျက် ကိုယ်တော်အား သတိရခြင်းသည် ကျွန်တော်မျိုးအတွက် ကုသရာဆေးဖြစ်ပါ၏။ ကိုယ်တော်နှင့်နီးကပ်ခြင်းသည် ကျွန်တော်မျိုး၏ မျှော်လင့်ခြင်းဖြစ်၍ ကိုယ်တော့်အပေါ်၌ထားရှိသော မေတ္တာသည် ကျွန်တော်မျိုး၏ အပေါင်းအဖော်ဖြစ်ပါ၏။ ကျွန်တော်မျိုးအပေါ်၌ ကိုယ်တော်ထားရှိသော ကရုဏာတော်သည် ကျွန်တော်မျိုး၏ ပျောက်ကင်းရာဆေးဖြစ်လျက် ဤကမ္ဘာလောကတွင်လည်းကောင်း နောင်လာမည့် ကမ္ဘာလောကတွင်လည်းကောင်း ကျွန်တော်မျိုး အတွက် ကယ်တင်ရာအကြောင်းဖြစ်ပါ၏။ အမှန်ကား ကိုယ်တော်သည် ရက်ရောစွာပေးကမ်း မစတော်မူသောအရှင်၊ အလုံးစုံသောအကြောင်းတို့ကို အကြွင်းမဲ့သိမြင်နားလည်တော်မူသော ဘုရားရှင်၊ အသိဥာဏ်ပညာအပေါင်းဖြင့် ပြည့်စုံတော်မူသော ဘုရားရှင် ဖြစ်တော်မူပေသတည်း။”[၆၆]

________________________________________

________________________________________

________________________________________

________________________________________

________________________________________

## အခန်း (၁၇)

သင်ခန်းစာ ၁၇ မှ ၂၀ အထိ သင်တို့၏ လေ့လာသုံးသပ်မှုကို အစပြုဖို့ လုပ်နေကျနည်းအတိုင်း တစ်ကြိမ်လျှင် သင်ခန်းစာတစ်ခုဖတ်၍ အားလုံးကို ဖတ်ပါ။ ထို့နောက် ကလေးများနှင့်အတူ သင်တို့ လေ့လာဆန်းစစ်မည့် ဝိညာဏအရည်အသွေးများကို ချရေးပါ။

သင်ခန်းစာ ၁၇ ။ ________________________________

သင်ခန်းစာ ၁၈ ။ ________________________________

သင်ခန်းစာ ၁၉ ။ ________________________________

သင်ခန်းစာ ၂၀ ။ ________________________________

အောက်ပါ ကောက်နုတ်ချက်အနည်းငယ်မှာ အထက်ပါ အရည်အသွေးများ၏ ထူးခြားမှုထဲတွင် သင်နှင့် သင့်အပေါင်းအဖော် လေ့လာသူများအား ထိုးထွင်းအမြင်များ ရရှိစေရန် အကူအညီဖြစ်စေလိမ့်မည်။

၎င်းတို့ကို လူတစ်ဦးစီ၏ ရှင်သန်မှုရှုထောင့်ကသာ ဆွေးနွေးဖို့ မဟုတ်သည်ကို သတိရပါ။ သင်ကိုယ်တိုင်ကဲ့သို့ ကလေးများ၏ ဆရာတစ်ဦးအတွက် ဘာကိုဆိုလိုသည်ကိုလည်း စဉ်းစားသင့်သည်။

သတ္တိရှိခြင်းဆိုသည့် အရည်အသွေးနှင့်ပတ်သက်၍ ကျွန်ုပ်တို့ကို တိုက်တွန်းနှိုးဆော်ထားသည်မှာ-

“ဘုရားရှင့်နိုင်ငံတော်ဘက်ဆီသို့ အပြည့်အဝ မျက်နှာမူကြရန် အသင်တို့ စွမ်းသမျှ ကြိုးပမ်းကြကုန်လော့။ သို့မှသာ အသင်တို့သည် ပင်ကိုယ်သတ္တိနှင့် ကောင်းလှစွာသောပါဝါ(စွမ်းအား)တို့ကို ရရှိနိုင်ကြပေအံ့။”[၆၇]

“အသင်တို့သည် နှလုံးသားကြေကွဲနေသူတို့အတွက် စိတ်သက်သာစေသည့် အရင်းခံများ ဖြစ်နိုင်ကြပါစေကုန်။ ခြေဦးတည့်ရာ ခရီးနှင်နေသူအတွက် ခိုကိုးရာ ဖြစ်နိုင်ကြပါစေကုန်။ ကြောက်လန့်တကြား ဖြစ်နေသူအတွက် သတ္တိရှိစေသည့် အရင်းခံ ဖြစ်နိုင်ကြပါစေကုန်။ ဤသို့ဖြင့် ဘုရားသခင်၏ ပေးသနားမှုနှင့် အမအစအားဖြင့် လူ့လောက၏ ပျော်ရွှင်ချမ်းမြေ့မှုဟူသည့် အလံတော်ကို ကမ္ဘာ့အလယ်ဗဟိုတွင် ငွါးငွါးစွင့်စွင့် လွှင့်တင်နိုင်စေ၍ တစ်ကမ္ဘာလုံးဆိုင်ရာ သဘောညီမျှမှုဟူသည့် အလံကိုလည်း တလူလူလွှင့်ထူနိုင်ပေအံ့။”[၆၈]

________________________________________________________________________________

________________________________________________________________________________

________________________________________________________________________________

________________________________________________________________________________

________________________________________________________________________________

မျှော်လင့်လျက်ရှိခြင်း၏ အရေးကြီးပုံနှင့်ပတ်သက်၍ ကျွန်ုပ်တို့ ဖတ်ရှုရသည်မှာ-

“အသင်၏ မျှော်လင့်ချက်အားလုံးကို ထာဝရဘုရားရှင်ထံတွင် ပုံအပ်ထားလော့။ အရှင်၏ မပျက်မယွင်းသော သနားကရုဏာတော်ကို ဖွဲနပဲကြီးစွာ ဖက်တွယ်ထားလော့။ ထိုအရှင်မှတစ်ပါး အခြားမည်သူကမျှ ခိုကိုးရာမဲ့သူတို့အား ကြွယ်ဝချမ်းသာစေနိုင်ပါသနည်း။ လဲကျနေသူတို့အား သူ၏ နိမ့်ကျမှုမှ ထိုအရှင်မှတစ်ပါး မည်သူက ထူမပေးပါအံ့နည်း။”[၆၉]

“အို လှုပ်ရှားသွားလာနေသော မြေမှုန့်၏သဏ္ဍာန်! ငါအရှင်သည် အသင်နှင့်ဆက်သွယ်နှီးနှောလို၏။ သို့ရာတွင် အသင်ကား ငါအရှင်အား ယုံကြည်ခြင်းမရှိ။ ပုန်ကန်ခြင်း၏ဓားသည် အသင့်မျှော်လင့်ချက်သစ်ပင်ကို ခုတ်လှဲခဲ့၏။ ငါအရှင်သည် အမြဲအစဉ် အသင့်အနီးတွင် ရှိတော်မူ၏။ သို့ရာတွင် အသင်ကား အမြဲအစဉ် ငါအရှင်မှ ဝေးလှမ်းနေ၏။ ငါအရှင်သည် အသင့်အဖို့ မပျက်မစီးနိုင်သော ဘုန်းကျက်သရေကို ရွေးချယ်ခဲ့၏။ သို့ပြားလည်း အသင်ကား မိမိအဖို့ အတိုင်းအဆမရှိသော ယုတ်ညံ့နိမ့်ကျခြင်းကို ရွေးချယ်ပေရာ ပြန်၍လာလော့။ အသင်၏ အခွင့်ကောင်းကို မဆုံးရှုံးစေနှင့်။”[၇၀]

“လူသည် အခြေအနေအခါခပ်သိမ်းတွင် ထာဝရဘုရားသခင်၏ ကောင်းချီးမင်္ဂလာပင်လယ်ထဲ၌ နစ်မြုပ်နေသည်။ ထို့ကြောင့်ပင် သင်တို့သည် မည်သို့သော အခြေအနေမျိုးနှင့် ကြုံကြိုက်စေကာမူ မျှော်လင့်ချက်မကင်းမဲ့စေဘဲ သင်တို့၏ မျှော်လင့်ချက်တွင် ပိုမို၍ ခိုင်မာမြဲမြံပါစေ။”[၇၁]

“အကယ်၍ နှလုံးသားသည် ဘုရားသခင်ချပေးထားသော ကောင်းချီးမင်္ဂလာများမှ ကျောခိုင်း သွားလျှင် ၎င်းသည် ပျော်ရွှင်မှုကို မည်ကဲ့သို့ မျှော်လင့်နိုင်ပါအံ့နည်း။ ၎င်း၏ မျှော်လင့်ချက်နှင့် ယုံကြည်စိတ်ချမှုတို့ကို ထာဝရဘုရားသခင်၏ သနားကရုဏာတော်ထဲတွင် မထားရှိပါက မည်သည့် နေရာ၌ နှလုံးသားက အေးချမ်းမှုကို ရနိုင်ပါအံ့နည်း။ အိုကွယ်- ထာဝရဘုရားရှင်ထံတွင် ယုံကြည် စိတ်ချထားကြကုန်လော့။ အကြောင်းမူကား ထိုဘုရားရှင်၏ ရက်ရောမှုသည် အစဉ်တည်မြဲ၏။ ထိုဘုရားရှင်၏ ကောင်းချီးမင်္ဂလာများထဲတွင် ယုံကြည်စိတ်ချထားကြကုန်လော့။ အကြောင်းမှာမူ ၎င်းတို့ကား အလွန်တရာ ကောင်းလှစွာ၏။”[၇၂]

____________________

____________________

____________________

____________________

____________________

ယုံကြည်မှုခံထိုက်ခြင်းနှင့် ပတ်သက်၍ ကျမ်းဓမ္မခန်းများက ကျွန်ုပ်တို့အား ပြောပြထားသည်မှာ-

“အို လူအပေါင်းတို့! ယနေ့ခေတ်၌ ဘုရားရှင်၏ မျက်နှာတော်ရှေ့တွင် ရှုချင်စဖွယ်တင့်တယ်လှသော ဝတ်ရုံသည် ယုံကြည်မှုခံထိုက်ခြင်းပင် ဖြစ်ပေ၏။ ပေးသနားမှုအားလုံးနှင့် ဂုဏ်ပြုမှုခပ်သိမ်းကုန် တို့သည် သူ့ကိုယ်သူ အဆင်တန်ဆာများထဲမှ အကြီးမားဆုံးအဆင်တန်ဆာဖြင့် ဆင်မြန်းသူ၏ ဝေစုဝေပုံပင် ဖြစ်ပေအံ့။”[၇၃]

“ယုံကြည်မှုခံထိုက်ခြင်းသည် လူ့လောက၏ မြို့တော်အတွက် ခံတပ်အလားပင် ဖြစ်ပေလျက် လူသားဝတ်ကျောင်းတော်အတွက် မျက်လုံးများသဖွယ်ဖြစ်ပေ၏။ ယင်းမှနေ၍ ဆက်၍ လွတ်ထွက် နေသူမှန်သမျှသည် ထိုဘုရားရှင်၏ ပလ္လင်တော်ရှေ့ဝယ် အမြင်အာရုံချို့ယွင်းသူအဖြစ် ရေတွက်ခြင်း ခံရလတ္တံ့။”[၇၄]

“အသင်တို့သည် နေရာဒေသတိုင်းတွင် ဘုရားရှင်၏ ယုံကြည်ခံထိုက်မှုကို ထင်ရှားပြသူများ ဖြစ်ကြကုန်လော့။ ဤအရည်အသွေးကို ပြည့်ပြည့်ဝဝ ပြသကြသဖြင့် အသင်တို့သည် ရွှေစင်အတိတို့ တစ်ပုံတစ်ပင် စုပုံနေသော မြို့ကြီးများကိုပင် သွားလာရလင့်ကစား ယင်း၏ ညို့ဓာတ်အားကြောင့် အသင်တို့၏ ငေးမောကြည့်ရှုမှုကို တစ်ဒင်္ဂါဟူသည့်အခိုက်အတန့်ပင် သွေးဆောင်လှည့်ဖြား၍ မရနိုင် ပါပေ။”[၇၅]

____________________

____________________

____________________________________________

____________________________________________

____________________________________________

ဤစကားလုံးများက ကျွန်ုပ်တို့အား ထွန်းလင်းတောက်ပခြင်းအကြောင်းကို ပြောပြထားသည်-

“အို အဆွေတို့! အသင်တို့အားလုံးသည် ယနေ့ခေတ်တွင် ဘုရားရှင်၏ ချစ်ခြင်းမေတ္တာမီးတောက်ဖြင့် ထိန်ထိန်လင်းတောက်လောင်နေကြရမည်။ ဤသို့ဖြင့် ယင်းမှထွက်သော အပူဓာတ်သည် အသင်တို့၏ သွေးကြောများအားလုံး၊ ကိုယ်လက်အင်္ဂါများနှင့် အသင်တို့ ခန္ဓာကိုယ်အစိတ်အပိုင်းအားလုံးတို့တွင် ထင်ထင်ရှားရှား ဖြစ်လာနိုင်၍ ကမ္ဘာ့လူသားအပေါင်းတို့ကိုလည်း ယင်း၏ အပူဓာတ်ဖြင့် ထွန်းညှိပေးနိုင်၍ ချစ်မြတ်နိုးရာဘုရားရှင်၏ မိုးကုပ်စက်ဝိုင်းဆီသို့ မျက်နှာမူနိုင်စေကုန်အံ့။”[၇၆]

“အသင်၏ ဝိညာဉ်သည် ကမ္ဘာ့အလယ် နှလုံးသည်းပွတ်တွင် တောက်လောင်လျက်ရှိသော မငြိမ်းသော မီး၏ မီးတောက်ဖြင့် ထိန်ထိန်ညီးတောက်လောင်နေပါစေလေ။ မည်မျှတောက်လောင်ရမည်ဆိုသော် ကမ္ဘာတစ်ခွင်ရှိ ရေအလျင်တို့သည် ယင်း၏ မီးအလျှံကို မီးအေးသွားစေရန် အစွမ်းမရှိလောက်သည် အထိ ဖြစ်ရပေမည်။

“သနားကရုဏာတော် အရှိဆုံးဖြစ်တော်မူသော ဘုရားရှင်က ဖြစ်တည်မှု၏ အလယ်ဗဟို နှလုံးသည်းပွတ်တွင် ထွန်းညှိပေးထားတော်မူသော ဤမငြိမ်းသောမီး၏ မီးတောက်ဖြင့် အသင့်အား လင်းလင်းထိန်၍ တောက်လောင်စေလော့။ ဤသို့ဖြင့် ထိုဘုရားရှင်၏ ချစ်ခြင်းမေတ္တာအပူဓာတ်ကို အသင်အားဖြင့် အရှင် အခွင့်အရေးပေးခံရသူများ၏ နှလုံးသားများအတွင်း ထွန်းညှိပေးနိုင်ပေအံ့။ ငါဘုရားရှင်၏ လမ်းကြောင်းအတိုင်း လိုက်လျှောက်၍ အမြင့်မြတ်ဆုံးဖြစ်တော်မူသောအရှင်၊ တန်ခိုးတော်အပေါင်းဖြင့် ပြည့်စုံတော်မူသောအရှင်၊ ငါဘုရားရှင်အား သတိရတသခြင်းဖြင့် လူသားတို့၏ နှလုံးသားများကို ပီတိဖြစ်စေလော့။”[၇၈]

“ချစ်ခြင်းမေတ္တာမီးကို ထွန်းညှိလော့။ (ယင်းဖြင့်) အရာခပ်သိမ်းဟူသမျှကို လောင်ကျွမ်းပစ်လော့။ ယင်းနောက်တွင် ချစ်ရသူတို့၏ နယ်မြေထဲသို့ အသင် ခြေချလော့။”[၇၉]

____________________________________________

____________________________________________

____________________________________________

____________________________________________

____________________________________________

အထက်ပါ အစုတစ်စုစီမှ အနည်းဆုံး စာတစ်ပိုဒ်ကို အလွတ်ကျက်မှတ်ပါ။

# အခန်း (၁၈)

သင်ခန်းစာ ၁၇ မှ ၂၀ ရှိ ဖြစ်ရပ်မှန်များဘက်သို့ ယခု လှည့်ကြပါစို့။ တစ်ပုဒ်စီကို ဖတ်ပြီးနောက် အောက်ပါမေးခွန်းများကို သင့်အဖွဲ့ထဲရှိ အခြားသူများနှင့်အတူ စဉ်းစားပါ။

သင်ခန်းစာ ၁၇ တွင် သင်သည် အလီအက်စ်ကာ အကြောင်း ပြောပြရလိမ့်မည်။ လာဘ်စားတဲ့ အရာရှိက သူ့ကို ခြိမ်းခြောက်တာပင်လျှင် လိမ်လည်ပြီး လှည့်စားဖြစ်အောင် စည်းရုံးလို့ မရသူပင်ဖြစ်သည်။ လိမ်တာဟာ ဘုရားရှင်ရဲ့ ရှေ့တော်မှောက်မှာ မနှစ်မြို့စေဘူးဆိုတာကို ကလေးများက ကောင်းကောင်း သိထားပြီးဖြစ်သည်။ ဘုရားရှင်ရဲ့ တရားဒေသနာတော်များကို နာခံတာက သတ္တိရှိခြင်း၏ အရင်းခံအနေနဲ့ ဘယ်လိုရှိတယ်ဆိုတာ သူတို့ကို မြင်သွားစေလိမ့်မည်။ ၎င်းမှာလည်း သင်ခန်းစာ၏ အဓိကအကြောင်းအရာ ဖြစ်သည်။ ဖြစ်ရပ်မှန်၏ မည်သည့်အပိုင်းများက ဤသို့ ချိတ်ဆက်ဖြစ်အောင် ကူညီပေးမည်နည်း။ ကလေးများ အနေနဲ့ ဖြစ်ရပ်မှန်ကို လိုက်နိုင်ပြီး ဤအရေးကြီးသော အချက်ကို နားလည်ဖို့ဆိုလျှင် အဖြစ်အပျက်များကို ပြောပြချိန်တွင် မည်သည့် အသေးစိတ်များကို အလေးထားဖို့ အရေးကြီးသနည်း။

____________________________________________________________

____________________________________________________________

____________________________________________________________

____________________________________________________________

____________________________________________________________

သင်ခန်းစာ ၁၈ သည် မျှော်လင့်ချက်ရှိခြင်းဆိုသည့် အရည်အသွေးကို ပတ်လည်ပြောပြထားသည်။ စိတ်ပျက်အားငယ်နေသည့် လူတစ်ယောက်ကို အဗ္ဗဒွလ်ဘဟာအရှင်မြတ်အားဖြင့် ပြန်ပြီး မျှော်လင့်ချက် ရှင်သန်လာစေသည့် ထိုသူ့အကြောင်းကို ပြောပြရလိမ့်မည်။ အရှင်က သူ့ကို ကြင်နာမှု အလျှံပယ်ပြသ၍ ဘုရားရှင်၏ နိုင်ငံတော်ထဲတွင် သူဟာ ကြွယ်ဝချမ်းသာသည့်အကြောင်းကို အသိပေးလိုက်သည်။ ဘုရားရှင်၏ နိုင်ငံတော်တွင် ကြွယ်ဝတယ်ဆိုတာက ရုပ်ပစ္စည်းတွေ အများကြီးကို ပိုင်တယ်လို့ မဆိုလိုဘူး။ ဒါဆိုရင် ဘာကိုဆိုလိုသလဲ။ အဗ္ဗဒွလ်ဘဟာအရှင်မြတ်ရဲ့ အသိပေးချက်က ဘုရားရှင်ရဲ့ ပေးသနားမှုတွေအပေါ် ထိုသူ၏ ယုံကြည်စိတ်ချမှုကို မည်သို့ တိုးသွားစေပါသနည်း။ ဘုရားရှင်အပေါ် ယုံကြည်စိတ်ချမှုမရှိပါဘဲ မျှော်လင့်ချက် ရှင်သန်ဖို့ အခက်အခဲရှိပုံကို ကလေးများ အသိအမှတ်ပြုလာစေရန် သင့်အနေဖြင့် မည်သို့ ကူညီပေးမည်နည်း။

____________________________________________________________

____________________________________________________________

____________________________________________________________

____________________________________________________________

____________________________________________________________

ယုံကြည်မှုခံထိုက်ခြင်းမှာ သင်ခန်းစာ ၉ ၏ အဓိကအကြောင်းအရာဖြစ်သည်။ ဤအရည်အသွေး၏ အရေးကြီးပုံကို သရုပ်ပြသရန် သန့်ရှင်းမြင့်မြတ်ရာမြေသို့ စာပို့၊ ၎င်းမှ စာယူရသည့် တာဝန်ဖြင့် ယုံကြည် အပ်နှင်းခံရသည့် မိုဟာမက်တကီ အကြောင်းကို သင့် ကျောင်းသားများအား ပြောပြရလိမ့်မည်။ ကလေးများက ဖြစ်ရပ်၏ အဓိကအကြောင်းအရာကို လွတ်မသွားစေရန် ၎င်းကို ပြောပြရာတွင် စိတ်ထဲတွင် ထည့်ထားရမည့် အသေးစိတ်များစွာရှိသည်။ ၎င်းတို့မှာ မည်သည်တို့ ဖြစ်သနည်း။ မိုဟာမက်တကီအကြောင်းကို ပြောပြရာတွင် သင့်အနေဖြင့် "ယုံကြည်စိတ်ချလို့ရတယ်"၊ "ယုံကြည်အားကိုးလို့ရတယ်" စတဲ့ စကားလုံးတွေကို အသုံးပြုရ လိမ့်မည်။ ဂရုတစိုက်မရှိဘဲနဲ့ တစ်ချိန်တည်းမှာ ယုံကြည်မှုခံထိုက်ဖို့ ဖြစ်နိုင်သည်ဟု သင် ထင်ပါသလား။

သောမတ်စ် ဘရိတ်ခ်ဝဲလ် အကြောင်းမှာ ထွန်းလင်းတောက်ပမှုနှင့်ဆိုင်သည့် သင်ခန်းစာ ၂၀ ရှိ ဖြစ်ရပ်မှန်၏ အဓိကအကြောင်း ဖြစ်သည်။ မီးထွန်းထားသည့် ဖယောင်းတိုင်၊ တောက်နေသည့် မီးတောက်၊ တရှိန်းရှိန်းလောင်နေသည့်မီး စသည့် ပုံဆောင်သာဓကများကို ဘုရားရှင့်အပေါ် မိမိတို့နှလုံးသားများထဲရှိ ချစ်ခြင်းမေတ္တာ၏ပြင်းအားဆိုသည့် ထွန်းလင်းတောက်ပမှုဆိုင်သော အရည်အသွေးကို ကျွန်ုပ်တို့ နားလည်အောင် ကျမ်းစမ္မခန်းများထဲတွင် မကြာခဏ အသုံးပြုထားသည်။ ဤပုံဆောင်သာဓကအားဖြင့် သင့်ကျောင်းသားများသည် ထွန်းလင်းတောက်ပမှုက ဘာကိုဆိုလိုသည်ကို အမြင် အထိုက်အလျောက် ရသွားလိမ့်မည်။ အကောင်အထည်မရှိသော စဉ်းစားတွေးခေါ်နိုင်သည့် စွမ်းဆောင်ရည်မှာ ကလေးများတွင် ငယ်ငယ်ကတည်းက ရှိထား၍ ဘာသာစကားနှင့်ပတ်သက်သည့် သူတို့၏ အစွမ်းအစ ဖွံ့ဖြိုးသည့်အတိုင်း ဖွံ့ဖြိုးလာသည်။ ဤအတွေးအဆများကို စိတ်ထဲထည့်၍ သောမတ်စ် ဘရိတ်ခ်ဝဲလ်အား ဘုရားရှင်၏ ချစ်ခြင်းမေတ္တာမီးဖြင့် မည်သို့ ထွန်းညှိပေးလိုက်ပုံကို ပြသသည့် ဖြစ်ရပ်မှန်ထဲမှ အစိတ်အပိုင်းများကို ရွေးထုတ်ပါ။ ဖြစ်ရပ်မှန်ကို ပိုပြီးသက်ဝင်လာအောင် လုပ်ပေးသည့် အသေးစိတ်များမှာ မည်သည်တို့ ဖြစ်သနည်း။

# အခန်း (၁၉)

သင်နှင့် သင့်အပေါင်းအဖော် လေ့လာသူများသည် သင်ခန်းစာ ၁၇ မှ ၂၀ ရှိ အကြောင်းအရာများကို လက်တွေ့လေ့ကျင့်ရာမှနေ၍ အားတက်စိတ်ရရှိခဲ့မည်ဟု ယူဆမိသည်။ ထို့ကြောင့် အဆင့် ၁ ရှိ နောက်ဆုံး သင်ခန်းစာ လေးခုဖြစ်သော သင်ခန်းစာ ၂၁ မှ ၂၄ ကို ဆက်ဖို့ ယခု အဆင်သင့်ဖြစ်နေသည်။ သင်သည် ဤဆုတောင်းကို သင်တန်းချိန်တိုင်း၏ အစတွင် အလွတ်ရွတ်ဆိုချင်ပါလိမ့်မည်။

> **“ကျွန်တော်မျိုးထံ၌ ဖြူစင်သန့်ရှင်းသော နှလုံးသား ဖြစ်လာစေတော်မူပါ အို ကျွန်တော်မျိုး၏ ဘုရားသခင်! ကျွန်တော်မျိုးအတွင်း၌ တည်ငြိမ်အေးချမ်းသော အသိစိတ်ကို သစ်လွင်လန်းဆန်း လာစေတော်မူပါ အို ကျွန်တော်မျိုး၏ မျှော်လင့်ချက်ဖြစ်တော်မူသောအရှင်! တန်ခိုးစွမ်းအား၏ အသက်ဓာတ်အားဖြင့် ကျွန်တော်မျိုးအား အရှင့် အကြောင်းရင်းတော်၌ ခိုင်မြဲစေတော်မူပါ၊ အို ကျွန်တော်မျိုး အချစ်မြတ်နိုးရဆုံးသော ဘုရားရှင်! အရှင့် ဘုန်းတန်ခိုးတော်၏ အလင်းရောင်အားဖြင့် အရှင့် လမ်းတော်ကို ဖွင့်လှစ်ပြသတော်မူပါ၊ အို ကျွန်တော်မျိုး အလိုဆန္ဒ၏ ပန်းတိုင်ဖြစ်တော် မူသောအရှင်! အရှင်၏ သာလွန်ထူးကဲလှသော တန်ခိုးစွမ်းအားဖြင့် ကိုယ်တော်၏ မြင့်မြတ်တော် မူခြင်း၏ ကောင်းကင်ဘုံထက်ဆီသို့ မြှင့်တင်ပေးတော်မူပါ၊ အို ကျွန်တော်မျိုး ဖြစ်တည်မှု၏ ပင်မအရင်းခံဖြစ်တော်မူသောအရှင်! အရှင်၏ ထာဝရတည်မြဲတော်မူခြင်း၏ လေပြည်လေညှင်းများ အားဖြင့် ကျွန်တော်မျိုးအား ဝမ်းမြောက်စေတော်မူပါ အို ကျွန်တော်မျိုး၏ ဘုရားရှင်ဖြစ်တော်မူသော အရှင်! ကိုယ်တော်၏ အစဉ်တည်မြဲသော သံစဉ်တေးသွားများအားဖြင့် ကျွန်တော်မျိုးအား တည်ငြိမ်အေးချမ်းမှုကို ရှုရှိုက်နိုင်စေတော်မူပါ အို ကျွန်တော်မျိုး၏ အပေါင်းအဖော်ဖြစ်တော်မူသော အရှင်! ကိုယ်တော်၏ ရှေးကျတော်မူသော မျက်နှာတော်အသွင်အပြင်အားဖြင့် ကျွန်တော်မျိုးအား အရှင်မှတစ်ပါး အရာခပ်သိမ်းကုန်တို့မှ လွတ်ကင်းစေတော်မူပါ အို ကျွန်တော်မျိုး၏ အရှင်သခင်! ကိုယ်တော်၏ မပျက်မစီးနိုင်သော အနှစ်သာရတော်ကို ဖွင့်ပြတော်မူခြင်း၏ ဝမ်းမြောက်ဖွယ် သတင်းစကားများအားဖြင့် ကျွန်တော်မျိုးအတွက် ပျော်ရွှင်မှုများကို ဆောင်ယူပေးတော်မူပါ အို ပေါ်လွင်ထင်ရှားသော အရာဟူသမျှတို့၏ ပေါ်လွင်အထင်ရှားဆုံး ဖြစ်တော်မူသောအရှင်နှင့် ဖုံးကွယ် နေသော အရာဟူသမျှတို့၏ အဖုံးကွယ်ဆုံး ဖြစ်တော်မူသောအရှင်!”[၆၀]**

အောက်ပါဆုတောင်းသည် ဤအဆင့်တွင် ကလေးများ အလွတ်ကျက်မှတ်ရမည့် နောက်ဆုံး ဆုတောင်းဖြစ်သည်။ ၎င်း၏ ထူးခြားမှုကို သူတို့ လွယ်လင့်တကူ များစွာနားလည်ကြသော်လည်း သူတို့အတွက် အသစ်အဆန်း သို့မဟုတ် အကျွမ်းတဝင်မရှိနိုင်သည့် စကားလုံးမှန်သမျှ သို့မဟုတ် စကားစုမှန်သမျှကို မည်သို့ ရှင်းပြမည်ဆိုတာ ဆုံးဖြတ်သင့်သည်။

> **“အို ကြင်နာသနားတော်မူသောအရှင်၊ ကျွန်တော်မျိုးသည် ကလေးငယ်တစ်ယောက်ဖြစ်ပါ၏။ ဝိညာဏပိုင်းဆိုင်ရာ နိုင်ငံတော်အတွင်းသို့ ဝင်ရောက်စေခြင်းဖြင့် ကျွန်တော်မျိုး၏ စွမ်းအားများ မြှင့်တင်ပေးတော်မူပါ။ ကျွန်တော်မျိုးသည် ဤကမ္ဘာမြေ၏ လူသားတစ်ယောက်ဖြစ်လျက် ကောင်းကင်ဘုံဆိုင်ရာ လူသားတစ်ယောက်အဖြစ် ပြုလုပ်ပေးတော်မူပါ။ ကျွန်တော်မျိုးသည် နိမ့်ကျသော လောကီဘုံသားတစ်ယောက်ဖြစ်ပါ၍ ကျွန်တော်မျိုးအား အရှင်၏ သန့်ရှင်း ထွတ်မြတ်သောနိုင်ငံတော်ကို ပိုင်ဆိုင်ခွင့်ပြုတော်မူပါ။ စိတ်ဓာတ်ညှိုးငယ်နေသည့် ကျွန်တော်မျိုးအား**

**လင်းဝင်းထွန်းတောက် စေတော်မူပါ။ ရုပ်ပိုင်းဆိုင်ရာမှ ဝိညာဏပိုင်းဆိုင်ရာ လူသားတစ်ယောက် ဖြစ်စေတော်မူပါ။ ၎င်းတို့ကို ချပေးသနားတော်မူခြင်းအားဖြင့် ကျွန်တော်မျိုးသည် အရှင်၏ အကန့်အသတ်မရှိသော ရက်ရောခြင်းကို ထင်ရှားစွာဖော်ပြနိုင်ပါအံ့။**

**"အမှန်ကား ကိုယ်တော်သည် တန်ခိုးတော်အပေါင်းနှင့် ပြည့်စုံတော်မူသောအရှင်၊ အရာခပ်သိမ်းကုန် တို့ကို ချစ်မြတ်နိုးတော်မူသောအရှင် ဖြစ်တော်မူပေသတည်း။"**[၈၁]

______________________________________________________________

______________________________________________________________

______________________________________________________________

______________________________________________________________

______________________________________________________________

# အခန်း (၂၀)

အဆင့် ၁ တွင် သင်ကြားရမည့် နောက်ဆုံးသင်ခန်းစာလေးခုကို ဖတ်ပါ။ ဖတ်သည့်အခါ ယခင် အတိုင်းပင် ကလေးများ အလွတ်ကျက်မှတ်ရမည့် ကောက်နုတ်ချက်များအတွက် မိတ်ဆက်ပေးရန် သူတို့ကို သင် မျှဝေပေးမည့် အယူအဆများအပေါ် အထူးအာရုံစိုက်ပေးသင့်သည်။ ဤသင်ခန်းစာတစ်ခုစီက အလေးပေး ထားသည့် အရည်အသွေးကို အောက်တွင် ချရေးပါ။

သင်ခန်းစာ ၂၁ ။ ___________________________________________________

သင်ခန်းစာ ၂၂ ။ ___________________________________________________

သင်ခန်းစာ ၂၃ ။ ___________________________________________________

သင်ခန်းစာ ၂၄ ။ ___________________________________________________

ယခင်သင်ခန်းစာများတွင် လုပ်ခဲ့သည့်အတိုင်း အောက်ပါကောက်နုတ်ချက်များက သင်နှင့် သင့်အဖွဲ့ဝင်များအတွက် ဤသင်ခန်းစာများတွင် ဖော်ပြထားသော ဝိညာဏအရည်အသွေးများအပေါ်တွင် စဉ်းစားသုံးသပ်စေမည့် အခွင့်အရေးကို ရစေလိမ့်မည်။

လင်းဝင်းထွန်းတောက်ခြင်း၏ ထူးခြားပုံနှင့်ပတ်သက်၍ ကျမ်းစမ္မခန်များက ကျွန်ုပ်တို့ကို ပြောပြ ထားသည်မှာ-

"အို ထာဝရဘုရားရှင်၏ ချစ်ခြင်းမေတ္တာမီးတောက်! ရောင်ခြည်သည် အလင်းပေးရမည်၊ နေသည် ထွက်လာရမည်။ လပြည့်ဝန်းသည် လင်းထိန်ရမည်၊ ကြယ်တာရာသည် ဖိတ်ဖိတ်တောက်ရမည်။ အသင်သည် ရောင်ခြည်တန်းဖြစ်ခြင်းကြောင့်ပင် ထိန်ထိန်လင်း၍ ထွန်းလင်းတောက်ပမှုကို ပေးနိုင်ရန်အတွက်လည်းကောင်း မိုးကုပ်စက်ဝိုင်းများထက်ဝယ် တောက်ပထွန်းလင်းလာစေရန်နှင့် ကမ္ဘာလောကအား ဘုရားရှင့် ချစ်ခြင်းမေတ္တာမီးတောက်ဖြင့် လောင်မြိုက်သွားစေရန်အတွက် လည်းကောင်း ဘုရားရှင်အား တိုးလျှိုးတောင်းခံလော့။"[၈၂]

"အို လူသားအပေါင်းတို့၊ လင်းဝင်းထွန်းတောက်ခြင်း၊ ပျော်ရွှင်ချမ်းမြေ့ခြင်းတို့ဖြင့် အချင်းချင်း အတူတကွနေထိုင်ကြကုန်လော့။"[၈၃]

"ခပ်သိမ်းကုန်တို့ကို ချစ်မြတ်နိုးတော်မူသော ဘုရားရှင်သည် လူသားအား ဘုရားရှင်၏ အလင်းရောင်ကို ထွန်းလင်းတောက်ပပေးရန်နှင့် သူ၏ ပြောစကားများ၊ လက်တွေ့လုပ်ရပ်နှင့် ရှင်သန်နေထိုင်မှုတို့ဖြင့် လင်းဝင်းတောက်ပသွားစေရန် ဖြစ်တည်ပေးတော်မူခဲ့ပေ၏။"[၈၄]

"လူသားလောကကို အမှုထမ်းရွက်ခြင်းသည် ဘုရားရှင်အား အမှုထမ်းရွက်ခြင်းပင်ဖြစ်၏။ ဘုရားရှင့် နိုင်ငံတော်၏ မေတ္တာတရားနှင့် အလင်းရောင်တို့သည် အသင့်အား ကြည့်ရှုသူအားလုံးအတွက် ယင်း၏ ရောင်ပြန်ဖြင့် ထွန်းလင်းတောက်ပသည်အထိ အသင့်၌ ထွန်းလင်းတောက်ပ နေပါစေလေ။ ကြယ်စင်များကဲ့သို့ပင် သူတို့၏ ကောင်းကင်ဘုံအဆင့်အခြေရှိ မြင့်မားပုံထဲတွင် ဝင်းဝင်းလက်၍ ဖိတ်ဖိတ်တောက်နေပါစေလေ။"

______________________________________________________________________

______________________________________________________________________

______________________________________________________________________

______________________________________________________________________

______________________________________________________________________

ဤစာပိုဒ်များမှနေ၍ သစ္စာရှိခြင်းဆိုသည့် အရည်အသွေးထဲတွင် ကျွန်ုပ်တို့ ထိုးထွင်းအမြင်ရရှိကြသည်။

"ဘုရားရှင်၏ ဘုန်းတန်ခိုးတော်သည် သင့်အပေါ်သို့လည်းကောင်း ခိုင်ခိုင်မြဲမြဲရှိ၍ မသွေဖည်သည့် နှလုံးသားအပေါ်သို့လည်းကောင်း စွဲစွဲမြဲမြဲရှိ၍ သစ္စာရှိသောသူအပေါ်သို့လည်းကောင်း ကျရောက် ပါစေသော်။"[၈၆]

"သနားကရုဏာတော်ရှင် ဘုရားရှင်၏ အစေခံမယ်များထံသို့ ဤအမှာစကားကို ပို့ပေးပါလေ- စမ်းသပ်မှုက ခက်ထန်ကြမ်းတမ်းလာသည့်အခါ သူတို့သည် မတုန်မလှုပ်ဘဲ ရပ်တည်ကြရမည်။ ဘဟာအရှင်အပေါ်ထားသည့် သူတို့၏ ချစ်ခြင်းမေတ္တာတွင် သစ္စာရှိကြရမည်။ ဆောင်းရာသီ ရောက်သည့်အခါ မုန်တိုင်းတို့ ကြုံရ၏၊ လေပြင်းတို့မှာ တိုက်ခတ်၏။ သို့ငြားလည်း နွေဦးရာသီကား ယင်း၏ အလှပေါင်းစုံနှင့် လိုက်ပါလာသည့်အလျောက် တောင်ကုန်းနှင့် လွင်ပြင်တို့ကို

ရန့်ပေါင်းထုံသည့် အပင်များနှင့် အနီရောင် အနီမိုနီပန်းတို့ဖြင့် မြင်ရသမျှနှစ်သက်ဖွယ်ဖြင့် အလှဆင်မြန်းထားပေတော့၏။”[၈၇]

“ဤနေ့ရက်တွင် ဘုရားရှင်၏ ခံ့တံခါးဝ၌ အရေးပေးခံရသူဆိုသည်မှာ သစ္စာရှိခြင်း၏ ခွက်ဖလားကို လှည့်လည်ဝေငှပေးသူပင်ဖြစ်ပေ၏။ သူသည် မိမိ၏ရန်သူများပင်ဖြစ်လင့်ကစား ပေးကမ်းခြင်း၏ ရတနာကို (ထိုသူတို့အား) ပေးအပ်၍၊ မိမိ၏ ကျရှုံးသွားသောဖိနှိပ်သူကိုပင်လျှင် ကူညီသည့်လက်ကို ကမ်းပေးရမည်။ မိမိ၏ ရန်သူများထဲ၌ အရက်စက်ဆုံးသူပင်ဖြစ်စေကာမူ (သူ့အပေါ်) မေတ္တာထားသည့် မိတ်ဆွေတစ်ဦး ဖြစ်ရပေမည်။”[၈၈]

______________________________________________________________________

______________________________________________________________________

______________________________________________________________________

______________________________________________________________________

______________________________________________________________________

အောက်ပါစာပိုဒ်များက စိတ်ရှည်ခြင်းအကြောင်းကို ပြောပြထားသည်-

“အို လူသား! အရာဟူသမျှအဖို့ အမှတ်လက္ခဏာတစ်ခုရှိ၏။ ချစ်ခြင်းမေတ္တာ၏ အမှတ်လက္ခဏာကား ငါ့အရှင်စီရင်ချက်နှင့် ဒုက္ခဆင်းရဲအပေါင်းကြုံကြိုက်လျှင် စိတ်ခိုင်မြဲ၍ သည်းညည်းခံခြင်းဖြစ်၏။”[၈၉]

“ကောင်းခြင်းမင်္ဂလာရရှိသူတို့ကား ခိုင်ခိုင်မြဲမြဲနှင့် ကြံ့ကြံ့ခံသူတို့ပင် ဖြစ်ပေ၏။ သူတို့ကား ကံကြမ္မာဆိုးများနှင့် ဆင်းရဲဒုက္ခများကြုံရချိန်တွင် သည်းညည်းခံသူတို့ပင် ဖြစ်ပေ၏။ သူ့တို့အပေါ် ကျရောက်သမျှအတွက် ဝမ်းနည်းမပူဆွေးသူတို့ပင် ဖြစ်ပေ၏။ စွန့်ပယ်ခြင်း၏ လမ်းကြောင်းထက်ဝယ် လျှောက်လှမ်းသူတို့ပင် ဖြစ်ပေ၏။”[၉၀]

“ယတိပြတ်ဖြစ်သော အမိန့်တော်အားဖြင့် ချပေးထားသမျှဖြင့် ရောင့်ရဲကျေနပ်လော့။ သည်းညည်းခံခြင်းဖြင့် ယင်းတို့ကို ကြံ့ကြံ့ခံသူတို့ထဲတွင် ပါဝင်လော့။”[၉၁]

“သူ၏မျက်နှာကို အမြင့်မားဆုံးသော မိုးကုပ်စက်ဝိုင်းဆီသို့ လှည့်ထားသူတိုင်းသည် သည်းခံစိတ်ရှည်ခြင်း၏ ကြိုးတော်ကို ခိုင်ခိုင်မြဲမြဲ ဆုပ်ကိုင်ထားရန်နှင့် အချုပ်အခြယ်အပေါင်းမှ လွတ်ကင်းတော်မူသောအရှင်၊ ဘေးဒုက္ခအပေါင်းမှ ကယ်တင်ပေးနိုင်တော်မူသောအရှင်၊ ထာဝရဘုရားရှင်အပေါ်၌ မှီခိုအားထားရန် (သူ့အား) ပြဋ္ဌာန်းထားလေသည်။”[၉၂]

______________________________________________________________________

______________________________________________________________________

______________________________________________________________________

______________________________________________________________________

______________________________________________________________________

ခိုင်မြဲခြင်းနှင့်ပတ်သက်၍ အောက်ပါအတိုင်း ကျွန်ုပ်တို့ ဖတ်ရှုရသည်-

"လူတို့အား ပြဋ္ဌာန်းသတ်မှတ်ပေးထားသည့် ပထမဆုံးနှင့် ကနဦးတာဝန်မှာ အစဉ်ထာဝရတည်မြဲသော အမှန်တရားဖြစ်တော်မူသော ဘုရားရှင်ကို အသိအမှတ်ပြုပြီးသည့်နောက်တွင် ထိုဘုရားရှင်၏ အကြောင်းရင်းတော်၌ မြဲမြဲမြံမြံရပ်တည်ရမည့် တာဝန်ပင်ဖြစ်ပေ၏။"[၉၃]

"ဘုရားရှင်၏သာသနာတော်၌ အသင်၏ခိုင်မြဲမှုသည် မည်သို့ရှိရမည်ဆိုသော် ကမ္ဘာမြေနှင့်ဆိုင်သမျှ အရာဟူသမျှသည် မည်သည့်အရာပင်ဖြစ်စေကာမူ အသင်၏တာဝန်ကို (မထမ်းရွက်နိုင်စေရန်) နှောင့်ယှက်ဟန့်တားနိုင်သည့် စွမ်းအားမရှိသည့်အလားပင် ဖြစ်ရပေမည်။"[၉၄]

"ထာဝရဘုရားသခင်၏ ချစ်ခြင်းမေတ္တာထဲတွင် အသင် မြဲမြံစွာ လျှောက်လှမ်းလေ့၊။ ထိုဘုရားရှင်၏ သာသနာတော်တွင် ဖြောင့်တန်းစွာ ဆက်လက်လျှောက်လှမ်းလေ့၊။ ထို့ပြင် အသင့်မြွက်ဟ ပြောဆိုချက်၏ စွမ်းအားဖြင့် ထိုဘုရားရှင်အား ကူညီပေးလေ့၊။"[၉၅]

"သို့ဖြစ်သောကြောင့် မြဲမြဲမြံမြံရှိသော ခြေလှမ်းတို့ဖြင့် တိကျသေချာခြင်း၏ လမ်းကြောင်းတော်တွင် မိမိတို့ လျှောက်လှမ်းနိုင်ကြကုန်အံ့။ ဘုရားရှင့် ကောင်းစွာကျေနပ်နှစ်မြို့က်တော်မူခြင်း၏ လွင်ပြင် ထက်ဆီမှ တိုက်ခတ်လာသော လေနုအေးသည် မိမိတို့အပေါ်သို့ ထွတ်မြတ်သော လက်ခံတော် မူခြင်း၏ ချိုမွှေးသောမွှေးရနံ့တို့ကို တိုက်ခတ်ပေးနိုင်၍ သေမျိုးဖြစ်သော အကျွန်ုပ်တို့အား ပျောက်လွင့်စေလျက် မိမိတို့အား အစဉ်တည်မြဲသော ဘုန်းတန်ခိုးတော် နိုင်ငံထက်ဆီသို့ တက်လှမ်းရောက်ရှိနိုင်စေအံ့။"[၉၆]

"အသင်သည် စိတ်ချယုံကြည်၍ မြဲမြဲမြံမြံရှိပါလေ။ အသင်၏ အမှုထမ်းရွက်မှုများကို ကောင်းကင်ဘုံ၏ တန်ခိုးစွမ်းအားများဖြင့် အတည်ပြုပေးထားပေ၏။ အကြောင်းမှာမူ အသင်၏ ရည်မှန်းချက်တို့သည် မြင့်မား၍ အသင်၏ ရည်ရွယ်ချက်တို့သည် ဖြူစင်သန့်ရှင်း၍ ထိုက်တန်လှသောကြောင့်ပင် ဖြစ်ပေ၏။"[၉၇]

____________________________________________________________

____________________________________________________________

____________________________________________________________

____________________________________________________________

____________________________________________________________

အထက်ပါ အစုတစ်စုစီမှ အနည်းဆုံး စာတစ်ပိုဒ်ကို အလွတ်ကျက်မှတ်ပါ။

# အခန်း (၂၁)

ယခု သင့် အတန်းသားများကို ပြောရမည့် နောက်ဆုံး ဖြစ်ရပ်မှန်လေးခုဘက်သို့ လှည့်ကြပါစို့။ သူတို့ သင်ယူနေသည့် ဝိညာဏအရည်အသွေးများကို သူတို့တွင် ပျိုးထောင်ပေးဖို့ ကြိုးပမ်းရင်း သူတို့နှင့်အတူ အံ့ဩဖို့ကောင်းသည့် အချိန်နာရီများစွာ အတူတကွ ကုန်လွန်ရလိမ့်မည်။ ဖြစ်ရပ်မှန်တစ်ခုစီကို ဖတ်ပြီးနောက် နောက်တွင်ပါသည့် မေးခွန်းများကို သင့်အဖွဲ့နှင့် ဆွေးနွေးပါ။

သင်ခန်းစာ ၂၁ တွင် ဒေါ်ရော်သီဘေကာ ငယ်ငယ်က ပထမဆုံးအကြိမ် အဗ္ဗဒွလ်ဘဟာအရှင်မြတ်နှင့် တွေ့ဆုံချိန်အကြောင်းကို ကလေးများ နားထောင်ရလိမ့်မည်။ ဖြစ်ရပ်မှန်တစ်ခုလုံးတွင် သူ(မ)အနေနဲ့ အဗ္ဗဒွလ်ဘဟာအရှင်မြတ်ရဲ့ လင်းဝင်းတောက်ပမှုအပေါ် ဘယ်လိုမြတ်နိုးခုံမင်သွားတယ် ဆိုတာကို ကလေးများ တွေ့ကြရလိမ့်မယ်။ ၎င်းကလည်း သင်ခန်းစာရဲ့ အဓိကအကြောင်းအရာဖြစ်ပါတယ်။ အဗ္ဗဒွလ်ဘဟာအရှင်မြတ်ရဲ့ လင်းဝင်းတောက်ပမှုက ဒေါ်ရော်သီဘေကာအပေါ် ဘယ်လိုအကျိုးသက်ရောက်မှု ရှိသွားလဲ။ ဖြစ်ရပ်မှန်အားဖြင့် အဗ္ဗဒွလ်ဘဟာအရှင်မြတ်အပေါ် ကလေးများရဲ့ တွယ်တာမှုကို ဘယ်လိုတိုးသွားစေမယ်လို့ သင် မျှော်လင့်ထားပါသလဲ။

________________________________________

________________________________________

________________________________________

________________________________________

________________________________________

သင်ခန်းစာ ၂၂ ၏ အဓိကအကြောင်းအရာမှာ သစ္စာရှိခြင်းအကြောင်းဖြစ်သည်။ အစ္စဖန်ဒီရာ အကြောင်းက ထိုအရည်အသွေးကို ပြသထားသည်။ ဖြစ်ရပ်မှန်ရဲ့ ဘယ်အပိုင်းတွေက ဤအကြောင်းအရာနဲ့ တိုက်ရိုက် အဆက်စပ်ဆုံးလဲ။ သစ္စာမြဲပြီးနေနိုင်အောင် အခြားဘယ်ဝိညာဏ အရည်အသွေးတွေကို အစ္စဖန်ဒီရာက ပြသထားပါသလဲ။ သင်၏ ပြောပြပုံထဲတွင် မည်သည့်အသေးစိတ်များကို ပါဝင်ဖို့ သေချာအောင် လုပ်မည်နည်း။

________________________________________

________________________________________

________________________________________

________________________________________

________________________________________

သင်ခန်းစာ ၂၃ က သည်းခံစိတ်ရှည်ခြင်းဆိုတဲ့ အရည်အသွေးအပေါ်မှာ အလေးပေးထားတယ်။ လီဇင်ဟာ သူ့ရဲ့ မက်မွန်သီးပင်အတွက် အစေ့သေးသေးကနေ နောက်ဆုံး အသီးသီးလာတဲ့အထိ ကြီးထွား

ဖွံ့ဖြိုးလာတဲ့ အဆင့်မျိုးစုံကို ဂရုစိုက်ရင်း သူက သည်းခံစိတ်ရှည်မှုကို ပြသထားတယ်။ ဤဖြစ်ရပ်အရ အတော်ကြာကြာ ကြိုးစားအားထုတ်ရင်း လေ့ကျင့်ထားသည့် သည်းခံစိတ်ရှည်မှုကြောင့် ပျော်ရွှင်ကြည်နူးမှုကို ဆုလာဘ်အဖြစ် ခံစားရသလို မိမိတို့ လုပ်ဆောင်ချက်တွေရဲ့ အသီးအပွင့်တွေကို မမြင်ရခင် ဘယ်လောက်အထိ ကြီးကြီးမားမား ကြိုးစားပြီးလုပ်ထားရမယ်ဆိုတာကို အဲဒါက သရုပ်ပြထားတယ်။ ကလေးများအတွက် သည်းခံစိတ်ရှည်မှုဆိုတဲ့ ဝိညာဏအရည်အသွေးကို ဤနည်းနဲ့ ကြည့်ရှုဖို့ ဘာ့ကြောင့် အရေးကြီးပါသလဲ။ သင့်ကျောင်းသားများအား ဖြစ်ရပ်ကို ပြောပြတဲ့အခါ ဘယ်လို အသေးစိတ်အချက်တွေကို သင့်စိတ်ထဲတွင် ရှင်းရှင်းလင်းလင်း ရှိထားချင်ပါသနည်း။

______________________________________________

______________________________________________

______________________________________________

______________________________________________

______________________________________________

သင်ခန်းစာ ၂၄ တွင် အဗ္ဗဒ္ဒုလ်ဘဟာအရှင်မြတ်၏ နှမတော်ဖြစ်သော ဘဟီယာခါနွန်၏ အသက်တာ အကြောင်း ဖြစ်ရပ်မှန်ကို ကလေးများအား ပြောပြရလိမ့်မယ်။ ဘဟီယာခါနွန်က ဆင်းရဲဒုက္ခတွေ့ကြုံရချိန်တွင် စိတ်ဓာတ်ခိုင်ခိုင်မြဲမြဲရှိမှုကို ဘယ်လိုပြသခဲ့တယ်ဆိုတာ ကလေးတွေကို ဖော်ပြလိမ့်မယ်။ ဘုရားရှင်ရဲ့ ချစ်ခြင်းမေတ္တာထဲမှာ ခိုင်ခိုင်မြဲမြဲရှိဖို့ဆိုတာက ခက်ခဲကြပ်တည်းမှု သို့မဟုတ် အခက်အခဲ တစ်ခုတစ်လေလောက်ကို ကျော်လွှားတာထက် အများကြီးပိုတယ်ဆိုတဲ့ နားလည်မှုဘက်ဆီ သူတို့ကို ခေါ်သွားချင်လိမ့်မယ်။ သူ့အသက်တာအကြောင်းဖြစ်ရပ်က ဘုရားရှင်ရဲ့ အကြောင်းရင်းတော်မှာ မြဲမြဲမြံမြံရှိဖို့ တောင်းဆိုထားတဲ့ ခွန်အားနဲ့ စွဲစွဲမြဲမြဲရှိမှုအပေါ် ကလေးများအတွက် လျှပ်တစ်ပြက်အမြင်ကို ဘယ်လို ရရှိစေမလဲ။

______________________________________________

______________________________________________

______________________________________________

______________________________________________

______________________________________________

# အခန်း (၂၂)

ဤအပိုင်းတွင် သင်သည် ကလေးများနှင့်အတူ ပထမအဆင့် (Grade 1)တွင် လေ့လာဆန်းစစ်ရမည့် ဝိညာဏအရည်အသွေးများအကြောင်းကို စဉ်းစားသုံးသပ်ထားပြီး ကလေးများရဲ့ စာရိတ္တဖွံ့ဖြိုးတိုးတက်ရေးကို ဖြစ်စေဖို့ မျှော်လင့်ချက်နှင့် သူတို့ကို သင်ကြားပေးမည့် သင်ခန်းစာ နှစ်ဆယ့်လေးခုရှိ ကဏ္ဍမျိုးစုံရဲ့ လုပ်ပုံလုပ်နည်းများကို လေ့ကျင့်ထားပြီးဖြစ်သည်။ (ဂရိတ်ဝမ်း Grade 1) အဆင့် ၁ တွင် သင့်ကျောင်းသားများ၌ ဖွံ့ဖြိုးလာစေရန် ကူညီပေးရသည့် သနားကရုဏာနှင့်ဆိုင်သော ဝိညာဏအရည်အသွေးများအားလုံးကို သင့်စိတ်ထဲတွင် ယခု ခေတ္တစဉ်းစားကြည့်ပါ။ ဤသည်တို့အထဲတွင် အစောပိုင်းတွင် ဆွေးနွေးခဲ့သည့် နှလုံးသားဖြူစင်သန့်ရှင်းခြင်းအပေါ် အလေးပေး၍ စတင်ခဲ့တာက အရေးကြီးမည်ဖြစ်သလို ဘုရားရှင်၏ ချစ်ခြင်းမေတ္တာထဲတွင် ခိုင်ခိုင်မြဲမြဲရှိခြင်းဆိုတဲ့ အကြောင်းအရာနဲ့ သူတို့၏ သင်ခန်းစာများကို အဆုံးသတ်တာက အတော်အံဝင်ခွင်ကျဖြစ်ပုံပေါ်သည်။ သင်၏ ပထမဆုံးသင်ကြားမည့်ကြိုးပမ်းမှုကို စတင်သည့်အခါ ဘုရားရှင်၏ ချစ်ခြင်းမေတ္တာထဲတွင် ခိုင်ခိုင်မြဲမြဲရှိခြင်းက သင် ဂရုတစိုက်စောင့်ရှောက်မည့် အတန်းသားများအား သူတို့တွင် ကိန်းအောင်းနေသည့် ရတနာနှင့်တူသောအရည်အသွေးများကို ပေါ်လွင်လာစေမည့် သူတို့၏ ကြိုးပမ်းအားထုတ်မှုများတွင် ဖွဲ့ရှိအောင် မည်သို့ကူညီပေးမည်ကို စဉ်းစားသုံးသပ်ထားသင့်သည်။

# ကလေးများအတွက် သင်ခန်းစာ ၂၄ ခု

## 24 Lessons for Children

# သင်ခန်းစာ (၁)

## က ။ ဆုတောင်းပတ္ထနာများ ရွတ်ဖတ်ခြင်းနှင့် အလွတ်ကျက်မှတ်ခြင်း

ဘုရားသခင်၏ ကောင်းချီးမင်္ဂလာများကို ဆွဲဆောင်ရရှိစေရန်နှင့် ဝိညာဏပိုင်းဆိုင်ရာဝန်းကျင် ဖြစ်ပေါ်လာစေရန်အတွက် အခန်း ၂ တွင် အကြံပြုထားသော ဆုတောင်းကဲ့သို့ သင် အလွတ်ရသည့် ဆုတောင်း ပတ္ထနာတစ်ပုဒ်ကို ရွတ်ဖတ်၍ သင်တန်းကို စတင်ပါ။ ထို့နောက် သူတို့ထဲမှ တစ်ယောက်ယောက်များ သင်တန်းအတွက် ရွတ်ဖတ်ပေးနိုင်ဖို့ ဆုတောင်းတစ်ပုဒ်အလွတ်ရသလားဆိုတာကို ကလေးများအား မေးပါ။ ဖတ်ပြီးသည့်နောက် အောက်တွင်ပေးထားသည့် ဆုတောင်းကို သူတို့ အလွတ်ကျက်မှတ်ကြလိမ့်မည်။ ၎င်း၏ ထူးခြားမှုကို ကလေးများအား ကူညီပေးနိုင်ရန် ခိုင်လုံသည့် နမူနာများဖြင့် ရှင်းပြဖို့ လိုမည်ဟု ထင်သည့် စကားလုံးများကို ရွေးထုတ်ပါ။ ကလေးအများစုက ဤဆုတောင်းကို လွယ်လွယ်ကူကူ သင်ယူရရှိမည်ဟု မျှော်မှန်းထားသည်။ သို့သော် ၎င်းကို နောက်သင်တန်းသုံးခု၏ အစတိုင်းတွင် သူတို့နှင့်အတူ ပြန်၍ နွေးသင့်သည်။ ထိုအခါ သင်ခန်းစာ ၅ ရောက်ချိန်တွင် ဆုတောင်းအသစ်တစ်ပုဒ်ကို စပြီးသင်ယူသည့်အခါ ဤဆုတောင်းက သူတို့၏ နှလုံးသားများနှင့် စိတ်များထဲတွင် စွဲနေလိမ့်မည်။

> **“ထိုအရှင်ကား ထာဝရဘုရားရှင် ဖြစ်တော်မူပေ၏။ အို ဘုရားသခင်၊ ကျွန်တော်မျိုး၏ ဘုရားသခင်၊ ကျွန်တော်မျိုးအပေါ်သို့ ပုလဲရတနာကဲ့သို့ ဖြူစင်သန့်ရှင်းသောနှလုံးသားကို ချပေးသနားတော်မူပါ။”[၉၈]**

ဤပထမသင်ခန်းစာအနည်းငယ်တွင် ကလေးများ အလွတ်ကျက်မှတ်ရမည့် ဆုတောင်းမှာ တိုသောကြောင့် အခန်း ၂ တွင်ပါသည့် ရိုသေလေးစားမှုနှင့် ဆုတောင်းပတ္ထနာ၏ သဘောသဘာဝအကြောင်း ဖော်ပြထားသည့် အယူအဆများထဲမှ အချို့ကို သူတို့နှင့် ဆွေးနွေးဖို့ အခွင့်အလမ်းများများ ရလိမ့်မည်။

## ခ ။ သီချင်းများ

ဆုတောင်းပတ္ထနာများအတွက် ရည်ရွယ်ထားသည့်အချိန်ပြီးသည့်နောက်တွင် ကလေးများက အောက်ပါ ဆုတောင်းကို သီဆိုဖို့ သင်ယူနိုင်ကြလိမ့်မည်။ သင်ခန်းစာ၏ အဓိကအကြောင်းအရာဖြစ်သော နှလုံးသားဖြူစင်သန့်ရှင်းမှုနှင့်ဆိုင်သည့် ကောက်နုတ်ချက်ကို သံစဉ်ထည့်ထားသဖြင့် ၎င်းကို နောက်ပိုင်းတွင် သူတို့ အလွတ်ကျက်မှတ်ကြရလိမ့်မည်။

### ငါအရှင်၏ ပထမဩဝါဒ

C C/B Am C/B
အို နာမ်ဝိညာဉ်၏သား

C C/B Am C/B
အို နာမ်ဝိညာဉ်၏သား

F G
ငါအရှင်၏ ပထမဩဝါဒကား

F G
ငါအရှင်၏ ပထမဩဝါဒကား

F G C Am
ဖြူစင်သန့်ရှင်း၍ သနားကြင်နာပြီး လင်းဝင်းထွန်းတောက်သော စိတ်နှလုံးထားလေ့

F G C Am
သို့မှသာ အတိုင်းအဆမရှိသည့် အတိတ်မှဖြစ်သော
F G C C/B Am C/B
မပျက်မစီး အစဉ်တည်မြဲသော ကြီးမြင့်ထွတ်ခေါင်ခြင်းသည်
F G C
အသင့်အဖို့ဖြစ်လိမ့်မည်

## ၈ ။ ကောက်နုတ်ချက်များ အလွတ်ကျက်မှတ်ခြင်း

နောက်ထပ် ဆောင်ရွက်ချက်မှာ ကလေးများက ဘဟာအီကျမ်းဓမ္မခန်းများထဲမှ ကောက်နုတ်ချက် တစ်ခုကို အလွတ်ကျက်မှတ်ကြလိမ့်မည်။ သင်က သင်ခန်းစာ၏ အဓိကအကြောင်းအရာနှင့် အလွတ်ကျက်မှတ်ရမည့် ကောက်နုတ်ချက်ကို အောက်ပါနည်းအတိုင်း မိတ်ဆက်ပေးနိုင်သည်-

ဒို့တွေရဲ့ နှလုံးသားတွေက မှန်ကြေးမုံတွေနဲ့တူတယ်။ ဒီနှလုံးသားတွေကို အမြဲတမ်း သန့်ရှင်းနေအောင် ဒို့ လုပ်ကြရမယ်။ တစ်ယောက်ယောက်အပေါ်မှာ တွန့်တိုတာ၊ တစ်ယောက်ယောက်ကို မနာလိုတာနဲ့ ဘယ်သူ့ကိုမဆို ဘာ့ကြောင့်ဖြစ်ဖြစ် မကြင်နာတာ— ဒါတွေဟာ ဒို့နှလုံးသား မှန်တွေကို ဖုံးလိုက်တဲ့ ဖုန်မှုန့်တွေနဲ့ တူတယ်။ ဒို့နှလုံးသားတွေက ဖြူစင်တဲ့အခါ ဘုရားရှင်ရဲ့ အလင်းရောင်နဲ့ အရှင့်ရဲ့ ဂုဏ်အင်လက္ခဏာတွေဖြစ်တဲ့ သနားကြင်နာတာ၊ မေတ္တာထားတာနဲ့ ပေးကမ်းရက်ရောတာ— စတာတွေကို ရောင်ပြန်ဟပ်ပြီးတော့ ဒို့တွေက အခြားသူတွေအတွက် ပျော်ရွှင်မှုဖြစ်စေတဲ့(သူ) အကြောင်းရင်းခံတွေဖြစ်လာတယ်။ ဒို့နှလုံးသားတွေ ဖြူစင်အောင်ထားကြဖို့ ဘဟာအွလ္လာဘုရားရှင်ရဲ့ ဒီကောက်နုတ်ချက်ကို အလွတ်ကျက်မှတ်ကြစို့။

**"အို - နာမ်ဝိညာဉ်၏သား ငါအရှင်၏ ပထမသြဝါဒကား ဖြူစင်သန့်ရှင်း၍ သနားကြင်နာပြီး လင်းဝင်းထွန်းတောက်သော စိတ်နှလုံးထားလော့"**[၉၉]

ကလေးများက ကျမ်းစာကောက်နုတ်ချက်ကို ကောင်းစွာနားလည်လျှင် လွယ်လွယ်ကူကူနှင့် သင်ယူရရှိလိမ့်မည်။ ထို့ကြောင့် အချို့စကားလုံးများနှင့် စကားစုများ၏ အဓိပ္ပာယ်များကို ဆွေးနွေးရန်အတွက် သူတို့နှင့်အတူ အချိန်အနည်းငယ်ယူဖို့ အကြံပြုပါသည်။ သင့်အား ကူညီပေးရန် စာကြောင်းအနည်းငယ် ပေးထားပါသည်။

*သြဝါဒ*

၁ ။ တစ်နေ့မှာ ဂျရက်နဲ့ မေရီတို့က ရုပ်ပုံတွေကို အရောင်ခြယ်နေခဲ့ကြတယ်။ ဂျရက်မှာ အဝါရောင် လိုနေပေမဲ့ မေရီက သူ့ကို မပေးချင်ဘူး။ ဆရာက မေရီကို မျှဝေသုံးစွဲသင့်တယ်လို့ ပြောခဲ့တယ်။ ဆရာဟာ ကောင်းတဲ့ သသြဝါဒပေးခဲ့တယ်။

၂ ။ ပက်ထရစ်ရှာက သူ့ပိုက်ဆံနှင့် ဘီစကွတ်မုန့် ဝယ်စားရမလား၊ ပုံပြင်စာအုပ် ဝယ်ရမလား ဆိုတာကို ဆုံးဖြတ်ရတော့မယ်။ သူ့မိဘတွေက ပုံပြင်စာအုပ်ဝယ်ဖို့ အကြံပေးခဲ့တယ်။ သူ့ရဲ့ မိဘတွေက သူ့ကို ကောင်းတဲ့ သြဝါဒပေးခဲ့တယ်။

*ပိုင်ဆိုင်ထားသည်*

၁။ တင်နုရီက အိပ်ရာမဝင်မီ ဆုတောင်းတွေ ဖတ်ရတာကို နှစ်သက်တယ်။ အဲလိုဖတ်ဖို့ သူ့မှာ ဆုတောင်း စာအုပ်လေး တစ်အုပ်ရှိတယ်။ ဒါ့ကြောင့်မို့ တင်နုရီဟာ ဆုတောင်းစာအုပ်လေးတစ်အုပ်ကို ပိုင်ဆိုင်ထားတယ်။

၂။ ဒို့တွေရဲ့ ဥယျာဉ်ထဲမှာ အရသာရှိတဲ့ ဟင်းသီးဟင်းရွက်တွေ အများကြီး စိုက်ထားတယ်။ လတ်ဆတ်တဲ့ ဟင်းသီးဟင်းရွက်တွေ အများကြီးပေးတဲ့ မြေကွက်ကောင်းကောင်းကို ဒို့ ပိုင်ဆိုင်ထားတယ်။

*ဖြူစင်သန့်ရှင်းသောနှလုံးသား*

၁။ ကေသီက ဒေါသထွက်ပြီး အငေါ့ကို အကြင်နာမပါတဲ့ စကားတွေ ပြောလိုက်တယ်။ အငေါ့က ဝမ်းနည်းသွားပေမဲ့လို့ ချက်ချင်း ကေသီကို ခွင့်လွှတ်လိုက်တယ်။ အငေါ့မှာ ဖြူစင်သန့်ရှင်းတဲ့ နှလုံးသားကို ပိုင်ဆိုင်ထားတာပေါ့။

၂။ ဂတ်စ်တဗိုဟာ သူ့ရဲ့ ကွတ်ကီးမုန့်တွေကို ကလေးတွေအားလုံးနဲ့ မျှဝေပေးတယ်။ ဘယ်သူ့ကိုမှ ဝေမျှမပေးတဲ့ ဂျော့ကိုတောင် ကျွေးတယ်။ ဒါ့ကြောင့် ဂတ်စ်တဗိုမှာ ဖြူစင်သန့်ရှင်းတဲ့ နှလုံးသားကို ပိုင်ဆိုင်ထားတယ်။

*သနားကြင်နာသော နှလုံးသား*

၁။ သူ့မိဘတွေက သူတို့အိမ်ကို သူငယ်ချင်းတွေကို ဖိတ်တဲ့အခါ မီလင်းက သူတို့ကို အစားအစာတွေနဲ့ ပျော်ပျော်ရွှင်ရွှင် ဧည့်ခံတယ်။ မီလင်းမှာ သနားကြင်နာတဲ့ နှလုံးသားကို ပိုင်ဆိုင်ထားတယ်။

၂။ မစ္စတာ ရောဘတ်ဆန်က အသက်ကြီးနေပြီ။ ဒါနဲ့ ဂျင်မီက အဖိုးရဲ့ ခူးထားတဲ့သစ်သီးတွေကို ဈေးမှာ ရောင်းဖို့ ဝိုင်းပြီးသယ်ပေးတယ်။ ဂျင်မီမှာ သနားကြင်နာတဲ့ နှလုံးသားကို ပိုင်ဆိုင်ထားတယ်။

*လင်းဝင်းထွန်းတောက်သော နှလုံးသား*

၁။ အစ်မ ဝမ်းနည်းတဲ့အခါ အမေက အစ်မကို အမြဲအားပေးပြီး ပျော်ရွှင်လာအောင် လုပ်ပေးတယ်။ အစ်မ အမေမှာ လင်းဝင်းထွန်းတောက်တဲ့ နှလုံးသားကို ပိုင်ဆိုင်ထားတယ်။

၂။ အိုဘူယာ နေမကောင်းဖြစ်ပြီး အိပ်ရာထဲမှာ အချိန်ပြည့် လှဲနေတယ်။ သူက ဝမ်းနည်းမနေဘဲ ဆုတောင်းတွေအများကြီး ဖတ်ခဲ့ပြီး ပျော်ရွှင်မှုကို ဆက်ပြီး ပြခဲ့တာ။ ဒါကြောင့်မို့ အိုဘူယာမှာ လင်းဝင်းထွန်းတောက်တဲ့ နှလုံးသားကို ပိုင်ဆိုင်ထားတာပေါ့။

## ဃ။ ဖြစ်ရပ်မှန်

ကောက်နုတ်ချက်ကို ကလေးများ အလွတ်ကျက်မှတ်ပြီးနောက် သင့်အနေဖြင့် အဗ္ဗဒွလ်ဘဟာ အရှင်မြတ်အကြောင်း အောက်ပါဖြစ်ရပ်မှန်ကို ပြောပြနိုင်သည်။ ထိုဖြစ်ရပ်က နှလုံးသားဖြူစင်သန့်ရှင်းမှု၏

အရေးကြီးပုံကို သူတို့အား ထပ်ပြီး ပြသလိမ့်မည်။ သင့်အတန်းထဲရှိ အချို့ကလေးများက အဗ္ဗဒွလ်ဘာဟာအရှင်နှင့် အကျွမ်းတဝင်မရှိလျှင် သင့်အနေဖြင့် အတန်းမစတင်မီ အရှင့်အကြောင်းကို စကား အနည်းငယ်ပြောပြဖို့ ကြိုတင်ပြင်ဆင်ထားရမည်ကို သတိရပါ။

*အဗ္ဗဒွလ်ဘာဟာအရှင်က လူတစ်ယောက် နှလုံးထဲ ဘာရှိတယ်ဆိုတာကို အမြဲ ပြောပြနိုင်စွမ်း ရှိတယ်။ ဖြူစင်သန့်ရှင်းပြီး လင်းဝင်းထွန်းတောက်တဲ့ စိတ်နှလုံးရှိသူတွေကို အရှင်က နှစ်နှစ်ကာကာ ချစ်မြတ်နိုးတယ်။ တစ်ခါက အဗ္ဗဒွလ်ဘာဟာအရှင်မြတ်ရဲ့ ဂုဏ်ပြုညစာစားပွဲကို ဧည့်သည်တော်အဖြစ် ဂုဏ်ပြုခံရတဲ့ အမျိုးသမီးကြီးတစ်ဦး ရှိခဲ့တယ်။ အရှင်ရဲ့ ပညာဉာဏ်ကြီးမားတဲ့ ပြောစကားတွေကို သူ နားထောင်နေရင်း သူမ ရှေ့ရှိ ရေထည့်ထားတဲ့ ဖန်ခွက်ကိုကြည့်ပြီး "အို! တကယ်လို့များ အဗ္ဗဒွလ်ဘာဟာအရှင်မြတ်က သူ့၏နှလုံးသားကို ယူပြီး အဲဒီထဲမှာရှိတဲ့ ကမ္ဘာလောကရဲ့ လိုအင်ဆန္ဒတွေကို အကုန်ထုတ် သွန်လိုက်ပြီး ဘုရားရှင်ရဲ့ ချစ်ခြင်းမေတ္တာနှင့် နားလည်မှုတွေကို ဖန်ခွက်ထဲ ရေဖြည့်သလို ပြန်ဖြည့်ပေးရင် ကောင်းမှာပဲ"လို့ စဉ်းစားနေတယ်။*

*ဒီအတွေးက သူ့ စိတ်ထဲ အမြန် ဖြတ်သွားတယ်။ ဒီအကြောင်း ဘာမှလည်း မပြောတော့ဘူး။ ဒါပေမဲ့ သိပ်မကြာခင်မှာ သူ(မ) ဘာကို စဉ်းစားနေတယ်ဆိုတာကို အဗ္ဗဒွလ်ဘာဟာအရှင်မြတ် သိတော်မူတယ်လို့ သူ(မ)ကို သဘောပေါက်သွားစေမဲ့ဟာ တစ်ခုခု ဖြစ်ပျက်ခဲ့တယ်။ အဗ္ဗဒွလ်ဘာဟာအရှင်က အရှင့်ပြောဆိုမှု အလယ်လောက်မှာ ခဏရပ်လိုက်ပြီး အမှုထမ်း တစ်ယောက်ကို ခေါ်လိုက်တယ်။ အဲဒီနောက် ပါရှန်းဘာသာနဲ့ ညင်ညင်သာသာ စကားနည်းနည်း ပြောလိုက်တယ်။ အမှုထမ်းလည်း အမျိုးသမီးကြီးရဲ့ စားပွဲဆီ တိတ်တဆိတ်လာလိုက်ပြီး သူ(မ) ရှေ့ရှိ ဖန်ခွက်ကိုယူလိုက်တယ်။ နောက် ရေမကျန်အောင်လုပ်ပြီး မူလ နေရာအတိုင်း ပြန်ထားလိုက်တယ်။*

*နောက်ထပ် အနည်းငယ်ကြာပြီးနောက် အဗ္ဗဒွလ်ဘာဟာအရှင်မြတ်က စကားဆက်ပြောနေရင်း စားပွဲပေါ်ရှိ ရေကရားကို ယူလိုက်ပြီး အမျိုးသမီးကြီးရဲ့ ဘာမှမရှိတော့တဲ့ ဖန်ခွက်ထဲကို သဘာဝ အကျဆုံးနည်းလမ်းနဲ့ ဖြည်းဖြည်း ပြန်ဖြည့်ပေးခဲ့တယ်။ ဘယ်သူမှ ဘာဖြစ်သွားတယ်ဆိုတာကို သတိမထားမိလိုက်ပေမဲ့ အမျိုးသမီးကြီးကတော့ သူ့နှလုံးသားဆန္ဒကို အဗ္ဗဒွလ်ဘာဟာအရှင်မြတ်က ဖြေကြားလိုက်တယ်လို့ သိသွားခဲ့တယ်။ သူကတော့ အပျော်တွေနဲ့ ပြည့်သွားတော့တာပေါ့။ ကြီးမားသော မေတ္တာတရား၊ အကြင်နာတရားတွေနဲ့ ဖတ်ကြားလေ့ရှိတဲ့ အဗ္ဗဒွလ်ဘာဟာအရှင်မြတ် အတွက် စိတ်ထားတွေနဲ့ နှလုံးသားတွေက ပွင့်နေတဲ့ စာအုပ်တွေလိုပဲဆိုတာကို အခု သူ သဘောပေါက် သွားတော့တယ်။*

## င ။ ကစားနည်း- "မှုဝေခြင်း"

နောက်ထပ် လုပ်ဆောင်ချက်မှာ ကားတာယာတစ်ခုကို မြေကြီးပေါ် ချပါ။ နောက်ပြီး အဲဒီအပေါ်ကို တစ်ချိန်တည်းမှာ ကလေးတွေ ဘယ်နှစ်ယောက် မတ်တပ်ရပ်နိုင်မလဲဆိုတာကို ကြည့်ခိုင်းပါ။ တာယာ မရနိုင်ဘူးဆိုရင် ဖျာ ဒါမှမဟုတ် သဘက်၊ ဒါမှမဟုတ် အလားတူပစ္စည်းတစ်ခုခုကို မြေကြီးပေါ် ချပါ။ ဘာပစ္စည်းပဲ ရွေးထားသည်ဖြစ်စေ သင်တန်းထဲမှာရှိတဲ့ ကလေးဦးရေအတွက် စိန်ခေါ်မှုဖြစ်ဖို့ အရွယ်အစား သေးဖို့ လိုလိမ့်မယ်။

## စ ။ အရောင်ခြယ်ခြင်း- ပုံဆွဲစာရွက် ၁

ကစားနည်းပြီးတဲ့အခါ ကလေးတွေကို အတူတကွစုပြီး တစ်ဦးစီကို အရောင်ခြယ် သင်ခန်းစာ(၁) မိတ္တူကို ပေးပါ။ အဲဒီစာရွက် နောက်ဆုံးမှာ သူတို့အလွတ်ကျက်ရမဲ့ ကောက်နုတ်ချက် ပါတယ်ဆိုတာရယ်၊ အဲစာရွက်မှာပါတဲ့ပုံက ဒီနေ့သင်ခန်းစာရဲ့ အကြောင်းအရာနဲ့ ဘယ်လို ဆက်စပ်တယ်ဆိုတဲ့အကြောင်းကို ကြိုတင်ပြင်ဆင်ထားခဲ့တဲ့အတိုင်း စကားနဲနဲ ပြောပြပါ။

## ဆ ။ အသိမ်းဆုတောင်းများ

သင်တန်းကို ပြီးဆုံးရန် ကလေး နှစ်ယောက် ဒါမှမဟုတ် သုံးယောက်ကို  သူတို့ အလွတ်ရသည့် ဆုတောင်း ဒါမှမဟုတ် ကောက်နုတ်ချက်ကို အလွတ်ရွတ်ဆိုခိုင်းနိုင်သည်။ ထို့နောက် သင်က အသိမ်း ဆုတောင်းဖတ်နိုင်ပါသည်။

# သင်ခန်းစာ (၂),

## က ။ ဆုတောင်းပတ္ထနာများ ရွတ်ဖတ်ခြင်းနှင့် အလွတ်ကျက်မှတ်ခြင်း

ဤသင်တန်းနှင့် နောက်သင်တန်းချိန် နှစ်ခုကို သင်ခန်းစာ ၁ အစတွင် သင် ရွတ်ဖတ်ခဲ့သည့် ဆုတောင်းပတ္ထနာဖြင့် ဖွင့်ရန် အကြံပြုပါသည်။ ထို့နောက် ကြိုတင်ရွေးထားသည့် ကလေးအနည်းကို သူတို့ ရသည့် ဆုတောင်းတစ်ပုဒ်ဖြင့် တစ်ဦးစီကို ဖတ်ခိုင်းနိုင်ပါသည်။ ထို့နောက်တွင် ရှေ့ဘက်သင်ခန်းစာတွင် မိတ်ဆက်ပေးခဲ့သည့် ဆုတောင်းပတ္ထနာကို သူတို့ ဆက်ပြီး အလွတ်ကျက်မှတ်ရန် ကူညီပေးပါ။

## ခ ။ သီချင်းများ

နောက်ထပ် လုပ်ဆောင်ချက်အတွက် ကလေးများက သီချင်းနှစ်ပုဒ်ကို ဆိုနိုင်ပါသည်။ ပြီးခဲ့သည့် သင်ခန်းစာမှ တစ်ပုဒ်ဖြစ်ပြီး အောက်တွင် ပေးထားသည့် ဤအသစ်တစ်ပုဒ်မှာ တရားမျှနှင့်ဆိုင်သည်။ ၎င်းမှာ ဤသင်ခန်းစာ၏ အဓိကအကြောင်းအရာလည်း ဖြစ်သည်။

### မြင့်မြတ်သည့် လမ်း

D
တရားမျှတမှုဟာလေ

A D
တောက်ပတဲ့ရက်ရောက်စေ

G D
လူတွေဟာ လိုအပ်တဲ့အခါ

A D
တရားမျှတမှုဟာ အလင်းရောင်

D A D
ဝင်းဝင်းလက်လက် ထွန်းပြောင်

D
မွန်မြတ်တဲ့အလုပ်ကြောင့်သာ

A D
ကြားဖူးထားပါသလား

G D
အဗ္ဗဒွလ်ဘဟာ

A D
ရှိသမျှပေးခဲ့တာ

D A D
နည်းနည်းနဲ့ တင်းတိမ်တတ်

D
ရိုးရှင်းတဲ့ဘဝနေခဲ့

A D
အများအတွက် အားတက်စရာ

G D
တရားမျှတမှုဟာဆို

A D
မျှတတာထက်ပို

D A D
လူတွေဟာ လိုအပ်တဲ့အခါ

*(ပထမပိုဒ် ပြန်ဆိုပါ၊ နောက်ဆုံးစာကြောင်း နှစ်ခါပြန်ဆိုပါ)*

## ၈ ။ ကောက်နုတ်ချက်များ အလွတ်ကျက်မှတ်ခြင်း

သီချင်းနှစ်ပုဒ်ပြီးသည့်နောက်တွင် ဘဟာအွလ္လာဘုရားရှင့် ကျမ်းဓမ္မခန်များထဲမှ ကောက်နုတ်ချက် တစ်ခုကို ကလေးများ အလွတ်ကျက်မှတ်ဖို့ သင်က အားပေးရလိမ့်မည်။ ဤနေရာတွင် သင်ခန်းစာ၏ အဓိကအကြောင်းအရာနှင့် အကြံပြုထားသည့် ကောက်နုတ်ချက်ကို ချပြရန် သင့်အတွက် အယူအဆအချို့ကို ပေးထားသည်-

> ဘုရားသခင်က တရားမျှတမှုကို ချစ်မြတ်နိုးတယ်။ တရားမျှတမှုရှိတဲ့အခါ လူတိုင်းက ဘဝမှာ ကောင်းတဲ့အရာတွေကို နှစ်သက်ခံစားကြရတယ်။ ကလေးတိုင်းက ကျောင်းကို သွားနိုင်တယ်။ မိသားစုတိုင်းမှာ သက်တောင့်သက်သာဖြစ်တဲ့ အိမ်တစ်လုံးစီရှိတယ်။ နောက်ပြီး ဘုရားရှင်ထံက ပေးသနားမှုတွေ ရရှိထားသူတွေက အခြားသူတွေရဲ့ ကောင်းကျိုးအတွက် ပိုပြီး ဝမ်းပမ်းတသာ ပေးလာကြတယ်။ မိမိတို့က အခြားသူများအပေါ် တန်းတူညီမျှနဲ့ မျှမျှတတ ဆက်ဆံတဲ့အခါ ဘုရားရှင်က သဘောကျနှစ်သက်တယ်။ တစ်ယောက်ယောက်မှာ မတရားဆက်ဆံခံရတာကို မိမိတို့ မြင်ရတဲ့အခါ သူတို့အတွက် ရပ်တည်ပေးပြီး ကူညီသင့်တယ်။ ကိုယ့်သူငယ်ချင်းတွေ၊ အိမ်နီးချင်းတွေ ဆီကနေ သူတို့ပိုင်တဲ့ဟာတွေကို ဒို့တွေက မယူသင့်ကြဘူး။ တစ်ခုခုကို ဝေမျှပေးရတော့မယ်ဆိုရင် ဘယ်သူမှ ကျန်မနေအောင် အသေအချာလုပ်ထားပြီး လူတိုင်းက မျှမျှတတရှိတဲ့ ဝေစုကို

ရရှိရလိမ့်မယ်။ မျှမျှတတရှိဖို့အတွက် ဒီ့တွေကို ကူညီပေးနိုင်အောင် ဘဟာအွလ္လာဘုရားရှင်ရဲ့ ဤကောက်နုတ်ချက်ကို အလွတ်ကျက်မှတ်ကြပါစို့-

**"တရားမျှတမှုလမ်းတွင် လျှောက်လှမ်းလော့။ ဤလမ်းကား အမှန်တကယ် ဖြောင့်တန်းသော လမ်းပေတည်း။"**[၁၀၀]

ကလေးတွေက အထက်ပါ ကောက်နုတ်ချက်ကို စတင် အလွတ်မကျက်ခင် သူတို့တွင် ၎င်းနှင့် ပတ်သက်၍ အခြေခံနားလည်မှုရှိထားအောင် သေချာစေဖို့ အရေးကြီးလိမ့်မည်။ သူတို့အတွက် အသစ်အဆန်း ဖြစ်သည့် စကားလုံးများကို ရှင်းပြရာတွင် သင့်အား ကူညီပေးရန် အောက်တွင် စာကြောင်းအနည်း ပေးထားသည်။

*လျှောက်လှမ်းသည်*

၁။ သစ်တောထဲက သစ်ပင်တွေမှ သစ်ရွက်တွေ ကြွေကျနေပြီး လမ်းကို ဖုံးသွားတယ်။ ဖူမီကိုက သစ်တောကိုဖြတ်ပြီး လမ်းလျှောက်သွားတယ်။ သူ(မ)သည် သစ်ရွက်များ ဖုံးအုပ်နေတဲ့ လမ်းကို လျှောက်လှမ်းတယ်။

၂။ ပက်ဒရိုက သူ့သူငယ်ချင်းတွေအားလုံး ပျော်ပျော်ရွှင်ရွှင်နဲ့ အတူတူကစားဖြစ်အောင် ကူညီပေးရတာကို သဘောကျတယ်။ ပက်ဒရိုနဲ့ သူ့သူငယ်ချင်းတွေက အတော်စည်းလုံးကြတာ။ ပက်ဒရိုဟာ စည်းလုံး ညီညွတ်တဲ့ လမ်းကို လျှောက်လှမ်းတာပေါ့။

*လမ်း*

၁။ လူးအိ(စ်)မှာ မြည်းတစ်ကောင် ရှိတယ်။ သူက မြည်းကျောင်းဖို့ စားကျက်ကွင်း မြက်ခင်းပြင်သို့ ခေါ်လာခဲ့ပြီး တစ်ကောင်တည်းထားခဲ့တယ်။ မြည်းက အိမ်အပြန်လမ်းကို သူ့ဟာသူ တွေ့သွားခဲ့တယ်။

၂။ ကျောင်းကို သွားလို့ရတဲ့ လမ်းနှစ်ခုရှိတယ်။ မီလင်းက သူ့အဖွား အိမ်ဘက်က သွားရတဲ့ လမ်းကို သဘောကျပြီး အမြဲရွေးချယ်တယ်။

*တရားမျှတမှု*

၁။ စာသင်ခန်းထဲမှာ ခွဲဝေပေးဖို့ ရောင်စုံခဲတံတွေကို ကားလို့စ်အား ပေးလိုက်တယ်။ ရောင်စုံခဲတံ ၁၀ ချောင်းရှိပြီး ကလေး ငါးယောက်ရှိတယ်။ ကားလို့စ်က တစ်ယောက်ကို ရောင်စုံခဲတံ နှစ်ချောင်းစီ ပေးလိုက်တယ်။ ဒါ့ကြောင့် ကားလို့စ်ဟာ ရောင်စုံခဲတံတွေကို ခွဲဝေပေးရာမှာ တရားမျှတမှုရှိတယ်။

၂။ အန်နာရဲ့ ခြံဝင်းထဲက ရေတွင်းမှာ ရေတွေ အများကြီးရှိတယ်။ ဒါပေမဲ့ တစ်ခါတလေတော့ သူ့ အိမ်နီးချင်းရဲ့ ရေတွင်းမှာ ရေတွေခန်းသွားတယ်။ အန်နာက သူ့အိမ်နီးချင်းကို စိတ်မဆင်းရဲစေချင် တာကြောင့် ရေလာခပ်ဖို့ အမြဲပဲ လှိုက်လှိုက်လှဲလှဲ ဖိတ်ခေါ်တယ်။ အန်နာဟာ တရားမျှတမှုကို ချစ်မြတ်နိုးတယ်။

## ဃ ။ ဖြစ်ရပ်မှန်

ကလေးများက ကောက်နုတ်ချက်ကို အလွတ်ဆိုဖို့ သင်ယူပြီးနောက် သင့်အနေဖြင့် အဗ္ဗဒွလ်ဘဟာ အရှင်မြတ်က ဘယ်လိုတရားမျှတမှုရှိတယ်ဆိုတဲ့ အောက်ပါ ဖြစ်ရပ်ကို သူတို့အား ပြောပြနိုင်ပါတယ်။

*တစ်နေ့မှာ အဗ္ဗဒွလ်ဘဟာအရှင်မြတ်က အက္ကာမြို့ကနေ ဟိုက်ဖာကို ခရီးသွားခဲ့တယ်။ အရှင်က လူတွေပြည့်ကျပ်နေတဲ့ ပုံမှန်ရထားလုံး(မြင်းလှည်း)မှာ စျေးမကြီးတဲ့ ထိုင်ခုံနေရာကို ဝယ်ခဲ့တယ်။ မြင်းလှည်းဆရာလဲ အံ့ဩသွားပြီး ဘာ့ကြောင့် အဗ္ဗဒွလ်ဘဟာအရှင်က ဒီတန်ဖိုး သက်သာတဲ့ မြင်းလှည်းကို စီးတာလဲလို့ ကိုယ့်ကိုယ်ကို ပြန်မေးမိလိုက်တယ်။ "အို အရှင်သူမြတ် သီးသန့်မြင်းလှည်း တစ်စီးနဲ့ သွားချင်မှာပါ"လို့ သူက ပြောလိုက်တော့ "မသွားချင်ပါ"လို့ မာစတာက ပြန်ပြောလိုက်ပြီး ဟိုက်ဖာအထိ ပုံမှန်မြင်းလှည်းနဲ့ပဲ သွားခဲ့တာ။ ဟိုက်ဖာ ရောက်လို့ မြင်းလှည်းပေါ်က ဆင်းလိုက်တော့ ဝမ်းနည်းနေတဲ့ တံငါသည် အမျိုးသမီးတစ်ယောက်က အရှင့်ထံ လာပြီး အကူအညီတောင်းလာတယ်။ သူဟာ တစ်နေ့လုံး ငါးတစ်ကောင်မှ မရခဲ့တာကြောင့် ဗိုက်ဆာဆာနဲ့စောင့်နေတဲ့ သူ့မိသားစုဆီ ပြန်ရတော့မှာ။ အဗ္ဗဒွလ်ဘဟာအရှင်မြတ်က သူ(မ)ကို အထိုက်အလျောက် ငွေပမာဏကို ပေးပြီး တဲ့နောက် အရှင်က ရထားလုံး(မြင်းလှည်း)ဆရာဘက်ကိုလှည့်ပြီး "လူအများ စားရမဲ့သောက်ရမဲ့ ဖြစ်နေတဲ့အချိန်မှာ ငါဟာ ဇိမ်နဲ့စီးသွားသင့်ပါသလားကွယ်"ဟု ပြောခဲ့ပါတယ်။*

## င ။ ကစားနည်း- "ရေဆာတယ်"

ဖြစ်ရပ်မှန်ကို ပြောပြီးချိန်နောက်တွင် ကလေးတွေက ကစားနည်းကစားကြဖို့ စိတ်အားသန် နေလိမ့်မယ်။ ကလေးတွေရဲ့ တံတောင်ဆစ်တွေကို မကွေးနိုင်အောင် သူတို့ရဲ့ လက်မောင်းတွေကို တုတ်ချောင်းတွေနဲ့ ပူးပြီးချည်ပေးပါ။ အဲဒီနောက် ကလေးတွေဟာ သဲကန္တာရထဲမှာ လမ်းလျှောက်နေပြီး ရေ အလွန့်အလွန် ဆာနေတဲ့ပုံစံ လုပ်ကြရမယ်။ သူတို့ရှေ့မှာ ချပေးထားတဲ့ ခွက်တွေထဲက ရေကို တွေ့သွား ကြတဲ့အခါ သူတို့က ရေသောက်ရမဲ့နည်းကို ရှာဖွေကြရလိမ့်မယ်။ သောက်လို့ရမဲ့ နည်းလမ်းကတော့ တစ်ယောက်နဲ့တစ်ယောက် ကူညီပေးမှရမယ်ဆိုတဲ့ နည်းဆိုတာကို သူတို့ တွေ့သွားကြလိမ့်မယ်။ အဲဒီအချိန်မှာပဲ တစ်ယောက်ကိုတစ်ယောက် ရေစိုမသွားဖို့ကိုလည်း သတိထားပါလိမ့်မယ်။

## စ ။ အရောင်ခြယ်ခြင်း- ပုံဆွဲစာရွက် ၂

နောက်ထပ်လုပ်ဆောင်ချက်အနေနဲ့ အရောင်ခြယ်ဖို့ ကလေးတစ်ဦးစီကို ပုံဆွဲစာရွက် ၂ ကို ပေးပါ။ သူတို့ အလွတ်ကျက်မှတ်ခဲ့တဲ့ ကောက်နုတ်ချက်က အဲဒီစာရွက်ရဲ့ အောက်ခြေမှာ ရှိတယ်ဆိုတာ သူတို့ကို သတိပေးပြီး အဲဒီပုံက ၎င်းသင်ခန်းစာရဲ့ အကြောင်းအရာနဲ့ ဘယ်လိုဆက်စပ်နေတယ်ဆိုကို စကားနဲ့နဲ ပြောပြဖို့လည်း ကြိုတင်ပြင်ဆင်ထားသင့်တယ်။

## ဆ ။ အသိမ်းဆုတောင်းများ

ကလေးတွေ အရောင်ခြယ်ပြီးတဲ့နောက် ဒီသင်ခန်းစာနဲ့ ရှေ့ဘက်သင်ခန်းစာက သူတို့ အလွတ် ကျက်မှတ်ခဲ့တဲ့ ဆုတောင်း ဒါမှမဟုတ် ကောက်နုတ်ချက်ကို ဖတ်ဖို့ သူတို့ထဲက အနည်းငယ်ကို ဖိတ်ခေါ် နိုင်ပါတယ်။

# သင်ခန်းစာ (၃)

## က ။ ဆုတောင်းပတ္တနာများ ရွတ်ဖတ်ခြင်းနှင့် အလွတ်ကျက်မှတ်ခြင်း

သင်တန်းကို ဖွင့်ရန်အတွက် အလွတ်ရသည့် ဆုတောင်းတစ်ပုဒ်ဖတ်ပြီး ကြိုတင်ပြီး ရွေးထားသည့် ကလေးအနည်းငယ်ကိုလည်း တစ်ပုဒ်စီဖတ်ခိုင်းနိုင်ပါသည်။ ထို့နောက် သင်ခန်းစာ ၁ တွင် သူတို့ စတင်သင်ယူခဲ့သည့် ဆုတောင်းကိုလည်း သင့်ကျောင်းသားများနှင့် ပြန်နွှေးဖို့ အချိန်ယူနိုင်ပါသည်။

## ခ ။ သီချင်းများ

ယခင်နှစ်ခန်းတွင် သူတို့ သင်ယူထားသည့် သီချင်းနှစ်ပုဒ်ကို သီဆိုခြင်းဖြင့် ဤလုပ်ဆောင်ချက်ကို စတင်ပါ။ ထို့နောက် အောက်ပါသီချင်းကို သင်ပေးပါ။ ထိုသီချင်းက သင်ခန်းစာ၏ အဓိကအကြောင်းအရာ ဖြစ်သည့် ချစ်ခြင်းမေတ္တာ ဆိုသည့် အနှစ်သာရနှင့် ဆက်နွယ်သည်။

### ချစ် ချစ် ချစ်

C F
ချစ် ချစ် ချစ် ချစ်

G C
အားလုံးကို ချစ်

C F
ချစ် ချစ် ချစ် ချစ်

D7 G
ကမ္ဘာအစကတည်းက ချစ်

C F
ဘုရားသခင်ဖန်ဆင်းသည်ကို ချစ်

C G
ဒါ့ကြောင့် ဒို့အားလုံးလည်း

C F
ချစ် ချစ် အရှင်နဲ့

G C
ဖန်ဆင်းသမျှကို ချစ်

**Love, love, love the**
**Everlasting good**
**Love, love, love the**
**Seed of brotherhood**
**Love all creation**
**For He created thee to**
**Love, love, love Him**
**And humanity**

**Love God's creatures**
**Be they near or far**
**See each human**
**As a shining star**
**Love all creation**
**For He created thee to**
**Love, love, love Him**
**And humanity**

## ဂ ။ ကောက်နုတ်ချက်များ အလွတ်ကျက်မှတ်ခြင်း

အလွတ်ကျက်ရမည့် ကောက်နုတ်ချက်ကို ချပြရန်အတွက် သင်ခန်းစာ၏ အဓိကအကြောင်းအရာနှင့် ဆက်နွယ်သော အောက်ပါအယူအဆများကို သင့်ကျောင်းသားများအား မျှဝေပေးနိုင်သည်။

ဘုရားသခင်ရဲ့ ချစ်ခြင်းမေတ္တာက လူ့လောကအပေါ်မှာ နေရဲ့ ရောင်ခြည်တွေလိုပဲ ထွန်းလင်းတောက်ပပေးတယ်။ နေရဲ့ ရောင်ခြည်တွေက ခြောက်သွေ့နေတဲ့ သဲကန္တာရတွေနဲ့ စိမ်းစိုတဲ့ ဥယျာဉ်တွေ အပေါ်မှာလဲ ကျရောက်တယ်။ သူ့ရဲ့ အနွေးဓာတ်ကြောင့်မို့ မြေဩဇာကောင်းတဲ့ မြေကြီးမှာ စိုက်လိုက်တဲ့ မျိုးစေ့တွေဟာ အပင်ပေါက်လာပြီးတော့ တန်ဖိုးရှိတဲ့ အသီးတွေ သီးလာကြတာ။ တကယ်လို့ ဘုရားရှင်ရဲ့ ချစ်ခြင်းမေတ္တာမျိုးစေ့တွေကို ဒို့တွေရဲ့ သန့်စင်တဲ့နှလုံးသားမြေတွေမှာ စိုက်ပျိုးလိုက်မယ်ဆိုရင် ဘုရားရှင်ရဲ့ ချစ်ခြင်းမေတ္တာနဲ့ ဂရုစိုက်တဲ့ အနွေးဓာတ်အောက်မှာ အဲဒါတွေက ရှင်သန်ကြီးထွားပြီး အသီးအပွင့် ဝေဆာလာလိမ့်မယ်။ အဲဒါဆိုရင် ဒို့တွေရဲ့ ချစ်ခြင်းမေတ္တာက ပျံ့နှံ့သွားပြီး လူတိုင်းကို မေတ္တာပြသကြလိမ့်မယ်။ ဒို့တွေအပေါ် ကြင်ကြင်နာနာမရှိတဲ့လူတွေကိုတောင်မှ မေတ္တာပြလာနိုင်လိမ့်မယ်။ လူသားအားလုံးကို ချစ်မြတ်နိုးရာမှာ ဒို့တွေအတွက် အထောက်အကူဖြစ်စေဖို့ ဘဟာအွလ္လာဘုရားရှင်ရဲ့ ဒီကောက်နုတ်ချက်ကို အလွတ်ကျက်မှတ်ကြပါစို့-

**"အို အဆွေ အသင့်စိတ်နှလုံး၏ ဥယျာဉ်တွင် မေတ္တာနှင်းဆီမှတပါး အခြားမည်သည့်အရာ ကိုမျှ မစိုက်ပျိုးလေနှင့် . . . ။"**[၁၁၁]

ဤကောက်နုတ်ချက်၌ သင်သည် "မှတပါး" ဆိုသည့် စကားလုံး တစ်လုံးထဲကိုသာ ရှင်းပြရန် လိုအပ်နိုင်သည်။ ၎င်း၏ အဓိပ္ပာယ်မှာ "ဒီဟာကလွဲ၍" ဟု အဓိပ္ပာယ်ရပါသည်။

၁ ။ ဒီနီအိုက နေနဲ့ ပန်းပွင့်တွေအကြောင်း သီချင်းဆိုရတာကို ချစ်နှစ်သက်တယ်။ ကျန်တဲ့ ဘယ်အကြောင်းကိုမှ မဆိုဘူး။ ဒီနီအိုက နေရောင်နဲ့ ပန်းတွေအကြောင်းကလွဲလို့ ဘာကိုမှ မဆိုဘူး။

၂ ။ တဂျန်းက မြစ်ထဲတွင် ရေသွားကူးချင်တာ။ ဒါပေမဲ့ အိမ်အလုပ်တွေက မပြီးသေးဘူး။ သူ့ရဲ့အလုပ်တွေ မပြီးမချင်း သွားလို့မရဘူးလို့ သူ့အဖေက ပြောထားတယ်။ ဒါကြောင့်မို့ တဂျန်းက စိတ်ပျက်သွားတယ်။ အဲဒီမှာ သူ့အဘွားက "လူလေး မင်းအဖေရဲ့စကားကို နားထောင်တာကလွဲလို့ မင်းရဲ့အစီအစဉ်တွေ ဘာမှ ဖြစ်လာမှာမဟုတ်ဘူး - ငါ့မြေး"လို့ ရှင်းပြလိုက်တယ်။

## ဃ ။ ဖြစ်ရပ်မှန်

အလွတ်ကျက်မှတ်တဲ့အချိန် ပြီးသည့်နောက်တွင် သင့်ကျောင်းသားများအား အောက်ပါ ဖြစ်ရပ်ကို ပြောပြနိုင်သည်။

အင်္ဂါအကျဉ်းထောင်ထောင်မြို့ထဲ အဗ္ဗဒွလ်ဘဟာအရှင်မြတ် နေစဉ်အခါက အဲဒီမြို့မှာ အရှင့်ကို ဆိုးဆိုးရွားရွား ပြုမူဆက်ဆံတတ်တဲ့ လူတစ်ယောက်ရှိတယ်။ သူက အဗ္ဗဒွလ်ဘဟာအရှင်မြတ်ဟာ လူကောင်းတစ်ယောက်မဟုတ်ဘူးလို့ ထင်ထားတယ်။ နောက်ပြီး ဘဟာအီတွေကို ဘယ်လောက် ဆိုးဆိုးရွားရွား ဆက်ဆံဆက်ဆံ ဘုရားသခင်က လျစ်လျူရှုထားတယ်လို့လည်း ထင်ထားတယ်။ တကယ်ဆိုရင် ဘဟာအီတွေအပေါ် မုန်းတီးမှုပြတာက ထာဝရဘုရားရှင်အပေါ် ချစ်မြတ်နိုးတာကို ပြနေတာလို့ သူက ယုံကြည်ထားတယ်။ သူက အဗ္ဗဒွလ်ဘဟာအရှင်မြတ်အပေါ် တအားကို မုန်းတီး နေတာ။ သူ့စိတ်ထဲမှာ တည်ထားပြီး တဖြည်းဖြည်း ကြီးထွားလာတဲ့ ဒီမုန်းတီးမှုက တစ်ခါတစ်ခါ ရေအိုးကွဲထဲက ရေတွေ ဒလဟောထွက်ကျလာသလိုပဲ လျှံကျလာတတ်တယ်။ ဗလီထဲမှာ နမတ်စ် ဖတ်ဖို့ လူတွေလာတဲ့အခါ ဒီလူက အဗ္ဗဒွလ်ဘဟာအရှင်မြတ်အကြောင်း အသံကုန်ပြောပြီး အရှင်နဲ့ပတ်သက်လို့ ကြောက်စရာကောင်းလောက်အောင် ပြောတော့တာပဲ။ လမ်းပေါ်မှာ အဗ္ဗဒွလ်ဘဟာအရှင်မြတ်ကို တွေ့ရင် အရှင့်ကို မြင်ရအောင် သူ့မျက်နှာကို သူ့ဝတ်ရုံ အစနဲ့ အုပ်ထားတယ်။

အခုတော့ ဒီလူဟာ ဆင်းဆင်းရဲရဲ ဖြစ်လာပြီး စားစရာလည်း အလုံအလောက်မရှိသလို နွေးနွေး ထွေးထွေးဖြစ်အောင် ဝတ်စရာလည်း မရှိဘူး။ အဗ္ဗဒွလ်ဘဟာအရှင်မြတ်က ဘာလုပ်ခဲ့တယ်လို့ မင်းတို့ ထင်ပါလဲ။ အရှင်က သူ့အပေါ် ကြင်နာမှုကို ပြခဲ့တယ်၊ သူ့အတွက် စားစရာနဲ့ အဝတ်အစားတွေ ပေးခဲ့တယ်။ သူ့ကို ဂရုစိုက်ပေးဖို့ သေချာအောင် လုပ်ပေးခဲ့တာ။ ဥပမာ တစ်ကြိမ်မှာ ဒီလူ အတော်နေမကောင်းဖြစ်တော့ အဗ္ဗဒွလ်ဘဟာအရှင်မြတ်က သူ့ဆီ ဆရာဝန်လွှတ်ပေးခဲ့တယ်။ ဆေးဖိုးနဲ့ အစားအသောက်တွေလည်း စီစဉ်ပေးခဲ့သလို ငွေအချို့ကိုပင် ပေးခဲ့တယ်။ သူက အဗ္ဗဒွလ်ဘဟာအရှင်မြတ်ပေးတဲ့ လက်ဆောင်တွေကို လက်ခံခဲ့တယ်။ ဒါပေမဲ့ အရှင့်ကိုတော့ ကျေးဇူးမတင်ဘူး။ တကယ်လည်း ဒီလူက သူ့ကို သွေးပေါင်ချိန်ဖို့ ဆရာဝန်ကို လက်တစ်ဘက် ပေးထားရင်း ကျန်လက်တစ်ဘက်က အရှင့်မျက်နှာကို မမြင်ရအောင် သူ့မျက်နှာကို အုပ်ထားတယ်။ ဒီလိုနဲ့ နှစ်တွေ အတော်ကြာသွားခဲ့တယ်။ ဒါနဲ့ တစ်နေ့မှာ သူ့နှလုံးသားဟာ နောက်ဆုံး လုံးလုံး ပြောင်းသွားခဲ့တာ။ သူဟာ အဗ္ဗဒွလ်ဘဟာအရှင်မြတ် အိမ်ကိုလာပြီး အရှင့်ခြေတော်ရင်းမှာ ဦးခိုက်ရင်း လေးလံနေတဲ့ နှလုံးသားနဲ့ အမြွာမြစ်နှစ်သွယ်ကနေ စီးကျလာတဲ့ ရေတွေလိုပဲ မျက်ရည်တွေက သူ့မျက်နှာပေါ်မှာ ဖြိုင်ဖြိုင်ကျလာတော့တယ်။ ဒီအချိန်မှာ သူက “အရှင် ကျွန်တော်မျိုးကို ခွင့်လွှတ်တော်မူပါ။ ကျွန်တော်မျိုးက နှစ်ဆယ့်လေးနှစ်လုံးလုံး အရှင့်အပေါ် မကောင်းတာတွေ လုပ်ခဲ့ပါတယ်။ အရှင်ကတော့ ဒီနှစ်ဆယ့်လေးနှစ်လုံးမှာ ကျွန်တော်မျိုးအတွက် ကောင်းတာတွေကိုပဲ လုပ်ပေးခဲ့ပါတယ်။ ကျွန်တော်မျိုး မှားခဲ့တယ်ဆိုတာကို သိပါပြီ။ ကျွန်တော်မျိုးကို ခွင့်လွှတ်ပေးတော် မူပါ။” ဒီလိုနဲ့ အဗ္ဗဒွလ်ဘဟာအရှင်မြတ်ရဲ့ ကြီးမားတဲ့ ချစ်ခြင်းမေတ္တာက မုန်းတီးမှုအပေါ် အောင်နိုင်ခဲ့ ပါတော့တယ်။

## ၎ ။ ကစားနည်း- "တံတား"

နောက်ထပ်လုပ်ဆောင်ချက်အတွက် မြေပြင်ပေါ်မှာ လိုင်း(မျဉ်း)ကြောင်းတစ်ခု လုပ်နိုင်ဖို့ ခုံရှည်တွေ၊ ပျဉ်ပြားတွေ၊ အုတ်တွေ ဒါမှမဟုတ် ကြွေပြားတွေကို အသုံးပြုနိုင်ပါတယ်။ ဒါက "တံတား" ဖြစ်ပါတယ်။ ကလေးတွေကို အုပ်စုနှစ်ခုခွဲလိုက်ပြီး ဒီနှစ်ဖွဲ့လုံးက ဘယ်သူ့ကိုမှ တံတားအောက်ကို မကျစေဘဲ တစ်ဘက်စီကနေ တစ်ချိန်တည်းမှာ ဒီတံတားကို ဖြတ်လျှောက်ကြရမယ်လို့ ပြောထားပါ။ သူတို့က ဒီတံတားပေါ်မှာ တစ်ယောက်နဲ့တစ်ယောက် နေရာပြောင်းနိုင်အောင် ကူညီပေးပြီး တစ်ယောက်ပြီးမှ တစ်ယောက် ဖြတ်လျှောက်ရင် အောင်မြင်နိုင်တယ်ဆိုတာကို တွေ့သွားကြလိမ့်မယ်။

သူတို့ကို ကူညီပေးနိုင်ဖို့ ကလေးတွေ စတင်မဲ့နေရာတွေကို ညင်ညင်သာသာနဲ့ လမ်းပြပေးပြီး နောက်အဆင့်တွေကို ကျော်ဖြတ်နိုင်အောင် ကူညီပေးနိုင်ပါတယ်။ ကလေးငယ်အားလုံးကို တံတားပေါ် တစ်ခါတည်း အတူတူထားလိုက်မဲ့အစား တစ်ကြိမ်မှာ ကလေးနဲနဲနဲ့ ဥပမာ နှစ်ယောက်လောက်နဲ့ လေ့ကျင့်နိုင်ပါတယ်။ အကြိမ်များများ သရုပ်ပြပြီးတဲ့အခါ ကလေးတိုင်း ပါဝင်ပြီး လုပ်တဲ့အထိရောက်အောင် တံတားပေါ်မှာ တက်တဲ့ကလေးဦးရေကို တိုးသွားနိုင်ပါတယ်။

## စ ။ အရောင်ခြယ်ခြင်း- ပုံဆွဲစာရွက် ၃

ကစားနည်းနောက်တွင် နောက်ဆုံးလုပ်ဆောင်ချက်အတွက် အရောင်ခြယ်ဖို့ ပုံဆွဲစာရွက် ၃ ကို ကလေးတစ်ဦးစီအား ပေးနိုင်ပါတယ်။ ထိုပုံက သင်ခန်းစာရဲ့ အဓိကအကြောင်းအရာနဲ့ ဘယ်လို ဆက်နွယ်တဲ့ အကြောင်းကို စကားနဲနဲပြောပြဖို့ သတိရပါ။

## ဆ ။ အသိမ်းဆုတောင်းများ

ဤအတန်းကို အပြီးသတ်ရန် ကလေးများကို ငြိမ်ငြိမ်ထိုင်ကြဖို့ တိုက်တွန်းအားပေးပါ။ ထိုအချိန်မှာ ကလေး နှစ်ယောက်သုံးယောက်က သူတို့အလွတ်ကျက်မှတ်ထားတဲ့ ဆုတောင်းတစ်ပုဒ် ဒါမှမဟုတ် ကောက်နုတ်ချက်တစ်ခုကို ရွတ်ဖတ်ကြရမယ်။ အဲဒီနောက်မှာ သင် ဒါမှမဟုတ် ကလေးတစ်ဦးဦးက အသိမ်းဆုတောင်းကို။ ဖတ်နိုင်ပါတယ်။

# သင်ခန်းစာ (၄)

## က ။ ဆုတောင်းပတ္ထနာများ ရွတ်ဖတ်ခြင်းနှင့် အလွတ်ကျက်မှတ်ခြင်း

ဆုတောင်းပတ္ထနာများဖြင့်ဖွင့်ပြီးနောက် ပြီးခဲ့သည့် သင်ခန်းစာအနည်းငယ်တစ်လျှောက် သူတို့ အလွတ်ကျက်မှတ်လာသည့် ဆုတောင်းပတ္ထနာကို သင့်ကျောင်းသားများနှင့် ပြန်၍ နွှေးပါ။

## ခ ။ သီချင်းများ

နောက်ထပ်လုပ်ဆောင်ချက်အတွက် အမှန်ပြောဆိုခြင်းဆိုသည့် အကြောင်းအရာနှင့်ဆိုင်သည့် ဤသီချင်းအသစ်တစ်ပုဒ်ကို မသင်ပေးမီ ပြီးခဲ့သည့်သင်ခန်းစာများတွင် သူတို့ သင်ယူခဲ့သည့် သီချင်းများကို ဆိုကြပါစေ-

## အမှန် ပြောစကား

G D
A mirror that's covered up in dust
A D
Cannot reflect the sun's bright light
G D
A bird with wings all full of mud
A D D7
Is unable to take flight

Chorus:

G D
When all of our words are truthful
A D D7
Our souls are able to progress
G D
The foundation of all human virtues
A D
We know is truthfulness

Chorus

A ship cannot catch the wind
If it is using a torn sail
Eyes can't see the path ahead
If they are covered up in veils

Chorus (with last line repeated)

## ၈ ။ ကောက်နုတ်ချက်များ အလွတ်ကျက်မှတ်ခြင်း

သင်ခန်းစာ၏ အဓိကအကြောင်းအရာနှင့် အလွတ်ကျက်မှတ်ရမည့် ကောက်နုတ်ချက်တို့ကို ဤနည်းအတိုင်း ချပြဖို့ အကြံပြုပါသည်။

အမှန်ပြောဆိုခြင်းဆိုတာ လူတိုင်းမှာရှိထားရမဲ့ အရေးအကြီးဆုံး ဝိညာဏအရည်အသွေးတွေထဲက တစ်ခုပါ။ ဘယ်သူမှ သိနိုင်မှာမဟုတ်ဘူးဆိုရင်တောင်မှ အသေးဆုံး လိမ်ညာမှုကိုပင် ဘယ်တော့မှ မပြောသင့်ဘူး။ လူတွေက အမှန်ပြောရမှာ ကြောက်ကြတော့ တစ်ခါတစ်ခါ လိမ်ပြောကြတယ်။ ဒါပေမဲ့ ဘုရားသခင်က ဒို့တွေရဲ့ ပြုမူဆောင်ရွက်ချက်တွေကို သိရှိတယ်ဆိုတာရယ်၊ အရှင့်ထံကနေ ဘာကိုမှ ဖုံးကွယ်ထားလို့ မရနိုင်ဘူးဆိုတာတွေကို ဒို့ သိကြတယ်။ ဒို့က အမှန်ကိုမပြောကြဘူးဆိုရင် ဒို့တွေဆီမှာ အခြား အရည်အသွေးတွေဖြစ်တဲ့ တရားမျှတမှု၊ ချစ်ခြင်းမေတ္တာနဲ့ ကြင်နာမှုဆိုတာတွေ ဖွံ့ဖြိုးဖို့ အခက်အခဲရှိလာပြီး ဘုရားရှင်ထံ နီးကပ်သွားဖို့လည်း ခက်ခဲသွားတယ်။ အဗ္ဗဒွလ်ဘဟာအရှင်မြတ်ရဲ့ အောက်ပါ ကောက်နုတ်ချက်ကို အလွတ်ကျက်မှတ်ကြပါစို့-

**"အမှန်ပြောဆိုခြင်းသည် ခပ်သိမ်းသော လူ့ကိုယ်ကျင့်တရားအားလုံးတို့၏ အခြေခံအုတ်မြစ်ပင်ဖြစ်သည်။"**[၁၀၂]

အောက်ပါတို့မှာ အထက်ပါကောက်နုတ်ချက်ထဲတွင် ကလေးများအတွက် အခက်အခဲရှိနိုင်သည့် စကားလုံးများ၏ အဓိပ္ပါယ်ကို ရှင်းပြရာတွင် သင့်အား ကူညီပေးမည့် စာကြောင်းများ ဖြစ်သည်။

*အမှန်ပြောဆိုခြင်း*

၁။ စံဂျေးကြောင့် ဖန်ခွက်တစ်လုံးလွတ်ကျ၍ ကွဲသွားတယ်။ သူ့အမေက ဘာဖြစ်တာလဲလို့ မေးတဲ့အခါ လိမ်ညာမပြောဘဲ၊ အမေ့ကို အမှန်အတိုင်းပြောပြလိုက်တယ်။ လိမ်ညာမပြောဘူး။ စံဂျေးက အမှန်ပြောဆိုမှုကို လက်တွေ့ပြခဲ့တယ်။

၂။ ဂီတာ့ သည် တစ်ညနေခင်းလုံး ကစားနေသဖြင့် အိမ်စာတွေ မပြီးပါ။ နောက်နေ့ အိမ်စာ ပြရမဲ့အချိန် ရောက်တဲ့အခါ အမှန်ကို ပြောလိုက်ရင် ဆရာက သူ့ကို သဘောကျမှာမဟုတ်ဘူး ဆိုတာကို သိလျက်နဲ့ပဲ အမှန်ပြောပြဖို့ ဆုံးဖြတ်လိုက်တယ်။ ဂီတာ့က အမှန်ပြောဆိုတာကို လက်တွေ့ပြလိုက်တယ်။

*အခြေခံအုတ်မြစ်*

၁။ အာလော့ခ် အဖေက အိမ်တစ်လုံးဆောက်နေတယ်။ နံရံတွေကို အုတ်မစီခင် အဲဒီနေရာရဲ့ အောက်ခြေမှာ ကျောက်စရစ်ခဲတွေနဲ့ ဘိလပ်မြေတွေကို ဖျော်ပြီး လောင်းထည့်လိုက်တယ်။ ကျောက်စရစ်ခဲတွေနဲ့ ဘိလပ်မြေတွေက အိမ်ရဲ့ အခြေခံအုတ်မြစ် ဖြစ်လာတယ်။ ဒါက အိမ်ကို တစ်စုတစ်စည်းတည်း ခိုင်ခံ့အောင် လုပ်ပေးတယ်။

၂။ စာဖတ်၊ စာရေး မသင်ယူခင် အက္ခရာတွေနဲ့ အဲဒါတွေရဲ့ အသံထွက်ပုံကို သိထားရလိမ့်မယ်။ အက္ခရာတွေရဲ့ အသံကို သင်ယူတာက စာရေးစာဖတ် သင်ယူဖို့အတွက် အခြေခံအုတ်မြစ်ပါပဲ။

*ကိုယ်ကျင့်တရားများ*

၁။ အော်ရီရာက တရင်းတနှီးရှိပြီး ယဉ်ယဉ်ကျေးကျေးလည်းရှိတယ်။ အကြင်နာတရားလည်း ရှိတယ်။ တရင်းတနှီးရှိတာ၊ ယဉ်ကျေးတာနဲ့ ကြင်နာတာတွေဟာ သူ့မှာရှိတဲ့ ကိုယ်ကျင့်တရားတွေထဲက အချို့ပေါ့။

၂။ မစ္စစ်ပတ်တဲလ်က ကလေးတွေကို တရားမျှတမှု၊ ပေးကမ်းရက်ရောမှု၊ ကျိုးနွံနှိမ့်ချမှုနဲ့ ရိုးသားမှု အကြောင်းတွေကို သင်ပေးတယ်။ ဒါတွေက လူတိုင်း ပိုင်ဆိုင်ထားရမဲ့ အရေးကြီးတဲ့ ကိုယ်ကျင့်တရားတွေထဲက အချို့ပေါ့။

## ဃ။ ဖြစ်ရပ်

နောက်ထပ် လုပ်ဆောင်ချက်အနေနဲ့ အောက်ပါ ဖြစ်ရပ်မှန်ကို သင့်ကျောင်းသားများအား ပြောပြနိုင်သည်။ ၎င်းက သူတို့အား အမှန်ပြောဆိုခြင်းဆိုသည့် အရည်အသွေးအကြောင်း စဉ်းစားရာတွင် ကူညီပေးလိမ့်မည်။

*တစ်ခါတုန်းက အလွန်ဝေးလှတဲ့ ရွာလေးတစ်ရွာမှာ သိုးကျောင်းသားလေးတစ်ယောက် နေထိုင်တယ်။ သူ့အဖေက လယ်ကွင်းတွေထဲ အလုပ်လုပ်ပြီးတော့ သူ့အမေက အိမ်မှု ကိစ္စတွေကို ဆောင်ရွက်ရတယ်။ အဲဒီအချိန်မှာ ဒီသိုးကျောင်းသားလေးက မိသားစုပိုင် သိုးတွေကို ထိန်းကျောင်းရတဲ့တာဝန်ရှိတာပေါ့။ တစ်နေ့မှာတော့ ဒီကောင်လေးက သိုးကျောင်းရင်း ပျင်းလာတာမို့ သူ့နားကလူတွေကို ကျီစယ်နောက်ပြောင်အုံးမယ်လို့ ဆုံးဖြတ်လိုက်တယ်။ ရုတ်တရက်ပဲ သူက "ဝံပုလွေ ဝံပုလွေ.... ဝံပုလွေကြီး သိုးတွေကို စားနေပါပြီ!"လို့ အော်လိုက်တယ်။ သူ့သူငယ်ချင်းတွေက ဝံပုလွေကို ဝိုင်းပြီးမောင်းထုတ်ဖို့ ပြေးလာကြတယ်။ ဒါပေမဲ့ အဲဒီနေရာကို သူတို့ ရောက်တဲ့အခါမှာတော့ အံ့အားသင့်သွားပြီး  ဝံပုလွေကို ဘယ်နေရာမှ မတွေ့ရဘဲ ဒီကောင်လေးက သူတို့ကို ကြည့်ပြီး ရယ်နေတာကိုပဲ တွေ့လိုက်ရတယ်။ သူ့သူငယ်ချင်းတွေက ဒီကောင် တော်တော်ဆိုးတာပဲလို့ ပြောပြီး သူတို့လုပ်ငန်းခွင်ကို ပြန်သွားကြတော့တယ်။*

*နောက်တစ်နေ့မှာ အဲဒီကောင်လေးက သူ့ရဲ့ အရူးဇာတ်လမ်းကို ထပ်ပြီးလုပ်ပြန်တယ်။  "ဝံပုလွေ၊ ဝံပုလွေကြီး၊ လာပြီး ကူညီကြပါအုံး ကူညီကြပါအုံး!" လို့ ထပ်အော်ပြန်တယ်။ အနီးအနားက လူတွေက ထပ်ပြီးကူညီဖို့ ပြေးလာကြပြန်တယ်။ ဒါပေမဲ့ ဒီတစ်ကြိမ်လည်း "ဝံပုလွေက ဒီနားမှာဗျ"လို့ လိမ်ပြောပြီး သူက သူတို့ကို ရယ်မောနေတာကိုပဲ တွေ့ရပြန်တယ်။ တတိယနေ့မှာလည်း သူက "ဝံပုလွေ၊ ဝံပုလွေ၊ ဝံပုလွေကြီး သိုးတွေကို စားနေပါပြီ၊ လာပြီးကူညီကြပါအုံးဗျာ"လို့ လှမ်းအော်ခေါ်ပြန်တယ်။ ဒီအကြိမ်မှာတော့ သူတို့က ဒီကောင်ထပ်ပြီး လိမ်ပြန်ပြီလို့တွေးပြီး ဘယ်သူမှ အလေးမထားတော့ဘူး။ အဲဒီနေ့ကျမှ ဝံပုလွေက သိုးတွေကို တကယ်လာစားတော့တာပဲ! သိုးကျောင်းသားလေးဟာ တကယ် ဝမ်းနည်းသွားတော့တယ်။ ဒါပေမဲ့ သင်ခန်းစာကောင်းတစ်ခုကို သူ ရလိုက်တယ်။ တကယ်လို့ ဒို့တွေ လိမ်ညာပြောတယ်ဆိုရင် ဒို့ မိဘတွေ၊ ညီအစ်ကို၊ မောင်နှမတွေနဲ့ ဒို့ မိတ်ဆွေသူငယ်ချင်းတွေက ဒို့ပြောတာဟာ အမှန်ဆိုရင်တောင်မှ သူတို့က ယုံကြမှာ မဟုတ်တော့ဘူး!*

## င ။ ကစားနည်း- "တယ်လီဖုန်းကို တို့ပါ"

အထက်ပါ ဖြစ်ရပ်ကို ပြောပြီးတဲ့အခါ ကစားနည်းတစ်ခုကို ကလေးတွေ ကစားနိုင်ကြပြီ။ သူတို့ကို မျဉ်းကြောင်းတစ်ခုအပေါ်မှာ ရပ်ဖို့ပြောပါ။ သူတို့အားလုံးကို မျက်နှာမူတဲ့ဘက် တစ်ဘက်တည်းဆီ လှည့်ထားခိုင်းပြီး ထိပ်ဆုံးမှကလေးက နံရံတစ်ချပ် ဒါမှမဟုတ် သစ်ပင်တစ်ပင်ပေါ်မှာ ချိတ်ဆွဲထားတဲ့ စာရွက်အပိုင်းစတစ်ခု ဒါမှမဟုတ် ရနိုင်ပါက ကျောက်သင်ပုန်းတစ်ချပ်ကို ကြည့်နေရမည်။ အဲဒီအပေါ်မှာ ရေးဖို့ သူ့အတွက် ညွှန်ကြားချက် တစ်မျိုးမျိုး လိုလိမ့်မယ်။ ကလေးတွေ များနေပါက မျဉ်းကြောင်းတစ်ကြောင်းထက် ပိုဆွဲထားနိုင်ပါတယ်။

ယခု သင့်လက်ကို အသုံးပြုပြီး နောက်ဆုံးမှာရှိတဲ့ ပထမဆုံးကလေးရဲ့ ကျောပေါ်မှာ တစ်ခုခု ရေးဆွဲပြပါ။ သူက ဒုတိယကလေးရဲ့ကျောပေါ်မှာ အဲဒါကိုပဲ ဆွဲပြပါ။ ဒုတိယကလေးကလည်း တတိယကလေးရဲ့ ကျောပေါ် စသဖြင့် နောက်ဆုံးကလေးကို ရောက်တဲ့အထိ ဆွဲခိုင်းပါ။ အဲဒီနောက်ဆုံးကလေးက စာရွက် ဒါမှမဟုတ် ကျောက်သင်ပုန်းပေါ်မှာ အဲဒါကို ရေးဆွဲပြပါစေ။ အခုဆိုရင် အဲဒီဟာရဲ့ဘေးနားကနေ သင်က ပထမဆုံး ကလေးရဲ့ကျောပေါ်မှာ လက်နဲ့ ဆွဲပြခဲ့တာကို ရေးပြပေးပါ။ သင် ရေးဆွဲပြတာတွေက ရိုးရိုးရှင်းရှင်း ဖြစ်ပါစေ။ ဒါမှ ကလေးအားလုံးက အဲ့အတိုင်း ပြန်ပြီး ရေးပြနိုင်လိမ့်မယ်။

### စ ။ အရောင်ခြယ်ခြင်း- ပုံဆွဲစာရွက် ၄

အရောင်ခြယ်ဖို့ ကလေးတွေအတွက် ပုံဆွဲစာရွက် ၄ ကို ပုံမှန်နည်းအတိုင်း နောက်ထပ် လုပ်ဆောင်ချက်အတွက် ဝေပြီး ပေးနိုင်ပါတယ်။

### ဆ ။ အသိမ်းဆုတောင်းများ

အခါတိုင်းလိုပင် ကောက်နုတ်ချက်များနဲ့ ဆုတောင်းများ ရွတ်ဖတ်တဲ့အချိန်မှာ ငြိမ်ငြိမ်ထိုင်ဖို့ ပြောပြီး ၎င်းတို့ကို ဖတ်၍ သင်တန်းကို သိမ်းနိုင်ပါတယ်။

# သင်ခန်းစာ (၅)

### က ။ ဆုတောင်းပတ္ထနာများ ရွတ်ဖတ်ခြင်းနှင့် အလွတ်ကျက်မှတ်ခြင်း

ဤသင်ခန်းစာနှင့် နောက်သင်ခန်းစာ သုံးခုတွင် သင် အလွတ်ရသည့် နောက်ထပ်ဆုတောင်း တစ်ပုဒ်ကို ရွတ်ဖတ်ပြီး စတင်သင့်သည်။ အခန်း ၆ တွင် အကြံပြုထားသည့် ဆုတောင်းဖြစ်သည်။ ကလေးအနည်းငယ်က အဖွင့်ဆုတောင်း ရွတ်ဖတ်ရာတွင် ပါဝင်ကြပြီးနောက် သူတို့ အလွတ်ကျက်မှတ်ရမည့် အောက်ပါဆုတောင်းကို မိတ်ဆက်ပေးနိုင်သည်။ ဤသင်ခန်းချိန်တွင် သူတို့သည် ထိုဆုတောင်းထဲမှ အနည်းဆုံး အစိတ်အပိုင်းတစ်ခုလောက် ရသွားရန် မျှော်မှန်းထားပြီး သင်ခန်းစာ ၈ ရောက်သည့်အခါ တစ်ပုဒ်လုံးကို သူတို့ အလွတ်ရွတ်ဖတ်နိုင်ကြလိမ့်မည်။

> **“အို အရှင်ထာဝရဘုရား၊ ကျွန်တော်မျိုးအား လမ်းပြပေးတော်မူပါ။ ကာကွယ်စောင့်ရှောက် ပေးတော်မူပါ။ ကျွန်တော်မျိုးအား ထွန်းလင်းတောက်ပသော မီးအိမ်တစ်ခုဖြစ်စေတော်မူပါ။ တောက်ပြောင်သော ကြယ်တာရာလေးတစ်ခု ဖြစ်စေတော်မူပါ။ ကိုယ်တော်ကား ကြီးကျယ် မြင့်မြတ်တော်မူသောအရှင်၊ တန်ခိုးတော်အပေါင်းဖြင့် ပြည့်စုံတော်မူသောအရှင် ဖြစ်တော်မူပေသတည်း။”**[၁၀၃]

### ခ ။ သီချင်းများ

ဤသင်ခန်းစာအတွက် အောက်ပါသီချင်းကို ကလေးများအား သင်ကြားပေးသည့်အပြင် သူတို့ သိပြီးသားဖြစ်သည့် အခြားဆုတောင်းအနည်းငယ်ကိုလည်း အတူသီဆိုနိုင်ပါသည်။

### ရက်ရောတဲ့ ရေတံခွန်

C
ရေတံခွန်လိုဖြစ်ပါ၊ စမ်းဝလိုကျင့်ပါ

C G
အစဉ်အမြဲ စီးဆင်းနေ

F C
အဲသလိုမင်း လုပ်ပြီဆို

Dm7 G7 C
ပျော်ရွှင်မှုကို တကယ်ရမှာ

F C
နှလုံးသားထဲအမြဲ ရှာဖွေကြည့်

D7 G7
ပေးစရာတစ်ခုခု ရှိ မရှိ

ပျော်ရွှင်မှုဟာ ဘဝပန်းတိုင်ဆို
နှလုံးသားရဲ့ ဝိညာဉ်ပေးဖို့လို
(အဲ့သလို မင်းလုပ်ပြီဆို
ဘုရားရှင်နဲ့ မင်း အတူရှိမှာ)♩

Search your heart every day
Is there something you can give away

Happiness should be your goal
Give your heart, and give your soul
It is true that if you do
God will always be with you

## ၈ ။ ကောက်နုတ်ချက်များ အလွတ်ကျက်မှတ်ခြင်း

အောက်ပါ အယူအဆများက သင်ခန်းစာ၏ အဓိကအကြောင်းအရာနှင့် သူတို့ကျက်မှတ်ရမည့် ကောက်နုတ်ချက်တို့ကို မိတ်ဆက်ပေးရာတွင် သင့်ကို ကူညီပေးလိမ့်မည်။

ဘုရားရှင်က သူ ဖြစ်တည်ပေးထားတဲ့အရာတွေအပေါ် အတော်ပေးကမ်းရက်ရောတယ်။ အပင်တွေအတွက် မိုးရေတွေနဲ့ လောင်းပေးပြီး တိရစ္ဆာန်နဲ့ လူတွေအတွက် အစားအစာနဲ့ အာဟာရကို ပေးထားတယ်။ ဘုရားရှင်က ဒို့တွေအားလုံးကို စောင့်ရှောက်ထားတယ်။ အရှင်က ဒို့တွေကို လက်ဆောင်တွေပေးထားတယ်- ဒါတွေကတော့ မျက်လုံးတွေပေးထားတာမို့ ဒီမျက်လုံးတွေနဲ့ တောင်တွေ၊ မြစ်တွေ၊ ကြယ်တွေနဲ့ ဒို့တွေ ပတ်ချာလည်မှာရှိတဲ့ အလှတရားအားလုံးကို မြင်နိုင်တယ်။ နားတွေနဲ့ကျတော့ သီချင်းသံစဉ်တွေကို နားထောင်နိုင်တယ်၊ ငှက်တွေရဲ့ ကျီကျီကျာကျာ မြည်သံတွေ၊ ဒို့မိဘတွေရဲ့ ဆုံးမစကားတွေနဲ့ ဘုရားရှင့် နှုတ်ကပါဌ်တော်တွေကို ကြားနိုင်တယ်။ ဒို့တွေကို အသိဉာဏ်စွမ်းအား ပေးထားတာမို့ စကြဝဠာရဲ့ လျှို့ဝှက်ချက်တွေကို သင်ယူနိုင်သလို ဒါတွေအားလုံးထက် ဘုရားရှင်ကို သိပြီး ချစ်နိုင်တဲ့ ဝိညာဏစွမ်းအားတွေကိုလည်း ဒို့ကို ပေးထားတယ်။ ဘုရားသခင်က ဒို့တွေကို ပေးကမ်းရက်ရောသလိုပဲ အခြားသူတွေနဲ့ဆိုလည်း ဒို့တွေက ရက်ရက်ရောရော ရှိကြရလိမ့်မယ်။ ဒို့မှာရှိထားတဲ့ အစားအသောက်၊ ပိုင်ဆိုင်မှုတွေ၊ အချိန်နဲ့ ဒို့တွေရဲ့ အသိပညာ စတာတွေကို အခြားသူတွေရဲ့ လိုအပ်ချက်ကို ဖြည့်ဆည်းဖို့ ပေးကြရလိမ့်မယ်။ ဒို့တွေရဲ့ ချစ်ခြင်းမေတ္တာ၊ ပျော်ရွှင်မှုနဲ့ အိမ်မှာဖြစ်ဖြစ်၊ ကျောင်းမှာဖြစ်ဖြစ် သင်ယူထားတဲ့ ကောင်းတာတွေကိုလည်း မျှဝေပေးရမယ်။ ပေးကမ်းရက်ရောဖို့ ကြိုးစားတဲ့ ဒို့တွေရဲ့ အားထုတ်မှုတွေကို အကူအညီ

ဖြစ်စေဖို့ ဘုရားရှင်ရဲ့ ပေးကမ်းရက်ရောမှုကို သတိပေးထားတဲ့ ဘဟာအွလ္လာဘုရားရှင်ရဲ့ ဒီကောက်နုတ်ချက်ကို အလွတ်ကျက်မှတ်ကြပါစို့-

**"ပေးကမ်းခြင်းသည် လည်းကောင်း၊ ရက်ရောခြင်းသည်လည်းကောင်း ငါအရှင်၏ သိက္ခာပုဒ်များ ဖြစ်ပေသည်။ ငါ့အရှင့် သိက္ခာပုဒ်များဖြင့် မိမိကိုယ်ကို ဆင်မြန်းသူသည် ကောင်းပေစွ။"**[၁၀၄]

*ရက်ရောခြင်း*

၁ ။ ရန်နှင့် ရာဂျစ်တို့က ငွေနည်းနည်းစီ စုထားကြတယ်။ အဲဒီငွေနဲ့ သူတို့ရဲ့ ညီငယ်၊ ညီမငယ်တွေအတွက် စာအုပ်တွေဝယ်ဖို့ ဆုံးဖြတ်ခဲ့တယ်။ ရန်နှင့် ရာဂျစ်တို့ဟာ ရက်ရောကြတယ်။

၂ ။ မစ္စက် မာဖီဟာ တစ်မနက်လုံး ကိတ်မုန့်တွေ ဖုတ်နေတယ်။ မြို့မှာ သွားပြီးမရောင်းခင် သူ့ရဲ့ အိမ်နီးချင်းတွေကို ကိတ်မုန့်ကြီးနှစ်ချပ် ပေးလိုက်တယ်။ ဒါ့ကြောင့် မာဖီက ရက်ရောတယ်။

*သိက္ခာပုဒ်များ(လက္ခဏာရပ်)*

၁ ။ ကျောက်တုံးက အလွန်မာလှတယ်။ မာကြောမှုက ကျောက်တုံးရဲ့ လက္ခဏာရပ်ပါ။

၂ ။ "ကြိုးစားပမ်းစားလုပ်တာက မင်းရဲ့ လက္ခဏာရပ်တွေထဲက တစ်ခုပဲ"လို့ ဆရာက ချာလင်းကို ပြောပြတယ်။

*ဆင်မြန်းသည်*

၁ ။ ဒီနေ့ညမှာ စုပေါင်းဆုတောင်းပွဲကို ရပ်ရွာခန်းမမှာ လုပ်ပါ့မယ်။ ကလေးတွေက ခန်းမထဲမှာ အလှဆင်ဖို့ ပန်းတွေ ကောက်လာကြတယ်။ ရပ်ရွာခန်းမကို ပန်းတွေနဲ့ ဆင်မြန်းထားလိုက်တယ်။

၂ ။ လီဖန်းမှာ တောက်ပတဲ့ အပြုံးတစ်ပွင့်ရှိတယ်။ အဲဒီအပြုံးနဲ့ သူ့မျက်နှာကို အချိန်များစွာ ဆင်မြန်းထားတယ်။

## ဃ ။ ဖြစ်ရပ်မှန်

ဤသင်ခန်းစာတွင် သင်သည် ကလေးများအား အောက်ပါဖြစ်ရပ်မှန်ကို ပြောပြလိမ့်မည်။ ထိုဖြစ်ရပ်က ပေးကမ်းရက်ရောခြင်းဆိုသည့် အနှစ်သာရကို သုံးသပ်ဖို့ သူတို့အတွက် အကူအညီဖြစ်စေလိမ့်မည်-

တစ်နေ့မှာ ဘဟာအွလ္လာဘုရားရှင် ပိုင်တဲ့သိုးတွေကို စောင့်ရှောက်ဖို့တာဝန်ယူရတဲ့ လူက အဗ္ဗဒွလ်ဘဟာအရှင်မြတ်ကို သိုးထိန်းတွေနဲ့အတူ ကျေးလက်တောနယ်မှာ တစ်နေ့လောက် အချိန်သုံးဖို့ ဖိတ်ကြားခဲ့တယ်။ အဲဒီအချိန်မှာ အဗ္ဗဒွလ်ဘဟာအရှင်မြတ်က ခပ်ငယ်ငယ်ပဲ ရှိသေးတာ။ အဲအချိန်ဟာ ဘဟာအွလ္လာဘုရားရှင်နဲ့ အရှင့်မိသားစုဝင်တွေကို သူတို့ချစ်တဲ့ မွေးရပ်မြေကနေ စွန့်ခွါဖို့ ဖိအားမပေးခင် အချိန်ပေါ့။ ဘဟာအွလ္လာဘုရားရှင်မှာ တောင်တွေပေါ်က လယ်ကောင်းမြေကောင်းတွေနဲ့ သိုးအုပ်ပေါင်းများစွာ ပိုင်ဆိုင်ခဲ့တယ်။ အဗ္ဗဒွလ်ဘဟာအရှင်က သူ့အမေရဲ့ ခွင့်ပြုချက်နဲ့ပဲ သိုးထိန်းတွေနဲ့အတူနေခဲ့ပြီး သူတို့တွေက ဆိုကြ၊ ကကြပြီး ကောင်းမွန်လှတဲ့ စားဖွယ်တွေနဲ့ ပျော်စရာ

တစ်နေ့တာကို ဖြတ်သန်းခဲ့တယ်။ တစ်နေ့တာကုန်လို့ ပြန်ဖို့ ဟန်ပြင်လိုက်ချိန်မှာ သိုးထိန်းတွေက သူ့ဝန်းကျင်စုလာကြပြီး နှုတ်ဆက်စကားတွေ ပြောကြတယ်။ အဗ္ဗဒွလ်ဘဟာအရှင်မြတ်နဲ့အတူ အဖော်အဖြစ် ပါလာသူက မြေပိုင်၊ သိုးအုပ်ပိုင်သူဟာ ပြန်ခါနီးမှာ ခွဲခွါနှုတ်ဆက် လက်ဆောင်တွေ ပေးလေ့ရှိပါတယ်လို့ ရှင်းပြတယ်။ အဗ္ဗဒွလ်ဘဟာအရှင်ဟာ ခဏငြိမ်ကျသွားတယ်။ သူ့မှာ ပေးစရာ လက်ဆောင်တစ်ခုမှတော့ ပါမလာဘူး။ ဒါပေမဲ့ အရှင်နှင့် ပါလာသူကပင် သိုးထိန်းတွေဟာ တစ်ခုခု မျှော်လင့်နေပါတယ်လို့ မဖြစ်မနေ ပြောပြန်တယ်။ အဲဒီနောက်မှာတော့ အဗ္ဗဒွလ်ဘဟာအရှင်မြတ်မှာ စိတ်ကူးတစ်ခု ရသွားတယ်- အဲဒါကတော့ သူတို့ထိန်းကျောင်းရတဲ့ သိုးအုပ်ထဲက အကောင် အနည်းငယ်ကို သိုးထိန်းတွေအတွက် ပေးလိုက်တော့တယ်။ ဘဟာအွလ္လာဘုရားရှင်ဟာ သားတော် အဗ္ဗဒွလ်ဘဟာအရှင်ရဲ့ သိုးထိန်းတွေအပေါ်ထားတဲ့ ပေးကမ်းရက်ရောတဲ့ တွေးခေါ်ပုံကို ကြားသိရတဲ့အခါ များစွာ နှစ်ထောင်းအားရရှိလှတယ်။ ဘဟာအွလ္လာဘုရားရှင်က လူတိုင်းဟာ အဗ္ဗဒွလ်ဘဟာအရှင်ကို ကောင်းကောင်း ဂရုစိုက်စောင့်ရှောက်ရမယ်လို့ ပြုံးရွှင်ပြီး မိန့်မှာခဲ့သေးတယ်။ ဘာဖြစ်လို့လဲဆိုတော့ တစ်နေ့ကျရင် အဗ္ဗဒွလ်ဘဟာအရှင်မြတ်က သူ့ကိုယ်သူပင် ပေးလိမ့်မယ်တဲ့။ တကယ်ဆိုရင်လည်း အဗ္ဗဒွလ်ဘဟာအရှင်မြတ်က မိမိဘဝတစ်လျှောက်လုံး ဒီအတိုင်း တစ်ထပ်တည်း လုပ်သွားခဲ့တာပေါ့။ သူ့မှာ ရှိသမျှအားလုံးကို ပေးခဲ့တယ်။ သူ့ဘဝရဲ့ အချိန်မှန်သမျှ၊ အခိုက်အတန့် မှန်သမျှကို လူ့လောကအတွက်ရယ်၊ ဒို့တွေ စည်းစည်းလုံးလုံးဖြစ်လာဖို့နဲ့ စစ်မှန်တဲ့ ပျော်ရွှင်မှုရရှိဖို့ အတွက်ပဲ ပေးအပ်ခဲ့ပါတော့တယ်။

## င ။ ကစားနည်း- “အမြွှာများ”

ဖြစ်ရပ်မှန်ပြောပြီးချိန်နောက်မှာ ကလေးတွေက အခါတိုင်းလိုပဲ ကစားနည်းကို ကစားကြလိမ့်မယ်။ ကလေးတွေကို နှစ်ယောက်တစ်တွဲစီ ခွဲပါ။ ဖြစ်နိုင်သမျှ အရပ်အမြင့်အတူတူဖြင့် ဆောင်ရွက်နိုင်ဖို့ ကြိုးစားပါ။ တစ်တွဲစီကို ကျောချင်းကပ် မတ်တပ်ရပ်ပြီး ဆောင့်ကြောင့်ထိုင်ဖို့ ပြောပါ။ အဲဒီနောက် အချင်းချင်း တစ်တောင်ဆစ်တွေ ချိတ်ထားပြီး မတ်တပ်ရပ်ဖို့ ကြိုးစားခိုင်းပါ။ သူတို့ လုပ်နိုင်သွားပြီဆိုရင် သုံးလေးယောက် အတွဲကို အဲဒီအတိုင်း လုပ်ခိုင်းပါ။

## စ ။ အရောင်ခြယ်ခြင်း- ပုံဆွဲစာရွက် ၅

နောက်ဆုံး လုပ်ဆောင်ချက်အနေနဲ့ ကလေးများ အရောင်ခြယ်ဖို့အတွက် ပုံဆွဲစာရွက် ၅ ကို ဝေပေးပါ။

## ဆ ။ အသိမ်းဆုတောင်းများ

သင်နှင့် ကလေးအနည်းငယ်က ရွတ်ဖတ်သည့် ဆုတောင်းပတ္ထနာများ၊ ကောက်နုတ်ချက်များဖြင့် ပုံမှန်နည်းအတိုင်း သင်တန်းကို သိမ်းနိုင်ပါသည်။

# သင်ခန်းစာ (၆)

## က ။ ဆုတောင်းပတ္တနာများ ရွတ်ဖတ်ခြင်းနှင့် အလွတ်ကျက်မှတ်ခြင်း

သင်နှင့် ကလေးအနည်းငယ်က အဖွင့်ဆုတောင်းများ ဖတ်ပြီးနောက် သင်ခန်းစာ ၅ တွင် မိတ်ဆက်ပေးခဲ့သည့် ဆုတောင်းပတ္တနာကို သူတို့ ဆက်ပြီး ကျက်ဖို့ ကူညီပေးနိုင်ပါသည်။

## ခ ။ သီချင်းများ

နောက်ထပ် လုပ်ဆောင်အနေနှင့် သင်ခန်းစာ၏ အဓိကအကြောင်းအရာနှင့် ဆက်နွယ်သည့် အောက်ပါသီချင်းကို သီဆိုဖို့ ကလေးတွေကို သင်ပေးပါ။

### သူတစ်ပါးကို ဦးစားပေးပါ

C G/B Am7 C<br>
ရေဆာနေတယ် ရေဆာနေတယ်

Dm G C Am7<br>
ဒါပေမဲ့လည်း အစ်ကိုပါဆာ

F Em Dm C<br>
ဒါ့ကြောင့်မို့ပါ ရေဆာပြေအောင်

Dm G C<br>
တကယ်ပဲ တိုက်လိုက်တာ

Chorus:

F G C Am<br>
ညီအစ်ကိုကို ဦးစားပေးတာ ကောင်းချီးမင်္ဂလာပါ

F G C Am<br>
ဒီလိုနည်းနဲ့ ဂရုစိုက်မှုကိုပြကြပါ။

F G C Am<br>
ညီအစ်မကို ဦးစားပေးတာ ကောင်းချီးမင်္ဂလာပါ

F G C<br>
ပိုပေးလေလေ ကြွယ်ဝသွားလေပါ

ဗိုက်ဆာနေတယ် ဗိုက်ဆာနေတယ်

ဒါပေမဲ့လည်း ညီမပါဆာ

ဒါ့ကြောင့်မို့ပါ စားသောက်စရာ

ချက်ချင်းကျွေးလိုက်တာ

Chorus

## ဂ ။ ကောက်နုတ်ချက်များ အလွတ်ကျက်မှတ်ခြင်း

ဤသင်ခန်းစာတွင် ကျွန်ုပ်တို့ကို တစ်ကိုယ်ကောင်းမဆန်သည့်ဘက်ကို တောင်းဆိုထားသည့် ဘဟာအွလ္လာဘုရားရှင်၏ ကျမ်းဓမ္မခန်းများထဲမှ ကောက်နုတ်ချက်တစ်ခုကို ရွတ်ဖတ်ဖို့ ကလေးများ သင်ယူကြလိမ့်မည်။ ဤအကြောင်းကို အောက်ပါနည်းဖြင့် ချပြနိုင်သည်။

ဘုရားသခင်က ဒို့တစ်ဦးချင်းနဲ့ လူတိုင်းကို ချစ်မြတ်နိုးသလို အရှင့်ကို သိရှိဖို့နဲ့ ချစ်မြတ်နိုးဖို့ လူ့နှလုံးသားကိုလည်း ဖြစ်တည်ပေးခဲ့တာ။ ဒို့နှလုံးသားတွေက ဖြူစင်တဲ့အခါ ဘုရားရှင်ရဲ့ ဖြစ်တည်မှုထဲမှာ အရှင့်ရဲ့ အမှတ်လက္ခဏာတွေကို မြင်နိုင်ကြတယ်။ ဒို့တွေ ဘုရားရှင်ရဲ့ ပေးကမ်းရက်ရောမှု၊ သနားကြင်နာမှု၊ ပေးသနားမှုတွေကို တွေ့ကြရတယ်။ ဘုရားရှင်အပေါ် ဒို့တွေရဲ့ ချစ်မြတ်နိုးမှုကြောင့် မိမိတို့ ပတ်ဝန်းကျင်မှာရှိတဲ့ ကိုယ့်မိဘတွေ၊ ကိုယ့်ညီအစ်ကိုမောင်နှမတွေ၊ သူငယ်ချင်းတွေနဲ့ အိမ်နီးချင်းတွေအတွက် ပျော်ရွှင်မှုနဲ့ ဝမ်းမြောက်မှုတွေရအောင် လုပ်ပေးချင်တာ။ ဒို့ချစ်ခြင်းမေတ္တာက ကြီးမားလှတာမို့ အခြားသူတွေကို ဝမ်းမြောက်ဝမ်းသာရှိအောင် လုပ်ပေးရတာ၊ ကိုယ်ကိုယ်တိုင်ထက် သူတို့ရဲ့ သက်တောင့်သက်သာရှိမှုကို ဦးစားပေးတာတွေက ဒို့တွေအတွက် အပျော်ရွှင်ဆုံး အရာဖြစ်လာတယ်။ ဒါ့ကြောင့်မို့ ဒို့တွေကိုယ်တိုင်ထက် မိမိလို ဘဝတူလူတွေအတွက် ပိုပြီး စဉ်းစားပေးကြရမယ်။ ဘဟာအွလ္လာဘုရားရှင်ရဲ့ အောက်ပါ ကျမ်းစာကောက်နုတ်ချက်ကို အလွတ်ကျက်မှတ်ကြပါစို့-

**“မိမိထက် တစ်ပါးသူကို ပို၍ ဦးစားပေးသူအပေါ်သို့ ကောင်းချီးမင်္ဂလာကျရောက်ပေအံ့။”**[၁၀၅]

*ကောင်းချီးမင်္ဂလာကျရောက်သည်*

၁ ။ အန်မီလီယာ့ အမေက သူ့ကို စတိုးဆိုင်သွားပြီး ပစ္စည်းငါးခု ဝယ်ခိုင်းတယ်။ သူက စာရင်းတော့ လုပ်မသွားဘူး။ ဒါပေမဲ့ ဝယ်ရမဲ့ဟာတွေအားလုံးကို မှတ်မိတယ်။ တစ်ခုမှ မမေ့ခဲ့ဘူး။ အန်မီလီယာမှာ မှတ်ဉာဏ်ကောင်းကောင်းနဲ့ ကောင်းချီးမင်္ဂလာကျရောက်တယ်။

၂ ။ ဇစ်တာရဲ့မိသားစုက သူတို့အိမ်မှာ မနက်ခင်းတိုင်း အတူတူ ဆုတောင်းဖတ်လေ့ရှိတယ်။ ဇစ်တာရဲ့ မိသားစုနေအိမ်ဟာ ဘုရားရှင်ကို သတိတရရှိမှုနဲ့ ကောင်းချီးမင်္ဂလာ ကျရောက်တယ်။

*ဦးစားပေးသည် (ပိုနှစ်သက်သည်)*

၁ ။ အာနူးရှကာရဲ့ အဘွားက ပူစီနံနဲ့ သံပုရာ လက်ဖက်ရည်နှစ်မျိုးစလုံးကို ကြိုက်တယ်။ ဒါပေမဲ့ သူ ရွေးချယ်ရမယ်ဆိုရင် ပူစီနံလက်ဖက်ရည်ကိုပဲ ရွေးတယ်။ ဒါကြောင့် သူက ပူစီနံလက်ဖက်ရည်ကို ပိုနှစ်သက်တယ်။

၂ ။ ဗီဆာနာ အပြင်ထွက်ကစားချင် ကစားနိုင်သည် ဒါမှမဟုတ် သူ့အဖေကို ဥယျာဉ်ထဲမှာ သွားပြီး ကူညီချင်ကူညီနိုင်သည်။ သူက ဥယျာဉ်ထဲမှာ သူ့အဖေကို ကူညီဖို့ ဆုံးဖြတ်လိုက်သည်။ ဗီဆာနာက သူ့အဖေကို ကူညီဖို့ ပိုပြီးနှစ်သက်တယ်။

## ဃ ။ ဖြစ်ရပ်မှန်

အောက်ပါဖြစ်ရပ်မှန်က အရှင်ရဲ့ပြောစကားတွေနဲ့ လုပ်ရပ်တွေအားဖြင့် အဗ္ဗဒွလ်ဘဟာအရှင်မြတ်ဟာ တစ်ကိုယ်ကောင်းမဆန်တဲ့ နည်းလမ်းတွေကို ဒို့တွေအတွက် ပြသထားတယ်။

*အဗ္ဗဒွလ်ဘဟာအရှင်မြတ်က မိမိအတွက် တန်ဖိုးနည်းတဲ့ အဝတ်အထည်တွေကို ပိုပြီးနှစ်သက်တယ်။ အရှင့်အတွက် ပိုပြီးအရေးကြီးတာကတော့ အဝတ်အစားဆိုတာ လုံးလုံးသန့်ရှင်းနေဖို့က အဓိကကျတာပါ။ မိမိဆီမှာ အဝတ်အစား အပိုရှိတဲ့အခါမှာလည်း အခြားသူတွေကို အမြဲ ပေးပစ်လေ့ရှိတယ်။ တစ်နေ့မှာ အရှင်က အက္ကာမြို့တော်ဝန်ကို လက်ခံတွေ့ဆုံရမယ်။ အဲလိုပွဲမျိုးအတွက် အရှင်ရဲ့ ကုတ်အင်္ကျီက သိပ်မကောင်းဘူးလို့ သူ့ဇနီးက ခံစားမိတယ်။ ဒါနဲ့ပဲ သူက အဲဒီတွေ့ဆုံပွဲမတိုင်ခင် အပ်ချုပ်ဆရာဆီသွားပြီး အဗ္ဗဒွလ်ဘဟာအရှင်မြတ်အတွက် ကုတ်အင်္ကျီကောင်းကောင်းတစ်ထည်ကို အပ်ထားခဲ့တယ်။ မြို့တော်ဝန် လာလည်တဲ့ရက် ရောက်တဲ့အခါ အရှင့်အတွက် ကုတ်အင်္ကျီအသစ်ကို အရှင့်အတွက် ချိတ်ထားလိုက်တယ်။ ဒါပေမဲ့ အဗ္ဗဒွလ်ဘဟာအရှင်မြတ်က မိမိရဲ့ ကုတ်အင်္ကျီအဟောင်းကို သွားရှာခဲ့တယ်။ ချိတ်ထားတဲ့ အဲလို ဈေးကြီးလှတဲ့ ကုတ်အင်္ကျီအသစ်က ဘယ်လိုလုပ်ပြီး အရှင့်ဟာ ဖြစ်မှာလဲ။ အဲဒီပမာဏနဲ့ပဲ ရိုးရိုးကုတ်အင်္ကျီ ငါးထည်ဝယ်နိုင်ပါတယ်။ ဒီလိုနဲ့ အရှင်က သူ့ဇနီးသည်ကို "အဲဒီအခါကျရင် ငါ့ဆီမှာ ကုတ်အင်္ကျီသစ်တစ်ထည်တောင်မကတော့ဘူး။ အခြားသူတွေကိုပေးဖို့ နောက်ထပ် လေးထည်လည်း ရပြီပေါ့!"လို့ ပြောပြလိုက်ပါတော့တယ်။*

## င ။ ကစားနည်း- "ခရု"

နောက်ထပ် လုပ်ဆောင်ချက်အတွက် သူတို့ဟာ ခရုအဖြစ် လုပ်ကြရမယ်လို့ ကလေးတွေကို ပြောပြပါ။ အဲလို လုပ်ဖို့အတွက် မျဉ်းဖြောင့်ပေါ် ရပ်ကြရမယ်။ အချင်းချင်းလက်တွေကို ကိုင်ထားပြီး လွှတ်မသွားစေရဘူး။ အစွန်းတစ်ဖက်မှာရှိတဲ့ တစ်ယောက်ယောက်က အလယ်မှာ နေပြီး ငြိမ်ငြိမ်လေး ရပ်နေရမယ်။ ကျန်အစွန်ဘက်မှာရှိတဲ့ ကလေးက ကျန်ကလေးတွေဟာ အလယ်မှာရှိတဲ့ ကလေးကို ဝိုင်းပတ်ဖို့ လမ်းကြောင်းပေးရမယ်။ တဖြည်းဖြည်းနဲ့ သူတို့က ကြောင်လိမ်(ဗူးနွယ်)ပုံစံနဲ့ ခရုပုံဖြစ်အောင် ပတ်ကြရမယ်။

အထက်က ကစားနည်းကိုပဲ နောက်တစ်နည်းအနေနဲ့ ကလေးတွေကို မျဉ်းဖြောင့်ပေါ် တစ်ခါရပ်ခိုင်းပြီး လက်တွေကို မြဲမြဲကိုင်ထားခိုင်းပါ။ တစ်ဖက်အစွန်ဆုံးမှာရှိတဲ့ ကလေးက ရပ်နေချိန်မှာ တခြားအစွန်းက ကလေးဟာ အခြားသူတွေနဲ့အတူ အဲဒီသူ့ကို စက်ဝိုင်းပုံဖြစ်အောင် ဖြည်းဖြည်းချင်း ပတ်ပါ။ အဲလိုလုပ်တဲ့အခါ တစ်ယောက်ရဲ့ ခြေထောက်ကို တစ်ယောက်က တက်ပြီး မနင်းမိအောင် ဂရုစိုက်ဖို့ သေချာအောင်လုပ်ပါ။

တကယ်လို့ အချိန်ရမယ်ဆိုရင် အလယ်မှာရှိတဲ့ ကလေးတွေကို ခါးညွတ်ခိုင်းပြီး အလယ်တည့်တည့်မှာရှိတဲ့ ကလေးက သူ့ဘေးမှာရှိတဲ့ ကလေးရဲ့ လက်မောင်းတွေအောက်ကနေ ငုံ့ထွက်ပြီး ကျန်ကလေးတွေရဲ့ လက်မောင်းတွေအောက်ကတဆင့် ခရုပုံရဲ့ အပြင်ဘက်ကို ရောက်အောင်ထွက်ပါ။ လက်တွေကို တွဲထားလျက်နဲ့ပဲ အခြားကလေးတွေလည်း သူ့အတိုင်းပဲ နောက်တစ်ယောက် လက်မောင်းအောက်ကနေ ထွက်ပြီး အားလုံး အပြင်ရောက်တဲ့အထိ ထွက်ကြပြီး တစ်ခါပြန်ပြီး မျဉ်းဖြောင့်ပုံဖြစ်အောင် လုပ်ပါ။

ဒီကစားနည်းက အလုပ်ဖြစ်ဖို့ဆိုရင် ရှင်းရှင်းလင်းလင်း ရှိတာကတော့ သင်တန်းထဲမှာ ကလေးဦးရေ အလုံအလောက်ရှိထားရပါ့မယ်။

**စ ။ အရောင်ခြယ်ခြင်း- ပုံဆွဲစာရွက် ၆**

**ဆ ။ အသိမ်းဆုတောင်းများ**

# သင်ခန်းစာ (၇)

## က ။ ဆုတောင်းပတ္တနာများ ရွတ်ဖတ်ခြင်းနှင့် အလွတ်ကျက်မှတ်ခြင်း

သင်နှင့် ကလေးအနည်းငယ်က အဖွင့်ဆုတောင်းများ ဖတ်ပြီးနောက် သင်ခန်းစာ ၅ တွင် သူတို့ စပြီး အလွတ်ကျက်ခဲ့သော ဆုတောင်းကို သူတို့နှင့် ပြန်၍နွှေးနိုင်ပါသည်။

## ခ ။ သီချင်းများ (ယခင် သီချင်းများကို ပြန်နွှေးတာလည်း ပါဝင်သည်)

### ပျော်ရွှင်မှုက တောင်ပံတွေခပ်

```
D    A               D            G                  D
Joy gives us wings to fly, joy gives us wings
D      A              D             A                D
Joy gives us wings to fly, joy gives us wings
       A                        D
In times of joy, our strength grows in might
       A                        D
In times of joy, our intellect takes flight
       A                                    D
In times of joy, our understanding is bright
D      A              D             A                D
Joy gives us wings to fly, joy gives us wings
                   Dm       A7        Dm                      A7       Dm
But when sadness visits us, when sadness visits us
     A                 Dm              A                Dm
We become weak, our strength goes away
     A                Dm                 A                Dm
Our insights are dim, our thoughts become gray
A7
How-ev-er
```

Joy gives us wings to fly, joy gives us wings Joy gives us wings to fly, joy gives us wings

In times of joy, our strength grows in might In times of joy, our intellect takes flight In times of joy, our understanding is bright Joy gives us wings to fly, joy gives us wings

## ၁ ။ ကောက်နုတ်ချက်များ အလွတ်ကျက်မှတ်ခြင်း

အောက်ပါ ရှင်းပြချက်က ဤသင်ခန်းစာတွင် ကလေးများ အလွတ်ကျက်မှတ်ရမည့် ကောက်နုတ်ချက်ကို ချပြရာတွင် သင့်အတွက် အထောက်အကူဖြစ်စေလိမ့်မည်။ ၎င်းက ပျော်ရွှင်ဝမ်းမြောက်မှု ဆိုသည့် အကြောင်းအရာအပေါ် အလေးပေးထားသည်။

အဗ္ဗဒွလ်ဘဟာအရှင်မြတ်က ပျော်ရွှင်မှုဟာ ဒို့တွေအတွက် အတောင်ပံတွေကို ပေးတဲ့အပြင် ပျော်ရွှင်နေတဲ့အခါ ခွန်အားကောင်းလာပြီး နားလည်တာလည်း မြန်မြန်ဆန်ဆန် ရှိတယ်လို့ ပြောပြထားတယ်။ ပျော်ရွှင်မှုဆိုတာက လူ့နှလုံးသားရဲ့ အရည်အသွေးတစ်ခုပေါ့။ နှလုံးသားတွေက ပျော်ရွှင်မှုနဲ့ ပြည့်နေတဲ့အခါ ဒို့တွေရဲ့ပတ်လည် နေရာတိုင်းမှာ ဘုရားရှင်ရဲ့ ကောင်းချီးမင်္ဂလာတွေကို မြင်ကြရတယ်။ အဲဒီကောင်းချီးမင်္ဂလာဆိုတာတွေကတော့ မေတ္တာကြီးတဲ့ မိဘတွေရှိထားတဲ့ မင်္ဂလာ၊ မိတ်ဆွေသူငယ်ချင်းကောင်းရှိတဲ့ မင်္ဂလာနဲ့ အချုပ်ကတော့ ဘုရားရှင်ကို သိရှိပြီး ချစ်မြတ်နိုးခွင့်ရတဲ့ ကောင်းချီးမင်္ဂလာပေါ့။ ဒို့တွေက အခြေအနေအားလုံးမှာ ပျော်ပျော်ရွှင်ရွှင်ရှိပြီး ရွှင်ရွှင်လန်းလန်း ရှိရမယ်။ အဗ္ဗဒွလ်ဘဟာအရှင်မြတ်က ပျော်ရွှင်မှုဆိုတဲ့ အလင်းရောင်နဲ့ နေရာတိုင်းကို ထွန်းလင်းပေးတဲ့ တောက်ပတဲ့မီးအိမ်တွေလို ကလေးအားလုံးကို ဖြစ်စေချင်တာ။ ဒို့တွေဟာ အမြဲတမ်း ပျော်ပျော်ရွှင်ရွှင် ရှိရမယ်ဆိုတာကို သတိရဖြစ်အောင် ကူညီပေးနိုင်မဲ့ အောက်ပါ ကောက်နုတ်ချက်ကို အလွတ်ကျက်မှတ်ကြပါစို့-

**“အို - လူသား၏ သားသမီး၊ အသင့်နှလုံးသား၏ ရွှင်လန်းဝမ်းမြောက်မှုဖြင့် ပျော်ရွှင်ဝမ်းမြောက်လော့။ သို့မှသာ အသင်သည် ငါအရှင့်အား တွေ့ဆုံရန်နှင့် ငါ၏အလှကျက်သရေကို ထင်ဟပ်ပြသရန် ထိုက်တန်သူဖြစ်ပေအံ့။”**[၁၀၆]

*ပျော်ရွှင်ဝမ်းမြောက်သည်*

၁ ။ ရှိနယ်ဟာ သူ့ အဘိုးအဘွားဆီကနေ အဝေးကြီးနေရတယ်။ ကျောင်းပိတ်ရက်မှာ သူတို့ဆီ သွားလည်ရမယ်ဆိုတာ ကြားရတော့ အတော်ကို သူ ပျော်ရွှင်သွားတယ်။ ဒါကြောင့်မို့ သူ့နှလုံးသားက ပျော်ရွှင်ဝမ်းမြောက်နေတယ်။

၂ ။ မောက်ဇန်းက သူ့အဖေနဲ့အမေကို သူတို့ဥယျာဉ်ထဲမှာ သခွါးစေ့တွေ စိုက်ရာမှာ ကူညီပေးခဲ့တယ်။ ပထမဆုံး သခွါးစေ့သေးသေးလေးတွေကနေ စပြီးအပင်ပေါက်လာတော့ သူ(မ) အတော်ကို ပျော်ရွှင်ဝမ်းမြောက်သွားတယ်။

*ထိုက်တန်သည်*

၁ ။ ဆိုနာက ကြိုးကြိုးစားစား လေ့လာသင်ယူသဖြင့် အကောင်းတကာ့ အကောင်းဆုံးအဆင့်တွေကို ရတယ်။ သူရဲ့ ဖွဲလုံ့လနဲ့ အားစိုက်ကြိုးစားမှုတွေကို ဆရာက ချီးကျူးတယ်။ ဆိုနာရဲ့ အားစိုက်ကြိုးစားမှုတွေက ဆရာရဲ့ ချီးကျူးမှုနဲ့ ထိုက်တန်တယ်။

၂။ ဒေးဗစ်က အမြဲတမ်း သူ့ညီငယ်၊ ညီမငယ်တွေကို ကောင်းကောင်းဂရုစိုက်တယ်။ သူ့မိဘများတွေက ကလေးများအတွက် သူ့ကို ယုံကြည်စိတ်ချနိုင်တယ်ဆိုတာ သိထားတယ်။ ဒေးဗစ်ဟာ သူ့မိဘတွေရဲ့ ယုံကြည်မှုနဲ့ ထိုက်တန်တယ်။

*ထင်ဟပ်ပြသသည်*

၁။ အယ်မရီက သူ့ တွေ့တဲ့ ကျောက်တုံးကို အလင်းရောင်ကို ရောင်ပြန်ဟပ်(ထင်ဟပ်ပြသ)သည်အထိ တောက်တောက်ပပဖြစ်အောင် အရောင်တင်ခဲ့တယ်။

၂။ ဖြူစင်တဲ့နှလုံးသားတွေက ဘုရားရှင်ရဲ့ ဂုဏ်အင်လက္ခဏာတွေကို ထင်ဟပ်ပြသတယ်။

*အလှကျက်သရေ*

၁။ အယ်လီနာအမေက ကောင်းကင်မှာ ငှက်တွေ ပျံနေတာကို ကြည့်ရတာ၊ ပန်းတွေ ပွင့်နေတာကို မြင်ရတာနဲ့ ကမ်းခြေဆီ သမုဒ္ဒရာရဲ့ လှိုင်းလုံးတွေ လိမ့်တက်လာတာကို ကြည့်ရတာကို သဘောကျတယ်။ သူက သဘာဝထဲမှာ အလှကျက်သရေကို မြင်ထားတယ်။

၂။ တစ်ခါတစ်ခါ သီချင်းတစ်ပုဒ်ရဲ့ အလှကျက်သရေက ဒို့နှလုံးသားတွေကို တအား စွဲငြိသွားစေတာမို့ မျက်ရည်တွေတောင် ကျမိတယ်။

၃။ မူနီရာ ဆုတောင်းတွေဖတ်တိုင်း ဘုရားရှင်ရဲ့ အလှကျက်သရေ၊ အရှင့်ရဲ့ချစ်ခြင်းမေတ္တာ၊ အရှင့်ရဲ့ ပေးကမ်းရက်ရောမှုနဲ့ အရှင့်ရဲ့ ဥာဏ်အမြော်အမြင်တွေကို သတိရမိတယ်။

## ဃ။ ဖြစ်ရပ်မှန်

အောက်ပါ ဖြစ်ရပ်မှန်က အဗ္ဗဒွလ်ဘဟာအရှင်မြတ်ဟာ သူ့ ပတ်ဝန်းကျင်မှာ ရှိတဲ့လူတွေရဲ့ နှလုံးသားတွေအတွက် ပျော်ရွှင်မှုကို ဘယ်လို ရစေတယ်ဆိုတာ သရုပ်ပြပါလိမ့်မယ်။

လီရိုးအိုင်အို့စ်က ထူးချွန်ပြောင်မြောက်တဲ့ ဘဟာအီတစ်ဦးဖြစ်တာမို့ မင်းတို့ ကြီးလာတဲ့အခါ သူ့အကြောင်းကို သေချာပေါက် ပိုပြီးသိလာကြလိမ့်မယ်။ ၁၉၁၂ ခုနှစ်မှာ အဗ္ဗဒွလ်ဘဟာ အရှင်မြတ် ရှီကာဂိုမြို့ကို လာလည်တော့ သူက ကလေးငယ်အရွယ်ပဲ ရှိသေးတယ်။ အဗ္ဗဒွလ်ဘဟာအရှင်မြတ်ရဲ့ ရှေ့တော်မှောက် ရောက်ခဲ့ရတဲ့ ဒီဝိညာဏ်ဆန်တဲ့ ကလေးငယ်ရဲ့ စိတ်လှုပ်ရှားမှုကို မင်းတို့ စဉ်းစား ကြည့်ကြည့်ပါအုံး။ တစ်နေ့မှာတော့ သူနဲ့ သူ့အဖေက အဗ္ဗဒွလ်ဘဟာအရှင်မြတ် တည်းခိုတဲ့ ဟိုတယ်ကို သွားတွေ့တော့မယ်။ အဲဒီကို သွားတဲ့လမ်းမှာ လီရိုးက စိတ်ကူးတစ်ခုရသွားတယ်- ဘာလဲဆိုတော့ သူက အဗ္ဗဒွလ်ဘဟာအရှင်မြတ်အတွက် ပန်းတွေ ယူသွားချင်တယ်။ ဒါနဲ့ သူ့မှာရှိတဲ့ ပိုက်ဆံလေးနဲ့ အဖြူရောင် ဇော်မွှားပန်းစည်းလှလှ တစ်စည်းကို ဝယ်သွားခဲ့တယ်။ ဟိုတယ်ကို ရောက်တဲ့အခါ သူ့စိတ်ကူး ပြောင်းသွားတယ်။ အဗ္ဗဒွလ်ဘဟာအရှင်မြတ်ကို ဘာပစ္စည်းမှ မပေးချင် တော့ဘူး။ ပန်းလှလှလေးတွေလည်း မပေးချင်တော့ဘူး။ အဲဒါတွေအစား သူ့နှလုံးသားတစ်ခုလုံးကိုပဲ ပေးလိုက်ချင်တော့တယ်။ ဒါက သူ ပေးချင်တဲ့ အရေးအကြီးဆုံးအရာပေါ့။ ဒီလိုနဲ့ လီရိုးရဲ့ဖခင်က ပန်းတွေကို ဘယ်သူပေးတယ်ဆိုတာ မပြောတော့ဘဲ အဗ္ဗဒွလ်ဘဟာအရှင်မြတ်ကို ပေးအပ် လိုက်တယ်။

အဲဒီနောက်မှာ အဗ္ဗဒွလ်ဘဟာအရှင်မြတ်က ဟိုတယ်မှာ အရှင့်ကို လာရောက်တွေ့တဲ့သူတွေ အားလုံးကို ဟောပြောချက်တစ်ခု ပို့ချခဲ့တယ်။ အရှင် ဟောပြောနေချိန်မှာတော့ လီရိုးက အရှင့် ခြေရင်းမှာ ငြိမ်ငြိမ်လေးထိုင်ပြီး အရှင်ရဲ့ အမြော်အမြင်ကြီးလှပြီး မေတ္တာပါတဲ့ စကားတွေကို နားထောင်ခဲ့တယ်။ စကားပြောပြီးနောက် အဗ္ဗဒွလ်ဘဟာအရှင်မြတ်က မတ်တပ်ရပ်လိုက်ပြီး ဧည့်သည်တွေကို လက်ဆွဲ နှုတ်ဆက်ရင်း အရှင်ရဲ့ မေတ္တာသင်္ကေတ အဖြစ် တစ်ယောက်ကို ဇော်မွှားပန်းအဖြူတစ်ပွင့်စီ ပေးလိုက်တယ်။ ဒီအချိန်မှာ လီရိုးက မာစတာရဲ့နောက်မှာ မတ်တပ် ရပ်နေရင်း "အိုး! အရှင်က ဒီဘက်ကိုလှည့်ပြီး ငါ့ကို အဲဒီပန်းတစ်ပွင့်လောက် ပေးစေချင်လိုက်တာ"လို့ တွေးနေမိတယ်။ သူ့ စိတ်ထဲမှာလည်း တိုးတိုးတိတ်တိတ်နဲ့ မာစတာအတွက် ပန်းလှလှတွေကို ဘယ်သူယူလာတယ်ဆိုတာ သိစေချင်တာ ဖြစ်နိုင်တယ်။ ဒါပေမဲ့ အခြားသူတွေကို တစ်ယောက်ပြီး တစ်ယောက် ဇော်မွှားပန်းဖြူ တစ်ပွင့်စီပေးနေချိန် လီရိုးအတွက် တစ်ပွင့်လောက်တောင် ကျန်မဲ့ပုံ မရှိတော့ဘူး။ အဲဒီနောက်မှာ မာစတာက လှည့်ကြည့်လိုက်ပြီး လီရိုအိုင်းအို့စ်ကို စိုက်ကြည့်ခဲ့တယ်။ အရှင်မြတ်ရဲ့ မျက်နှာတော်မှာ မေတ္တာတရားနဲ့ လင်းလက်နေပြီး အရှင်ရဲ့ မျက်လုံးတွေမှာလည်း အကြင်နာတရားတွေနဲ့ ပြည့်နေတယ်။ တကယ်တော့ အရှင်က သူ့ကို ဇော်မွှားပန်းအဖြူတစ်ပွင့် ပေးခဲ့လား။ မပေးခဲ့ဘူး။ အဗ္ဗဒွလ်ဘဟာအရှင်မြတ်က လီရိုးကို ပိုတန်ဖိုးရှိတဲ့ဟာကိုပဲ ပေးခဲ့တယ်။ အရှင်ရဲ့ ကုတ်အင်္ကျီပေါ်မှာ အနီရောင် နှင်းဆီပန်းလှလှတစ်ပွင့်ကို ထိုးထားတယ်။ အရှင်က အဲဒီပန်းကို ဖြုတ်လိုက်ပြီး အဲဒီ ကလေးငယ်လေး လီရိုးကို ပေးလိုက်တော့တယ်။ ဒါကြောင့်မို့ လီရိုးရဲ့နှလုံးသားက ပျော်ရွှင်မှုတွေနဲ့ တဒိတ်ဒိတ်ခုန်နေတော့တယ်။ မာစတာကတော့ အရှင့်အတွက် ဇော်မွှားပန်းအဖြူတွေကို ဘယ်သူ ယူလာခဲ့တယ်ဆိုတာ အသေအချာ သိထားပါတော့တယ်။

## င ။ ကစားနည်း- "နဂါးအမြီး ဖမ်းခြင်း"

နောက်ထပ် လုပ်ဆောင်ချက်ကို စတင်ဖို့အတွက် ကလေးများကို အတန်းလိုက် ရပ်ခိုင်းပြီး သူတို့ လက်တွေကို ကိုယ့်ရှေ့မှာရှိတဲ့ ကလေးတွေရဲ့ ပုခုံးပေါ် တင်ထားခိုင်းပါ ဒါမှမဟုတ် ခါးကို ကိုင်ထားခိုင်းပါ။ အတန်းရဲ့ထိပ်ဆုံးမှ ကလေးက နဂါး၏ခေါင်းဖြစ်မယ်။ နောက်ဆုံး ကလေးက နဂါး၏အမြီးဖြစ်တာမို့ အမြီးဟာ ဦးခေါင်းကနေ လွတ်အောင် ဘယ်ညာယိမ်းပြီး ရှောင်ရမယ်။ "သွား"လို့ အချက်ပြရင် နဂါးက အဖြောင့် တန်းရမယ်။ နောက်ပြီး ကလေးငယ်တစ်ယောက်က "တစ်၊ နှစ်၊ သုံး ရေပြီး၊ သွား!" လို့ အချက်ပြလိုက်တာနဲ့ ဦးခေါင်းက အမြီးဘက်ကို လှည့်သွားပြီး အမြီးကို ဖမ်းရမယ်။ ခန္ဓာကိုယ်တစ်ခုလုံးက ခေါင်းနဲ့အတူ လိုက်လှုပ်ရှားချိန်မှာ ပြုတ်ထွက်မသွားစေရဘူး။ တကယ်လို့ ဦးခေါင်းက အမြီးကို ထိသွားရင် ဒါမှမဟုတ် အဲလို မထိခင် ကိုယ်ထည်က ပြုတ်ထွက်သွားရင် ဦးခေါင်းက အမြီးဖြစ်သွားပြီး လိုင်းတန်းထဲရှိ နောက်တစ်ယောက်က ဦးခေါင်းဖြစ်သွားတယ်။ ကလေးတိုင်းက အနည်းဆုံး အမြီးနှင့်ခေါင်း တစ်ကြိမ်စီ ကစားရတဲ့အထိ ဒီပုံစံအတိုင်း ဆက်ပြီးကစားရမည်။

## စ ။ အရောင်ခြယ်ခြင်း- ပုံဆွဲစာရွက် ၇

## ဆ ။ အသိမ်းဆုတောင်းများ

# သင်ခန်းစာ (၈)

## က ။ ဆုတောင်းပတ္ထနာများ ရွတ်ဖတ်ခြင်းနှင့် အလွတ်ကျက်မှတ်ခြင်း

ပုံမှန်အတိုင်းပင် အလွတ်ရသည့်ဆုတောင်းတစ်ပုဒ်နှင့် ကြိုတင်ရွေးထားတဲ့ ကလေးအနည်းကို ဆုတောင်းဖတ်ခိုင်းပြီး သင်တန်းကို ဖွင့်ပါ။ သင်ခန်းစာ ၅ မှာ သူတို့ စပြီး ကျက်မှတ်ထားတဲ့ ဆုတောင်းကို ပြန်ပြီး နွေးနိုင်ပါတယ်။

## ခ ။ သီချင်းများ (ယခင် သီချင်းများကို ပြန်နွေးတာလည်း ပါဝင်သည်)

### အချိန်တိုင်း

Chorus:

E A
We should at all times manifest

B E A B
Our truthfulness and sincerity

E A
We should at all times manifest

B E A B
Our truthfulness and sincerity (repeat)

E A B
When I speak, I share from the bottom of my heart

E A B
I let kind and true words be my art

E A B
Oh what a treasure is sincerity

A E B E
A beautiful mix of honesty and purity

A E B E A E
Oh what a treasure is sincerity

When I serve, I give from the bottom of my heart I purify my thoughts and pray before I start This way my actions can build true unity Oh what a treasure is sincerity Oh what a treasure is sincerity

When I pray, I pray from the bottom of my heart I close my eyes and think of God I don’t think of my desire, I don’t think of what I need I think of how sincerity can shine through my deeds Oh what a treasure is sincerity

Chorus (repeat twice)

## ၈ ။ ကောက်နုတ်ချက်များ အလွတ်ကျက်မှတ်ခြင်း

အလွတ်ကျက်မှတ်ရမည့် ကောက်နုတ်ချက်ကို ချပြရန်အတွက် သင်ခန်းစာနှင့်ဆက်နွယ်သည့် အောက်ပါ အယူအဆများကို အသုံးပြုနိုင်ပါသည်။

ဒို့တွေရဲ့ စကားလုံးတွေနဲ့ အပြုအမူတွေက ဒို့နှလုံးသားတွေထဲမှာရှိတဲ့ ကောင်းမြတ်တာတွေကို ရောင်ပြန်ဟပ်တဲ့အခါ ဟန်ဆောင်မှုမပါတဲ့ ရိုးသားမှုအရည်အသွေးကို ပြသကြတယ်။ ဟန်ဆောင်မှုမပါတဲ့ ရိုးသားမှုက ဒို့တွေအတွက် အခြားသူတွေနဲ့ ဆက်ဆံရာမှာ အမှန်ကို ပြောကြဖို့၊ သစ္စာရှိကြဖို့ အင်အားဖြစ်စေတယ်။ မှန်ကန်ခြင်းနှင့် ယုံကြည်ခြင်းကိုရရှိနိုင်မည်။ ဥပမာဆိုပါတော့ အခြားသူအပေါ် ဒို့ တစ်ခုခုလုပ်လိုက်မိတာအတွက် တောင်းပန်ပါတယ်လို့ ပြောလိုက်တဲ့အခါ ဒီလို အမှားမျိုးကို ထပ်ပြီး မလုပ်မိအောင် ကြိုးစားရမယ်လို့ ကိုယ့်နှလုံးသားထဲမှာ သိနေတာကလည်း ဟန်ဆောင်မှုမပါတဲ့ ရိုးသားရှိနေတာပါပဲ။ ဒို့တွေရဲ့ ဟန်ဆောင်မှုမပါတဲ့ ရိုးသားမှုကြောင့်မို့ အခြားသူတွေက ဒို့နှလုံးသားတွေရဲ့ ဖြူစင်မှုကို မြင်နိုင်ကြပြီး ဒို့တွေအပေါ်မှာ ယုံကြည်လာကြတာ။ ဒီအရည်အသွေးရဲ့ အရေးပါမှုကို သတိရနေစေဖို့ အဗ္ဗဒွလ်ဘဟာအရှင်မြတ်ရဲ့ အောက်ပါ ကောက်နုတ်ချက်ကို အလွတ်ကျက်မှတ်ကြပါစို့-

**“ကျွန်ုပ်တို့သည် အချိန်တိုင်း၌ အမှန်ပြောဆိုခြင်းနှင့် ဖြောင့်မတ်မှန်ကန်ခြင်း(ဟန်ဆောင်မှုကင်းသည့် ရိုးသားမှု)တို့ဖြင့် ထင်ရှား နေရမည် . . . ။”**[၁၀၇]

*ထင်ရှားသည်*

၁ ။ ကာစ်ဘာက ပင်လယ်ကမ်းခြေမှာ တွေ့လာခဲ့တဲ့ ခရုခွံကို ရွှံ့တွေစင်အောင် ဆေးနေပြီး ချောချော မွေ့မွေ့နဲ့ အရောင်တောက်ပ လာတဲ့အထိ သုတ်ပေးခဲ့တယ်။ သူ ဆေးကြောတိုက်ချွတ်ပြီးတဲ့အခါ ခရုရဲ့ အလှတရား အစစ်အမှန်က ထင်ရှားလာတယ်။

၂ ။ နေထွက်လာပြီး နံနက်ခင်းမှာ မြူတွေကင်းသွားတဲ့အခါ တောင်တွေရဲ့ ခမ်းနားမှုက ထင်ရှားလာတယ်။

*ဖြောင့်မတ်မှန်ကန်မှု (ဟန်ဆောင်မှုကင်းတဲ့ ရိုးသားမှု)*

၁ ။ လီယိုရဲ့ အတန်းဖော်တွေက စာလုပ်မဲ့အစား ကစားနေကြတယ်။ လီယိုဟာ ကျောင်းမှာ သူတို့ကောင်းကောင်းမလုပ်နိုင်မှာကို စိုးရိမ်မိတယ်။ ဒါကြောင့်မို့ သူတို့အားလုံး အတူတူစု၍ စာလုပ်ကြပြီး သင်ယူရာမှာ တစ်ယောက်နဲ့တစ်ယောက် ကူညီပေးနိုင်မယ့် နည်းလမ်းတွေကို ရှာကြရအောင်လို့ အကြံပေးတယ်။ လီယိုက သူ့အတန်းဖော်များအတွက် ပူပန်မှုဟာ ရိုးသားမှုရှိတယ်။

၂ ။ ရိုစာက အိမ်စာတွေကို နေ့တိုင်းလုပ်မယ်လို့ သူ့အမေကို ကတိပေးခဲ့တယ်။ သူ့မိဘတွေ ခရီးထွက် သွားတဲ့အခါ ရိုစာက သူ့အိမ်စာတွေကို အားကြိုးမာန်တက်လုပ်တယ်။ ရိုစာဟာ သူရဲ့ကတိမှာ ရိုးသားမှု ရှိတယ်။

## ဃ ။ ဖြစ်ရပ်မှန်

ဤသင်ခန်းစာတွင် ကလေးများကို သင် ပြောပြမည့်ဖြစ်ရပ်မှန်က ဟန်ဆောင်မှုကင်းတဲ့ ရိုးသားမှု ဆိုတာ ဘာကိုဆိုလိုပုံနှင့် ဘယ်အခါမှာ အဲဒါမရှိဘူးဆိုတာကို မြင်နိုင်ဖို့ သူတို့ စဉ်းစားရာမှာ အထောက်အကူ ပေးလိမ့်မယ်။

*ကလေးအမြောက်အမြားရှိတဲ့ ဇနီးမောင်နှံရဲ့ အိမ်နောက်ဘက်မှာ လွန်ခဲ့တဲ့ နှစ်ပေါင်းများစွာ ကတည်းက သစ်ပင်ကြီးတစ်ပင် ရှိခဲ့တယ်။ ဒီသစ်ပင်က ကြီးလာလိုက်တာဆိုရင် သူ့ရဲ့ အကိုင်းအခက် တွေက အပေါ်နဲ့ အပြင်ကို ထိုးထွက်လာပြီး ဒီမိသားစုရဲ့ အိမ်နောက်ဖေးအထိ အရိပ်ရောက်လာတယ်။ တစ်နေ့ ဆောင်းရာသီမနက်ခင်းမှာ အဖေလုပ်သူက သစ်ပင်အောက်က ဖြတ်လျှောက်လာစဉ် သူ၏ အိမ်နီးချင်းနဲ့ တွေ့ခဲ့တယ်။ သူတို့က ရွာမှာ ဖြစ်လိုက်ပျက်လိုက်ဆိုတာတွေကို တိုတိုတုတ်တုတ် ပြောခဲ့တယ်။ ခဏကြာတော့ အိမ်နီးချင်းက သစ်ပင်ကြီးကို သတိထားမိပြီး "ခင်ဗျားသိလား၊ ဒီအချိန်မှာ ဒီလို ကြီးလွန်းလှတဲ့သစ်ပင်ကြီးကို ခုတ်ပစ်ဖို့ အချိန်ပဲဗျ။ ဒီသစ်ပင်ကြီးက ကိုးယိုးကားယားနဲ့ သပ်သပ်ရပ်ရပ် မရှိလှဘူး။ တကယ်လို့ သစ်ကိုင်းတစ်ကိုင်း ကျိုးသွားပြီး ခင်ဗျား အမိုးပေါ်ပြုတ်ကျခဲ့ရင် ဒါမှမဟုတ် ဒီထက်ပိုဆိုးမှာက ခင်ဗျားကလေးတွေ အရိပ်အောက်မှာ ကစား နေတုန်း ကျိုးသွားပြီး ကလေးတစ်ယောက်အပေါ် ကျသွားရင် ဘာဖြစ်သွားမလဲ။ သူတို့နှစ်ယောက် လမ်းခွဲပြီးနောက် အိမ်နီးချင်းပေးတဲ့ အကြံကို သူက စဉ်းစားမိတယ်။ ဒီသစ်ပင်ကြီးဟာ သူ မမှတ်မိခင် အချိန်ကတည်းက ရှိခဲ့တာ။ ဘာမှလည်း ထိခိုက်တာမရှိပါဘူး။ နွေမှာဆိုရင် အရိပ်ပေးတယ်။ ဆောင်းဆိုရင်လည်း အိမ်ကို လေကြမ်းတိုက်တာကနေ ကာကွယ်ပေးတယ်။ ဒီသစ်ပင်က ထွားထွားကြိုင်းကြိုင်းနဲ့ ခိုင်ခိုင်ခံ့ခံ့ပါပဲ။ ဒါပေမယ့် ငါ့အိမ်နီးချင်းပြောတာ နည်းလမ်းကျတယ်"လို့ အိမ်ရှင်က သူ့ကိုယ်သူ ပြောလိုက်တယ်။ "ပုံပန်းသဏ္ဍာန်တွေက တစ်ခါတစ်ရံမှာ လှည့်ဖျား တတ်တယ်။ တကယ်လို့များ ဒီသစ်ပင်ကို ခိုင်ခံ့တယ်လို့ထင်ရပေမယ့် မဟုတ်ခဲ့ရင် ဘယ်လိုလုပ်မလဲ။" ဒါကြောင့် သူဟာ သစ်ပင်ကို ခုတ်လှဲဖို့ ဆုံးဖြတ်လိုက်တယ်။*

*သစ်ပင်ဟာ အလွန်ကြီးပြီး အကိုင်းအခက်တွေ အလွန်များလှတာရယ်၊ အကိုင်းတွေက အတော် မြင့်မြင့်ကို ရောက်နေတာမို့ ခက်ခက်ခဲခဲ ခုတ်လှဲခဲ့ရတယ်။ ခုတ်လှဲလို့ ပြီးပြီးချင်းလောက်မှာပဲ သူ့ရဲ့အိမ်နီးချင်း ပြန်ရောက်လာတယ်။ ဒီအချိန်မှာတော့ သူ့သား ၂ ယောက်နဲ့ လှည်းတစ်စီးပါ ပါတယ်။ "ခင်ဗျား ဒီသစ်ပင်ကို ခုတ်လှဲဖို့ ဆုံးဖြတ်ချက် ချလိုက်တာကိုး"လို့ အိမ်နီးချင်းက သစ်ကိုင်းတွေကို တစ်ပုံကြီးကို ကြည့်ပြီးတော့ ပြောလိုက်တယ်။ "ကျွန်တော် ထင်တယ် ခင်ဗျား ဒီသစ်ကိုင်းပုံကြီးကို လွှင့်ပစ်ဖို့ တစ်ယောက်ယောက် လိုလိမ့်မယ်။ ဒါကို ကျွန်တော်တို့ ကူညီနိုင်ပါတယ်။ ကျွန်တော့် သားနှစ်ယောက်နဲ့ လှည်းကို ယူလာတယ်။ ခင်ဗျား ခြံထဲကနေ ဒါတွေကို ပျော်ပျော်ရွှင်ရွှင်နဲ့ ဖယ်ပေး ပါ့မယ်။" အိမ်ရှင်ရဲ့ အဖြေကို မစောင့်တော့ဘဲ သူ့သားတွေက သစ်ကိုင်းတွေကို အသင့်ပြင်ထားတဲ့ လှည်းပေါ်ကို စပြီး တင်လိုက်ကြတယ်။ ထင်းတွေတင်ထားတဲ့လှည်းနဲ့ သူတို့တွေ ထွက်သွားတဲ့အခါ အိမ်ရှင်ဟာ သူ့အိမ်ကို အချိန်အကြာကြီး အရိပ်မိုးပေးခဲ့တဲ့ အပင်ရဲ့ သစ်ငုတ်တိုပေါ်မှာ ထိုင်နေတယ်။ ဒီတော့ သူ့အိမ်နီးချင်းဟာ သူ့မိသားစု(အိမ်ရှင့်မိသားစု) လုံခြုံမှုအတွက် ပူပင်တာမဟုတ်ဘဲ သူတို့ မိသားစု ဆောင်းတွင်းကာလ တစ်လျှောက်လုံး အနွေးဓာတ်ကိုပေးမဲ့ ထင်း အလုံအလောက်ရဖို့*

*အတွက်ပဲ စိတ်ပူတာကို သဘောပေါက်လိုက်တယ်။ သူက သက်ပြင်းတစ်ချက်ချပြီး "ပုံပန်းသဏ္ဌာန်တွေက တစ်ခါတစ်ရံမှာ တကယ့်ကို လှည့်ဖျားတတ်တာပဲ"လို့ ပြောမိတော့တယ်။ အဲဒီနေ့မှာ တန်ဖိုးရှိတဲ့ သစ်ပင်တစ်ပင် ဆုံးရှုံးလိုက်ရတာ ဘယ်လောက်တောင် စိတ်မကောင်းစရာဖြစ်မလဲ။ ပိုပြီး စိတ်မကောင်းစရာက အိမ်နီးချင်းဖြစ်သူဟာ သူ့သူငယ်ချင်းရဲ့ ယုံကြည်စိတ်ချမှုကို ဆုံးရှုံးလိုက်ရသလို ဘုရားရှင်ရဲ့ ကျေနပ်နှစ်မြို့က်မှုကို ရမဲ့အခွင့်အရေးလည်း ဆုံးရှုံးသွားတော့တာပေါ့။*

**င ။ ကစားနည်း- "အပူလား အအေးလား"**

ကလေးတစ်ယောက်ကို မျက်နှာဖုံးစည်းပြီး အဖွဲ့ဆီကနေ တစ်နေရာကို သွားခိုင်းပါ။ ကျန်တဲ့ ကလေးတွေကို ခဲတံ ဒါမှမဟုတ် ရောင်စုံခဲတံ တစ်ခုခုကို ဝှက်ခိုင်းထားပြီး အဝေးသွားခိုင်းထားတဲ့ ကလေးကို ပြန်ခေါ်၍ မျက်နှာစည်းကို ဖြုတ်လိုက်ပါ။ အဲဒီနောက် ဒီကလေးက ဝှက်ထားတဲ့ဟာကို ရှာရမယ်။ သူက ဝှက်ထားတဲ့ဟာနဲ့ နီးလာရင် လက်ခုပ်ကို တဖြည်းဖြည်း ပို၍ကျယ်ကျယ်တီးခိုင်းပြီး သူ ရှာတွေ့နိုင်အောင် ကူညီပေးခိုင်းပါ။ အဲဒါနဲ့ ဝေးသွားရင် လက်ခုပ်ကို တဖြည်းဖြည်း တိုးတိုးတီးခိုင်းပါ။ လက်ခုပ်တီးမယ့်အစား အကယ်၍ ကလေးက ဝှက်ထားတဲ့ နေရာနှင့်နီးလာရင် နွေးလာပြီ ပိုနွေးလာပြီ၊ ပူလာပြီလို့ ပြောနိုင်ပါတယ်။ ကလေးက ဝှက်ထားတဲ့ နေရာနဲ့ ဝေးသွားပြီဆိုရင် အေးသွားပြီ၊ ပိုအေးသွားပြီ၊ ခဲသွားပြီလို့ ပြောနိုင်ပါတယ်။ ကျန်ကလေးတွေက ဝှက်ထားတာကို ရှာဖွေနေတဲ့ ကလေးကို တလွဲလမ်းမညွှန်မိအောင် ဂရုစိုက်ရမယ်။ ဒီလိုမဟုတ်ရင် သူဟာ တခြားလူတွေအပေါ် ယုံကြည်မှု ပျောက်ဆုံးသွားပြီး ကစားတာကလည်း အကျိုးမရှိ ဖြစ်သွားလိမ့်မယ်။

**စ ။ အရောင်ခြယ်ခြင်း- ပုံဆွဲစာရွက် ၈**

**ဆ ။ အသိမ်းဆုတောင်းများ**

# သင်ခန်းစာ (၉)

**က ။ ဆုတောင်းပတ္ထနာများ ရွတ်ဖတ်ခြင်းနှင့် အလွတ်ကျက်မှတ်ခြင်း**

ဤသင်တန်းနှင့် နောက်သင်တန်းသုံးခုကို စတင်ရန်အတွက် အခန်း ၁၀ တွင် အကြံပြုထားသည့် ဆုတောင်းကဲ့သို့ အလွတ်ရွတ်ဖတ်မည့် ဆုတောင်းတစ်ပုဒ်ကို ရွေးပါ။ အဖွင့်ဆုတောင်းများ ဖတ်ရာတွင် ကလေးအနည်းငယ်က သင်နှင့်အတူ တစ်ဦးစီက ဖတ်ကြပြီးနောက် အလွတ်ကျက်မှတ်ရမည့် အောက်ပါ ဆုတောင်းကို မိတ်ဆက်ပေးပါ။ ဤဆုတောင်းက ကလေးများ အလွတ်ကျက်မှတ်ခဲ့သည့် ယခင် ဆုတောင်းနှစ်ပုဒ်ထက် ပိုရှည်သော်လည်း မိမိရရဖြစ်ဖို့ သူတို့အတွက် ခက်ခဲမည်မဟုတ်ပေ။ သင်ခန်းစာ ၁၂ ကို ရောက်လျှင် ထိုဆုတောင်းကို သူတို့ အလွတ်ရထားသင့်သည်။

**"ထာဝရဘုရားရှင်၏ နာမတော်ကို တသလျက် အရှင်၏ ကျေးဇူးတော်၊ ဂုဏ်တော်အပေါင်းတို့ကို ချီးမွမ်းထောပနာပြုပို့သည့် နေရာသည်လည်းကောင်း အိမ်သည်လည်းကောင်း အရပ်ဒေသသည်**

လည်းကောင်း မြို့ကြီးပြကြီးသည်လည်းကောင်း နှလုံးသားသည်လည်းကောင်း တော၊ တောင်၊ ချိုင့်ဝှမ်း၊ မြက်ခင်းပြင်နှင့် ပင်လယ်သမုဒ္ဒရာသည်လည်းကောင်း လှိုင်ဂူသည်လည်းကောင်း ကုန်းမြေသည်လည်းကောင်း ကျွန်းသည်လည်းကောင်း မင်္ဂလာအပေါင်းနှင့် ပြည့်စုံပေသတည်း။”[၁၀၈]

၁။ **သီချင်းများ (ယခင် သီချင်းများကို ပြန်နွှေးတာလည်း ပါဝင်သည်)**

## မြေကြီးကဲ့သို့ ကျင့်ကြ

C G
ကမ္ဘာမြေကိုကြည့်လိုက်

F G C
နှိမ့်ချလိုက်တာ

C G
ဘုရားပေးထားသမျှ သူ့မှာရှိ

F G C
တို့အသက်ရှင်ဖို့ အားလုံးရှိ

C G
နေ့တိုင်း သူ့အပေါ် တို့ လျှောက်ကြသေး

F G C
သူပြောဖူးတာများ ကြားဖူးသလား

C G
“ငါဟာ မင်းထက် ချမ်းသာ

F G C
ကြီးမားလွန်းတာ”

သစ်ပင်ကိုကြည့်လိုက် နှိမ့်ချလိုက်တာ
အသီးများများ သီးလာလေ
အကိုင်းများမြေသို့ညွှတ်သွားပြီး
ဒီလိုနဲ့ အသီးများပေးနေတာ
သူပြောဖူးတာများ ကြားဖူးသလား
“ငါဟာ မင်းထက် ချမ်းသာ ကြီးမားလွန်းတာ”

C G
မြေကြီးကဲ့သို့ ကျင့်ကြ

F G C
သစ်ပင်ကဲ့သို့ ကျင့်ပါ

C G
(ဘုန်းကျက်သရေနဲ့ ကောင်းကင်ဘုံ

F G C
နှိမ့်ချတဲ့ အတောင်ပံများနဲ့ ပျံကြကုန်)၂

## ၈ ။ ကောက်နုတ်ချက်များ အလွတ်ကျက်မှတ်ခြင်း

အောက်ပါ အယူအဆများက ဤသင်ခန်းစာ၏ အဓိကအကြောင်းအရာနှင့် အလွတ်ကျက်ရမည့် ကောက်နုတ်ချက်ကို မိတ်ဆက်ပေးရာတွင် သင့်အား အကူအညီဖြစ်စေလိမ့်မည်။

အလွန်အရေးကြီးတဲ့ ဝိညာဏအရည်အသွေးကတော့ ကျိုးနွံနှိမ့်ချခြင်းပါပဲ။ ဘုရားရှင့် ရှေ့တော်မှောက် ကျိုးနွံနှိမ့်ချသူတွေဟာ ဘုရားရှင်ရဲ့ ကြီးမြင့်မြတ်ခြင်းနဲ့ အရှင့်ရဲ့ ဖြစ်တည်မှုတွေကို အသိအမှတ် ပြုကြတယ်။ ဘုရားရှင်သည် တန်ခိုးတော်အပေါင်းဖြင့် ပြည့်စုံတော်မူသော ဘုရားရှင်၊ စွမ်းအင်တန်ခိုး အကြီးမားဆုံး ဖြစ်တော်မူသောအရှင် ဖြစ်ပါတယ်။ ဒါ့အပြင် ဒို့တွေက ဘုရားရှင့်ရှေ့တော်မှောက်မှာ မာန်မာနကို ဘယ်တော့မှ မပြသလိုပဲ အရှင် ဖြစ်တည်ထားအရာအားလုံးရဲ့ရှေ့မှာလည်း ဒီအတိုင်းပဲ ကျိုးနွံနှိမ့်ချထားရမယ်။ ကမ္ဘာမြေကြီးနဲ့ သူ့အပေါ်မှာ ရှိသမျှအရာတိုင်းကို ဘုရားရှင်က ဖြစ်တည် ပေးထားပြီး အဲဒါတွေက အရှင့်ရဲ့ အမှတ်သင်္ကေတတွေနဲ့ ဂုဏ်အင်လက္ခဏာတွေကို ထင်ဟပ်ပြသ ကြတာ။ ဒို့တွေက သဘာဝတရားကို တလေးတစားရှိပြီး ဒို့ပတ်ဝန်းကျင်မှာရှိတဲ့ အရာတွေဆီကနေ အမြဲတမ်း တစ်ခုခုကို သင်ယူရရှိနိုင်တယ်ဆိုတာ နှလုံးသားထဲမှာ သိထားတယ်။ အောက်ပါ ကောက်နုတ်ချက်ကို အလွတ်ကျက်မှတ်ကြပါစို့-

**“အို . . . လူသား၊ ငါအရှင်၏ရှေ့တော်တွင် အသင့်ကိုယ်ကို (ကျိုးနွံ)နှိမ့်ချလော့။ သို့မှသာငါအရှင်သည် ကရုဏာတော်ရှိစွာဖြင့် အသင့်ထံလာနိုင်ပေမည်။”**[၁၀၉]

*ကျိုးနွံနှိမ့်ချသည်*

၁ ။ ဇိနပ်သည် သူ လုပ်ရမဲ့ သံချာလေ့ကျင့်ခန်းတွေကို ကြိုးစားပမ်းစားနဲ့ အမြဲတမ်းကောင်းကောင်းမွန်မွန် လုပ်တယ်။ သူက ကျိုးနွံနှိမ့်ချတဲ့အတွက် သူ့ရဲ့ အောင်မြင်မှုတွေကို ဘယ်တော့မှ မကြွားဝါဘူး။

၂ ။ ရန်ဖူးရဲ့ ရပ်ကွက်ထဲမှာရှိတဲ့ ကလေးတွေက သင်ယူဖို့ စိတ်အားထက်သန်ကြတယ်။ သူတို့အတွက် သင်တန်းလေးတစ်ခုလောက်လုပ်ပေးဖို့ သူ့ကို တောင်းဆိုကြတယ်။ သူ့မှာ အတွေ့အကြုံနည်းတာရယ် သူ့ကိုယ်သူ မထိုက်တန်ဘူးလို့ တွေးမိတာတောင်မှ သူ့ရဲ့ယုံကြည်မှုကို ထာဝရဘုရားသခင်ထံ အပ်နှံထားလိုက်ပြီး သူအကောင်းဆုံး လုပ်ခဲ့တယ်။ သူဟာ ဒီတာဝန်ကို ကျိုးနွံနှိမ့်ချမှုနဲ့ လုပ်ဆောင်တယ်။

*ကရုဏာရှိစွာ*

၁ ။ ကန်ဒီးစ် မိသားစုက သူတို့အိမ်မှာ ထမင်းစားဖို့ အိမ်နီးချင်းအနည်းငယ်ကို ဖိတ်ခဲ့တယ်။ ဧည့်သည်တွေ ရောက်တဲ့အခါ ကန်ဒီးစ်က သူတို့ကို နွေးနွေးထွေးထွေး နှုတ်ဆက်ပြီး ကရုဏာရှိစွာနဲ့ သူတို့ကို အအေးတိုက်တယ်။

၂ ။ ဂီအိုဗန်နီက အသက်ကြီးကြီး သူ့အိမ်နီးချင်းဟာ ကုန်ခြောက်ပစ္စည်းအိတ်တွေနဲ့ သူ့အိမ်ကို ခက်ခက်ခဲခဲ လမ်းလျှောက်နေတာကို တွေ့ခဲ့တယ်။ ဒါနဲ့ သူက သူ့ပစ္စည်းတွေကို ကရုဏာရှိစွာနဲ့ သယ်ပေးခဲ့တယ်။

## ဃ ။ ဖြစ်ရပ်မှန်

*ကျိုးနွံနှိမ့်ချခြင်းဟာ အဗ္ဗဒွလ်ဘဟာအရှင်မြတ် အနှစ်သက်ဆုံးအရည်အသွေးတွေထဲက တစ်ခုပါ။ လူတော်တော်များများက အရှင့်ကို ဘွဲ့ထူး၊ ဂုဏ်ထူးကြီးတွေ ပေးချင်ကြတယ်။ ဒါပေမဲ့ အရှင်က "အဗ္ဗဒွလ်ဘဟာ"လို့ပဲ ခေါ်စေချင်တာ။ အဓိပ္ပါယ်ကိုက "ဘုန်းကျက်သရေတော်ရှင်(ဘဟာအရှင်)ရဲ့ ကျေးကျွန်"လို့ အဓိပ္ပာယ်ရတယ်။ အရှင်ရဲ့ အထက်သန်ဆုံး ဆန္ဒက အမှုထမ်းရွက်ပေးဖို့ပါပဲ။ တစ်ခါမှာ ချမ်းသာတဲ့ဧည့်သည်တွေက အရှင့်အတွက် အစာမစားခင် လက်ဆေးဖို့ တခမ်းတနား စီစဉ်ထားတာပေါ့။ သူတို့က ရေကောင်းရေသန့် ထည့်ထားတဲ့ အရောင်ဆန်းပြားတဲ့ ရေဇလုံကိုကိုင်ဖို့ ဝတ်ကောင်းစားလှ ဝတ်ထားတဲ့ ကောင်လေးတစ်ယောက်ကို ရွေးချယ်ထားတယ်။ ဒ့်အပြင် ရေမွှေးနဲ့သင်းတဲ့ လက်သုတ်ပဝါကိုလည်း စီစဉ်ထားတယ်။ မိတ်ဆွေအုပ်စုက ကောင်လေးရယ်၊ ရေဇလုံနဲ့ လက်သုတ်ပဝါတွေနဲ့အတူ မြက်ခင်းပြင်နား ဖြတ်လျှောက်လာတာကို မာစတာက တွေ့လိုက်တော့ အရှင်က သူတို့ရဲ့ ရည်ရွယ်ချက်ကို သိလိုက်တယ်။ အရှင်ဟာ ချက်ချင်းပဲ အနီးအနားမှာ ရေကို တွေ့လိုက်တာမို့ အဲဒီရေနဲ့ပဲ လက်ဆေးလိုက်ပြီး ဥယျာဉ်မှူးရဲ့ အဝတ်စနဲ့ လက်ကို သုတ်လိုက်တယ်။ ဝင်းဝင်းလက်လက်နဲ့ အရှင်က အဲဒီမိတ်ဆွေအဖွဲ့ကို လှည့်ပြီး နှုတ်ဆက်လိုက်တယ်။ အရှင့်အတွက် ပြင်ဆင်ထားတဲ့ အထူးဂုဏ်ပြုမှုကိုတော့ မိမိဧည့်တွေကို ပေးလိုက်ရင်း အရှင်က ရေနဲ့ လက်သုတ်ပဝါကို သူတို့အား ချစ်ချစ်ခင်ခင်နဲ့ ပေးလိုက်ပါတော့တယ်။*

## င ။ ကစားနည်း - တစ်ခါတစ်ခါ ကျွန်တော်အရပ်ရှည်ပါသည်။

ကလေးတစ်ယောက်ရဲ့ မျက်နှာကို ပုဝါနှင့်စည်းထားပြီး၊ ကျန်ကလေးတွေက သူ့ကို စက်ဝိုင်း သဏ္ဍာန်လုပ်၍ ဝိုင်းထားရမည်။ သူတို့သည် ပြိုင်တူဆိုရမည်မှာ-

"ကျနော်တို့ အလွန်အရပ်ရှည်တာ" (သူတို့က အရပ်ကို မြင့်နိုင်သမျှမြင့်အောင် ခြေဖျား ထောက်ထား ရမယ်။)

"ကျနော်တို့ အလွန်အရပ်ပုတာ" (သူတို့က အရပ်နိမ့်နိုင်သမျှ နိမ့်အောင် ဆောင့်ကြောင့်ထိုင်ချလိုက် ရမယ်။)

"တစ်ခါတစ်ခါ ကျနော်တို့ အရပ်ရှည်တာ" (သူတို့က ထပ်၍ ခြေဖျားထောက်ပြီး မတ်တပ်ရပ်ကြ ရမယ်။)

"တစ်ခါတစ်ခါ ကျနော်တို့ အရပ်ပုတာ" (သူတို့သည် ထပ်၍ ဆောင့်ကြောင့် ထိုင်ချလိုက်ရမယ်။)

အခု ကလေးတွေကို သူတို့ အရပ်မြင့်ပုံ၊ နိမ့်ပုံတွေကို ခြေဟန်လက်ဟန်နဲ့ ပြရမယ်။ နောက်ပြီး သူတို့ အားလုံးကို ဒီလို ပြောခိုင်းပါ-

"ငါတို့အားလုံး အခုဘယ်လိုဖြစ်နေတယ်ဆိုတာ ခန့်မှန်းပါ!"

မျက်နှာပဝါစည်းထားတဲ့ ကလေးဟာ သူတို့ရဲ့ အသံအနိမ့်အမြင့်ကို မှန်းပြီး အရပ် "အနိမ့်"၊ "အမြင့်"ကို ခန့်မှန်းရမယ်။ ကလေးတိုင်း မျက်နှာပဝါစည်းပြီး အလှည့်ကျ လုပ်ဖို့ အခွင့်ပေးရမယ်။

**စ ။ အရောင်ခြယ်ခြင်း - ပုံ (၉)**

**ဆ ။ အသိမ်းဆုတောင်းခြင်း**

## သင်ခန်းစာ (၁၀)

**က ။ ဆုတောင်းပတ္ထနာများ ရွတ်ဖတ်ခြင်းနှင့် အလွတ်ကျက်မှတ်ခြင်း**

အဖွင့်ဆုတောင်းများ ဖတ်ပြီးနောက် ပြီးခဲ့သည့်သင်ခန်းစာတွင် မိတ်ဆက်ပေးခဲ့သည့် ဆုတောင်းကို ဆက်ပြီး သူတို့ အလွတ်ကျက်မှတ်နိုင်ကြသည်။

**ခ ။ သီချင်းများ (ယခင်သီချင်းများကို ပြန်ပြီးနွှေးတာလည်း ပါဝင်သည်)**

### ဘုရားရှင်ကို ကျေးဇူးတင်၊ ချီးမွမ်းစို့

C Am Em
I thank and praise Thee Lord

F G
For the crown of mercy

C Am
Set upon my head

F C
It will forever glow

G7 Am
The more gratitude I show

Dm G7 C
I thank and praise Thee Lord

I thank and praise Thee Lord
For the love and knowledge
Implanted in my heart
They will grow and grow
The more gratitude I show
I thank and praise Thee Lord

I thank and praise Thee Lord

For the light of truth
That illumines my eyes
I will see Thy bounties flow
The more gratitude I show
I thank and praise Thee Lord
I thank and praise Thee Lord

## ဂ ။ ကောက်နုတ်ချက်များ အလွတ်ကျက်မှတ်ခြင်း

အလွတ်ကျက်မှတ်ရမည့် ကောက်နုတ်ချက်ကို သင့်ကျောင်းသားများအား အောက်ပါနည်းလမ်းအတိုင်း မိတ်ဆက်ပေးနိုင်သည်-

ဒို့တွေက အသေးဆုံး လက်ဆောင်လေးတွေကို ရတဲ့အခါမှာပင် ပေးတဲ့သူကို ကျေးဇူးတင် ကြတယ်။ ဒါဆိုရင် ဒို့တွေကို စောင့်ရှောက်ပေးမဲ့ ဂရုစိုက်တဲ့မျက်လုံးတွေ၊ ဒို့တွေကို ချစ်ဖို့ နှလုံးသားတွေကို ပေးထားတာတွေနဲ့ ဒို့တွေ ကြီးထွားလာပြီး ဖွံ့ဖြိုးလာနိုင်ဖို့ ဖြစ်တည်ပေးထားသမျှ အရာအားလုံးကို ပေးထားတာတွေကြောင့် ဘုရားရှင်ရဲ့ ရေတွက်လို့ မရတဲ့ လက်ဆောင်တွေနဲ့ ပေးသနားမှုတွေအတွက် ဘုရားရှင်ကို ဘယ်လောက်ထိ ပိုပြီး ကျေးဇူးတင်သင့်လဲ။ အဗ္ဗဒွလ်ဘဟာအရှင်မြတ်က ထာဝရဘုရားသခင် ဒို့ကို ပေးထားတဲ့ သနားကရုဏာတွေနဲ့ ဒို့တွေနှလုံးသားထဲမှာ အရှင့်ရဲ့ ချစ်ခြင်းမေတ္တာကို ဖြည့်ပေးထားတဲ့အတွက် ဘုရားရှင်ကို ကျေးဇူးတင်ရမယ်လို့ ပြောပြထားတယ်။ ဒို့တွေက ဘုရားရှင်ကို အချိန်တိုင်းနဲ့ ခက်ခဲတဲ့အချိန်တွေမှာလည်း ကျေးဇူးတင်ကြရမယ်။ ဘုရားရှင်ကို ကျေးဇူးတင်ခြင်းကြောင့် အရှင်ရဲ့ အကန့်အသတ်မရှိတဲ့ ပေးသနားမှုတွေကို ဒို့တွေ ပိုပိုပြီး လက်ခံရရှိနိုင်စေတယ်။ အောက်ပါ ကောက်နုတ်ချက်ကို အလွတ်ကျက်မှတ်ကြပါစို့-

**"အသင် ပျော်ရွှင်ပါလေ၊ အသင် ကျေးဇူးတင်ရှိပါလေ။ ထာဝရဘုရားသခင်အား ကျေးဇူးတင်ရှိရန် နိုးထပါလေ။ အသင်၏ ကျေးဇူးတင်ရှိမှုသည် ပေးသနားမှုများကို တိုးပွါးသွားစေနိုင်၏။"**[၁၁၀]

### *နိုးထသည်*

၁ ။ ဆဲလ်မာဟာ သူ့အဘွား အတော်နေမကောင်း ဖြစ်ပြီးတဲ့နောက် အိပ်ရာကနေ(နိုး)ထပြီး လမ်းလျှောက်တာတွေ့ရလို့ ဝမ်းသာသွားတယ်။

၂ ။ ကလေးတွေက ဆုတောင်းပတ္ထနာပြုကြဖို့ မနက်စောစော အိပ်ရာက (နိုး)ထကြတယ်။

### *(ဖြစ်)စေသည်*

၁ ။ နာဒီယာက အမြဲတမ်းသန့်ရှင်းတယ်။ သန့်ရှင်းမှုက ဝိညာဏပိုင်း ကြီးထွားဖွံ့ဖြိုးဖို့အတွက် အရေးကြီးတယ်ဆိုတာကို သူ သိတယ်။ သန့်ရှင်းမှုက ဝိညာဏပိုင်း ဖွံ့ဖြိုးတိုးတက်မှုကို ဖြစ်စေတယ်။

၂။ ဆက်ဖ်ရဲ့ မိသားစုဝင်တွေက အရေးကြီးတဲ့ ကိစ္စရပ်အားလုံးမှာ ပူးပေါင်းဆောင်ရွက်ပြီး တစ်ယောက်နဲ့ တစ်ယောက် ကူညီပေးကြတယ်။ သူတို့ ပူးပေါင်းဆောင်ရွက်တဲ့အတွက်ကြောင့် သဟဇာတဖြစ်ဖြစ် နေထိုင်ကြတယ်။ ပူးပေါင်းဆောင်ရွက်မှုက သဟဇာတဖြစ်မှုကို ဖြစ်စေတယ်။

*တိုးပွါးသည်*

၁။ ပြီးခဲ့တဲ့နှစ်က မာရီယာကျောင်းမှာ ဆရာ ငါးယောက်ပဲရှိခဲ့တာ။ ဒီနှစ်တော့ ဆရာရှစ်ယောက် ဖြစ်လာပြီ။ ကျောင်းမှာ ဆရာဦးရေ သုံးဦးတိုးလာတယ်။

၂။ ရှာယန်ဟာ ပျော်ပျော်နေတတ်တဲ့ ကောင်လေးပါ။ သူက အခြားသူတွေကို ကူညီပေးနိုင်တဲ့အခါတိုင်း သူ့ပျော်ရွှင်မှုက ပိုပြီးတောင် များလာတယ်။ သူ့ပျော်ရွှင်မှုဟာ အခြားသူတွေကို အမှုထမ်းပေးတဲ့အခါ တိုးပွါးလာတယ်။

## ဃ ။ ဖြစ်ရပ်မှန်

တစ်နေ့မှာ ချမ်းသာတဲ့အမျိုးသမီးတစ်ယောက်ဟာ ဟိုးအဝေးတစ်နေရာကနေ သန့်ရှင်း မြင့်မြတ်ရာမြေမှာရှိတဲ့ အဗ္ဗဒွလ်ဘဟာအရှင်မြတ်ကို တွေ့ဖို့လာခဲ့တယ်။ အရှင်နဲ့တွေ့တဲ့အခါ သူ့ရဲ့ ဒုက္ခအသေးအဖွဲ လေးတွေကို တစ်ခုပြီးတစ်ခု အရှည်ကြီး စပြီးပြောတော့တာပဲ။ အဗ္ဗဒွလ်ဘဟာအရှင်မြတ်လည်း စိတ်ရှည်ရှည်၊ ကြင်နာမှုအပြည့်နဲ့ နားထောင်ပေးနေရင်း နောက်ဆုံးတော့ အရှင်ဟာ နောက်ထပ်ချိန်းဆိုထားတာတစ်ခုကြောင့် သွားရတော့မဲ့အချိန် ရောက်လာတယ်။ ဒါပေမဲ့ အရှင်က သူ့ဧည့်သည်ထံကနေ မသွားခင် ပြတင်းပေါက်အပြင်ဘက်ဆီမှာ လမ်းလျှောက်နေတဲ့ လူကြီးလူကောင်းတစ်ယောက်ကို ညွှန်ပြခဲ့တယ်။ "အဲဒါက သင့်ကို သူ့ဆီ ငါအရှင် ခေါ်သွားမဲ့လူပဲ" လို့ အရှင်က ပြောပြတယ်။ "သူ့နာမည်က မီရဇာဟောဒါအလီတဲ့။ သူက မြေကြီးပေါ်မှာတော့ လမ်းလျှောက်နေတာပဲ။ ဒါပေမဲ့ သူက ကောင်းကင်ဘုံမှာနေတာ"လို့ အဗ္ဗဒွလ်ဘဟာအရှင်မြတ်က ရှင်းပြခဲ့တယ်။ "သူ့မှာ ဒုက္ခတွေအများကြီး ကြုံခဲ့တယ်။ ဒါ့ကြောင့်မို့ ဒါတွေအကြောင်း သူ ပြောပြလိမ့်မယ်။"

မီရဇာဟောဒါအလီဟာ တကယ် ဒုက္ခများစွာ ကြုံခဲ့တယ်။ သူက ပါးရှားပြည်ကပါ။ အဲဒီနေရာမှာ ဘဟာအီတွေကို မတရားမှု၊ ရက်စက်မှုကြီးတွေနဲ့ ဆက်ဆံကြတယ်။ အချို့လူတွေကို ဖမ်းဆီးတယ်။ လွှဲမှားစွာ ထောင်ချတယ်။ ကျန်သူတွေကိုကျပြန်တော့ အမုန်းစိတ်၊ ဒေါသစိတ်ပြည့်နေတဲ့လူတွေက ရိုက်နှက်ကြတယ်။ မီရဇာဟောဒါအလီ သူ့ဘဝမှာ ကြုံကြုံခံခဲ့ရတဲ့ ဒီဒုက္ခတွေအားလုံးကို နားထောင်ရရင် မင်းတို့တွေရဲ့ နှလုံးသားတွေ ဝမ်းနည်းကုန်ကြလိမ့်မယ်။

အခုတော့ အဗ္ဗဒွလ်ဘဟာအရှင်မြတ်ဟာ မီရဇာဟောဒါအလီကို ထွက်ကြိုပြီး သူ့ဧည့်သည်နဲ့ တွေ့ဖို့ ခေါ်လာတယ်။ အမျိုးသမီးနဲ့ သူ့ကို မိတ်ဆက်ပေးပြီးနောက် အဗ္ဗဒွလ်ဘဟာအရှင်မြတ်က ထွက်သွား တော့တယ်။ ချက်ချင်းပဲ မီရဇာဟောဒါအလီက ဒို့တွေ နေထိုင်ရတဲ့အချိန်အခါနဲ့ ဘုရားရှင်ရဲ့ ကောင်းချီးမင်္ဂလာတွေအားလုံး ကျရောက်ပုံကို ကြီးမားတဲ့ ပျော်ရွှင်မှု၊ ကျိုးနွံနှိမ့်ချမှုတွေနဲ့ အမျိုးသမီးကို စပြီး စကားပြောတော့တယ်။ ဒါနဲ့ ဧည့်သည်အမျိုးသမီးက ခဏနားထောင်ရင်း

စိတ်မရှည်ဖြစ်လာပြီးတော့ ကြားဖြတ်ပြီး "ဒါပေမဲ့ အဖ္ဗဒွလ်ဘဟာအရှင်မြတ် ပြောတော့ ရှင့်ရဲ့ ဒုက္ခတွေအကြောင်း ကျမကို ပြောပြမှာဆို" လို့ ပြောလိုက်တယ်။ မီရဇာဟေဒါအလီက တအံ့တသြနဲ့ ကြည့်လိုက်တယ်။ "ဒုက္ခတွေ ဟုတ်လား"။ "ဘာလို့လဲဆိုတော့ဗျာ ကျနော့မှာ ဘယ်တုန်းကမှ ဒုက္ခဆိုတာ မရှိခဲ့ဘူး။ ဒုက္ခဆိုတာ ဘာတွေလဲ ကျနော် မသိဘူး။" တကယ်တော့ မီရဇာဟေဒါအလီဟာ ဒုက္ခကြီးကြီးမားမားတွေ ကြုံခဲ့ရပေမဲ့ ဒါတွေက သူ့ရဲ့ပျော်ရွှင်မှုကို ဘယ်တော့မှ မထိခိုက်စေခဲ့သလို သူ့ဘဝတစ်လျှောက်လုံးမှာ သူ့ကို ပေးခဲ့တဲ့ ဘုရားရှင်ရဲ့ ကောင်းချီးမင်္ဂလာတွေကိုပဲ မြင်ခဲ့တာ။ သူက အဲဒီအတွက်ပဲ ကျေးဇူးတင်ရှိခဲ့တယ်ဆိုတာကို အဖ္ဗဒွလ်ဘဟာအရှင်မြတ်က သိထားပြီးသားပေါ့။

## င ။ ကစားနည်း- "သွေးခုန်နှုန်း မြန်မြန်"

ကျောင်းသားတွေကို လက်ချင်းကိုင်ပြီး စက်ဝိုင်းပုံသဏ္ဍာန် ဖွဲ့ခိုင်းပါ။ ပထမဆုံး လက်တွေကိုင်ထားရင်း သူတို့ရဲ့ ဘယ်လက်တွေကို ညှစ်ခိုင်းပါ။ နောက် ညာဘက်လက်တွေကို ညှစ်ခိုင်းပါ။ အဲဒီနောက် သူတို့ဟာ အဖွဲ့အတွင်းမှာ "သွေးခုန်နှုန်း"ကို အချက်ပြရမယ်ဆိုတာ ရှင်းပြပါ။ ကလေးတစ်ယောက်က သူ့ ညာဘက်မှာရှိတဲ့ ကလေးရဲ့လက်ကို အမြန်ညှစ်ပြီး "သွေးခုန်နှုန်း"ကို စလိုက်ရမယ်။ ဒုတိယကလေးက အဲဒီအတိုင်း နောက်တစ်ယောက်ကို ဆက်လုပ်ပြီး နောက်ဆုံးမှာ ပထမဆုံးကလေးဆီ ပြန်ရောက်တဲ့အထိ အဲဒီအတိုင်း အချက်ပြရမယ်။ ကလေးတွေကို အချိန်သတ်မှတ်ပေးထားပြီး မြန်သထက်မြန်အောင်လုပ်ဖို့ သူတို့ကို စိန်ခေါ်ရမယ်။ ဒီအခြေခံ ကစားနည်းကို နားလည်သွားတဲ့အခါ သွေးခုန်နှုန်းကို ဆန့်ကျင်ဘက်ဆီ သူတို့ကို ပို့ခိုင်းပါ (သို့) သွေးခုန်နှုန်းတစ်ကြိမ်မှာ ညှစ်တဲ့ အရေအတွက်ကို တိုးခိုင်းပါ။

စ ။ အရောင်ခြယ်ခြင်း- ပုံဆွဲစာရွက် ၁၀

ဆ ။ အသိမ်းဆုတောင်းများ

# သင်ခန်းစာ (၁၁)

## က ။ ဆုတောင်းပတ္ထနာများ ရွတ်ဖတ်ခြင်းနှင့် အလွတ်ကျက်မှတ်ခြင်း

ပုံမှန်အတိုင်းပင် သင်တန်းကို အလွတ်ရသည့် ဆုတောင်းတစ်ပုဒ် ဖတ်ပြီး ကလေးအနည်းငယ်ကို တစ်ပုဒ်စီ ဖတ်ခိုင်းပြီး ဖွင့်ပါ။ သင်ခန်းစာ ၉ တွင် သူတို့ စပြီးသင်ယူခဲ့သည့် ဆုတောင်းပတ္ထနာကို သူတို့ ဆက်ပြီး အလွတ်ကျက်မှတ်ရာတွင် ကူညီပေးနိုင်ပါသည်။

## ခ ။ သီချင်းများ (ယခင်သီချင်းများကို ပြန်ပြီးနွှေးတာလည်း ပါဝင်သည်)

# ကောင်းတာကို ကြည့်

```
             C
I've got excellence as my goal
                    F7
But I've got a long, long way to go
                        C
And I know it helps me on my way
                   G7              C
 When I see the good in every day
          F7
So if I see something you do wrong
                   C
I won't sing about it in this song
                   G7
I won't talk about it with my friends
                   F7              C
I won't even think about it again
```

Chorus:

```
                       F7
 I'll look at the good in you
                         C
 I'll look at the good in you
                          G7
 I know that you'd want me to
                         F7            C
'Cause that's what I'd want you to do
                                F7
And God looks for the good in me
                         C             Am
He looks for the good in me
          C              G
And when I put a cover
                 F7
On those little faults of others
          C                    G7                C
I hope God will put a cover on my faults too
```

'Abdu'l-Bahá was very wise
He saw your heart inside your eyes
And when He noticed something wrong
He'd find some way to make you strong
So if I find some fault in you
I know just what I have to do
I won't go tell anybody else
No, I won't even tell myself

Chorus

## ၈ ။ ကောက်နုတ်ချက်များ အလွတ်ကျက်မှတ်ခြင်း

အောက်ပါ အယူအဆများကို သင့်ကျောင်းသားများအား မျှဝေပေးခြင်းဖြင့် သင်ခန်းစာ၏ အဓိက အကြောင်းအရာနှင့် အလွတ်ကျက်မှတ်ရမည့် ကောက်နုတ်ချက်ကို မိတ်ဆက်ပေးဖို့ အကြံပြုပါသည်။

ခွင့်လွှတ်မှုဆိုတာ ထာဝရဘုရားသခင်ရဲ့ ဂုဏ်အင်္ဂလက္ခဏာရပ်တွေထဲက တစ်ခုပေါ့။ အဗ္ဗဒွလ်ဘဟာအရှင်မြတ်က ဒို့တွေဟာ တစ်ယောက်နဲ့တစ်ယောက် အမြဲတမ်း ခွင့်လွှတ်ကြရမယ်လို့ မိန့်မှာခဲ့တာ။ ဒို့တွေဟာ ခွင့်လွှတ်တဲ့ မျက်လုံးတွေနဲ့ ကြည့်သင့်ပြီး တစ်ယောက်ရဲ့အပြစ်ကို တစ်ယောက်က မကြည့်သင့်ကြဘူး။ အဗ္ဗဒွလ်ဘဟာအရှင်မြတ်ရဲ့ စံနမူနာအတိုင်း လိုက်လျှောက်မယ်ဆိုရင် ဒို့တွေရဲ့ မိတ်ဆွေသူငယ်ချင်းတွေက အမှားလုပ်တဲ့အခါ သူတို့ကို ခွင့်လွှတ်ပေးရုံတင်မကဘူး ဒို့တွေအပေါ် မကြင်နာတဲ့လူတွေကိုလည်း ခွင့်လွှတ်ကြရမယ်။ ခွင့်လွှတ်ဖို့အတွက် ဒို့တွေ ကြိုးစားအားထုတ်တဲ့အခါ အထောက်အကူဖြစ်စေဖို့ အောက်ပါ ကောက်နုတ်ချက်ကို အလွတ်ကျက်မှတ်ကြပါစို့-

**“. . . ခွင့်လွှတ်ခြင်းနှင့် သနားကရုဏာထားခြင်းတို့သည် သင်တို့၏ အဆင်တန်ဆာဖြစ်ပါစေ။ ယင်းအားဖြင့် ထာဝရဘုရားသခင် ကျေနပ်နှစ်ခြိုက်သူများ၏ နှလုံးသားများကို ကြည်နူးဝမ်းမြောက်စေအံ့။”**[၁၁၁]

*သနားကရုဏာ*

၁ ။ မိုးက ရက်အတော်ကြာ ဆက်တိုက် ရွာခဲ့တယ်။ တစ်ရွာလုံး ရေကြီးသွားတာတောင်မှ မိုးက ရွာတာ ရပ်မသွားခဲ့ဘူး။ မိုးဟာ ဘာသနားကရုဏာမှ မပြခဲ့ဘူး။

၂ ။ ဘုရားရှင်ထံ ဆုတောင်းပတ္ထနာပြုတဲ့အခါ အရှင်က ဒို့တွေရဲ့ အမှားတွေကို ခွင့်လွှတ်တယ်။ ဒါ့ကြောင့် ဘုရားရှင်က ဒို့အပေါ်ကို သနားကရုဏာ ပြသတယ်။

*ကြည်နူးဝမ်းမြောက်စေသည်*

၁ ။ အာဆူလာဟာ နေမကောင်းဖြစ်နေတယ်။ သူ့သူငယ်ချင်း အယ်ဆီက သူ့အတွက် ပန်းတွေဝယ်လာပြီး သူနှင့်အတူ အချိန်အတော်ကြာထိ ထိုင်ရင်း ဖြစ်စဉ်ဖြစ်ရပ်တွေ အကြောင်းပြောပြီး စကားတွေ ပြောနေခဲ့တယ်။ အယ်ဆီရဲ့ လည်ပတ်မှုကြောင့် အာဆူလာကို နေကောင်းသွားစေတယ်။ သူ့ရဲ့ လည်ပတ်မှုက အာဆူလာကို ကြည်နူးဝမ်းမြောက်စေတယ်။

၂ ။ မစ္စက် ဆန်ချက်ဟာ အနီးအနားက မြို့မှာ အလုပ်သွားလုပ်နေတဲ့ သူ့ခင်ပွန်းထံမှ စာရှည်ရှည် တစ်စောင်ကို ရရှိခဲ့တယ်။ ဒီစာထဲမှာ သူ့ခင်ပွန်းဟာ မကြာခင် အိမ်ပြန်လာတော့မယ်ဆိုတဲ့ သတင်းကောင်းကို ရေးထားတယ်။ အဲဒီသတင်းက သူ့ကို အများကြီး ကြည်နူးဝမ်းမြောက် သွားစေတယ်။

*ကျေနပ်နှစ်မြို့က်သည်*

၁။ ဆရာမက သူ့ ကျောင်းသာတွေအားလုံးကို ချစ်ခင်ပြီး တစ်ယောက်ချင်းစီကို အထူးအာရုံစိုက်ပေးတယ်။ သူက သူတို့အားလုံးကို ကျေနပ်နှစ်မြို့က်တယ်။

၂။ ဂျိမ်းစ်က ကျောင်းမှာသင်တဲ့ ဘာသာရပ်အားလုံးကို ကြိုက်ပေမဲ့ သိပ္ပံဘာသာကိုတော့ အကောင်းဆုံး ကြိုးစားတယ်။ သိပ္ပံက သူ အနှစ်မြို့က်ဆုံး ဘာသာရပ်ဖြစ်ပါတယ်။

## ဃ ။ ဖြစ်ရပ်မှန်

*အဏ္ဏာမှာ အဗ္ဗဒွလ်ဘဟာအရှင်မြတ် နေထိုင်စဉ် ဘဟာအီများကို ထပ်ကာထပ်ကာ ဒုက္ခပေးဖို့ ကြိုးစားသည့် မြို့စားတစ်ယောက် ရှိတယ်။ တစ်ခါမှာ သူက ဘဟာအီတွေ လုပ်ကိုင် စားသောက်နေတဲ့ နည်းလမ်းမှန်သမျှကို ဖျက်စီးမဲ့အစီအစဉ်တစ်ခုကို ချထားတာမို့ သူက သူ့အစောင့်များကို ဘဟာအီအားလုံးရဲ့ ဈေးဆိုင်တွေ ပိတ်ချလိုက်ပြီး သော့တွေကို သူ့ဆီယူလာခဲ့ဖို့ အမိန့်ပေးလိုက်တယ်။ ဒါပေမဲ့ အဗ္ဗဒွလ်ဘဟာအရှင်မြတ်က မြို့စားရဲ့ အကြံအစည်ကို သိလိုက်သွားပြီး သာသနာဝင်တွေကို နောက်နေ့မှာ ဈေးဆိုင်တွေကို မဖွင့်ဖို့ ညွှန်ကြားခဲ့တယ်။ ထာဝရဘုရားသခင်က ဘာကို ချပေးမလဲဆိုတာကို စောင့်ကြည့်ဖို့ အရှင်က သူတို့ကို မိန့်မှာခဲ့တယ်။*

*ဈေးဆိုင်တွေက ပိတ်ထားတာကြောင့်မို့ သူ့အစောင့်တွေဆီမှာ သော့ပါလာဘူးဆိုတာကို မြို့စားဆိုသူ ကြားလိုက်ရတော့ ဘယ်လောက်တောင် အံ့သြသွားမလဲဆိုတာကို စဉ်းစားကြည့်ပါ။ နောက် ဘာဆက်လုပ်ရမယ်ဆိုတာကို စဉ်းစားလို့မရသေးခင် မမျှော်လင့်တာတစ်ခု ဖြစ်လာခဲ့တယ်။ သူ့ကို မြို့စားရာထူးကနေ ဖြုတ်ချလိုက်ပြီဆိုတဲ့ ကြေးနန်းစာတစ်စောင် သူ့အထက်အရာရှိတွေထံကနေ ရရှိခဲ့တယ်။ ဒါကြောင့်မို့လဲ ဘဟာအီတွေရဲ့ ဆိုင်တွေလည်း အန္တရာယ်ကင်းသွားတော့တယ်။*

*ရာထူးကျသွားတဲ့ မြို့စားကို အဏ္ဏာကနေ ဒမတ်စကတ်လို့ခေါ်တဲ့ နောက်တစ်မြို့ ထွက်ခွါသွားဖို့ အမိန့်ပေးထားတယ်။ သူလည်း ဘာလုပ်ရမှန်းမသိတော့ဘူး။ တစ်ယောက်တည်း အမြန် ထွက်သွားရတော့မှာ။ ဒါဆိုရင် သူ့မိသားစု ဘာဖြစ်သွားမလဲ။ အစိုးရရာထူးက ပြုတ်သွားတဲ့ လူတစ်ယောက်ကို ဘယ်သူက ကူညီပါ့မလဲ။ မာစတာ- အဗ္ဗဒွလ်ဘဟာအရှင်က ဒီသတင်းကို ကြားတဲ့အခါ သူ့ကို သွားတွေ့တယ်။ အရှင်က စိတ်မချမ်းမသာ ဖြစ်နေတဲ့သူ့ကို ကြီးမားတဲ့ ကြင်နာမှုတွေ ပြသလိုက်ပုံဟာ ဒီလူက ဘယ်တုန်းကမှ သာသနာ့ရန်သူ မဖြစ်ခဲ့ဘူးတဲ့အလား ပြသသွားခဲ့တယ်။ အရှင်က သူ့ရဲ့ အရှင်တုံးက လုပ်ခဲ့တဲ့ အမှားတွေကို တစ်ကြိမ်တောင် ထုတ်မပြခဲ့ဘူး။ အရှင်က ဖြစ်နိုင်တဲ့ နည်းလမ်းမှန်သမျှနဲ့ သူ့ကို ကူညီပေးခဲ့တယ်။ ရာထူးကျသွားတဲ့ မြို့စားလည်း ထားခဲ့ရမဲ့ သူ့ဇနီးနှင့် ကလေးတွေအတွက် စိုးရိမ်နေရှာတယ်။ အဗ္ဗဒွလ်ဘဟာအရှင်မြတ်က အဲဒီကိစ္စကို သူ ဂရုစိုက် စောင့်ရှောက်မယ်လို့ အာမခံခဲ့တယ်။ နောက်ပိုင်းမှာ အရှင်က သူတို့အတွက် သက်တောင့်သက်သာရှိမဲ့ ခရီးစဉ်ကို စီစဉ်ပေးခဲ့တယ်။ သူ့ဇနီးနဲ့ သားသမီးတွေအတွက် စိတ်ချရတဲ့ အစောင့်တစ်ယောက်ကိုပါ*

*ထည့်ပေးလိုက်ပြီး ကုန်ကျစရိတ် အားလုံးကိုပေးခဲ့တယ်၊ သူ့မိသားစုကိုလည်း ဒမတ်စကတ်အထိ ပို့ပေးခဲ့တော့တယ်။*

*ရာထူးကျသွားတဲ့ မြို့စားလည်း သူ့မိသားစုနဲ့ ပြန်ဆုံရတာကြောင့် ဝမ်းသာနေတယ်။ ကျေးဇူးတင်စိတ် ပြည့်နေတဲ့ နှလုံးသားနဲ့ သူ့မိသားစုကို လိုက်ပို့ပေးတဲ့လူဘက်ကိုလှည့်ပြီး ခရီးစဉ်အတွက် ကုန်ကျစရိတ်ကို မေးလိုက်တယ်။ ကုန်ကျစရိတ်ကို အဗ္ဗဒ္ဒလ်ဘဟာအရှင်မြတ်က ပေးလိုက်ပါတယ်လို့ အဲဒီလူက ရှင်းပြတယ်။ ဒါနဲ့ ခရီးစဉ်တလျှောက်လုံးမှာ ကြင်ကြင်နာနာနှင့် ဂရုတစိုက် စောင့်ရှောက် ခဲ့တဲ့သူ့ကို လက်ဆောင်တစ်ခုခု ပေးခဲ့တယ်။ ဒါပေမဲ့လို့ သူက ပေးတဲ့လက်ဆောင်ကို လက်မခံခဲ့ပါဘူး။ သူဟာ အဗ္ဗဒ္ဒလ်ဘဟာအရှင်မြတ်ကို နာခံဖို့ပဲရှိတာမို့ သူ့ အမှုထမ်းရွက်တာတွေအတွက် ဘာကိုမျှ လက်မခံလိုပါဘူးလို့ ပြန်ပြီးပြောပြတယ်။ အဲဒီနောက် မြို့စားဖြစ်သူက အဲဒီလူကို သူ့အိမ်မှာ ဧည့်သည်အဖြစ် ညအိပ်ဖို့ တောင်းဆိုလိုက်ပါတယ်။ အဲဒီလူကပဲ အရှင့်ရဲ့ ညွှန်ကြားချက်မှန်သမျှကို လိုက်လျှောက်ဖို့ စိတ်အားထက်ထက်သန်သန်ရှိတာမို့ အရှင်က အက္ကာကို ချက်ချင်း ပြန်လာဖို့ မှာလိုက်ပါတယ်လို့ ပြောပြလိုက်တယ်။ ရာထူးကျသွားတဲ့ မြို့စားက အဗ္ဗဒ္ဒလ်ဘဟာအရှင်မြတ်ထံ စာတစ်စောင်လောက် ရေးပေးချင်တာကြောင့် နည်းနည်းလောက် စောင့်ပေးဖို့ တောင်းဆိုခဲ့တယ်။ သူလည်း လက်ခံလိုက်ပြီး အက္ကာကို ပြန်ရောက်လျှင် ရောက်ချင်း အဲဒီစာကို အဗ္ဗဒ္ဒလ်ဘဟာ အရှင်မြတ်ထံ ပေးအပ်ခဲ့တယ်။ စာထဲမှာ ရေးထားတာကတော့ "အို အဗ္ဗဒ္ဒလ်ဘဟာအရှင်မြတ် အကျွန်ုပ်အား ခွင့်လွှတ်ပါရန် တောင်းပန်ပါ၏။ အကျွန်ုပ်သည် အရှင့်အား နားမလည်ခဲ့ပါ။ အရှင့်ကိုလည်း မသိရှိခဲ့ပါ။ အကျွန်ုပ်က အရှင့်ကို မကောင်းတာတွေများများ လုပ်ခဲ့ပါတယ်။ အရှင်ကတော့ အကျွန်ုပ်ကို ကောင်းတာတွေများများနဲ့ ချီးမြှင့်ပေးပါတော့တယ်"လို့ ဖြစ်ပါတော့တယ်။*

## င ။ ကစားနည်း- "လူအချင်းချင်း"

ကလေးတွေဟာ လက်ခုပ်တီး၍ "လူအချင်းချင်း"လို့ ပြောပြီး အလျှဉ်းသင့်သလို ပတ်ပြီး လျှောက်ခိုင်းပါ။ သင်က "နောက်ကျောချင်းကပ်"လို့ ပြောလိုက်ရင် ကလေးတွေက ရပ်ပြီး ကိုယ်ရဲ့ အဖော်နဲ့ ကျောချင်းကပ်ရမယ်။ အဲဒီနောက် သင်က အချက်ပြလိုက်ပြီဆိုရင် ထပ်၍ "လူအချင်းချင်း"လို့ ပြောရင်း ပတ်လျှောက်ခိုင်းပါ။ သင်က "မျက်နှာချင်းဆိုင်"လို့ ပြောလိုက်ရင် ကလေးတွေက ကိုယ့်ရဲ့အဖော်နဲ့ မျက်နှာချင်းဆိုင်ရပ်၍ ဦးညွှတ်ရမယ်။ ဒီပုံစံအတိုင်း ဒီအမိန့်နှစ်ခုကို အကြိမ်များများပြောပြီး ကစားနည်းကို ဆက်ကစားနိုင်ပါတယ်။ ဥပမာ တခြားအမိန့်တွေဖြစ်တဲ့ ဒူး ဒူးချင်းထိ၊ တံတောင် တံတောင်ချင်းထိ စတာတွေလည်း ထည့်နိုင်ပါတယ်။

## စ ။ အရောင်ခြယ်ခြင်း- ပုံဆွဲစာရွက် ၁၁

## ဆ ။ အသိမ်းဆုတောင်းများ

# သင်ခန်းစာ (၁၂)

## က ။ ဆုတောင်းပတ္ထနာများ ရွတ်ဖတ်ခြင်းနှင့် အလွတ်ကျက်မှတ်ခြင်း

အခါတိုင်းကဲ့သို့ပင် သင်တန်းကို ဆုတောင်းများဖြင့် စသင့်သည်။ ထို့နောက် ပြီးခဲ့သည့် သင်ခန်းစာ သုံးခုတွင် သူတို့ သင်ယူထားသည့် ဆုတောင်းကို ကလေးများနှင့် ပြန်ပြီးနွေးနိုင်သည်။ သင်ခန်းစာ ၁၃ တွင် သူတို့ အလွတ်ကျက်ရမည့် ဆုတောင်းအသစ်ကို မိတ်ဆက်ပေးမှာဖြစ်တာကြောင့် သူတို့ကျက်ခဲ့သည့် ဆုတောင်းကို ကောင်းကောင်း ရွတ်နိုင်ကြရမည်။

## ခ ။ သီချင်းများ (ယခင် သီချင်းများကို ပြန်ပြီးနွေးတာလည်း ပါဝင်သည်)

### နေရောင်ခြည်ထက် ပိုသာတယ်ကွာ

C G D G
အမှန်တရားက နေရောင်ထက် ပိုသာတယ်ကွာ

C G D G
အမှန်တရားက နေရောင်ထက် ပိုသာတယ်ကွာ

C G D G
အမှန်တရားနဲ့ လူရဲ့နှုတ်လျှာ လှစေရမှာ

C G D G
အမှန်တရားနဲ့ လူရဲ့နှုတ်လျှာ လှစေရမှာ

ရိုးသားမှုနဲ့ လူ့ဝိညာဉ်ကို တန်ဆာဆင်ထား
ရိုးသားမှုနဲ့ လူ့ဝိညာဉ်ကို တန်ဆာဆင်ထား
ရိုးသားမှုဟာ နေရောင်ထက် ပိုသာတယ်ကွာ
ရိုးသားမှုဟာ နေရောင်ထက် ပိုသာတယ်ကွာ

## ဂ ။ ကောက်နုတ်ချက်များ အလွတ်ကျက်မှတ်ခြင်း

ဤသင်ခန်းစာ၏ အဓိကအကြောင်းအရာဖြစ်သည့် ရိုးသားမှုအကြောင်းနှင့် သူတို့ ကျက်မှတ်ရမည့် ကောက်နုတ်ချက်ကို သင့်ကျောင်းသားများအား ချပြရာတွင် အောက်ပါ အယူအဆအနည်းငယ်ကို သင့်အနေဖြင့် မျှဝေပေးနိုင်ပါသည်။

ဥယျာဉ်တွေကို ပုံစံမျိုးစုံ၊ အရောင်မျိုးစုံတဲ့ ပန်းတွေနဲ့ အလှဆင်ထားတယ်။ နွေဦးပေါက်ရာသီဆိုရင် သစ်သီးပင်တွေကို ရနံ့ကောင်းတဲ့ အဖူးအပွင့်တွေနဲ့ အလှဆင်ထားတယ်။ ဒို့တွေ ကိုယ်တိုင်ကိုကျတော့ သန့်ရှင်းပြီး အစွန်းအထင်းကင်းတဲ့ အဝတ်အစားတွေနဲ့ အလှဆင်ကြရတယ်။ ဒီအလှဆင်မှုတွေ အားလုံးက အလှတရားကို တိုးပွါးစေတာ။ ဒါပေမဲ့ ရုပ်ပိုင်းပစ္စည်းတွေထက် လူတွေကို ပိုပြီး လှပစေတာကတော့ ဝိညာဏအရည်အသွေးတွေရဲ့ ထွန်းလင်းတောက်ပမှုကြောင့်ပေါ့။ ဒါကိုက ဒို့တွေရဲ့ နှလုံးသားတွေကို ပျော်ရွှင်မှုဖြစ်စေတာ။ ဒို့တွေရဲ့ ဘဝရှင်သန်မှုတွေကို အလှဆင်ပေးတဲ့

အလုပဆုံးအရည်အသွေးတွေထဲက တစ်ခုကတော့ ရိုးသားဖြောင့်မတ်မှုပါပဲ။ ကိုယ့်ကိုယ်ကို ရိုးသားဖြောင့်မတ်မှုနဲ့ အလုဆင်ကြတဲ့အခါ အခြားလူတွေပိုင်တဲ့ ပစ္စည်းတွေကို သူတို့ ခွင့်ပြုချက်မရှိဘဲနဲ့ မယူကြဘူး။ ဘယ်သူ့ကိုမဆို တစ်ခုခု လုပ်ခိုင်းဖို့ လိမ်ညာတာ၊ လှည့်ဖျားတာကိုလည်း ဘယ်တော့မှ မလုပ်ဘူး။ ရိုးသားဖြောင့်မတ်တဲ့ အရည်အသွေးကို သတိရနေဖို့ ဘဟာအွလ္လာဘုရားရှင်ရဲ့ အောက်ပါကောက်နုတ်ချက်ကို အလွတ်ကျက်မှတ်ကြပါစို့-

**"အို လူအပေါင်းတို့၊ သင်တို့၏နှုတ်လျှာအား အမှန်ပြောဆိုခြင်းဖြင့် လှပကျက်သရေရှိအောင် ပြုကြကုန်လော့၊ သင်တို့၏ နာမ်ဝိညာဉ်ကိုလည်း ရိုးသားဖြောင့်မတ်ခြင်းဖြင့် ခြယ်မှုန်း၍ ဆင်မြန်းကြကုန်လော့။"[၁၁၂]**

*လှပအောင်ပြုသည်*

၁။ မာလစ်က လှပတဲ့ နှင်းဆီပန်းပင်တွေကို ဥယျာဉ်ထဲမှာ စိုက်ပျိုးထားတယ်။ နှင်းဆီပန်း များတွေက ဥယျာဉ်ကို လှပစေတယ်။

၂။ ဆန်နီက မှန်တာကို ပြောလေ့ရှိတယ်။ သူ ပြောတဲ့စကားတွေကို အမှန်ပြောဆိုမှုနဲ့ အမြဲတမ်း လှပစေတယ်။

## ဃ။ ဖြစ်ရပ်မှန်

*အဗ္ဗဒွလ်ဘဟာအရှင်မြတ်ဘဝရဲ့ နောက်ပိုင်းအချိန်တွေမှာ အရှင်က ကမ္ဘာတစ်လွှားက နေရာတော်တော်များများကို ခရီးသွားနိုင်ခဲ့တယ်။ ဘယ်နေရာကိုပဲ အရှင်သွားခဲ့တာဖြစ်ဖြစ် ဘဝအခြေအနေပေါင်းစုံက အလုပ်သမားတွေ၊ ခေါင်းဆောင်တွေ၊ ပညာရေးပို့ချသူတွေ၊ သိပ္ပံပညာရှင်တွေ စတဲ့ လူပေါင်းစုံနဲ့ တွေ့ခဲ့တယ်။ အရှင်က တွေ့ခဲ့တဲ့လူတိုင်းကို စိတ်သက်တောင့်သက်သာဖြစ်အောင် မိမိတတ်နိုင်သမျှ လုပ်ပေခဲ့တယ်။ တစ်နေ့ အီဂျစ်ပြည်မှာ အဆင့်မြင့် အစိုးရအရာရှိတစ်ဦးကို နေ့လည်စာစားဖို့ မိမိဧည့်သည်အဖြစ် လာရောက်ဖို့ အရှင်က ဖိတ်ခဲ့တယ်။ ဒီလိုမျိုးအရာရှိတွေဆိုတာ သက်တောင့်သက်သာရှိတဲ့ စီးယာဉ်တွေနဲ့ အကျွမ်းတဝင် ရှိတတ်တာမို့ အဗ္ဗဒွလ်ဘဟာအရှင်မြတ်က သူတို့ သွားမဲ့နေရာအထိ စီးမဲ့ ရထားလုံး(မြင်းလှည်း)တစ်စီးကို ငှါးခဲ့တယ်။*

*စီးရတာတော့ သိပ်မကြာလိုက်ဘဲ မကြာခင် သူတို့နေ့လည်စာ စားမဲ့နေရာကို ရောက်ခဲ့တယ်။ ဒါပေမဲ့ ရထားလုံးသမားက မြင်းလှဲခတောင်းဖို့ အဗ္ဗဒွလ်ဘဟာအရှင်မြတ်ထံ ရောက်လာတဲ့အခါ သူက အဲဒီခရီးအတွက် မျှတတဲ့ဈေးထက် ပိုပြီးတောင်းခဲ့တယ်။ အဗ္ဗဒွလ်ဘဟာအရှင်မြတ်က ဒီမြင်းလှည်းသမား မရိုးသားဘူးဆိုတာ သိလိုက်တယ်။ အရှင်က သူပေးရမဲ့ဟာလောက်သာ ပေးခဲ့ပြီး လှည့်ထွက်ဖို့ ပြင်လိုက်တယ်။*

*မြင်းလှည်းသမားက စောဒကတက်ဖို့ ကြိုးစားတော့လည်း အဗ္ဗဒွလ်ဘဟာအရှင်မြတ်က ခိုင်ခိုင်မာမာ ရပ်တည်ခဲ့တာပဲ။ အရှင်က တကယ်လို့ မြင်းလှည်းခနဲ့ပတ်သက်ပြီး သူက ရိုးသားတယ်ဆိုရင် သူ့ကို*

*အပိုဆုငွေများများစားစား ပေးပြီးသားဖြစ်မယ်လို့ အရှင်က သူ့ကို ပြောပြတယ်။ အဲဒီနောက် မာစတာက လမ်းလျှောက်ထွက်သွားပြီး မြင်းလှည်းသမားကိုတော့ သူ့လုပ်ရပ်အပေါ် စဉ်းစားဖို့ ထားရစ်ခဲ့တော့တယ်။*

### င ။ ကစားနည်း- "စတုရန်း၊ စက်ဝိုင်း၊ တြိဂံ"

ကလေးတွေဟာ "စတုရန်း"၊ "စက်ဝိုင်း"၊ "တြိဂံ"ဆိုတဲ့ အနည်းဆုံးပုံသဏ္ဌာန်အနည်းငယ်ရဲ့ နာမည်တွေကို သိထားကြတယ်လို့ ယူဆထားပါတယ်။ ဒီပုံသဏ္ဌာန်တွေရဲ့အမည်ကို ကလေးတွေနဲ့အတူ ပြန်နွှေးပြီး စပါ။ သူတို့က ပုံစံတစ်ခုချင်းစီကို ခွဲခြားနိုင်အောင် အသေအချာလုပ်ပါ။ အဲဒီနောက် ပုံသဏ္ဌာန်သုံးခုဖြစ်တဲ့ စက်ဝိုင်း၊ စက်ဝိုင်း၊ တြိဂံ ဆိုတာတွေကို အစဉ်အတိုင်းဆွဲထားတဲ့ ကတ်ပြားကို ကိုင်ထားပါ။ အဲဒီကတ်ကို အနီးကပ်ကြည့်ဖို့ သူတို့ကိုပြပါ။ အဲဒီနောက် ကဒ်ကိုဖယ်လိုက်ပြီး ကလေးတစ်ယောက်ကို အဲဒီအစီအစဉ်အတိုင်း အသံထွက်ပြောခိုင်းပါ။ အစီအစဉ် မျိုးစုံဖြင့် ကြိုတင်ရေးဆွဲထားတဲ့ ကတ်တွေကို သုံးပြီး ဒီလို အကြိမ်များများ ထပ်ကစားပါ။ တကယ်လို့ ကလေးတွေအတွက် ပုံသုံးခုပါတဲ့အစီအစဉ်ကတ်က မှတ်မိဖို့ ခက်ခဲတယ်ဆိုရင် ပုံသဏ္ဌာန်နှစ်ခုပဲပါတဲ့ ကတ်အချို့ ပြင်ထားပါ။ ပုံသုံးခုပါတဲ့အစီစဉ်က သူတို့အတွက် အလွန်လွယ်ကူနေတယ်ဆိုရင် အစီအစဉ် လေးခု သို့မဟုတ် ငါးခုပါတဲ့ ကတ်အနည်းငယ်ကို သုံးနိုင်ပါတယ်။

အခု သင့်ကျောင်းသားတွေရဲ့ စွမ်းဆောင်ရည်အပေါ် မူတည်ပြီး ပုံသဏ္ဌာန်နှစ်ခု၊ သုံးခု သို့မဟုတ် လေးခုပါတဲ့ အစီအစဉ်ကို ခေါ်ပေးပါ။ အဲလိုခေါ်ပေးတာကို အဖွဲ့ထဲမှ ကလေးတစ်ယောက်ကို လိုက်ပြောခိုင်းပါ။ ဒါကို ကလေးတစ်ဦးစီနဲ့ အကြိမ်များများ လုပ်ပြီးတဲ့အခါ သင် ခေါ်ပေးလိုက်တဲ့ အစီအစဉ်ပါတဲ့ ကတ်ကို ဆွဲထုတ်ခိုင်းတာက ကစားနည်းကို ပိုပြီးစိန်ခေါ်မှုကို ဖြစ်စေပါလိမ့်မယ်။

### စ ။ အရောင်ခြယ်ခြင်း- ပုံဆွဲစာရွက် ၁၂

### ဆ ။ အသိမ်းဆုတောင်းများ

# သင်ခန်းစာ (၁၃)

### က ။ ဆုတောင်းပတ္ထနာများ ရွတ်ဖတ်ခြင်းနှင့် အလွတ်ကျက်မှတ်ခြင်း

ဤအတန်းနှင့် နောက်သင်တန်းသုံးခုတွင် ကလေးများသည် အောက်ပါဆုတောင်းကို အလွတ်ရွတ်ဖတ်နိုင်အောင် သင်ယူသည့် သူတို့၏ကြိုးပမ်းမှုတွေအပေါ် အာရုံစိုက်ကြလိမ့်မည်။ အခန်း ၁၃ တွင် အကြံပြုထားသည့် ဆုတောင်းကဲ့သို့ အလွတ်ရသည့် ဆုတောင်းတစ်ပုဒ် သင်က ဖတ်ပြီး၍ သင့်ကျောင်းသားအနည်းငယ်လည်း ဖတ်ပြီးသည့်အခါ အောက်ပါဆုတောင်းကို မိတ်ဆက်ပေးနိုင်ပါသည်။

“အို ကျွန်တော်မျိုး၏ အရှင်သခင်! ဤနူးညံ့သော ပျိုးပင်ပေါက်ကလေးအား ကိုယ်တော်၏ များပြားလှစွာသော ကျေးဇူးတော်မစခြင်း၏ ဥယျာဉ်အတွင်းဝယ် စိုက်ပျိုးပေးတော်မူလျက် ကိုယ်တော်၏ ချစ်ကြင်နာခြင်း၏ ရေပန်းများမှရေဖြင့် သွန်းလောင်းပေးတော်မူပါ။ သို့မှသာလျှင် ၎င်းသည် ကိုယ်တော်၏ အမအစနှင့် ကျေးဇူးတော်များ သွန်းလောင်းချပေးခြင်းအားဖြင့် ကောင်းမွန်တင့်တယ်သော အပင်တစ်ပင်အဖြစ်သို့ ကြီးထွားလာပါအံ့။

ကိုယ်တော်ကား ကြီးကျယ်မြင့်မြတ်တော်မူသောအရှင်၊ တန်ခိုးတော်အပေါင်းဖြင့် ပြည့်စုံတော်မူသော အရှင်ပေတည်း။”[၁၁၃]

## ခ ။ သီချင်းများ (ယခင်သီချင်းများကို ပြန်နွှေးတာလည်း ပါဝင်သည်)

### မျှမျှတတပေါ့

Chorus:

A
Be fair, be fair
E7 A
And strive to provide for the comfort of all
A
Be fair, be fair
E7 A
And strive to provide for the comfort of all
A E
When we are fair in our dealings with others
E7 A
We gain the trust of our sisters and brothers
A7 D
When things are divided equitably
E A
Justice will shine for the world to see

Chorus

When you give true comfort and aid
You’ll follow the path that the Master laid
When wise and just in what you say and do
You’ll bring joy to hearts around you

Chorus

## ဂ ။ ကောက်နုတ်ချက်များ အလွတ်ကျက်မှတ်ခြင်း

ဤသင်ခန်းစာ၌ ကလေးများသည် သနားကြင်နာခြင်းဆိုသည့် အရည်အသွေးနှင့်ဆိုင်သော ကောက်နုတ်ချက်ကို သင်ယူရလိမ့်မည်။ ၎င်းကို အောက်ပါအတိုင်း ချပြနိုင်သည်။

ဘုရားသခင်က သနားအကြင်နာဆုံးနဲ့ ကရုဏာအရှိဆုံးပါ။ အခက်အခဲတွေ ကြုံတဲ့အခါမှာလည်း ဒို့နှလုံးသားတွေကို အရှင့်ဘက် လှည့်ပြီး ဒို့တွေကို သက်သာစေဖို့နဲ့ ခွန်အားဖြည့်ပေးဖို့ တောင်းခံကြတယ်။ ဒီအတိုင်းပဲ ဒို့တွေကလည်း အခြားသူတွေကို သနားကြင်နာမှု ပြကြရမယ်။ ဒို့တွေနဲ့ သိတဲ့ တစ်ယောက်ယောက်က အခက်အခဲကြုံတယ် ဒါမှမဟုတ် ပူဆွေးဝမ်းနည်းနေတယ်လို့ သိရတဲ့အခါ ဒို့တွေက နားလည်အောင်ကြိုးစားပြီး သူ့ကို ကူညီရမယ်။ ဒို့တွေက လူတိုင်းအပေါ်မှာ သစ်ပင်တစ်ပင်လိုပဲ သူ့ကို ခဲနှင့်ထုတဲ့သူတွေကိုတောင် အသီးတွေ ပေးသလို ဘယ်လိုအခြေအနေပဲကြုံကြုံ လူတိုင်းအပေါ်မှာ သနားကြင်နာကြရမယ်။ အဗ္ဗဒွလ်ဘဟာအရှင်မြတ်က အရှင့်ဘဝတလျှောက်လုံးမှာ ဆင်းရဲဒုက္ခတွေနဲ့ ပြည့်နှက်နေပေမဲ့ အချိန်တိုင်းမှာ လူအားလုံးအပေါ် သနားကြင်နာမှုကို ပြသခဲ့တယ်။ သနားကြင်နာဖို့လုပ်တဲ့ ဒို့တွေရဲ့ အားထုတ်မှုတွေအတွက် အထောက်အကူဖြစ်စေဖို့ အရှင်ရဲ့ မိန့်မှာချက်ကို ကျက်မှတ်ကြပါစို့-

**“ထာဝရဘုရားသခင်၏ နိုင်ငံတော်ကို တန်းတူညီမျှခြင်းနှင့် တရားမျှတခြင်းတို့အပေါ်တွင် အခြေတည်ထားပြီး အသက်ရှင်သန်နေသူတိုင်းအား သနားကရုဏာထားခြင်း၊ သနားကြင်နာခြင်းနှင့် ကြင်နာခြင်းတို့အပေါ်တွင်လည်း အခြေတည်ထားပေ၏။”**[၁၁၄]

*အခြေတည်ထားသည်*

၁။ ဆရာဝန်ဟာ ရွာတွေက ကလေးတွေရဲ့ ကျန်းမာရေးအတွက် စိတ်ပူတယ်။ ဒါကြောင့်မို့ သူတို့ကို စောင့်ရှောက်ဖို့ ဆေးခန်းဖွင့်ခဲ့တယ်။ ဆေးခန်းက ကလေးတွေအပေါ်ထားတဲ့ သူရဲ့ ချစ်ခြင်းမေတ္တာအပေါ်မှာ အခြေတည်ထားတယ်။

၂။ ဂျန်နာနဲ့ မာစီဒီက သူငယ်ချင်းတွေဖြစ်တာ ကြာလှပြီ။ သူတို့က အမြဲတမ်း အတူတူ လေ့လာတယ်၊ ကိုယ် သင်ယူထားတဲ့ အသုံးဝင်တာတွေကို အချင်းချင်း မျှဝေပေးတယ်။ သူတို့ရဲ့ သူငယ်ချင်းစိတ်က ကြင်နာမှုနှင့် ချစ်ခြင်းမေတ္တာအပေါ်မှာ အခြေတည်ထားတယ်။

*တန်းတူညီမျှခြင်း*

၁။ တိုင်းပြည်ထဲက လူတွေအားလုံးက နိုင်ငံ ချမ်းသာကြွယ်ဝဖို့ အလုပ်ကြိုးကြိုးစားစား လုပ်ကြတယ်။ သီးနှံတွေအားလုံး ရိတ်သိမ်းပြီးတဲ့အခါ ဘုရင်ကြီးက အဲဒါတွေကို သူရဲ့ တိုင်းသူပြည်သားတွေအတွက် သူတို့မိသားစုဦးရေအပေါ် မူတည်ပြီး ခွဲဝေပေးခဲ့တယ်။ ဘုရင်ကြီးက သူ့ တိုင်းသူပြည်သားတွေကို တန်းတူညီမျှ ဆက်ဆံတယ်။

၂။ မြို့တော်ကောင်စီက အနီးနားက ရွာအတွက် လမ်းဖောက်ပေးရမယ်။ ဒါနဲ့ လယ်မြေတွေဘေးကနေ ကွေ့ဝိုက်ပြီး ဖောက်ဖို့ ဆုံးဖြတ်ခဲ့တယ်။ ဒီနည်းအတိုင်းဆိုရင် လူတွေဟာ လမ်းအသစ်ကြောင့် အကျိုးရှိသလို လယ်သမားတွေအတွက်လည်း အကျိုးမယုတ်တော့ဘူး။ ကောင်စီက သူ့ရဲ့ ဆုံးဖြတ်ချက်မှာ တန်းတူညီမျှစိတ်ကို ပြသခဲ့တယ်။

*သနားကြင်နာခြင်း*

၁။ လီယောင်ဟာ သူ့သူငယ်ချင်း ဇာဟာရာ မပျော်ဘူးဆိုတာကို သတိထားမိတာကြောင့် သူ့ကို တစ်နည်းနည်းနဲ့ ကူညီပေးနိုင်မလဲဆိုတာ ကြည့်ဖို့ သွားခဲ့တယ်။ ဇာဟာရာက သူ့အမေ နေမကောင်းလို့ ဆေးရုံတက်နေရတယ်လို့ ရှင်းပြတယ်။ လီယောင်က နားထောင်ပြီး ဇာဟာရာကို နှစ်သိမ့်ပေးပြီး နောက်နေ့မှာ ဆေးရုံကို သူနဲ့အတူသွားမယ်လို့ ပြောခဲ့တယ်။ လီယောင်ဟာ ဇာဟာရာကို သနားကြင်နာမှု ပြခဲ့တယ်။

၂။ တစ်နေ့မှာ ရှီအိုရီဟာ တောလမ်းအတိုင်း လမ်းလျှောက်ရင်း သိုးကလေးတစ်ကောင် ရဲ့ခြေထောက်က ခြံစည်းရိုးမှာ ညပ်နေတာကို တွေ့ခဲ့တယ်။ ရှီအိုရီဟာ သိုးရဲ့ ခြေထောက်ကို ညင်ညင်သာသာ ထုတ်ပေးလိုက်ပြီး ပတ်တီးစည်းပေးခဲ့တယ်။ ရှီအိုရီဟာ သိုးကလေးကို သနားကြင်နာမှု ပြခဲ့တယ်။

## ဃ ။ ဖြစ်ရပ်မှန်

*အနောက်တိုင်းကို အဗ္ဗဒွလ်ဘဟာအရှင်မြတ် ခရီးသွားခဲ့စဉ်က အရှင် လည်ပတ်ခဲ့တဲ့မြို့တိုင်းမှာ လူများစွာက အရှင့်ကို တွေ့ရဖို့နဲ့ အရှင်ရဲ့ အားပေးစကားတွေကို နားထောင်ဖို့ အရှင့်ထံသို့ လာခဲ့ကြတယ်။ အရှင်က နေ့ရောညပါ လူမျိုးစုံနဲ့တွေ့ခဲ့တယ်- အဲဒီအထဲမှာ လူငယ်၊ လူကြီး၊ သူဌေး၊ ဆင်းရဲသား၊ အရာရှိအရာခံ၊ သာမန်အရပ်သူ အရပ်သားတွေ ပါတယ်။ အချို့လူတွေက မာစတာကို ချစ်တဲ့စိတ်နဲ့ ရောက်လာကြပြီး အချို့ကတော့ အရှင် ဘာပြောမလဲဆိုတာကို သိချင်သည့် အတွက်ကြောင့် ရောက်လာကြတာပေါ့။*

*တစ်နေ့မှာ အမျိုးသမီးတစ်ဦးက အရှင် တည်းတဲ့အိမ်ကို ရောက်လာပြီး အိမ်တံခါးကို ခေါက်ခဲ့တယ်။ သူကတော့ သာမန်အရပ်သူတစ်ဦးပါ။ ဒါပေမဲ့ သူ့နှလုံးသားထဲမှာတော့ အရှင်နဲ့ အခိုက်အတန့်တွေ့ဖို့ စိတ်ပြင်းပြနေတဲ့သူပေါ့။ ဒါနဲ့ တံခါးဖွင့်ပေးတဲ့သူက "အရှင့်နဲ့ တွေ့ဆုံဖို့ ချိန်းထားတာရှိပါသလား"လို့ သူ့ကို မေးတယ်။ ချိန်းဆိုမထားပါဘူးလို့ ပြန်ဖြေတယ်။ ဒီလိုဆိုရင် အရှင်ဟာ အရေးကြီးတဲ့ ဧည့်သည်တွေနဲ့ တွေ့နေတာမို့ အဗ္ဗဒွလ်ဘဟာအရှင်မြတ်နဲ့ တွေ့ဖို့မဖြစ်နိုင်ပါဘူးလို့ ပြောလိုက်တယ်။ သူလည်း ဝမ်းနည်းစွာနဲ့ လှည့်ထွက်သွားပြီး အိမ်ရှေ့ဘက် လှေခါးထစ်တွေကနေ စပြီးဆင်းသွား တော့တယ်။ သူ့နှလုံးသားထဲ စိတ်ပျက်မှုတွေ ဘယ်လောက်တောင် ပြည့်သွားမလဲ! ဒါပေမယ့် ရုတ်တရက် အဗ္ဗဒွလ်ဘဟာအရှင်ထံမှ အခေါ်ခိုင်းသူ ရောက်လာပြီး ပြန်လာဖို့ သူ့ကို ခေါ်လိုက်တယ်။ မာစတာက သူ့ကို တွေ့ချင်လို့ပါတဲ့။ "နှလုံးသားတစ်ခု နာကျင်သွားပြီ။ မြန်မြန် မြန်မြန်လေး သူ့ကို ငါ့အရှင့်ဆီ ခေါ်လိုက်ပါကွယ်!"လို့ ဩဇာသံအပြည့်နဲ့ ပြောလိုက်တဲ့ အရှင့်ရဲ့အသံကို ကြားနေရတယ်။*

## င ။ ကစားနည်း- "အတူတူ"

ကလေးများကို နှစ်ယောက်တစ်တွဲခွဲထားပြီး ဘေးတိုက်ရပ်ခိုင်း၍ ကလေးတစ်ယောက်၏ ဘယ်ခြေထောက်ကို နောက်ကလေး၏ ညာခြေထောက်နှင့် ချည်လိုက်ပါ။ ဒီကစားနည်းကို သူတို့ အောင်အောင်မြင်မြင် ကစားချင်ပါက အတူတူပူးပေါင်းလုပ်ဖို့ သင်ယူရမယ်ဆိုတာ သူတို့ကို ပြောပြပါ။ အဲဒီနောက် တစ်တွဲစီက စထွက်ဖို့ သတ်မှတ်ထားတဲ့နေရာကနေ သတ်မှတ်ထားတဲ့ နောက်တစ်နေရာကို

သွားရမယ်။ ကစားနည်းကို ပိုမိုခက်ခဲစေဖို့ သူတို့သွားမဲ့လမ်းမှာ ကျောက်တုံးလေးတွေ၊ သစ်ကိုင်းလေးတွေကို ချထားနိုင်ပါတယ်။ ဒါကိုတော့ ဘေးကင်းတဲ့နည်းမျိုးဖြစ်ဖို့ သေချာပါစေ။ တခြားနည်းတွေအနေနဲ့ဆိုရင် အတွဲတွေကို ဖားခုန်ခုန်ခိုင်းတာ၊ မြင်းလို ခုန်ပေါက်ပြေးတာ စသဖြင့် လုပ်ခိုင်းနိုင်ပါတယ်။ သူတို့ တစ်တွဲနဲ့တစ်တွဲ ပြိုင်ပွဲဝင်နေတာ မဟုတ်တဲ့အကြောင်းကိုလည်း သူတို့ကို ရှင်းပြဖို့ လိုပါလိမ့်မယ်။

**စ ။ အရောင်ခြယ်ခြင်း- ပုံဆွဲစာရွက် ၁၃**

**ဆ ။ အသိမ်းဆုတောင်းများ**

# သင်ခန်းစာ (၁၄)

**က ။ ဆုတောင်းပတ္ထနာများ ရွတ်ဖတ်ခြင်းနှင့် အလွတ်ကျက်မှတ်ခြင်း**

အခါတိုင်းကဲ့သို့ပင် သင်တန်းကို ဖွင့်ရန် သင်နှင့် ကျောင်းသားအနည်းငယ်က ဆုတောင်းပတ္ထနာ အချို့ကို ရွတ်ဖတ်ရမည်။ ထို့နောက် ကလေးများက ယခင်သင်ခန်းစာတွင် ချပြထားသည့် ဆုတောင်းပတ္ထနာကို ဆက်ပြီး အလွတ်ကျက်ကြရမည်။

**ခ ။ သီချင်းများ (ယခင်သီချင်းများကို ပြန်နွှေးတာလည်း ပါဝင်သည်)**

**သံယောဇဉ်ပြတ်ကင်းတဲ့ အတောင်ပံတွေနဲ့**

Chorus:

C F G
One day a bird was flying in the sky above

C F G
Full of joy and confidence

C F G C F G
Soaring in this Paradise, his home

C F G C F G
As he flew, his hunger began to grow

C F G C F G
So he turned to the water and clay below

C F
Down below G C F He was trapped

G C
By his desire

F G C F G
And his wings got covered in mud

C
Too heavy to fly,

F G C F G

He could not return to his home

Chorus

Like that bird I belong to the heavens
So I will not cling to the earth below
I will not cling to riches
I will not cling to my wishes
I will not cling to anything but God

C G F G
So I will walk on the feet of detachment

C G F G
I will soar on the wings of detachment

C G F
I will free myself of all attachment

G C
To anything but God (repeat)

## ဂ ။ ကောက်နုတ်ချက်များ အလွတ်ကျက်မှတ်ခြင်း

သင်ခန်းစာ၏ အဓိကအကြောင်းအရာဖြစ်သော သံယောဇဉ်ပြတ်ကင်းခြင်းဆိုသည့် အရည်အသွေး အကြောင်း ကောက်နုတ်ချက်ကို ကလေးများ အလွတ်ကျက်မှတ်ရလိမ့်မည်။ သင်က ထိုအကြောင်းအရာကို အောက်ပါနည်းလမ်းအတိုင်း မိတ်ဆက်ပေးနိုင်သည်။

ဘုရားသခင်က ဒို့တွေအတွက် နှစ်သက်ခံစားနိုင်ဖို့ ဒီကမ္ဘာမှာ ကောင်းတဲ့ဟာမှန်သမျှကို ဖြစ်တည်ပေးခဲ့တယ်- အဲဒါတွေကတော့ ကျန်းမာရေးကောင်းတာ၊ အရသာရှိတဲ့ အစားအစာတွေ၊ ချစ်ခြင်းမေတ္တာနဲ့ သူငယ်ချင်းစိတ်၊ သဘာဝရဲ့ အလှအရား၊ ဒို့ရဲ့ ရှင်သန်နေထိုင်မှုကို ပိုတိုးတက်စေဖို့ စူးစမ်းရှာဖွေမှုတွေ လုပ်နိုင်အောင်၊ တီထွင်မှုတွေကို ဖန်တီးနိုင်စေဖို့ စိတ်ရဲ့စွမ်းအားတွေ- စတဲ့ ဒီလိုကောင်းတာတွေကို ပေးထားတာ။ ဒါကြောင့် ဒို့တွေဟာ ထာဝရဘုရားသခင် ပေးသနားမှုတွေ အားလုံးကို အသုံးပြုပြီး ပျော်ရွှင်ချမ်းမြေ့စွာ နေထိုင်ရတဲ့အတွက် ဘုရားရှင်ကို ကျေးဇူးတင်ကြရမယ်။ ဒါပေမဲ့ ဒီကမ္ဘာလောကကို သံယောဇဉ်မတွယ်တာဖို့တော့ ဂရုစိုက်ရမယ်။ ဒို့တွေရဲ့ ဝိညာဉ်တွေက အချိန်တိုင်းမှာ လွတ်လပ်နေရမယ်။ လွတ်လွတ်လပ်လပ်နဲ့ သန်သန်စွမ်းစွမ်းရှိတဲ့ ငှက်တွေလိုပဲ မြင့်မြတ်ခြင်းဆိုတဲ့ ကောင်းကင်ထဲမှာ ပျံတက်ကြရမယ်။ တကယ်လို့ ငှက်က သူ့ပတ်ဝန်းကျင်မှာရှိတဲ့ အရာတွေကို တွယ်တာနေတာကြောင့် ပျံမတက်နိုင်တော့ဘဲ မြေကြီးပေါ်မှာ နေရတော့တယ်ဆိုရင် ဘယ်လောက် ဝမ်းနည်းဖို့ ကောင်းလိုက်လဲ။ အောက်ပါ ကောက်နုတ်ချက်ကို ကျက်မှတ်ကြပါစို့-

**"စစ်မှန်သော အဆင်တန်ဆာသည် ထာဝရဘုရားသခင်၏ ချစ်ခြင်းမေတ္တာနှင့် အရှင်မှတစ်ပါး အခြားအရာခပ်သိမ်းကုန်မှ သံယာဇဉ်ပြတ်ကင်းခြင်းတို့တွင် ပါရှိပေ၏. . . ။"**[၁၁၅]

*ပါရှိသည်*

၁ ။ ဗလာဒီစလဗ်မှာ နေလည်စာအတွက် ဝက်အူချောင်းရယ်၊ အာလူးနဲ့ ပဲစိမ်းတွေရှိတယ်။ သူ့နေ့လည်စာမှာ ဝက်အူချောင်း၊ အာလူးနဲ့ ပဲစိမ်းတွေ ပါတယ်။

၂။ ဒီစာကြောင်းမှာ စကားလုံးငါးလုံး ရှိတယ်။ အဲဒီမှာ စကားလုံးငါးလုံး ပါရှိတယ်။

*သံယောဇဉ်ပြတ်ကင်းခြင်း*

၁။ ဟယ်လ်ဂီက သူ့သူငယ်ချင်းတွေနဲ့အတူ ရေသွားကူးချင်ခဲ့တာ။ ဒါပေမဲ့ သူ့အမေ ဈေးသွားနိုင်ဖို့ အိမ်မှာ သူ့နှမငယ်နဲ့ ပျော်ပျော်ရွှင်ရွှင် နေပေးလိုက်တယ်။ ဟယ်လ်ဂီက သူ့မိသားစုကို ကူညီချင်တာကြောင့် သူ့လုပ်မဲ့အစီအစဉ်ကနေ သံယောဇဉ်ပြတ်ကင်းတာကို ပြခဲ့တယ်။

၂။ စာသင်နှစ်အဆုံးမှာ အန်ဂျလီက သူ့ဆရာမဆီ ပန်းတွေပို့ရင် ကောင်းမယ်လို့ တွေးမိခဲ့တယ်။ သူ့အစ်မက အဲဒါအစား ကိတ်မုန့်လုပ်ဖို့ အကြံပေးခဲ့တယ်။ ဒါက ကောင်းတယ်လို့ အန်ဂျလီ တွေးမိတယ်။ ဒါကြောင့် သူ့ကိုယ်ပိုင်စိတ်ကူးကနေ သံယောဇဉ်ပြတ်ကင်းတာကို ပြသတယ်။

*မှတစ်ပါး*

၁။ ကလေးတွေအားလုံး စာမေးပွဲမှာ ကောင်းကောင်းဖြေနိုင်ခဲ့တယ်။ ကောင်းကောင်း မလေ့လာခဲ့တဲ့ တစ်ယောက်က လွဲလို့ပေါ့။ ကျောင်းသားတစ်ဦးမှတစ်ပါး ကလေးအားလုံး စာမေးပွဲကို ကောင်းကောင်း ဖြေနိုင်ခဲ့တယ်။

၂။ အမေက မိသားစုအတွက် ထူးခြားတဲ့အစားအစာကို လုပ်ချင်ခဲ့တာ။ ဒါပေမဲ့ အဲဒီအထဲ ထည့်ရမဲ့ အရေးကြီးတဲ့ဟာ တစ်ခုခုမရှိတာကြောင့် လုပ်လို့မရဘူးဆိုတာ သဘောပေါက်လိုက်တယ်။ သူ့မှာ အဲဒီပါဝင်ပစ္စည်းတစ်ခုမှတစ်ပါး အားလုံးရှိတယ်။

## ဃ။ ဖြစ်ရပ်

*တစ်နေ့မှာ သူငယ်ချင်းဟောင်းနှစ်ယောက်ဟာ လက်ဖက်ရည်သောက်ရင်း ဝိညာဏနဲ့ဆိုင်တဲ့ ကိစ္စတွေကို ဆွေးနွေးခဲ့ကြတယ်။ ခုဆိုရင် အဲဒီအထဲက တစ်ယောက်ဟာ သူ့ဘဝမှာ အတော်များများ ချမ်းသာမှုတွေကို စုမိဆောင်းမိဖြစ်လာတာမို့ ဘာကိုမှ မလိုချင်တော့ဘူး။ နောက်တစ်ယောက် ကတော့ သိပ်မရှိဘူးပေါ့။ အဲဒီလူက ချမ်းသာတဲ့ သူ့သူငယ်ချင်းကို "သန့်ရှင်းမြင့်မြတ်ရာမြေကို ငါ သွားချင်လိုက်တာကွာ"လို့ ပြောပြတယ်။ ဒါနဲ့ ပထမလူက ချက်ချင်းပဲ "ဒီစိတ်ကူးကောင်းတယ် သူငယ်ချင်း! မင်းနဲ့ ငါလိုက်မယ်"လို့ ပြန်ဖြေတယ်။ နှစ်ယောက်သား လက်ဖက်ရည်ခွက်တွေချပြီး ချက်ချင်းထပြီး သန့်ရှင်းရာမြေကို ဦးတည်ခဲ့တော့တယ်။*

*သူတို့ ခဏလောက် လမ်းလျှောက်လိုက်တာနဲ့ ညဘက်တောင် ရောက်လာပြီ။ ဆင်းရဲတဲ့လူက အရှိန်နှေးသွားပြီးနောက် ရပ်လိုက်ရင်း "သူငယ်ချင်း ဒီည ဒို့အိမ်တွေမှာအိပ်ရအောင် ပြန်လှည့် ကြစို့ကွာ။ ဒါဆိုရင် ပိုပြီး သက်တောင့်သက်သာဖြစ်မယ်။ နောက်နေ့မနက်ကျမှ လန်းလန်းဆန်းဆန်းနဲ့ စထွက်တာပေါ့။" "နေပါဦး သူငယ်ချင်းရ၊ ဘာလို့ ပြန်လှည့်ရမှာလဲ"လို့ ပြန်မေးတယ်။ "ဒို့က အခု သန့်ရှင်းရာမြေကို သွားနေကြပြီလေ!" ဒါပေမဲ့လို့ သူ့သူငယ်ချင်းက သိပ်မကျေနပ်လှဘူး။ "သန့်ရှင်းမြေအထိ လမ်းလျှောက်သွားရတာဆိုတော့ ကြာမှာကွ" သူက ထပ်ပြောပြန်တယ်။*

*“အနည်းဆုံး ငါ ခဏပြန်သွားပြီးတော့ ငါ့ မြည်းလေးကို သွားဆွဲလိုက်အုံးမယ်ကွာ။ သူ့ကို ထားခဲ့ရမှာ ငါ စိတ်မချဘူး။”*

*“အဲဒါဆိုရင် မင်းက ဒီခရီးမှာ ငါနဲ့အတူ လိုက်ရမဲ့ အဖော်မဟုတ်လောက်ဘူး။ ငါလည်း ရှိတဲ့ မြင်းတွေ၊ မြေတွေ၊ အဝတ်အစားကောင်းတွေကို ပိုင်ဆိုင်မှုကြီးတွေကို ပျော်ပျော်ရွှင်ရွှင်နဲ့ ထားခဲ့တာလေကွာ။ ဘာမှ ဆုံးရှုံးတယ်လို့ မခံစားရဘူး။ သန့်ရှင်းရာမြေမှာ ခဏလေးအချိန်ကုန်ရတာထက် ဘယ်ဟာက ပိုကြီးတဲ့ ပိုင်ဆိုင်မှု(ပေးသနားမှု) ရှိသေးလို့လဲ။ မင်းက မင်းရဲ့ မြည်းလေးကိုတောင် မထားခဲ့နိုင်ဘူးလား”လို့ ချမ်းသာတဲ့လူက သူ့သူငယ်ချင်းကို မေးလိုက်တယ်။ ဝမ်းနည်းစရာက တကယ်လည်း သူတန်ဖိုးထားတဲ့ ပိုင်ဆိုင်မှုလေးတစ်ခုကိုတောင် မထားခဲ့နိုင်ဘူး။ ဒါနဲ့ပဲ သူ့သူငယ်ချင်းကို ချန်ထားရစ်ခဲ့ပြီး သန့်ရှင်းရာမြေကို ဆက်ပြီးသွားလိုက်တာ နောက်ကို တစ်ချက်တောင် ပြန်မကြည့်ခဲ့တော့ဘူး။*

## င ။ ကစားနည်း- “ဘီး”

ကလေးတွေကို စက်ဝိုင်းပုံဖြစ်အောင် ဘေးချင်းယှဉ်ရပ်ခိုင်းပြီး သူတို့လက်တွေကို အတွင်းဘက်ဆန့်ပြီး အလယ်တည့်တည့်မှာ လက်တွေ့စုပါ။ အခု သူတို့က ဘီးဖြစ်သွားပြီး သူတို့လက်တွေကတော့ စမုတ်တံတွေပေါ့။ အဲဒီနောက် ကလေးတွေက ဘီးလိုပဲ ဗဟိုကို ပတ်ပြီးလှည့်ပါ။ အဲလိုလုပ်ပြီးရင် သင်တန်းလုပ်တဲ့နေရာကို စက်ဝိုင်းပုံလှည့်ရင်း ပုံစံပျက်မသွားဖို့ ပြောပါ။ ပိုပြီး စိန်ခေါ်မှုဖြစ်စေဖို့ တစ်လှမ်းချင်းခုံတာ၊ ခုန်ဆွခုန်ဆွပြေးတာတွေကို ကြိုးစားကြည့်နိုင်ပါတယ်။

ကစားနည်းဟာ ပိုပြီး စိန်ခေါ်မှုရှိဖို့ဆိုရင် ကလေးတွေကို ကြမ်းပြင်ပေါ် စက်ဝိုင်းပုံထိုင်ခိုင်းပြီး သူတို့ခြေထောက်တွေကို အလယ်မှာစုပြီး ထိနေအောင် ဆန့်ထုတ်ခိုင်းပါ။ အဲဒီနောက် သူတို့ရဲ့လက်တွေကို တင်ပါးဘေးက ကြမ်းပြင်ပေါ်ကို ချထားပါ။ အခုဆိုရင် ဘီးက လည်ဖို့ အဆင်သင့်ဖြစ်နေပြီ။ အဲလိုလုပ်ဖို့ သူတို့က ထောက်ထားတဲ့လက်တွေနဲ့ သူတို့ကိုယ်ကို ပင့်တင်ပြီး ညာဘက်ကို တစ်လှမ်းရွှေ့ရမယ်။ သူတို့ဟာ သူတို့လက်တွေကို ဒီနည်းနဲ့ တစ်လှမ်းပြီးတစ်လှမ်း ဆက်သွားရမယ်။ တစ်ပတ်ပြည့်သွားတဲ့အထိ ခြေထောက်တွေကတော့ အလယ်မှာပဲ ရှိနေရလိမ့်မယ်။

## စ ။ အရောင်ခြယ်ခြင်း- ပုံဆွဲစာရွက် ၁၄

## ဆ ။ သိမ်းဆုတောင်းများ

# သင်ခန်းစာ (၁၅)

## က ။ ဆုတောင်းပတ္ထနာများ ရွတ်ဖတ်ခြင်းနှင့် အလွတ်ကျက်မှတ်ခြင်း

အဖွင့်ဆုတောင်းများ ဖတ်ပြီးနောက် သင်ခန်းစာ ၁၃ တွင် ကလေးတွေကို မိတ်ဆက်ခဲ့သည့် ဆုတောင်းကို သူတို့ ဆက်ပြီး အလွတ်ကျက်ရာမှာ ကူညီပေးနိုင်ပါသည်။

## ခ ။ သီချင်းများ (ယခင်သီချင်းများကို ပြန်နွှေးတာလည်း ပါဝင်သည်)

### ကျေနပ်မှု ဝေစု

Chorus:

A
Bestow upon me my portion

D A
O Lord, O Lord

A D A
Bestow upon me my portion

E A
As it pleaseth Thee

A
It’s easy to be content

D A
When things are going well

A
It’s easy to be content

E A
When you’re feeling swell

D A
But what is really more challenging

E A
Is to be content when things go wrong

D A
To be patient in times of difficulty

E A
Perhaps even sing a song

Chorus

From the time He was a boy
The Master suffered indignities
From early in His life
He hardly had any comfort or ease
But He remained content and calm
Never full of anxiety
He trusted in God and accepted His Will
Continued on ever patiently

Chorus

## ၈ ။ ကောက်နုတ်ချက်များ အလွတ်ကျက်မှတ်ခြင်း

သင်ခန်းစာ၏ အဓိကအကြောင်းအရာနှင့် သူတို့အလွတ်ကျက်ရမည့် ကောက်နုတ်ချက်ကို ချပြရာတွင် သင့်အား ကူညီပေးရန် အောက်တွင် အယူအဆအချို့ ပေးထားသည်။

အဗ္ဗဒွလ်ဘဟာအရှင်မြတ်က ဘယ်အခြေအနေမှာမဆို ဘုရားရှင်ရဲ့ အလိုဆန္ဒတော်နဲ့ ရောင့်ရဲကျေနပ်တယ်။ အရာရာအဆင်ပြေနေတဲ့အချိန်၊ ကျန်းကျန်းမာမာရှိပြီး သက်တောင့်သက်သာရှိတဲ့အချိန်တွေမှာ ရောင့်ရဲကျေနပ်ဖို့ လွယ်တယ်လို့ အရှင်က သူ့ဝန်းကျင်မှာရှိတဲ့လူတွေကို ပြောလေ့ရှိတယ်။ ဒုက္ခရောက်တဲ့အချိန်၊ နေမကောင်းဖြစ်ပြီး ခက်ခဲကြပ်တည်းတဲ့အချိန်တွေမှာ ပျော်ရွှင်ပြီး ရောင့်ရဲကျေနပ်ဖို့က ပိုပြီး ခက်ခဲတာ။ အရှင့်ဘဝမှာ ပြည့်လျှံနေတဲ့ ဒုက္ခတွေများပေမဲ့လို့ အဗ္ဗဒွလ်ဘဟာအရှင်မြတ်ဟာ ဘယ်တော့မှ စိတ်ပျက်မသွားခဲ့ဘူး။ အဆိုးဆုံးနဲ့ အခက်ခဲဆုံးအချိန်တွေမှာ အရှင်က တောက်လျှောက် ရောင့်ရဲကျေနပ်ခဲ့ပြီး ဘုရားရှင်ကို ကျေးဇူးတင်ခဲ့တာ။ အရှင်က အမြဲရွှင်ရွှင်ပျပျနဲ့ အကောင်းမြင်ခဲ့တယ်။ အောက်ပါ ကောက်နုတ်ချက်ကို အလွတ်ကျက်မှတ်ကြပါစို့။ ဒါဆိုရင် ဘုရားရှင်ရဲ့ အလိုဆန္ဒတော်နဲ့ ရောင့်ရဲကျေနပ်တဲ့ တန်ဖိုးကို မကြာမကြာ သတိပေးသလို ဖြစ်လိမ့်မယ်။

**“ဂုဏ်ယူဖွယ်အားလုံး၏ မူလအရင်းအမြစ်ကား ထာဝရဘုရားသခင် ချပေးသနားတော် မူသမျှကို လက်ခံခြင်းနှင့် အရှင်ပြဋ္ဌာန်းသတ်မှတ်တော်မူသမျှကို ရောင့်ရဲကျေနပ်ခြင်းပင် ဖြစ်ပေ၏။”**[၁၆]

*ဂုဏ်ယူဖွယ်*

၁ ။ သိပ္ပံဘာသာရပ်ကို ကျောင်းမှာ လေ့လာပြီးတဲ့အခါမှာတော့ ပိုလန်းဟာ သိပ္ပံပညာရှင်များ အသင်းမှာ ပါဝင်ခဲ့တယ်။ သူတို့က အလွန်အရေးပါတဲ့ ရှာဖွေတွေ့ရှိမှုများစွာ လုပ်ခဲ့ကြတယ်။ သူရဲ့အလုပ်က သူ့မိသားစုရဲ့နာမည်ကို ဂုဏ်ယူဖွယ်ဖြစ်စေတယ်။

၂ ။ ဆီွးဟာ တောတောင်တွေ သစ်ပင်တွေနဲ့ ပင်လင်ပြင်တွေလိုမျိုး သဘာဝတရားကို ကြည့်ရတာကို မြတ်နိုးတယ်။ ကမ္ဘာလောကရဲ့ အလှတရားကို မြင်ရတဲ့အခါတိုင်း အရာအားလုံးကို ဖြစ်တည်ပေးသူ၊ ထာဝရဘုရားရှင်ရဲ့ ကြီးကျယ်ခံ့ညားမှုနဲ့ ကြီးမြင့်မြတ်မှုတို့ကို တွေးမိတယ်။ သဘာဝတရားကြီးကို ကြည့်တာကနေ ဆီွးအတွက် ထာဝရဘုရားသခင်ရဲ့ ဂုဏ်ယူဖွယ်ရာ(ဘုန်းကျက်သရေ)ကို တွေးမိစေတယ်။

*ချပေးသနားတော်မူသည်*

၁ ။ ပေါ်လိုဟာ သူ့ ချစ်ရတဲ့မိသားစုရှိထားတာ၊ ကျန်းမာရေးကောင်းတာနဲ့ သူ့ကို ချပေးထားတဲ့ကောင်းတဲ့ဟာတွေအတွက် ထာဝရဘုရားသခင်ကို နေ့စဉ်နေ့တိုင်း ကျေးဇူးတင်ရှိနေတယ်။ ပေါ်လိုဟာ ထာဝရဘုရားသခင် သူ့အပေါ် ပေးသနားတော်မူတဲ့ လက်ဆောင်များစွာအတွက် ပေါ်လိုက ကျေးဇူးတင်နေတယ်။

၂။ နေရောင် မရှိဘူးဆိုရင် ကမ္ဘာမြေဟာ မည်းမှောင်သွားတယ်။ အေးသွားပြီး မြေကြီးပေါ်မှာ ဘယ်အရာမှ အသက်မရှင်နိုင်တော့ဘူး။ ဒါကြောင့်မို့ နေက ကျနော်တို့အပေါ်ကို အလင်းနဲ့အနွေးဓာတ်ကို ပေးတယ်။

*ပြဋ္ဌာန်းသတ်မှတ်သည်*

၁။ ဘုရင်ကြီးက သူ့ရဲ့ တိုင်းသူပြည်သားတွေကို နွေဦးရာသီရဲ့ ပထမဆုံးရက်မှာ အလုပ်မလုပ်ကြဖို့ အမိန့်ထုတ်ခဲ့တယ်။ ဒါကြောင့် နွေဦးရာသီရဲ့ ပထမဆုံးရက်ကို အားလပ်ရက်အဖြစ် ပြဋ္ဌာန်းသတ်မှတ်ထားတယ်။

၂။ ဒီရီဂျင်မှာ လပေါင်းများစွာ မိုးမရွာတဲ့အတွက် ရေကို အတိုင်းအတာဖြင့်သာ သုံးစွဲကြပါရန် ကျေးရွာကောင်စီက ရပ်ရွာအတွင်းရှိလူများအား အမိန့်ထုတ်ပြန်လိုက်သည်။ ဤတားမြစ်ချက်ကို ကျေးရွာကောင်စီက ရေကိုချွေတာသုံးဖို့အတွက် ပြဋ္ဌာန်းသတ်မှတ်ခဲ့ခြင်းတယ်။

## ဃ။ ဖြစ်ရပ်မှန်

*တစ်ညနေခင်းမှာ အဗ္ဗဒွလ်ဘဟာအရှင်မြတ်ဟာ ဘဟာအီအနည်းငယ်နဲ့အတူ လင်းထိန်နေတဲ့ လန်ဒန်မြို့ထဲမှာ လမ်းလျှောက်ထွက်ခဲ့တယ်။ သူတို့ အပန်းဖြေလျှောက်တဲ့ လမ်းရဲ့ ဘေးနှစ်ဖက်မှာလည်း လင်းထိန်နေတဲ့ မီးတိုင်တွေနဲ့ ဟိုးမျက်စိတစ်ဆုံးအထိ လှမ်းပြီးမြင်နေရတယ်။ ချစ်မြတ်နိုးရာ အဗ္ဗဒွလ်ဘဟာအရှင်မြတ်နဲ့အတူ လမ်းလျှောက်ကြသူတွေက သူတို့နှလုံးသားတွေကို နောက်ကမ္ဘာတစ်ခုဆီ ခေါ်သွားတဲ့အလား ခံစားခဲ့ကြရတယ်။*

*"ဒီမြင်ကွင်းကို ငါအရှင် များစွာသဘောကျမိတယ်။ အလင်းရောင်ဆိုတာက ကောင်းတယ်။ အကောင်းဆုံးပဲ။ အက္ကာအကျဉ်းထောင်ထဲမှာတော့ အတော်မှောင်တာ"လို့ အဗ္ဗဒွလ်ဘဟာအရှင်မြတ်က မှတ်ချက်ပြုတယ်။*

*အဗ္ဗဒွလ်ဘဟာအာရှင်မြတ်ကို ချစ်ကြတဲ့ အဲဒီမိတ်ဆွေအုပ်စုဟာ အက္ကာခံတပ်မြို့မှာ အရှင်ဟာ အရှင့်ရဲ့ ဖခမည်းတော်နဲ့အတူတူ အကျဉ်းသားအဖြစ် နှစ်များစွာ အကျဉ်းချခံရပုံကို အရှင် သတိတရဖြစ်မိတာကြည့်ပြီး စိတ်မကောင်းဖြစ်ကြရတယ်။ အဲဒီနေရာဟာ အတော် စိတ်မချမ်းသာစရာနေရာမို့ (အရှင့်တို့)တစ်မိသားစုလုံး ကြီးကြီးမားမား ဒုက္ခရောက်ခဲ့တယ်။ ဒါပေမဲ့ သူတို့က "ဒို့တွေ ပျော်ပျော်ရွှင်ရွှင်ရှိတာပေါ့။ အိုး လွတ်လပ်မှုဆိုတာရှိတော့ ပျော်ရွှင်မှုက အပြည့်ပေါ့"လို့ ပြောကြတယ်။*

*ဒါကို အဗ္ဗဒွလ်ဘဟာအာရှင်မြတ်က "ထောင်ထဲမှာတုန်းက ငါအရှင် ပျော်ပျော်ရွှင်ရွှင် ရှိခဲ့တယ်။ ဘာဖြစ်လို့လဲဆိုတော့ အဲဒီတုန်းက နေ့ရက်တွေကို အမှုထမ်းလမ်းကြောင်းမှာပဲ ကုန်ဆုံးခဲ့တာကြောင့်ပါ" လို့ ပြန်ပြီးတော့ ဖြေတယ်။ အကြီးမားဆုံး အကျဉ်းထောင်ဆိုတာ အတ္တအကျဉ်းထောင်ပဲလို့ အရှင်က ပြောပြတယ်။ ကိုယ့်အတွက်ကိုပဲ တွေးမယ်၊ ကိုယ့်ပတ်ဝန်းကျင်က လူတွေအတွက် မတွေးဘူးဆိုရင် အဲဒါကတော့ တကယ်အကျဉ်းချခံရတာပဲ။ ဒီအခါမှာ ဒို့ တကယ် ဒုက္ခရောက်ကြတယ်! အဗ္ဗဒွလ်ဘဟာအာရှင်မြတ်က အချိန်တိုင်းမှာ ရောင့်ရဲကျေနပ်တယ်။ ဘာ့ကြောင့်လဲဆိုတော့ အရှင်က ဘုရားရှင်နဲ့ လူ့လောကကို အမှုထမ်းတဲ့လမ်းကြောင်းမှာ လျှောက်ခဲ့လို့ပေါ့။ ဒါ့အပြင် အက္ကာမြို့မှာ အကျဉ်းသားအနေနဲ့ အမှောင်မိုက်ဆုံးနေ့ရက်တွေမှာတောင် အရှင့်ရဲ့ ဖွဲမလျော့တဲ့ အသက်ဓာတ်ဟာ အခြားသူတွေကို နွေးထွေးမှုနဲ့ စိတ်သက်သာမှုပေးရင်း ထိန်လင်းနေခဲ့တော့တာ။*

### င ။ ကစားနည်း- "ပန်းပုဆရာ"

သင်က ပန်းပုဆရာတစ်ယောက်အဖြစ် ဟန်လုပ်ပါ။ ကလေးတွေက သင် ပန်းပုရုပ်တဲ့အခါမှာ ကူညီပေးပါလိမ့်မယ်။ ကလေးတစ်ယောက်ကို အတန်းရှေ့ခေါ်ပြီး သင် ပန်းပုထုတာသရုပ်ပြမဲ့ ကိုယ်နေကိုယ်ဟန်ကို လုပ်ခိုင်းပါ။ ဥပမာ ခါးကုန်းပြီး လက်တွေကို ဆန့်ထုတ်ထားသလိုမျိုးပါ။ အဲဒီနောက် တစ်ယောက်ပြီး တစ်ယောက် ဒါမှမဟုတ် အကြိမ်အနည်းမှာ အခြားကလေးတွေကို အဖွဲ့ရှေ့ခေါ်ပြီး သူတို့ လိုက်လုပ်ရမဲ့ ကိုယ်နေကိုယ်ဟန်တွေကို သရုပ်ပြခိုင်းပါ။ သူတို့ ကိုယ်နေကိုယ်ဟန်တွေကို သိပြီးတဲ့အခါ သူတို့ကို အတူတူစုလိုက်ပြီး ပန်းပုထုမဲ့ အရုပ်ပုံစံကို သရုပ်ဖော်ပါ။ နောက်ဆုံး သင်ကိုယ်တိုင်က အဖွဲ့ထဲကို ထည့်ပေါင်းပါ။

သင့်ကျောင်းသားတွေကို နှစ်ယောက်တစ်တွဲခွဲပြီး ကစားနည်းကို ဆက်ကစားနိုင်ပါတယ်။ တစ်တွဲစီမှာ တစ်ယောက်က ပန်းပုဆရာလုပ်ပြီး အခြားတစ်ဦးက လုပ်ရမဲ့ ကိုယ်နေကိုယ်ဟန်ကို အလှည့်ကျလုပ်ပါ။

ဒီကစားနည်းနဲ့ပတ်သက်လို့ အခြားနည်းတွေကိုလည်း စဉ်းစားကြည့်နိုင်ပါတယ်။ ဥပမာ သင်က "မင်းတို့ ခြံရိုးလုပ်ပါ" ဒါမှမဟုတ် "ဥယျာဉ်တစ်ခုလုပ်ပါ" စတဲ့တာမျိုးတွေကို ခေါ်ပေးနိုင်ပါတယ်။ အဲဒီနောက် ကလေးတွေက ရရှိတဲ့လမ်းပြချက်အတိုင်း သူတို့ကိုယ်ကို စုစည်းပါလိမ့်မယ်။

### စ ။ အရောင်ခြယ်ခြင်း- ပုံဆွဲစာရွက် ၁၅

### ဆ ။ အသိမ်းဆုတောင်းများ

## သင်ခန်းစာ (၁၆)

### က ။ ဆုတောင်းပတ္ထနာများ ရွတ်ဖတ်ခြင်းနှင့် အလွတ်ကျက်မှတ်ခြင်း

ဤသင်တန်းတွင် ကလေးအားလုံးသည် သင်ခန်းစာ ၁၃ တွင် မိတ်ဆက်ခဲ့သော ဆုတောင်းပတ္ထနာကို အလွတ်ရွတ်ဖတ်နိုင်ကြရမည်။ အဖွင့်ဆုတောင်းများ ဖတ်ပြီးသည့်အခါ ၎င်းကို သူတို့နှင့်အတူ ပြန်၍နွှေးနိုင်ပါသည်။

### ခ ။ သီချင်းများ (ယခင်သီချင်းများကို ပြန်နွှေးတာလည်း ပါဝင်သည်)

#### ငါတို့တွေဟာ ရေစက်တွေ

C
တို့တွေဟာ ရေစက်
တို့တွေဟာ ရေစက် *(ပွဲတင်သံ)*
C

Of one sea (

Of one sea

F
We are waves

We are waves

G
Of one sea

Of one sea

Chorus:

C
Come and join us

Come and join us (echo voice)

F
In our quest for unity

C G C F C
It’s a way of life for you and me

We are flowers (echo voice)
Of one garden
We are leaves
Of one tree

Chorus

All the earth is (echo voice)
But one country
Man is one
Can’t you see

Chorus (with last line repeated)

## ၈ ။ ကောက်နုတ်ချက်များ အလွတ်ကျက်မှတ်ခြင်း

အောက်ပါအယူအဆများက သင်ခန်းစာ၏ အဓိကအကြောင်းအရာဖြစ်သော ကြင်နာခြင်းနှင့် သူတို့ အလွတ်ကျက်မှတ်ရမည့် ကောက်နုတ်ချက်ကို မိတ်ဆက်ပေးရာတွင် သင့်ကို ကူညီပေးလိမ့်မည်။

ထာဝရဘုရားသခင်က လူသားအားလုံးကို တစ်မိသားစုတည်းအဖြစ် အတူတူ နေကြဖို့ ဖြစ်တည် ပေးခဲ့တယ်။ ဒို့တွေ ဒီလို နေထိုင်ကြမယ်ဆိုရင် ဒို့တွေကြားမှာ ဘယ်လိုကွဲပြားခြားနားမှုကိုမှ ခွင့်ပြုလို့ မဖြစ်နိုင်ဘူး။ အဲဒါအစား ဘာသာပေါင်းစုံ၊ လူမျိုးပေါင်းစုံ၊ နိုင်ငံပေါင်းစုံ၊ ဘက်ဂရောင်းပေါင်းစုံက လူတွေကို ဒို့နှလုံးသားထဲကနေ ချစ်မြတ်နိုးမှု၊ ကြင်နာမှုတွေနဲ့ နှီးနှောဆက်ဆံကြရမယ်။ ဒါကို သတိရနေဖို့ ဘဟာအွလ္လာဘုရားရှင်ရဲ့ အောက်ပါ ကောက်နုတ်ချက်ကို အလွတ်ကျက်မှတ် ကြပါစို့-

**“ကောင်းချီးမင်္ဂလာသည် လူသားအားလုံးတို့ကို အကြီးမားဆုံးသော အကြင်နာတရား၊ မေတ္တာတရား တို့ဖြင့် နှီးနှောဆက်ဆံသူအတွက် ဖြစ်ပေသည်။”**[၁၁၇]

*နှီးနှောဆက်ဆံသည်*

၁။ ဖျိုင်းတွေနဲ့ ငှက်ငန်းတွေဟာ မြက်ခင်းလွင်ပြင်မှာ နေကြတဲ့ ငှက်နှစ်မျိုးဖြစ်ပါတယ်။ ဒီငှက်နှစ်မျိုး အတူတူနေတတ်ကြတာကို မကြာမကြာ တွေ့ရတယ်။ ဒီငှက်နှစ်မျိုးက နှီးနှောဆက်ဆံကြတယ်။

၂။ စုပေါင်းဆုတောင်းပွဲမှာ ဆုတောင်းတွေ ဖတ်ပြီးတဲ့အခါ လူတွေက ဆက်ထိုင်ကြပြီး နှီးနှောဆက်ဆံကြတယ်။

## ဃ။ ဖြစ်ရပ်မှန်

*ဒို့တွေရဲ့ အစောပိုင်းဖြစ်ရပ်မှန်တွေထဲက အချို့အရ အဗ္ဗဒွလ်ဘဟာအရှင်မြတ် အက္ကာကို ပထမဆုံးရောက်တဲ့အချိန်မှာ လူတွေက အရှင့်ကို ဆိုးဆိုးဝါးဝါး ဆက်ဆံကြတာကို မင်းတို့ သိထားကြတယ်။ သူတို့တွေက ဘဟာအီတွေအပေါ် ရက်စက်ကြတယ်။ စကားလည်း မပြောချင်သလို အရောတဝင်လည်း မလုပ်ချင်ကြဘူး။ ဒါပေမဲ့ သိပ်မကြာခင်မှာ ဘဟာအီတွေဟာ ကြင်ကြင်နာနာရှိပြီး မေတ္တာထားကြတာကို တွေ့လာပြီး မြို့သူမြို့သား အများစုက ပြန်ပြီးတော့ သူတို့အပေါ် တဖြည်းဖြည်း ကြင်နာမှုပြလာကြတယ်။ ဒါပေမဲ့ ဒေါသနဲ့ မုန်းတီးမှုတွေကို ဖက်တွယ်သူနဲနဲတော့ ရှိသေးတာပေါ့။*

*ဒါနဲ့ တစ်နေ့မှာ အဗ္ဗဒွလ်ဘဟာအရှင်မြတ်ကို မိမိစိတ်ထဲမှာ မုန်းနေတဲ့လူတစ်ယောက်ဟာ အခြားသူတွေက အရှင့်ရဲ့ ကြီးကျယ်ခမ်းနားမှုနဲ့ ကောင်းမြတ်တာတွေကို ချီးကျူးနေတာ ကြားမိခဲ့တယ်။ ဒီလူက ဒေါသပေါက်ကွဲတော့တာပေါ့။ ဒီလူက ဒေါသတကြီးနဲ့ ဒီလူတွေ လေးစားနေတဲ့ ဒီပုဂ္ဂိုလ်ဟာ ဘယ်လိုမှ အဲ့လိုအံ့သြဖို့ မကောင်းဘူးဆိုတာ ပြမယ်လို့ ကြုံးဝါးလိုက်တယ်။ သူ့နှလုံးသားထဲ ဒေါသတွေ တောက်လောင်ရင်း အပြင်ထွက်လာခဲ့တယ်။ ဒီအချိန်ဆိုရင် အဗ္ဗဒွလ်ဘဟာအရှင်မြတ်ကို ဗလီထဲမှာ ဘုရားရှိခိုးနေချိန် တွေ့နိုင်တယ်ဆိုတာကို သူ သိတယ်။ သူလည်း အဲဒီနေရာကို အမောတကော သွားပြီး လေးစားခံရတဲ့ မာစတာအပေါ်မှာ ပြင်းပြင်းထန်ထန် တိုက်ခိုက်ဖို့ အဆင်သင့်လုပ်ခဲ့တယ်။ ဒါပေမဲ့ အဗ္ဗဒွလ်ဘဟာအရှင်မြတ်က ဒီလူကို တည်တည်ငြိမ်ငြိမ်၊ ကရုဏာရှိရှိနဲ့ ကြည့်ခဲ့တယ်။ အရှင်က ချစ်ခြင်းမေတ္တာအပြည့်နဲ့ ဒီလူကို ဘုရားရှင်ရဲ့ တရားဒေသနာ ဖြစ်တဲ့ ဒို့တွေဟာ ညွှန့်သည်အားလုံးကို ရက်ရက်ရောရောရှိကြရမယ်၊ ဒို့နဲ့မတူတဲ့ လူတွေကိုတောင်မှ ဒီလို ဆက်ဆံကြရမယ်လို့ သတိပေးခဲ့တယ်။ ဒါကြောင့်မို့ပဲ အဗ္ဗဒွလ်ဘဟာအရှင်မြတ်နဲ့ ဘဟာအီတွေဟာ တကယ်တော့ သူ့အိမ်ဖြစ်တဲ့ အက္ကာမြို့မှာ ညွှန့်သည်တွေဆိုတာကို သဘောပေါက်သွားတော့တယ်။ ဒါ့အပြင် ရက်ရက်ရောရောရှိတဲ့ အိမ်ရှင်လိုပဲ သူဟာ သူတို့တွေကို မေတ္တာအပြည့်နဲ့ ကြိုဆိုပြီး ကြင်ကြင်နာနာနဲ့ ဆက်ဆံရမယ်ဆိုတာကိုလည်း သဘောပေါက်သွားတော့တယ်။*

## င။ ကစားနည်း- "ကွယ်ဝှက်နေတဲ့ အရည်အသွေး"

ကလေးတွေကို စက်ဝိုင်းပုံလုပ်ခိုင်းပြီး လက်နှစ်ဖက်နဲ့ လက်ခုပ်လိုအုပ်ထားပြီး ရှေ့ကို ထုတ်ခိုင်းပါ။ သင်က ကျောက်ခဲတစ်လုံးလို ပစ္စည်းသေးသေးတစ်ခုကို လက်ထဲမှာ ကိုင်ထားပြီး စက်ဝိုင်းအလယ်မှာ ရပ်ပါ။ အဲဒီပစ္စည်းက ဥပမာ "ကြင်နာမှု" ကို ကိုယ်စားပြုလိမ့်မယ်။ သင်က စက်ဝိုင်းထဲ ပတ်လျှောက်ရင်း ကလေးတစ်ဦးစီရဲ့ လက်ထဲကို ထည့်သလို လုပ်ပြီး "ပွန်က ကြင်နာတယ်၊ အစ်ဇဘယ်လာက ကြင်နာတယ်။

ဒါဗီက ကြင်နာမှု ရှိတယ်” စသဖြင့် ပြောပါ။ ကလေးတွေဟာ သင်က သူတို့ကို အဲဒီပစ္စည်းတစ်ခုခု ထည့်ပေးခဲ့ သလိုမျိုး သူတို့လက်တွေကို ပြန်ပြီးဆုပ်ထားရမယ်။ တကယ်လည်း သင်က ကလေးတစ်ယောက်ရဲ့ လက်ထဲမှာ အဲဒီပစ္စည်းကို ထည့်ခဲ့ရမယ်။ စက်ဝိုင်းတစ်ခုလုံးကို ပတ်လျှောက်ပြီးတဲ့အခါမှာတော့ ကလေးတစ်ယောက်က ဘယ်သူ့လက်ထဲမှာ အဲဒီပစ္စည်းရှိမလဲဆိုတာကို ခန့်မှန်းဖို့ ကြိုးစားရမယ်။ ဥပမာ - “ခန့်ကြီးမှာ ကြင်နာမှု ရှိတယ်”လို့ ပြောရမယ်။ ဒါဆိုရင် ခန့်ကြီးက အဲဒီပစ္စည်းရှိမရှိဆိုတာ သူ့ လက်ဖဝါးတွေကို ဖြန့်ပြရမယ်။ ဘယ်သူ့လက်ထဲမှာ အဲဒီပစ္စည်းရှိတယ်ဆိုတာ ကလေးတစ်ယောက်ကို သုံးကြိမ်ကြိုးစားခိုင်းရမယ်။ အဲသလို ပြီးသွားရင် အခြားအရည်အသွေးတစ်ခုကို အသုံးပြုပြီး ကစားနည်းကို ထပ်ကစားရမယ်။ စက်ဝိုင်း တစ်ပတ်မှာ ကလေးတစ်ယောက်ကို ပစ္စည်းပေးတာ အနည်းဆုံးတစ်ကြိမ်တော့ လုပ်ဖြစ်အောင် သေချာရလိမ့်မယ်။

**စ ။ အရောင်ခြယ်ခြင်း- ပုံဆွဲစာရွက် ၁၆**

**ဆ ။ အသိမ်းဆုတောင်းများ**

# သင်ခန်းစာ (၁၇)

## က ။ ဆုတောင်းပတ္ထနာများ ရွတ်ဖတ်ခြင်းနှင့် အလွတ်ကျက်မှတ်ခြင်း

နောက်လာမည့် သင်ခန်းစာလေးခုအထိ ကလေးများက အောက်ပါဆုတောင်းကို အလွတ်ရွတ်ဖတ်ဖို့ သင်ယူရလိမ့်မည်။ သင်ခန်းစာ ၁၆ မှာ အကြံပြုထားတဲ့ ဆုတောင်းမျိုး သင် အလွတ်ကျက်ထားတဲ့ ဆုတောင်းတစ်ပုဒ်ပုဒ်နဲ့ သင်တန်းချိန်ကို ဖွင့်ပါက ကလေးအတွက် အားတက်စရာဖြစ်ပါလိမ့်မည်။ သင် ဖတ်ပြီးသည့်နောက် ကလေးအနည်းငယ်က အဖွင့်ဆုတောင်းများ ဖတ်ခြင်းဖြင့် ဤဆုတောင်းကို ပုံမှန်နည်း အတိုင်း ဆက်ပြီး မိတ်ဆက်နိုင်ပါသည်။

> **“အို ကျွန်တော်မျိုး၏ ဘုရားသခင်၊ ကိုယ်တော်၏ နာမတော်မြတ်သည် ကျွန်တော်မျိုးအတွက် ရောဂါပျောက်ကင်းရာအကြောင်းဖြစ်လျက် ကိုယ်တော်အား သတိရခြင်းသည် ကျွန်တော်မျိုးအတွက် ကုသရာဆေးဖြစ်ပါ၏။ ကိုယ်တော်နှင့်နီးကပ်ခြင်းသည် ကျွန်တော်မျိုး၏ မျှော်လင့်ခြင်းဖြစ်၍ ကိုယ်တော်အပေါ်၌ထားရှိသော မေတ္တာသည် ကျွန်တော်မျိုး၏ အပေါင်းအဖော်ဖြစ်ပါ၏။ ကျွန်တော်မျိုးအပေါ်၌ ကိုယ်တော်ထားရှိသော ကရုဏာတော်သည် ကျွန်တော်မျိုး၏ ပျောက်ကင်းရာ ဆေးဖြစ်လျှက် ဤကမ္ဘာလောကတွင် လည်းကောင်း နောက်လာမည့် ကမ္ဘာလောကတွင် လည်းကောင်း ကျွန်တော်မျိုးအတွက် ကယ်တင်ရာအကြောင်းဖြစ်ပါ၏။ အမှန်ကား ကိုယ်တော်သည် ရက်ရောစွာ ပေးကမ်းမစတော်မူသောအရှင်၊ အားလုံးသော အကြောင်းတို့ကို အကြွင်းမဲ့ သိမြင် နားလည်တော်မူသောအရှင်၊ အသိဉာဏ်ပညာအပေါင်းဖြင့် ပြည့်စုံတော်မူသောအရှင် ဖြစ်တော်မူပေ သတည်း။”**[၁၁၈]

## ၁ ။ သီချင်းများ (ယခင်သီချင်းများကို ပြန်နွှေးတာလည်း ပါဝင်သည်)

### သတ္တိရဲ့ အရင်းခံ

Chorus:

Am
The source of courage and power

Dm E Am
Is the promotion of the Word of God

Am
The source of courage and power

Dm E Am
Is steadfastness in His love

G
Forget about yourself

C
Stand up for what is right

E7
Defend those in need

Am
Rely upon His might
Teach the Word of God
Be courageous in your deeds
Follow His path
To happiness it leads

## ဂ ။ ကောက်နုတ်ချက်များ အလွတ်ကျက်မှတ်ခြင်း

အောက်ပါ ဖော်ပြချက်က သင်ခန်းစာ၏ အဓိကအကြောင်းအရာနှင့် အလွတ်ကျက်ရမည့် ကောက်နုတ်ချက်ကို ချပြရာတွင် သင့်အတွက် အကူအညီဖြစ်စေလိမ့်မည်-

သတ္တိရှိတယ်ဆိုတာ အမှန်တရားအတွက်ရပ်တည်သူဟာ ဒို့တွေပဲဆိုရင်တောင်မှ အမှန်တရားဘက်က ရပ်တည်တာ၊ နောက်ပြီး ဒို့တွေကို သက်တောင့်သက်သာ မဖြစ်စေဘူးဆိုရင်တောင်မှ အကူအညီ လိုနေတဲ့သူတွေကို ကာကွယ်စောင့်ရှောက်ပေးတာ၊ ဒို့တွေအတွက် အခက်အခဲဖြစ်မယ်ဆိုတာ သိလျက်နဲ့ပဲ အမှန်ကို ပြောဆိုတာတွေက သတ္တိရှိတယ်ဆိုတဲ့ အဓိပ္ပါယ်ပါပဲ။ ဘဝမှာ အခက်အခဲတွေကို တည်တည်ငြိမ်ငြိမ်၊ ရင့်ရင့်ကျက်ကျက်နဲ့ ရင်ဆိုင်ဖို့ သတ္တိရှိရတယ်။ ဘုရားရှင်အပေါ် ဒို့တွေရဲ့ ချစ်မြတ်နိုးမှုနဲ့ အခြားသူတွေထက် ဘုရားရှင်ကို နှစ်မြို့က်စေလိုတဲ့ ဒို့တွေရဲ့ဆန္ဒတွေကနေ သတ္တိကို ရရှိတယ်။ ဒို့တွေရဲ့ဘဝမှာကြုံရတဲ့ အခြေအနေတိုင်းကို သတ္တိနဲ့ ရင်ဆိုင်ရာမှာ သတိရနေစေဖို့ အောက်ပါကောက်နုတ်ချက်ကို အလွတ်ကျက်မှတ်ကြပါစို့-

**"သတ္တိနှင့် စွမ်းအားတို့၏ အရင်းအမြစ်မှာ ထာဝရဘုရားသခင်၏ ကျမ်းစာဒေသနာတော်များကို တိုးမြှင့်လုပ်ဆောင်ခြင်းနှင့် အရှင်၏ချစ်ခြင်းမေတ္တာတွင် မြဲမြံစွာရပ်တည်နေခြင်းတို့ ဖြစ်သည်။"**[၁၁၉]

*အရင်းအမြစ်*

၁။ ခရွန်မီက တောင်ကြားထဲက ရွာလေးတစ်ရွာမှာ နေတယ်။ ရွာအနီးက တောင်ထိပ်ပေါ်က အရည်ပျော်သွားတဲ့နှင်းတွေကနေ ရွာအတွက် ရေကို ရရှိတယ်။ ရွာအတွက် ရေရဲ့ အရင်းအမြစ်က တောင်ထိပ်တွေပေါ်က နှင်းတွေပေါ့။

၂။ မစ္စက်ပေါ်တာတွင် ချစ်စရာကောင်းပြီး လိမ္မာတဲ့ ကလေးသုံးယောက်ရှိတယ်။ သူ့ ကလေးတွေက သူ့အတွက် ဝမ်းမြောက်မှုနဲ့ ပျော်ရွှင်မှုတို့ရဲ့ အရင်းအမြစ်ပါပဲ။

*တိုးမြှင့်လုပ်ဆောင်ခြင်း*

၁။ ရှုအာရဲ့ သူငယ်ချင်းနှစ်ယောက်က စတင်ငြင်းခုန်ကြပြီး အချင်းချင်း စိတ်ဆိုးလာကြတယ်။ ရှုအာဟာ တစ်ယောက်စီကို အခြားတစ်ယောက်ရဲ့ အမြင်ကနေ ကြည့်ဖြစ်အောင် ကူညီပေးခဲ့တယ်။ ရှုအာက သူ့ သူငယ်ချင်းတွေကြားမှာ ငြိမ်းချမ်းမှုနဲ့ နားလည်မှုကို တိုးမြှင့်လုပ်ဆောင်ခဲ့တယ်။

၂။ သူနာပြုတစ်ယောက်က ကလေးတွေရဲ့ ကျန်းမာရေးအတွက်ကောင်းတဲ့ အစားအသောက်တွေ အကြောင်း သင်ပေးဖို့ စာသင်ခန်းကို လာခဲ့တယ်။ သူနာပြုက ကျန်းမာတဲ့စားသောက်ပုံကို တိုးမြှင့် လုပ်ဆောင်တယ်။

*မြဲမြံစွာရပ်တည်ခြင်း*

၁။ ပရိုမီလာက သူ ဆရာဝန်ဖြစ်ချင်တယ်ဆိုတာ သိတယ်။ သူက ကျောင်းမှာ ကြိုးကြိုးစားစား လေ့လာတယ်၊ နှစ်များစွာ ပင်ပင်ပန်းပန်း လေ့လာလိုက်တဲ့အခါ သူလိုချင်တဲ့ ပန်းတိုင်ကို အောင်မြင်ခဲ့တယ်။ သူက ဆရာဝန်ဖြစ်ချင်တဲ့ သူ့ရဲ့ အားထုတ်ကြိုးပမ်းမှုတွေမှာ မြဲမြဲမြံမြံရပ်တည်တာကို ပြခဲ့တယ်။

၂။ ဇဘွန်ဒိုင်းက အလွန်ဝေးတဲ့ ရွာတစ်ရွာမှာ ကျောင်းအသစ်တစ်ကျောင်း ဖွင့်နိုင်အောင် ကူညီပေးဖို့ သွားခဲ့တယ်။ သူ့မိသားစုကိုလည်း လွမ်းပြီး အခက်အခဲများစွာ ကြုံပေမဲ့ အဲဒီရွာမှာ စွဲစွဲမြဲမြဲနေပြီးတော့ ဆရာတွေကို လေ့ကျင့်ပေးပြီး ကလေးများတွေနဲ့ အလုပ်လုပ်ရင်း နှစ်အတော်ကြာကြာ နေခဲ့တယ်။

## ဃ။ ဖြစ်ရပ်မှန်

*အလီအက်စကာဟာ ပါရှန်းမြို့က ကုန်သည်တစ်ယောက်ပါ။ သူ ဘဟာအီ ဖြစ်လာတဲ့အခါ သာသနာကို ဆန့်ကျင်သူတွေရဲ့လက်ချက်နဲ့ အခက်အခဲများစွာ ကြုံခဲ့ရတယ်။ အချိန်တိုလေးအတွင်း မှာပဲ သူ့ပိုင်ဆိုင်မှုတွေ အကုန်ဆုံးရှုံးသွားတယ်။ ဒီလိုဖြစ်သွားတောင်မှ အလီအက်စကာက စိတ်ဓာတ် ကျမသွားခဲ့ဘူး။ သူ့မွေးရပ်မြေမှာ အသက်မွေးဝမ်းကြောင်းဖို့ မဖြစ်နိုင်တာကို မြင်မိတာကြောင့် အိမ်နီးချင်းနိုင်ငံထဲက မြို့တစ်မြို့ဖြစ်တဲ့ အဒရိယာနိုပါယ်မြို့ကို ပြောင်းဖို့ ဆုံးဖြတ်ခဲ့တယ်။*

အရိယာနိုပါယ်မှာလည်း ဘာမှမယ်မယ်ရရမရှိပေမဲ့ ကုန်ရောင်းကုန်ဝယ် နဲ့နဲလုပ်လို့ရအောင် စီမံခဲ့တယ်။ ဒါပေမဲ့ ဘာပစ္စည်းတစ်ခုမှ မရောင်းရခင် သူပိုင်ဆိုင်သမျှအကုန်လုံး အခိုးခံလိုက်ရတာကြောင့် သူခိုးတွေ နှိပ်စက်တာခံရတာမို့ ဒီတစ်ကြိမ်လည်း ဘာမှကို မကျန်တော့ပြန်ဘူး။

သိပ်မကြာခင်ပဲ သူခိုးတွေကို ဖမ်းမိသွားတယ်။ ကံကောင်းချင်တော့ ဒီသူခိုးတွေ လူအတော်များများဆီက ခိုးပြတိုက်ထားသမျှလည်း မိသွားတော့တယ်။ အာဏာပိုင်တွေထဲက တစ်ဦးက ဒီပစ္စည်းဥစ္စာတွေကြောင့် မျက်စိတွေပြာသွားပြီး ဒီဟာတွေကို သူ့အတွက်ဖြစ်အောင် အကွက်ဆင်တော့တယ်။ ဒါကြောင့် အလီအက်စကာကို သူ့ရုံးခန်းထဲကို ခေါ်တွေ့ပြီး ရှင်းပြခဲ့တယ်။

"အလီအက်စကာ ဒီသူခိုးတွေဟာ အရမ်းချမ်းသာကြတယ်။ ဒါ့ကြောင့် အစိုးရကို ငါ ပို့မယ့် အစီရင်ခံစာထဲမှာ မင်းဆီက အခိုးခံရတဲ့ ငွေတန်ဖိုးဟာ အများကြီးလို့ ငါ ရေးခဲ့တယ်။ ဒါ့ကြောင့် တရားခွင်မှာ စစ်ဆေးတဲ့အခါ ငါ ရေးခဲ့တာ မှန်တယ်လို့ မင်း သက်သေထွက်ဆိုရမယ်"လို့ သူက ပြောလိုက်တယ်။ ဒီနည်းနဲ့ဆိုရင် ဒီငွေတွေအားလုံးကို အလီအက်စကာ ပြန်ပေးပြီး သူတို့နှစ်ဦးကြား ခွဲဝေယူမယ်လို့ အရာရှိက စဉ်းစားထားတာ။

အလီအက်စကာက အဲလိုအစီအစဉ်ကို ဘယ်တော့မှလုပ်မှာမဟုတ်ဘူးဆိုတာ သိပြီးသားပါ။ သူက "လူကြီးမင်း ခန် ခင်ဗျာ၊ ကျွန်တော် အခိုးခံလိုက်ရတဲ့ ပစ္စည်းက နည်းနည်းလေးပါ။ ဒီလိုမမှန်တဲ့ အရာကို ကျွန်တော် ဘယ်လိုလုပ် တင်ပြနိုင်ပါ့မလဲ။ သူတို့က ကျွန်တော့်ကို မေးရင် အမှန်အတိုင်း တိတိကျကျ ပြောလိုက်မှာပါပဲ။ ဒါဟာ ကျွန်တော်ရဲ့ တာဝန်ဖြစ်ပြီး ဒါကလွဲလို့ တခြား ဘာမှမရှိပါဘူး" လို့ ပြန်ပြောလိုက်တယ်။

အရာရှိက အလီအက်စကာကို ထပ်ပြီးသိမ်းသွင်းဖို့ ကြိုးစားပါတယ်။ "ဒီမှာ ဒို့တွေ အခွင့်အရေးကောင်းကို ရထားပြီးပြီ။ မင်းရော ငါရော နှစ်ယောက်စလုံး အကျိုးခံစားရမှာ။ တစ်သက်မှာ တစ်ခါပဲရတဲ့ အခွင့်အရေးကို မင်းလက်လွတ်ဆုံးရှုံးမခံပါနဲ့!"

ဒါပေမဲ့ အလီအက်စကာက "လူကြီးမင်း ခန် ကျွန်တော် ထာဝရဘုရားသခင်ရှေ့မှာ ဘယ်လို အဖြေပေးရမလဲ။ ကျွန်တော် ပြောပါရစေ။ ကျွန်တော် အမှန်ကိုပဲ ပြောမှာ၊ အမှန်ကလွဲပြီး ဘာကိုမှ မပြောဘူး"လို့ ဆိုရင် သူက ထပ်ငြင်းတယ်။

အရာရှိလည်း ဒေါသထွက်လာတယ်။ တကယ်လို့ အလီအက်စကာဟာ သူ ခိုင်းတဲ့အတိုင်း မလိုက်နာဘူးဆိုရင် သူစီစဉ်ထားသမျှ ဘာမှဖြစ်လာမှာ မဟုတ်တော့ဘဲ သူ့လက်ထဲမှာရောက်နေတဲ့ အခွင့်အရေးကောင်းကိုလည်း လက်လွှတ်ရလိမ့်မယ်။ ဒါကြောင့် ကြောက်လန့်ပြီး သူနဲ့ပူးပေါင်းလာမယ်ဆိုတဲ့ မျှော်လင့်ချက်နဲ့ အလီအက်စကာကို စပြီးခြိမ်းခြောက်တော့တာပဲ။ "ငါ မင်းကို ထောင်ထဲပို့ပစ်မယ်။ နယ်နှင်ဒဏ်လည်း ပေးမယ်။ ငါ မင်းကို အလွတ်မပေးဘူး"လို့ ပြောလိုက်တယ်။ နောက်ပြီး မင်း သဘောမတူဘူးဆိုရင် မင်းကို ပါးရှားပြည်ကို ပြန်ပို့ပစ်မယ်"လို့ အလီအက်စကာကို ပြောခဲ့တယ်။

*အလီအက်စကာပဟာ ပြုံးနေခဲ့တယ်။ "ဂျီနဘီ ခန့်၊ ခင်ဗျား ကြိုက်သလိုသာ လုပ်ပါ။ ကျနော်က အမှန်တရားကနေ ဘယ်တော့မှ ကျောခိုင်းမှာ မဟုတ်ဘူး"လို့ ပြန်ပြောလိုက်တော့တယ်။*

## င ။ ကစားနည်း- "ဟုတ်တယ်၊ မဟုတ်ဘူး"

ကလေးတွေကို စက်ဝိုင်းပုံ ကျယ်ကျယ်ဝိုင်းခိုင်းပြီး သင်က အလယ်မှာ ရပ်လျက်နဲ့ ကစားနည်းကို စတင်ပါ။ သင်က ပြောဆိုချက်တွေများများ လုပ်တော့မယ်ဆိုတာ အခု သူတို့ကို ရှင်းပြပါ။ အချို့ ပြောဆိုမှုတွေက မှန်လိမ့်မယ်။ ကျန်တာတွေက မှားလိမ့်မယ်။ တကယ်လို့ ပြောဆိုချက်က မှန်ရင် သူတို့က "ဟုတ်တယ်"လို့ အော်ပြီး စက်ဝိုင်းအလယ်ဆီ ရှေ့ကို ခုန်ဆွခုန်ဆွနဲ့ တိုးရမယ်။ တကယ်လို့ မှားရင် သူတို့က "မဟုတ်ဘူး"လို့ အော်ပြီး နောက်ဘက်ကို ခုန်ဆွခုန်ဆွနဲ့ ဆုတ်ရမယ်။

သင် ပြောတဲ့ပြောဆိုချက်တွေက ကလေးတွေ အလွယ်တကူ သိမြင်နိုင်မဲ့အရာတွေအပေါ်မှာ အခြေခံရမယ်။ "ဟုတ်တယ်"ဆိုတဲ့ နမူနာပြောဆိုချက်တွေအနေနဲ့ "နေက အလင်းရောင်ကို ပေးတယ်"။ "သစ်ပင်တွေက သစ်စေ့တွေကနေ ကြီးလာတယ်"။ "တောင်တွေက မြင့်မားကြတယ်" ဆိုတာမျိုးတွေပေါ့။ နောက်ပြီး ကလေးတွေ ဝတ်ထားတာကို ဖော်ပြတဲ့ ပြောဆိုချက်တွေလည်း လုပ်နိုင်ပါတယ်။ ဥပမာ "ဆာရာက အပြာရောင် ရှပ်အင်္ကျီကို ဝတ်ထားတယ်"၊ ဒါမှမဟုတ် သူတို့ပတ်ဝန်းကျင်မှာ မြင်ရတဲ့ "ဟောဟိုမှာ ခုံရှည်နှစ်လုံး" ဆိုတာမျိုးတွေပေါ့။

"မဟုတ်ဘူး"ဆိုတဲ့ နမူနာအနည်းငယ်ကတော့ "မိုးရေတွေက အပေါ်ဘက်ကို ကျတယ်"၊ "ငါးတွေက ပျံတယ်"၊ "ကျောက်တုံးတွေက ခြေထောက်တွေနဲ့ လမ်းလျှောက်တယ်" ဆိုတာတွေပေါ့။ တစ်ခါ မမှန်တဲ့ ပြောဆိုချက်တွေအတွက်လည်း သင့် ပတ်ဝန်းကျင်မှာ ရှိတာတွေကို အသုံးပြုနိုင်တာပါပဲ။ မမှန်တဲ့ ပြောဆိုချက်တွေထက် မှန်တဲ့ပြောဆိုချက်တွေက ပိုပြီး ပါရမယ်ဆိုတာ သတိရပါ။ ဒါမှပဲ ကစားနည်းအဆုံးမှာ စက်ဝိုင်းအလယ်မှာရှိတဲ့ သင့်ဆီကို ရောက်လာကြလိမ့်မယ်။

## စ ။ အရောင်ခြယ်ခြင်း- ပုံဆွဲစာရွက် ၁၇

## ဆ ။ အသိမ်းဆုတောင်းများ

# သင်ခန်းစာ (၁၈)

## က ။ ဆုတောင်းပတ္ထနာများ ရွတ်ဖတ်ခြင်းနှင့် အလွတ်ကျက်မှတ်ခြင်း

အဖွင့်ဆုတောင်းများ ဖတ်ပြီးနောက် ကလေးများသည် ပြီးခဲ့သည့်သင်ခန်းစာတွင် မိတ်ဆက်ပေးခဲ့သည့် ဆုတောင်းကို အလွတ်ရွတ်ဖတ်ဖို့ သင်ယူရာတွင် အချိန်အသုံးပြုရမည်။

## ၁ ။ သီချင်းများ (ယခင်သီချင်းများကို ပြန်နွှေးတာလည်း ပါဝင်သည်)

### မျှော်လင့်ချက်ရှိပါ

C F
The future we can never know

G C
What will happen the next day

C F
Yet bounties never cease to flow

G C
Trust in God and make your way

Chorus:

F G
Be hopeful, be hopeful,

C F
And find God's bounties everywhere

F
The sun will rise G And fill the skies

C F
Look up with expectant eyes

F G C
Look to Him with hopeful eyes

Be ever hopeful, strive to grow
And winter will give way to spring
His bounties never cease to flow
They're bringing life to everything

Chorus

Be a source of joy and peace
Serve and let the spirit glow
Remember bounties never cease
Be hopeful for tomorrow

Chorus

## ၈ ။ ကောက်နုတ်ချက်များ အလွတ်ကျက်မှတ်ခြင်း

ဤသင်တန်းတွင် ကလေးများ အလွတ်ကျက်မှတ်ရမည့် ကောက်နုတ်ချက်ကို မိတ်ဆက်ရာတွင် အောက်ပါ အယူအဆများကို အသုံးပြုနိုင်ပါသည်။

ဘုရားသခင်ရဲ့ ချစ်ခြင်းမေတ္တာက ဒို့တွေနဲ့အမြဲအတူရှိတယ်။ အရှင်က ဘယ်တော့မှ ဒို့တွေကို တစ်ဦးတည်း ပစ်မထားဘူး။ ဒို့တွေ ဘဝတစ်လျှောက်လုံးမှာလည်း ကူညီပေးမယ်လို့ ကတိပေးတော်မူထားတယ်။ ဒီတစ်နေ့ပြီး နောက်နေ့ ဘာဖြစ်လာမယ်ဆိုတာ မသိပေမဲ့ ထာဝရဘုရားရှင်ထံမှာ ယုံကြည်စိတ်ချ ထားပြီး အရှင့်ထံမှ လက်ဆောင်တွေနဲ့ ပေးကမ်းရက်ရောမှုတွေက ဒို့ ဝန်းကျင်မှာ

ရှိနေတယ်ဆိုတာကို သတိရကြတယ်။ ဒါ့ကြောင့် အနာဂတ်ကိုကြည့်တဲ့အခါ ဒို့တွေ မျှော်လင့်ချက် ရှင်သန်လာပြီး အရှင့်ရဲ့ အကန့်အသတ်မရှိတဲ့ ကောင်းချီးမင်္ဂလာဝေစုကို လက်ခံရရှိမယ်ဆိုတာကို ယုံကြည်စိတ်ချထားတယ်။ မျှော်လင့်ချက်ပြည့်နေတဲ့ နှလုံးသားတွေနဲ့ ဒို့တွေအပေါ်ကို ဘုရားရှင်ရဲ့ ပေးသနားမှုတွေ သက်ဆင်းကျရောက် လာမယ်ဆိုတာ အဆက်မပြတ် မျှော်လင့်ကြတယ်။ မျှော်လင့်ချက်ရှိခြင်းရဲ့အရေးကြီးပုံကို သတိရနေစေဖို့ အဗ္ဗဒွလ်ဘဟာအရှင်မြတ်ရဲ့ မိန့်မှာချက်ကို အလွတ်ကျက်မှတ်ကြပါစို့-

**"ထာဝရဘုရားသခင်ထံ၌ သင်၏ ယုံကြည်စိတ်ချမှုကို ဘယ်သောအခါမှ မပျောက်ဆုံးပါစေနှင့်။ ထာဝရဘုရားသခင်၏ သနားကရုဏာများသည် လူသားများအပေါ်သို့ စီးဆင်းရန် ဘယ်သောအခါမျှ ရပ်တန့်မသွားသောကြောင့် သင်သည် အမြဲအစဉ် မျော်လင့်ချက်ရှိပါလေ။"**[၁၂၀]

*ယုံကြည်စိတ်ချမှု*

၁။ အက်ဒဝပ်မှာ ပြဿနာတစ်ခု ဖြစ်နေတာမို့ အကူအညီရဖို့ ဟန်ဝေ့ဆီ သွားခဲ့တယ်။ အက်ဒဝပ်က ဟန်ဝေဟာ သူ့ကို ကူညီဖို့ သူတတ်နိုင်သမျှအကုန်လုပ်ပေးမယ်ဆိုတာ သိထားတယ်။ အက်ဒဝပ်က ဟန်ဝေအပေါ် ယုံကြည်စိတ်ချတယ်။

၂။ နီမာလာက သူ့အိမ်ခေါင်မိုးကို ပြင်ချင်တယ်။ ဒါပေမဲ့ သူတစ်ယောက်တည်း မလုပ်နိုင်ဘူး။ နီမာလာ့ သူငယ်ချင်းတွေက သူ့ကို ကူညီဖို့ နောက်နေ့လာခဲ့မယ်လို့ ပြောတယ်။ သူတို့ ကတိပေးထားတဲ့အတိုင်း လာလိမ့်မယ်လို့ သူက ယုံကြည်ထားတာမို့ အားလုံး အဆင်သင့် လုပ်ထားတယ်။

*မျှော်လင့်ချက်ရှိသည်*

၁။ အိုင်အိုဆီဖီနာက နေရောင်ခြည်ရတဲ့ အိုးထဲမှာ သစ်စေ့စိုက်ထားပြီး နေ့တိုင်း ရေလောင်းတယ်။ သူက အပင်ကြီးလာတာကို မြင်ချင်နေတယ်။ အိုင်အိုဆီဖီနာက ဒီသစ်စေ့ဟာ တစ်နေ့မှာ သန်မာတဲ့ သစ်ပင်တစ်ပင် ဖြစ်လာမယ်လို့ မျှော်လင့်ထားတယ်။

၂။ အန်တိုနီယိုရဲ့ သူငယ်ချင်းကောင်း မက်တီးယပ်စ်က နောက်တစ်မြို့ကို ပြောင်းသွားတယ်။ အန်တိုနီယိုက သူ့သူငယ်ချင်းကို လွမ်းတယ်။ ဒါပေမဲ့ သူတို့တွေ နောက်တစ်ကြိမ် မကြာခင် ပြန်တွေ့ရမယ်ဆိုတာကို သူက မျှော်လင့်ထားတယ်။

*သနားကရုဏာများ*

၁။ ညတိုင်း လီလီယန် ဆုတောင်းဖတ်တဲ့အခါ သူ ကံကောင်းစွာရရှိထားတာတွေအကြောင်း စဉ်းစားမိတယ်။ သူ့မိဘတွေ၊ သူ့သူငယ်ချင်းတွေ၊ သူ့ဆရာဆရာမတွေနဲ့ သူအိပ်နေတဲ့အိပ်ရာ အကြောင်းတွေကို စဉ်းစားမိတယ်။ လီလီယန်က သူ့ကို ပေးထားတဲ့ သနားကရုဏာတွေအတွက် အမြဲတမ်း ကျေးဇူးတင်မိတယ်။

၂။ ရီဇာမှာ သူ့ကို ချစ်ပြီး ဖွံ့ဖြိုးတိုးတက်အောင်ကူညီတဲ့ သူငယ်ချင်းတွေနဲ့ ဆွေမျိုးတွေ ရှိထားတယ်။ သူတို့တွေရဲ့ ချစ်မြတ်နိုးမှုနဲ့ ပံ့ပိုးကူညီတဲ့ သနားကရုဏာအတွက် ရီဇာက ကျေးဇူးတင်မိတယ်။

*ရပ်တန့်သည်*

၁။ တဟီရာက ရေပိုက်ခေါင်းကို ပိတ်လိုက်တဲ့အခါ ရေကျတာ ရပ်သွားတယ်။ ရေက စီးဆင်းတာ ရပ်တန့်သွားတယ်။

၂။ တိမ်ထူထပ်တဲ့နေ့တွေမှာတောင် နေရဲ့ရောင်ခြည်တွေက ကမ္ဘာမြေကို အနွေးဓာတ်ပေးတယ်။ နေရဲ့ရောင်ခြည်တွေက ကမ္ဘာမြေပေါ် ကျရောက်ဖို့ ဘယ်တော့မှ မရပ်တန့်ဘူး။

## ဃ။ ဖြစ်ရပ်မှန်

*တစ်ခါတုန်းက လူတစ်ယောက်ဟာ နေထိုင်စရာ အိမ်မရှိလို့ လန်ဒန်မြို့ရဲ့ "သိမ်း" မြစ်ကမ်းမှာ တစ်ကိုယ်တည်း နေထိုင်ခဲ့ပါတယ်။ သူဟာ အလွန်ဝမ်းနည်းနေပြီး သူ့ဘဝမှာ ပျော်ရွှင်မှုရဖို့ မျှော်လင့်ချက်အားလုံး ပျောက်ဆုံးခဲ့တယ်။ တစ်နေ့မှာ သူ ဆိုင်တစ်ဆိုင်ရှေ့ ဖြတ်လျှောက် သွားတဲ့ အခါမှာ သတင်းစာတစ်စောင်ပေါ်က ဓါတ်ပုံတစ်ပုံက သူ့ကို ဖမ်းစားလိုက်ပါတယ်။ အဲဒီပုံကတော့ အဗ္ဗဒွလ်ဘဟာအရှင်မြတ်ရဲ့ မျက်နှာပဲ ဖြစ်ပါတယ်။ ဒီလူဟာ ကြက်သေသေလျှက် ရပ်နေပြီး အဲဒီမျက်နှာကိုပဲ ငေးကြည့်နေခဲ့တယ်။ သူက အဗ္ဗဒွလ်ဘဟာအရှင်မြတ်ကို တစ်ခါမှ မမြင်ဘူးသလို ဘယ်သူဘယ်ဝါ ဆိုတာကိုလည်း မသိဘူး။ ဒါပေမဲ့ အရှင့်ကို သူ တွေ့ကိုတွေ့ရမယ်ဆိုတာတော့ သေချာတယ်။ သတင်းစာထဲမှာ အိမ်တစ်အိမ်ရဲ့လိပ်စာကို ဖော်ပြထားတာမို့ သူက စပြီး လမ်းလျှောက်ရင်း အဲဒီနေရာမှာ အရှင့်ကို တွေ့မယ်ဆိုတဲ့မျှော်လင့်ချက်နဲ့ သွားခဲ့တယ်။ အဲဒီနေရာက တော်တော်ဝေးတာ။ မိုင် ၃၀ လောက်တောင်ရှိတယ်။ ဒါပေမဲ့ အဲဒီအိမ်ရောက်တဲ့အထိ ဆက်ပြီး လျှောက်ခဲ့တယ်။*

*နောက်ဆုံး အဲဒီအိမ်ရောက်တဲ့အခါ သူက ပင်ပန်းပြီး ဗိုက်ဆာနေတယ်။ အဲဒီအိမ်မှ အမျိုးသမီးက ကြင်ကြင်နာနာနဲ့ သူ့ကို အထဲခေါ်လိုက်ပြီး စားစရာအချို့ကိုလည်းပေးကာ ခဏ နားခိုင်းလိုက်တယ်။ သူ နားနေချိန်မှာပဲ သူ့ရဲ့ ဖြစ်ကြောင်းကုန်စင်ကို အဲဒီအမျိုးသမီးကို ပြောပြလိုက်ပြီးနောက် အဗ္ဗဒွလ်ဘဟာအရှင်မြတ် ဒီမှာရှိသလားလို့ မေးလိုက်တယ်။ အရှင် ဒီမှာရှိပါတယ်လို့ အမျိုးသမီးက အာမခံလိုက်တယ်။*

*"အရှင်က ကျနော့်ကို တွေ့မှာလား" "ကျနော်လိုလူကို လက်ခံတွေ့ပါ့မလား"လို့ သူက မေးပြန်တယ်။*

*အဗ္ဗဒွလ်ဘဟာအရှင်ဟာ သူ့ကို သေချာပေါက်တွေ့မှာပါလို့ အမျိုးသမီးက ဖြေရုံပဲရှိသေးတယ် အရှင်ကိုယ်တိုင် တံခါးပေါက်ဆီ ရောက်လာပါတော့တယ်။ အဲဒီလူက မတ်တပ်ရပ်လိုက်တယ်။ အဗ္ဗဒွလ်ဘဟာအရှင်မြတ်က သူ့လက်နှစ်ဖက်ကို ဖွင့်ပြီး သူ့ကို နှုတ်ဆက်လိုက်တယ်။ အဗ္ဗဒွလ်ဘဟာအရှင်မြတ်အတွက် ဒီလူ့ဟာ တွေ့ဖို့ အကြာကြီးမျှော်လင့်ခဲ့ရတဲ့ မိတ်ဆွေဟောင်းကို တွေ့လိုက်သလိုမျိုးပါပဲ။ အရှင်က သူ့ကို ချစ်ခြင်းမေတ္တာ၊ သနားကရုဏာတွေနဲ့ ကြိုဆိုခဲ့ပြီး သူ့ဘေးနားမှာ ထိုင်ခိုင်းလိုက်ပါတယ်။*

*ပြီးတော့ ဆုံးရှုံးသွားတဲ့ ပျော်ရွှင်မှုတွေကို လူတွေရဲ့ နှလုံးသားတွေဆီ ဘယ်လိုပြန်ရအောင် လုပ်ရမယ် ဆိုတာကို အမြဲသိမြင်တော်မူတဲ့ အရှင်က သူ့ကို စပြီးစကားပြောခဲ့တယ်။ သူ့ရဲ့ စိတ်ပျက်ဝမ်းနည်းမှု တွေကို မေ့ပစ်ဖို့ အားပေးခဲ့ပြီး ဘုရားရှင်ရဲ့နိုင်ငံတော်မှာ သူက ချမ်းသာတယ်ဆိုတာကိုလည်း သတိ ပေးခဲ့တယ်။ အဗ္ဗဒွလ်ဘဟာအရှင်မြတ်က သနားကြင်နာမှုတွေ သူ့အပေါ်ရွာသွန်းပေးတာကြောင့် အရှင့်ရဲ့ နှစ်သိမ့်တဲ့ စကားလုံးတွေဟာ သူ့ရဲ့နှလုံးသားကို စတင်ကုစားပေးပြီး သူ့အတွက် ခွန်အားတွေ ရစေခဲ့တယ်။ တဖြည်းဖြည်းချင်း သူ့ရဲ့ စိတ်ပျက်ဝမ်းနည်းနေမှုတွေဟာ အဝေးကို လွင့်ပါး သွားတော့တယ်။ သူ့ရဲ့ ဆင်းရဲကျပ်တည်းမှုတွေကြောင့် သူ့ကို ထပ်ပြီး ဝမ်းနည်းမကြေကွဲစေရ တော့ဘူးလို့ သူ မပြန်ခင်မှာ အရှင့်ကို ပြောလိုက်ပါတယ်။ အဲဒီအစား လယ်ယာတွေထဲမှာ အလုပ်ရှာလုပ်ပြီး ပိုက်ဆံစုမယ်၊ အဲဒါနဲ့ မြေယာအနည်းငယ်ကို ဝယ်နိုင်ပြီး အဲဒီမြေပေါ်မှာ ခရမ်းရောင်ပန်းတွေ(Violets)ကို စိုက်ပျိုးပြီး ဈေးမှာရောင်းမယ်တဲ့။ သူဟာ သူ့ယုံကြည်စိတ်ချမှုကို ဘုရားရှင်ဆီမှာ ထားဖို့နဲ့ ဘုရားရှင်က သူ့ရဲ့ ကြိုးပမ်းအားထုတ်မှုတွေကို အတည်ပြုပေးပြီး တိုးတက် စေမယ်ဆိုတာကို အဗ္ဗဒွလ်ဘဟာအရှင်မြတ်ထံကနေ ဒီလူ သင်ယူရရှိလိုက်ပါတော့တယ်။*

### င ။ ကစားနည်း- "မိုးခေါ်သူ"

ကလေးတွေကို သင့် ပတ်ချာလည်မှာ စက်ဝိုင်းပုံ ရပ်ခိုင်းပါ။ အဲဒီနောက် ကလေးများကို သူတို့ဟာ သဲကန္တာရထဲမှာမို့ မိုးရွာဖို့ တမ်းတနေကြတယ်လို့ စိတ်ကူးကြည့်ဖို့ ပြောပါ။ သင့်ရဲ့ လက်ဖဝါးတွေကို စပွတ်ပြီး သင်က ကလေးတစ်ဦးစီကို ကြည့်ပြီဆိုတာနဲ့ သူတို့လည်း အဲလိုလိုက်လုပ်ဖို့ ပြောပြပါ။ သင်က စက်ဝိုင်း တစ်ပတ်ပြည့်အောင် သွားပြီး ကလေးအားလုံးလည်း သူတို့လက်ဖဝါးတွေကို ပွတ်နေကြပြီဆိုရင် သင်က လှုပ်ရှားမှုအသစ်တစ်ခုနဲ့ တစ်ယောက်စီကို မကြည့်မချင်း အဲသလို ဆက်လုပ်နေဖို့ ပြောပါ။ အဲဒီလှုပ်ရှားမှု အသစ်ကို သူတို့ လိုက်လုပ်ကြရမယ်။ နောက်လှုပ်ရှားအနေနဲ့ လက်ဖျောက်တီးပါ။ ပြီးရင် လက်ခုပ်တီးပါ။ ပေါင်ကို ပုတ်ပါ။ ခြေဆောင့်ပါ။ ကလေးတွေအားလုံး အတူတူလုပ်တဲ့အသံက အစမှာ ပထမ မိုးပေါက် အနည်းငယ် ကျတဲ့အသံဖြစ်ပြီး နောက်ဆုံးမှာတော့ မိုးအသည်းအသန် ရွာတဲ့အသံမျိုး ဖြစ်ရလိမ့်မယ်။

### စ ။ အရောင်ခြယ်ခြင်း- ပုံဆွဲစာရွက် ၁၈

### ဆ ။ အသိမ်းဆုတောင်းများ

## သင်ခန်းစာ (၁၉)

### က ။ ဆုတောင်းပတ္တနာများ ရွတ်ဖတ်ခြင်းနှင့် အလွတ်ကျက်မှတ်ခြင်း

အခါတိုင်းကဲ့သို့ပင် သင်တန်းကို ဆုတောင်းများနှင့် ဖွင့်ပါ။ သင်ခန်းစာ ၁၇ တွင် မိတ်ဆက်ခဲ့သော ဆုတောင်းကို ဆက်ပြီး အလွတ်ကျက်ရာတွင် ကူညီပေးနိုင်ပါသည်။

## ၁ ။ သီချင်းများ(ယခင်သီချင်းများကို ပြန်နွှေးတာလည်း ပါဝင်သည်)

### အလုပ်ရှုပ်နေတဲ့ လက်တွေ

Chorus:

C F
Busy hands make happy children

C G
Happy children can be found

C F
Making other people happy

C F G C
Spreading peace and love around

C F
Working hands to build a new world

C G
Everybody has a role

C F
All of us can be so thankful

C F G C
For we soon shall reach our goal

Chorus

God will help us build a new world
Where we all help someone else
All of us will love our neighbour
More than we love our own selves

Chorus (with last line repeated)

## ဂ ။ ကောက်နုတ်ချက်များ အလွတ်ကျက်မှတ်ခြင်း

ဤသင်ခန်းစာတွင် ကလေးများသည် ယုံကြည်မှုခံထိုက်ခြင်းအကြောင်း ကောက်နုတ်ချက်ကို အလွတ်ကျက်မှတ်ကြ၍ သင်က ဤအကြောင်းအရာကို အောက်ပါနည်းအတိုင်း ရှင်းပြနိုင်သည်။

ထာဝရဘုရားသခင်ရဲ့ ရှေ့တော်မှောက်မှာ အကြီးမားဆုံး အရည်အသွေးတွေထဲက တစ်ခုမှာ ယုံကြည်မှုခံထိုက်ခြင်း ဖြစ်ပါတယ်။ ယုံကြည်မှုခံထိုက်တဲ့ လူဟာ အမှန်ပြောဆိုတယ်၊ ရိုးသား ဖြောင့်မတ်တယ်။ သူပြောတဲ့စကားကို သူ တည်တယ်လို့ သတ်မှတ်နိုင်တယ်။ ဒို့တွေက ပြောတာတခြား၊ လုပ်တာတခြား မဖြစ်သင့်ဘူး။ ဒို့တွေရဲ့ လုပ်ရပ်တွေက အမြဲတမ်းပဲ ပြောတဲ့ စကားအတိုင်း ထင်ဟပ်ရမယ်။ ဒို့တွေဟာ ယုံကြည်မှုခံထိုက်တဲ့အခါ မိမိတို့ရဲ့ တာဝန်ဝတ္တရားတွေကို အကောင်းဆုံး ကျေပွန်အောင် လုပ်ကြပြီး တာဝန်တွေကို ထမ်းဆောင်လိမ့်မယ်လို့ အခြားသူတွေက အသေအချာယုံကြည်ကြတယ်။ ဒီလိုဆိုရင် လူတိုင်းဟာ သူ့ရဲ့ အခန်းကဏ္ဍကို ကျေပွန်အောင် လုပ်လိမ့်မယ်လို့ သိထားတာမို့ လူတွေဟာ ညီညီညွတ်ညွတ်နဲ့ အတူတူအလုပ်လုပ်နိုင်ကြလိမ့်မယ်။

ယုံကြည်မှုခံထိုက်ခြင်း၏ အရေးကြီးပုံကို အမှတ်ရနေအောင် ကူညီပေးမယ့် အောက်ပါ ကောက်နုတ်ချက်ကို အလွတ်ကျက်မှတ် ကြပါစို့-

**“ယုံကြည်မှုခံထိုက်ခြင်းသည် လူအများတို့၏ တည်ငြိမ်အေးချမ်းမှုနှင့် လုံခြုံမှုဆီသို့ ဦးတည်စေသည့် အကြီးမားဆုံးသော မုခ်ဦး(ဝင်ပေါက်)ဖြစ်ပေ၏။”**[၃၂]

*ယုံကြည်မှုခံထိုက်ခြင်း*

၁။ အာသိဖ်က သူ့အမေကို ညစာပြင်ဆင်ရာမှာ ကူညီပေးပါ့မယ်လို့ ကတိပေးခဲ့တယ်။ အပြင်မှာ ကစားဖို့ သူ့သူငယ်ချင်းတွေ အိမ်ကိုလာပြီး ခေါ်တဲ့အချိန်မှာ အာသိဖ်ဟာ သူ့အမေကို ကတိပေးထားတယ် ဆိုတာ သတိရပြီး သူ့သူငယ်ချင်းတွေကို နောက်တစ်ခေါက်မှ အတူတူ ကစားတော့မယ်လို့ ပြောလိုက်တယ်။ အာသိဖ်က ယုံကြည်မှုခံထိုက်တဲ့ အရည်အသွေးကို ပြသခဲ့တယ်။

၂။ စူနီတာက သူ့မိသားစုအတွက် တစ်ချို့ဟာတွေ ဝယ်ဖို့ စတိုးဆိုင်ကို သွားခဲ့တယ်။ ဒါပေမဲ့ သူ လိုတာတွေအားလုံးအတွက်ပေးဖို့ ပိုက်ဆံအလုံအလောက် ယူမလာခဲ့ဘူး။ ကျန်တဲ့ ပိုက်ဆံကို နောက်နေ့မှလာပေးလို့ရမလားဆိုတာ စတိုးဆိုင်ရှင်ကို မေးခဲ့တယ်။ ပိုင်ရှင်ကလည်း အဲလို ရပါတယ်လို့ ပြောခဲ့တယ်။ ဘာဖြစ်လို့လဲဆိုတော့ သူက စူနီတာဟာ ယုံကြည်မှုခံထိုက်တယ်ဆိုတာ သိတာမို့ ကတိပေးထားတဲ့အတိုင်း ကျန်တဲ့ပိုက်ဆံကို လာပေးမှာကို ယုံကြည်ထားတယ်။

*တည်ငြိမ်အေးချမ်းမှု*

၁။ အန်မီလိုဟာ အရေးကြီးတဲ့ဆုံးဖြတ်ချက်တွေ ချတဲ့အခါတိုင်း အေးအေးဆေးဆေး စဉ်းစားပြီး အာရုံပြုလို့ရမဲ့ တိတ်ဆိတ်တဲ့ နေရာတစ်ခုကို ရှာဖို့ ကြိုးစားတယ်။ သူက အနီးမှာရှိတဲ့ ဥယျာဉ်ဆီ သွားတယ်။ ဥယျာဉ်ရဲ့ တည်ငြိမ်းအေးချမ်းမှုကြောင့် သူ့စိတ်နဲ့ နှလုံးသားကို ကြည်လင်သွားစေတယ်။

၂။ ပြင်းထန်တဲ့မုန်တိုင်း တိုက်ပြီးတဲ့အခါ အရာရာတိုင်းက အရင်အတိုင်း ပြန်တိတ်ဆိတ်သွားပြီး ငြိမ်သွားတယ်။ ငြိမ်းချမ်းမှုနဲ့ တည်ငြိမ်အေးချမ်းမှုဟာ မုန်းတိုင်းရဲ့ နောက်မှာ ပါလာတယ်။

*လုံခြုံမှု*

၁။ တိရစ္ဆာန်ပေါက်ကလေးက ကြောက်လန့်တဲ့အခါ လုံခြုံမှုအတွက် မကြာခဏ သူ့ အမေဆီ ပြန်ပြေး လိမ့်မယ်။ မိခင်က သူ့ကလေးတွေအတွက် လုံခြုံမှုကို ပေးတယ်။

၂။ ခြေလျင်ခရီးသည်က တောလမ်းအတိုင်း သွားခဲ့ရာ တောအုပ်ထဲတွင် လမ်းပျောက်သွားခဲ့တယ်။ သူ ပြန်မလာတာကြောင့် ရွာထဲက လမ်းပြတွေက သူ့ကို လိုက်ရှာကြတယ်။ သူတို့က သူ့ကို တွေ့သွားတဲ့ အခါ သူ့အနေနဲ့ လုံခြုံမှုကို ခံစားခဲ့ရတယ်။ ဘာဖြစ်လို့လဲဆိုတော့ သူတို့က စိတ်ချရတဲ့အထိ သူ့ကို ပြန်ခေါ်ကြမှာကို သိထားလို့ပေါ့။

## ဃ ။ ဖြစ်ရပ်မှန်

*လွန်ခဲ့တဲ့နှစ်များစွာက သာသနာတော်ရဲ့ အစပိုင်းရက်တွေမှာ တိုင်းပြည်တော်တော်များများမှာ ပြန့်နေတဲ့ ဘဟာအီဦးရေ နည်းနည်းပဲ ရှိခဲ့တာ။ သူတို့ဟာ စိန်ခေါ်မှုများစွာကို ရင်ဆိုင်ရင်း သန်းရှင်းမြင့်မြတ်ရာမြေမှာရှိတဲ့ အဗ္ဗဒွလ်ဘဟာအရှင်မြတ်ထံ သတင်းစကားတွေနဲ့ မေးခွန်းတွေကို ရေးသားခဲ့ကြတယ်။ သူတို့ပို့တဲ့စာတွေက အရှင့်ထံ မရောက်ခင် ခရီးရှည် သွားခဲ့ရတယ်။ အဗ္ဗဒွလ်ဘဟာအရှင်မြတ်ကလည်း စာတစ်စောင်စီကို ကြီးမားတဲ့ ချစ်ခြင်းမေတ္တာနဲ့ ဂရုတစိုက် ပြန်ကြားခဲ့တယ်။ အရှင်ရဲ့ တိုက်တွန်းအားပေးထားတဲ့ စကားလုံးတွေက သူတို့ကို ခွန်အားဖြစ်စေပြီး သူတို့ရဲ့ နှလုံးသားတွေကို ရွှင်လန်းစေခဲ့တယ်။ ဒါ့ကြောင့်မို့ ဒီဆက်သွယ်မှုလမ်းကြောင်းကို အဟန့်အတားမဖြစ်ဖို့ မဖြစ်မနေအရေးကြီးခဲ့တယ်။*

*ဒါနဲ့ အဲဒီနေရာမှာ မူဟာမက်တကီလို့ခေါ်တဲ့ ဘဟာအီတစ်ယောက် နေထိုင်တယ်။ သူက လူငယ်တစ်ယောက်အရွယ်နဲ့ နှစ်အတော်ကြာကတည်းက ပါးရှားပြည်ကနေ လာခဲ့ပြီး စီးပွါးရေး လုပ်ငန်းလေးတစ်ခုကို ထူထောင်ထားတယ်။ သူရဲ့ မဆုတ်မနစ်တဲ့ စိတ်ချရမှုကြောင့် တဖြည်းဖြည်း လူသိများလာတယ်။ သန့်ရှင်းမြင့်မြတ်ရာမြေမှာရှိတဲ့ အဗ္ဗဒွလ်ဘဟာအရှင်မြတ်ထံပို့တဲ့ စာတွေ အားလုံးနဲ့ တခြားနေရာတွေကိုပို့တဲ့ ပြန်ကြားစာတွေဟာ မူဟာမက်တကီအိမ်ကနေ တဆင့်ပို့ရတာမို့ သူဟာ မဖြစ်မနေ အရေးပါလာတယ်။ သူဟာ စာအစောင်တိုင်းကို မြန်မြန်ဆန်ဆန်နဲ့ လုံလုံခြုံခြုံ ပို့ပေးနိုင်တယ်ဆိုတာ သေချာတာကြောင့် လူတိုင်းက သူ့ကို ယုံကြည်စိတ်ချလို့ ရတယ်ဆိုတာ သိကြတယ်။*

*ဒါပေမဲ့ အဲဒီနောက်မှာ သာသနာ့ရန်သူတွေက အဗ္ဗဒွလ်ဘဟာအရှင်မြတ်ကို ဆန့်ကျင်ခဲ့ကြတယ်။ လူတွေက အရှင့်အပေါ် ပြသတဲ့ ချစ်မြတ်နိုးမှုနဲ့ လေးစားမှုကို သူတို့တွေက မနာလို ဖြစ်ခဲ့ကြတယ်။ သူတို့တွေက အရှင်ကို ပြည်နှင်ဒဏ်ပေးနိုင်ဖို့ မျှော်လင့်ထားတယ်။ ပိုဆိုးတာက အရှင့်ကို အသေ သတ်ပစ်ဖို့ပဲ။ စုံထောက်တွေကို အရှင့်အိမ် ပတ်ချာလည်မှာ ချထားပြီး အရှင့်ကို မျက်ခြေမပြတ် စောင့်ကြည့်ခဲ့ကြတယ်။ အဗ္ဗဒွလ်ဘဟာအရှင်မြတ်နဲ့ အခြားတိုင်းပြည်တွေက ကြည်ညိုလာတဲ့ ဘဟာအီတွေကြားမှာရှိတဲ့ စာအဆက်အသွယ် စီးဆင်းမှုကို သူတို့ ရပ်တန့်နိုင်ပြီး အဲဒီ အဆက် အတောက်ကို ဖြတ်နိုင်ပြီဆိုရင် သာသနာ့ရန်သူတွေအတွက် ဘယ်လောက်တောင် ကျေနပ်စရာ ကောင်းလိုက်မလဲ။ နောက်ပြီး သူတို့ဟာ အာဏာပိုင်တွေထံ အထင်အမြင်လွဲအောင် အသုံးပြုဖို့ တချို့စာရွက်စာတမ်းတွေကို ခိုးနိုင်ရင် ပိုတောင်မှ ကောင်းလိုက်လိမ့်မယ်!*

*ဒါပေမဲ့ အဗ္ဗဒွလ်ဘဟာအရှင်မြတ်က စိတ်အနှောင့်အယှက် မဖြစ်ခဲ့ဘူး။ ညဥ့်နက်တဲ့အထိ အရှင့်မီးအိမ် အလင်းရောင်လေးနဲ့ စာတွေရေးနေတာ အရှင့်ကို မကြာမကြာ မြင်ရနိုင်တယ်။ ဘာဖြစ်လို့လဲဆိုတော့ စာလက်ခံမဲ့သူနဲ့ စာပို့ဖို့ လုံခြုံမဲ့နည်းလမ်းကို အရှင်က သေချာအောင် လုပ်တာကြောင့်ပါ။ အရှင်က ဘာလုပ်ခဲ့တယ်လို့ မင်းတို့ ထင်လဲ။*

*အဗ္ဗဒွလ်ဘဟာအရှင်မြတ်က အရှင့်ရန်သူတွေဟာ မူဟာမက်တကီ လုပ်နေတဲ့ အရေးတကြီးအလုပ်ကို သတိထားမိတယ်ဆိုတာကို သိတော်မူတယ်။ သူဆီရောက်မဲ့ စာပို့တဲ့လမ်းကြောင်းကို သူတို့က*

*ကြားဖြတ်ဖို့ ကြိုးစားမှာ အသေအချာပဲ။ ဒါကြောင့်မို့ အဗ္ဗဒွလ်ဘဟာအရှင်မြတ်က မူဟာမက်တကီ အတွက် အန္တရာယ်ကင်းတဲ့ အနီးအနားက အိမ်နီးချင်း နိုင်ငံတစ်ခုကို လွှတ်ခဲ့တယ်။ အရှင့် ရန်သူတွေ သံသယမရှိလောက်တဲ့ အခြားသူတွေက သန့်ရှင်းမြင့်မြတ်ရာနေရာကနေ စာတွေ ယူသွားပြီး မူဟာမက်တကီဆီ ပို့ပေးသလို သူ့ဆီက စာတွေကိုလည်း ပြန်ယူခဲ့ကြတယ်။ ဒီလိုနဲ့ ဒီစိတ်ချရတဲ့ နေရာကနေ သူဟာ စာတွေကို သစ္စာရှိရှိ လက်ခံယူပြီး ပြန်ပို့ပေးခဲ့တာဆိုရင် သူ့အပေါ် အဗ္ဗဒွလ်ဘဟာအရှင်မြတ်ထားတဲ့ ယုံကြည်စိတ်ချမှုကို ဘယ်တော့မှ အထစ်အငေါ့ မဖြစ်စေခဲ့ဘူး။ ဒါကြောင့်မို့ အခက်ခဲဆုံးအချိန်တွေမှာတောင် သန့်ရှင်းမြင့်မြတ်ရာမြေနဲ့ အဆက်အသွယ်ဟာ ဘယ်တုန်းကမှ မပြတ်တောက်ခဲ့သလို လမ်းညွှန်မှုတွေလည်း ဟိုးအဝေးဆုံးနေရာတွေမှာရှိတဲ့ သာသနာဝင်တွေဆီအထိ ဆက်တိုက် ရောက်ရှိခဲ့ပါတော့တယ်။*

## င ။ ကစားနည်း- “လမ်းပြ”

ကျောင်းသားများကို နှစ်ယောက်တစ်တွဲ ခွဲလိုက်ပြီး သူတို့အဖော်ရဲ့ လက်ကိုကိုင်ထားခိုင်းပါ။ တစ်တွဲစီမှ ကလေးတစ်ယောက်ကို မျက်နှာအုပ်စည်းလိုက်ပြီး ကျန်တစ်ယောက်က သူ့ကို ပတ်ချာလှည့် ဦးဆောင်ခေါ်သွားပြီး လမ်းတစ်လျှောက် ခလုတ်မတိုက်မိဖို့ သေချာအောင် လုပ်ရမယ်။ ပိုပြီးခက်စေဖို့ မျက်နှာစည်းထားတဲ့ကလေးကို သစ်ကိုင်းတွေ၊ တွင်းလေးတွေ၊ ကျောက်တုံးလေးတွေနဲ့ ကားတာယာလို အတားအဆီးတွေကြားကနေ လမ်းပြပြီးခေါ်သွားနိုင်ပါတယ်။ ဒီနည်းနဲ့ တစ်တွဲစီမှာ ယုံကြည်စိတ်ချတဲ့ နှောင်ကြိုးမိသွားပြီဆိုရင် မျက်နှာစည်းထားတဲ့ကလေးကို နှုတ်နဲ့ပဲ ညွှန်ကြားချက်တွေ ပေးနိုင်ပါတယ်။ အဲလို လုပ်တဲ့အခါ လမ်းပြဖြစ်တဲ့ကလေးက အဲဒီကလေး ခလုတ်တိုက်ပြီး လဲမသွားအောင် ကူညီဖို့ သူနောက်ကနေ ကပ်ပြီး လိုက်ရပါမယ်။

အထက်ပါကစားနည်းကို နောက်တစ်နည်းအနေနဲ့ ကလေးအားလုံးကို မျက်နှာစည်းထားပြီး ရထားပုံစံ စီခိုင်း၍ သင် သို့မဟုတ် ကလေးတစ်ယောက်က ဦးဆောင်ပါ။

## စ ။ အရောင်ခြယ်ခြင်း- ပုံဆွဲစာရွက် ၁၉

## ဆ ။ အသိမ်းဆုတောင်းများ

# သင်ခန်းစာ (၂၀)

## က ။ ဆုတောင်းပတ္ထနာများ ရွတ်ဖတ်ခြင်းနှင့် အလွတ်ကျက်မှတ်ခြင်း

သင်နှင့် ကျောင်းသားအနည်းငယ်က အဖွင့်ဆုတောင်းများ ဖတ်ပြီးနောက် ပြီးခဲ့သည့် သင်ခန်းစာ သုံးခုတွင် သူတို့ကျက်လာသည့် ဆုတောင်းကို ကလေးများနှင့်အတူ ပြန်နွှေးပါ။

## ၁။ သီချင်းများ (ယခင် သီချင်းများကို ပြန်နွှေးတာလည်း ပါဝင်သည်)

### မေတ္တာမီးတောက်

D
In my heart

A
There is a flame

G
That God has placed

D A
special flame

A
This is the fire

G
The fire

D
Of His love

Chorus:

D A
I will pray I will pray (echo voice)
G
To God
A D A
To kindle in my heart To kindle in my heart (echo voice)
G
That flame
A D A
The fire of His love
G
And I will strive
A D
That its light illumines all hearts
Day by day
I will feed this flame
As I pray
And do good unto others
This flame will grow
As I pray
And serve mankind

And as this flame burns
As it grows
It will be felt
By all who come
Its way
It will bring warmth
To all
Who come its way

Chorus

## ဂ ။ ကောက်နုတ်ချက်များ အလွတ်ကျက်မှတ်ခြင်း

ဤသင်ခန်းစာ၏ အဓိကအကြောင်းအရာမှာ လင်းဝင်းထွန်းတောက်မှု ဖြစ်သည်။ အောက်ပါဖော်ပြချက်က ဤအကြောင်းအရာနှင့် အလွတ်ကျက်မှတ်ရမည့် ကောက်နုတ်ချက်ကို မိတ်ဆက်ရာတွင် သင့်ကို အကူအညီဖြစ်စေလိမ့်မည်-

ဘုရားရှင်ကို သိရှိဖို့နဲ့ ချစ်မြတ်နိုးဖို့ လူတိုင်းကို ဖြစ်တည်ပေးထားတာ။ ဒို့တွေအားလုံးရဲ့နှလုံးသားထဲမှာ အရှင့်ရဲ့ ချစ်ခြင်းမေတ္တာမီးပွါး ရှိထားတယ်။ ဒါ့ကြောင့်မို့ ဘုရားရှင်ရဲ့ ဒီချစ်ခြင်းမေတ္တာမီးတောက်ကို အရှင့်ထံ နေ့စဉ်ဆုတောင်းပတ္ထနာပြုတာနဲ့ အခြားသူတွေကို အမှုထမ်းပေးတာဆိုတဲ့ ဆီနဲ့အားဖြည့်ပေးဖို့ ဒို့တွေအတွက် အရေးကြီးလှတယ်။ ဒါမှ အဲဒါက ပိုအားကောင်းသထက် အားကောင်းလာမှာ။ ဒီမီးတောက်က ဒို့တွေနှလုံးသားထဲမှာ ပိုပြီး ထိန်ထိန်လင်းလင်း တောက်လာတဲ့အခါ ဒို့နဲ့ ထိတွေ့သူအားလုံးက ဒီအနွေးဓာတ်ကို ခံစားရလိမ့်မယ်။ သူတို့နှလုံးသားတွေလည်း တောက်တောက်ပပ ဖြစ်လာလိမ့်မယ်။ ဒို့တွေဟာ တအား လင်းဝင်းထွန်းတောက်လာတဲ့အခါ ထိန်ထိန်လင်းနေတဲ့ ဖယောင်းတိုင်တွေလို ဖြစ်လာပြီး ဒို့ပတ်ဝန်းကျင်ကလူတွေကို အလင်းရောင်နဲ့ အနွေးဓာတ်ကိုပဲ ပေးတော့တယ်။ အောက်ပါ ကောက်နုတ်ချက်ကို အလွတ်ကျက်မှတ်ကြပါစို့-

**"အို လူအပေါင်းတို့၊ ထာဝရဘုရားရှင့် ချစ်ခြင်းမေတ္တာအပူဓာတ်ဖြင့် လင်းဝင်းထွန်းတောက်ကြကုန်လော့။ ဤသို့ဖြင့် အသင်တို့သည် အခြားသူတို့၏ နှလုံးသားများကို လင်းဝင်းထွန်းတောက်နိုင်စေလိမ့်မည်။"**[၁၂]

*လင်းဝင်းထွန်းတောက်သည်*

၁ ။ အိမ်က အလွန်အေးလာတဲ့အတွက် အက်ဇယ်ရဲ့ အဖေက မီးဖိုခဲ့တယ်။ သူက မီးဖိုထဲကို သစ်သားတုံးကြီးတွေ ထည့်လိုက်ပြီး အောက်ခြေက သစ်ချောင်းလေးတွေကို မီးညှိလိုက်တယ်။ သစ်သားတွေက လင်းဝင်းထွန်းတောက်လာပြီး မီးတောက်က အခန်းကို နွေးသွားစေတယ်။

၂ ။ သိပ္ပံပညာရှင်တစ်ယောက် ကျောင်းကိုလာပြီး စကြဝဠာရဲ့ အလုပ်လုပ်ပုံအကြောင်း စိတ်ဝင်စားကောင်းတာတွေအများကြီး ရှင်းပြခဲ့တယ်။ ရှင်းပြပြီးတဲ့အခါ သူတို့က သူ့ကို မေးခွန်းမျိုးစုံကို မေးခဲ့တယ်။ သူမက ကျောင်းသားတွေရဲ့စိတ်ထဲမှာ ကမ္ဘာကြီးအကြောင်း ပို၍ သိလိုတဲ့ဆန္ဒတွေကို ထွန်းညှိပေးလိုက်တယ်။

## ဃ ။ ဖြစ်ရပ်မှန်

သောမတ်ဘရိတ်ဝဲက အမေရိကန်တောင်ပိုင်းမှာရှိတဲ့ ဝါဂွမ်းစက်ရုံမှာ အရေးပါတဲ့ရာထူးနဲ့ အလုပ်လုပ်နေပြီး သူ့အားလပ်ရက်တွေကို ဥရောပမှာ ကုန်လွန်ခဲ့တယ်။ ၁၉၀၁ ခု နွေရာသီ၊ ဥရောပကို သွားတဲ့လမ်းခရီးမှာ ရေနွေးငွေ့သင်္ဘောပေါ် အမျိုးသမီးကြီးတစ်ဦးနဲ့ တွေ့ဆုံခဲ့ပြီး ဝိညာဏနဲ့ ပတ်သက်တဲ့ အကြောင်းအရာတွေကို စပြီးပြောဖြစ်ကြတယ်။ ပဲရစ်မြို့ကို သူတို့ ရောက်ကြတဲ့အခါ အမျိုးသမီးကြီးက သူ့ကို အဲဒီမြို့က တိုက်ခန်းတစ်ခုမှာနေပြီး သူ့လိုပဲ ဝိညာဏအကြောင်းတွေကို

စိတ်ဝင်စားတယ်လို့ သိထားတဲ့ သူ့မိတ်ဆွေတစ်ဦးနဲ့ တွေ့ဖို့ သူ့ကို ခေါ်သွားခဲ့တယ်။ အဲဒီမှာ အမျိုးသမီးငယ်လေးက သူတို့ကို နွေးထွေးစွာ ကြိုဆိုခဲ့ပြီး သူတို့သုံးဦးသား အချိန်အတော်ကြာ စကားလက်ဆုံကျခဲ့တယ်။ မပြန်ခင် ဘရိုတ်ဝဲလ်က နောက်ထပ်စကားပြောဖို့ သူ ထပ်လာလို့ ရမလားလို့ အိမ်ရှင်အမျိုးသမီးကို မေးလိုက်တယ်။ နောက်နေ့ မနက်မှာ ပြန်လာဖို့ သူ့ကို ဖိတ်ခဲ့တယ်။

နောက်နေ့မနက် သူ ရောက်သွားတဲ့အခါ အမျိုးသမီးငယ်လေးက ဘရိုတ်ခ်ဝဲရဲ့ မျက်လုံးတွေက လင်းလင်းလက်လက်တောက်ပနေပြီး သူ့အသံက ခံစားချက်အပြည့်ရှိနေတယ်ဆိုတာကို သတိထား လိုက်မိတယ်။ သူ(မ)က သူ့ကို ထိုင်ခိုင်းလိုက်တယ်။ ဘရိုတ်ဝဲလ်က သူမကို ခဏစူးစူးစိုက်စိုက် ကြည့်လိုက်ပြီးနောက် ထူးခြားတဲ့ အတွေ့အကြုံကို သူမအား ပြောပြခဲ့တယ်။ မနေ့က သူ(မ)အိမ်ကနေ သူ မထွက်ခွါခင် သူဟာ လမ်းမကြီးတစ်လျှောက် နွေးနွေးထွေးထွေးနဲ့ ညနေခင်းလေကြမ်းအောက်မှာ တစ်ယောက်တည်း လမ်းလျှောက်ခဲ့တယ်။ သူ့ဘေးနားမှာ သစ်ရွက်တစ်ရွက်တောင်မှ လွင့်မလာခဲ့ဘူး။ အဲဒီနောက် ရုတ်တရက်ပဲ လေပြင်းပြင်း တိုက်ခတ်လာခဲ့ပြီး အဲဒီလေထဲကနေ ထာဝရဘုရားသခင်ထံမှ မင်္ဂလာသတင်းအသစ်နဲ့ဆိုင်တဲ့ ဝမ်းသာစရာသတင်းစကားတွေကို သယ်ယူလာသလိုပဲတဲ့။

အမျိုးသမီးငယ်လေးက စိတ်ငြိမ်ငြိမ်ထားဖို့ သူ့ကို အားပေးခဲ့တယ်။ ဘရိုတ်ခ်ဝဲလ် ပြောတဲ့ သတင်းထူးကို သူက သိပြီးသားပေါ့။ နောက်သုံးရက်ဆက်တိုက် နာရီပေါင်းများစွာ သူ(မ)က ဘဟာအီ သာသနာတော်အကြောင်း သူ တတ်နိုင်သမျှ သမိုင်းကြောင်းနဲ့ တရားဒေသနာများ အကြောင်း၊ နောက် အဲဒီတရားဒေသနာတွေကို ပြီးပြည့်စုံစွာ စံနမူနာပြနေထိုင်တဲ့ အဗ္ဗဒွလ်ဘဟာအရှင်မြတ်အကြောင်း၊ အရှင်ဟာ သန့်ရှင်းမြင့်မြတ်ရာမြေမှာရှိတဲ့ အက္ကာအကျဉ်းထောင်မြို့မှာ နေထိုင်တဲ့အကြောင်းတွေကို သူ့အား ပြောပြခဲ့တယ်။

သုံးရက်ပြည့်တဲ့နေ့မှာတော့ ဘရိုတ်ဝဲလ်ရဲ့ နှလုံးသားမှာ ပျော်ရွှင်မှုတွေ၊ မျှော်လင့်ချက်တွေနဲ့ ပြည့်နေတာမို့ အက္ကာအထိ ခရီးသွားပြီး အဗ္ဗဒွလ်ဘဟာအရှင်မြတ်ထံ သွားရောက် လည်ပတ်ချင် တာထက်ပိုပြီး တခြား ဘာမှမလိုချင်တော့ဘူး။ နောက် လူငယ်တစ်ဦးကလည်း အဲလိုရည်ရွယ်ချက်နဲ့ပဲ သန့်ရှင်းမြင့်မြတ်ရာမြေဆီ သွားလည်ဖို့ စီစဉ်ထားတာမို့ ဘရိုတ်ဝဲလ်က သူနှင့်အတူလိုက်မယ် ဆိုတာကြောင့် သူက အတော်သဘောကျလှတယ်။ ဒါ့ကြောင့်မို့ သူ့ကိုလည်း လာခွင့်ပြုဖို့ အဗ္ဗဒွလ်ဘဟာအရှင်မြတ်ထံ ခွင့်ပြုချက်တောင်းခံတဲ့ စာတစ်စောင် ပေးပို့ခဲ့တယ်။ အချိန်တိုလေး အတွင်းမှာပင် သူတို့လည်း သူတို့သွားမဲ့ ခရီးလမ်းပေါ် ရောက်နေကြပြီ။

သူတို့နှစ်ဦး အဗ္ဗဒွလ်ဘဟာအရှင်မြတ်ရဲ့ အိမ်ကိုရောက်တဲ့အခါ သူတို့နှစ်ဦးကို အခြား အမျိုးသား များစွာ စုစည်းနေကြတဲ့ အခန်းထဲကို ခေါ်သွားခဲ့တယ်။ ပတ်ချာလည် လှည့်ကြည့်လိုက်တော့ ဘရိုတ်ဝဲလ် နက်နက်နဲနဲ စိတ်သောကရောက်သွားတယ်။ သူ့နှလုံးသားကို ဆွဲဆောင်ခဲ့သူ အဲဒီအခန်းထဲမှာ တစ်ယောက်မှမရှိဘူး။ အဗ္ဗဒွလ်ဘဟာအရှင်မြတ်လည်း အဲဒီအခန်းထဲမှာ ရှိမှာပဲလို့ ထင်ထားရင်း ပဲရစ်မှာ သူ ကြားသိခဲ့ရတဲ့ ကောင်းကင်ဘုံအဆင့်ရှိ ပုဂ္ဂိုလ်မြတ်ကို မမှတ်မိမှာကို သူ ကြောက်နေခဲ့တယ်။ ဒါနဲ့ သူလည်း စိတ်ပျက်လက်ပျက် ထိုင်ချလိုက်တယ်။ အဲဒီအချိန်မှာပဲ တံခါးပွင့်သွားတာမို့ ဘရိုတ်ဝဲလ်လည်း မော့ကြည့်လိုက်တယ်။ အဲဒီမှာ ထွန်းလင်းတောက်ပသည့်

အလင်းရောင်ကို သူ တွေ့ခဲ့တယ်။ အဲဒီအလင်းရောင်ကနေ အဗ္ဗဒွလ်ဘဟာအရှင်မြတ်ရဲ့ အသွင်အပြင် ပေါ်ထွက်လာတော့တယ်။ ဒါကြောင့် သူ အတောင့်တဆုံးဆန္ဒလည်း ပြည့်ဝသွားခဲ့ပြီဆိုတာကို ချက်ချင်း သူ သိသွားတော့တယ်။

ဘရိတ်ဝဲလ်ဟာ အဗ္ဗဒွလ်ဘဟာအရှင်မြတ်ရဲ့ ရှေ့တော်မှောက်မှာ ထူးထူးကဲကဲရှိလှတဲ့ နှစ်ရက်တာ ကုန်လွန်ခဲ့ပြီး ဒီရက်တွေအတွင်း သူ့ နှလုံးသားထဲမှာ ထွန်းညှိထားတဲ့ မီးတောက်ကလည်း ပိုအားကောင်းသထက် အားကောင်းလာခဲ့တယ်။ ဘရိတ်ဝဲလ်က အဗ္ဗဒွလ်ဘဟာအရှင်မြတ်ကို သူ့ ဝါဂွမ်းစက်ရုံရဲ့ အလုပ်အကြောင်းနဲ့ ဒီစက်ရုံမှာ ကလေးတွေကို အလုပ်သမားအဖြစ် ခိုင်းတာတွေ အကြောင်း ပြောပြတဲ့အခါ အရှင်က သူ့ကို ဒီရာထူးကနေ နုတ်ထွက်ဖို့ အကြံညာဏ်ပေးခဲ့တာကြောင့် သူလည်း တုံ့ဆိုင်းမနေဘဲ ချက်ချင်းနုတ်ထွက်ခဲ့တာ။ သူ့ ခရီးစဉ်အဆုံးမှာတော့ ပဲရစ်မြို့ကို ပြန်သွားခဲ့တယ်။ သူ့စိတ်ဓာတ်လည်း ထိန်ထိန်လင်း တောက်လောင်နေတော့တယ်။ တိုတောင်းလှတဲ့ သူ့ဘဝရဲ့ ကျန်တဲ့အချိန်တွေမှာ သူဟာ ထိန်ထိန်လင်းနေတဲ့ ဖယောင်းတိုင်လို တောက်လောင်နေပြီး သူ့ နှလုံးသားထဲမှာ ထွန်းညှိထားတဲ့ အလင်းကို သူ တွေ့တဲ့လူတိုင်းနဲ့ ဝေမျှပေးနေခဲ့တယ်။ သူ ကွယ်လွန်သွားချိန်မှာ အဗ္ဗဒွလ်ဘဟာအရှင်မြတ်က သူ့ကို ဂုဏ်ပြုတဲ့ စာချွန်တော်တစ်စောင် ဖွင့်ပြခဲ့တယ်။ အဲဒီအထဲမှာ အောက်ပါ စာပိုဒ်လည်း ပါရှိတယ်- “အို ဘရိတ်ခ်ဝဲလ်၊ ငါ၏ချစ်သား! သင်သည် အထက်နိုင်ငံတော်သားအပေါင်းတို့၏ မီးအိမ်အတွင်း မီးတောက်ကို ထွန်းညှိပေးခဲ့လေပြီ။ အသင်ကား အဘဟာနိုင်ငံတော်အတွင်း ခြေချသွားချေပြီ။ အသင်ကား မင်္ဂလာရှိသော အပင်တော်၏ အရိပ်အောက်ဝယ် ခိုလှုံရာတွေ့ရှိ သွားချေပြီ။ အသင်သည်ကား ကောင်းကင်ဘုံထက် အရှင်နှင့် တွေ့ဆုံမှုဆီ တက်လှမ်းသွားချေပြီတကား။”

## င ။ ကစားနည်း- “နေမကောင်းသူကို ကူညီပါ”

“နေမကောင်းသူ”အဖြစ် လုပ်ဖို့ ကလေးတစ်ယောက်ကို ရွေးပါ။ အခု ကလေးနှစ်ယောက်ကို မျက်နှာချင်းဆိုင် ရပ်ခိုင်းပြီး “ကုလားထိုင်”တစ်လုံး ဖြစ်ဖို့ သူတို့လက်တွေက အချင်းချင်းရဲ့ လက်ဖျံတွေကို ကိုင်ထားခိုင်းပါ။ ကလေးဦးရေနဲ့ ကျွမ်းကျင်မှုအပေါ်မူတည်ပြီး သူတို့ကို နောက်ထပ်ပုံစံတစ်ခုနဲ့ ကုလားထိုင်ပုံစံ လုပ်ခိုင်းပါ။ အဲလိုလုပ်တဲ့အခါ ကလေးနှစ်ယောက်စလုံးက သူတို့ရဲ့ ညာဘက်တံတောင်ဆစ်နားကို သူတို့ရဲ့ ဘယ်လက်တွေနဲ့ မြဲမြဲကိုင်ထားသလို ညာဘက်လက်တွေနဲ့ ဘယ်ဘက်တံတောင်ဆစ်နားကို မြဲမြဲကိုင်ထားခိုင်းပါ။

ကျန်ကလေးတွေက “နေမကောင်းသူ”ကို ကုလားထိုင်ထဲ ရောက်အောင် ကူညီပေးရမယ်။ “ကျန်းမာရေးဌာန”အဖြစ် သစ်တစ်ပင် ဒါမှမဟုတ် နေရာတစ်ခုကို ရွေးပြီး ကုလားထိုင်ပုံစံ လုပ်ထားတဲ့ ကလေးနှစ်ယောက်ကို “နေမကောင်းတဲ့သူ”ကို အဲဒီနေရာအထိ သယ်သွားခိုင်းပါ။

ပိုကြီးတဲ့အုပ်စုနဲ့ဆိုရင် ကလေးတွေကို အတန်းနှစ်တန်း မျက်နှာချင်းဆိုင် တန်းခိုင်းပြီး ကုလားထိုင် အစား “လူနာထမ်းစင်”ပုံစံ လုပ်ခိုင်းနိုင်ပါတယ်။ သူတို့က လက်တွေကို တံတောင်ဆစ်ချိုး ကွေးထားပြီး သူ့ရှေ့က ကလေးရဲ့ လက်ဖျံတွေကို မြဲမြဲဆုပ်ကိုင်ထားခိုင်းပါ။ “နေမကောင်းသူ”ဆိုတဲ့ ကလေးက ထမ်းစင်ပေါ်

လှဲလိုက်ပြီး သူ့ကို "သူ့ကို ကျန်းမာရေးဌာန"ဆီ သယ်သွားရမယ်။ သူတို့ဟာ "လူနာ"ကို ကျန်းမာရေးဌာနအထိ ဘေးကင်းကင်း ခေါ်သွားဖို့ဆိုရင် ကလေးတိုင်း အတူတကွ အလုပ်လုပ်ရမယ်ဆိုတာ သူတို့ကို သတိပေးထားပါ။ "ဒို့တွေက လူနာကို လွှတ်ကျသွားမယ်ဆိုရင် သူလည်း နာကျင်သွားမယ်။ ဒို့လည်း စိတ်မကောင်းဖြစ်ရမယ်။ ဒါပေမဲ့ ကျန်းမာရေးဌာနအထိ ဘာမှအထိအခိုက်မရှိဘဲ ရောက်သွားတယ်ဆိုရင် ဒို့တွေ ပျော်ပျော်ရွှင်ရွှင်နဲ့ ကျေကျေနပ်နပ်ဖြစ်ကြမယ်။ ဘာ့ကြောင့်လဲဆိုတော့ ဒို့တွေက ဒို့ရဲ့ သူငယ်ချင်းကို ကူညီပေးလိုက်တာ ကြောင့်ပေါ့"လို့ သင်က ပြောပြနိုင်ပါတယ်။

## စ ။ အရောင်ခြယ်ခြင်း- ပုံဆွဲစာရွက် ၂၀

## ဆ ။ အသိမ်းဆုတောင်းများ

# သင်ခန်းစာ (၂၁)

## က ။ ဆုတောင်းပတ္တနာများ ရွတ်ဖတ်ခြင်းနှင့် အလွတ်ကျက်မှတ်ခြင်း

ဤသင်ခန်းစာနှင့် နောက်သင်ခန်းစာသုံးခုအတွက် အခန်း ၁၉ တွင် အကြံပြုထားသော ဆုတောင်းကဲ့သို့ သင်တန်းချိန်တစ်ခုစီကို ဖွင့်ရန် သင် အလွတ်ရသည့် ဆုတောင်းတစ်ပုဒ်ကို ရွတ်ဖတ်ပါ။ သင်နှင့် ကလေးအနည်းငယ်က အဖွင့်ဆုတောင်းများ ဖတ်ပြီးနောက် ဤအဆင့်တွင် သူတို့ နောက်ဆုံးအလွတ်ကျက်မှတ်ရမည့် အောက်ပါဆုတောင်းကို သူတို့အား ချပြနိုင်ပါသည်။

> **"အို ကြင်နာသနားတော်မူသောအရှင်၊ ကျွန်တော်မျိုးသည် ကလေးငယ်တစ်ယောက်ဖြစ်ပါ၏။ ဝိညာဏပိုင်းဆိုင်ရာ နိုင်ငံတော်အတွင်းသို့ ဝင်ရောက်စေခြင်းဖြင့် ကျွန်တော်မျိုး၏ စွမ်းအားများ မြှင့်တင်ပေးတော်မူပါ။ ကျွန်တော်မျိုးသည် ဤကမ္ဘာမြေ၏ လူသားတစ်ယောက်ဖြစ်လျက် ကောင်းကင်ဘုံဆိုင်ရာ လူသားတစ်ယောက်အဖြစ် ပြုလုပ်ပေးတော်မူပါ။ ကျွန်တော်မျိုးသည် နိမ့်ကျသော လောကီဘုံသားတစ်ယောက်ဖြစ်ပါ၍ ကျွန်တော်မျိုးအား အရှင်၏ သန့်ရှင်း ထွတ်မြတ်သောနိုင်ငံတော်ကို ပိုင်ဆိုင်ခွင့်ပြုတော်မူပါ။ စိတ်ဓာတ်ညှိုးငယ်နေသည့် ကျွန်တော်မျိုးအား လင်းဝင်းထွန်းတောက်စေတော်မူပါ။ ရုပ်ပိုင်းဆိုင်ရာမှ ဝိညာဏပိုင်းဆိုင်ရာ လူသားတစ်ယောက် ဖြစ်စေတော်မူပါ။ ၎င်းတို့ကို ချပေးသနားတော်မူခြင်းအားဖြင့် ကျွန်တော်မျိုးသည် အရှင်၏ အကန့်အသတ်မရှိသော ရက်ရောခြင်းကို ထင်ရှားစွာဖော်ပြနိုင်ပါအံ့။**
>
> "အမှန်ကား ကိုယ်တော်သည် တန်ခိုးတော်အပေါင်းနှင့် ပြည့်စုံတော်မူသောအရှင်၊ အရာခပ်သိမ်းကုန်တို့ကို ချစ်မြတ်နိုးတော်မူသောအရှင် ဖြစ်တော်မူပေသတည်း။"

## ၆ ။ သီချင်းများ (ယခင်သီချင်းများကို ပြန်နွေးတာလည်း ပါဝင်သည်)

### လင်းလင်းဝင်းဝင်း တောက်တောက်ပပ

E A
As we reflect the light that shines from above

B E
Our hearts will radiate with kindness and love

E A
As we are joyful, illumined and bright

B E
All those around will feel the warmth of His light

Chorus:

E A
O Son! O Son of Being!

B E
Thou art My lamp and My light is in thee!

E A
O Son! O Son of Being!

B E
Thou art My lamp and My light is in thee!

The love of God never ceases to flow
As we arise to serve its brightness will grow
Don’t hesitate! Just radiate! With all of your might
Till each and every heart is filled with His light

Chorus (with last line repeated)

## ၇ ။ ကောက်နုတ်ချက်များ အလွတ်ကျက်မှတ်ခြင်း

ဤသင်ခန်းစာတွင် ကလေးများသည် လင်းဝင်းတောက်ပြခြင်းဆိုသည့် အရည်အသွေးနှင့် ဆက်နွယ်သော ကောက်နုတ်ချက်ကို အလွတ်ကျက်မှတ်ရလိမ့်မည်။ ၎င်းကို အောက်ပါနည်းအတိုင်း မိတ်ဆက်ပေးနိုင်ပါသည်။

ထာဝရဘုရားသခင်ရဲ့ ချစ်ခြင်းမေတ္တာအလင်းဓာတ်က ဒို့တွေရဲ့ နှလုံးသားတွေကို ထွန်းလင်း ပေးဖို့ ဘယ်တော့မှ ရပ်မသွားဘူး။ ဒီအလင်းရောင်က တောက်ပသထက် တောက်ပလာပြီဆိုရင် ဒို့တွေရဲ့ နှလုံးသားတွေက အရှင့်ရဲ့ ချစ်ခြင်းမေတ္တာနဲ့ လင်းဝင်းလာကြတယ်။ ဘုရားရှင့် အသိပညာရဲ့ အလင်းရောင်ဖြစ်တဲ့ အရှင့်ရဲ့ ကြီးမြင့်မြတ်ခြင်း၊ အရှင့်ရဲ့ ဘုန်းတန်ခိုးနဲ့ဆိုင်တဲ့ အသိပညာတွေက ဒို့တွေရဲ့ မျက်လုံးတွေကို တောက်ပသွားစေတယ်။ ဒို့တွေရဲ့ ရက်ရောတဲ့လုပ်ရပ်တွေနဲ့ ကြင်နာတဲ့ စကားလုံးတွေအားဖြင့် ချစ်ခြင်းမေတ္တာနဲ့ အသိပညာရဲ့အလင်းရောင်တွေက ထိန်လင်းလာတော့တာ။ ဒို့ဝန်းကျင်မှာရှိတဲ့ လူတွေကို ဒို့တွေပျော်ရွှင်မှုရဲ့ လင်းဝင်းတောက်ပမှုနဲ့ စွဲငြိသွားစေတယ်။

လင်းဝင်းတောက်ပမှုဆိုတဲ့ အရည်အသွေးရဲ့ အရေးကြီးပုံကို သတိရနေအောင် ကူညီပေးမဲ့ အောက်ပါ ကောက်နုတ်ချက်ကို အလွတ်ကျက်မှတ်ကြပါစို့-

**"အို ဖြစ်တည်ခြင်း၏သား! အသင်ကား ငါအရှင်၏ ဆီမီးခွက်ဖြစ်၏။ ငါ၏အလင်းသည် အသင့် (အတွင်းသန္တာန်)တွင်ရှိ၏။ ၎င်းမှ အသင်၏ လင်းဝင်းထွန်းတောက်ပခြင်းကို ယူလော့။ ငါအရှင်မှတစ်ပါး အခြားသောအရာကို ရှာဖွေဆည်းပူးခြင်း မပြုလေနှင့်။"**[၁၂၄]

*လင်းဝင်းထွန်းတောက်ပခြင်း*

၁။ တိုင်ရဲလ် နိုးလာတဲ့အခါ အခန်းက နေရောင်ခြည်တွေ တစ်ခန်းလုံးအပြည့်ပဲ။ သူ့ကို နေရောင်ခြည်ရဲ့ လင်းဝင်းထွန်းတောက်မှုတွေ နုတ်ဆက်ခံရတာကြောင့် ပျော်နေတယ်။

၂။ မစ္စစ်ဆန်တို့စ်က လူတိုင်းကို သူ့မိသားစုလို ချစ်တယ်။ သူက အခြားသူတွေကို အမြဲတမ်း ပေးကမ်း ရက်ရောတယ်၊ ကြင်ကြင်နာနာရှိတယ်၊ ကူညီပေးတတ်တယ်။ သူ့နှလုံးသားထဲက ချစ်ခြင်းမေတ္တာကို သူနဲ့ တွေ့သူတိုင်းက ခံစားရပြီး သူတို့က ပျော်ရွှင်သွားကြတယ်။ လူတိုင်းဟာ သူရဲ့ လင်းဝင်းထွန်းတောက်မှုကို ထိတွေ့ခံစားကြရတယ်။

*ရှာဖွေသည် (လုပ်ခိုင်းသည်)*

၁။ ငှက်ကလေး ဥကနေ ပေါက်လာတဲ့အခါ မိခင်ငှက်မကြီးက သူ့ကို ကျွေးဖို့ အစာထွက်ရှာလိမ့်မယ်။ မိခင် ငှက်မကြီးက ငှက်ပေါက်လေးအတွက် အစာကို ရှာဖွေလိမ့်မယ်။

၂။ ပြင်ပလေ့လာရေးခရီးထွက်ဖို့ ကျောင်းသားအားလုံးကို ကျောင်းက ဖိတ်ခေါ်ခဲ့တယ်။ လိုက်ဖို့အတွက် သူတို့မိဘတွေရဲ့ ခွင့်ပြုချက်ကို သူတို့ ရဖို့ လိုအပ်တယ်။ ကျောင်းသားတွေ အားလုံးကို လေ့လာရေး ခရီးမှာ လိုက်နိုင်ဖို့ သူတို့မိဘတွေဆီကနေ ခွင့်ပြုချက် ယူခိုင်းလိုက်တယ်။

## ဃ။ ဖြစ်ရပ်မှန်

*တစ်နေ့နေ့မှာ မင်းတို့ ပိုပြီးသိလာမဲ့ ဒေါ်ရော်သီဘောကာလို့ခေါ်တဲ့ အမျိုးသမီးဟာ သူ ငယ်ငယ်လေး တုန်းက အဗ္ဗဒုလ်ဘဟာအရှင်မြတ်နဲ့ တွေ့ဆုံရတဲ့ဂုဏ်ပြုမှုကို ရခဲ့တယ်။ အရှင့်ရဲ့ အနောက်တိုင်း ခရီးစဉ်အတွင်းမှာ အဗ္ဗဒုလ်ဘဟာအရှင်မြတ်နဲ့တွေ့ဖို့ သူ့ကို ခေါ်ခဲ့သူကတော့ ဒေါ်ရော်သီရဲ့ အဘွားပေါ့။ အရင်တုန်းက မလည်ဖူးခဲ့တဲ့ အိမ်တစ်အိမ်ကို ရောက်တဲ့အခါ ဒေါ်ရော်သီက လူတွေ ပြည့်နေတဲ့ အခန်းထဲကို ဝင်သွားခဲ့တယ်။ လူတော်တော်များများက အဗ္ဗဒုလ်ဘဟာအရှင်မြတ် စကား ပြောမှာကို စောင့်နေတာမို့ တိုးတိုးတိတ်တိတ်နဲ့ တလေးတစား စကားပြောနေကြတယ်။ ဒေါ်ရော်သီနဲ့ သူ့အမေတို့ ဝင်လာတဲ့အခါ အရှင်က ပြုံးပြလိုက်ပြီး သမီးငယ်ကို အရှင့်အနီးမှာ လာထိုင်ဖို့ အချက်ပြ လိုက်တယ်။ ဝမ်းသာသွားပေမဲ့ ရင်တထိတ်ထိတ်နဲ့ သူက အခန်းထဲကို ဖြတ်လျှောက်ပြီး သွားလိုက်တယ်။ ကြမ်းပြင်ကနေ မျက်နှာမခွါဘဲနဲ့ အခြားဧည့်သည်တွေနားကို ဖြတ်ပြီး အရှင့် ခြေတော်နားက ခွေးခြေနားအထိ လျှောက်သွားခဲ့တယ်။*

*အဗ္ဗဒွလ်ဘဟာအရှင်မြတ်က စပြီးစကားပြောတဲ့အခါ ဒေါ်ရောဘ်သီက မျက်လွှာချထိုင်နေရင်း သူရဲ့ ရှူးဖိနပ်အနက်လေးကိုသာ စိုက်ကြည့်နေခဲ့တယ်။ သူကတော့ အရှင့်ကို ကြည့်ဖို့ သတ္တိမရှိခဲ့ဘူး။ ဒါပေမဲ့ မကြာမီခင် သူ့ကြောက်စိတ်တွေ ပျောက်သွားခဲ့တယ်။ အဗ္ဗဒွလ်ဘဟာအရှင်မြတ်ရဲ့ ချစ်မြတ်နိုးစွာအတူရှိနေတဲ့ အနွေးဓာတ်က သူ့ကို ဆွဲဆောင်သွားတယ်။ အရှင့်ရဲ့ လင်းဝင်း ထွန်းတောက်မှုက သံလိုက်ဓာတ်လိုပဲ။ သူ့မျက်နှာလှည့်သွားလိုက်တာကို မသိလိုက်ဘဲနဲ့ ဒေါ်ရောဘ်သီဟာ သူ့တံတောင်ဆစ်တွေက သူ့ဒူးခေါင်းတွေအပေါ်နဲ့၊ သူ့မေးစေ့က သူ့လက်တွေ အပေါ်ကိုတင်ရင်း အဗ္ဗဒွလ်ဘဟာအရှင်မြတ်ရဲ့ လင်းထိန်နေတဲ့ မျက်နှာတော်ကို ငေးကြည့်နေရင်း သူ့ကိုယ်သူ အရှင့်ဘက်ကို မျက်နှာမူထားတော့တယ်။*

*အဗ္ဗဒွလ်ဘဟာအရှင်မြတ် အဲဒီနေ့က ဘာတွေပြောခဲ့တယ်ဆိုတာ ဒေါ်ရောဘ်သီ မမှတ်မိခဲ့ဘူး။ သူ မှတ်မိတာတွေကတော့ အရှင်ရဲ့ ကြင်နာလှတဲ့ မျက်နှာတော်၊ အရှင်ရဲ့ နားဝင်ချိုလှတဲ့ အသံနဲ့ အရှင်ရှိနေတဲ့ နွေးထွေးမှုတွေကိုပဲ မှတ်မိတော့တယ်။ အရှင့်ရဲ့ မေတ္တာကြီးလှတဲ့ မျက်လုံးတွေက ဘုရားရှင်ရဲ့ ဝိညာဏကမ္ဘာတွေအကြောင်း သူ့ကို ပြောပြနေသလိုပဲ။ သူ့နှလုံးသားထဲမှာ ထွန်းညှိပေးလိုက်တဲ့ ဘုရားရှင့်ချစ်ခြင်းမေတ္တာက ဘယ်လောက် အားကောင်းသွားလဲဆိုရင် အဗ္ဗဒွလ်ဘဟာအရှင်မြတ်ထံ စာရေးဖို့ ဆုံးဖြတ်ခဲ့တယ်။ ဒါနဲ့ အရှင့်ကို အမှုထမ်းရွက်ဖို့နဲ့ အရှင့်ဖခမည်းတော်- ဘဟာအွလ္လာဘုရားရှင်ရဲ့ သာသနာတော်ကို အမှုထမ်းရွက်ခွင့်ပေးသနားဖို့ တိုးလျှိုးတောင်းခံခဲ့တယ်။ ဒေါ်ရောဘ်သီထံ အရှင့်ရဲ့ ဖြေကြားမှုထဲမှာတော့ အဗ္ဗဒွလ်ဘဟာအရှင်မြတ်က သူမရဲ့ ရည်ရွယ်ချက်ပန်းတိုင်ကို ချီးကျူးထားတယ်၊ သူ့အတွက် ဘုရားရှင်ရဲ့ပေးသနားမှုတွေကို အာမခံထားတယ်၊ သူ့ရဲ့ဆန္ဒတွေ ပြည့်ဝအောင်မြင်ဖို့ မျှော်လင့်တဲ့အကြောင်းကို ဖော်ပြထားတယ်။ တကယ်တမ်းမှာလည်း ဒေါ်ရောဘ်သီဟာ သူ့တစ်ဘဝလုံးကို ထာဝရဘုရားသခင်နဲ့ လူ့လောကကို အမှုထမ်းရွက်ရာမှာ ပုံအပ်ခဲ့တော့တယ်။*

## င ။ ကစားနည်း- "ပုံရိပ်ထပ်မယ်"

ကလေးတွေကို နှစ်ယောက်တစ်တွဲခွဲပြီး အချင်းချင်း မျက်နှာချင်းဆိုင်ထားပါ။ တစ်တွဲစီက ကလေးတစ်ယောက်ကို ရိုးရှင်းတဲ့ ကိုယ်လက်လှုပ်ရှားမှုတွေ စပြီးလုပ်ခိုင်းပါ။ အဲဒါကို တခြားကလေးက မှန်မှာပေါ်သလိုလုပ်ဖို့ ကြိုးစားကြည့်ပါ။ မိနစ်နဲနဲကြာသွားတဲ့အခါ သူ့အဖော်နဲ့ အလှည့်ပြောင်းနိုင်ပါတယ်။ ကိုယ်လက်လှုပ်ရှားမှုတွေအပြင် မျက်နှာအမူအယာတွေကိုလည်း မှန်ထဲမှာပေါ်ခိုင်းဖို့ လုပ်နိုင်ပါတယ်။ အဲဒီနောက် တစ်တွဲစီက ကလေးတစ်ယောက်ကို ကျန်တစ်ယောက်ရဲ့ နောက်ကနေ ရပ်ခိုင်းပါ။ ရှေ့ကလေး လှုပ်ရှားတဲ့အတိုင်း နောက်ကလေးက သူ့လှုပ်ရှားမှုတွေကို အရိပ်လိုပြပါ။

## စ ။ အရောင်ခြယ်ခြင်း- ပုံဆွဲစာရွက် ၂၁

## ဆ ။ အသိမ်းဆုတောင်းများ

# သင်ခန်းစာ (၂၂)

## က ။ ဆုတောင်းပတ္တနာများ ရွတ်ဖတ်ခြင်းနှင့် အလွတ်ကျက်မှတ်ခြင်း

အဖွင့်ဆုတောင်းများ ဖတ်ပြီးနောက် ပြီးခဲ့သည့်သင်ခန်းစာတွင် မိတ်ဆက်ပေးခဲ့သည့် ဆုတောင်းကို သူတို့ဆက်ပြီး အလွတ်ကျက်နိုင်ပါသည်။

## ခ ။ သီချင်းများ (ယခင် သီချင်းများကို ပြန်နွှေးတာလည်း ပါဝင်သည်)

### ကျနော် ပျော်ရွှင်ချင်တယ်

Am
There is something you must know

Am E7
In this Faith we have to show

Dm
We are men of deeds, not of words

Am E7 Am
Our very life should show our Faith to friend and foe

Chorus:

Am
I want to be happy

Am
I want to be strong

Am
To be His servant

Am
My whole life long

Dm Am
So, I must obey the laws of God

E7 Am
Yes, I must obey the laws of God

There is something you must know
In this world of pomp and show
People are tired of empty speech
They want to see you practice what you teach

Chorus

## ဂ ။ ကောက်နုတ်ချက်များ အလွတ်ကျက်မှတ်ခြင်း

ကလေးများက ဤသင်ခန်းစာတွင် အောက်ပါ ကောက်နုတ်ချက်ကို အလွတ်ရွတ်ဆိုဖို့ ကျက်မှတ်ကြလိမ့်မည်။ အဓိကအလေးထားသည့် အကြောင်းအရာမှာ သစ္စာရှိခြင်းဖြစ်သည်။ ၎င်းကို မိတ်ဆက်ပေးရာတွင် သင့်အား အထောက်အကူဖြစ်စေရန် အယူအဆအချို့ကို ပေးထားပါသည်-

သစ္စာရှိသူတစ်ဦးဟာ ဘုရားရှင် သူ့အပေါ် ချပေးထားတဲ့ ပေးကမ်းမစမှုတွေကို ဘယ်တော့မှ မမေ့ဘူး။ သူက ဘုရားရှင်ကို ချစ်မြတ်နိုးတာလည်း ဘယ်တော့မှ ရပ်မသွားဘူး။ ဘုရားရှင်အပေါ်ထားတဲ့ ဒို့တွေရဲ့ သစ္စာရှိမှုကြောင့် အရှင်ရဲ့ တရားဒေသနာတော်တွေအတိုင်း လိုက်လျှောက်ဖို့နဲ့ ခက်ခဲတဲ့ အချိန်တွေမှာတောင် အရှင်ရဲ့ ဥပဒေတွေကို လိုက်နာဖို့ အမြဲတမ်းအကောင်းဆုံး ကြိုးစားအားထုတ်ကြတယ်။ ဒါကြောင့်မို့ ဒို့တွေဟာ ဘုရားရှင်ရဲ့ ကျေနပ်နှစ်ခြိုက်မှုဆီ ရောက်ရှိဖို့အပြင် အခြားအတွေးတွေ ဘာမှမပါဘဲနဲ့ အခြားသူတွေကို အမှုထမ်းတယ်၊ ထိုက်တန်တဲ့လုပ်ရပ်တွေလုပ်ဖို့ ကြိုးစားအားထုတ်ကြတယ်။ သစ္စာရှိတဲ့ နာမ်ဝိညာဉ်အတွက် ထာဝရဘုရားသခင်ကို ကျေနပ်နှစ်ခြိုက်စေတာလွဲလို့ တခြားကြီးမားတဲ့ ပျော်ရွှင်မှုကို မရှိတော့ဘူး။ ဘဟာအွလ္လာဘုရားရှင်ရဲ့ အောက်ပါကောက်နုတ်ချက်ကို အလွတ်ကျက်မှတ်ကြပါစို့-

**"ဤသာသနာတော်ကို အမှုထမ်းရန် နိုးထ၍ မြင့်မြင့်မားမား ကြိုးပမ်းအားထုတ်ထားသည့် အဝတ်တန်ဆာဖြင့် ဆင်မြန်းထားသည့် သစ္စာရှိသူကား ပျော်ရွှင်ရပေစွ။"**[၁၅]

*ဆင်မြန်းထားသည်*

၁။ မေထက်မှာ အထူးပွဲတွေမှာပဲ ဝတ်တဲ့ ဝတ်စုံလှလှတစ်စုံ ရှိတယ်။ ဒါပမဲ့ သူ့ဝတ်စုံကို ရပ်ရွာလူထုစုဝေးပွဲမှာ ဝတ်တယ်။ မေထက်က သူ့ရဲ့ အထူးဝတ်စုံကို ဆင်မြန်းထားခဲ့တယ်။

၂။ နာတာလီယာက လူတိုင်းကို ကြင်နာတယ်။ ဘုရားရှင်က သူ့ဝိညာဏကို ကြင်နာမှုနဲ့ ဆင်မြန်းပေးထားတယ်။

*အဝတ်တန်ဆာ*

၁။ အချို့နေရာတွေမှာ တရားသူကြီးတွေဟာ အဖြူရောင်ဆံပင်တုနဲ့ အနက်ရောင် ဝတ်ရုံရှည်ကြီးကို တရားရုံးတွင် ဝတ်ကြရတယ်။ သူတို့က တရားသူကြီးရဲ့ အဝတ်တန်ဆာအပြည့် ဝတ်ကြရတယ်။

၂။ နန်းတော်က မထွက်ခွါခင် မင်းသားလေးက သူ့ စလွယ်နဲ့ သရဖူကို ဝတ်တယ်။ သူက သူရဲ့ တော်ဝင်အဝတ်တန်ဆာကို ဝတ်ဆင်တယ်။

၃။ ဂျက်ကော့က မနက်တိုင်း အိမ်က မထွက်ခင် ဆုတောင်းတွေဖတ်တယ်။ ဆုတောင်းတွေက သူ့ဝိညာဉ်ကို ဝတ်ဆင်တဲ့ အဝတ်တန်ဆာနဲ့တူတယ်။ ၎င်းတို့က သူ့ကို တစ်နေ့လုံး အင်အားကောင်းစေပြီးတော့ ကာကွယ်ပေးတယ်။

*ကြိုးပမ်းအားထုတ်သည်*

၁။ ကျောင်းသားများက ကျောင်းပတ်ဝန်းကျင်မှာ သစ်ပင်တွေ စိုက်ဖို့ ဆုံးဖြတ်ခဲ့တယ်။ ရပ်ရွာလူထုကလည်း မျိုးစေ့တွေနဲ့ မြေနေရာ ပေးပြီး သူတို့ရဲ့ ကြိုးပမ်းအားထုတ်မှုကို ထောက်ပံ့ကူညီခဲ့တယ်။

၂။ ပီအာရီနဲ့ အာလင်နီတို့က တောင်ထိပ်ပေါ်ကို တက်ဖို့ ဆုံးဖြတ်ခဲ့တယ်။ ဒါက သူတို့အတွက် အလွန်ခက်ခဲတဲ့ ကြိုးပမ်းအားထုတ်မှုဆိုတာ သိပေမဲ့ ကြိုးစားကြည့်ဖို့ ဆုံးဖြတ်ထားတယ်။

## ဃ ။ ဖြစ်ရပ်မှန်

*အဗ္ဗဒွလ်ဘဟာအရှင်မြတ် ငယ်ရွယ်စဉ်အခါက ပါရှားပြည်၏ မြင့်မြတ်တဲ့မိသားစုထဲမှာ အရှင်တို့ မိသားစုလည်း ပါဝင်တာမို့ အစ္စဖန်ဒီယာလို့ခေါ်တဲ့ အစေခံတစ်ဦးလည်း ရှိခဲ့တယ်။ သူဟာ အရှင်တို့ မိသားစုအပေါ် အလွန်သစ္စာစောင့်သိတာမို့ အရှင်တို့ကလည်း သူ့ကို အများကြီး ယုံကြည်စိတ်ချတယ်။ အာဏာပိုင်တွေဟာ မနာလိုမှုနဲ့ မသိနားမလည်မှုတွေကြောင့် အဗ္ဗဒွလ်ဘဟာအရှင်မြတ်ရဲ့ ဖခမည်းတော် ဘဟာအွလ္လာဘုရားရှင်ကို ဖမ်းဆီးခဲ့ပြီး အရှင်တို့မိသားစုရဲ့ ပိုင်ဆိုင်မှုတွေ အားလုံး ကိုလည်း ယူသွားခဲ့ကြတယ်။ အရှင်တို့ဆီမှာ ဘာမှမကျန်တော့ဘဲ ဘဟာအွလ္လာဘုရားရှင်နဲ့ နီးစပ်သူ ဘယ်သူမဆို အန္တရာယ်ရှိတယ်။ ဒါတောင်မှ အစ္စဖန်ဒီယာက အရှင်တို့မိသားစုကို ဆက်ပြီး စောင့်ရှောက်ခဲ့တယ်။ အရာရှိတွေက အစ္စဖန်ဒီယားကို ရှာဖွေကြမယ်ဆိုတာကို သိနေတာကြောင့် အဗ္ဗဒွလ်ဘဟာအရှင်မြတ်ရဲ့ မိခင်က သူ့ကို မြို့တော်ကနေ ထွက်သွားဖို့ တိုက်တွန်းခဲ့တယ်။ ဒါပေမဲ့ အစ္စဖန်ဒီယားဟာ ထွက်မသွားခဲ့ဘူး။*

*ဆိုင်ပိုင်ရှင်တွေကို ကျွန်တော်ဝယ်ထားတဲ့ ပစ္စည်းဖိုးတွေ မပေးရသေးလို့ "ကျွန်တော် မသွားနိုင်သေးပါ" လို့ သူကရှင်းပြခဲ့တယ်။ "ကျွန်တော် ဘယ်လိုလုပ်သွားနိုင်မှာလဲ" "သူတို့က ဘဟာအွလ္လာအရှင်မြတ်ရဲ့ အစေခံဟာ စားစရာတွေ၊ ကုန်စည်တွေကို ဝယ်တုန်းကဝယ်သွားပြီး ပိုက်ဆံတော့ မပေးဘူးလို့ပြောကြလိမ့်မယ်။ ဒီပေးစရာရှိတာတွေ တာဝန်တွေကို မပေးရသေး ဘဲနဲ့တော့ ကျွန်တော် မသွားနိုင်ပါဘူး။ သူတို့ ကျွန်တော့်ကို ဖမ်းမယ်ဆိုလည်း ကိစ္စမရှိပါဘူး။ တကယ်လို့များ ကျွန်တော့်ကို အပြစ်ပေးမယ်ဆိုလည်း ဒုက္ခလို့ မမှတ်ပါဘူး။ တကယ်လို့ သတ်ပစ်မယ် ဆိုရင်တောင် ဝမ်းနည်းမနေပါနဲ့ဗျာ။ ဒါပေမဲ့ အဝေးကို ထွက်သွားဖို့တော့ ဘယ်လိုမှမဖြစ်နိုင်ပါဘူး။ ပေးစရာရှိတာတွေ အကုန်ပေးပြီးတဲ့အထိ ကျွန်တော် ဒီမှာနေမှဖြစ်မယ်။"*

*တစ်လလောက်ကြာအောင် အစ္စဖန်ဒီယာဟာ လမ်းတွေ၊ ဈေးတွေမှာ သူပိုင်တဲ့ ပစ္စည်း လေးတွေကို လှည့်ရောင်းခဲ့တယ်။ နောက်ဆုံးအကြွေးတွေအထိ အကုန်ပေးပြီးတဲ့အခါမှာ သူဟာ အရှင်တို့ မိသားစုနဲ့ ဆက်ပြီးနေလို့ မရနိုင်တော့ဘူးဆိုတာ သိတဲ့အတွက် သွားပြီး နှုတ်ဆက်ခဲ့တယ်။ အစိုးရရဲ့ ဝန်ကြီးတစ်ဦးက သူ့ကိုခေါ်ထားပြီး ဒီလိုအန္တရာယ်ရှိတဲ့အချိန်မျိုးမှာ သူ့ကို ကာကွယ်ပြီး နေစရာပေးဖို့ သဘောတူခဲ့တယ်။*

*လများစွာကြာပြီးတဲ့နောက် အာဏာပိုင်တွေက ဘဟာအွလ္လာဘုရားရှင်ကို အကျဉ်းထောင်ကနေ လွှတ်ပေးလိုက်ပြီး အရှင်နှင့် အရှင့်မိသားစုကို ပါရှားပြည်ကနေ ပြည်နှင်ဒဏ်ပေးခဲ့တယ်။ အရှင်နဲ့ မိသားစုဟာ အိမ်နီးချင်းနိုင်ငံထဲက မြို့ဖြစ်တဲ့ ဘဂ္ဂဒတ်မြို့ကို သွားခဲ့တယ်။ ဘဟာအွလ္လာဘုရားရှင်ရဲ့ အမြဲသစ္စာရှိလှတဲ့ အစ္စဖန်ဒီယာဟာ အရှင့်မိသားစုကို သူ ပြန်ပြီး အမှုထမ်းလို့ ရနိုင်မလားဆိုတာကို မေးဖို့ ဘဂ္ဂဒတ်စ်မြို့ဆီ ခရီးထွက်လာခဲ့တယ်။ "မောင်မင်း ဒို့နဲ့ ခွဲသွားတုန်းက ဘယ်သူကမှ မောင်မင်းကို အကာအကွယ်မပေးတဲ့အချိန်မှာ ပါးရှားဝန်ကြီးတစ်ဦးက မင်းကို နေစရာပေးခဲ့တယ်။*

*သူက မောင်မင်းကို နေစရာပေးခဲ့သလို ကာကွယ်ပေးခဲ့တာကြောင့် မင်းဟာ သူ့အပေါ်မှာ သစ္စာရှိရမယ်။ တကယ်လို့ သူက မင်း သွားတာကို ကျေကျေနပ်နပ်တယ်ဆိုရင်တော့ ဒို့ဆီ ပြန်လာခဲ့ပေါ့။ ဒါပေမဲ့ တကယ်လို့များ သူက မသွားစေချင်ဘူးဆိုရင်တော့ သူ့ကို မထားခဲ့ပါနဲ့ကွယ်" လို့ ဘဟာအွလ္လာဘုရားရှင်က သူ့ကို မိန့်ကြားခဲ့တယ်။*

*တကယ်လည်း အစ္စဖန်ဒီယာက ဖြောင့်မတ်တယ်၊ တကယ်ယုံကြည်မှုခံထိုက်ပြီး သစ္စာရှိတာမို့ ဝန်ကြီးက သူ့ကို မသွားစေချင်ဘူး။ ဒါနဲ့ သူက "အိုး အစ္စဖန်ဒီယာရယ်! ငါကတော့ မင်းကို မသွားစေချင်ဘူးပေါ့ကွာ၊ ဒါပေမဲ့ မင်း သွားချင်တယ်ဆိုရင်တော့ မင်း ဆန္ဒအတိုင်းသာ ဖြစ်ပါစေကွာ"လို့ တအံ့တသြ ပြောလိုက်တယ်။ ဒါပေမဲ့ အစ္စဖန်ဒီယာဟာ ဘဟာအွလ္လာဘုရားရှင်ရဲ့ အမှာစကားတွေကို မမေ့ဘူး။ သူကဝန်ကြီးရဲ့အိမ်မှာ နောက်ပိုင်း တစ်ချိန်မှာ အဲဒီဝန်ကြီး ဆုံးပါးသွားတဲ့အထိ ဆက်ပြီး အမှုထမ်းခဲ့တယ်။ ဒါကြောင့်မို့ အစ္စဖန်ဒီယာလည်း သူ အလွန်ချစ်မြတ်နိုးလှတဲ့ မိသားစုဆီ နောက်တစ်ခေါက် ပြန်သွားခဲ့ပြီး အဗ္ဗဒွလ်ဘဟာအရှင်မြတ်ကို သူ့ဘဝဆုံးခန်းတိုင်အထိ အမှုထမ်းရွက်ခဲ့ပါတော့တယ်။*

## င ။ ကစားနည်း- "ငါ့ တံခါးကို ခေါက်တာလဲ ဘယ်သူလဲ"

ကလေးတစ်ယောက်ကို ခုံရှည်ပေါ်ထိုင်ခိုင်း၍ အတန်းဘက် ကျောခိုင်းထားပြီး သူ့မျက်နှာကို ပဝါစည်းထားပါ။ အခု နောက်ကလေးတစ်ယောက်ကို ညွှန်ကြားပါ။ သူက မျက်နှာစည်းထားတဲ့ ကလေးဆီ သွားပြီး ခုံရှည်ကို ခေါက်ပါ။ ခုံပေါ် ထိုင်နေတဲ့ ကလေးက "ငါ့ တံခါးကို ခေါက်တာ ဘယ်သူလဲ"လို့ ပြောရမယ်။ ဒီအခါမှာ အခြားကလေးက အသံဖျက်ပြီး "ငါပါကွ!"လို့ ပြောကြည့်ပါ။ ဒါကို ထိုင်နေတဲ့ကလေးက ဘယ်သူ ခေါက်သလဲဆိုတာ ခန့်မှန်းရမယ်။ သူက သုံးကြိမ်ခန့်မှန်းရမယ်။ သုံးကြိမ်ပြီးရင် နောက်ကလေးတစ်ယောက်ကို အလှည့်ပေးရမယ်။ မျက်နှာစည်းထားတဲ့ကလေးက ဂရုတစိုက်နားထောင်ဖို့အတွက် အတန်းထဲက ကျန်သူတွေက အတော်တိတ်တိတ်ဆိတ်ဆိတ်နေဖို့ လို့လိမ့်မယ်လို့ သင်က ကလေးတွေကို ပြောချင်ပြောနိုင်ပါတယ်။

## စ ။ အရောင်ခြယ်ခြင်း- ပုံဆွဲစာရွက် ၂၂

## ဆ ။ အသိမ်းဆုတောင်းများ

# သင်ခန်းစာ (၂၃)

## က ။ ဆုတောင်းပတ္ထနာများ ရွတ်ဖတ်ခြင်းနှင့် အလွတ်ကျက်မှတ်ခြင်း

သင်က သင်တန်းကို ဆုတောင်းများနှင့် ဖွင့်ပြီးနောက် သင်ခန်းစာ ၂၁ တွင် မိတ်ဆက်ပေးခဲ့သည့် ဆုတောင်းကို အလွတ်ကျက်ဖို့ သူတို့၏ ကြိုးစားမှုတွေကို ဆက်ပြီး တိုးတက်အောင် ကူညီပေးနိုင်ပါသည်။

## ၁ ။ သီချင်းများ (ယခင်သီချင်းများကို ပြန်နွေးတာလည်း ပါဝင်သည်)

### စိတ်ရှည်ရှည်

D A
Your legs are getting tired
A D
And the road is very long, long, long
D A
You want to give up trying
A D
And the sun is beating strong
G D
No sense gettin' impatient
G D
It's useless if you cry
G D
If you take it step by step
A D
The time goes rushing by

Chorus:

G D
Patience is the answer
G D
When you're sad and blue
G D
Patience is rewarded
A D
It brings happiness to you

Your brother doesn't understand
But you've explained it more than twice
You really ought to try again
And do your best to be nice
No sense gettin' impatient
It's useless to be stern
If you show him kindness
It's the way to help him learn

Chorus

You want to do much better
But still you don't succeed
You wonder why make an effort
And where it all will lead
No sense gettin' impatient
It's silly to do less
If you keep on striving
You'll eventually progress

Chorus

## ၈ ။ ကောက်နုတ်ချက်များ အလွတ်ကျက်မှတ်ခြင်း

ဤသင်ခန်းစာတွင် ကလေးများသည် စိတ်ရှည်သည်းခံမှုနှင့်ဆိုင်သည့် ကောက်နုတ်ချက်ကို အလွတ်ကျက်ကြလိမ့်မယ်။ ၎င်းကို အောက်ပါနည်းအတိုင်း ရှင်းပြနိုင်ပါသည်-

စိတ်ရှည်သည်းခံမှုဆိုတာက ဒို့တွေ ပိုင်ဆိုင်နိုင်တဲ့ အရေးကြီးဆုံး ဝိညာဏအရည်အသွေးတွေထဲက အရည်အသွေးတစ်ခုပေါ့။ စိတ်ရှည်သည်းခံမှုမရှိဘဲနဲ့ ဒီဘဝမှာ နဲနဲပဲ အောင်မြင်လိမ့်မယ်။ ဒို့တွေ ပညာသင်ရာမှာဖြစ်ဖြစ်၊ အလုပ်လုပ်ရာဖြစ်ဖြစ်၊ အခြားသူတွေနဲ့ မိတ်ဆွေစိတ် ထားတာမှာပဲဖြစ်ဖြစ်။ ဝိညာဏပိုင်းဖွံ့ဖြိုးဖို့ ကြိုးပမ်းရာမှာပဲဖြစ်ဖြစ် စိတ်ရှည်သည်းခံမှု လိုအပ်တယ်။ ဘဝမှာ ကိစ္စအကုန်လုံးကို မြန်မြန်လုပ်လို့ မပြီးနိုင်ဘူး။ ကိစ္စတော်တော်များများကို နည်းနည်းချင်းနည်းနည်းချင်း၊ တစ်နေ့ပြီးတစ်နေ့နဲ့ပဲ ပြီးနိုင်တာ။ ဒို့တွေက စိတ်ရှည်သည်းခံမှုကို လေ့ကျင့်ထားပြီဆိုရင် အချိန်ယူလုပ်ရမဲ့ဟာတွေကို အလျှင်စလိုလုပ်ဖို့ မကြိုးစားရဘူး။ ဒို့တွေက အခြားသူတွေနဲ့ရော ဒို့တွေကိုယ်တိုင်အတွက်ပါ စိတ်ရှည်သည်းခံဖို့ လိုအပ်တယ်။ ဘာလို့လဲဆိုတော့ ဒို့အားလုံးက သင်ယူနေရင်း ဖွံ့ဖြိုးတိုးတက်နေကြတာကြောင့်ပေါ့။ ဒို့တွေရဲ့ ကြိုးပမ်းအားထုတ်မှုတွေမှာ စိတ်ရှည်သည်းခံမှု ပိုပြီးရှိလာစေဖို့ အထောက်အကူဖြစ်စေမည့် အောက်ပါကောက်နုတ်ချက်ကို အလွတ်ကျက်မှတ်ကြပါစို့-

**"ဧကန်အမှန် ထိုအရှင်သည် စိတ်ရှည်သည်းခံမှုဖြင့် ကြံ့ကြံ့ခံရပ်တည်သူတို့အတွက် ဆုလာဘ်ကို တိုးမြှင့်ပေးပေအံ့။"**[၁၂၆]

*ဆုလာဘ်*

၁ ။ မစ္စက်အင်ဒါဆင်က သူ့အတန်းထဲက ကျောင်းသားတွေ ပြင်ဆင်ထားတဲ့ သိပ္ပံပရောဂျက်ကို အတော်သဘောကျတယ်။ ဆုချတဲ့(ဆုလာဘ်)အနေနဲ့ သူက ကျောင်းသားတွေကို ကျောင်းနားက ငါးပြတိုက်ကို ခေါ်သွားခဲ့တယ်။

၂ ။ အဲလီနာက ဂစ်တာကို ဘယ်လိုတီးရသလဲဆိုတာကို နေ့တိုင်း သင်ယူခဲ့တယ်။ သူ့မောင်လေးအတွက် နားဝင်ချိုတဲ့သီချင်းကို တီးပြတဲ့အခါ သူ့မျက်နှာပေါ်မှာရှိတဲ့ ပျော်ရွှင်မှုက ဂစ်တာတီးတတ်ဖို့ သူကြိုးစားနေတာတွေအတွက် ဆုလာဘ်တွေပါပဲ။

*ကြံ့ကြံ့ခံရပ်တည်သည်*

၁ ။ အလီယာနဲ့ သူ့မိသားစုက အလှန်ဝေးတဲ့ နေရာတစ်ခုကို ပြောင်းသွားခဲ့တယ်။ ပထမလ အနည်းငယ်မှာတော့ အခက်အခဲတွေ အများကြီး သူတို့ ကြုံခဲ့ရတယ်။ ဒါပေမဲ့ ကြင်ကြင်နာနာရှိတဲ့ သူတို့အိမ်နီးချင်းတွေရဲ့ အကူအညီနဲ့ ဒီအခက်အခဲတွေကို ကြံ့ကြံ့ခံရပ်တည်နိုင်ခဲ့ကြပြီး အခုတော့ သူတို့အိမ်အသစ်မှာ အတော်ပျော်ရွှင်နေကြပြီ။

၂ ။ ဟုချ်ဟာ နေမကောင်းဖြစ်နေတယ်။ နာတာကျင်တာကို ပြင်းပြင်းထန်ထန် ခံစားနေရပေ မညည်းဘူး။ သူက သူ့ဝေဒနာကို စိတ်ရှည်ရှည်နဲ့ ကြံ့ကြံ့ခံရပ်တည်ခဲ့တယ်။

## ဃ ။ ဖြစ်ရပ်

*လီဇင်းက မက်မွန်သီးတွေကို အလွန်ကြိုက်တာ။ နေ့တိုင်း သူက မက်မွန်သီးတစ်လုံး ကျောင်းကို ယူလာပြီး နေ့လယ်စာစားဖို့ နားချိန်မှာ စားလေ့ရှိတယ်။ မက်မွန်သီးကို ကိုက်ရတဲ့ တစ်ကိုက်တိုင်းကို သဘောကျတယ်။ ဒါပေမဲ့ အစေ့တွေပါတဲ့ အလယ်အူတိုင်ကိုတော့ အမြဲလွှင့်ပစ်လေ့ရှိတယ်။*

*တစ်နေ့ လီဇင်းရဲ့ အတန်းက အစေ့တွေအကြောင်း လေ့လာခဲ့ရတယ်။ ဒါက လီဇင်းကို အကြံတစ်ခု ရသွားစေတယ်။ သူ့မက်မွန်သီးကနေ အစေ့တစ်စေ့ကိုယူစိုက်ပြီး သစ်ပင်ကြီးတစ်ပင်အဖြစ် ကြီးထွားလာအောင် ပြုစုရမယ်ဆိုတဲ့ အတွေးကို ရလိုက်တယ်။ နေ့လယ်စာ စားချိန်ရောက်တဲ့အခါ လီဇင်းက သူ့ မက်မွန်သီးထဲက အလယ်အူတိုင်ကို ဖယ်ထားလိုက်ပြီး စက္ကူပိုင်းလေးနဲ့ ထုပ်ထားလိုက်တယ်။ ကျောင်းဆင်းချိန် ရောက်တဲ့အခါ အိမ်ကို အပြေးပြန်လာပြီး သူ့သစ်ပင် စိုက်ရမဲ့နေရာကို ကူရှာပေးပါဖို့ သူ့အဖေကို အကူအညီတောင်းခဲ့တယ်။ သူ့အဖေက အထဲက အစေ့လေးများမထုတ်ခင် အလယ်အူတိုင် ခြောက်သွားအောင် အချိန်စောင့်ရလိမ့်မယ်လို့ သူ့ကို သတိပေးခဲ့တယ်။ ဒါပေမဲ့ လီဇင်းက အလယ်အူတိုင်နဲ့ ချက်ချင်း စိုက်ပျိုးချင်နေတယ်။ "လီဇင်း၊ တစ်ကယ်လို့ မင်း ဒီအလယ်အူတိုင်လေး ခြောက်အောင်တောင် စိတ်မရှည်ရင် အစေ့ကနေ အညှောင့်ပေါက်ဖို့အတွက် ဘယ်လိုလုပ် စိတ်ရှည်ရှည်နဲ့ စောင့်မှာလဲ" လို့ သူ့အဖေက ပြောလိုက်တယ်။ ဒါ့ကြောင့် လီဇင်းလည်း အလယ်အူတိုင်ကို ခြောက်အောင် ထားလိုက်တယ်။*

*ရက်အနည်းငယ်ကြာပြီးနောက် နောက်ဆုံးမှာ လီဇင်းက အလယ်အူတိုင်ကို ခွဲလိုက်ပြီး အစေ့ကို ထုတ်လိုက်တယ်။ သူ့အမေက ခြံဝင်းထဲမှာ သူ့အပင် ကြီးကြီးနဲ့ ထွားလာအောင် စိုက်ပျိုးရမဲ့ ထောင့်တစ်နေရာကို ပြလိုက်တယ်။ လီဇင်းက တွင်းလေးတစ်တွင်း တူးပြီး အစေ့ကို တွင်းထဲ ချလိုက်တယ်။ အဲဒီနောက် အပေါ်ကနေ မြေကြီးစိုစိုလေးနဲ့ ဖို့ပေးလိုက်တယ်။ သူက စိတ်လှုပ်ရှားမှုနဲ့ ပြုံးဖြီးဖြီး လုပ်နေတယ်။ နောက်ဆုံးတော့ သူ့အပင်လေး လမ်းကြောင်းပေါ် ရောက်သွားပြီ။*

*လီဇင်းက အစေ့လေးကနေ အညှောင့်ပေါက်လာတဲ့ လက္ခဏာအချို့ကို တွေ့ရမှာပဲဆိုတဲ့ မျှော်လင့်ချက်နဲ့ အစေ့လေးကို စိုက်ထားတဲ့ မြေပုံလေးဆီ နေ့တိုင်း သွားကြည့်ခဲ့တယ်။ ဒါပေမဲ့ ရက်သတ္တပတ်အတော်ကြာတဲ့အထိ ဘာအညှောင့်မှ ထွက်မလာတာကြောင့် လီဇင်း စိတ်ပျက်လာတယ်။ လီဇင်း စိတ်ပူမှုကို မြင်နေရတာကြောင့် သူ့အမေက ဘာဖြစ်တာလဲလို့ မေးကြည့်တယ်။ လီဇင်းက "ကျနော့် အစေ့လေးက အပင်ပေါက်မလာဘူး။ သစ်ပင်တောင် ဖြစ်ပါ့မလားလို့ တွေးနေမိတာ"လို့ သူက ပြန်ဖြေလိုက်တယ်။ "ကောင်းပြီ၊ ဒီအပင် ကြီးထွားဖို့အတွက် အများကြီး အလုပ်လုပ်ရတယ်။ သူလည်း မင်းလိုပဲပေါ့။ မင်းကို မွေးဖွားခဲ့တုန်းက မင်းဟာ သေးသေးလေးပဲ။ ပြီးတော့ စားတာနဲ့ အိပ်တာပဲ လုပ်တာလေ။ အခု မင်းကိုယ်မင်း ကြည့်ပါဦး! မင်းက အခုဆိုရင် လူငယ်လေးတစ်ယောက် ဖြစ်နေပြီ။ မင်းကိုယ်တိုင် လမ်းလျှောက်တာ၊ စကားပြောတာ၊ စဉ်းစား တာတွေ လုပ်နိုင်နေပြီ! ဒီသစ်ပင်လေး ကြီးလာဖို့ နှစ်အများကြီးကြာအုံးမှာ။ ဒါပေမဲ့ သူ့ကို မင်းသေသေချာချာ ဂရုစိုက်ရင်တော့ တစ်နေ့နေ့ ဒီသစ်ပင်အရိပ်အောက်မှာ ထိုင်ပြီး၊ အသီးတွေကို နှစ်နှစ်ခြိုက်ခြိုက် စားနိုင်လိမ့်မယ်"လို့ သူ့အမေက ပြောပြတယ်။ ဒီအကြောင်းကို စဉ်းစားကြည့်ပြီး*

*လီဇင်းမှာ မျှော်လင့်ချက်တွေ ပြန်ရှင်သန်လာတယ်။ အစေ့တစ်စေ့ဟာ အညှောင့်မပေါက်ခင် ပြောင်းလဲမှုများစွာကို ဖြတ်သန်းရတယ်လို့ သူ့အတန်းကနေ သင်ယူရရှိခဲ့တယ်။*

*အဲဒီနောက် နွေဦးရာသီရဲ့ တစ်နေ့မှာ လီဇင်းဟာ အမြဲတမ်းလုပ်နေကျအတိုင်း အစေ့လေးကို စိုက်ပျိုးထားတဲ့ မြေပုံဆီ သွားခဲ့တယ်။ သူ အကြီးအကျယ်အံ့ဩမိတာက အစိမ်းရောင် အပင်ပါက်လေးက မြေကြီးကနေ ထိုးထွက်နေတာကို တွေ့လိုက်ရတယ်! သူ့ သစ်ပင်လေးက ပေါက်လာနေပြီ! ဒါနဲ့ သူ့အိမ်နီးချင်းက လယ်သမားဆီ ပြေးသွားပြီး စိတ်လှုပ်ရှားစရာ သတင်းကို ပြောပြလိုက်တယ်။ သူက ငယ်ငယ်ရွယ်ရွယ်ဖြစ်ပြီး ခုခံနိုင်စွမ်းနည်းသေးတဲ့ အချိန်မှာ သစ်ပင်လေးကို ဘယ်လို ဂရုစိုက်ရမယ် ဆိုတဲ့ အကြံဉာဏ်ကို ပေးခဲ့တယ်။သူ ပြောတဲ့စကားတွေ အသေအချာနားထောင်ပြီး ဒီသစ်ပင်လေးကို သူတတ်နိုင်သလောက် အကောင်းဆုံးပြုစုစောင့်ရှောက်ဖို့ စိတ်အားထက်သန် လှတယ်။ "အန်တီ့ရဲ့ အကြံကောင်းတွေအတွက် ကျေးဇူးတင်တဲ့အနေနဲ့ ပေးဖို့ မက်မွန်သီးတွေ မကြာခင် အများကြီး ရလာတော့မှာပါ"လို့ လီဇင်းက ပြောလိုက်တယ်။ ဒါပေမဲ့ အိမ်နီးချင်းဖြစ်သူ အန်တီက ပြုံးလိုက်တယ်။ "လီဇင်း မက်မွန်သီးရဲ့ အလယ်အူတိုင်လေး ခြောက်အောင်စောင့်ရတာ မင်း ဘယ်လို စိတ်ရှည်ရှည် ထားခဲ့ရတယ်ဆိုတာ မှတ်မိလား။" လီဇင်း ခေါင်းညိတ်ပြလိုက်တယ်။ "နောက်ပြီး မင်းရဲ့ အစေ့ကနေ အပင်ပေါက်အောင် စောင့်ခဲ့ရတာက စိတ်ရှည်မှုတွေပိုပြီး ဘယ်လိုလိုအပ်ခဲ့တယ်ဆိုတာရော မင်း မှတ်မိသေးလား။" ဒါကိုလည်း လီဇင်း မှတ်မိထားတယ်။ "ကောင်းပြီ မင်းရဲ့ အပင်ပေါက်လေးကနေ သစ်ပင်တစ်ပင်ဖြစ်လာဖို့ ပိုပြီးတောင် ကြာဦးမယ်။ ပြီးတော့ အသီးသီးတွေ မသီးခင်အထိဆိုရင် ပိုတောင်မှ ကြာဦးမယ်။ အဲဒီသစ်ပင်ကနေ မင်းပျော်ရွှင်စွာ စားသုံးဖို့ မက်မွန်သီးတွေ သီးတဲ့အချိန် အဆင်သင့်ဖြစ်ဖို့ဆိုရင် နှစ်အတော်ကြာနိုင်သေးတယ်" လို့ သူ့အိမ်နီးချင်းက ပြောလိုက်တယ်။*

*ဒီလိုနဲ့ လီဇင်းဟာ သစ်ပင်ကို အညှောင့်ကနေ အပင်ပေါက်လေး၊ အပင်ပေါက်လေးကနေ သစ်ပင်ဖြစ်လာတဲ့အထိ ဖြစ်လာသည်အထိ ဂရုစိုက်ခဲ့ပြီး သူ့လိုအပ်ချက်တွေအတိုင်း စောင့်ရှောက်ပေးခဲ့တယ်။ သူ့လိုပဲ တဖြည်းဖြည်းထွားလာပြီး ပင်စည်က ကြီးကြီးလာတယ်။ ဒီလိုနဲ့ပဲ တစ်နေ့မှာ လီဇင်းဟာ ကျောင်းက ပြန်လာတဲ့အခါ သစ်ပင်လေးကနေ အရင်တုန်းက အပွင့်တွေရှိရာက နေပြီးတော့ ပထမဆုံး အသီးတွေ စထွက်လာတာကို တွေ့ခဲ့ရတယ်။ သစ်စေ့လေးကနေ အညှောင့်ထွက်လာတုန်းက သူ့နှလုံးသားထဲမှာ ပျော်ရွှင်မှုတွေ ခံစားရသလိုပဲ အခု တစ်ခါထပ်ခံစားရတယ်။ စိတ်ရှည်သည်းခံမှုကို လေ့ကျင့်ရအုံးမယ်ဆိုတာကို သူ ထပ်ပြီးသိခဲ့တယ်။ ဘာလို့လည်းဆိုတော့ မက်မွန်သီးတွေက မှည့်ပြီး စားဖို့ အဆင်သင့်ဖြစ်ဖို့ အချိန်ထပ်ပြီး လိုသေးတာကြောင့်ပါ။*

## င ။ ကစားနည်း- "အစပျိုးသူကို ရှာဖွေမယ်"

ကလေးတစ်ယောက်ကို မျက်နှာစည်းထားပြီး အဖွဲ့ကနေ အဝေးဘက်ကို လှည့်ထားခိုင်းပါ။ အဲဒီနောက် "အစပျိုးသူ"လုပ်မဲ့ နောက်ကလေးတစ်ယောက်ကို တိတ်တဆိတ် ညွှန်ပြလိုက်ပါ။ ပထမဆုံး ကလေးကို အဖွဲ့နဲ့ပြန်ပြီးပေါင်းဖို့ မပြောခင် "အစပျိုးသူ"က လုပ်ပြမဲ့ အမူအယာတွေကို လိုက်လုပ်အောင် အခြားကလေးတွေကို ကူညီပေးပါ။ ဥပမာ "အစပျိုးသူ"က လက်ခုပ်တီးရင် ကျန်တဲ့သူတွေလည်း အဲလို လိုက်လုပ်ပါ။ သူက လက်ပြနှုတ်ဆက်တဲ့ပုံစံ လုပ်ရင် ကျန်သူအားလုံး အဲလို လုပ်ပါ။ အခု ပထမဆုံးကလေးရဲ့

မျက်နှာစည်းကို ဖြုတ်လိုက်ပြီး အဖွဲ့နဲ့ ပြန်ပေါင်းနိုင်ပါတယ်။ အဲဒီနောက် ဘယ်သူက "အစပျိုးသူ"လဲဆိုတာကို ဂရုတစိုက်ကြည့်ပြီး ရှာဖို့ ကြိုးစားရပါမယ်။ တစ်ချိန်တည်းမှာပဲ ကျန်ကလေးတွေကို အမူအယာဦးဆောင်သူကို လွယ်လွယ်ကူကူ ရှာတွေ့သွားတာမျိုးမဖြစ်အောင် ခဏခဏမကြည့်ဘဲ၊ နီးနီးကပ်ကပ်ဖြစ်မနေစေဘဲ ရှာဖို့ ခက်အောင် ကြိုးစားရပါမယ်။ ကလေးတွေက "အစပျိုးသူ" ဒါမှမဟုတ် ခန့်မှန်းသူအဖြစ် အလှည့်ကျ လုပ်နိုင်ပါတယ်။

**စ ။ အရောင်ခြယ်ခြင်း- ပုံဆွဲစာရွက် ၂၃**

**ဆ ။ အသိမ်းဆုတောင်းများ**

# သင်ခန်းစာ (၂၄)

**က ။ ဆုတောင်းပတ္ထနာများ ရွတ်ဖတ်ခြင်းနှင့် အလွတ်ကျက်မှတ်ခြင်း**

အခါတိုင်းကဲ့သို့ပင် သင်တန်းကို အဖွင့်ဆုတောင်းများနှင့် ဖွင့်ပြီးနောက် ပြီးခဲ့သည့် သင်ခန်းစာ အနည်းငယ်တစ်လျှောက် အလွတ်ကျက်မှတ်ဖို့ သူတို့ သင်ယူလာခဲ့သည့် ဆုတောင်းကို ကလေးများနှင့်အတူ ပြန်ပြီးနွေးနိုင်ပါသည်။

**ခ ။ ချင်းများ (ယခင် သီချင်းများကို ပြန်နွှေးတာလည်း ပါဝင်သည်)**

**ဘုရားရှင့် ချစ်ခြင်းမေတ္တာ မြဲစေသား**

G C
We walk, we walk

D G
We walk the path of God

G C
We're firm, we're firm

D G
Firm in our love of God

G C
We walk the path of God

D G
When troubles come our way

G C
We're firm in our love of God

D G
And on His path we stay

We serve, we serve
We serve the Cause of God
We're firm, we're firm

Firm in our love of God
We serve the Cause of God
Always doing our part
We're firm in our love of God
And serve with a joyful heart

We stand, we stand
We stand, hearts turned towards God
We're firm, we're firm
Firm in our love of God
We stand, hearts turned towards God
Never doubting His aid
We're firm in our love of God
And all our sorrows fade

## ၈ ။ ကောက်နုတ်ချက်များ အလွတ်ကျက်မှတ်ခြင်း

မြဲမြဲမြံမြံရှိခြင်းဆိုသည့် အဓိကအကြောင်းအရာဖြစ်သည့် ဤနောက်ဆုံးသင်ခန်းစာတွင် ကလေးများ အလွတ်ကျက်မှတ်ရမည့် ကောက်နုတ်ချက်ကို မိတ်ဆက်ပေးရာတွင် အောက်ပါအယူအဆများက သင့်အတွက် အထောက်အကူဖြစ်လိမ့်မည်။

ထာဝရဘုရားရှင်ကို တကယ်ချစ်တဲ့သူအဖို့ အရေးကြီးဆုံး အရည်အသွေးတွေထဲက တစ်ခုကတော့ မြဲမြဲမြံမြံရပ်တည်ခြင်းပဲ ဖြစ်ပါတယ်။ ဘဝမှာ ဘာတွေပဲဖြစ်ပစေ ဒို့တွေဟာ ဘုရားရှင်နဲ့ အရှင့်အပေါ်ထားတဲ့ ဒို့တွေရဲ့ ချစ်ခြင်းမေတ္တာကို အမြဲသတိရကြရမယ်။ ဒါကြောင့်မို့ အခြားသူတွေက ဒို့ကို ပြောတာ၊ လုပ်တာတွေကြောင့် ဘုရားရှင့်အပေါ် ဒို့တွေရဲ့ ယုံကြည်မှုကို သက်ရောက်အောင် ဘာမှ မလုပ်နိုင်ဘူး။ ဒို့တွေက အရှင့်ကို ချစ်မြတ်နိုးတယ်၊ အရှင့်ရဲ့ တရားဥပဒေတွေကို လိုက်နာတယ်။ အချိန်တိုင်းမှာ မြဲမြဲမြံမြံရှိရမယ်ဆိုတာကို သတိရနေစေဖို့ ဘဟာအွလ္လာဘုရားရှင်ရဲ့ အောက်ပါ ကောက်နုတ်ချက်ကို အလွတ်ကျက်မှတ်ကြပါစို့-

**"သင်တို့သည် ထာဝရဘုရားသခင်၏ သာသနာတော်တွင် မယိမ်းမယိုင် မြဲမြံစွာရပ်တည်ပါလျှင် သင်တို့၏ အဆင့်အခြေသည် တုနှိုင်းစရာမရှိ မြင့်မြတ်လာပေလတ္တံ့။"**[၁၂၇]

*တုနှိုင်းစရာမရှိ*

၁ ။ ပန်းဥယျာဉ်တွေဟာ ဇာဗီယာ မြင်ဖူးသမျှထက် ပိုပြီး လှနေတယ်။ တုနှိုင်းစရာမရှိအောင် ပိုပြီးလှတဲ့ ဥယျာဉ်ကိုတော့ စဉ်းစားကြည့်လို့တောင် မရနိုင်ဘူး။

၂ ။ ကလက်စတိုရဲ့အမေက မိသားစုအတွက် အလွန်ထူးခြားတဲ့ ကိတ်မုန့်တစ်ခုကို လုပ်ခဲ့တယ်။ လုပ်ပြီးတဲ့အခါ သူတို့က အဲဒီကိတ်မုန့်ကို အားပါးတရ စားပြီးတော့ တုနှိုင်းစရာမရှိ(နှိုင်းယှဉ်စရာမရှိ) လောက်အောင် ကောင်းတယ်လို့ ပြောကြတယ်.

*မြင့်မြတ်သည်*

၁ ။ ညစဉ်အိပ်ရာမဝင်ခင် မာသာက ဆုတောင်းဖတ်လေ့ရှိပြီး ဘုရားရှင်နဲ့ နီးကပ်တယ်လို့ ခံစားရတယ်။ အိပ်တဲ့အခါ သူ့ ဝိညာဉ်က မြင့်မြတ်တဲ့ အခြေအနေမှာ ရှိသွားတယ်။

၂။ အစည်းအဝေးတွင် ကူးမားက ကမ္ဘာ့ငြိမ်းချမ်းရေးအကြောင်းနဲ့ လူ့လောက ကောင်းစားရေး အကြောင်းကို ပြောခဲ့တယ်။ ကူးမားက မြင့်မြတ်တဲ့ အယူအဆတွေကို ပြောခဲ့တယ်။

*မယိမ်းမယိုင် မြဲမြံစွာရပ်တည်သည်*

၁။ ကြယ်ကလေးတွေဟာ ကောင်းကင်မှာ လွင့်နေတဲ့ အဖြူရောင်အစက်လေးတွေလို့ သူ့ သူငယ်ချင်းက ရိုစီမေရီကို တောက်လျှောက် ပြောပြတယ်။ ဒါပေမဲ့ ကြယ်တစ်လုံးတိုင်းက တကယ်အဝေးကြီးမှာရှိတဲ့ နေတစ်စင်းဆိုတာကို ရိုစီမေရီ အတန်းထဲမှာ သင်ယူသိရှိခဲ့တယ်။ ရိုစီမေရီက သူ့ရဲ့အသိကို မပြောင်းလဲဘူး။ သူ သိရှိထားတဲ့ မှန်တယ်ဆိုတာကို မယိမ်းမယိုင် ခိုင်မြဲစွာ ဆက်ပြီးရပ်တည်တယ်။

၂။ နေ့တိုင်း ဆုတောင်းဖတ်ဖို့ အရေးမကြီးပါဘူးလို့ တစ်ယောက်ယောက်က မိုနာကို ပြောခဲ့တယ်။ ဒါပေမဲ့ ဆုတောင်းဖတ်တာဟာ ဘုရားရှင်ရဲ့ ဥပဒေတစ်ခုဖြစ်တယ်လို့ သိထားတာကြောင့် ဖတ်မြဲဖတ်တယ်။ မိုနာက ဆုတောင်းဖတ်ရတဲ့ ဥပဒေမှာ မယိမ်းမယိုင် မြဲမြံစွာ ဆက်လက်ရပ်တည်တယ်။

## ဃ။ ဖြစ်ရပ်မှန်

*ဘဟီယာခါနွန်းဟာ အဗ္ဗဒွလ်ဘဟာအရှင်မြတ်ရဲ့ နှမတော်ဆိုတာ မင်းတို့ သိကောင်းသိပါလိမ့်မယ်။ မတရားတဲ့အစိုးရက သူတို့ရဲ့ဖခမည်းတော် ဘဟာအွလ္လာဘုရားရှင်ကို ဖမ်းဆီးပြီး အကျဉ်းချလိုက်တဲ့ အခါ ဘဟီယာခါနွန်းက ခြောက်နှစ်ပဲ ရှိသေးတယ်။ သူတို့မိသားစုဟာ မြင့်မြတ်တဲ့ မိသားစုမျိုး ဆိုတာကို နောက်ဖြစ်ရပ်မှန်တစ်ခုကနေ မင်းတို့ မှတ်မိလိမ့်မယ်။ ဒါပေမဲ့ သူ့ရဲ့ ဖခမည်းတော် အဖမ်း ခံရတော့ မိသားစုပိုင်သမျှတွေ အကုန်လုံး အသိမ်းခံလိုက်ရတယ်။ သူတို့ရဲ့ မြေယာတွေ၊ အိမ်တွေ၊ ပရိဘောဂပစ္စည်းတွေ၊ ပစ္စည်းပစ္စယတွေ ဒါတွေအားလုံး ပါသွားတော့တာပေါ့။ မိသားစုမှာ ဘာဆိုဘာမှ မကျန်တော့ဘူး။ စားဖို့တောင် မကျန်ဘူးပေါ့။ သူနဲ့ သူ့အစ်ကိုတော် အဗ္ဗဒွလ်ဘဟာအရှင်မြတ်ဟာ ဗိုက်ဆာတဲ့အခါ သူတို့ကို ကျွေးဖို့ ဘာမှ မရှိတာကြောင့် သူတို့ မယ်တော်က သူတို့လက်ဝါးလေးတွေထဲကို ဂျုံမှုန့်နဲနဲကိုပဲ စားစရာအနေနဲ့ ထည့်ပေးခဲ့ရတယ်။*

*အချိန်တစ်ခုလောက် ကြာပြီးတဲ့အခါ သူတို့ရဲ့ ဖခမည်းတော်ကို လွှတ်ပေးလိုက်ပြီး သူတို့ မွေးရပ် ဇာတိမြေကနေ ထွက်ခွါသွားဖို့ အစိုးရက ဖိအားပေးခဲ့တယ်။ ဘဟီယာခါနွန်းနဲ့ သူမရဲ့ မိသားစုက အိမ်နီးချင်းနိုင်ငံမှာရှိတဲ့ ဘဂ္ဂဒတ်မြို့ကို အသည်းခိုက်လောက်အောင်အေးတဲ့ ဆောင်းဥတုထဲမှာ ထွက်ခွါခဲ့ကြရတယ်။ အဲဒီမြို့ကိုရောက်ဖို့ နှင်းတွေဖုံးနေတဲ့ တောင်အကြီးကြီးတွေကို သူတို့ ဖြတ်သန်း ခဲ့ရတယ်။ အဲဒီခရီးကတော့ အန္တရာယ်ကြီးလှတာပေါ့။ နောက်ပြီး ခရီးစဉ်အတွက် လိုအပ်တာတွေက သူ့တို့မှာ မလုံလောက်ဘူး။ သူတို့မှာရှိတဲ့ အဝတ်အစားတွေက နှင်းဒဏ်နဲ့ အအေးဒဏ်ကနေ ကာကွယ်မပေးနိုင်ဘူး။ မြည်းကောင် အချို့ရဲ့ အကူအညီနဲ့ တောင်တွေရဲ့ အမြင့်စွန်းတွေတစ်လျှောက် သူတို့ ဖြည်းဖြည်းချင်း တက်ခဲ့ရတယ်။ မကြာမကြာဆိုသလို လုံးလုံးတောနက်နက်တွေထဲမှာ ညဘက်တွေ စခန်းချပြီး အိပ်ခဲ့ကြရတယ်။ ဒါပေမဲ့ ထာဝရဘုရားရှင်က သူတို့ကို ကာကွယ်ပေးခဲ့တယ်။ အရှင့်က မပျက်ယွင်းတဲ့ အကူအညီနဲ့ပဲ သုံးလလောက်ကြာပြီးတဲ့အခါ သူတို့ဟာ ဘဂ္ဂဒက်ကို*

*ချောချောမောမောနဲ့ ရောက်ခဲ့တော့တယ်။ ဘဟီယာခါနွန်ဟာ နောက်ထပ်ဘယ်တော့မှ သူ့ မွေးရပ်ကို ပြန်မရောက်ခဲ့တော့ဘူး။*

*သူ့ဘဝရဲ့ ကျန်တဲ့အချိန်တစ်လျှောက်လုံးမှာ ဘဟီယာခါနွန်ဟာ သူ့ဖခမည်းတော်ရဲ့ ဒုက္ခတရားတွေနဲ့ ပြည်နှင်ဒဏ်တွေကို မျှဝေခံယူခဲ့တယ်။ နောက်ဆုံးမှာတော့ အစိုးရဟာ ဘဟာအွလ္လာဘုရားရှင်ကို အက္ကာအကျဉ်းထောင် မြို့တော်ကို ပြည်နှင်ဒဏ်ပို့ခဲ့တယ်။ အဲဒီနေရာမှာ သူမနဲ့ မိသားစုဟာ မလိုလား အပ်ဆုံး ဒုစရိုက်သမားတွေရဲ့ကြားမှာ ရှင်သန်ခဲ့ရတယ်။ သူ လွန်စွာချစ်မြတ်နိုးရတဲ့ ဖခမည်းတော် ဒီကမ္ဘာလောကကနေ ထွက်ခွါသွားချိန်မှာ အဗ္ဗဒွလ်ဘဟာအရှင်မြတ်ကို သူ့ဖခမည်းတော်ရဲ့ သာသနာတော်ရဲ့ ဥသျှောင်အဖြစ် ခန့်အပ်ခဲ့တာကြောင့် ဘဟီယာခါနွန်ဟာ သူချစ်မြတ်နိုးရာ နောင်တော်ဖြစ်သူ အဗ္ဗဒွလ်ဘဟာအရှင်မြတ်ကို သစ္စာရှိရှိ ပံ့ပိုးကူညီပေးခဲ့တယ်။ ဒါ့အပြင် နောက်နှစ်များစွာ ကြာပြီးတဲ့အခါ အဗ္ဗဒွလ်ဘဟာအရှင်မြတ်လည်း နောက်ကမ္ဘာကို ပျံလွန်ကြွမြန်း သွားပြီးနောက် အဗ္ဗဒွလ်ဘဟာအရှင်မြတ်က သာသနာတော်ရဲ့ သာသနာထိန်းအဖြစ် ခန့်အပ်ခံရသူ ငယ်ရွယ်သူ ရှော်ဂီအဖန်ဒီအရှင်၊ အရှင့်ရဲ့ မြေးတော်ကို ဘဟီယာခါနွန်က အကြီးမားဆုံး ပံ့ပိုးကူညီ ပေးသူနဲ့ စွဲစွဲမြဲမြဲ ခုခံကာကွယ်ပေးသူ ဖြစ်လာခဲ့တော့တယ်။*

*ဘဟီယာခါနွန်ဟာ အခုတော့ အမျိုးသမီးအိုကြီး ဖြစ်လာခဲ့ပြီ။ သူ့ဘဝမှာ ဝရုန်းသုန်းကားနဲ့ ကသောင်းကနင်းဖြစ်မှုတွေနဲ့ ပြည့်နှက်နေခဲ့တယ်။ ဒါတွေက ကြမ်းတမ်းခက်ခဲမှုတစ်ခုကနေ နောက်တစ်ခု၊ ဘေးဒုက္ခတစ်ခုကနေ နောက်တစ်ခု ပြောင်းပြောင်းသွားခဲ့တာ။ ဒါပေမဲ့ သူ့ရဲ့ စိတ်ဓာတ်ကတော့ တသမတ်လည်းရှိခဲ့သလို နှလုံးသားထဲမှာလည်း ဘုရားရှင်ရဲ့ ချစ်ခြင်းမေတ္တာနဲ့ အမြဲပြည့်နေတယ်။ သူ့ဘဝရဲ့ နောက်ဆုံးနေ့တွေအထိ မြဲမြဲမြံမြံနဲ့ ခိုင်ခိုင်မာမာ ရပ်တည်သွားခဲ့ ပါတော့တယ်။*

## င ။ ကစားနည်း- "ကူညီတတ်တဲ့ လက်"

ကလေးတွေကို နှစ်ယောက်တစ်တွဲ တွဲခိုင်းပြီး မိမိတွဲဖက်နဲ့ လက်တွေတွဲထားခိုင်းပါ။ ပထမဆုံး အဲဒီနေရာနားမှာ ပတ်ပြီး အတွဲလိုက် လမ်းလျှောက်ခိုင်းပါ။ အစမှာ သူတို့တွေက ခြေလှမ်းစိပ်စိပ် လျှောက်ပြီး တဖြည်းဖြည်းနဲ့ ခြေလှမ်းကျဲကျဲနဲ့ လျှောက်ကြရမယ်။ တစ်တွဲနဲ့တစ်တွဲ မတိုက်မိအောင် ဂရုစိုက်ရမယ်။ အဲဒီနောက် တစ်တွဲစီမှတစ်ယောက်က သူ့မျက်လုံး ပိတ်ထားပြီး သူတို့က လမ်းလျှောက်တဲ့လေ့ကျင့်ခန်းကို ထပ်လုပ်ကြရလိမ့်မယ်။ အခု တစ်ယောက်နဲ့တစ်ယောက် ဝင်တိုက်မိတာ ရှောင်ရှားဖို့ဆိုရင် အခြားကလေးက သူ့သူငယ်ချင်းကို လမ်းပြပေးဖို့ လိုအပ်လိမ့်မယ်။ အဲလိုလုပ်ရာမှာ တို့ထိရုံနဲ့ပဲ အချက်ပြရမယ်။ သူတို့ မစခင် အချက်ပြမဲ့ဟာတွေကို ရွေးထားဖို့ သင်က ကူညီပေးနိုင်ပါတယ်။ ဥပမာ လက်ကို တစ်ခါ ညှစ်တယ်ဆိုရင် "ရပ်"လို့ ပြောတာ၊ နှစ်ခါဆိုရင် "နောက်ပြန်သွား"လို့ ပြောတာ၊ သုံးခါဆိုရင် "ညာဘက်ကို လှည့်"၊ လေးခါဆိုရင် "ဘယ်ဘက်ကို လှည့်"လို့ ပြောတာ ဆိုတာမျိုးတွေပါ။

## စ ။ အရောင်ခြယ်ခြင်း- ပုံဆွဲစာရွက် ၂၄

## ဆ ။ အသိမ်းဆုတောင်းများ



“အို - နာမ်ဝိညာဉ်၏သား ငါအရှင်၏ ပထမဩဝါဒကား ဖြူစင်သန့်ရှင်း၍ သနားကြင်နာပြီး လင်းဝင်း ထွန်းတောက်သော စိတ်နှလုံးထားလော့”



“တရားမျှတမှုလမ်းတွင် လျှောက်လှမ်းလော့။ ဤလမ်းကား အမှန်တကယ် ဖြောင့်တန်းသော လမ်းပေတည်း။”



"အို အဆွေ အသင့်စိတ်နှလုံး၏ ဥယျာဉ်တွင် မေတ္တာနှင်းဆီမှတပါး အခြားမည်သည့်အရာ ကိုမျှ မစိုက်ပျိုးလေနှင့် . . . ။"

၂



“အမှန်ပြောဆိုခြင်းသည် ခပ်သိမ်းသော လူ့ကိုယ်ကျင့်တရားအားလုံးတို့၏ အခြေခံအုတ်မြစ် ပင်ဖြစ်သည်။”



“ပေးကမ်းခြင်းသည် လည်ကောင်း၊ ရက်ရောခြင်းသည်လည်းကောင်း ငါအရှင်၏ သိက္ခာပုဒ်များ
ဖြစ်ပေသည်။ ငါ့အရှင့် သိက္ခာပုဒ်များဖြင့် မိမိကိုယ်ကို ဆင်မြန်းသူသည် ကောင်းပေစွ။”




“မိမိထက် တစ်ပါးသူကို ပို၍ ဦးစားပေးသူအပေါ်သို့ ကောင်းချီးမင်္ဂလာကျရောက်ပေအံ့။”



"အို - လူသား၏ သားသမီး၊ အသင့်နှလုံးသား၏ ရွှင်လန်းဝမ်းမြောက်မှုဖြင့် ပျော်ရွှင်ဝမ်းမြောက်လော့။ သို့မှသာ အသင်သည် ငါအရှင့်အား တွေ့ဆုံရန်နှင့် ငါ၏အလှကျက်သရေကို ထင်ဟပ်ပြသရန် ထိုက်တန်သူဖြစ်ပေအံ့။"



“ကျွန်ုပ်တို့သည် အချိန်တိုင်း၌ အမှန်ပြောဆိုခြင်းနှင့် ဖြောင့်မတ်မှန်ကန်ခြင်း(ဟန်ဆောင်မှုကင်းသည့် ရိုးသားမှု)တို့ဖြင့် ထင်ရှား နေရမည် . . .။”



“အို . . . လူသား၊ ငါအရှင်၏ရှေ့တော်တွင် အသင့်ကိုယ်ကို (ကျိုးနွံ)နှိမ့်ချလော့။ သို့မှသာငါအရှင်သည် ကရုဏာတော်ရှိစွာဖြင့် အသင့်ထံလာနိုင်ပေမည်။”



“အသင် ပျော်ရွှင်ပါလေ၊ အသင် ကျေးဇူးတင်ရှိပါလေ။ ထာဝရဘုရားသခင်အား ကျေးဇူးတင်ရှိရန်
နိုးထပါလေ။ အသင်၏ ကျေးဇူးတင်ရှိမှုသည် ပေးသနားမှုများကို တိုးပွါးသွားစေနိုင်၏။”



“. . . ခွင့်လွှတ်ခြင်းနှင့် သနားကရုဏာထားခြင်းတို့သည် သင်တို့၏ အဆင်တန်ဆာဖြစ်ပါစေ။ ယင်းအားဖြင့် ထာဝရဘုရားသခင် ကျေနပ်နှစ်မြို့က်သူများ၏ နှလုံးသားများကို ကြည်နူးဝမ်းမြောက် စေအံ့။”



“အို လူအပေါင်းတို့၊ သင်တို့၏နှုတ်လျှာအား အမှန်ပြောဆိုခြင်းဖြင့် လှပကျက်သရေရှိအောင် ပြုကြကုန်လော့၊
သင်တို့၏ နာမ်ဝိညာဉ်ကိုလည်း ရိုးသားဖြောင့်မတ်ခြင်းဖြင့် ခြယ်မှုန်း၍ ဆင်မြန်း ကြကုန်လော့။”



“ထာဝရဘုရားသခင်၏ နိုင်ငံတော်ကို တန်းတူညီမျှခြင်းနှင့် တရားမျှတခြင်းတို့အပေါ်တွင် အခြေတည်ထားပြီး အသက်ရှင်သန်နေသူတိုင်းအား သနားကရုဏာထားခြင်း၊ သနားကြင်နာခြင်းနှင့် ကြင်နာခြင်းတို့အပေါ်တွင်လည်း အခြေတည်ထားပေ၏။”



“စစ်မှန်သော အဆင်တန်ဆာသည် ထာဝရဘုရားသခင်၏ ချစ်ခြင်းမေတ္တာနှင့် အရှင်မှတစ်ပါး
အခြားအရာခပ်သိမ်းကုန်မှ သံယာဇဉ်ပြတ်ကင်းခြင်းတို့တွင် ပါရှိပေ၏. . . ။”



“ဂုဏ်ယူဖွယ်အားလုံး၏ မူလအရင်းအမြစ်ကား ထာဝရဘုရားသခင် ချပေးသနားတော်မူသမျှကို
လက်ခံခြင်းနှင့် အရှင်ပြဌာန်းသတ်မှတ်တော်မူသမျှကို ရှောင့်ရဲကျေနပ်ခြင်းပင် ဖြစ်ပေ၏။”



“ကောင်းချီးမင်္ဂလာသည် လူသားအားလုံးတို့ကို အကြီးမားဆုံးသော အကြင်နာတရား၊ မေတ္တာတရား
တို့ဖြင့် နှီးနှောဆက်ဆံသူအတွက် ဖြစ်ပေသည်။”



“သတ္တဝါနှင့် စွမ်းအားတို့၏ အရင်းအမြစ်မှာ ထာဝရဘုရားသခင်၏ ကျမ်းစာဒေသနာတော်များကို တိုးမြှင့်လုပ်ဆောင်ခြင်းနှင့် အရှင်၏ချစ်ခြင်းမေတ္တာတွင် မြဲမြံစွာရပ်တည်နေခြင်းတို့ ဖြစ်သည်။”



“ထာဝရဘုရားသခင်ထံ၌ သင်၏ ယုံကြည်စိတ်ချမှုကို ဘယ်သောအခါမှ မပျောက်ဆုံးပါစေနှင့်။
ထာဝရဘုရားသခင်၏ သနားကရုဏာများသည် လူသားများအပေါ်သို့ စီးဆင်းရန် ဘယ်သောအခါမျှ
ရပ်တန့်မသွားသောကြောင့် သင်သည် အမြဲအစဉ် မျှော်လင့်ချက်ရှိပါလေ။”



“ယုံကြည်မှုခံထိုက်ခြင်းသည် လူအများတို့၏ တည်ငြိမ်အေးချမ်းမှုနှင့် လုံခြုံမှုဆီသို့ ဦးတည်စေသည့်
အကြီးမားဆုံးသော မုခ်ဦး(ဝင်ပေါက်)ဖြစ်ပေ၏။”



"အို လူအပေါင်းတို့၊ ထာဝရဘုရားရှင့် ချစ်ခြင်းမေတ္တာအပူခာတ်ဖြင့် လင်းဝင်းထွန်းတောက်ကြ ကုန်လော့။
ဤသို့ဖြင့် အသင်တို့သည် အခြားသူတို့၏ နှလုံးသားများကို လင်းဝင်းထွန်းတောက်နိုင် စေလိမ့်မည်။"



"အို ဖြစ်တည်ခြင်း၏သား! အသင်ကား ငါအရှင်၏ ဆီမီးခွက်ဖြစ်၏။ ငါ၏အလင်းသည် အသင့်(အတွင်းသန္တာန်)တွင်ရှိ၏။ ၎င်းမှ အသင်၏ လင်းဝင်းထွန်းတောက်ပခြင်းကို ယူလော့။ ငါအရှင်မှတစ်ပါး အခြားသောအရာကို ရှာဖွေဆည်းပူးခြင်း မပြုလေနှင့်။"



"ဤသာသနာတော်ကို အမှုထမ်းရန် နိုးထ၍ မြင့်မြင့်မားမား ကြိုးပမ်းအားထုတ်ထားသည့်
အဝတ်တန်ဆာဖြင့် ဆင်မြန်းထားသည့် သစ္စာရှိသူကား ပျော်ရွှင်ရပေစွ။"

“ကေန်အမှန် ထိုအရှင်သည် စိတ်ရှည်သည်းခံမှုဖြင့် ကြံ့ကြံ့ခံရပ်တည်သူတို့အတွက် ဆုလာဘ်ကို တိုးမြှင့် ပေးပေဒံ့။”



“ကေန်အမှန် ထိုအရှင်သည် စိတ်ရှည်သည်းခံမှုဖြင့် ကြံ့ကြံ့ခံရပ်တည်သူတို့အတွက် ဆုလာဘ်ကို တိုးမြှင့် ပေးပေဒံ့။”



“သင်တို့သည် ထာဝရဘုရားသခင်၏ သာသနာတော်တွင် မယိမ်းမယိုင် မြဲမြံစွာရပ်တည်ပါလျှင် သင်တို့၏
အဆင့်အခြေသည် တုန္နိုင်းစရာမရှိ မြင့်မြတ်လာပေလတ္တံ့။”

## REFERENCES

1. ‘Abdu’l-Bahá, in Bahá’í Prayers: A Selection of Prayers Revealed by Bahá’u’lláh, the Báb, and ‘Abdu’l-Bahá (Wilmette: Bahá’í Publishing Trust, 2002, 2017 printing), p. 28.

2. Ibid., p. 29.

3. Tablets of Bahá’u’lláh Revealed after the Kitáb-i-Aqdas (Wilmette: Bahá’í Publishing Trust, 1988, 2005 printing), no. 6.25, pp. 66–67.

4. Bahá’u’lláh, cited by Shoghi Effendi, The Advent of Divine Justice (Wilmette: Bahá’í Publishing Trust, 2006, 2018 printing), par. 42, p. 41.

5. Tablets of Bahá’u’lláh Revealed after the Kitáb-i-Aqdas, no. 3.23, p. 27.

6. Bahá’u’lláh, The Hidden Words (Wilmette: Bahá’í Publishing Trust, 2003, 2012 printing), Arabic no. 2, pp. 3–4.

7. Tablets of Bahá’u’lláh Revealed after the Kitáb-i-Aqdas, no. 10.5, p. 155.

8. From a Tablet of ‘Abdu’l-Bahá. (authorized translation)

9. Ibid.

10. Selections from the Writings of ‘Abdu’l-Bahá (Wilmette: Bahá’í Publishing, 2010, 2015 printing), no. 12.1, p. 42.

11. Gleanings from the Writings of Bahá’u’lláh (Wilmette: Bahá’í Publishing Trust, 1983, 2017 printing), CXXXIX, par. 8, p. 345.

12. ‘Abdu’l-Bahá, cited by Shoghi Effendi, The Advent of Divine Justice, par. 40, p. 39.

13. ‘Abdu’l-Bahá, in “Trustworthiness: A Cardinal Bahá’í Virtue”, compiled by the Research Department of the Universal House of Justice, published in The Compilation of Compilations (Maryborough: Bahá’í Publications Australia, 1991), vol. 2,
no. 2053, p. 338.

14. ‘Abdu’l-Bahá, in Bahá’í Prayers, p. 28.

15. Ibid., p. 29.

16. Tablets of Bahá’u’lláh Revealed after the Kitáb-i-Aqdas, no. 9.4, p. 138.

17. Ibid., no. 10.15, p. 156.

18. Selections from the Writings of ‘Abdu’l-Bahá, no. 206.13, p. 357.

19. Ibid., no. 199.6, pp. 334–35.

188 – Teaching Children’s Classes, Grade 1

20. From a talk given on 1 July 1912, published in The Promulgation of Universal Peace: Talks Delivered by ‘Abdu’l-Bahá during His Visit to the United States and Canada in 1912 (Wilmette: Bahá’í Publishing, 2012), par. 1, p. 304.

21. Selections from the Writings of ‘Abdu’l-Bahá, no. 237.5, p. 442; also in Bahá’í Prayers, p. 328.

22. From a talk given by ‘Abdu’l-Bahá on 3 September 1912, published in The Promulgation of Universal Peace, par. 29, p. 441.

23. The Tabernacle of Unity: Bahá’u’lláh’s Responses to Mánikchí Ṣáḥib and Other Writings (Haifa: Bahá’í World Centre, 2006), no. 5.7, p. 74.

24. Days of Remembrance: Selections from the Writings of Bahá’u’lláh for Bahá’í Holy Days (Haifa: Bahá’í World Centre, 2016), no. 42.8, pp. 209–10.

25. From a talk given on 22 November 1911, published in Paris Talks: Addresses Given by ‘Abdu’l-Bahá in 1911 (Wilmette: Bahá’í Publishing, 2006, 2016 printing), no. 35.2, p. 135.

26. Selections from the Writings of ‘Abdu’l-Bahá, no. 16.5, pp. 51–52.

27. The Summons of the Lord of Hosts: Tablets of Bahá’u’lláh (Wilmette: Bahá’í Publishing, 2006), no. 5.51, p. 301.

28. Tablets of Bahá’u’lláh Revealed after the Kitáb-i-Aqdas, no. 4.23, p. 39.

29. The Summons of the Lord of Hosts, no. 3.17, p. 249.

30. From a talk given by ‘Abdu’l-Bahá on 5 May 1912, published in The Promulgation of Universal Peace, par. 3, p. 127.

31. Bahá’u’lláh, in Bahá’í Prayers, p. 164.

32. Ibid., p. i.

33. Tablets of Bahá’u’lláh Revealed after the Kitáb-i-Aqdas, no. 6.19, p. 64.

34. Gleanings from the Writings of Bahá’u’lláh, LXXXII, par. 3, pp. 180–81.

35. Ibid., V, par. 2, pp. 6–7.

36. ‘Abdu’l-Bahá, The Secret of Divine Civilization (Wilmette: Bahá’í Publishing, 2007, 2016 printing), par. 130, p. 93.

37. The Hidden Words, Arabic no. 70, p. 21.

38. Gleanings from the Writings of Bahá’u’lláh, CXXIX, par. 2, p. 316.

39. Ibid., CXXXIX, par. 4, p. 343.

Lessons for Children’s Classes, Grade 1 – 189

40. From a talk given by ‘Abdu’l-Bahá on 23 April 1912, published in The Promulgation of Universal Peace, par. 5, p. 69.

41. Gleanings from the Writings of Bahá’u’lláh, CXXV, par. 3, pp. 300–1.

42. Ibid., XV, par. 1, p. 39.

43. From a talk given by ‘Abdu’l-Bahá on 5 May 1912, published in The Promulgation of Universal Peace, par. 4, p. 128.

44. From a talk given by ‘Abdu’l-Bahá on 2 December 1912, ibid., par. 2, pp. 638–39.

45. Tablets of Bahá’u’lláh Revealed after the Kitáb-i-Aqdas, no. 6.3, p. 57.

46. Bahá’u’lláh, Epistle to the Son of the Wolf (Wilmette: Bahá’í Publishing Trust, 1988, 2016 printing), p. 23.
47. Bahá’u’lláh, in “Trustworthiness”, published in The Compilation of Compilations, vol. 2, no. 2037, p. 334.
48. ‘Abdu’l-Bahá, in “Bahá’í Prayers and Tablets for Children: A Compilation Prepared by the Research Department of the Universal House of Justice”, no. 11.
49. Ibid., no. 10.
50. From a talk given by ‘Abdu’l-Bahá on 14 April 1912, published in The Promulgation of Universal Peace, par. 9, p. 17.
51. Abdul Baha on Divine Philosophy (Boston: The Tudor Press, 1918), pp. 41–42.
52. Selections from the Writings of ‘Abdu’l-Bahá, no. 35.8, p. 104.
53. Ibid., no. 7.4, p. 33.
54. Gleanings from the Writings of Bahá’u’lláh, CXXI, par. 6, p. 291.
55. Ibid., LXVI, par. 6, p. 144.
56. Tablets of Bahá’u’lláh Revealed after the Kitáb-i-Aqdas, no. 10.8, p. 155.
57. Bahá’u’lláh, in The Bahá’í World: Volume One, 1925–1926 (Wilmette: Bahá’í Publishing Trust, 1926, 1980 printing), p. 42.
58. The Hidden Words, Arabic no. 40, p. 13.
59. Ibid., Persian no. 50, p. 39.
60. From a Tablet of ‘Abdu’l-Bahá. (authorized translation)
61. Gleanings from the Writings of Bahá’u’lláh, CXLVI, par. 1, p. 357.
190 – Teaching Children’s Classes, Grade 1
62. Selections from the Writings of ‘Abdu’l-Bahá, no. 1.7, p. 8.
63. From a talk given by ‘Abdu’l-Bahá on 12 May 1912, published in The Promulgation of Universal Peace, par. 8, p. 166.
64. From a talk given by ‘Abdu’l-Bahá on 16 and 17 October 1911, published in Paris Talks, no. 1.7, p. 6.
65. ‘Abdu’l-Bahá, in Bahá’í Prayers, p. 173.
66. Bahá’u’lláh, ibid., p. 94.
67. Selections from the Writings of ‘Abdu’l-Bahá, no. 179.1, p. 285.
68. From a talk given by ‘Abdu’l-Bahá on 10 November 1912, published in The Promulgation of Universal Peace, par. 8, p. 599.
69. Gleanings from the Writings of Bahá’u’lláh, CLIII, par. 1, pp. 366–67.
70. The Hidden Words, Persian no. 21, p. 29.
71. Selections from the Writings of ‘Abdu’l-Bahá, no. 178.1, p. 284.

72. From a talk given by ‘Abdu’l-Bahá on 21 November 1911, published in Paris Talks, no. 34.8, p. 133.

73. Bahá’u’lláh, in “Trustworthiness”, published in The Compilation of Compilations, vol. 2, no. 2013, p. 327.

74. Ibid., no. 2024, p. 330.

75. Ibid., no. 2027, p. 330.

76. Bahá’u’lláh, in “Guidelines for Teaching”, compiled by the Research Department of the Universal House of Justice, published in The Compilation of Compilations,
vol. 2, no. 1898, p. 293.

77. Gleanings from the Writings of Bahá’u’lláh, XV, par. 6, p. 41.

78. The Summons of the Lord of Hosts, no. 1.145, pp. 114–15.

79. The Call of the Divine Beloved: Selected Mystical Works of Bahá’u’lláh (Haifa: Bahá’í World Centre, 2018), no. 2.22, p. 21.

80. Bahá’u’lláh, in Bahá’í Prayers, p. 162.

81. ‘Abdu’l-Bahá, ibid., p. 29.

82. From a Tablet of ‘Abdu’l-Bahá. (authorized translation)
Lessons for Children’s Classes, Grade 1 – 191

83. Bahá’u’lláh, in The Kitáb-i-Aqdas: The Most Holy Book (Wilmette: Bahá’í Publishing Trust, 1993, 2013 printing), par. 70, p. 45.

84. From a talk given by ‘Abdu’l-Bahá on 23 November 1911, published in Paris Talks, no. 36.9, p. 140.

85. From a talk given by ‘Abdu’l-Bahá on 12 April 1912, published in The Promulgation of Universal Peace, par. 2, p. 10.

86. The Tabernacle of Unity, no. 3.16, p. 64.

87. Selections from the Writings of ‘Abdu’l-Bahá, no. 141.4, p. 228.

88. Ibid., no. 1.4, p. 6.

89. The Hidden Words, Arabic no. 48, p. 15.

90. Gleanings from the Writings of Bahá’u’lláh, LXVI, par. 11, p. 146.

91. The Summons of the Lord of Hosts, no. 2.30, p. 229.

92. Tablets of Bahá’u’lláh Revealed after the Kitáb-i-Aqdas, no. 14.11, p. 212.

93. Gleanings from the Writings of Bahá’u’lláh, CXXXIV, par. 1, p. 328.

94. Ibid., CLXI, par. 1, p. 384.

95. Ibid., CXLIII, par. 1, pp. 353–54.

96. Bahá’u’lláh, The Kitáb-i-Íqán: The Book of Certitude (Wilmette: Bahá’í Publishing Trust, 2003, 2018 printing), par. 146, pp. 123–24.

97. From a talk given by ‘Abdu’l-Bahá on 23 November 1912, published in The Promulgation of Universal Peace, par. 4, p. 632.

98. ‘Abdu’l-Bahá, in Bahá’í Prayers, p. 29.

99. The Hidden Words, Arabic no. 1, p. 3.

100. Gleanings from the Writings of Bahá’u’lláh, CXVIII, par. 1, p. 283.

101. The Hidden Words, Persian no. 3, p. 23.

102. ‘Abdu’l-Bahá, cited by Shoghi Effendi, The Advent of Divine Justice, par. 40, p. 39.

103. ‘Abdu’l-Bahá, in Bahá’í Prayers, p. 29.

104. The Hidden Words, Persian no. 49, p. 39.

105. Tablets of Bahá’u’lláh Revealed after the Kitáb-i-Aqdas, no. 6.37, p. 71.

192 – Teaching Children’s Classes, Grade 1

106. The Hidden Words, Arabic no. 36, p. 12.

107. Selections from the Writings of ‘Abdu’l-Bahá, no. 225.30, p. 407.

108. Bahá’u’lláh, in Bahá’í Prayers, p. i.

109. The Hidden Words, Arabic no. 42, p. 13.

110. Tablets of Abdul-Baha Abbas (New York: Bahá’í Publishing Committee, 1915, 1940 printing), vol. 2, p. 483. (authorized translation)

111. Tablets of Bahá’u’lláh Revealed after the Kitáb-i-Aqdas, no. 9.5, p. 139.

112. Gleanings from the Writings of Bahá’u’lláh, CXXXVI, par. 6, p. 336.

113. ‘Abdu’l-Bahá, in “Bahá’í Prayers and Tablets for Children”, no. 10.

114. Selections from the Writings of ‘Abdu’l-Bahá, no. 138.1, p. 220.

115. The Summons of the Lord of Hosts, no. 1.119, p. 93.

116. Tablets of Bahá’u’lláh Revealed after the Kitáb-i-Aqdas, no. 10.4, p. 155.

117. Gleanings from the Writings of Bahá’u’lláh, CLVI, par. 1, p. 378.

118. Bahá’u’lláh, in Bahá’í Prayers, p. 94.

119. Tablets of Bahá’u’lláh Revealed after the Kitáb-i-Aqdas, no. 10.10, p. 156.

120. Selections from the Writings of ‘Abdu’l-Bahá, no. 178.1, p. 284.

121. Tablets of Bahá’u’lláh Revealed after the Kitáb-i-Aqdas, no. 4.16, p. 37.

122. From a Tablet of Bahá’u’lláh. (authorized translation)

123. ‘Abdu’l-Bahá, in Bahá’í Prayers, p. 29.

124. The Hidden Words, Arabic no. 11, p. 6.

125. Tablets of Bahá’u’lláh Revealed after the Kitáb-i-Aqdas, no. 17, p. 257.

126. Gleanings from the Writings of Bahá’u’lláh, LXVI, par. 10, p. 146.

127. Ibid., CXV, par. 13, p. 278.